The Tenancy Standard Rent (Amendment) Act, 19
(Act No III of 1951)

# ၁၉၅၁ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ "၁၉၅၁ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥပဒေ"ဟု ခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊သီးစားခစံနှုန်း အက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၄၂) ပုဒ်မ ၂ အစား အောက်ပါတို့ကိုထည့်သွင်းရမည်။

"၂။ ။(၁) ၁၉၄၆ ခုနှစ်၊သီးစားအက်ဥပဒေတွင်ဖြစ်စေ၊သဘောတူစာချုပ်တွင်ဖြစ်စေ၊ မည့်သို့ပင်ပါရှိစေကာမူ၊ မည်သည့်သီးစားနှစ်အတွက်မဆို—

(က) စပါးစိုက်ပျိုးသည့်လယ်မြေ၏ သီးစားခစံနှုန်းကို၊ထိုမြေအတွက် ထိုသီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်တော်ငွေ၏နှစ်ဆထား၍တွက်ချက်ရမည်။

(ခ) ယာမြေနှင့် ကိုင်းမြေများ၏သီးစားခစံနှုန်းကို၊ထိုသီးစားနှစ်တွင် ထိုမြေများမှထွက်သော သီးနှံ၏ငါးပုံတပုံထား၍ တွက်ချက်ရမည်။

(ဂ) ကြံစိုက်ပျိုးသော မြေ၏သီးစားခစံနှုန်းကို၊ ထိုသီးစားနှစ်တွင်ထိုမြေမှထွက်သောကြံ၏ ဆယ်ပုံတပုံထား၍ တွက်ချက်ရမည်။

(၂) သီးစားနှစ်တနှစ်အတွင်း၊ မြေတခုခုပေါ်တွင် တကြိမ်ထက်ပို၍သီး နှံစိုက် ပျိုး လျှင်၊ ထိုသို့ ပိုမို စိုက်ပျိုးသည့်အကြိမ်လိုက်၊ ထိုမြေအတွက် ထိုသို့စိုက်ပျိုးသည့်သီးနှံနှင့်ပတ်သက်၍ သီးစားခလည်းပေးရမည်။

ခြွင်းချက်။ ။သို့ရာတွင် အနည်းဆုံး သုံးနှစ်တဆက်တည်း လယ်ယာထွန်ယက်လုပ်ကိုင်ခြင်းမရှိခဲ့သော လယ်ယာမြေတွင်၊ ဝဋ္ဋမအကြိမ်စပါး၊ သို့တည်းမဟုတ် အခြားကောက်ပဲသီးနှံ မြန်လည်စိုက်ပျိုးလျှင်၊ ယင်းသို့စိုက်ပျိုးသည့် သီးစားနှစ်အတွက် ထိုမြေ၏ သီးစားခစံနှုန်းမှာ ထိုမြေအတွက် ထိုသီးစားနှစ်တွင်ထမ်းဆောင်ရသော မြေခွန်တော်ငွေထက်မပိုစေရ။"

G.U.B.C.P.O.—No. 110, M. of J.A., 26-4-51—2,000—II.

**Price,—One anna.]**

# THE TENANCY (AMENDMENT) ACT, 1951.

[ACT No. V OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Tenancy (Amendment) Act, 1951.

2. Clause (*b*) of section 55 and section 56 of the Tenancy Act, 1946, *shall be deleted.*

G.U.B.C.P.O.—No. 107, M. of J.A.—26-4-51—2,000—II.

Price.—One anna.]

THE RANGOON ZOOLOGICAL GARDENS (AMENDMENT) ACT, 1951.

[ACT NO. VI OF 1951.]

It is hereby enacted as follows :—

1. In section 2 (1) of the Rangoon Zoological Gardens Act,—

(i) *For* clause (*d*) the following *shall be substituted* :—

" (*d*) the Secretary, Ministry of Agriculture and Forests or his nominee ;"

(ii) At the end of clauses (*h*), (*i*) and (*j*), the following *shall be inserted* :—

" or his nominee." and

(iii) *For* clause (*k*) the following *shall be substituted* :—

" (*k*) such and so many persons, not exceeding twelve, of whom four shall be representatives of public organizations, associations or unions, as shall from time to time be nominated by the Trustees with the approval of the President of the Union to represent the general body of subscribers."

G.U.B.C.P.O.—No. 108, M. of J.A.—26-4-51—2,000—II.

Price,—One anna.]

The Royal Old Age Allowances Act 1951.
(Act No VII of 1951)

# ၁၉၅၁ ခုနှစ်၊ ဆွေတော်မျိုးတော်၊ သက်ကြီးကရုဏာတော်ကြေး အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့်အာဏာ တည်ရန်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဆွေတော်မျိုးတော်၊ သက်ကြီးကရုဏာတော်ကြေး အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည့်ပြင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝန်းလုံးနှင့် သက်ဆိုင်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ဆွေတော်မျိုးတော်" ဆိုသည်မှာ၊ မင်းတုန်းမင်း၊ သီပေါမင်းနှင့် အိမ်ရှေ့မင်းတို့မှ ဆင်းသက်လာသော ဆွေဆက်မျိုးနွယ်မှ ပုဂ္ဂိုလ်တဦးဦးကိုဆိုလိုသည်။

(ခ) "အိမ်ရှေ့မင်း" ဆိုသည်မှာ၊ ကနောင်မင်း၊ သို့တည်းမဟုတ်မင်းဒတ်ပင်းကိုဆိုလိုသည်။

(ဂ) "ပြည်ထောင်စု မြန်မာနိုင်ငံသား" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ ၌ ဖော်ပြထားသော နိုင်ငံသားကိုဆိုလိုသည်။

(ဃ) "ကရုဏာတော်ကြေးရရှိသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ ကရုဏာတော်ကြေးရရှိသူကိုဆိုလိုသည်။

(င) "ကရုဏာတော်ကြေး" ဆိုသည်မှာ၊ ဆွေတော်မျိုးတော်၊ သက်ကြီးကရုဏာတော်ကြေးကိုဆိုလိုသည်။

(စ) "မုဆိုးမ" ဆိုသည်မှာ—

(၁) မင်းတုန်းမင်း၊ သီပေါမင်းနှင့် အိမ်ရှေ့မင်းတို့၏ သားတော်၊ မြေးတော်နှင့်မြစ်တော်တို့အနက်၊ ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့မတိုင်မီ အိမ်ထောင်ပြုကြသော သားတော်၊ မြေးတော်နှင့် မြစ်တော်တို့၏ မုဆိုးမများ။

(၂) မင်းတုန်းမင်း၊ သီပေါမင်းနှင့် အိမ်ရှေ့မင်းတို့၏ သားတော်၊ မြေးတော်နှင့် မြစ်တော်တို့အနက်၊ ၁၉၄၁ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ကျော်လွန်မှ အိမ်ထောင်ပြုကြသော သားတော်၊ မြေးတော်နှင့်မြစ်တော်တို့၏ မုဆိုးမ များဖြစ်သည့်အပြင် မိမိ ကိုယ်တိုင်ကလည်း၊ မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်းမှ ဆင်းသက်လာသော ဆွေဆက်မျိုးနွယ်ဖြစ်သူ မုဆိုးမများကိုဆိုလိုသည်။

Price,—One anna.]

အကျိုးခံစားခွင့်ရှိသူများ။

၃။ ဤအက်ဥပဒေ၌ အောက်ပါဆွေတော်မျိုးတော်များသာလျှင်၊ အကျုံးဝင်၍ အကျိုးခံစားခွင့်ရရှိစေရမည်။

(က) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်း၏သားတော်သမီးတော်များ။

(ခ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်း၏မြေးတော်များ။

(ဂ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၊ သို့တည်းမဟုတ် အိမ်ရှေ့မင်း၏မြစ်တော်များ။

<u>ခြွင်းချက်။</u> ။သို့ရာတွင် အဆိုပါဆွေတော်မျိုးတော်များမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ဒုတိယနှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သော ၁၉၅၀ ပြည့်နှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် အသက် လေးဆယ့်ငါးနှစ် ပြည့်ပြီးသူများနှင့် အသက် လေးဆယ့်ငါးနှစ်ကျော်လွန်ပြီးသူများသာဖြစ်စေရမည်။

ကရုဏာတော်ကြေးနှုန်းထား။

၄။ ။ပြည်ထောင်စု နိုင်ငံတော်အစိုးရက လစဉ် ကရုဏာတော်ကြေးများကိုအောက်ပါနှုန်းထားအတိုင်းပေးရမည်။

(က) မင်းတုန်းမင်း၊သို့တည်းမဟုတ်သီပေါမင်း၏သားတော်သမီးတော်များအား၊ တဦးလျှင် တလကရုဏာတော်ကြေး ငါးရာကျပ်ကျစီ။

(ခ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏မြေးတော်များအား၊ တဦးလျှင်တလကရုဏာတော်ကြေး နှစ်ရာ့ငါးဆယ်ကျပ်ကျစီ။

(ဂ) မင်းတုန်းမင်း၊ သို့တည်းမဟုတ် သီပေါမင်း၏မြစ်တော်များအား၊ တဦးလျှင်တလကရုဏာတော်ကြေး နှစ်ရာကျပ်ကျစီ။

(ဃ) အိမ်ရှေ့မင်း၏သားတော် သမီးတော် များအား၊ တဦးလျှင် တလ ကရုဏာတော်ကြေး လေးရာကျပ်ကျစီ။

(င) အိမ်ရှေ့မင်း၏မြေးတော်များအား၊ တဦးလျှင် တလ ကရုဏာတော်ကြေး နှစ်ရာ ကျပ်ကျစီ။

(စ) အိမ်ရှေ့မင်း၏ မြစ်တော်များအား၊ တဦးလျှင် တလ ကရုဏာတော်ကြေး တရာ့ငါးဆယ်ကျပ်ကျစီ။

ဆွေတော်မျိုးတော် မှ ကျန်ရစ်သော မုဆိုးမများ။

၅။ ။(၁) ဆွေတော်မျိုးတော်များ ပင်စင် အက်ဥပဒေ (The Political Pensions Act) ပုဒ်မ ၆ အရ၊ အကျိုး ခံစားခွင့် ရရှိနိုင်ခဲ့သော မုဆိုးမ များအား၊ မိမိတို့၏ လျှောက်လွှာတွင် ဖော်ပြပါရှိသော မိမိတို့၏အကြောင်းခြင်းရာများကို ခြံထောက်ထား၍ သင့်တော်သော ထောက်ပံ့ငွေပေးသင့်လျှင် ပြည်ထောင်စုနိုင်ငံတော်အစိုးရက ပေးနိုင်သည်။

(၂) အထက်ပါ ပုဒ်မခွဲအရ တင်သွင်းသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ပြည်ထောင်စု နိုင်ငံတော်အစိုးရကစုံစမ်းစစ်ဆေးစေရမည်။

(၃) အဆိုပါ လျှောက်လွှာများနှင့်အတူ သက်သေခံ အထောက် အထားများ ပူးတွဲပါရှိရမည်။

အမြတ်တော်ခွန်ကင်း လွတ်ခြင်း။

၆။ ။ဤအက်ဥပဒေအရပေးသော ကရုဏာတော်ကြေးများမပေါ်၌ အမြတ်တော်ခွန် ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ရှိရမည်။

၇။ ။ဤအက်ဥပဒေအရ၊ ကရုဏာတော်ကြေး ရရှိသူ အနိစ္စ ရောက်လျှင်၊ အနိစ္စရောက်သူအတွက် သင်္ဂြိုဟ်ရန်မိမိ၏ ရသင့်ရထိုက်သော လစဉ် ကရုဏာတော်ကြေး ၏ သုံးဆဖြစ်သော ကောက်ပံ့ငွေကို ပေးရမည်။

အကျိုးခံစားခွင့် မရရှိနိုင်သူ များ။

၈။ ။ဤအက်ဥပဒေအရ၊ အောက်ပါ ဆွေတော်မျိုးတော်များမှာ အကျိုး ခံစားနိုင်ခွင့် မရှိစေရ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ခြင်ပ၊ နိုင်ငံခြား အရပ် ဒေသများ၌ အမြဲနေထိုင်သူ၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ကိုင်၎င်း၊ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရဖွဲ့စည်း ထားသောနိုင်ငံတော် အစိုးရကို၎င်း၊ သစ္စာ စောင့် ထိန်း သူ မဟုတ်သူ၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် စွန့်လွှတ်သူ၊သို့တည်းမဟုတ် ဆုံးရှုံးသူ၊သို့တည်းမဟုတ်

(ဃ) ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ ကျော်လွန်မှ မြန်မာနိုင်ငံ တိုင်းရင်းသားမဟုတ်သူနှင့်အိမ်ထောင်ပြုသူ၊သို့တည်းမဟုတ်

(င) ရာဇဝတ်မှုကခုခုကျူးလွန်သဖြင့် ခြောက်လအောက် မနည်းသော ထောင်ဒဏ် စီရင်ခြင်း ခံရဘူးသောသူ၊ သို့တည်းမဟုတ် ကိုယ်ကျင့်တရား ပျက်ပြားခြင်းနှင့် သက်ဆိုင်သောရာဇဝတ်မှု တခုခုအတွက် အပြစ်ဒဏ် စီရင်ခြင်းခံရဘူးသူ။

၉။ ။ဤအက်ဥပဒေသည်၊ ဆွေတော် မျိုးတော်များ ပင်စင် အက်ဥပဒေ (The Political Pensions Act)၊ သို့တည်းမဟုတ် ၁၉၄၁ ခုနှစ်၊ ဆွေတော်မျိုး တော်များပင်စင်အက်ဥပဒေ (ပြင်ဆင်ချက်) ထချက်လွှတ်ဥပဒေအရ၊ဆွေတော်မျိုးတော် ပင်စင်လစာငွေရထိုက်သူတို့အား၊ အဆိုပါအက်ဥပဒေနှင့် တချက်လွှတ်ဥပဒေများ မရုပ် သိမ်းမီ၊သို့တည်းမဟုတ်မကုန်ဆုံးမီ၊မိမိတို့တရားသဖြင့်ရထိုက်သည့်ကျန်ရှိသောဆွေတော် မျိုးတော် ပင်စင် လစာငွေ ထုတ်ယူခြင်းကို ဖြစ်စေ၊ အုပ်ချုပ်မှု ဆိုင်ရာအမိန့်အရ၊ ကရုဏာတော်ကြေး ရထိုက်သူတို့အား၊ မိမိတို့ တရားသဖြင့် ရထိုက်သည့် ကျန်ရှိသော ကရုဏာတော်ကြေး ထုတ်ယူခြင်းကိုဖြစ်စေ တားမြစ်သည်ဟု မမှတ်ထူရ။

၁၀။ ။နိုင်ငံတော် သမတက အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၅ အရ စုံစမ်းစစ်ဆေးရန် နည်းထမ်းကို ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက် ရန်ကိစ္စ။

G.U.B.C.P.O.—No. 127. M. of I.A.—16-5-51—2,000—I.

# THE UNION JUDICIARY (AMENDMENT) ACT, 1951.

[ACT NO. VIII OF 1951.]

It is hereby enacted as follows :—

**1.** This Act may be called the Union Judiciary (Amendment) Act, 1951.

**2.** In sub-section *(1)* of section 26 of the Union Judiciary Act, 1948, *for* the words " The High Court shall have power to approve, admit and enrol such persons as advocates as to the High Court may seem meet ; and such advocates shall thereby be authorized to appear for the suitors of the High Court ", the words " Persons enrolled to be advocates under the law for the time being in force shall be entitled to appear for the suitors of the High Court " *shall be substituted.*

G.U.B C.P.O.—No. 128, M. of J.A., 11-5-51—2,000—II,

Price,—One anna.]

# THE BURMA INCOME-TAX (AMENDMENT) ACT, 1951.

[ACT No. IV OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Burma Income-tax (Amendment) Act, 1951.

2. *After* section 15A of the Burma Income-tax Act, hereinafter referred to as "the said Act", the following *shall be inserted as* section 15B, namely :—

"15B. (*1*) The tax shall not be payable by an assessee in respect of any sums paid by him on or after the first day of October 1949 as donations to any institution or fund which is established in the Union of Burma for a charitable purpose and is approved by the Government for the purposes of this section :

Provided that the total of the sums so paid is not less than two hundred and fifty rupees :

Provided further that in the case of a company this exemption shall apply only in respect of the income-tax and not in respect of any super-tax, payable by it.

*Explanation.*—In this section, "charitable purpose" includes relief of the poor, education, medical relief, and the advancement of any other object of general public utility.

(*2*) The aggregate of any sums exempted under this section shall not exceed—

(*a*) one-twentieth in the case of a company, and one-tenth in any other case, of the assessee's total income as reduced by any portion thereof exempt from tax under any other provision of this Act, or

(*b*) two hundred and fifty thousand rupees, whichever is less.

(*3*) The amount by which the tax payable by an assessee is reduced on account of an exemption under this section shall not in any case exceed half the amount in respect of which the exemption is allowed under this section."

3. In sub-section (*1*) of section 16 of the said Act, *for* the words "section 14 and section 15" the words "section 14, section 15 and section 15B" *shall be substituted.*

4. In section 17 of the said Act,—

(*a*) *after* sub-section (*1*), the following *shall be inserted as* sub-section (*2*), namely :—

"(*2*) Where there is included in the total income of any assessee any income exempted from tax under section 15B, the super-tax payable by the assessee shall be an amount bearing to the total amount of the super-tax which would have been payable on the total income had no part of it been exempted, the same proportion as the total income less the portion so exempted bears to the total income" ; and

(*b*) the present sub-section (*2*) *shall be re-numbered as* sub-section (*3*).

G.U.B.C.P.O.—No. 109, M. of J.A., 26-4-51—2,000—II.

Price,—One anna.]

(Act No VIII of 1951)

# ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၈။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၁) တွင် "လွှတ်တော်ရှေ့နေအဖြစ်ဖြင့် သင့်တော်မည်ထင်သော ပုဂ္ဂိုလ်များကို သဘောတူရန်၊ လက်ခံရန်၊ စာရင်းတင်သွင်းရန် တရားလွှတ်တော်၌ အာဏာရှိရမည်။ ထိုကဲ့သို့သော လွှတ်တော်ရှေ့နေများအား၊ တရားလွှတ်တော်အမှုသည်များကိုယ်စား၊ ရုံးတော်တွင် ရှေ့နေလိုက်နိုင်ရန် အခွင့်အာဏာပေးထားရမည်။" ဆိုသည့်စကားရပ်အစား၊ "တည်ဆဲတရားဥပဒေအရ လွှတ်တော်ရှေ့နေအဖြစ်ဖြင့် စာရင်းတင်သွင်းပြီးဖြစ်သည့်ပုဂ္ဂိုလ်များမှာ၊ အမှုသည်များကိုယ်စား၊ တရားလွှတ်တော်တွင် ရှေ့နေလိုက်နိုင်ခွင့်ရှိရမည်။" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင် "လျှောက်လဲနိုင်စေရန်၊ သို့တည်းမဟုတ် ဆောင်ရွက်နိုင်စေရန်၊ သို့တည်းမဟုတ် လျှောက်လဲဆောင်ရွက်နိုင်စေရန် အခွင့်အာဏာပေးထားရမည်။" ဆိုသည့်စကားရပ်အစား၊ "လျှောက်လဲနိုင်ခွင့်၊ သို့တည်းမဟုတ် ဆောင်ရွက်နိုင်ခွင့်၊ သို့တည်းမဟုတ် လျှောက်လဲဆောင်ရွက်နိုင်ခွင့်ရှိရမည်။" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 129, M. of J. A., 11-5-51—2,000—II.

Price,—One anna.]

# THE BAR COUNCIL (AMENDMENT) ACT, 1951.

[ACT No. IX OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Bar Council (Amendment) Act, 1951.

2. In clause (*b*) of sub-section (*1*) of section 14 of the Bar Council Act, hereinafter referred to as " the Act ", *after* the words " in any other Court " the words " subordinate to the High Court " *shall be inserted.*

3. Section 19 of the Act *shall be deleted.*

G.U.B.C.P.O.—No. 130, M. of J.A., 11 5-51—2,000—II

Price,—One anna.]

## PENAL CODE (AMENDMENT) ACT, 1951.

[ACT NO. X OF 1951.]

1. This Act may be called the Penal Code (Amendment) Act, 1951.

2. Sub-section (2) of section 123 of the Penal Code *shall be deleted.*

G U.B.C.P.O.—No. 131, M. of J.A., 11-5-51—2,000—II,

Price,—One anna,

THE FOOD AND DRUGS (AMENDMENT) (AMENDING) ACT, 1951.

[ACT NO. XI OF 1951.]

It is hereby enacted as follows :—

1. (*1*) This Act may be called the Food and Drugs (Amendment) (Amending) Act, 1951

(*2*) It shall come into force on such date as the President may, by Notification, appoint in this behalf.

2. *For* sub-section (*3*) of section 1 of the Food and Drugs (Amendment) Act, 1949, the following *shall be substituted*, namely :—

" (*3*) It shall remain in force until the President, by Notification, directs that it shall cease to be in force."

G.U.B.C.F.O.—No. 132, M. of J.A., 11-5-51—2,000—II.

Price,—One anna.]

THE TRADE DISPUTES (AMENDMENT) ACT, 1951.

[ACT No. XII OF 1951.]

It is hereby enacted as follows :—

1. (*1*) This Act may be called the Trade Disputes (Amendment) Act, 1951.

(*2*) It shall come into force on such date as the President of the Union may, by notification, appoint in that behalf.

2. In section 8 of the Trade Disputes Act, hereinafter referred to as the said Act,—

(i) *for* sub-sections (*1*) and (*2*) the following *shall be substituted*, namely,—

"(1) There shall be a standing Court of Industrial Arbitration, consisting of such number of persons as the President of the Union may, by notification, think fit to appoint.

(2) The Chairman of the Industrial Court and the Chairman of any division of the Industrial Court shall be such persons being barristers or advocates of not less than five years' standing, as the President of the Union may, by order, given either generally or specially, direct.

(3) For the purpose of dealing with any matter which may be referred to it, the Industrial Court shall be constituted of such of the members, not being less than two, of the Industrial Court as the Chairman of the Industrial Court may direct."

(ii) the existing sub-section (*3*) *shall be re-numbered as* sub-section (*4*).

3. In section 28 of the said Act,—

(i) *for* clause (*a*) of sub-section (*2*) the following *shall be substituted*, namely,—

"(*a*) the powers and procedure of Courts and Boards, including rules as to the summoning of witnesses, the production of documents relevant to the subject-matter of an inquiry or investigation and the number of members necessary to form a quorum ;" ;

(ii) *after* clause (*a*) of sub-section (*2*) as substituted, the following *shall be inserted as* clauses (*a1*) and (*a2*) ; namely,—

"(*a1*) the powers of the Industrial Courts, including rules as to the summoning of witnesses, the production of documents relevant to the subject-matter of an inquiry ;

(*a2*) enabling the Industrial Court to sit in two or more divisions ;".

G.U.E.C.P.O.—No. 133, M. of J.A., 11-5-51—2,000- II.

**Price,—One anna.**

# THE ESSENTIAL SUPPLIES AND SERVICES (AMENDMENT) ACT, 1951.

[ ACT NO. XIII OF 1951.]

It is hereby enacted as follows :—

**1.** This Act may be called the " Essential Supplies and Services (Amendment) Act, 1951 ".

**2.** In section 9 of the Essential Supplies and Services Act, 1947, clauses (*f*), (*g*), (*i*) and (*j*) *shall be deleted* and clauses (*h*) and (*k*) *shall be re-lettered as* (*f*) and (*g*) respectively.

G.U.B.C.P.O.—No. 134, M. of J.A., 11-5-51—2,000—11.

Price,—One anna.]

# THE BURMA AGRICULTURISTS' DEBT RELIEF (AMENDMENT) ACT, 1951.

[ACT NO. XIV OF 1951.]

It is hereby enacted as follows :—

1. (*1*) This Act may be called the Burma Agriculturists' Debt Relief (Amendment) Act, 1951.

(*2*) It shall be deemed to have come into force on the 4th January 1948.

2. *After* section 4 of the Burma Agriculturists' Debt Relief Act, 1947, the following *shall be inserted as* section 4A, namely :—

"4A. (*1*) Notwithstanding anything contained elsewhere in this Act, the President of the Union may, pending the establishment of a Board under sub-section (*1*) of section 3 in any district or part of a district, authorize the Deputy Commissioner or any Subdivisional Officer or Township Officer to receive applications for scaling down of debts presented to him by the debtors residing in the local limits of his jurisdiction ; and the provisions of sections 5, 6 and 7 shall apply to such applications.

(*2*) For the purposes of section 26 and section 28, an application made by a debtor to the Deputy Commissioner, Subdivisional Officer or Township Officer under sub-section (*1*) shall be deemed to be an application made to a Board under section 4."

G.U.B.C.P.O.—No. 135, M. of J.A., 11 5-51—2,000—II.

**Price,—One anna.]**

The Soortee Bara Bazar Municipalisation Act 1951.
(Act No XV of 1951)

# ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅။] ၁၅

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းသည်။

၁။ ။ဤအက်ဥပဒေသည် ချက်ခြင်း အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေ၌ပါရှိသည့်—

(၁) ကုမ္ပဏီဆိုသည်မှာ၊ ရန်ကုန်မြို့ စူရတီဘာရားဘဇားကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

(၂) ကော်ပိုရေးရှင်းဆိုသည်မှာ၊ ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၄ အရဖွဲ့စည်းထားသော၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းကိုဆိုလိုသည်။

၃။ ။ဤအက်ဥပဒေ ကိစ္စများအလို့ငှါ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း အက်ဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (၃) သည်သက်ဆိုင်ခြင်းမရှိစေရ။

၄။ ။ဤအက်ဥပဒေစတင် အာဏာတည်သည့်နေ့မှ တလအတွင်း၊ အောက်ပါကိစ္စများအလို့ငှါ ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်သည့်ကော်မရှင်အဖွဲ့ကို၊ နိုင်ငံတော်သမ္မတက ခန့်ရမည်။

(က) ကုမ္ပဏီထံမှ သိမ်းယူမည့်ပစ္စည်းများ၏ အကြောင်းအရာများကို သတ်မှတ်ဆုံးဖြတ်ရန်။

(ခ) ကုမ္ပဏီသို့ပေးသင့်သည့် တရားမျှတသောလျော်ကြေးငွေ၊ ကုမ္ပဏီမှ ကော်ပိုရေးရှင်းသို့ ပေးရန်ရှိသောကြွေးမြီများနှင့် ကော်ပိုရေးရှင်းမှ ကုမ္ပဏီသို့ပေးရန်ရှိသော ကြွေးမြီများကို သတ်မှတ်ဆုံးဖြတ်ရန်။

(ဂ) ပေးကျေနည်းလမ်းများကို သတ်မှတ်ဆုံးဖြတ်ရန်။

၅။ ။ပုဒ်မ ၄ အရ၊ ပေးသင့်သည့်တရားမျှတသောလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့က၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် သိမ်းယူရမည့်ပစ္စည်း၏ ကာလတန်ဘိုးကို၊ သို့တည်းမဟုတ် ထိုနေ့အထိကုမ္ပဏီ၌ ထိုပစ္စည်းအပေါ်တွင်ကုန်ကျသည့်ငွေကို တရားမျှတမည်ထင်မြင်သည့်အတိုင်း၊ ထည့်သွင်းစဉ်းစားရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆောက်အဦတခု၏တန်ဘိုးကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ထိုအဆောက်အဦကို ဆောက်လုပ်စဉ်ကကုန်ကျငွေမှ၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့ထိ ကုန်လွန်ခဲ့သောနှစ်များအတွက် တနှစ်လျှင် ၃ ရာခိုင်နှုန်းကျ နုတ်ပယ်၍၊ ကျန်သောငွေနှင့် ညီမျှသောတန်ဘိုးအတိုင်းသတ်မှတ်စေရမည်။

Price,—One anna]

၆။ ။ပေးသင့်သည့်တရားမျှတသောလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေ၊ သို့တည်းမဟုတ် အခြားဥပဒေ တခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့ရာတွင် ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။ပေးသင့်သည့်လျော်ကြေးနှင့်စပ်လျဉ်း၍၊ကော်မရှင်အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ ကော်ပိုရေးရှင်းသည်၊ သို့တည်းမဟုတ် ကုမ္ပဏီသည် တရားလွှတ်တော်ချုပ်သို့အယူခံနိုင်သည်။

၈။ ။(၁) ကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊တရားရုံးသို့အပ်နှင်းထားသောအာဏာများရရှိရမည်။

(က) ရှာဖွေခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း၊

(ခ) ကော်မရှင်အဖွဲ့သို့တက်ရောက်ရန်သက်သေများကို ဆင့်ဆိုခြင်းနှင့် တရားစရိတ်များကို ပေးသွင်းထားစေခြင်း၊

(ဂ) စာချုပ်စာတမ်းများကို ထုတ်ဖော်တင်ပြအောင်ပြုခြင်း၊

(ဃ) သက်သေများကိုကျမ်းယစ္စာကျိန်စေ၍စစ်ဆေးခြင်း၊

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း၊

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း၊

(ဆ) သက်သေများကိုစစ်ဆေးရန်အာဏာလွှဲအမိန့်များကိုထုတ်ခြင်းနှင့်

ကော်မရှင်အဖွဲ့ကို၊ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ သဘောအတွင်း၌ သက်ဝင်နေသည့်တရားမရုံးဟူ၍ မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင် များရာ၏ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမ္မတသည်၊ ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကိုခန့်ထားရမည်။ ကော်မရှင်အဖွဲ့သည် မိမိတို့၏ဆောင်ရွက်မှုကို ကော်မရှင်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် ထိုသူအားအဖွဲ့ဝင်ခန့်ထားဘိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်။

G.U.B.C.P.O.—No. 140, Min. of J.A., 25-5-51—2,000—II.

The Suppression of Corruption (Amendment) Act 1951

(Act No XVI of 1951)

# ၁၉၅၁ ခုနှစ်၊ အဂတိ လိုက်စားမှုတားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆။]

၁။ ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အဂတိ လိုက်စားမှု တားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) ၌—

(က) အပိုဒ် (ဃ) နောက်တွင် အောက်ပါ ရှင်းလင်းချက် ၁ ကို ထည့်သွင်းရမည်။

"ရှင်းလင်းချက် ၁။ 'အကျင့်ဖောက်ပြန်မှု'၊ သို့တည်းမဟုတ် 'ဖောက်လွှဲဖောက်ပြန်ပြုမှု' ဆိုသည့်စကားရပ်တွင်၊ မှားသောစီမံအုပ်ချုပ်မှု၊ သို့တည်းမဟုတ် မှားသောပြုမှု၊ သို့တည်းမဟုတ် မှားသော ပျက်ကွက်မှု၊ သို့တည်းမဟုတ် ရှိရင်းအခြေအနေများတွင်မပြုသင့်သော အရာကိုပြုမှု၊ သို့တည်းမဟုတ် ရှိရင်းအခြေအနေများတွင် ပြုသင့်သောအရာကိုမပြုမှုပါဝင်သည်။" ကို့ပြင်

(ခ) ရှိရင်း ရှင်းလင်းချက် ကို ရှင်းလင်းချက် ၂ ဟု အမှတ်စဉ်ရမည်။

G.U.B.C.P.O.—No. 136, M. of J.A., 11-5-51—2,000—II.

Price,—One anna.]

THE PUBLIC PROPERTY PROTECTION (AMENDMENT) ACT, 1951.

[ACT No. XVII OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Public Property Protection (Amendment) Act, 1951.

2. In section 2 of the Public Property Protection Act, 1947, hereinafter referred to as " the Act ",—

(*a*) in clause (i), the comma ( , ) *after* the words " local authority " and the words " or any Board or Body " *shall be deleted* ; and

(*b*) in clause (ii) (*b*), *after* the expression " the Public Utilities Protection Act, 1947, " the expression " the Foreign Exchange Regulation Act, 1947, " *shall be inserted.*

3. In section 7 of the Act,—

(*a*) *for* sub-section (*2*), the following *shall be substituted*, namely :—

" (*2*) Any officer authorized in this behalf by general or special order by the President of the Union may, if he is satisfied with respect to any particular person that with a view to preventing him from committing any prejudicial act it is necessary so to do, arrest him without warrant " ; and

(*b*) in sub-section (*5*), *for* the words " temporary custody " the word " detention " *shall be substituted.*

4. In sub-section (*1*) of section 8 of the Act,—

(i) in clause (*b*), *after* the words " such person " the words " or to any other person dependent on him, or relating to any property kept in the safe custody of the bank in the name of such person or of any other person dependent on him " *shall be inserted* ; and

(ii) in clause (*c*), *after* the words " such person " the words " or of any other person dependent on him or from delivering any property kept in the safe custody of the bank in the name of such person or any other person dependent on him, " *shall be inserted.*

G.U.B.C.P.O.—No. 139, Min. of J.A., 24-5-51—2,000—II.

**Price,—One anna.**

The Democratic Local Government Administration (Amendment) Act 1951.
(Act No. XVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ၏ပုဒ်မ ၂၅ အစား၊ အောက်ပါကိုထည့်သွင်းရမည်။

"၂၅။ ။(၁) ပုဒ်မ ၂၄ အရ ကျေးရွာ တရားရုံးက တပ်ရိုက်သည့် ငါးဆယ်ထက်မပိုသော ငွေဒဏ်ကို၊ သို့တည်းမဟုတ် အပြစ်မပေးဘဲ လွှတ်ရန် ချမှတ်သည့်အမိန့်ကို၊ သို့တည်းမဟုတ် တရားသေလွှတ်ပစ်သည့်အမိန့်ကို မည်သည့်ရုံးသို့မျှအယူမခံရ။ သို့သော် ထိုအမှုထို တရားနှင့်ညီစွာစီရင်သည် မစီရင်သည်ကို စိစစ်နိုင်ရန် စက်ရှင်တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ မိမိ၏လိုအလျောက်သော်၎င်း၊ ခရိုင် ရှေ့နေ၏ တိုက်တွန်းချက်အရသော်၎င်း၊သက်ဆိုင်ရာအမှုသည်၏ လျှောက်ထားချက်အရသော်၎င်း၊အမှုတွဲကိုတောင်းယူနိုင်သည်။ ထိုစက်ရှင်တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည်—

(က) ကျေးရွာတရားရုံးက တရားခံအား တရားသေ လွှတ်ပစ်သည့် အမိန့်ကိုပယ်ဖျက်၍၊ ထိုနယ်ဆိုင်ရာ ရာဇဝတ်တရားသူကြီးရုံးတခုခုက ထိုတရားခံအား ပြန်၍စစ်ဆေးရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုထင်ရှားစီရင်ချက်နှင့် ပြစ်ဒဏ်ကိုပယ်ဖျက်၍၊ တရားခံကို တရားရှင်ဖြစ်စေ၊ တရားသေဖြစ်စေ၊ လွှတ်ပစ်ခြင်းကိုသော်၎င်း၊ စစ်ဆေးပိုင်ခွင့်ရှိသော လက်အောက် တရားရုံးက ပြန်လည် စစ်ဆေးစေရန် အမိန့် ချမှတ်ခြင်းကိုသော်၎င်း ပြုနိုင်သည်၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှား စီရင်ချက်ကို ပြင်ဆင်ခြင်းမပြုဘဲ ပြစ်ဒဏ်ကိုလျှော့ပေါ့နိုင်သည်၊ သို့တည်းမဟုတ် ပြစ်ဒဏ် ထင်ရှား စီရင်ချက်ကို ပြင်ဆင်၍ ဤအက်ဥပဒေအရ ပေးနိုင်သော ပြစ်ဒဏ်ကိုချမှတ်နိုင်သည်။

(ဂ) အခြားမည်သည့် အမိန့်ကိုမဆို ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

Price.—One anna.

ခြွင်းချက်။ ။သို့ရာတွင် တရားခံကိုယ်တိုင်ဖြစ်စေ ရှေ့နေဖြင့်ဖြစ်စေ၊ ထုချေရန်အခွင့်မပေးဘဲ၊ ထိုတရားခံ အကျိုးယုတ်လျော့ နစ်နာအောင် ဤပုဒ်မခွဲ၏ အပိုဒ် (က) ၊သို့ဘည်းမဟုတ် (ခ) ၊သို့တည်းမဟုတ် (ဂ) အရ မည်သည့်အမိန့်ကိုမျှ မချမှတ်ရ။

(၂) ပုဒ်မ ၂၄ အရ၊ ကျေးရွာ တရားရုံးက တပ်ရိုက်သည့် ဒဏ်ငွေငါးဆယ်ထက်ပိုသောစီရင်ချက်ကိုသော်၎င်း၊ လျော်ဒဏ်အပြစ်ပေးသည့် စီရင်ချက်ကိုသော်၎င်း၊ ခရိုင်ရာဇဝတ် တရားသူကြီးရုံးတွင်ဖြစ်စေ၊ နိုင်ငံတော်သမဟက သတ်မှတ်ခဲ့လျှင်၊ စက်ရှင်တရားသူကြီးရုံးတွင်ဖြစ်စေ အယူခံနိုင်ခွင့်ရှိသည်။ ”

၃။ ။အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၂၉ အစား အောက်ပါကို ထည့်သွင်းရမည်။

“ ၂၉။ ။တည်ဆဲအခြားတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကျေးရွာတရားရုံးက ရုံးတလိုင် ထောင်ဒဏ်နှင့်တွဲလျက် ငွေဒဏ်အပြစ်ပေးသည့်အမှုများနှင့် ငွေဒဏ်သာတပ်ရိုက်သည့် အမှုများတွင် ကျေးရွာတရားရုံးသည် ပြစ်မှု ထင်ရှားစီရင်ခံရသူအား ဒဏ်ငွေမပေးဆောင်လျှင်၊ ထိုငွေဒဏ်အစား ကျေးရွာ အကျိုးရှိမည့်အလုပ်ကို ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ရန် အပြစ်ပေးစီရင်နိုင်သည်။ ထိုအလုပ်ကို မလုပ်မကိုင်ငြင်းဆိုလျှင်၊ နည်းဥပဒေများနှင့်အညီသတ်မှတ်သည့် ထောင်ဒဏ်အပြစ်ပေးစီရင်နိုင်သည်။ ”

G.U B.C.P.O.—No. 141, Min. of J.A. 25-5-51—2,000—II.

The Criminal Law (Amendment) Act, 1951.

(Act No XIX of 1951)

# ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက်အက်ဥပဒေဟုခေါ်ရမည်။

၂။ ။(၁) ဤအက်ဥပဒေတွင် ''ဇယားဝင်ပြစ်မှု'' ဆိုသည်မှာ၊ ဤအက်ဥပဒေ၏ဇယားတွင် သီးခြားဖော်ပြထားသည့် ပြစ်မှုတခုခုကိုဆိုလိုသည်။

(၂) ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ရာဇဝတ်မှုခင်းများ ပြီးဆုံးသည့်နေ့သည်—

(က) အယူခံမှုအဖြစ်ဖြင့် သော်၎င်း၊ ပြန်၍ စစ်ဆေးကြည့်ရှုရန်အတွက် သော်၎င်း၊ ထိုမှုခင်းများကို တရားလွှတ်တော်သို့ တင်ပို့လျှင်၊ တရားလွှတ်တော်က ထိုအယူခံမှုတွင်၊ သို့တည်းမဟုတ် ထိုပြန်၍ စစ်ဆေးကြည့်ရှုရန် အမှုတွင်၊ အပြီးသတ် အမိန့်ချမှတ်သည့် နေ့ဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) ထိုမှုခင်းများကို၊ တရားလွှတ်တော်သို့ မတင်ပို့လျှင်၊ ရာဇဝတ် တရားရုံးက၊ ထိုမှုခင်းများတွင် နောက်ဆုံးစီရင်ချက်၊ သို့တည်း မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်စေ့ကုန်သည့်နေ့၏ နောက်နေ့ဖြစ်သည်ဟူ၍သော်၎င်း မှတ်ယူရမည်။

(၃) ရန်ကုန်မြို့တွင် ခရိုင်ဝန်၏ အလုပ်ဝတ်တရားများကို ကော်လိတ်တော်အရာရှိကဆောင်ရွက်ရမည်။

၃။ ။(၁) လူတဦးတယောက်သည်၊ ဇယားဝင်ပြစ်မှုတခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်း နိုင်ငံတော်သမတ၌ရှိလျှင်၊ ထိုပြစ်မှုကို တရားရုံး ရာဇဝတ်ရပ်က အရေးယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ၊ ထိုသူ သာမန်အားဖြင့် နေထိုင်သည့်၊ သို့တည်းမဟုတ် အလုပ်လုပ်ကိုင်သည့်နယ်ပယ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော ခရိုင်ဝန်ထံ ထိုပြစ်မှုကိုကျူးလွန်၍ ယူယူရသည်ဟု နိုင်ငံတော်သမတက ယုံကြည်သည့်ငွေကို၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ဤအက်ဥပဒေအရ ဝါရမ်းကပ်ရန်အတွက်သော်၎င်း၊ ထိုငွေကို၊ သို့တည်းမဟုတ် အခြားပစ္စည်းကို အကြောင်းတခုခုကြောင့် ဝါရမ်းမကပ်နိုင်လျှင်၊ ထိုငွေနှင့်၊ သို့တည်းမဟုတ် အခြားပစ္စည်းနှင့် တန်ဖိုးညီမျှနိုင်သမျှညီမျှသော ထိုသူပိုင်အခြားပစ္စည်းကို ဝါရမ်းကပ်ရန်အတွက် သော်၎င်း၊ လျှောက်လွှာ တင်သွင်းရန် နိုင်ငံတော်သမတကညွှန်ကြားနိုင်သည်။

(၂) တရားမကျင့်ထုံးဥပဒေ၏ ပဌမဇယားရှိ အမိန့်အမှတ် ၂၇ ပါ ပြဋ္ဌာန်းချက်များသည်၊ အစိုးရစွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်သကဲ့သို့၊ ဤအက်ဥပဒေအရ ဝါရမ်းကပ်သည့် အမိန့်ရရှိရန် အတွက် စွဲဆိုသည့် မှုခင်းများနှင့်လည်း သက်ဆိုင်ရမည်။

Price—Annas 2.]

(၃) ပုဒ်မခွဲ (၁) အရ တင်သွင်းသောလျှောက်လွှာနှင့်အတူ၊ ကျမ်းကျိန်လွှာတစောင်ဖြစ်စေ၊ တစောင်ထက်ပို၍ဖြစ်စေ ပါရှိရမည်။ ထိုကျမ်းကျိန်လွှာတွင်၊ သို့တည်းမဟုတ် ကျမ်းကျိန်လွှာများတွင် ဇယားဝင်ပြစ်မှုတခုခုကို၊ ထိုသူကျူးလွန်သည်ဟု မည်သည့်အပေါ်ယုံကြည်ရသည့် အကြောင်းများကိုရင်း၊ ပြစ်မှုကိုကျူးလွန်၍ ရရှိသည်ဟုယုံကြည်ရသည့်ငွေပေါင်း၊ သို့တည်းမဟုတ် အခြားပစ္စည်း၏ တန်ဘိုးကိုရင်း ဖော်ပြရမည်။ လျှောက်လွှာတွင်—

(က) ထိုငွေ၊ သို့တည်းမဟုတ် ပစ္စည်းရှိဆဲဖြစ်သည့် နေရာနှင့်ပတ်သက်၍ ရနိုင်သမျှသော သတင်းကို ဖော်ပြရမည့်ပြင်၊ ထိုသူပိုင်အခြား ပစ္စည်း၏ ခန့်မှန်းခြေတန်ဘိုးစသည့်အချက်များကိုလည်း၊ လိုအပ်လျှင်ဖော်ပြရမည်။

(ခ) ထိုသူ၏ပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသူဖြစ်သည်ဟူ၍သော်ငြား၊ ထိုသူ၏ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ကို၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ကို တောင်းဆိုဘွယ်ရာ အကြောင်းရှိသူဖြစ်သည်ဟူ၍သော်ငြား၊ ယုံကြည်ရသည့် အခြားသူများ၏အမည်နှင့်လိပ်စာများကိုလည်းဖော်ပြရမည်။

၄။ ။(၁) ပုဒ်မ ၃ အရ လျှောက်လွှာ ရရှိသောအခါ၊ ခရိုင်ဝန်သည်၊ ထိုလျှောက်လွှာနှင့် ပတ်သက်သည့်သူက၊ ဇယားဝင် ပြစ်မှုတခုခု ကျူးလွန်သည် ဟူ၍သော်ငြား၊ ထိုပြစ်မှုကိုကျူးလွန်၍၊ ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ရှာသည်ဟူ၍သော်ငြား ယုံကြည်ရန်ယုတ္တိထင်ရှားသော အကြောင်းပြချက်များမရှိဟု မိမိယူဆလျှင်၊ မရှိသည့်အကြောင်းများကို စာဖြင့် ရေးသား၍ လျှောက်လွှာကို ပယ်ရမည်။ ယင်းသို့ မပယ်လျှင် ထိုသို့ရရှိသည်ဟု စွပ်စွဲသည့်ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကိုဖြစ်စေ၊ အဆိုပါငွေ၊သို့တည်းမဟုတ် အခြားပစ္စည်းကို ဝါရမ်းကပ်ရန်ရနိုင်မည့်လက္ခဏာမရှိလျှင်၊ ထိုအခြားပစ္စည်းနှင့်တန်ဘိုးညီမျှသော ခရိုင်ဝန်ကသင့်သည်ထင်မြင်သည့် ထိုသူပိုင်အခြား ပစ္စည်းကိုဖြစ်စေ၊ ဝါရမ်းကပ်သည့်ကြားဖြတ်အမိန့်ကို ခရိုင်ဝန်က ချက်ခြင်းချမှတ်ရမည်။

သို့ရာတွင်ခရိုင်ဝန်သည်၊ထိုအမိန့်ကိုချမှတ်ရန်မငြင်းဆိုမီ၊ လျှောက်လွှာနှင့်အတူ ပူးတွဲပါကျမ်းကျိန်လွှာများပြုလုပ်သူ၊ သို့တည်းမဟုတ် ပြုလုပ်သူများကို စစ်ဆေးရမည်။

(၂) ခရိုင်ဝန်သည်၊ ပုဒ်မခွဲ (၁) အရအမိန့်ချမှတ်သောအခါ ငွေ၊သို့ တည်းမဟုတ် အခြားပစ္စည်းဝါရမ်းကပ်ခံရသူထံသို့၊ နို့တစ်စာချုအပ်၍ ဝါရမ်းကပ်သည့် အမိန့်ကို မည်သည့်အတွက်ကြောင့်အတည်မပြုသင့်ကြောင်း၊ ထိုနို့တစ်စာတွင်သတ်မှတ်ထားသည့်နေ့ရက်၌ အကြောင်းပြရန်ဆင့်ဆိုရမည်။ ထိုနို့တစ်စာနှင့်အတူ ကြားဖြတ်အမိန့်လျှောက်လွှာ၊ ကျမ်းကျိန်လွှာများ၏မိတ္တူများကို ထိုသူထံပေးပို့ရမည်။

(၃) ခရိုင်ဝန်သည် အဆိုပါပုဒ်မခွဲအရ နို့တစ်စာထုတ်ဆင့်ထားသည့် သူ၏ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်၊သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသည်ဟူ၍သော်ငြား၊ အကျိုးသက်ဆိုင်ခွင့်၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ကိုတောင်းဆိုဘွယ်ရာ အကြောင်းရှိသည်ဟူ၍သော်ငြား၊ ပုဒ်မ ၃ (၃) (ခ) အရဖော်ပြထားသူ အသီးသီးထံသို့၊ အဆိုပါပုဒ်မခွဲအရ ထုတ်ဆင့်သည့်နို့တစ်စာတွင်သတ်မှတ်ထားသည့်နေ့ရက်၌လာရောက်၍၊ ထိုပစ္စည်း၊ သို့တည်းမဟုတ် ထိုပစ္စည်း၏တစိတ်တဒေသတွင် မိမိအကျိုး သက်ဆိုင်ခွင့် ရှိကြောင်းအကြောင်းပြချက်၊ ထိုပစ္စည်း၊သို့တည်းမဟုတ် ထိုပစ္စည်း၏ တစိတ်တဒေသ

ဝါရမ်းကပ်ခြင်းကို ကန့်ကွက်လိုကကန့်ကွက်ရန်နို့တစ်စာချအပ်၍ဆင့်ဆိုရမည်။ ပုဒ်မခွဲ (၂) အရထုတ်ဆင့်သည့် နို့တစ်စာနှင့်အတူပူးတွဲပါရှိသည့်စာရွက်စာတမ်းမိတ္တူများကို ၎င်းပုဒ်မခွဲအရထုတ်ဆင့်သည့်နို့တစ်စာနှင့်အတူပူးတွဲပေးပို့ရမည်။

(၄) ဝါရမ်းကပ်သည့်ပစ္စည်း၊ သို့တည်းမဟုတ် ထိုပစ္စည်း၏တစိတ်တဒေသတွင် အကျိုးသက်ဆိုင်ခွင့်ရှိသည်ဟု တောင်းဆိုသည့် အခြားသူတဦးတယောက်သည်၊ ၎င်းပုဒ်မအရ မိမိအားမည်သည့်နို့တစ်စာကိုမျှချအပ်ခြင်းမပြုစေကာမူ၊ အမိန့်ကိုပုဒ်မ ၅၊ ပုဒ်မခွဲ (၁) အရဖြစ်စေ၊ ပုဒ်မခွဲ (၃) အရဖြစ်စေ၊ သက်ဆိုင်ရာပုဒ်မခွဲအရ အမိန့်မချမှတ်မီ၊ မည်သည့်အချိန်တွင်မဆို အထက်ဆိုခဲ့သည့်အတိုင်း ခရိုင်ဝန်ထံကန့်ကွက်နိုင်သည်။

၅။ ။(၁) သတ်မှတ်ထားသည့်နေ့ရက်ကုန်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီဖြစ်စေ၊ ပုဒ်မ ၄ အရအကြောင်းလည်းမပြ၊ ကန့်ကွက်ခြင်းလည်းမပြုလျှင်၊ ခရိုင်ဝန်သည်၊ ဝါရမ်းကပ်သည့်ကြားဖြတ်အမိန့်ကိုအတည်ပြုရန် ချက်ခြင်းအမိန့်ချမှတ်ရမည်။

(၂) အထက်ဆိုခဲ့သည့်အတိုင်း အကြောင်းပြလျှင်၊ သို့တည်းမဟုတ် ကန့်ကွက်လျှင်၊ ခရိုင်ဝန်သည်၊ ထိုအကြောင်းပြချက်၊ သို့တည်းမဟုတ်ကန့်ကွက်ချက်များကိုစုံစမ်းစစ်ဆေးရမည်။ ထိုသို့စုံစမ်းစစ်ဆေးရာ၌၊ အမှုသည်များစစ်ဆေးခြင်းနှင့်ပက်သက်၍၎င်း၊ အခြားကိစ္စအရပ်ရပ်နှင့် ပတ်သက်၍၎င်း၊ ခရိုင်ပန်သည်၊ ၎င်းအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တရားမကျင့်ထုံးဥပဒေအရ တရားမမှုကြားနာစစ်ဆေးရာတွင် တရားရုံးကလိုက်နာသည့်နည်းလမ်းအတိုင်း လိုက်နာ၍၊ တရားရုံးက သုံးစွဲသောအာဏာအားလုံးကိုသုံးစွဲရမည်။ ပုဒ်မ ၄ အရကန့်ကွက်သူတဦးဦးအား ဝါရမ်းကပ်သည့်ပစ္စည်းတွင် ဝါရမ်းကပ်သည့်နေ့ရက်၌ မိမိအကျိုးသက်ဆိုင်ခွင့်ရှိကြောင်း သက်သေခံတင်ပြရန်ဆင့်ဆိုရမည်။

(၃) ပုဒ်မခွဲ (၂) အရစုံစမ်းစစ်ဆေးပြီးနောက်၊ ခရိုင်ဝန်သည်ဝါရမ်းကပ်သည့်ကြားဖြတ်အမိန့်ကိုအတည်ပြုသည့်အမိန့်ကိုဖြစ်စေ၊ ပစ္စည်း၏တစိတ်တဒေသကို ဝါရမ်းခွါ၍ ကြားဖြတ်အမိန့်ကိုပြောင်းလဲသည့်အမိန့်ကိုဖြစ်စေ၊ ထိုကြားဖြတ်အမိန့်ကိုရုပ်သိမ်းသည့်အမိန့်ကိုဖြစ်စေချမှတ်ရမည်။

(က) ဝါရမ်းကပ်ထားသည့် ထိုသူ၏ပစ္စည်းတန်ဘိုးသည်၊ ထိုသူဇယားဝင်ပြစ်မှုကျူးလွန်၍ရရှိသည်ဟု ယုံကြည်ရသောပစ္စည်း၏ တန်ဘိုးထက်မနည်းဟုမယူဆလျှင်၊ ထိုပြစ်မှုကျူးလွန်သည်ဟုယုံကြည်ရသူပိုင်ဆိုင်ခွင့်ရှိသည်ဟု မိမိယူဆသောမည်သည့်ပစ္စည်းကိုမဆို ဝါရမ်းမခွါရ။

(ခ) ထိုသူကအဆိုပါ ပြစ်မှုကျူးလွန်၍ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ရရှိသည်မဟုတ်ဟု မိမိမယူဆလျှင်၊ ဝါရမ်းကပ်သည့်အမိန့်ကိုမရုပ်သိမ်းရ။

၆။ ။(၁) ဇယားဝင်ပြစ်မှုကိုကျူးလွန်သည်ဟု ယုံကြည်ရသူနှင့်ပတ်သက်၍ဝါရမ်းကပ်ရန်ရနိုင်သည့် ထိုသူပိုင်ပစ္စည်းများသည်၊ အဆိုပါပြစ်မှုကိုကျူးလွန်၍ထိုသူရရှိသည်ဟု ယုံကြည်ရသည့်ပစ္စည်း အရေအတွက်ထက်၊ သို့တည်းမဟုတ် တန်ဘိုးထက်နည်းသည်ကိုတွေ့ရှိလျှင်၎င်း၊ ထိုသူသည် ထိုပြစ်မှုကိုကျူးလွန်သည်ဟုစွပ်စွဲသည့် နေ့ရက်

နောက်၊ ရိုးဖြောင့်သောသဘောဖြင့် လည်းမဟုတ်၊ အဘိုးစားနားအတွက်လည်းမဟုတ်ဘဲ မိမိပိုင်ပစ္စည်းကို (ဤအက်ဥပဒေအာဏာတည်ပြီးနောက်ဖြစ်စေ၊ အာဏာမတည်မီဖြစ်စေ) လွှဲပြောင်းထားကြောင်းဖြင့်ယုံကြည်လောက်သောအကြောင်းရှိသည်ဟု ခရိုင်ဝန်က ကျမ်းကျိန်လွှာအရဖြစ်စေ၊အခြားနည်းအရဖြစ်စေ၊ယူဆလျှင်ငင်း၊ခရိုင်ဝန်သည်၊ ထိုပစ္စည်းလွှဲပြောင်းခံရသူအား၊ (ထိုသူသည်၊အဆိုပါပြစ်မှုကျူးလွန်သူထံမှ ထိုပစ္စည်းကို တိုက်ရိုက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) နို့တစ်စာချအပ်လျက် ထိုနို့တစ်စာတွင်သတ်မှတ်ထားသောပစ္စည်း၏ ထိုက်သင့်သည့်ဝန်ဘိုးနှင့်ညီမျှသောလွှဲပြောင်းခံရသူ၏ပစ္စည်းကို မည်သည့်အတွက်ဝါရမ်းမကာပ်သင့်ကြောင်း၊အကြောင်းပြရန်ဆင့်ဆိုနိုင်သည်။

(၂) အဆိုပါလွှဲပြောင်းခံရသူသည် သတ်မှတ်ထားသည့် နေ့ရက်တွင် အကြောင်းပြရန်မလာမရောက်လျှင်ငင်း၊ပုဒ်မ ၅၊ပုဒ်မခွဲ (၂) တွင်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်းစုံစမ်းစစ်ဆေးပြီးနောက်၊ ခရိုင်ဝန်ကပစ္စည်းကိုရိုးဖြောင့်သောသဘောဖြင့်လည်းမဟုတ်၊အဘိုးစားနားအတွက်လည်းမဟုတ်ဘဲ ထိုသူထံသို့လွှဲဖြောင်းသည်ဟုယူဆလျှင်ငင်း၊ ခရိုင်ဝန်သည်၊ လွှဲပြောင်းထားသောပစ္စည်း၏ ထိုက်သင့်သည့်တန်ဘိုးနှင့်ညီမျှသည်ဟုမိမိသဘောရသည့်အဆိုပါလွှဲပြောင်းခံရသူပိုင် ပစ္စည်းကို ဝါရမ်းကပ်ရန်အမိန့်ချမှတ်ရမည်။

၇။ ။ဤအက်ဥပဒေအရ ချမှတ်သောပစ္စည်းဝါရမ်းကပ်သည့်အမိန့်ကို၊တရားမကျင့်ထုံးဥပဒေတွင် ဒီကရီအတည်ပြုသည့်အခါ ပစ္စည်းဝါရမ်းကပ်ရန်အတွက် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း လိုက်နာနိုင်သမျှလိုက်နာ၍အတည်ပြုရမည်။

၈။ ။ဤအက်ဥပဒေအရ ပစ္စည်းဝါရမ်းကပ်ခံရသူ၊ သို့တည်းမဟုတ် ပစ္စည်းဝါရမ်းကပ်ခံရမည့်ဆဲဆဲဖြစ်သူသည်၊ ထိုသို့ဝါရမ်းကပ်မည့်အစား၊အာမခံပေးခွင့်ပြုရန်၊ ခရိုင်ဝန်ထံ မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။ ထိုသို့ပေးသည့်အာမခံပစ္စည်းသည် ပြည့်စုံလုံလောက်သည်ဟု ခရိုင်ဝန်ကထင်မြင်လျှင်၊ ဝါရမ်းကပ်သည့်အမိန့်ကိုရုပ်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ဝါရမ်းကပ်သည့်အမိန့်ကိုမချမှတ်ဘဲနေနိုင်သည်။

၉။ ။ခရိုင်ဝန်သည်၊ ဖြောင့်မှန်သင့်လျော်သည်ဟုထင်မြင်လျှင်၊ ဤအက်ဥပဒေအရဝါရမ်းကပ်ထားသည့်ပစ္စည်းကို၊ မိမိကအခါအားလျော်စွာ ထုတ်ဆင့်သည့်ညွှန်ကြားချက်များနှင့်အညီ၊ ထိန်းသိမ်းစောင့်ရှောက်ရန်ပစ္စည်းထိန်း ခန့်ထားနိုင်သည်။ ဤကဲ့သို့ပစ္စည်းထိန်းခန့်ထားသည့်အခါ၊ တရားမကျင့်ထုံးဥပဒေ၏ ပဌမဇယားရှိအမိန့်အမှတ် ၄၀ ပါနည်းဥပဒေ ၂၊ ၃၊ ၄ နှင့် ၅ ၏ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ရမည်။

၁၀။ ။ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ ပစ္စည်းကိုဝါရမ်းကပ်ရန်ချမှတ်သည့်အမိန့်သည်၊ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီစောစောကရုပ်သိမ်းခြင်းမရှိခဲ့သော်—

(က) အဆိုပါအမိန့်ချမှတ်ရန် လျှောက်ထားသည့်အချိန်အခါက စွပ်စွဲသည့်ဇယားဝင်ပြစ်မှုကို မည်သည့်ရာဇဝတ်တရားရုံးကမျှအရေးမယူရသေးလျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အမိန့်ချမှတ်သည့်နေ့မှ သုံးလကာလမျှ ဆက်လက်အတည်ဖြစ်ရမည်။ သို့ရာတွင် ထိုပြစ်မှုကို ထိုအတောအတွင်းအရေးမယူမှသာလျှင်၊ သို့တည်းမဟုတ် ထိုကာလအပိုင်းအခြားကို တိုးမြှင့်ရန် အစိုးရ၏ကိုယ်စား

လွှဲယက်လျှောက်ထား၍၊ ခရိုင်ဝန်က ယင်းသို့ တိုးမြှင့်ရန်သင့်လျော်ဖြောင့်မှန်သည်ဟု ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်ခြင်း မရှိမှသာလျှင် ဆိုခဲ့သည့်အတိုင်း သုံးလ ဆက်လက်အတည်ဖြစ်ရမည်။

(ခ) စွပ်စွဲသည့်ဇယားဝင်ပြစ်မှုကိုအဆိုပါအမိန့်ချမှတ်ရန်လျှောက်ထားသည့်အချိန်မတိုင်မီဖြစ်စေ၊ လျှောက်ထားပြီးနောက်ဖြစ်စေ၊ တရားရုံးကအရေးယူလျှင်၊ ရာဇဝတ်မှုခင်းများ ဖြီးဆုံးသည့်နောက်၌အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ခရိုင်ဝန်ကအမိန့်ချမှတ်သည့်အချိန်တိုင်အောင် ဆက်လက်အတည်ဖြစ်ရမည်။

၁၁။ ။(၁) ပုဒ်မ ၄၊သို့တည်းမဟုတ် ပုဒ်မ ၆ အရအကြောင်းပြသည့်၊ သို့တည်းမဟုတ် ပုဒ်မ ၄ အရကန့်ကွက်သည့်၊ သို့တည်းမဟုတ် ပုဒ်မ ၈ အရလျှောက်လွှာတင်သွင်းသည့်အမှုရ၊ သို့တည်းမဟုတ် တဦးတယောက်သောသူသည်၍အက်ဥပဒေပါ အထက်ဆိုခဲ့သည့်ပြဋ္ဌာန်းချက်တခုခုအရ ခရိုင်ဝန်ချမှတ်သည့်အမိန့်ကြောင့် နစ်နာလျှင်၊ ယင်းသို့နစ်နာစေသည့်အမိန့်ကိုချမှတ်သည့်နေ့မှရက်ပေါင်းသုံးဆယ်အတွင်း၊စီရင်ပိုင်ခွင့်အာဏာရှိသည့်တရားမရုံး၌၊ ထိုပစ္စည်းတွင် ပိုင်ဆိုင်ခွင့်ရရှိရန် တရားမမှုဖွဲ့ဆိုနိုင်သည်။ သို့ရာတွင် တရားမမှုဖွဲ့ဆိုလျှင်၊ ထိုတရားမမှု၏ စီရင်ချက်ကိုထောက်၍၊ ခရိုင်ဝန်ချမှတ်သော ဝါရမ်းကပ်သည့်အမိန့်မှာ၊ အပြီးသတ်ဖြစ်ရမည်။

(၂) ထိုတရားမမှုကို အပြီးသတ်စီရင်ဆုံးဖြတ်ခြင်းမပြုရသေးမီ၊ပုဒ်မ ၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်များနှင့်အညီမှတပါး၊မည်သည့်တရားရုံးကမျှ၊ ထိုတရားမမှုနှင့်ဝတ်သက်သောဝါရမ်းကပ်သည့် အမိန့်ကိုရုပ်သိမ်းရန်၊ သို့တည်းမဟုတ် ရပ်ဆိုင်းရန်အမိန့်မချမှတ်ရ။

(၃) ထိုတရားမမှုကို အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအခါ၊ ခရိုင်ဝန်မှာ၊ထိုတရားမမှုတွင်ချမှတ်သည့် အမိန့်အတိုင်းလိုက်နာရမည်။

၁၂။ ။(၁) ဇယားဝင်ပြစ်မှုကို ရာဇဝတ်ကြောင်းဖြင့် စစ်ဆေးစီရင်သည့်တရားရုံးသို့ စီရင်ချက်မချမှတ်မီ၊ အဆိုပါ ပြစ်မှုနှင့် စပ်လျဉ်း၍၍အက်ဥပဒေအရ ပစ္စည်းကို ဝါရမ်းကပ်သည့် အမိန့်ချမှတ်ထားသည့် အချက်ကို အကြောင်းကြားလျှင်၊ အဆိုပါ တရားရုံးသည် တရားခံကို ပြစ်မှုထင်ရှား စီရင်ခဲ့သော်၊ ထိုပြစ်မှုကိုကျူးလွန်ခြင်းဖြင့် တရားခံရရှိသည့်ငွေမည်မျှ သို့တည်းမဟုတ် အခြားပစ္စည်း၏တန်ဘိုးမည်မျှဖြစ်ကြောင်း ဆုံးဖြတ်ချက်ချရမည်။

(၂) ယင်းသို့ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံသည့်အခါ၊ သို့တည်းမဟုတ်ပြန်၍စစ်ဆေးကြည့်ရှုသည့်အခါ၊ အယူခံတရားရုံး၊ သို့တည်းမဟုတ် ပြန်၍စစ်ဆေးကြည့်ရှုသည့်တရားရုံးသည်၊ပြစ်မှုထင်ရှားစီရင်ခြင်းကိုဝယ်ဖျက်သည်မဟုတ်လျှင်၊ မိမိသင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုလျှင်လည်း အတည်ပြုရမည်၊ သို့တည်းမဟုတ်ပြုပြင်လျှင်လည်းပြုပြင်ရမည်။

(၃) ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းသည့်ရာဇဝတ်ကြောင်းစစ်ဆေးစီရင်မှုတွင်ချမှတ်သည့် တရားသေလွှတ်သောအမိန့်ကို အယူခံသည့်အခါ၊သို့တည်းမဟုတ်ပြန်၍စစ်ဆေးကြည့်ရှုသည့်အခါ၊ အယူခံတရားရုံး၊ သို့တည်းမဟုတ် ပြန်၍စစ်ဆေးကြည့်ရှု

သည့်တရားရုံးသည်၊ တရားခံကိုပြစ်မှုထင်ရှားစီရင်လျှင်၊ အဆိုပါပုဒ်မခွဲတွင် ရည်ညွှန်းသည့်ဆုံးဖြတ်ချက်မျိုးချမှတ်ရမည်။

၁၄။ ။(၁) ဤအက်ဥပဒေအရပစ္စည်းကိုဝါရမ်းကပ်သည့်အမိန့်ထုတ်သည့်၊ သို့တည်းမဟုတ် ယင်းသို့ဝါရမ်းကပ်ထည့်အစားအာမခံပေးထားသည့် ဇယားဝင်ပြစ်မှုအတွက် ရာဇဝတ်ကြောင်းဖြင့်စစ်ဆေးစီရင်မှုပြီးဆုံးခြင်းသို့ရောက်သောအခါ၊ အစိုးရ၏ကိုယ်စားလှယ်သည် နှောင့်နှေးခြင်းမရှိဘဲ၊ ခရိုင်ဝန်အား ယင်းသို့ပြီးဆုံးကြောင်းကိုအကြောင်းကြားရမည်။ ထို့ပြင် ရာဇဝတ်ကြောင်းဖြင့် တရားရုံးက စစ်ဆေးစီရင်လျှင်၊ မူလစစ်ဆေးစီရင်သည့် ထိုတရားရုံးကချမှတ်သောစီရင်ချက်၏၊ သို့တည်းမဟုတ် အမိန့်၏မိတ္တူနှင့်အယူခံတရားရုံး၊ သို့တည်းမဟုတ် ပြန်၍စစ်ဆေးကြည့်ရှုသည့် တရားရုံးကချမှတ်သောစီရင်ချက်များ၊ သို့ကည်းမဟုတ် အမိန့်များရှိလျှင်၊ အဆိုပါစီရင်ချက်များ၏၊ သို့တည်းမဟုတ် အမိန့်များ၏မိတ္တူများကို ခရိုင်ဝန်ထံတင်ပြရမည်။

(၂) စွပ်စွဲသည့် ဇယားဝင်ပြစ်မှုကို ရာဇဝတ်ကြောင်းဖြင့် အရေးမယူကြောင်းကို ပုဒ်မခွဲ(၁)အရ ခရိုင်ဝန်ထံ အစီရင်ခံသည့်အခါတွင်ဖြစ်စေ၊ ယင်းသို့အရေးယူလျက်ရာဇဝတ်ရုံးများ၏အပြီးသတ်စီရင်ချက်အရ၊ သို့တည်းမဟုတ် အမိန့်အရ၊ တရားခံကို ဘရားသေလွှတ်သည့်အခါတွင်ဖြစ်စေ၊ ခရိုင်ဝန်သည်၊ အဆိုပါပြစ်မှုနှင့်စပ်လျဉ်း၍ ပစ္စည်းကိုဝါရမ်းကပ်ရန် မိမိထုတ်ဆင့်သည့်အမိန့်ကို အမြန်ရုပ်သိမ်းရမည်။ အကယ်၍ဝါရမ်းကပ်မည့်အစား အာမခံပစ္စည်းလက်ခံထားလျှင် ထိုအာမခံပစ္စည်းကိုပြန်ပေးရန်အမြန်အမိန့်ပေးရမည်။

(၃) ရာဇဝတ်ရုံးများ၏အပြီးသတ်စီရင်ချက်အရ၊ သို့တည်းမဟုတ်အမိန့်အရ တရားခံကိုပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ဤအက်ဥပဒေအရ ဝါရမ်းကပ်ထားသည့်တရားခံ၏ပစ္စည်းများထဲမှ၊ သို့တည်းမဟုတ် ဝါရမ်းကပ်မည့်အစား လက်ခံထားသောအာမခံပစ္စည်းများထဲမှ ပုဒ်မ ၁၂ အရ ရာဇဝတ်ရုံးများကချမှတ်သောအပြီးသတ်စီရင်ချက်တွင်၊ သို့တည်းမဟုတ် အမိန့်တွင်၊ ထိုပြစ်မှုကျူးလွန်ခြင်းဖြင့် တရားခံရရှိသည်ဟုသတ်မှတ်ထားသည့်ငွေကို၊ သို့တည်းမဟုတ် တန်ဘိုးကို အစိုးရဘဏ္ဍာတော်အဖြစ်သိမ်းယူရမည်။ ထို့ပြင် ပစ္စည်းကိုဝါရမ်းကပ်သည့်အတွက်ကုန်ကျသည်ဟု ခရိုင်ဝန်ဆုံးဖြတ်သည့်စရိတ်ကိုလည်း နုတ်ယူရမည်ဟုခရိုင်ဝန်ကအမိန့်ချမှတ်ရမည်။ ထို့ပြင် ရာဇဝတ်ရုံးများ၏အပြီးသတ်စီရင်ချက်၊ သို့တည်းမဟုတ် အမိန့်အရတရားခံကိုအခြားပြစ်ဒဏ်နှင့်တွဲ၍ဖြစ်စေ၊ မတွဲဘဲဖြစ်စေ၊ ငွေဒဏ်စီရင်ထားလျှင်၊ သို့တည်းမဟုတ် ငွေဒဏ်စီရင်ခြင်းကိုအတည်ပြုထားလျှင်၊ အခြားနည်းအားဖြင့် ဒဏ်ငွေကိုအရတောင်းနိုင်သည့် အာဏာကိုမထိခိုက်စေဘဲ၊ အဆိုပါဒဏ်ငွေကို ဝါရမ်းကပ်ထားသည့် ကျန်ပစ္စည်းများထဲမှ၊ သို့တည်းမဟုတ် ဝါရမ်းကပ်မည့်အစား လက်ခံထားသောအာမခံပစ္စည်းများထဲမှ နုတ်ယူရမည်ဟုလည်း ခရိုင်ဝန်ကအမိန့်ချမှတ်နိုင်သည်။

(၄) ပုဒ်မခွဲ (၃) အရ သိမ်းယူရန်၊ သို့တည်းမဟုတ်နုတ်ယူရန်အမိန့်ချမှတ်ထားသည့်ငွေများသည်၊ ဝါရမ်းကပ်ထားသောတရားခံ၏ပစ္စည်းတန်ဘိုးထက်ပိုနေသည့်အခါ၊ ထို့ပြင် ပုဒ်မ ၆ အရ တရားခံကပစ္စည်းလွှဲပြောင်းခံရသူ၏ပစ္စည်းကိုဝါရမ်းကပ်ထားလျှင်၊ ပုဒ်မခွဲ (၃) အရ ဘဏ္ဍာတော်ဖြစ်သိမ်းယူရမည်ဟု အမိန့်ချမှတ်သည့်ငွေအနက် မပြေကျန်ငွေကိုဝါရမ်းကပ်ထားသည့် ထိုပစ္စည်းလွှဲပြောင်းခံရသူ၏ ပစ္စည်းများထဲမှ၊ သို့တည်းမဟုတ် ဝါရမ်းကပ်မည့်အစားလက်ခံထားသော အာမခံပစ္စည်းများ

ထဲမှနုတ်ယူရမည်။ ထို့ပြင် ပစ္စည်းကိုဝါရမ်းကပ်သည့်အတွက် ကုန်ကျသည်ဟုခရိုင်ဝန် ဆုံးဖြတ်သည့်စရိတ်ကိုလည်း နုတ်ယူရမည်ဟု ခရိုင်ဝန်ကအမိန့်ချမှတ်ရမည်။ ထို့ပြင် အခြားနည်းအားဖြင့် ဒင်္ဂါးငွေကိုအရယောင်းနိုင်သည့်အာဏာကို မထိခိုက်စေဘဲ၊ ပုဒ်မခွဲ (၃) တွင် ရည်ညွှန်းသည့်ဒင်္ဂါးငွေကိုဖြစ်စေ၊ ထိုဒင်္ဂါးငွေအနက် မပြေကျန်ငွေကိုဖြစ်စေ၊ ဝါရမ်းကပ်ထားသည့်ပစ္စည်းလွှဲပြောင်းခံရသူ၏ ပစ္စည်းထဲမှ၊ သို့တည်းမဟုတ် ဝါရမ်းကပ်မည့်အစားလက်ခံထားသောအာမခံပစ္စည်းထဲမှ နုတ်ယူရမည်ဟုလည်း ခရိုင်ဝန်က အမိန့်ချမှတ်နိုင်သည်။

(၅) ပုဒ်မခွဲ (၃) နှင့် (၄) အရ ထုတ်ဆင့်သည့် အမိန့်များအတိုင်း ဆောင်ရွက်ပြီးနောက် ဇယားဝင်ပြစ်မှုနှင့်စပ်လျဉ်း၍ ဝါရမ်းကပ်ထားသည့်ပစ္စည်း ခရိုင်ဝန်ထံကျန်သေးလျှင်၊ သို့တည်းမဟုတ် ဝါရမ်းကပ်မည့်အစား လက်ခံထားသောအာမခံပစ္စည်း ခရိုင်ဝန်ထံကျန်သေးလျှင်၊ ထိုပစ္စည်းများကိုဝါရမ်းကပ်ရန် မိမိထုတ်ဆင့်သည့်အမိန့်ကိုအမြန်ရုပ်သိမ်းရမည်။ အကယ်၍ဝါရမ်းကပ်မည့်အစား အာမခံပစ္စည်းလက်ခံထားလျှင်၊ ထိုအာမခံပစ္စည်းကိုပြန်ပေးရန် အမြန်အမိန့်ထုတ်ရမည်။

၁၄။ ။ပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ—

(က) ပုဒ်မ ၄ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၆ အရ နို့တစ်စာချအပ် ခံရသူ မည်သူမျှ၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၄) အရ၊ ကန့်ကွက်သူမည်သူမျှ၊

(၁) ပုဒ်မ ၁၃ အရ ဘဏ္ဍာတော်ဖြစ် သိမ်းယူရန် အမိန့်ချမှတ်ထားသည့် ပစ္စည်းနှင့်ပတ်သက်၍၊ သို့တည်းမဟုတ် ထိုပုဒ်မအရ ချမှတ်သောအမိန့်နှင့်အညီ ဒင်္ဂါးငွေအရယောင်းခံရန်သိမ်းယူသည့်ပစ္စည်းနှင့်ပတ်သက်၍၊ သို့တည်းမဟုတ်

(၂) ဤအက်ဥပဒေအရ ဝါရမ်းကပ်ထားသည့် အခြား ပစ္စည်းနှင့်ပတ်သက်၍၊

တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းများကို တရားရုံးတွင်မစွဲဆိုရ။

(ခ) မည်သည့် တရားရုံးကမျှ၊ မှုခင်းများတွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အပိုဒ် (က) တွင် ရည်ညွှန်းသူမဟုတ်သည့်ပုဂ္ဂိုလ်က စွဲဆိုသောတရားမမှုတွင်၊ အပြီးသတ်ဒီကရီမှတပါး ဤအက်ဥပဒေအရ ပစ္စည်းဝါရမ်းကပ်သည့် တည်ဆဲအမိန့်ကို ပျက်ပြယ်စေသည့်၊ သို့တည်းမဟုတ် တနည်းနည်းဖြင့် ထိခိုက်သည့်ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကိုဖြစ်စေ၊ ဝါရမ်းကပ်မည့်အစား အာမခံပစ္စည်းကို လက်ရှိ ထားနိုင်သည့် ခရိုင်ဝန်၏ အခွင့်အရေးကို ပျက်ပြယ်စေသည့်၊ သို့တည်းမဟုတ် တနည်းနည်းဖြင့် ထိခိုက်သည့်ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကိုဖြစ်စေ မချမှတ်ရ။

၁၅။ ။နိုင်ငံတော် သမတသည်၊အစိုးရအမိန့်ပြန်တမ်းတွင်ထုတ်ပြန် ကြေညာ၍ ဇယားဝင်ပြစ်မှုများကိုပယ်ဖျက်ခြင်း၊ သို့မဟုတ်ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ၎င်းဇယားတွင်နောက်ထပ်ပြစ်မှုများထည့်သွင်းခြင်းပြုလုပ်နိုင်စေရမည်။

၁၆။ ။ဤအက်ဥပဒေနှင့်အညီသဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် အပြုအမူ တခုခုအတွက်၊ မည်သူ့အပေါ်တွင်မျှ၊ တရားမမှု၊ ရာဇဝတ်မှု၊သို့တည်းမဟုတ် အခြားအမှုအခင်းစွဲဆိုခြင်းမပြုရ။

<u>ပြစ်မှုများဇယား။</u>

ပုဒ်မ ၂ (၁)—

(က) ပြည်သူပိုင် ပစ္စည်းနှင့် ပတ်သက်၍၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၄၀၆၊ ၄၀၈၊ ၄၀၉၊ ၄၁၀၊ ၄၁၂၊ ၄၁၃၊ ၄၁၄၊ ၄၁၇၊ ၄၂၀ နှင့် ၄၂၆ အရ ပြစ်မှုများ။

(ခ) ၁၉၄၇ ခုနှစ်၊ ပြည်သူ့ ပစ္စည်းကာကွယ်ရေး (Public Property Protection Act, 1947) အက်ဥပဒေ ပုဒ်မ ၆ (၀) အရပြစ်မှုများ။

(ဂ) ၁၉၄၀ ခုနှစ်၊ အဝတီလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ ပုဒ်မ ၄ (၂) အရ ပြစ်မှုများ။

(ဃ) ၁၉၄၇ ခုနှစ်၊ နိုင်ငံခြား ငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ(Foreign Exchange Regulation Act, 1947) ပုဒ်မ ၂၄ အရ ပြစ်မှုများ။

(င) ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်စည်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ (Essential Supplies and Services Act, 1947) ပုဒ်မ ၀ အရ ပြစ်မှုများ။

(စ) ၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ [Control of Imports and Exports Temporary) Act, 1947] ပုဒ်မ ၅ အရပြစ်မှုများ။

G.U.B.C.P.O—No 142, Min, of J.A., 13-6-51—2,000—II

## THE STATE AID TO INDUSTRIES (AMENDMENT) ACT, 1951.

[ACT NO. XX OF 1951.]

It is hereby enacted as follows :—

1. In section 2 of the State Aid to Industries Act, hereinafter referred to as the said Act,—

(i) in clause (i), *for* the words " Board of Industries " the words " Board of State Aid to Industries " *shall be substituted* ; and
(ii) in clause (viii), the words " and Labour " *shall be deleted.*

2. In sub-section (*1*) of section 3 of the said Act,—

(i) *for* the words " Board of Industries " the words " Board of State Aid to Industries " *shall be substituted* ; and
(ii) *for* clauses (*c*), (*d*), (*e*), (*f*) and (*g*) the following clauses *shall be substituted*, namely :—

" (*c*) one member elected by the Union of Burma Chamber of Commerce and Industry,
(*d*) five members appointed by the President, of whom one will be a banking expert and another a representative of cottage and small-scale industries, and
(*e*) one member elected by the Federation of Trade Organization (Burma)."

3. In section 5 of the said Act, *for* the word " five " the word " four " *shall be substituted*.

G.U.B.C.P.O.—No. 147, M. of J.A., 13-6-51—2,000—II.
Price,—One anna.]

The Oilfield (Labour and Welfare) Act 1951
(Act No XXI of 1951)

# ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့်သက်သာချောင်ချိရေး) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### ပဏာမ။

အမည်၊ တည် ရာနယ် အဝန်းနှင့် အာဏာ တည်သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေဟူ၍ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝန်းလုံးနှင့်သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတက အခါနှင့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့၌ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

အဓိပ္ပါယ် ဖော်ပြချက်များ။

(က) ''ကလေး''ဆိုသည်မှာ အသက် ဆယ့်ငါးနှစ် မပြည့်သေးသူကို ဆိုလိုသည်။

(ခ) ''လူရွယ်''ဆိုသည်မှာ၊ အသက် ဆယ့်ငါးနှစ် ပြည့်ပြီးဖြစ်လျက်၊ အသက် ၁၈ နှစ်မပြည့်သေးသူကိုဆိုလိုသည်။

(ဂ) ''လူငယ်'' ဆိုသည်မှာ၊ ''ကလေး'' နှင့် ''လူရွယ်'' ကို ဆိုလိုသည်။

(ဃ) ''လူကြီး''ဆိုသည်မှာ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူကိုဆိုလိုသည်။

(င) ''နေ့'' သို့တည်းမဟုတ် ''ရက်'' ဆိုသည်မှာ၊ ညဥ့်သန်းခေါင်ချိန်မှစ၍ရေတွက်သော ၂၄ နာရီကာလအပိုင်းအခြားကိုဆိုလိုသည်။

(စ) ''ရက်သတ္တပတ်'' ဆိုသည်မှာ၊ စနေနေ့ ညဥ့်သန်းခေါင် ချိန်မှစ၍ ရေတွက်သော ခုနှစ်ရက်ကာလအပိုင်းအခြားကိုဆိုလိုသည်။

(ဆ) ''အား''ဆိုသည်မှာ၊ လျှပ်စစ်ဓါတ်အားကိုသော်၎င်း၊ လူ၊သို့တည်းမဟုတ် တိရစ္ဆာန်ကို အသုံးပြုခြင်းဖြင့် ဖြစ်ပွါးစေသည့် အားမဟုတ်ဘဲ၊ စက်ကိရိယာဖြင့်ဖြစ်ပွါးစေသည့်၊ သို့တည်းမဟုတ် ပေးပို့သည့် အခြားအားတမျိုးမျိုးကိုသော်၎င်း၊ ဆိုလိုသည်။

(ဇ) ''အားပေးစက်''ဆိုသည်မှာ၊အားဖြစ်ပွါးစေသော၊သို့တည်းမဟုတ် အခြား နည်းဖြင့် အားပေးသော အင်ဂျင်စက်၊ မော်တော်စက်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာကိုဆိုလိုသည်။

( ဈ ) '' အားပို့စက်ကိရိယာ '' ဆိုသည်မှာ၊ ဝင်ရိုး၊ဘီး၊ဒရမ် ( drum )၊ ပုလီ၊ ပူလီသေနှင့် ပူလီရှင် ( system of fast and loose pulleys )၊ ကပ္ပလင် ( coupling )၊ ကထတ် ( clutch ) သားရေပတ်ကြိုး ( belt )၊ သို့တည်း မဟုတ် အခြားကြိုးစည်ပြု လုပ်ထားသည့် ကိရိယာကိုဆိုလိုသည်။ အားပေးစက်မှ အားကို အခြား စက်ကိရိယာသို့ ပေးပို့သည့်၊ သို့တည်းမဟုတ် အခြား စက်ကိရိယာများကခံယူသည့် ကိရိယာကိုဆိုလိုသည်။

( ည ) ''ရေနံ အလုပ်သမား'' ဆိုသည်မှာ ကြေငြာထားသည့် ရေနံမြေ၌ ရေနံ၊ သို့တည်းမဟုတ် ရေနံ ဓါတ်ငွေ့ ထုတ်လုပ်မှုတွင်ဖြစ်စေ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံ ဓါတ်ငွေ့ ထုတ်လုပ်မှုအတွက်အသုံးပြု သည့်စက်ကိရိယာ၏၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ် အပိုင်းတခုခုကို စင်ကြယ်အောင် ပြုလုပ်ရာတွင်ဖြစ်စေ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံ ဓါတ်ငွေ့ ထုတ်လုပ်မှုနှင့် စပ်လျဉ်းသော၊ သို့တည်းမဟုတ် သက်ဆိုင်သော အခြားအလုပ်အကိုင်တခုခုတွင် ဖြစ်စေ၊ အခနှင့်သော်၎င်း၊ အခမဲ့သော်၎င်း၊ တိုက်ရိုက် ခိုင်းစေခံ ရသော၊ သို့တည်းမဟုတ် ကိုယ်စားလှယ်မှတဆင့် ခိုင်းစေခံရသော သူကိုဆိုလိုသည်။

သို့ရာတွင် စာရေးစာချီ အလုပ် သက်သက်လုပ်ကိုင်သူနှင့် အလုပ်ရုံများ အက်ဥပဒေတွင်၊ အဓိပ္ပါယ်ဖေါ်ပြလျက် အကျုံးဝင် သည့် အလုပ်သမားမျိုးကိုမဆိုလို။

( ဋ ) ''အသိအမှတ်ပြုသာမန် အလုပ်ပိတ်ရက်''ဆိုသည်မှာ၊အလုပ်သမား အားလုံးအတွက်ဖြစ်စေ၊ သီးခြားဖြစ်သော အလုပ်သမား အတန်း အစား၊ သို့တည်းမဟုတ် အမျိုးအစား အတွက်ဖြစ်စေ၊ ဆိုင်ရာ အ လုပ်ရှင်များနှင့် အလုပ်သမားတို့ ထုံးစံအားဖြင့်သော်၎င်း၊ သဘော တူစာချုပ်ချုပ်ဆိုခြင်းဖြင့်သော်၎င်း၊ သာမန်အလုပ်ပိတ်ရက်ဖြစ်သည် ဟုသဘောတူသည့် (တနင်္ဂနွေနေ့မှကပါး အခြား) နေ့ တနေ့နေ့ကို ဆိုလိုသည်။

( ဌ ) တနေ့တည်းတွင် တမျိုးတည်းသော အလုပ်ကို အလုပ်သမား စုနှစ်စုဖြစ်စေ၊ နှစ်စုထက်ပို၍ဖြစ်စေ၊ ကာလ ခွဲခြား၍ လုပ်ကိုင်လျှင်၊ ယင်းသို့သော အလုပ်သမားစု အသီးသီးကို ''အလှည့်ကျလူစု'' ဟု ခေါ်သည်။ထို့ပြင်ထိုအလှည့်ကျလူစုလုပ်ကိုင်သည့် ကာလအပိုင်းအ ခြားကို၊ သို့တည်းမဟုတ် ကာလအပိုင်းအခြားများကို ''အလှည့်'' ဟုခေါ်သည်။

( ဍ ) '' ပြဋ္ဌာန်းသည့် ''ဆိုသည်မှာ၊ ဤအက်ဥပဒေအရနိုင်ငံတော်သမ္မတ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

( ဎ ) ''ကြေငြာ ထားသည့် ရေနံမြေ''ဆိုသည်မှာ၊ ရေနံမြေအက်ဥပဒေ ပုဒ်မ ၃ အရ၊ ကြေငြာ ထားသည့်ရေနံမြေဖြစ်ကြောင်း သတ်မှတ် ထားသောဒေသကိုဆိုလိုသည်။

(ဏ) ''ရေနံ'' ဆိုသည်မှာ၊ သဘာဝရေနံကိုဆိုလိုသည်။ ထိုစကားရပ်တွင် ရေနံစိမ်းအကြွင်းမဲ့ဖြစ်စေ၊ အချို့အဝက်ဖြစ်စေ၊ ချေးချွတ်ပြီးရေနံနှင့်ဖြစ်စေ၊ ချေးချွတ်ပြီးရေနံနှင့်ရေနံမှထွက်သော မည်သည့် အရည်၊ သို့တည်းမဟုတ် အခဲမဆိုပါဝင်သည်။

(တ) ''အလုပ်ရှင်''ဆိုသည်မှာ၊ ရေနံတူးဖော်ရန်မြေငှါး၊သို့တည်းမဟုတ် ရှာဖွေခွင့်လိုင်စင်၊သို့တည်းမဟုတ်တူးဖော်ရန်ဂရံကိုဖြစ်စေ၊ထိုမြေငှါး၊ သို့တည်းမဟုတ် လိုင်စင်၊ သို့တည်းမဟုတ် ဂရံမှဆင်းသက်သည့် တဆင့်အငှါးတခုခုကိုဖြစ်စေ၊ ထိုမြေငှါး၊ သို့တည်းမဟုတ် ရှာဖွေခွင့် လိုင်စင်၊ သို့တည်းမဟုတ် ဂရံ၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်ခွင့် တခုခုကိုဖြစ်စေ၊ လက်ရှိဖြစ်သူ မည်သူကိုမဆို ဆိုလိုသည့်အပြင်၊ ထိုရေနံ၊ သို့တည်းမဟုတ် ရေနံခါတ်ငွေ့ရယူသည့်အလုပ် ကိုကြီးကြပ်လုပ်ကိုင်သူ မည်သူ့ကိုမဆို ဆိုလိုသည်။

သို့ရာတွင် အလုပ်ရှင်၏လုပ်ငန်းဆောင်တာများကို ပုဒ်မ ၇၀ အရ၊ခန့်ထားသည့် ကြီးကြပ်လုပ်ကိုင်သောကိုယ်စားလှယ်အား၊ သို့တည်းမဟုတ် အခြားသူအားလွှဲအပ်လျက်၊ ယင်းသို့ခန့်ထားသည်ကို အင်စပက်တော်အား ကြိုတင် အကြောင်းကြားသားပြီးဖြစ်လျှင်၊ ထိုကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် အခြားသူသည် အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ထ) ''ရေနံဝန်နှင့်လက်ထောက်ရေနံဝန်'' ဆိုသည်မှာ၊ ရေနံမြေအက်ဥပဒေပုဒ်မ ၄ အရ၊ ခန့်အပ်ထားသည့် ရေနံဝန်နှင့်လက်ထောက်ရေနံဝန်များကိုဆိုလိုသည်။

အချိန်နာရီ ရည်ညွှန်းချက်များ။

၃။ ။ဤအက်ဥပဒေ၌ အချိန်နာရီကိုရည်ညွှန်းလျှင်၊ပြန်မာနိုင်ငံတော် စံတော်ချိန်ကိုရည်ညွှန်းသည်။

## အခန်း ၂။

## ကြည့်ရှုစစ်ဆေးသည့်ရာထမ်းမှုထမ်းအဖွဲ့။

၄။ ။(၁) နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊ မိမိသင့်တော်သည် ထင်မြင်သူကို၊ထိုသူအတွက် မိမိသင့်တော်သည်ထင်မြင်သည့် နယ်နိမိတ်သတ်မှတ်၍ ဤအက်ဥပဒေအလို့ငှါအင်စပက်တော်အဖြစ်ခန့်ထားနိုင်သည်။

(၂) နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ မိမိသင့်တော်သည်ထင်မြင်သူကိုအင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည်၊ဤအက်ဥပဒေအရအင်စပက်တော်ချုပ်အားအပ်နှင်းသည့် အာဏာများအပြင်အင်စပက်တော်၏အာဏာများကိုလည်းသုံးစွဲဆောင်ရွက်ရမည်။

(၃) အင်စပက်တော်သည် ဤအက်ဥပဒေပါ ကိစ္စများလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည် ထင်မြင်သည့်အတိုင်း၊ အဆောက်အအုံကိုကြည့်ရှု စစ်ဆေးခြင်း၊ ပြဋ္ဌာန်းထားသည့်မှတ်ပုံတင်စာအုပ်များနှင့်တကွ ကြော်ငြာထားသည့်ရေနံမြေနှင့်သက်

ဆိုင်သောအခြားစာချုပ်စာတမ်းများကို ထုတ်ပြစေခြင်း ပြုနိုင်သည့်အပြင်၊ ထိုနေရာတွင်ပင်ဖြစ်စေ၊ အခြားတနည်းနည်းနှင့်ဖြစ်စေ (လိုအပ်သည် ထင်မြင်သည့်) မည်သူ့သက်သေခံချက်ကိုမဆို ရေးမှတ်ယူနိုင်သည်။ ထို့ပြင် အင်စပက်တော်သည် ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းသည့်အခြားအာဏာများကိုလည်းသုံးစွဲနိုင်သည်။

သို့ရာတွင် ရာဇဝတ်ပြစ်ဒဏ် မိမိအားထိုက်သင့်စေနိုင်သည့်အဖြေကိုပေးရမည်ဟူ၍သော်၎င်း၊ ရာဇဝတ်ပြစ်ဒဏ် မိမိအားထိုက်သင့်စေ နိုင်သည့်သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍သော်၎င်း၊ မည်သူ့ကိုမျှ ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့်မရှိစေရ။

(၄) ကြော်ငြာထားသည့်ရေနံမြေတွင်ဖြစ်စေ၊ ထိုကြော်ငြာထားသည့်ရေနံမြေအတွင်း လုပ်ကိုင်သည့် ရေနံထုတ်လုပ်ငန်းတွင်ဖြစ်စေ၊ ထိုလုပ်ငန်းနှင့် သက်ဆိုင်သည့် မှတ်ပုံတင် မူပိုင်ခွင့်လက်မှတ်၊ သို့တည်းမဟုတ် စက်ကိရိယာတွင် ဖြစ်စေ၊ အခြားစီးပွါးရေးလုပ်ငန်းတခုခုတွင်ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အကျိုးသက်ဆိုင်သူ၊ သို့တည်းမဟုတ်အကျိုးသက်ဆိုင်လာသူမည်သူကိုမျှ၊ ဤအက်ဥပဒေအာဏာတည်ပြီးနောက်၊ အင်စပက်တော်ချုပ် ဖြစ်စေ၊ အင်စပက်တော်ဖြစ်စေ မခန့်ရ။ ခန့်ပြီးလျှင်လည်း၊ ထိုရာထူးလက်ရှိနှင့်ဆက်လက်၍မနေစေရ။

တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်များ။

၅။ ။(၁) နိုင်ငံတော်သမတသည်၊ မိမိသင့်မည်ထင်မြင်သည့် မှတ်ပုံဝင်ဆရာဝန်တို့ကို ထိုသူတို့အသီးသီးအတွက် နယ်နိမိတ်အသီးသီး သတ်မှတ်၍သော်၎င်း၊ ကြော်ငြာထားသည့်ရေနံမြေကို သတ်မှတ်၍သော်၎င်း၊ ဤအက်ဥပဒေကိစ္စများအလို့ငှါ တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်များအဖြစ် ခန့်ထားနိုင်သည်။

(၂) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် မှတ်ပုံဝင်ဆရာဝန်တဦးတယောက်ကို မိမိသတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ နိုင်ငံတော်သမတကသင့်သည့်ထင်မြင်သည့်အတိုင်းသတ်မှတ်သည့် စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ မိမိ၏အာဏာများကို သုံးစွဲခွင့်ပြုနိုင်သည်။

ထို့ပြင် ဤအက်ဥပဒေတွင်တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်ကို ရည်ညွှန်းသည့်အခါဝိုင်း၊ ယင်းကဲ့သို့ အာဏာအပ်နှင်းထားသည့်မှတ်ပုံဝင်ဆရာဝန်ကိုလည်း ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

(၃) ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာအလုပ်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် အလုပ်ရှင်ဖြစ်လာသူကိုသော်၎င်း၊ ထိုကြော်ငြာထားသည့် ရေနံမြေတွင်ဖြစ်စေ၊ ထိုကြော်ငြာထားသည့် ရေနံမြေအတွင်း ကုန်ထုတ် လုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းတွင်ဖြစ်စေ၊ ထိုလုပ်ငန်းနှင့်သက်ဆိုင်သည့် မှတ်ပုံတင်မူပိုင်ခွင့်လက်မှတ်၊ သို့တည်းမဟုတ် စက်ကိရိယာ ကိုဖြစ်စေ၊ တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ အကျိုးသက်ဆိုင်သူကိုသော်၎င်း၊ ထိုကြော်ငြာထားသည့် ရေနံမြေတွင် အခြားနည်းဖြင့်ခိုင်းစေထားသူကိုသော်၎င်း၊ တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်အဖြစ် မခန့်ထားရ။ သို့တည်းမဟုတ် တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်၏ အာဏာများ သုံးစွဲခွင့်မပြုရ။ ခန့်ထားပြီးဖြစ်လျှင်လည်း၊ တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်၏ အာဏာများကို ဆက်လက်သုံးစွဲခွင့်မပြုရ။

(၄) တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသည့်တာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်—

(က) ဤအက်ဥပဒေအရ လူငယ်များကို စစ်ဆေးခြင်းနှင့်တာဝန်ခံ လက်မှတ်ပေးခြင်း။

(ခ) ကြော်ငြာထားသည့် ရေနံမြေတွင် ပြဋ္ဌာန်းသည့် ဘေးအန္တရာယ် ဖြစ်စေနိုင်သော အလုပ်၊ သို့တည်းမဟုတ်လုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသူများကို စစ်ဆေးခြင်း။

(ဂ) ကြော်ငြာထားသည့်ရေနံမြေတခုခုတွင်—

(၁) လုပ်ရသည့် လုပ်ငန်းကြောင့် ဖြစ်စေ၊ အလုပ်ခွင် အခြေအနေကြောင့်ဖြစ်စေ၊ ဖြစ်ပွါးသည်ဟုယုံကြည်ရသောရောဂါဖြစ်ပေါ်ခဲ့သော်၊

(၂) လုပ်ငန်း၊ သို့တည်းမဟုတ် ထိုလုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းပြောင်းလဲမှုကြောင့် ဖြစ်စေ၊ လုပ်ငန်းသစ်၊ သို့တည်းမဟုတ် လုပ်ငန်းအတွက်ပစ္စည်းသစ်ကို အသုံးပြုမှုကြောင့်ဖြစ်စေ၊ ထိုလုပ်ငန်းတွင်လုပ်ရသည့် ရေနံ အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိခဲ့သော်၊

(၃) လူငယ်များ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိသည့် အလုပ်တွင် လူငယ်များကို ခိုင်းစေသော်၊ သို့တည်းမဟုတ် ခိုင်းစေရန်အကြောင်းရှိသော်၊

ပြဋ္ဌာန်းသည့် အပိုင်း ကျန်းမာရေးနှင့် ညီညွတ်စေရန် ကြပ်မတ်ကြည့်ရှုခြင်း။

ရှင်းလင်းချက်။ ဤပုဒ်မတွင် "မှတ်ပုံ ဝင်ဆရာဝန်" ဆိုသည်မှာ၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံတင်စာအုပ်ထားရန် ပြဋ္ဌာန်းသည့် တည်ဆဲဥပဒေတရပ်ရပ်အရဖြစ်စေ၊ မှတ်ပုံတင်ထားသူ မည်သူကိုမဆို ဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင် ထိုကဲ့သို့သော မှတ်ပုံတင် စာအုပ်မျိုးမထားသည့်အရပ်ဒေသတခုခုအတွင်း ဤပုဒ်မအလို့ငှါ မှတ်ပုံ ဝင်ဆရာဝန်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်ပြဋ္ဌာန်းသူလည်းပါဝင်သည်။

## အခန်း ၃။

### ကျန်းမာရေး။

၆။ သောက်ရေ။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင် သင့်တော်၍အသွားအလာ လွယ်ကူသော နေရာများ၌ အလုပ်သမား အားလုံးအတွက် သန့်ရှင်းစင်ကြယ်သောသောက်ရေကို လုံလောက်စွာထားရှိရန် ထိရောက်စွာစီမံဆောင်ရွက်ပေးရမည်။

(၂) ရေထားပေးသော နေရာအားလုံးကို ဗြဲသသောစာလုံးများဖြင့် "သောက်ရေ" ဟု ရေးမှတ်ထားရမည့်အပြင်၊ ထိုနေရာများကို အဝတ်လျှော်ဖွပ်ရာအရပ်၊ အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာမှ ၈၀ နှစ်ဆယ်အတွင်းမထားရှိစေရ။

(၃) သောက်ရေ ပေးရာ၌ ပြည်သူ့ ကျန်းမာရေး အာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကိုငှင်း၊ ကြော်ငြာထားသည့် ရေနံမြေ၊ သို့တည်းမဟုတ် ကြော်ငြာထားသည့် ရေနံမြေ တစိတ်တဒေသကို သန့်ရှင်းစင်ကြယ်သော သောက်ရေ ပေးရန် အခြားလိုအပ်သည့် အချက်များကိုငှင်း နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည်။

၇။ ။(၁) ကြော်ငြာထားသည့်ရေနံမြေအသီးသီးတွင်—

အိမ်သာများနှင့်ကျင်ငယ် စွန့်ရန် နေရာများ။

(က) အလုပ်သမားများ အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်သည့်နေရာများ၌ အိမ်သာများ နှင့် ကျင်ငယ်စွန့်ရန် နေရာများကို သတ်မှတ်သော ပုံစံအတိုင်း လုံလောက်စွာ ထားရှိရမည်။

(ခ) မိန်းမ ရေနံအလုပ်သမားများအတွက် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို ယောကျ်ား ရေနံအလုပ်သမားများအတွက်ထားရှိသောအိမ်သာများနှင့်ကျင်ငယ်စွန့်ရန် နေရာများမှ သီးခြားစီမံထားပေးရမည်။

(ဂ) ထိုအိမ်သာများ၏အဝင်ဝတွင်ယောကျ်ားသွားရန်၊သို့တည်း မဟုတ် မိန်းမသွားရန်ဟုသက်ဆိုင်ရာစာတမ်းကိုဖြစ်စေ၊ အမှတ် အသားကိုဖြစ်စေ၊ ထင်ရှားအောင် ကပ်ထားရမည်။

(ဃ) အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို အလင်းရောင်နှင့်လေလုံလောက်စွာရရှိရန်စီမံထားရှိရမည်။ မည်သည့် အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာကိုမျှ ကြားနေရာလပ် သို့တည်းမဟုတ် လေဝင် လေထွက်နိုင်သောလမ်းမရှိဘဲ အလုပ်ခန်းနှင့် ဆက်သွယ်၍မထားရ။

(င) အိမ်သာနှင့် ကျင်ငယ်စွန့်ရန်နေရာများကို မည်သည့်အချိန်၌မဆို သန့်ရှင်းစင်ကြယ်၍၊ ကျန်းမာရေးနှင့်ညီညွတ်သောအခြေအနေတွင်ထားရှိရမည်။

(စ) တံမြက်လှည်းသူများထားရှိရမည်။ ထိုတံမြက်လှည်းသူများ၏ အဓိကအလုပ်ဝတ်တရားမှာ၊ အိမ်သာများ၊ ကျင်ငယ် စွန့်ရန် နေရာများနှင့်လျှော်ဖွပ်ရန် နေရာများကို သန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ရန်ပင်ဖြစ်သည်။

(၂) အင်စပက်တော်သည်၊ ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင် သာမန်ခိုင်းစေထားသော ယောကျ်ား ရေနံအလုပ်သမားနှင့် မိန်းမရေနံအလုပ်သမားတို့၏ အရေအတွက် အချိုးအစားကိုလိုက်၍အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာအရေအတွက်ကိုသတ်မှတ်နိုင်သည့်ပြင်၊ ယိုရေနံမြေအတွင်း ခိုင်းစေထားသော ရေနံအလုပ်သမားတို့၏ကျန်းမာရေးအတွက်လိုအပ်မည်ဟု မိမိယူဆသော သန့်ရှင်းစင်ကြယ်ရေးနှင့် စပ်လျဉ်း၍ရေနံအလုပ်သမားတို့၏တာဝန်ဝတ်တရားနှင့်တကွ၊ အခြားကိစ္စများအတွက် ညွှန်ကြားစီမံပေးနိုင်ခွင့်ရှိသည်။

## အခန်း ၄။

### ဘေးရန်ကင်းရှင်းမှု။

စက်ကိရိယာများကို ကာရံထားခြင်း။

၇။ ။(၁) ကြော်ငြာထားသည့်ရေနံမြေအသီးသီးတွင် အောက်ပါ စက်ကိရိယာများကို ထိုစက်ကိရိယာများ လည်နေစဉ်၊ သို့တည်းမဟုတ် ထိုစက်ကိရိယာ များကို အသုံးပြုနေစဉ် အခိုင်အခံ့ ဆောက်လုပ် ထားသည့် အကာအရံများဖြင့် လုံခြုံစွာကာရံထားရမည့်ပြင်၊ ထိုအကာအရံများကို အစဉ်အမြဲပြုပြင်၍နေရာတကျထားရှိရမည်။

(က) အားပေးစက်များ—

(၁) အားပေးစက်၏ လှုပ်ရှားနေသော အစိတ်အပိုင်းနှင့် အားပေးစက်နှင့် တိုက်ရိုက် ဆက်သွယ်ထားသော အားပေးစက်ဘီး (ထိုအားပေးစက်သည်၊ သို့တည်းမဟုတ် အားပေးစက်ဘီးသည်၊ စက်ခန်းအတွင်း၌ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ)။

(၂) ရေအားဘီး (water-wheel) နှင့် ရေရဟတ် (waterturbine) ၏ ရှေ့စွန်းနှင့်နောက်မြီးစွန်းများ။

(၃) လျှပ်စစ် ဂျင်နရေတာ (electric generator) ၏ အစိတ်အပိုင်း၊မော်တော်စက်၏ အစိတ်အပိုင်းအား ပြောင်းလဲစက် (rotary converter) ၏ အစိတ် အပိုင်း အသီးသီး (အကယ်၍ ထိုအစိတ်အပိုင်းသည် လည်နေပုံကြောင့် သော်၎င်း၊ တည်ထားပုံကြောင့် သော်၎င်း၊ ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊ အနီးတွင် ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန် ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(ခ) အားပို့စက်ကိရိယာများ—

အားပို့စက်ကိရိယာများ၏ အစိတ်အပိုင်းအသီးသီး (အကယ်၍ဘိအစိတ်အပိုင်း အသီးသီးတည်နေပုံကြောင့်သော်၎င်း၊တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်း ရှိဘိသကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊အနီးအနားတွင်ဖြစ်စေခိုင်းစေခံရသူ၊သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်၊ကာရံထားရှိရန်မလို)။

(ဂ) အခြားစက်ကိရိယာများ—

(၁) အခြားစက်ကိရိယာများ၏ ဘေးအန္တရာယ် ဖြစ်စေတတ်သော အစိတ်အပိုင်း အသီးသီး (အကယ်၍

ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့် သော်၎င်း၊ တည်ထားပုံကြောင့် သော်၎င်း၊ ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့အဆောက်အအုံတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအားဘေးရန်ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(၂) တွင်ခုံ၏ခေါင်းပိုင်းမှ အစွန်းထွက်နေသော ပစ္စည်း၏ အစိတ်အပိုင်း။

သို့ရာတွင် အထက်ဆိုခဲ့သည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) နှင့် (ဂ) ပါ ကိစ္စများအလို့ငှါ၊ အကယ်၍ စက်ကိရိယာအစိတ်အပိုင်း တခုသည် တည်နေပုံကြောင့် သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင် နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေသည် မကင်းရှင်းစေသည် ဆုံးဖြတ်ရာ၌၊ ထိုစက်ကိရိယာအစိတ်အပိုင်းလည်နေစဉ်သာ၊ စစ်ဆေးရန်လိုသည့် စက်ကိရိယာစစ်ဆေးမှုကိုပြုလုပ်နေသူကိုဖြစ်စေ၊ စက်ကိရိယာအစိတ်အပိုင်း လည်နေစဉ်သာ၊ စစ်ဆေးရာ၌လိုအပ်သည့်ထင်မြင်သော၊ သားရေကြိုးတပ်ဆင်ခြင်း၊ စက်ဆီလည့်ခြင်း၊ သို့တည်းမဟုတ် အခြားစက်ကိရိယာနေရာတကျရှိအောင် ပြင်ဆင်မှုပြုလုပ်နေသူကို ဖြစ်စေ၊ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

ထို့ပြင်—

(၁) စက်ကိရိယာများကို ကာရံထားရမည့် အခြားတာဝန်များအပြင် အထိန်းဝက်အူ၊ လည်သည့်ဝင်ရိုးဘီး၏သော့ချက်၊ ဝင်ရိုး၊ ဘီး၊ သို့တည်းမဟုတ် ပင်နယံ၊ သံဆူးတက်အားလုံး၊ ဝက်အူရစ်တံ အားလုံးနှင့် အသွားတပ်ထားသည့်၊ သို့တည်းမဟုတ် ပွတ်၍လည်သည့် အခြားကိရိယာအားလုံးကို ကာရံထားခြင်းမရှိလျှင်၊ ဤပုဒ်မခွဲနှင့်သက်ဆိုင်သော အလုပ်ကိုလုပ်နေသူအား ထိခိုက်ဘွယ်အကြောင်းရှိမည်ဖြစ်၍၊ ၎င်းစက်ကိရိယာများကို လုံခြုံစွာကာရံထားရမည်၊

(၂) တသားတည်းဖြစ်အောင် ဆက်ထားသော၊ သားရေပတ်ကြိုးမှလွဲ၍အခြား သားရေပတ်ကြိုးများကို၊ လည်နေသောပူလီပေါ်တင်ခြင်း၊ သို့တည်းမဟုတ် ချခြင်းအလို့ငှါ ကိုင်တွယ်ခြင်းမပြုစေရ၊ ထို့ပြင်

(၃) သားရေပတ်ကြိုးတင်ခြင်း၊ ချခြင်းစသောအလုပ်လုပ်သူသည်ထိုအလုပ်အတွက် အထူး သင်ကြားထားသော ယောကျ်ားလူကြီးရေနံအလုပ်သမားဖြစ်ရမည့်အပြင်၊ ထိုသူ့ကိုပြဋ္ဌာန်းထားသည့် ရေနံအလုပ်သမားမှတ်ပုံတင်စာအုပ်တွင် ထိုအလုပ်လုပ်သူအဖြစ် အမည်ရေးသွင်းထားရမည်။ ထို့ပြင် ထိုအလုပ်ကို လုပ်နေစဉ်၊ ထိုသူအား ကိုယ်ကြပ်အဝတ်ကိုဝတ်ဆင်စေရမည်။

(၂) နိုင်ငံတော် သမ္မတသည်၊ စက်ကိရိယာ တခုခုအတွက်၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်း တခုခုအတွက်၊ မိမိလိုအပ်သည်ထင်မြင်လျှင်၊ နောက်ထပ်ကာကွယ်ရေးစီမံချက်များကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။ သို့တည်းမဟုတ် စက်ကိရိယာတခုခုကိုဖြစ်စေ၊ စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ အလုပ်သမားတို့ ဘေးရန်ကင်းရှင်းရန်အတွက် လိုအပ်သည်ဟု မိမိထင်မြင်သော စည်းကမ်းချက်ထား၍၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) နှင့် (ဂ) ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ နည်းဥပဒေများဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။

အားဖြတ်တောက်ရန် ကိရိယာများ။

၉။ ။ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင်—

(က) အားပို့စက် ကိရိယာ၏ အစိတ်အပိုင်းဖြစ်သော ပူလီရှင်မှ ပူလီသေသို့၎င်း၊ ပူလီသေမှ ပူလီရှင်သို့၎င်း၊ သားရေပတ်ကြိုးများရွှေ့ပြောင်းရန်သင့်တော်သောကိရိယာ၊ သို့တည်းမဟုတ် အခြားထိရောက်စွာစီမံထားသော ကိရိယာကို အသုံးပြုရမည်။ ထို့ပြင်ဆိုခဲ့သည့်ကိရိယာများကို ပူလီသေပေါ်သို့သားရေကြိုးပြန်၍ မရွှေ့စေရန် တနည်းနည်းအားဖြင့်စီမံထားရှိရမည်။

(ခ) သားရေပတ်ကြိုးများကို အသုံးမပြုသောအခါ လည်နေသော ဝင်ရိုးပေါ်တွင် တင်မထားရ၊ သို့တည်းမဟုတ် မကျရောက်စေရ။

စက်ကိရိယာများ အနီးတွင် လုပ်ရသော အလုပ်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ။

၁၀။ ။(၁) မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည့် ကလေးကိုမျှ စက်ကိရိယာအစိတ်အပိုင်းလည်နေစဉ်၊ ထိုအစိတ်အပိုင်းကို တိုက်ချွတ်ရန်၊စက်ဆီထည့်ရန်၊ သို့တည်းမဟုတ် နေရာတကျရှိအောင်ပြင်ဆင်ရန်သော်၎င်း၊လည်နေသည့်စက်ကိရိယာ၏ လည်နေသော အစိတ်အပိုင်းစပ်ကြားတွင်၊ သို့တည်းမဟုတ် ပုံသေတပ်ထားသည့် အစိတ်အပိုင်းနှင့်လည်နေသောအစိတ်အပိုင်းစပ်ကြားတွင်၊ အလုပ်လုပ်ရန်သော်၎င်း ခွင့်မပြုရ။

(၂) ကြော်ငြာထားသည့် ရေနံမြေများတွင်ဖြစ်စေ၊ ထိုရေနံမြေတစိတ်တဒေသတွင်ဖြစ်စေ၊ သီးခြားဖေါ်ပြထားသည့် စက်ကိရိယာအစိတ်အပိုင်းများလည်နေစဉ်၊ ထိုအစိတ်အပိုင်းများကို မည်သူမျှ တိုက်ချွတ်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ခြင်းမပြုရဟု နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်တားမြစ်နိုင်သည်။

ပင့်စက် (lift)၊မြှောက်စက် (hoist)၊ကရိန်း စက် (crane) နှင့် အခြားပင့်စက်များ။

၁၁။ ။(၁) ကြော်ငြာထားသည့် ရေနံမြေအတွင်းရှိ မြှောက်စက် (hoist)၊ ပင့်စက် (lift) ကရိန်းစက် (crane) နှင့် အခြား ပင့်စက်အားလုံးနှင့်စပ်လျဉ်း၍ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပုံသေ တပ်ထားသည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းနိုင်သည့်၊ ခုတ်မောင်း ကိရိယာ (working gear) ကြိုးများနှင့် ကွင်းဆက်သံကြိုးများ၊ ဆွဲထိန်းသည့်ကိရိယာ

(anchoring and fixing appliances) အမျိုးမျိုးပါ ဝင်သည့် ပင့်စက်အစိတ်အပိုင်းကို—

(၁) တောင့်တင်း ခိုင်ခံ့သောပစ္စည်းဖြင့် ကောင်းမွန်စွာ ဆောက်လုပ်ထားရမည်။

(၂) နေရာတကျလည်းပြုပြင်ထားရှိရမည်။ ထို့ပြင် စစ်ဆေး ပိုင်ခွင့်ရှိသူက ဆယ့်နှစ်လလျှင် အနည်းဆုံး တကြိမ် ဂျစေ့စေ့ငငသေချာစွာစစ်ဆေးရမည်။ ထိုသို့စစ်ဆေး ခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော အကြောင်း အရာများ ရေးမှတ်ထားသည့် မှတ်ပုံတင်စာအုပ်ထား ရှိရမည်။

(ခ) ဘေးရန်ကင်းရှင်းစွာ သယ်ယူနိုင်သည့် ဝန်ချိန်ထက်ပို၍ သယ် ယူရန်ထိုစက်ကိရိယာများကို အသုံးမပြုရ၊ ထိုစက် ကိရိယာပေါ်တွင် သယ်ယူနိုင်သည့်ဝန်ချိန်ကို ထင် ရှားစွာရေးသားထားရမည်။

(ဂ) ကရိန်းစက် (crane) သွားလာရာဘီးလမ်းပေါ်၌ဖြစ်စေ၊ ဘီးလမ်းအနီး၌ဖြစ်စေ၊ခိုင်းစေခံရသူကိုသော်၎င်း၊အလုပ် လုပ်နေသူကိုသော်၎င်း၊ မည်သည့်နေရာတွင်မဆို၊ ကရိန်း စက် (crane) နှင့်ထိခိုက်ဘွယ်ရာ အကြောင်းရှိလျှင်၊ ထိုနေရာမှပေနှစ်ဆယ်အတွင်းသို့ ကရိန်းစက် (crane) မရောက်နိုင်ရန် ကျနစွာစီမံထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ပင့် စက်တခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပင့်စက်အမျိုးအစားတခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ—

(က) ဤပုဒ်မရှိ လိုအပ်ချက်များကိုဖြည့်စွက်ရန် နောက်ထပ်လိုအပ် ချက်များကိုပြဋ္ဌာန်းသည့်၊

(ခ) ဤပုဒ်မပါ လိုအပ်ချက်အားလုံး၊ သို့တည်းမဟုတ် လိုအပ် ချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ရန် မလိုဟု သော်၎င်း၊ မဖြစ်နိုင်ဟုသော်၎င်း ထင်မြင်သဘောရှိ လျှင်၊ယင်းသို့ လိုက်နာဆောင်ရွက်ရခြင်းမှကင်းလွတ်ခွင့် ပြုသည့်

နည်းဥပဒေများကိုပြုလုပ်နိုင်သည်။

လည်သောစက်ကိရိယာ။

၁၂။ ။(၁) ကြော်ငြာထားသည့်ရေနံမြေအတွင်း၌ကျောက်ပြင် ကြိတ်ခြင်း၊ သို့တည်းမဟုတ် ပွတ်တိုက်ခြင်းစသော လုပ်ငန်းကိုလုပ် ကိုင်သည့် နေရာတိုင်းတွင်အသုံးပြုသည့်ကြိတ်စက်၏ ဘေး ရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သောအရှိန် (Peripheral speed) ကို၎င်း၊ ထိုစက် ၏ဝင်ရိုးအရှိန်ကို၎င်း၊ ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သော အရှိန်ထက်ပို၍ မလည်စေရန်လိုအပ်သည့် ပူလီ၏အချင်းကို၎င်း၊ ဖေါ်ပြသည့်နို့တစ်စာကို၊ အသုံးပြု နေသော စက်အသီးသီး၌အမြဲကပ်ထားရမည်၊ သို့တည်းမဟုတ် စက်အသီးသီးနား တွင်အမြဲထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ ကပ်ထားသည့် နို့တစ်စာများတွင် ဖေါ်ပြထားသော အရှိန်ထက်ပို၍ကျောက်စက်ကိုမလည်စေရ။

(၃) ကြော်ငြာထားသည့် ရေနံမြေတွင် စက်အားဖြင့်လည်သည့် ခွက် (vessel)၊ ချိုင့် (cage)၊ ချင်းတောင်း (basket)၊ အားပေးစက်ဘီး၊ ပူလီ၊ အပြားဝိုင်း (disc)၊ သို့တည်းမဟုတ် အလားတူကိရိယာ အသီးသီး၏အရှိန်သည်၊ ဘေးရန်ကင်းရှင်းစွာလည်နိုင်သော အရှိန်ထက်ပို၍မလည်ရအောင်တားဆီးနိုင်သည့်စီမံချက်များ ပြုလုပ်ထားရမည်။

**ဖိအားစက် (Pressure plant)။**

၁၃။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် အသုံးပြုသည့် စက်ကိရိယာ၏ အစိတ်အပိုင်း၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်၊ သဘာဝလေဖိအားထက်သာလွန်သောဖိအားကိုအသုံးပြုလျှင်၊ ထိုအစိတ်အပိုင်းအသုံးပြုနေသောဖိအားကို၊ ဘေးရန်ကင်းရှင်းစွာအသုံးပြုနိုင်သည့် ဖိအားထက်မပိုရအောင်ကျနစွာစီမံထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် စက်၊ သို့တည်းမဟုတ် စက်ကိရိယာတခုခုကိုစစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းထားသော နည်းဥပဒေများကိုင်း၊ ကြော်ငြာထားသည့် ရေနံမြေအတွင်းတွင်ထိုစက်၊ သို့တည်းမဟုတ် စက်ကိရိယာနှင့်စပ်လျဉ်း၍ ဘေးရန်ကင်းရှင်းအောင် ပြုလုပ်ရန်လိုအပ်သည်ဟု မိမိယင်မြင်သည့်အခြားစီမံချက်များကိုပြဋ္ဌာန်းသောနည်းဥပဒေများကိုင်း၊ ပြုလုပ်နိုင်သည်။

**တွင်း(sump)၊လှောင်တွင်း (pit)၊ ကြမ်းပေါက်စသည်များ။**

၁၄။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင်ပုံသေတပ်ဆင်ထားသော ခွက် (vessel)၊ လှောင်တွင်း (sump)၊ လှောင်ကန် (tank)၊တွင်း(pit)၊ ကြမ်းပေါက်၊သို့တည်းမဟုတ် တွင်းပေါက် အသီးသီး၏ စောက်အနက် အနေအထား၊ တည်ကားပုံ၊သို့တည်းမဟုတ် ထည့်သွင်းထားသည့် အရာ များကို ထောက်ချင့်ခြင်းအားဖြင့် ဘေးအန္တရာယ် ဖြစ်ဘွယ်ရာအကြောင်းရှိလျှင်၊ ထိုခွက်၊ ကန်၊ တွင်း၊ အပေါက် စသည်များကို လုံခြုံစွာဖုံးအုပ်ထားရမည်၊ သို့တည်းမဟုတ် ခိုင်ခံ့စွာ ကာရံထားရမည်။

သို့ရာတွင် ရေနံတူးဖေါ်ထုတ်ယူရာ၌မောင်းစက်ကြမ်းပြင် (derrick floor) တွင် အောက်ခန်းနှင့် တည့်တည့်အပေါက်တခုထားမှ အလုပ်လုပ်နိုင်မည်ဖြစ်လျှင်၊ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် ထိုလုပ်ငန်းနှင့်မသက်ဆိုင်စေရ။

(၂) ပြွန်ဆက် (casing joint)၊ သို့တည်းမဟုတ် ကြိုးကိရိယာအဆက် (cable tool joint) ကိုပြင်၍တပ်ဆင်နေစဉ် အလုပ်သမားများအောက်ခန်းတွင်းထဲသို့ လိမ့်ကျခြင်းမရှိနိုင်အောင် အခန်းအထက်ရှိအပေါက်ကို အလုပ်ရှင်ကထိုကိရိယာ၏ ပတ်လည်တွင် ကာရံဖုံးပိတ်ထားရမည်။

**အလွန်အမင်းလေးလံသောဝန်ချိန်များ။**

၁၅။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင် မည်သည့်မိန်းမ၊ လူရွယ်၊ သို့တည်းမဟုတ် ကလေးကိုမျှ၊ လေးလံလွန်းသဖြင့် ထိခိုက်နာကျင်စေမည့်လက္ခဏာရှိသောဝန်ချိန်ကိုပင့်ရန်၊ သယ်ယူရန်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရန်မခိုင်းစေရ။

(၂) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ သာမန်အားဖြင့်လုပ်ကူတို့ပင့်ရမည့်၊ သယ်ယူရမည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရမည့် အများဆုံးဝန်ချိန်ကိုပြဋ္ဌာန်းသည့်နည်းဥပဒေများပြု့လုပ်နိုင်သည်။

၁၆။ ။ကြော်ငြာထားသည့်ရေနံမြေတွင်--

မျက်စိ ကိုကာကွယ်ခြင်း။

(က) လုပ်သည့်လုပ်ငန်းအရ၊ လုပ်ရာမှထွက်သော အမှုန် များကြောင့်၊သို့တည်းမဟုတ်၊အပိုင်း အစများကြောင့် မျက်စိကို ထိခိုက်ဘွယ်ရာ ရှိသော လုပ်ငန်းဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလင်းရောင် အလွန်အမင်း ထိုးသဖြင့် မျက်စိ ဘေးအန္တရာယ် ဖြစ်ဘွယ်ရာရှိသည့် လုပ်ငန်းဖြစ်သည်ဟူ၍သော်၎င်း၊

ပြဋ္ဌာန်းသော လုပ်ငန်းတခုခုနှင့်စပ်လျဉ်း၍၊ ယင်းသို့လုပ်ရာ၌ဖြစ်စေ၊ လုပ်သည့်နေရာ၏ အနီး၌ဖြစ်စေ၊ ခိုင်းစေခံရသူငှါကို ကာကွယ်ပေးရန်အလို့ငှါ၊ အလင်းရောင်ကိုထိရောက် စွာ တားဆီးနိုင်သည့်အကာအရံများ၊သို့တည်းမဟုတ်ထင့်တော်သော အလင်းကာမျက် မှန်များကို စီမံထားပေးရန်နိုင်ငံတော်သမ္မတက နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

၁၇။ ။(၁) ကြော်ငြာထားသည့်ရေနံမြေ တွင် လူများ မူးမေ့သွား လောက်အောင် ဘေးအန္တရာယ် ဖြစ်စေတတ်သည့်၊ အခိုး အငွေ့များရှိတတ်သောအခန်း၊ လှောင်ကန်၊ လှောင်စည် (vat)၊ တွင်း၊ ပြွန်၊ လေလမ်း (flue)၊ သို့တည်းမဟုတ် အခြား ပိတ်လှောင် ထားသည့်နေရာတွင် လူတယောက် ထွက်နိုင်အောင် ကျယ်သော ကယ်ပေါက်တခု၊ သို့တည်း မဟုတ် အခြားထွက်ပေါက်တခုစီမံထားပေးခြင်းမရှိလျှင်၊ ထိုအတွင်းသို့မည်သူမျှမဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

ဘေးအန္တရာယ် ဖြစ်စေ တတ်သည့်အခိုးအငွေ့များ နှင့်စပ်လျဉ်း၍ ကြိုတင်ကာ ကွယ်ချက်များ။

(၂) ကြော်ငြာထားသည့်ရေနံမြေတွင်ပုဒ်မခွဲ (၁) ၌ ရည်ညွှန်းထား သည့်ပိတ်လှောင်သောနေရာအတွင်း၌နှစ်ဆယ့်လေးဗို့ (volt) ထက်ပိုသော လက်ဆွဲ လျှပ်စစ်မီးတ်မီးကိုအသုံးမပြုစေရ။ ထို့ပြင်ထိုနေရာအတွင်း၌ရှိသောဘေးအန္တရာယ် ဖြစ် စေတတ်သည့်အခိုးအငွေ့များသည် မီးတောက်လောင်နိုင်စေသည့် ဓါတ်သဘာဝဖြစ် လျှင်၊ မီးမကူး နိုင် အောင် ပြုလုပ်ထားသည့် မီးအိမ်၊ သို့တည်းမဟုတ် ဓါတ်မီးမှ လွဲ၍၊ အခြားမီးအိမ်၊ သို့တည်းမဟုတ် ဓါတ်မီး ကိုအသုံးမပြုစေရ။

(၃) ကြော်ငြာထားသည့်ရေနံမြေ၌၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထား သည့်ပိတ်လှောင် သောနေရာ၌ရှိနေတတ်သည့်အခိုးအငွေ့များကို ဖယ်ရှားရန်နှင့် အခိုး အငွေ့များမဝင်စေရန် အစွမ်းကုန် စီမံထားခြင်း၊ထို့ပြင် အောက် ဖေါ်ပြရာပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိလျှင်၊ မည်သူမျှ ထိုပိတ်လှောင်သည့် နေရာသို့မဝင်ရ၊ သို့တည်း မဟုတ် မည်သူ့ကိုမျှ ဝင်ခွင့်မပြုရ။

(က) စမ်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင် ထိုနေရာကိုစမ်းသပ်ပြီး နောက် ဘေးအန္တရာယ်ဖြစ်စေတတ်သော အခိုးအငွေ့ များကင်းရှင်းကြောင်း၊ ထိုနေရာသို့ လူများဝင်ရောက်

ရန်သင့်တော်ပြီဖြစ်ကြောင်း၊ တာဝန်ခံလက်မှတ်ပေးခြင်း၊ သို့တည်းမဟုတ်

( ခ ) ရေနံအလုပ်သမားသည်သင့်တော်သော အသက်ရှူတန်ဆာပလာကို တပ်ဆင်ထား၍၊ ခါးပတ် ပတ်သည့်ပြင်ထိုခါးပတ်တွင်ကြိုးတချောင်းခိုင်မြဲစွာချည်ထားပြီးနောက် လွတ်နေသောကြိုးစကို ပြင်ပ၌ရှိနေသောလူတယောက်က ကိုင်ထားခြင်း။

(၄) သင့်တော်သောအသက်ရှူ တန်ဆာပလာ၊ သင့်တော်သောပြန်လည်သတိရအောင်ပြုနိုင်သည့်တန်ဆာပလာ၊ သင့်တော်သောခါးပတ်နှင့် ကြိုးများကို တဦးတယောက်သောသူ ဝင်ရောက်သည့် ပိတ်လှောင်သော နေရာ၏ အနီးအနား၌၊ ချက်ခြင်းအသုံးပြုနိုင်ရန် အသင့်ထားရှိရမည်။ ထိုတန်ဆာပလာအားလုံးကိုစစ်ဆေးပိုင်ခွင့်ရှိသူက ကာလအပိုင်းအခြားအားဖြင့် မှန်မှန်စစ်ဆေး၍ အသုံးပြုရန် သင့်တော်ကြောင်း တာဝန်ခံရမည်။ ကို့ပြင်ခိုင်းစေခံရသူများအနက် လုံလောက်သောဦးရေကို ထိုတန်ဆာပလာများ အသုံးပြုနည်းနှင့် အသက်ပြန်လည် ရှူရှိုက်စေနိုင်သည့် နည်းလမ်းများကို သင်ကြားလေ့ကျင့်ပေးရမည်။

(၅) လူတို့အတွက် ဘေးရန်ကင်းရှင်းစွာ ဝင်ရောက်နိုင်ရန်အလို့ငှါ၊ ဘွိုင်လာ၊ ဘွိုင်လာမီးလမ်း၊ ဘွိုင်လာမီးဖို၊ ပေါင်းအိုး (still)၊ အခန်း၊ လှောင်ကန်၊ လှောင်စည်၊ ပြွန်၊ သို့တည်းမဟုတ် အခြား ပိတ်လှောင်သောနေရာကို လေသွင်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လုံလောက်စွာ အေးအောင်မပြုလုပ်ရသေးမီ၊ ထိုနေရာအသီးသီးသို့အလုပ်လုပ် ရန်ဖြစ်စေ၊ စမ်းသပ်စစ်ဆေးရန်ဖြစ်စေ၊ မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၆) နိုင်ငံတော် သမတသည်၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အငယ်ဆုံးအကျယ်အဝန်း မည်ရွေ့မည်မျှရှိရမည်ကို ပြဋ္ဌာန်းသည့်နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ မိမိသင့်တော်မည်ထင်သည့်စည်းကမ်းချက်များထား၍မည်သည့်ကြော်ငြာထားသည့်ရေနံမြေကိုမဆို ဤပုဒ်မပါပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ခြင်းမှ အမိန့်စာဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။

ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့်အမှုန့်၊ အခိုးအငွေ့စသည်များ။

၁၀။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင် ကျောက်ဖြင့် ကြိတ်ခြင်း၊ ဆန်ခါချခြင်း၊ သို့တည်းမဟုတ် အခြားနည်းလုပ်ငန်းတခုခုကြောင့် ဖြစ်သည့်အမှုန့်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့သည်၊ မီးကူးလျှင် ပေါက်ကွဲနိုင်သည့် အမျိုးအစားဖြစ်၍၊ ပေါက်ကွဲ လောက်အောင် များပြားလျှင်၊ ၎င်းကဲ့သို့ ပေါက်ကွဲခြင်းကို အစွမ်းကုန် တားဆီးရန် အောက်ဖော်ပြပါအတိုင်း စီမံထားရမည်။

(က) လုပ်ငန်းတွင် အသုံးပြုသည့်စက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကိုထိရောက်စွာကာရံထားခြင်း။

( ခ ) အမှုန့်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့ကိုများပြားအောင် မစုဖြစ်ရန်ပြုလုပ်ခြင်း၊ သို့တည်းမဟုတ် ထိုသို့စုမိလျှင် ထိုစုခြင်းကိုပယ်ရှားခြင်း။

(ဂ) မီးကူးစေနိုင်သည့်အရာအားလုံးကိုကင်းလွတ်စွာထားခြင်း၊သို့တည်းမဟုတ် လုံခြုံစွာကာရံထားခြင်း။

(၂) ကြော်ငြာထားသည့်ရေနံမြေအတွင်း ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့်လုပ်ငန်း၌အသုံးပြုသောစက်ကို၊သို့တည်းမဟုတ် စက်ကိရိယာကို၊ ဆိုခဲ့သည့်အတိုင်း ပေါက်ကွဲသည့် အရှိန်ကို ခံနိုင်အောင် တည်ဆောက် ထားခြင်း မရှိလျှင်၊ စက်၌၊ သို့တည်းမဟုတ်စက်ကိရိယာ၌ အပိတ်အဆို့များ ( chokes )၊ အတားအဆီးများ ( baffles )၊ လွှတ်ပေါက်များ ( vents )၊ သို့တည်းမဟုတ် အခြား အလားတူထိရောက်စွာတားဆီးနိုင်သည့် ကိရိယာများ စီမံထားပေးခြင်းဖြင့် ပေါက်ကွဲခြင်းကိုမပြန့်အောင်နှင့် ပေါက်ကွဲခြင်းကြောင့် ထိခိုက်သည့်အပျက်အစီးကို နည်းနိုင်သမျှနည်းအောင်တားဆီးရန်အလို့ငှါ၊ အစွမ်းကုန်ဆောင်ရွက်ပေးရမည်။

(၃) ကြော်ငြာထားသည့် ရေနံမြေအတွင်းစက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတွင်ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ်မီးတောက်လောင်စေတတ်သောအခိုးသည်၎င်း၊အငွေ့သည်၎င်း၊သဘာဝလေထုအားထက်ကြီးသောတိုးအားရှိလျှင်၊ ထိုအစိတ်အပိုင်းကို အောက်ပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင် မဖွင့်ရ။

(က) စက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏အစိတ်အပိုင်းနှင့် ဆက်သွယ်လျက်ရှိသော ပြွန်ဆက်ကိုတင်းကြပ်ခြင်းမပြုမီ၊ သို့တည်းမဟုတ် ထိုအစိတ်အပိုင်းရှိ အပေါက်၏ တင်းကြပ်စွာ ပိတ်ထားသည့် အဖုံးကို မလျော့မီ ထိုအစိတ်အပိုင်းထဲသို့၊ သို့တည်းမဟုတ် ထိုပြွန်ထဲသို့အခိုး၊သို့တည်းမဟုတ် အငွေ့ဝင်အောင် အပိတ်အဆို့ဖြင့် ဖြစ်စေ၊အခြားတနည်း နည်းဖြင့်ဖြစ်စေ၊ ကျနစွာ ပိတ်ဆို့ထားရမည်။

(ခ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ်စွာပိတ်ဆို့ထားသည့်ပြွန်ဆက၊ ပိတ်ဆို့ထားသည့် အပိတ်အဆို့ကို မဖြုတ်မီ၊ပြွန်တွင်၊ သို့တည်းမဟုတ် စက်၏ အစိတ်အပိုင်းတွင်ရှိသော အခိုး၊ သို့တည်းမဟုတ် အငွေ့၏ တိုးအားကိုသဘာဝ လေအားနှင့်ညီအောင် လျော့ရန်အစွမ်းကုန်စီမံဆောင်ရွက်ရမည်။

(ဂ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ် ထားသည့် ပြွန်ဆက်၊ပိတ်ဆို့ထားသည့် အပိတ်အဆို့ကို လျော့ပြီးလျှင်၊သို့တည်းမဟုတ်ဖြုတ်ပြီးလျှင်၊ထိုအပိတ်အဆို့၊ သို့တည်းမဟုတ် ပြွန်ဆက်ကိုပြန်လည်တင်းကြပ်ခြင်း၊ သို့တည်းမဟုတ် ခိုင်ခံ့စွာပြန်လည်တပ်ဆင်ခြင်း၊ မပြုလုပ်မီ၊ ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအခိုးကို၊ သို့တည်းမဟုတ် အငွေ့ကိုထိုပြွန်တွင်းသို့ဖြစ်စေ၊စက်၊ သို့တည်းမဟုတ် စက်ကိရိယာအစိတ်အပိုင်းအတွင်းသို့ဖြစ်စေ၊ မဝင်စေရန် ကျနစွာစီမံထားရှိရမည်။

(၄) ကြော်ငြာထားသည့် ဒရန်မြေအတွင်း ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအရာရှိသော၊ သို့တည်းမဟုတ် ရှိခဲ့ပြီးဖြစ်သောစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်မှ ထိုအရာနှင့် ထိုအရာမှဖြစ်သောအခိုးအငွေ့များကို ပယ်ရှားရန်၊ သို့တည်းမဟုတ် ထိုအရာနှင့် အခိုးအငွေ့များကို မပေါက်ကွဲအောင်၊ သို့တည်းမဟုတ် မီးမတောက်လောင်အောင် ပြုလုပ်ရန် လုံလောက်စွာ စီမံဆောင်ရွက်ထားခြင်းမရှိလျှင်၊ ယို့ပြင် စမ်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင်ထိုစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ကိုစမ်းသပ်ပြီးနောက်၊ ထိုအရာတို့သည် ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့် အငွေ့မရှိကြောင်းစာဖြင့်ရေး၍ တာဝန်ခံလက်မှတ် မထုတ်ပေးလျှင်၊ ထိုစက်ကို၊ သို့တည်းမဟုတ် လှောင်ကန်ကို၊ သို့တည်းမဟုတ် ခွက်ကို သံဂဟေဆော်ခြင်း (welding)၊ ကြေးဂဟေဆော်ခြင်း (brazing)၊ သို့တည်းမဟုတ် ခဲဝဟေဆော်ခြင်း (soldering)၊ သို့တည်းမဟုတ် မီးအားဖြင့်ဖြတ်တောက်ခြင်းမပြုလုပ်ရ။

(၅) ပုဒ်မခွဲ (၄) တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲဂဟေဆော်ခြင်း ပြုလုပ်ပြီးသည်နောက် စက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်စသည်များသည်၊ ဆိုခဲ့သည့်အရာကို မီးမကူးနိုင်လောက်အောင် မအေးသေးမီ၊ ယိုစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ထဲသို့ ထိုအရာမရောက်စေရ။

၁၉။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် အန္တရာယ်၍ မီးသင့်လောင်လျှင် လွတ်မြောက်ရန်နည်းလမ်းများကို ပြဋ္ဌာန်းသည့်အတိုင်းစီမံထားရှိရမည်။ ဤကဲ့သို့စီမံထားခြင်းမရှိဟုအင်စပက်တော်က ထင်မြင်လျှင်၊ အင်စပက်တော်သည်၊ အလုပ်ရှင်ထံသို့ အမိန့်စာချအပ်၍၊ ထိုအမိန့်စာတွင် ကြော်ငြာထားသည့်ရေနံမြေကို ဤပုဒ်မနှင့်၎င်း၊ ဤပုဒ်မအရပြုလုပ်သည့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ညီညွတ်စွာဆောင်ရွက်သင့်သည်ဟုမိမိထင်မြင်သောစီမံချက်များဖော်ပြ၍၊ အမိန့်စာတွင် ဖော်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များဖော်ပြ၍ ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

မီးသင့် လောင် လျှင် ဆောင်ရွက်ရမည့် စီမံချက်များ။

(၂) ကြော်ငြာထားသည့် ရေနံမြေတွင်၊ အခန်းတခုခုမှထွက်နိုင်သည့် တံခါးများကိုအခန်းတွင်း၌ လူတဦးတယောက်ရှိနေစဉ်၊ အတွင်းမှရုတ်တရက် အလွယ်တကူမဖွင့်နိုင်အောင်သော့ခတ်ထားခြင်း၊ သို့တည်းမဟုတ် ပိတ်ထားခြင်းမပြုရ၊ ထိုတံခါးများသည်အိတ်ထိုးတံခါးမျိုးမဟုတ်လျှင်အပြင်ဖွင့်တံခါးများဖြစ်ရမည်။

(၃) ကြော်ငြာထားသည့် ရေနံမြေ တွင်သာမန် အသုံးပြုသည့် ထွက်ပေါက်များမှလွဲ၍ မီးသင့်လောင်လျှင် ထွက်နိုင်သည့် ပြူတင်းပေါက်တံခါး၊ သို့တည်းမဟုတ် အခြားထွက်ပေါက် အသီးသီးတွင်၊ ရေနံ အလုပ်သမားအများ နားလည်သည့်စာဖြင့်ထင်ရှားစွာရေးထားသောစာလုံးနီများနှင့်ဖြစ်စေ၊ အခြားကောင်းစွာသိသာနိုင်သည့်အမှတ်အသားနှင့်ဖြစ်စေ၊ ထင်ရှားစွာမှတ်သားထားရမည်။

(၄) မီးသင့်လောင်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် နိုင်းစေခံရသူတိုင်းကောင်းစွာကြားသိနိုင်အောင် အချက်ပေးကိရိယာများကိုကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် တပ်ဆင်ထားရမည်။

(၅) မီးသင့်လောင်လျှင် ထွက်ပေါက်များသို့ အလွယ်တကူသွားနိုင်သည့် လမ်းကိုကြော်ငြာထားသည့်ရေနံမြေအတွင်းအခန်းအသီးသီးရှိ ရေနံအလုပ်သမားအားလုံးအသုံးပြုနိုင်ရန် ရှင်းလင်းထားရှိရမည်။

(၆) (က) အောက်ဆုံးထပ်၏ မည်သည့်နေရာတွင်မဆို အလုပ်သမား လူနှစ်ဆယ်ထက်ပို၍ ခိုင်းစေသောကြော်ငြာထားသည့်ရေနံမြေ၌ဖြစ်စေ၊

(ခ) ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးအလွန်တောက်လောင်စေတတ်သည့် ပစ္စည်းများကို သိုလှောင်ထားသော၊ သို့တည်းမဟုတ် အသုံးပြုသော ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင်ဖြစ်စေ၊ မီးသင့်လောင်လျှင် အသုံးပြုနိုင်သည့်ထွက်ပေါက်များကို ရေနံအလုပ်သမားအားလုံး သိနေစေရန်၎င်း၊ မီးသင့်လောင်လျှင်ထိုသူတို့ မီးဘေးမှလွတ်မြောက်အောင် လိုက်နာရမည့်နည်းလမ်းကို ကောင်းစွာသင်ကြားပေးရန်၎င်း၊ ကျနစွာ စီမံဆောင်ရွက်ရမည်။

(၇) နိုင်ငံတော်သမ္မတသည်၊ကြော်ငြာထားသည့်ရေနံမြေနှင့်စပ်လျဉ်း၍မီးလောင်လျှင် အသုံးပြုရန်စီမံထား၍ရှိရမည့် ထွက်ပေါက်များနှင့်တကွ၊မီးသတ်ကိရိယာအမျိုးအစားနှင့်အရေအတွက်ကိုပြဋ္ဌာန်းသည့်နည်းဥပဒေများပြုလုပ်နိုင်သည်။

ချို့ယွင်းသော အစိတ်အပိုင်းများကို သီးခြားဖေါ်ပြရန်ဖြစ်စေ၊ ခိုင် မခိုင်စမ်းသပ်ခြင်းပြုလုပ်ရန် ဖြစ်စေ၊ ဆင့်ဆိုနိုင်သည့်အာဏာ။

၂၀။ ။ကြော်ငြာထားသည့် ရေနံမြေရှိ၊ အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း သော်၎င်း၊ လမ်းများ၊ စက်ကိရိယာများ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်သော်၎င်း၊လူ့အသက်ကိုဘေးအန္တရာယ် ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေအနေတွင်ရှိသည်ဟု အင်စပက်တော် ကထင်မြင်လျှင် သတ်မှတ်သည့်နေ့ရက်မတိုင်မီ၊ အောက် ဖေါ်ပြ ပါအတိုင်း ဆောင်ရွက်ရမည်ဟု အလုပ်ရှင်ထံအမိန့်စာချအပ်နိုင်သည်။

(က) ယင်းသို့သော အဆောက်အအုံ၊ လမ်းများ၊စက်ကိရိယာ၊ သို့တည်း မဟုတ် စက်ကိုဘေးရန်ကင်းရှင်းစွာ အသုံးပြုနိုင်မပြုနိုင် ဆုံးဖြတ်ရန်အတွက် လိုအပ်သည့် ပုံစံများ၊ အသေးစိတ် ဖေါ်ပြချက် များ နှင့်အခြားအကြောင်းအရာများကိုပေးအပ်ရန်၊သို့တည်းမဟုတ်

(ခ) အမိန့်တွင်ဖေါ်ပြသည့်စမ်းသပ်မှုများကိုဖေါ်ပြသည့် နည်းလင်းအတိုင်း ပြုလုပ်၍၊ ထိုစမ်းသပ်မှုများမှ သိရှိရသည့် အကြောင်းအရာများကို၊ အင်စပက်တော်ထံအကြောင်းကြားရန်။

အဆောက် အအုံများနှင့်စက်ကိရိယာ များဘေးရန်ကင်းရှင်းမှု။

၂၁။ ။(၁) ကြော်ငြာထားသည့်ရေနံမြေရှိအဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း သော်၎င်း၊ လမ်းများ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏ အစိတ်အပိုင်းသည်သော်၎င်း၊ လူ့အသက်ကိုဘေးအန္တရာယ် ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန် ကင်းရှင်းမှုကို ထိခိုက်စေမည့်

အမြေအနေတွင်ရှိသည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ အင်စပက်တော်သည် အလုပ်ရှင်ထံသို့အမိန့်စာချမှတ်၍ ထိုအမိန့်စာတွင်လိုက်နာ ဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်ချက်များကို ဖေါ်ပြလျက်၊ အမိန့်စာတွင်ဖေါ်ပြသည့် နေ့ရက်မတိုင်မီ ထိုစီမံချက်များကို ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

(၂) ကြော်ငြာထားသည့်ရေနံမြေရှိ အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ လမ်းများ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းကိုဖြစ်စေ၊ အသုံးပြုခြင်းသည်၊ လူ့အသက်ကိုဘေးအန္တရာယ် ဖြစ်စေမည့်ဆဲဆဲ၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့်ဆဲဆဲ ဖြစ်သည်ဟု အင်စပက်တော်က ထင်မြင်လျှင် ထိုအဆောက်အအုံ စသည်များ၊ အစိတ်အပိုင်းများကို၊ နေရာကျပြင်ဆင်ခြင်း၊ သို့တည်းမဟုတ် ပြောင်းလဲ ပြုပြင်ခြင်းမပြုလုပ်ရသေးမီ၊ အသုံးမပြုရန်တားမြစ်သည့်အမိန့်စာကို အင်စပက်တော်က အလုပ်ရှင်ထံချအပ်နိုင်သည်။

၂၂။ ။နိုင်ငံတော် သမတသည်၊ ဤအခန်းတွင် ဖေါ်ပြထားသော ကိစ္စများနှင့် ဆိုင်သည့် ကာကွယ်ချက်များ အပြင် အောက်ပါ အချက်များနှင့်ပတ်သက်၍နောက်ထပ် ကာကွယ်ချက်များကို၊ နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

ဤအခန်းကို နောက်ထပ် ဖြည့်စွက်ရန်၊ နိုင်ငံတော်သမတက၊ နည်းဥပဒေများပြုလုပ်နိုင်သည့် အာဏာ။

(က) သီးခြားဖြစ်သည့်စက်များ ဘေးရန် ကင်းရှင်းအောင်နောက်ထပ်ကာရံခြင်း၊

(ခ) စက်လည် နေသည့်အခါ၊ ဘေးအန္တရာယ် ဖြင်မစေတတ်သည့် စက်၏ အစိတ်အပိုင်းကိုမပေါ် စေရန် ကာကွယ်သည့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်လျှင်၊စက်ကိုရပ်စေသည့် ကိရိယာများကိုစီမံထားရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်စက်အစိတ်အပိုင်းနှင့် အလုပ်သမားကို မထိခိုက်နိုင်အောင် ပုံသေကာကွယ်ထားရန် မဖြစ်နိုင်လျှင်၊ အလိုအလျောက် အကာအကွယ်ဖြစ်နိုင်သည့်၊ အကာအကွယ်မျိုးများစီမံထားရှိခြင်း၊

(ဃ) စက်ပေါ်တင်၍လုပ်ကိုင်ရသဖြင့်၊ စက်လည်နေစဉ်၊ ဘေးအန္တရာယ် ဖြစ်စေတတ်သောအရာ များကို ကာရံထားခြင်း၊ထို့ပြင်

(င) ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန် အလို့ငှါသင့်တော်သည့်အခြားကိစ္စ။

## အခန်း ၅။

### သက်သာချောင်ချိရေး။

၂၃။ ။နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေအတွက်ဖြစ်စေ၊ ထိုရေနံမြေ တစိတ်တဒေသအတွက်ဖြစ်စေ၊ ဖွပ်လျှော်ဆေးကြောနိုင်ရန် သင့်တော်လုံလောက်သော လွယ်ကူမှုအခွင့်အလမ်းများကို မည်သည့် ပုံစံအတိုင်းတာရှိရမည်ဟု ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုလုပ်နိုင်သည်။

ဖွပ်လျှော်ဆေးကြောရန် လွယ်ကူမှု အခွင့်အလမ်း။

၂၄။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင်၊ ပြဋ္ဌာန်းထားသည့်ပစ္စည်းများ ထည့်ထားသော သူနာပြု ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရို တလုံးကို၊ အလုပ်ချိန် အတွင်း၊အလွယ်တကူအသုံးပြုနိုင်ရန်၊ အင်စပက်တော်က ညွှန်ကြားသည့် သင့်လျော်သောနေရာတွင်၊ အလုပ်ရှင်ကအသင့်ပြင်ထားရှိရမည်။ အလုပ်သမား တရာ့ငါးဆယ်ထက် ပို၍ခိုင်းစေလျှင်၊ နောက်ထပ် အလုပ်သမား တရာ့ငါးဆယ်အတွက်၊ သို့တည်းမဟုတ် ထို့ထက်နည်းသော နောက်ထပ်အလုပ်သမားများအတွက်၊ နောက်ထပ်ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးထားရှိရမည်။

**သူနာပြုကိရိယာများ။**

(၂) ပြဋ္ဌာန်းထားသည့်ပစ္စည်းများမှလွဲ၍၊ အခြားမည်သည့်အရာကိုမျှ ပုဒ်မခွဲ (၁) တွင်၊ ရည်ညွှန်းထားသည့် သူနာပြုဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတွင်မထားရ။ ထို့ပြင် ထိုသူနာပြု ဆေးသေတ္တာနှင့် ဆေးဘီရိုများကို၊ သူနာပြုအတတ် တတ်မြောက်ပြီးသော တာဝန်ခံ တယောက်၏ လက်အောက်တွင် ထားရှိရမည်။ ထိုသူသည် အလုပ်ချိန်တွင် အမြဲရှိနေရမည်။

(၃) အလုပ်ရှင်ကအလုပ်သမား နှစ်ရာထက်ပို၍ ခိုင်းစေလျှင်၊ပြဋ္ဌာန်းထားသည့် ပစ္စည်းများနှင့်တကွ၊ ပြဋ္ဌာန်းသည့်အကျယ်အဝန်း ရှိသော သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုထားရှိရမည်။ ထိုသူနာပြုခန်းကို၊ သို့တည်းမဟုတ် ဆေးပေးရုံကို၊ ပြဋ္ဌာန်းထားသည့် ဆရာဝန်နှင့် သူနာပြု ဆရာများက ကြီးကြပ်စီမံရမည်။

သို့ရာတွင် အင်စပက်တော်သည်၊ အချင်းဝက်နှစ်မိုင်ရှိသော နယ်မြေစက်ဝိုင်းအတွင်း စုစုပေါင်း အလုပ်သမားနှစ်ရာ၊ သို့တည်းမဟုတ် နှစ်ရာထက်ပို၍ ခိုင်းစေသော အလုပ်ရှင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော အလုပ်ရှင်များအား၊ မိမိညွှန်ကြားလျှင်သင့်တော်သောနေရာတွင်၊ သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုကို၊ ပုဒ်မခွဲ (၃) နှင့်အညီ တွဲဘက် စီမံထားရှိရန် ဆင့်ဆိုနိုင်သည်။

၂၅။ ။(၁) အလုပ်သမားနှစ်ရာထက်ပို၍ ခိုင်းစေသော အလုပ်ရှင်တိုင်းသည် အလုပ်သမားများအသုံးပြုရန်၊ သင့်တော် လုံလောက်သော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ် နားခန်းများနှင့် သင့်တော် လုံလောက်သော ထမင်းစားခန်း စီမံ ထားရှိရမည်။

**အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့်ထမင်းစားခန်းများ။**

(၂) ပုဒ်မခွဲ (၁) အရ၊ စီမံထားရှိရမည့် အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ၊ သို့တည်းမဟုတ် ထမင်းစားခန်းများကို၊ အလင်းရောင်နှင့် လေလုံလောက်စွာရရှိအောင်လည်း စီမံထားရှိရမည့်။ ထို့ပြင်ထိုအလုပ်နားရုံ စသည်များကို၊ သန့်ရှင်းစင်ကြယ်အောင်ထားရမည်။

(၃) နိုင်ငံတော်သမတသည်—

(က) ဤပုဒ်မအရ ထားရှိရမည့် အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် ထမင်းစားခန်းများကို ဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်းထားရှိရမည့်စံနစ်၊ ထိုအလုပ်နားရုံ စသည်များတွင်ထားရှိရမည့် ပရိဘောဂနှင့် အခြားပစ္စည်းများကိုပြဋ္ဌာန်းနိုင်သည်။

(ခ) ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ အလုပ်ရှင်တဦးတယောက်ကို၊ ဤပုဒ်မ၌ လိုအပ်ချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အလုပ်သမားဆိုင်ရာ တွဲဘက် အကြံပေးအဖွဲ့။

၂၆။ ။နိုင်ငံတော်သမတသည်၊ အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော အလုပ်သမားဆိုင်ရာတွဲဘက် အကြံပေး အဖွဲ့တခုကို—

(က) ရေနံမြေ အလုပ် သမား တို့၏ သက်သာချောင်ချိမှုများ၊

(ခ) ဘေးအန္တရာယ် ကင်းရှင်းစေသော စီမံမှုများ နှင့်

(ဂ) အလုပ်ရှင်များနှင့်အလုပ်သမားများသင့်မြတ်စွာဆက်ဆံရေးများပိုမိုရရှိရေး၊

အတွက်ဆောင်ရွက်ရန် ကြော်ငြာထားသည့်ရေနံမြေ အသီးသီးတွင် ခန့်ထားရမည်။ အဖွဲ့ဝင်များ၏ သက်တမ်းများမှာ (၁) နှစ်ဖြစ်ရမည်။

(၁) ရေနံဝန် (ဥက္ကဋ္ဌ)။

(၂) အစိုးရအလုပ်သမားအရာရှိ (အဖွဲ့ဝင်နှင့်အတွင်းရေးမှူး)။

(၃) အလုပ်ရှင်၏ ကိုယ်စားလှယ် (ခြောက်ဦးထက်မပို)။

(၄) ရေနံအလုပ်သမားအစည်းအရုံး၏ ကိုယ်စားလှယ် (ခြောက်ဦးထက်မပိုရ)။

## အခန်း ၆။

### အထူးသက်ဆိုင်စေခြင်း။

ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အလုပ်များ။

၂၇။ ။ကြော်ငြာထားသည့် ရေနံမြေတွင်၊ လုပ် ရသည့် အလုပ် သည်၊အလုပ်သမားတို့၏ ကိုယ်အင်္ဂါကို ထိခိုက်နာကျင်စေမည့်၊သို့တည်းမဟုတ် အလုပ်သမားကို အဆိပ်မိစေမည့်၊ သို့တည်းမဟုတ် ရောဂါ ဖြစ်စေမည့် လက္ခဏာရှိသည့် အလုပ် ဖြစ်သည်ဟု နိုင်ငံတော် သမတက ထင်မြင် သဘော ရရှိလျှင်၊ အလုပ်လုပ် နေသည့် ကြော်ငြာထားသည့် ရေနံမြေအတွင်း၌ ဒေသ တခုခုနှင့် သက်ဆိုင်သည့်နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(က) အလုပ်ကို သီးခြား သတ်မှတ်၍ ဘေးအန္တရာယ် ဖြစ်စေတတ်သော အလုပ်ဖြစ်သည်ဟု ပြဋ္ဌာန်းနိုင်သည်။

(ခ) ထိုအလုပ်တွင်၊ မိန်းမများအား၊ သို့တည်းမဟုတ် လူရွယ် များအား၊ သို့တည်းမဟုတ်ကလေးများအားခိုင်းစေခြင်းကို တားမြစ်နိုင်သည်၊ သို့တည်းမဟုတ် ကန့်သတ်နိုင်သည်။

(ဂ) ထိုအလုပ်တွင်၊ ခိုင်းစေခံရသော အလုပ်သမားများကို သော်၎င်း၊ ထိုအလုပ်တွင်လုပ်ရန် လျှောက်ထားသူများကိုသော်၎င်း၊ ကာလအပိုင်းအခြားနှင့် ဆေးဘက်ဆိုင်ရာစစ်ဆေးမှု ပြုလုပ်ရန်အတွက် ပြဋ္ဌာန်း နိုင်သည့်ပြင်၊ ထိုအလုပ်တွင် လုပ်ရန် သင့်တော်ကြောင်း ဆေးလက်မှတ်မရသူများကို မခိုင်းစေရဟု တားမြစ်နိုင်သည်။

(ဃ) ထိုအလုပ်တွင် ခိုင်းစေခံရသူ အားလုံးကိုဖြစ်စေ၊ ထိုအလုပ်လုပ်ရာ နေရာများ အနီး၌ ခိုင်းစေခံရသူ အားလုံးကိုဖြစ်စေ၊ ကာကွယ် စောင့်ရှောက်ပေးရန်ပြဋ္ဌာန်းနိုင်သည်။

(င) အလုပ်နှင့် စပ်လျဉ်း၍ သီးခြားဖေါ်ပြပါ ပစ္စည်းများ၊သို့တည်းမဟုတ် လုပ်သည့် လုပ်ငန်းများအသုံးပြုခြင်းကို တားမြစ်နိုင်သည်၊ကန့်သတ် နိုင်သည်၊သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်နိုင်သည်။

**ရောဂါများ ဖြစ်ပွါးကြောင်းကို နို့တစ်စာပေးပို့ခြင်း။**

၂၈။ ။(၁) ကြော်ငြာ ထားသည့် ရေနံမြေတွင်၊ အလုပ်လုပ်သော ရေနံ အလုပ်သမား တဦးတယောက်ကို အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖေါ်ပြထားသည့် ရောဂါတမျိုးမျိုးစွဲကပ်လျှင်၊ ထိုသို့စွဲကပ်ကြောင်းကို အလုပ်ရှင်မှ အင်စပက်တော် ထံသို့၎င်း၊ ကြော်ငြာထားသည့်ရေနံ မြေရှိရာ ခရိုင်အတွက် တာဝန်ခံ လက်မှတ်ပေး သည့် ဆရာဝန်ထံသို့၎င်း၊ ပြဋ္ဌာန်းထား သည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထားသည့်အကြောင်းအရာများ ဖေါ်ပြလျက်၊ ပြဋ္ဌာန်းထားသည့် အချိန်အတွင်း နို့တစ်စာပေးပို့ရမည်။

(၂) ဆရာဝန်တဦးတယောက်သည်၊ အလုပ်သမားလျော်ကြေး အက် ဥပဒေ၏ဇယား ၃ တွင် သီးခြားဖေါ်ပြထားသည့် ရောဂါတမျိုးမျိုး စွဲကပ်နေသည့်၊ သို့တည်းမဟုတ် စွဲကပ်နေသည်ဟု မိမိယုံကြည်သည့်၊ ကြော်ငြာထားသော ရေနံမြေ၌ အလုပ် လုပ်သူကို၊ သို့တည်းမဟုတ် အလုပ်လုပ် ခဲ့သူကို ဆေးကုသ ဒနလျှင်၊ ထို ဆရာဝန်သည်၊ အင်စပက်တော် ရုံးသို့ အောက်ပါအချက်များဖေါ်ပြသည့်အစီရင်ခံစာ ပေးပို့ရမည်။

(က) သူနာ၏ အမည်နှင့် နေရပ် အပြည့်အစုံ၊
(ခ) မိမိသဘောအရ သူနာစွဲကပ်နေသည့်ရောဂါ၏အမည်၊ထို့ ပြင်
(ဂ) သူနာကို ခိုင်းစေသည့်၊ သို့တည်းမဟုတ် နောက်ဆုံး ခိုင်းစေခဲ့သည့်အလုပ်ရှင်၏ အမည်နှင့်နေရပ်အပြည့်အစုံ

(၃) ထိုဆရာဝန်မှာ၊ဤပုဒ်မအရပေးပို့သောအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းသည့် အခကို ရနိုင်ခွင့်ရှိသည်။

(၄) ဆရာဝန် တဦးတယောက်သည်၊ ဤပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်း ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ထိုဆရာဝန်သည်၊ငွေငါးဆယ် ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

**မတော်တဆ ဖြစ်ပွါးမှုများကို နို့တစ်စာ ပေးပို့ခြင်း။**

၂၉။ ။ကြော်ငြာထားသည့် ရေနံမြေတွင်၊ မတော်တဆဖြစ်ပွါး၍ သေဆုံးလျှင် သော်၎င်း၊ ကိုယ်အင်္ဂါ လိခိုက်နာကျင်ပြီးနောက် လေးဆယ် ရှစ်နာရီမျှ၊ သို့တည်းမဟုတ် လေးဆယ်ရှစ်နာရီထက်ပို၍ အလုပ်မလုပ်နိုင်လျှင်သော်၎င်း၊ဤကိစ္စအလို့ငှါ ပြဋ္ဌာန်း သတ်မှတ်ထားသည့်အမျိုးအစားဖြစ်သော မတော်တဆဖြစ်ပွါးမှု ဖြစ်လျှင်သော်၎င်း၊သက်ဆိုင်ရာ အလုပ်ရှင်သည်၊ ဆိုခဲ့သည့်အတိုင်း မတော်တဆဖြစ်ပွါး သည့် အကြောင်းကို၊ ပြဋ္ဌာန်းသည့်ပုံစံဖြင့် နို့တစ်စာရေးသား၍ ပြဋ္ဌာန်းသည့် အချိန် အတွင်း၊ ပြဋ္ဌာန်းသည့်အာဏာပိုင်တို့ထံ ပေးပို့ရမည်။

# အခန်း ၇။

## လူကြီးများ အလုပ်လုပ်သည့် အချိန်နာရီများ။

ရက်သတ္တပတ် အလုပ် အချိန်နာရီများ။

၃၀။ ။ကြော်ငြာထားသည့်ရေနံမြေတွင်၊ မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ၊ရက်သတ္တပတ် တပတ်လျှင်၊ လေးဆယ်လေးနာရီထက်ပို၍အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

သို့ရာတွင် အလုပ်လုပ် နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့်တရက်ပတ်လုံး အဆက်မပြတ်လုပ်ရမည့် အလုပ်တွင်၊လုပ်သည့် လူကြီးရေနံအလုပ်သမားသည်၊ရက်သတ္တ တပတ်တွင် လေးဆယ်ရှစ်နာရီမျှ အလုပ်လုပ်နိုင်သည်။

ရက်သတ္တပတ်အလုပ် ပိတ်ရက်များ။

၃၁။ ။(၁) မည်သည့်လူကြီး ရေနံအလုပ်သမားကိုမျှ၊အောက်ပါအချက်များနှင့်မညီညွတ်လျှင်၊ တနင်္ဂနွေနေ့၌ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(က) ထိုအလုပ်သမားသည်၊ တနင်္ဂနွေနေ့မတိုင်မီ သုံးရက်အနက်တရက်ရက်တွင်အလုပ်ပိတ်ရက်တရက်လုံး ရပြီးဖြစ်ရမည်၊ သို့တည်းမဟုတ် ထိုတနင်္ဂနွေနေ့နောက်သုံးရက်အနက်၊တရက်ရက်တွင်အလုပ်ပိတ်ရက် တရက်လုံးရမည်ဖြစ်ရမည်။ ထို့ပြင်

(ခ) အလုပ်ရှင်သည့်၊ ထိုတနင်္ဂနွေနေ့၊ သို့တည်းမဟုတ် အပိုဒ် (က) အရ၊ထိုနေ့အဘို့အစားသွင်းသည့်နေ့၊ထိုနေ့များအနက် အလျင်ကျသည့်နေ့မတိုင်မီ——

(၁) ထိုရေနံအလုပ်သမားကို၊ ထိုတနင်္ဂနွေနေ့၌ အလုပ်လုပ်စေရန်မိမိကြံရွယ်ကြောင်း၊ထိုနေ့အဘို့မည်သည့်နေ့ကိုအစားသွင်းကြောင်း၊အင်စပက်ဘော်၏ရုံးသို့ နို့တစ်စာပေးပြီးဖြစ်ရမည်။ထို့ပြင်

(၂) တနင်္ဂနွေနေ့တွင်ဖြစ်စေ၊ အစားသွင်းသည့် နေ့တွင်ဖြစ်စေ၊အလုပ်စတင်လုပ်သည့်အချိန်မတိုင်မီ၊ အနည်းဆုံး နှစ်ဆယ်လေးနာရီက ကြိုကင်၍ ယင်းသို့ကြံရွယ်ကြောင်း နို့တစ်စာကို မြင်သာအောင် ကပ်ထားပြီးဖြစ်ရမည့်။

သို့ရာတွင်၊ ရေနံအလုပ်သမား တဦးတယောက်အား၊ အလုပ်ပိတ်ရက်တရက်လုံး မရစေဘဲ၊ အဆက်မပြတ် ဆယ်ရက်ထက်ပို၍ အလုပ်လုပ်ရခြင်းကို ဖြစ်စေမည့်၊ မည်သည့် ရက်အစားသွင်းခြင်းကိုမျှ မပြုရ။

(၂) ပုဒ်မခွဲ (၁) အရ ပေးသည့်နို့တစ်စာများကို၊ တနင်္ဂနွေနေ့၊ သို့တည်းမဟုတ် ပယ်ဖျက်မည့်ဖြစ်သည့်အလုပ်ပိတ်ရက်၊ ထိုနေ့များအနက် အလျင်ကျ

သည့်နေ့မတိုင်မီ ရက်တရက်ထက်နောက်မကျဘဲ၊ အင်စပက်တော်၏ရုံးသို့ပေးအပ်သည့် နို့တစ်စာဖြင့်၎င်း၊ပုဒ်မ ၃၀ အရကပ်ထားသည့်အလုပ်ချိန် နို့တစ်စာ၏ အနီးတွင် မြင်သာအောင် ကပ်ထားသည့် နို့တစ်စာဖြင့် ပယ်ဖျက်နိုင်သည်။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ရေနံ အလုပ်သမားသည် တနင်္ဂနွေနေ့၌ အလုပ်လုပ်၍၊ထိုနေ့မတိုင်မီသုံးရက်အနက်၊ တရက်ရက်တွင် အလုပ်ပိတ်ရက် ရပြီးဖြစ်သည့်အချက်တွင် ထိုတနင်္ဂနွေနေ့ကို၊ ထိုအလုပ်သမား ရက်သတ္တပတ်အလုပ်လုပ်သည့် အချိန် တွက်ချက်ရန်အလို့ငှါ၊ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ထည့်သွင်းရမည်။

အစားပေးသည့်အလုပ်ပိတ်ရက်များ။

၃၂။ ။(၁) ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များအရ၊ ကြေငြာထားသည့်ရေနံမြေကို၊ သို့တည်းမဟုတ် ရေနံအလုပ်သမားများကို၊ ပုဒ်မ ၃၁ ရှိပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းကြောင့်ဖြစ်စေ၊နည်းဥပဒေပြုလုပ်ခြင်းကြောင့်ဖြစ်စေ၊ ထိုပုဒ်မရှိ၊ ပုဒ်မခွဲ (၁) ဖြင့်၊ ပြဋ္ဌာန်းသည့်ရက်သဟ္တမတ် အလုပ် ပိတ်ရက်များအနက် တရက်ရက်ကို အလုပ်သမားအား ခံစားခွင့်မပေးလျှင်၊ ထိုသူအား အလုပ်ပိတ်ရက်များ ရသင့်သည့်ပြက္ခဒိန်လအတွင်းတွင်ဖြစ်စေ၊နောက်လာမည့်ပြက္ခဒိန်လ နှစ်လအတွင်းတွင်ဖြစ်စေ၊ ခိုင် ဆုံးရှုံးသောအလုပ်ပိတ်ရက် အရေအတွက်နှင့်ညီမျှသော အစားပေးသည့် အလုပ်ပိတ်ရက်များကို ခွင့်ပြုရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ ပုဒ်မခွဲ (၁)တွင် ပြဋ္ဌာန်းထားသည့် အလုပ်ပိတ်ရက်များကို မည်သို့မည်ပုံခွင့်ပြုရမည်ဟု ပြဋ္ဌာန်းနိုင်သည်။

နေ့စဉ် အလုပ်ချိန်နာရီများ။

၃၃။ ။ပုဒ်မ ၃၀ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မည်သည့်လူကြီး ရေနံအလုပ်သမားကိုမျှ ကြေငြာထားသည့်ရေနံမြေ၌၊ မည်သည့်ရက်တွင်မဆို၊အလုပ်ချိန်နာရီပေါင်း ရှစ် နာရီထက်ပို၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ကိုင်ခွင့်မပြုရ။

အားလပ်ချိန်များ။

၃၄။ ။လူကြီး ရေနံအလုပ်သမားများ ရက်အသီးသီးတွင် အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို သတ်မှတ်ရာ၌၊ မည်သည့်ကာလအပိုင်းအခြားမျှ ငါးနာရီထက်မပိုစေရ။ ထို့ပြင် မည်သည့် ရေနံအလုပ်သမားကိုမျှ အနည်းဆုံး နာရီဝက်နားနေရန် အားလပ်ချိန်မရသေးမီ ငါးနာရီထက်ပို၍သော်၎င်း၊ အားလပ်ချိန်နှစ်ကြိမ်မရသေးမီ၊ရှစ်နာရီထက် ပို၍သော်၎င်းအလုပ်မလုပ်စေရ။

အလုပ် လုပ် ရန် အချိန် နာရီပေါင်း။

၃၅။ ။လူကြီး ရေနံ အလုပ်သမား အလုပ်လုပ် သည့် ကာလ အပိုင်းအခြားများနှင့် ပုဒ်မ ၃၄ အရ ထိုသူရရှိသည့် အားလပ်ချိန်များသည်၊တနေ့လျှင် နာရီပေါင်းဆယ်နာရီထက်ပို၍ မကြာရအောင်စီမံထားရမည်။သို့ရာတွင် နိုင်ငံတော်သမ္မတ၏ခွင့်ပြုချက်ဖြင့်၊ ယေဘုယျအားဖြင့်ဖြစ်စေ၊ ကြေငြာထားသည့် သီးခြား ရေနံမြေအတွက်ဖြစ်စေ၊နိုင်ငံတော်သမ္မတပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ထိုနာရီပေါင်းထက်ပို၍စီမံထားနိုင်သည်။

ည လုပ်များ။

၃၆။ ။ကြော်ငြာထားသည့် ရေနံမြေတွင် ရေနံအလုပ်သမားသည်၊ ညဉ့်သန်းခေါင်ချိန်ထက် ကျော်လွန်၍လုပ်သည့် အလှည့်၌၊ အလုပ်လုပ်လျှင်၊ ထိုသူ့အတွက် နောက် လာမည့် နေ့မှာ၊ ယင်းသို့သော အလှည့်ကုန်သည့် အခါကစ၍၊ နှစ်ဆယ်လေးနာရီ ကာလအပိုင်းအခြားဖြစ်သည်ဟုမှတ်ယူရမည်ပြင်၊ ညဉ့်သန်းခေါင် ချိန်ကျပြီးနောက်၊ထိုသူအလုပ်လုပ်သည့်အချိန်နာရီများကို လွန်ခဲ့သည့်ရက်ထဲသို့ထည့်၍တွက်ရမည်။

သို့ရာတွင် နိုင်ငံတော်သမတသည်၊ သီးခြားကြော်ငြာထားသည့် ရေနံမြေဖြစ်လျှင်၊ နောက်လာမည့်ရက်မှာ ယင်းသို့သောအလှည့် အစပြုသည့် အခါကစ၍ ရေတွက်သော နှစ်ဆယ်လေးနာရီ ကာလအပိုင်းအခြားဖြစ်သည်ကို မှတ်ယူရမည်ဟူ၍၎င်း၊ ညဉ့်သန်းခေါင်မတိုင်မီ အလုပ်လုပ်သည့် အချိန်နာရီများကို နောက်လာမည့် ရက်ထဲသို့ထည့်၍ တွက်ရမည်ဟူ၍၎င်း၊အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

ထပ်နေသော အလှည့်များကို တားမြစ်ခြင်း။

၃၇။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင် တမျိုးတည်းသော အလုပ်၌၊ တချိန်တည်း အလှည့်ကျ လူတစုထက်ပို၍ လုပ်ရန် စီစဉ်ထားသော အလှည့်ကျ လုပ်သည့် စနစ်ဖြင့် အလုပ်မလုပ်ရ။

(၂) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေ တခုခုကိုဖြစ်စေ၊တစိတ်တဒေသကိုဖြစ်စေ၊ပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁) နှင့်သက်ဆိုင်ခြင်းမှကင်းလွတ်စေသည့်နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

လူကြီးရေနံ အလုပ်သမား အတွက် အလုပ်လုပ်ရန် ကာလ အပိုင်းအခြားဆိုင်ရာနို့တစ်စာ။

၃၈။ ။(၁) လူကြီးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများ ဆိုင်ရာ နို့တစ်စာတစောင်ကို၊ သို့တည်းမဟုတ် နို့တစ်စာများကို၊ နေ့စဉ်မည်သည့်ကာလအပိုင်းအခြားတွင် လူကြီးရေနံအလုပ်သမားများအား၊ အလုပ် လုပ်စေမည့်အကြောင်း၊ နေ့တိုင်းအတွက် ရှင်းလင်းစွာဖော်ပြလျက်၊မြင်သာသောနေရာ၊ သို့တည်းမဟုတ် နေရာများတွင် ကပ်ထားရမည့်ပြင်၊ မှန်ကန်စွာလည်းထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ လိုအပ်သည့် နို့တစ်စာများတွင် ဖော်ပြထားသည့်ကာလအပိုင်းအခြားများကို ဤပုဒ်မရှိအောက်ဖော်ပြပါပြဋ္ဌာန်းချက်များနှင့်အညီကြိုတင်သတ်မှတ်ရမည့်ပြင်၊ထိုကာလအပိုင်းအခြားများအတွက် အလုပ်လုပ်နေသည့် ရေနံအလုပ်သမားများမှာ၊ပုဒ်မ ၃၀၊၃၁၊၃၃၊၃၄ နှင့် ၃၅ ရှိပြဋ္ဌာန်းချက်များအနက်ပြဋ္ဌာန်းချက်တခုခုကိုဆန့်ကျင်၍အလုပ်လုပ်ရာမရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ကြော်ငြာထားသည့်ရေနံမြေရှိ လူကြီးရေနံအလုပ်သမားအားလုံးကိုတချိန်တည်းဖြစ်သောကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေလျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင်သည် ထိုကာလအပိုင်းအခြားများကို ယေဘုယျအားဖြင့်ထိုရေနံအလုပ်သမားများအတွက်သတ်မှတ်ရမည်။

(၄) ကြော်ငြာထားသည့် ရေနံမြေရှိလူကြီးရေနံအလုပ်သမားအားလုံးကိုတချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေသည်မဟုတ်လျှင်၊ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင်သည်၊ ထိုရေနံအလုပ်သမားတို့ကို သူတို့၏အလုပ်အမျိုးအစားအလိုက် လူစုများခွဲခြားထားရမည်။

(၅) အလှည့်ကျလုပ်ရသည့်စံနစ်အရ အလုပ်လုပ်ရန်မလိုသည့် လူစုအသီးသီးအတွက် ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာ အလုပ်ရှင်သည် ထိုလူစုအား မည်သည့်ကာလအပိုင်းအခြားအတွင်း အလုပ်လုပ်စေမည်ကို သတ်မှတ်ရမည်။

(၆) လူစုတစုကို အလှည့်ကျလုပ်သည့် နည်းစံနစ်အရ၊ အလုပ်လုပ်စေသည့်ပြင်၊ အလှည့်ကျ လူစုများကိုလည်း ကြိုတင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့် အလှည့်ပြောင်းလဲ၍ အလုပ်မလုပ်စေလျှင်၊ ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာအလုပ်ရှင်သည်၊ ထိုလူစုမှအလှည့်ကျလူစုအသီးသီးအား မည်သည့်ကာလအပိုင်းအခြားများအတွင်းအလုပ်လုပ်စေမည်ကိုသတ်မှတ်ရမည်။

(၇) လူစုဝစုကို အလှည့်ကျလုပ်သည့်နည်းစံနစ်အရ အလုပ်လုပ်စေမည်ဖြစ်သည့်ပြင်၊ အလှည့်ကျလူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအားဖြင့် အလှည့်ပြောင်းလဲ၍ အလုပ်လုပ်စေရမည်ဖြစ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင်သည် ထိုလူစုမှအလှည့်ကျလူတစုအား မည်သည့်ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေမည့် အကြောင်းနှင့်၊ ဆိုင်ရာရက်အတွင်း ဆိုင်ရာအချိန်အခါ၌ အလုပ်လုပ်မည့် ကြိုတင်အလှည့်ကျလူစုကို၊ မည်သည့် ရက်တွင်မဆို ကြိုတင် သိရှိစေနိုင်မည့်စီမံချက်တရပ်ကိုစီစဉ်ရေးဆွဲရမည်။

(၈) နိုင်ငံတော်သမ္မတသည်၊ ပုဒ်မခွဲ (၁) အရ၊ လိုအပ်သည့်နို့တစ်စာကို မည့်သည့်ပုံစံများဖြင့် မည်သို့ထားရှိရမည်ကိုပြဋ္ဌာန်းနိုင်သည်။

(၉) အလုပ်ရှင်သည်၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့နောက်မှ အလုပ်စတင်လုပ်လျှင်၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့် နို့တစ်စာ၏ မိတ္တူနှစ်စောင်ကို ထိုအလုပ်ရှင်စတင်အလုပ်လုပ်သည့်နေ့ရက်မတိုင်မီ အင်စပက်တော်ထံသို့ပေးပို့ရမည်။

(၁၀) ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့်နို့တစ်စာတွင်ပြောင်းလဲရန်လိုအပ်စေမည့် အလုပ်လုပ်သောနည်းစံနစ် ပြောင်းလဲရန်စီမံသည့်အကြောင်း နို့တစ်စာ၏ မိတ္တူနှစ်စောင်ကို ပြောင်းလဲခြင်းမပြုလုပ်မီ၊ အလုပ်ရှင်က အင်စပက်တော်ထံသို့ ပေးပို့ရမည်။ ထို့ပြင် ယင်းသို့ပြောင်းလဲခြင်းကို အင်စပက်တော်၏အခွင့်အမိန့်ကို ကြိုတင်မရဘဲ နောက်ဆုံးပြောင်းလဲခြင်းပြုခဲ့သည့်နေ့ရက်မှ ရက်သတ္တတပတ်မကျော်လွန်မီမပြုလုပ်ရ။

၃၉။ ။အလုပ်ရှင်အသီးသီးသည်—

လူကြီးရေနံ အလုပ် သမားများမှတ်ပုံတင်စာအုပ်။

(က) လူကြီး ရေနံ အလုပ်သမား အသီးသီး၏ အမည်။

(ခ) ယင်းသူလုပ် သည့် အလုပ်အမျိုးအစား။

(ဂ) ထိုသူပါဝင်သည့်လူစုရှိလျှင်၊ထိုလူစု။

(ဃ) ထိုသူပါဝင်သည့်လူစုသည် အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုသူအား မည်သည့်အလှည့်ကျလူစုသို့သတ်မှတ်ချထားကြောင်း။

(င) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများကိုဖေါ်ပြသည့် လူကြီးရေနံ အလုပ်သမားများ မှတ်ပုံတင်စာအုပ်ကို ထားရှိရမည်။ ထိုစာအုပ်ကို အလုပ်ချိန်အတွင်း အင်စပက်တော်ကအချိန်မရွေးကြည့်ရှုနိုင်အောင်ထားရှိရမည်။

သို့ရာတွင်အလုပ်ရှင်ထားရှိသည့်အလုပ်သမားစာရင်းသည်၊သို့တည်းမဟုတ် မှတ်ပုံတင်စာအုပ်သည် ထိုသူခိုင်းစေထားသည့် ရေနံအလုပ်သမားတဦးတယောက်၊ သို့

တည်းမဟုတ် ရေနံအလုပ်သမားအားလုံးနှင့် စပ်လျဉ်း၍၊ ဤပုဒ်မအရ၊ လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံစွာဖော်ပြသည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ ထို အလုပ်သမားစာရင်းကို၊ သို့တည်းမဟုတ် မှတ်ပုံတင်စာအုပ်ကို အဆိုပါအကြောင်း အရာများပါရှိသည်နှင့်အမျှ၊ ထိုအလုပ်ရှင်ခိုင်းစေထားသည့်လူကြီးရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်အစား ထားရှိရမည်ဟူ၍၊ ထိုစာအုပ်ဖြစ်ဘိသကဲ့သို့မှတ်ယူရမည် ဟူ၍ အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ လူကြီးရေနံအလုပ်သမား မှတ်ပုံတင် စာအုပ်ပုံစံ၊ ထိုမှတ်ပုံတင်စာအုပ်ကို ထားရှိရမည့် နည်းလမ်း၊ ထို့ပြင်ထိုမှတ်ပုံတင်စာအုပ်ကို မပျက်မစီးအောင်သိမ်းထားရမည့်ကာလအပိုင်းအခြားကိုပြဋ္ဌာန်းနိုင်သည်။

၄၀။ ။မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ၊ ပုဒ်မ ၃၈ ရှိ ပုဒ်မခွဲ (၁) အရ ပြင်သာအောင် ကပ်ထားသည့် လူကြီးများ အလုပ်လုပ်ရန် ကာလအပိုင်း အခြားများဆိုင်ရာ နို့တစ်စာနှင့်အညီမှ လွဲ၍၊ ထို့ပြင်ပုဒ်မ ၃၉ အရ ထားရှိသည့် လူကြီး ရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်တွင်၊ ထိုသူ၏အမည်နှင့် ယှဉ်လျက် ကြိုတင်ရေးသွင်းထားသည် ရေးသွင်းချက်များနှင့် အညီမှလွဲ၍၊ ကြော်ငြာထားသည့် ရေနံမြေတွင် အခြားနည်းဖြင့် ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

အလုပ် လုပ်သည့် အချိန်နာရီများသည်၊ ပုဒ်မ ၃၈ အရ၊ ကပ်ထားရမည့် နို့တစ်စာ နှင့် ၎င်း၊ ပုဒ်မ ၃၉ အရ ထားရှိရမည့်မှတ်ပုံတင် စာအုပ် နှင့်၎င်း ညီညွတ်စေ ခြင်း။

၄၁။ ။(၁) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့်ရေနံမြေတွင် ကြီးကြပ်ကြည့်ရှုသည့်အလုပ်၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်သည့် အလုပ်လုပ်သူတို့ကို သော်၎င်း၊ လျှို့ဝှက်အပ်သည့် အလုပ်တွင် ခိုင်းစေထားသူကိုသော်၎င်း၊ အမိပ္ပါယ် ဖော်ပြသည့်နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ ပုဒ်မ ၄၃ ရှိ ပုဒ်မခွဲ (၁) အပိုဒ်၊ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ထိုပုဒ်မခွဲရှိခြွင်းချက်မှ လွဲ၍၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များသည် ယင်းသို့သော အဓိပ္ပါယ်ဖော်ပြထားသူ တဦးဘယောက်နှင့်မျှမသက်ဆိုင်စေရ။

ကင်းလွတ်ခွင့် ပြုသည့် နည်းဥပဒေများ ပြုလုပ်ပိုင်ခွင့်အာဏာ။

(၂) နိုင်ငံတော်သမတသည်၊ လူကြီး ရေနံအလုပ်သမားများအတွက် နည်းဥပဒေများပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများသည် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲပြဋ္ဌာန်းထားသည်အတိုင်း—

(က) အရေးတကြီးပြင်ရန် အလုပ်တွင် လုပ်သည့်ရေနံအလုပ်သမားများကို၊ ပုဒ်မ ၃၀၊ ၃၀၊ ၃၂၊ ၃၃၊ ၃၄ နှင့် ၃၅ ရှိပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(ခ) ကန့်သတ်ထားသည့် အလုပ်ချိန်မှ လွန်လျက်လုပ်ရန် လိုအပ်သည့်ကြိုတင်စီမံလုပ်ရသော အလုပ်မျိုးနှင့်ပြည့်စုံစေရန် လုပ်ရသော အလုပ်မျိုးတွင်လုပ်သည့် ရေနံအလုပ်သမားများကို၊ ပုဒ်မ ၃၀၊ ၃၃၊ ၃၄ နှင့် ၃၅ ရှိပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဂ) ကြိုးကြားကြိုးကြားမျှသာ လုပ်ရန်လိုခြင်းကြောင့်၊ အလုပ်သမားများအလုပ်ဝတ်တာရားဆောင်ရွက်နေစဉ် ထိုသူတို့အလုပ်မလုပ်ဘဲနေရသည့်ကြားအချိန်နာရီများမှာ၊ သာမန်အားဖြင့်ပုဒ်မ ၃၄ အရလိုအပ်သည့်အားလပ်ချိန်များထက်ပိုလျှင်၊ ထိုအလုပ်မျိုးတွင်လုပ်သည့်ရေနံအလုပ်သမားများကို ပုဒ်မ ၃၀၊၃၃၊ ၃၄ နှင့် ၃၅ ၌ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဃ) အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့်၊ တရက်ပတ်လုံး အဆက်မပြတ် လုပ်ရမည့်အလုပ်တခုခုတွင် လုပ်သည့် ရေနံအလုပ်သမားများကို၊ပုဒ်မ ၃၀၊၃၁၊၃၃၊၃၄နှင့် ၃၅ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(င) ရေခွေးအိုး ရုံများတွင်ဖြစ်စေ၊ • စက်ခန်းများတွင် ဖြစ်စေလုပ်သည့်၊ သို့တည်းမဟုတ်၊ အားပေးစက်ကိုဖြစ်စေ၊ အားမှုတ်စက်ကိုဖြစ်စေ၊ ကြည့်ရှုလုပ်သည့် ရေနံအလုပ်သမားများကိုပုဒ်မ ၃၀ နှင့် ၃၁ ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(၃) ကင်းလွတ်ခွင့်တခုခုပြဋ္ဌာန်းသည့်ပုဒ်မခွဲ (၂) အရ၊ ပြုလုပ်သောနည်းဥပဒေများသည်၊ နိုင်ငံတော်သမတက သင့်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၃၇ ရှိ ပြဋ္ဌာန်းချက်များမှကင်းလွတ်ခွင့်ပြုရန်ပြဋ္ဌာန်းနိုင်သည်။

(၄) ဤပုဒ်မအရနည်းဥပဒေများပြုလုပ်ရာတွင် နိုင်ငံတော်သမတသည်၊ ရေနံအလုပ်သမားအမျိုးအစား အားလုံးအတွက်၊ ရက်သတ္တတပတ်တွင် အများဆုံးအလုပ်လုပ်သည့်အချိန်နှင့်စပ်လျဉ်း၍၊ ကန့်သတ်ချက်များနှင့်မဆန့်ကျင်ရ။

(၅) ဤပုဒ်မအရ ပြုလုပ်သည့်နည်း ဥပဒေများမှာ၊ သုံးနှစ်ထက်ပို၍အာဏာမတည်စေရ။

(၆) နိုင်ငံတော်သမတသည်၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှါ၊ သင့်သည်ထင်မြင်သည့်အတိုင်း၊ အခြားကိစ္စတခုခုအတွက် ပြဋ္ဌာန်းရန် နည်းဥပဒေများပြုလုပ်နိုင်သည်။

ကင်းလွတ်ခြင်း ပြုသည့် အမိန့်များ ပြုလုပ်ပိုင်ခွင့်အာဏာ။

၄၂။ ။(၁) လုပ်သည့် အလုပ် အမျိုးအစားကြောင့်သော်၎င်း၊ အခြားအကြောင်းအချက်များကြောင့်သော်၎င်း၊ လူကြီးရေနံအလုပ်သမားများ အလုပ်လုပ်သည့် အချိန်ကာလအပိုင်းအခြားများကို၊ ကြိုတင်၍သတ်မှတ်ရန်မသင့်ဟုနိုင်ငံတော်သမတက ထင်မြင်လျှင်၊ နိုင်ငံတော် သမတသည်၊ မိမိသင့်လျော်သည့် ထင်မြင်သမျှ၊ သင့်လျော်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း၊ အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို၊ ထိရောက်စွာ ကြီးကြပ်အုပ်ချုပ်နိုင်ရန် မိမိသင့်သည်

ထင်မြင်သောစည်းကမ်းချက်များကိုထားလျက်၊ ထိုအလုပ်သမားများနှင့် စပ်လျဉ်း၍၊ ပုဒ်မ ၃၀ ရှိပြဋ္ဌာန်းချက်များကို၊ အမိန့်စာဖြင့်လျှော့ပေါ့အတည်ပြုနိုင်သည်၊သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

(၂) နိုင်ငံတော်သမ္မတကသော်၎င်း၊ နိုင်ငံတော်သမ္မတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍၊ အင်စပက်တော်ကသော်၎င်း၊ ကြော်ငြာထားသည့်ရေနံမြေအား၊သို့တည်းမဟုတ် ထိုရေနံမြေ၏တစိတ်တဒေသအား၊ အထူးသဖြင့်များပြားလှသောအလုပ်များကို လုပ်နိုင်စေရန်အလို့ငှါ၊ ကင်းလွတ်ခွင့်ပြုရန် လိုအပ်သည်ဟူသောအကြောင်းကြောင့်၊ ကြော်ငြာထားသည် ရေနံမြေတွင် လုပ်သည့်လူကြီး ရေနံအလုပ်သမားတဦးတယောက်၊သို့တည်းမဟုတ် လူကြီးရေနံအလုပ်သမားအားလုံးကို၊နိုင်ငံတော်သမ္မတက၊ သို့တည်းမဟုတ် အင်စပက်တော်ကသင့်သည်ဟုထင်မြင်သည့် စည်းကမ်းချက်များထား၍ပုဒ်မ ၃၀၊၃၁၊၃၃၊၃၄၊၃၅ နှင့် ၃၈ ရှိပြဋ္ဌာန်းချက်တခုခုမှ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်အားလုံးမှ အမိန့်စာဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) ရက်သတ္တတပတ်လျှင် အလုပ်လုပ်သည့်အချိန်နှင့် စပ်လျဉ်း၍၊ ပုဒ်မခွဲ (၂) အရ၊ ခွင့်ပြုသည့်ကင်းလွတ်ချက်သည်၊ ပုဒ်မ ၄၁ ရှိပုဒ်မခွဲ (၄) အရပြဋ္ဌာန်းထားသည့်အများဆုံးအချိန်ကန့်သတ်ချက်များနှင့်မဆန့်ကျင်စေရ။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်သည့်အမိန့်သည်၊ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့်ကာလအပိုင်းအခြားမျှသာအတည်ဖြစ်ရမည်။ သို့ရာတွင်အလုပ်ရှင်အား၊ ထိုအမိန့်ထုတ်ဆင့်ကြောင်းနို့တစ်စာပေးသည့်နေ့မှစ၍ နှစ်လထက်ပို၍အတည်မဖြစ်စေရ။

သို့ရာတွင်ပြည်သူ့အကျိုးငှါ၊လိုအပ်သည်ဟုနိုင်ငံတော်သမ္မတကထင်မြင်သဘောရှိလျှင်၊နိုင်ငံတော်သမ္မတသည်၊ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ ထိုအမိန့်အတည်ဖြစ်သည့်ကာလအပိုင်းအခြားကို အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့်ကာလအပိုင်းအခြားအထိ အခါအားလျော်စွာတိုးမြှင့်ပေးနိုင်သည်။ ထိုသို့တိုးမြှင့်သောကာလအပိုင်းအခြားသည်တကြိမ်လျှင်ခြောက်လထက်မပိုစေရ။

၄၃။ ။(၁) ဤအခန်းရှိပြဋ္ဌာန်းချက်များကို ကြော်ငြာထားသည့် ရေနံမြေတွင် လုပ်သည့်မိန်းမ ရေနံအလုပ်သမားနှင့် သက်ဆိုင်စေရာတွင်၊ အောက်ပါနောက်ထပ်ကန့်သတ်ချက်များဖြင့် ထပ်ဖြည့်စွက်ရမည်။

မိန်းမများ ခိုင်းစေခြင်းနှင့်စပ်လျဉ်း၍၊နောက်ထပ်ကန့်သတ်ချက်များ။

(က) မိန်းမတိုင်းနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၃၃ ရှိပြဋ္ဌာန်းချက်များမှကင်းလွတ်ခွင့်မပြုရ။

(ခ) ညနေ ခြောက်နာရီမှ နံနက် ခြောက်နာရီထိ အချိန်အတွင်း မည်သည့် မိန်းမကိုမျှ ကြော်ငြာထားသည့်ရေနံမြေတွင် မခိုင်းစေရ။ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။ ထို့ပြင်

(ဂ) (၁) ကြော်ငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသောမိန်းမအားလုံးအတွက် အလုပ်လုပ်ချိန်ကာလအပိုင်းအခြားမှာအတူတူပင်ဖြစ်မည်။ ထို့ပြင်

ရှင်းထင်းချက်။ ။ဤပုဒ်မအရ ပေးရမည့် အခပိုကို တွက်ချက်ရန်အလို့ငှါ၊ ''အခ'' ဆိုသည်မှာ၊ မည်သည့်စရိတ်မျှမပါသောအခသက်သက်ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း ဂ။

### အခမပျက်ခွင့်ရက်များ။

၄၅။ ။(၁) သာမန်အားဖြင့် တနှစ်လျှင် အလုပ်လုပ်ရက် တရာ့ရှစ်ဆယ်အောက်လျော့၍ လုပ်သည့်လုပ်ငန်းအတိုင်း နေ့စဉ်ရသည့် အလုပ်တွင်၊ လုပ်သူများနှင့် ပတ်သက်ထမျှ၊ဤအခန်းရှိ ပြဋ္ဌာန်းချက်များသည် ကြေငြာထားသည့် ရေနံမြေနှင့် မသက်ဆိုင်စေရ။

ဤအခန်းနှင့်သက်ဆိုင်စေခြင်း။

(၂) ဤအခန်းရှိ ပြဋ္ဌာန်းချက်များသည်၊ အခြားတရားဥပဒေအရဖြစ်စေ၊ အမှုထမ်းဆိုင်ရာဆုံးဖြတ်ချက်၊သဘောတူညီချက်၊သို့တည်းမဟုတ် ပဋိညာဉ်ပါစည်းကမ်းချက်များအရဖြစ်စေ၊ ရေနံအလုပ်သမား တဦးတယောက်ရထိုက်သည့် မည်သည့်အခွင့်အရေးကိုမျှမထိခိုက်စေရ။

(၂) အထူးအကြောင်းများကြောင့် အင်စပက်တော်က ခွင့်ပြုသည့် အခါမှတပါး၊ မိန်းမအလုပ်သားတို့၏ အလုပ်လုပ်ချိန်ကာလ အပိုင်းအခြားကို၊ ပြက္ခဒိန်လ မည်သည့်လတွင်မဆို၊ တကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

အချိန်ပိုလုပ်ရသည့်အတွက် အခပို။

၄၄။ ။(၁) ရေနံ အလုပ်သမား တဦးတယောက်သည်၊ ကြော်ငြာ ထားသည့် ရေနံမြေတွင်၊ ပုဒ်မ ၃၀ နှင့် ၃၃ တွင် သတ်မှတ်ထားသည့် အချိန်ထက်ပို၍ လုပ်ရလျှင် ထိုသူသည်မိမိ အချိန်ပို လုပ်ရသည့်အတွက် မိမိသာမန်ရရှိသည့် အခနှုန်း၏ နှစ်ဆရစေရမည်။

(၂) ရေနံအလုပ်သမားတဦးတယောက်သည်၊ အသိအမှတ်ပြုထားသည့်သာမန်အလုပ်ပိတ်ရက်၌ အလုပ်လုပ်ရလျှင်၊ ထိုသူသည် မိမိလုပ်ရသည့်အချိန်နာရီအတွက်၊ မိမိသာမန်ရရှိသည့် အခနှုန်း၏နှစ်ဆရစေရမည်။

(၃) ရေနံအလုပ်သမားများကို ပုတ်ပြတ်နှုန်းပေါ်တွင် အခြေပြု၍ အခပေးလျှင်၊ နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းသည့် အလုပ်သမားဆိုင်ရာ တွဲဘက်အကြံပေးအဖွဲ့နှင့်တိုင်ပင်၍၊ ဤပုဒ်မအလို့ငှါ၊ အချိန်နာရီအလိုက် အခနှုန်းများကို၊ ထိုအလုပ်သမားများလုပ်၍ရသည့် ငွေ၏ပျမ်းမျှ နှုန်းနှင့် တူညီနိုင်သမျှတူညီအောင် သတ်မှတ်ရမည့်ပြင်၊ ယင်းသို့သတ်မှတ်သည့်အခနှုန်းများသည်၊ ထိုရေနံအလုပ်သမားများ၏ သာမန်အခနှုန်းများဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၄) နိုင်ငံတော်သမတသည်၊ ဤပုဒ်မရှိပြဋ္ဌာန်းချက်များကို လိုက်နာစေရန်အလို့ငှါ၊ ကြော်ငြာထားသည့်ရေနံမြေတွင် ထားရှိရမည့်မှတ်ပုံတင်စာအုပ်များ ပြဋ္ဌာန်းနိုင်သည်။

၄၆။ နှစ်စဉ်ခွင့်ရက်များ။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင်၊အဆက်မပြတ်ဆယ့်နှစ်လပြည့်အောင် လုပ်ပြီးသည့် ရေနံအလုပ်သမား အသီးသီးကို၊ နောက်လာမည့် ဆယ့်နှစ်လ အတွင်း ခွင့်ရက် ဆယ်ရက်၊ သို့တည်းမဟုတ် အလုပ်သမားသည် ကလေးဖြစ်လျှင်၊ ဆယ့်လေးရက် တဆက်တည်း ခွင့်ပြုရမည်။ထို ခွင့် ရက်များတွင်၊ ပုဒ်မ ၃၂၊ ပုဒ်မ ခွဲ (၁) အရခွင့်ရက်တရက်၊သို့တည်း မဟုတ် ခွင့်ရက်များ ရခွင့်ရှိပါက၊ ထိုခွင့်ရက်များလည်းအပါအဝင်ဖြစ်သည်။ သို့ရာတွင် ရေနံအလုပ်သမားကို ခြောက်လပြည့်ပြီးနောက် ဆက်လက်မခိုင်းလျှင်၊ ထိုရေနံအလုပ်သမားသည် နှစ်စဉ်ခွင့်ရက်အစားအချိုးကျအခရထိုက်စေရမည်။

(၂) ရေနံအလုပ်သမားသည်၊ ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့်ခွင့်ရက်အားလုံးကို၊ ဆိုခဲ့သည့်ဆယ့်နှစ်လ အပိုင်းအခြားအတွင်းမယူလျှင်၊ သူမယူသည့်မည်သည့်ခွင့်ရက်များကိုမဆို၊ ပုဒ်မခွဲ (၁) အရနောက်လာမည့်ဆယ့်နှစ်လကာလ အပိုင်းအခြားအတွင်း ခွင့်ပြုမည့် ခွင့်ရက်များနှင့်ပေါင်းရမည်။ သို့ရာတွင်နောက်လာမည့်ဆယ့်နှစ်လကာလ အပိုင်းအခြားသို့ ကူးပြောင်းယူလာသည့်ခွင့်ရက်စုစုပေါင်းသည်ဆယ်ရက်၊ သို့တည်းမဟုတ် ကလေးဖြစ်လျှင် ဆယ်လေးရက်ထက်မပိုစေရ။

သို့ရာတွင်သာမန်အားဖြင့်၊ ကလေးတယောက်သည် မိမိ၏ခွင့်ရက်များကို နှစ်စဉ်ယူရမည်။ အင်စပက်တော်၏ အခွင့် အမိန့်ဖြင့်သာ ခွင့်ရက်များကို နောက်လာမည့်နှစ်သို့ကူးပြောင်းယူနိုင်သည်။

(၃) ပုဒ်မခွဲ (၁) အရ ခွင့်ရက်များရထိုက်သော ရေနံအလုပ်သမားကို၊ခွင့်ရက်များမယူသေးမီ၊ မိမိ၏အလုပ်ရှင်ကအလုပ်မှထုတ်လျှင်၊သို့တည်းမဟုတ် မိမိအလုပ်မှထွက်လျှင်ဖြစ်စေ၊ ထိုရေနံအလုပ်သမားက ခွင့်ရက်များကို လျှောက်တောင်းရာ၊ မပေးဘဲ ငြင်းပယ်သည့်အတွက်၊မိမိအား ခွင့်ရက်များ ခွင့်မပြုသေးမီ၊ အလုပ်မှထွက်လျှင်ဖြစ်စေ၊ အလုပ်ရှင်က ခွင့်ရက်များနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၇ အရ ပေးရန်ရှိသည့်ငွေပေါင်းကို ရေနံအလုပ်သမားအားပေးရမည်။

<u>ရှင်းလင်းချက်။</u> ။ဖျားနာ၍၊ မတော်တဆထိခိုက်၍၊ သို့တည်းမဟုတ် ဥပဒေအရ ခွင့်ပြုသည့်အားလပ်ခွင့်ရ၍၊ ဆယ့်နှစ်လအတွင်း အလုပ်ပျက်သောရက်များမှာ၊ ထိုအကြောင်းသုံးရပ်စလုံးအတွက် ရက်ပေါင်းကိုးဆယ်ထက် မပိုလျှင်ဖြစ်စေ၊ အလုပ်ခွင်သို့ဝင်ခွင့်မရသောကြောင့်၊ သို့တည်းမဟုတ် မတရားအလုပ်ရပ်စဲခြင်းမဟုတ်သည့် အလုပ်ရပ်စဲခြင်းကြောင့်၊ ထိုဆယ့်နှစ်လအတွင်း အလုပ်ပျက်ကွက်လျှင် ဖြစ်စေ၊ ကြိုးကြားကြိုးကြားလုပ် ရသဖြင့် ထိုဆယ့်နှစ်လအတွင်း၊ မိမိသဘော အလျောက် မဟုတ်ဘဲ အလုပ်လက်မဲ့ဖြစ်ရသည့်ရက်စုစုပေါင်းမှာ သုံးဆယ်ထက်မပိုလျှင်ဖြစ်စေ၊ ယင်းသို့သော အကြောင်းများကြောင့် အလုပ် ပျက်ကွက်စေကာမူ၊ ရေနံ အလုပ်သမား တဦးတယောက်သည်၊ကြော်ငြာထားသည့်ရေနံမြေတွင်ဆယ့်နှစ်လပြည့်အောင် အဆက်မပြတ်အလုပ်လုပ် ပြီးဖြစ်သည်ဟူ၍ မှတ်ယူရမည်။ ထို့ပြင်ဥပဒေအရခွင့်ပြုသည့် အားလပ်ခွင့်တွင် ထိုအားလပ်ခွင့်ကြောင့် အလုပ်ပျက်သည့် ကာလအပိုင်းအခြား အစ၊ သို့တည်းမဟုတ် အဆုံးရက်၌ ကျရောက်သည့် ပုဒ်မ ၃၁ အရ ခွင့်ပြုသော ရက်သတ္တပတ် အလုပ်ပိတ်ရက်တရက်ရက်ပါဝင်သည်ဟု မမှတ်ယူရ။ ဥပဒေအရခွင့်ပြုသည့်အားလပ်ခွင့်ရက်ပေါင်း၊ သို့တည်းမဟုတ် မိမိသဘောအလျောက်မဟုတ်ဘဲ အလုပ်လက်မဲ့ဖြစ်

ရယည့်ရက်ပေါင်းကို ရေတွက်ရာ၌၊ အခြားအက်ဥပဒေအရ၊ သို့တည်းမဟုတ် နည်းဥပဒေများအရ၊ ရေနံအလုပ်သမားတယောက်အား ခွင့်ပြုသည့် အားလပ်ရက်ကိုထည့်သွင်းရေတွက်ခြင်းမပြုရ။

**နှစ်စဉ် အလုပ်ပိတ်ရက်များ အတွင်းရရှိသည့်အခ။**

၄၇။ ။ပုဒ်မ ၃၁၊ ပုဒ်မခွဲ (၁) အရ ေရနံအလုပ်သမားတဦးဦး ရထိုက်သည့်ခွင့် ရက်တရက်၊သို့တည်းမဟုတ်ခွင့်ရက်များရှိလျှင်၊ ထိုရက်များနှင့်ငပ်လျဉ်းသည့် စည်းကမ်းချက်များကို မထိခိုက်စေဘဲ၊ ရေနံအလုပ်သမားကို ပုဒ်မ ၄၆ အရ သူ့အားခွင့်ပြုသည့်ခွင့်ရက်များအနက်၊ ကျန်ရှိသေးသောခွင့်ရက်များအတွက် အခပေးရမည်။ ကိုသို့ပေးရမည့်အခမှာ အချိန်ပိုလုပ် ရသည့် အတွက် ရရှိသည့်အခများမပါဘဲ၊ လွန်ခဲ့သည့်သုံးလအတွင်း ထိုသူစစ်စစ်လုပ် ရသည့်ရက်များအတွက်၊ အခပေးခြင်း အက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် အတိုင်း ပေးရသောအခများ၏ နေ့စဉ်ပျမ်းမျှရငွေနှင့်ညီတူသောနှုန်းအတိုင်းဖြစ်ရမည်။

**အခကိုကြိုတင်ထုတ်ပေးခြင်း။**

၄၈။ ။ပုဒ်မ ၄၆ အရ ခွင့်ရက်များရသော ရေနံအလုပ်သမားကို၊သူ၏အားလပ်ခွင့်ရက်များမစမီ ခွင့်ပြုသည့်ခွင့်ရက် ကာလအပိုင်းအခြားအတွက်ရယင့်သော အခစုစုပေါင်း၏ ထက်ဝက် ပေးရမည်။

**ရေနံအလုပ်သမားကိုယ်စား ဆောင်ရွက်ရန် အင်စပက်တော်၏အာဏာ။**

၄၉။ ။အင်စပက်တော်သည်၊ ဤအခန်းအရ အလုပ်ရှင်က ပေးမည်ဖြစ်သောလည်း၊ မပေး ဘဲထားသည့် မည်သည့် ငွေကိုမဆို ရယူရန်၊ ရေနံအလုပ်သမား၏ကိုယ်စား ၁၉၃၆ ခုနှစ် လုပ်ခကြေးငွေပေးရေးအက်ဥပဒေအရ တရားစွဲဆိုနိုင်သည်။

**နည်းဥပဒေများ ပြုလုပ်ရန်အာဏာ။**

၅၀။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များအတိုင်း၊ လိုက်နာဆောင်ရွက်စေရန်အလို့ငှါ၊ နည်းဥပဒေများပြုလုပ်နိုင်သည်။

(၂) အထက် ဆိုခဲ့သည့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်မစေဘဲ၊ပြဋ္ဌာန်းထားသည့် အကြောင်းအရာများဖေါ်ပြသည့် မှတ်ပုံတင် စာအုပ်များကို အလုပ်ရှင်များကထားရှိရန် ပြဋ္ဌာန်းသော နည်းဥပဒေများနှင့် ထိုမှတ်ပုံတင် စာအုပ်များကို၊ အင်စပက်တော် ကြည့်ရှုစစ်ဆေးရန်အတွက် ရလွယ်အောင်ထားရှိရန် ပြဋ္ဌာန်းသောနည်းဥပဒေများကို ဤပုဒ်မအရပြုလုပ်နိုင်သည်။

**ကြော်ငြာထားသည့်ရေနံမြေများကို ကင်းလွတ်စေရန်အာဏာ။**

၅၁။ ။ကြော်ငြာထားသည့် ရေနံမြေတွင်လုပ်သော အလုပ်သမားများနှင့် သက်ဆိုင်သည့် အားလပ်ခွင့်နည်းဥပဒေများသည်၊ ဤအခန်း၌ ပြဋ္ဌာန်းထားသည့် အကျိုးကျေးဇူးများကဲ့သို့ပင်၊ ကောင်းမွန်သော အကျိုးကျေးဇူးကို ပြဋ္ဌာန်းထားသည်ဟု၊ နိုင်ငံတော်သမတက ကျေနပ်လျှင်၊ နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေကို အမိန့်စာဖြင့်၊ ထိုအမိန့်စာတွင် သီးခြားဖေါ်ပြသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်အားလုံးမှ ဖြစ်စေ၊ ပြဋ္ဌာန်းချက်တခု ခု မှဖြစ်စေ ကင်းလွတ်စေနိုင်သည်။

## အခန်း ၉။

### လူငယ်များခိုင်းစေခြင်း။

ငယ်ရွယ်သော ကလေးများခိုင်းစေခြင်းကိုပားမြစ်ခြင်း။

၅၂။ ။အသက်ဆယ့်သုံးနှစ်မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

အထိမ်းအမှတ် များကို လူကြီးအလုပ်သမားမဟုတ်သည့် ရေနံ အလုပ်သမားများက ဆောင်ထားရခြင်း။

၅၃။ ။အသက် ဆယ့်သုံးနှစ် ပြည့်ပြီးသည့် မည်သည့်ကလေးကိုမျှ၊ သို့တည်းမဟုတ် မည်သည့်လူရွယ်ကိုမျှ—

(က) ပုဒ်မ ၅၄ အရ၊ ထိုသူအား ရည်ညွှန်း၍ ထုတ်ပေးသည့် အလုပ်လုပ် ရန်သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်ကို အလုပ်ရှင်က သိမ်းဆည်းမထားလျှင်၊ ထို့ပြင်

(ခ) ထိုသူသည်၊ မိမိအလုပ်လုပ် နေစဉ်၊ ယင်းသို့သော တာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့် အထိမ်းအမှတ်ကို ဆောင်မထားလျှင် ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ် ခွင့်မပြုရ။

အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်များ။

၅၄။ ။(၁) တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်လိုသည့် လူငယ်ကဖြစ်စေ၊ ထိုသူ၏ ပိဘက၊ သို့တည်းမဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ထိုသူကို ခိုင်းစေလိုသည့် အလုပ်ရှင်ကဖြစ်စေ လျှောက်ထားလျှင်၊ ယင်းသို့သော အလုပ်ကိုထိုသူလုပ်ရန်သင့်လျော်သည် မသင့်လျော်သည်ကိုအမှန်သိရှိရအောင် ထိုသူကိုစမ်းသပ်စစ်ဆေးရမည်။

(၂) တာဝန်ခံလက်မှတ် ပေးသည့်ဆရာဝန်သည်၊ စမ်းသပ်စစ်ဆေးခြင်းပြုပြီးကာလ၊ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်ရေးသားသောအောက်ပါတာဝန်ခံလက်မှတ်ကိုထိုသူအား ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးနိုင်သည်။

(က) ထိုလူငယ်သည်၊ အသက် ဆယ့်သုံးနှစ်ပြည့်ပြီးဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့်ကာယဗလ အဆင့်အတန်းများသို့ရောက်ရှိပြီးဖြစ်ကြောင်း၊ ထို့ပြင်ယင်းသို့သောအလုပ်ကိုထိုလူငယ်လုပ်ရန်သင့်လျော်ကြောင်းများဖြင့် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်က ကျေနပ်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် ကလေးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

(ခ) ထိုလူငယ်သည်၊ အသက်ဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်၍၊ ကြော်ငြာထားသည့် ရေနံမြေတွင် တရက်လုံးအတွက်အလုပ်လုပ်ရန် သင့်လျော်ကြောင်းဖြင့်တာဝန်ခံ လက်မှတ်ပေးသည့် ဆရာဝန်က ကျေနပ်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် လူကြီးအဖြစ်အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

သို့ရာတွင် တာဝန်ခံ လက်မှတ် ပေးသည့် ဆရာဝန် သည်၊ လူငယ်အလုပ်လုပ် ရန်ကြံရွယ်သည့်နေရာနှင့်၊ ထိုသူ့ကိုခိုင်းစေမည့် အလုပ်အကြောင်းကို ကိုယ်တိုင်သိရှိပြီးမဟုတ်လျှင်၊ ထိုနေရာကိုစစ်ဆေးပြီးမှသာလျှင် ပုဒ်မခွဲ (၁) အရ၊ တာဝန်ခံလက်မှတ်ကိုထုတ်ပေးရမည်။ သို့တည်းမဟုတ်အသစ်လဲလှယ်ပေးရမည့်။

(၃) (က)၊ ပုဒ်မခွဲ (၂) အရ၊ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့်၊ တာဝန်ခံလက်မှတ်သည်၊ ထုတ်ပေးသည့်နေ့မှစ၍ဆယ့်နှစ်လအတွက်သာအတည်ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (၂) အရ၊ ထုတ်ပေးသည့်၊ သို့တည်းမဟုတ်၊ အသစ်လဲလှယ်ပေးသည့်တာဝန်ခံလက်မှတ်ကို၊ ခိုင်းစေခံရမည့်လူငယ်နှင့်ပတ်သက်သည့် အလုပ်အမျိုးအစားနှင့်စပ်လျဉ်း၍၊ စည်းကမ်းချက်များထား၍ ထုတ်ပေးနိုင်သည်။ သို့တည်းမဟုတ် ဆယ့်နှစ်လမစေ့မီလူငယ်ကို ပြန်လည်စမ်းသပ်စစ်ဆေးရမည်ဟု တာဝန်ခံလက်မှတ်တွင် စည်းကမ်းချက်ထည့်သွင်းရေးသားနိုင်သည်။

(၄) ပုဒ်မခွဲ (၂) အရ၊ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် သက်သေခံလက်မှတ်ရရှိသူသည်၊ ထိုလက်မှတ်တွင် ရေးသား ဖော်ပြထားသည့်အတိုင်းကလေး၊ သို့တည်းမဟုတ်လူကြီးအဖြစ်ဖြင့်ကြော်ငြာထားသည့်ရေနံမြေတွင် ဆက်လက်အလုပ်လုပ်ရန်မသင့်လျော်တော့ကြောင်း တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်ကထင်မြင်သဘောရရှိလျှင်၊ ဆရာဝန်သည်တာဝန်ခံလက်မှတ်ကိုရုပ်သိမ်းရမည်။

(၅) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ တာဝန်ခံ လက်မှတ်ကိုဖြစ်စေ၊ တောင်းဆိုသည့်တာဝန်ခံလက်မှတ်မျိုးကိုဖြစ်စေ၊ ထုတ်ပေးရန်၊ သို့တည်းမဟုတ်အသစ်လဲလှယ်ပေးရန် ငြင်းဆိုလျှင်သော်၎င်း၊ ရုပ်သိမ်းလျှင်သော်၎င်း၊ တာဝန်ခံလက်မှတ်တောင်းဆိုပိုင်ခွင့်ရှိသူက မည်သည့်အကြောင်းကြောင့်ယင်းသို့ငြင်းဆိုသည်၊ သို့တည်းမဟုတ်ရုပ်သိမ်းသည်ကိုဖော်ပြရန် ဆရာဝန်အားတောင်းဆိုလျှင်၊ ထိုအကြောင်းများကိုရေးသားဖော်ပြရမည်။

(၆) ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) တွင် ရည်ညွှန်းထားသည့် စည်းကမ်းချက်များထားလျက်၊ တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်ကလူငယ်နှင့် စပ်လျဉ်း၍၊ ဤပုဒ်မအရတာဝန်ခံလက်မှတ်ကိုထုတ်ပေးလျှင်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးလျှင်၊ ထိုလူငယ်ကိုစည်းကမ်းချက်များနှင့်အညီမှလွဲ၍ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၇) ဤပုဒ်မအရ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်အတွက် ပေးဆောင်ရမည့်အခငွေကို၊ ဆိုင်ရာအလုပ်ရှင်က ပေးဆောင်ရမည်။ လူငယ်ထံမှ ဖြစ်စေ၊ သူ၏မိဘထံမှဖြစ်စေ၊ အုပ်ထိန်းသူထံမှဖြစ်စေမတောင်းဆိုရ။

၅၅။ လူရွယ်သို့ ထုတ်ပေးသည့် လက်မှတ်၏ အကျိုး။

။(၁) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) အရ ကြော်ငြာထားသည့် ရေနံမြေတွင် လူကြီး အဖြစ် အလုပ်လုပ် ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် ရသည့်ပြင်၊ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ် နေစဉ်၊ ထို တာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့် အထိမ်း အမှတ် ကိုလည်း ဆောင်ထားသည့် လူရွယ်သည်၊ အခန်း ၇ နှင့် ၈ ပါ ကိစ္စ အားလုံးအလို့ငှါ လူကြီးဖြစ်သည်ဟူ၍မှတ်ယူရမည်။

(၂) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၂) ၊အပိုဒ် (ခ) အရကြော်ငြာထားသည့်ရေနံမြေတွင် လူကြီးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် မရသည့်လူရွယ်သည်၊ အသက်မည်မျှပင်ရှိစေကာမူ၊ ဤအက်ဥပဒေအလို့ငှါ ကလေးဖြစ်သည်ဟူ၍မှတ်ယူရမည်။

၅၆။ ကလေးများအလုပ်လုပ်သည့်အချိန်။

။(၁) မည်သည့်ကလေးကိုမျှ၊ ကြော်ငြာထားသည့်ရေနံမြေ၌—

(က) မည်သည့်ရက်တွင်မဆိုပေါင်းလေးနာရီထက်ပို၍မခိုင်းစေရ၊ သို့တည်း မဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ခ) ညနေခြောက်နာရီမှနံနက်ခြောက်နာရီထိ အချိန်အတွင်းမခိုင်းစေရ၊ သို့တည်းမဟုတ်အလုပ်လုပ်ခွင့်မပြုရ။

(၂) ကလေးအားလုံးတို့၏အလုပ်လုပ်ချိန်ကာလအပိုင်းအခြားကို၊အလှည့်ချင်းမထပ်သော အလှည့်နှစ်လှည့်သာကန့်သတ်ထားရမည့်ပြင်၊တလှည့်လျှင်လည်း လေးနာရီထက်မပိုစေရ။ အလုပ်ရှင်ခိုင်းစေသည့်ကလေးအသီးသီးကိုအလှည့်ကျလူစုတွင်သာခိုင်းစေရမည်။ ထို့အပြင်ခိုင်းစေခံရသောကလေး ပါဝင်လုပ်ကိုင်သော အလှည့်ကျလူစုကို၊ အင်စပက်တော်၏သဘောတူညီချက်မရရှိဘဲ၊ တလလျှင် တကြိမ်ထက်ပို၍ပြောင်းလဲခြင်းမပြုရ။

(၃) ပုဒ်မ ၃၁ ရှိပြဋ္ဌာန်းချက်သည် ကလေးအလုပ်သမားများနှင့်လည်း သက်ဆိုင်စေရမည်၊ ထို့ပြင်ကလေးနှင့်ပတ်သက်၍ ထိုပုဒ်မရှိပြဋ္ဌာန်းချက်မှကင်းလွတ်ခွင့်မပြုရ။

(၄) မည်သည့်ကလေးကိုမျှ၊ အလုပ်ရှင်တဦးလက်အောက်၌ အလုပ်လုပ် ပြီးဖြစ်သောရက်တွင်၊ အခြားအလုပ်ရှင်လက်အောက်၌ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ် ခွင့်မပြုရ။

၅၇။ ကလေးများအလုပ်လုပ်ရန် ကာလအပိုင်း အခြားဆိုင်ရာနို့တစ်စာ။

။(၁) ကလေးများအလုပ်လုပ် ရန် ကာလအပိုင်းအခြားဆိုင်ရာနို့တစ်စာတစောင်ကို၊ နေ့စဉ် မည်သည့် ကာလအပိုင်းအခြားတွင်ကလေးများအား အလုပ် လုပ်စေမည်၊ သို့တည်းမဟုတ် အလုပ် လုပ်ခွင့် ပြုမည့်အကြောင်း ရှင်းလင်းစွာဖော်ပြလျက်၊ ပုဒ်မ ၇၆၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ကလေးများကိုခိုင်းစေသည့် ကြော်ငြာထားသည့်ရေနံမြေတွင်၊ မြင်သာအောင်ကပ်ထားရမည့်အပြင်၊ မှန်ကန်စွာလည်း ထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊လိုအပ်သည့်နို့တစ်စာတွင်၊ ဖေါ်ပြထားသည့် ကာလအပိုင်းအခြားများကို ပုဒ်မ ၃၀ တွင်၊လူကြီးများအတွက်ပြဋ္ဌာန်းသည့်နည်းလမ်းနှင့် အညီကြိုတင်သတ်မှတ်ရမည့်အပြင်၊ ထိုကာလအပိုင်းအခြားများအတွက်၊ အလုပ်လုပ်နေသည့် ကလေးများသည်၊ ပုဒ်မ ၅၆ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍၊ အလုပ်လုပ်ရာမရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၉) နှင့် (၁၀) ရှိ ပြဋ္ဌာန်းချက်များသည်၊ ဤပုဒ်မ၏ပုဒ်မခွဲ (၁) အရ လိုအပ်သည့်နို့တစ်စာနှင့်လည်းသက်ဆိုင်စေ့မည်။

(၄) နိုင်ငံတော်သမတသည်၊ကလေးများအလုပ်လုပ်ရန်ကာလအပိုင်းအခြားများဆိုင်ရာ နို့တစ်စာအတွက် ပုံစံများနှင့် ထိုနို့တစ်စာကို ထားရှိရမည့်နည်းလမ်းကို၊ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုလုပ်နိုင်သည်။

၅၈။ ။(၁) ကလေးများကိုခိုင်းစေသည့် အလုပ်ရှင်အသီးသီးသည်—

*ကလေး ရေနံအလုပ်သမားများ၊ မှတ်ပုံတင် စာအုပ်။*

(က) ကလေး ရေနံအလုပ်သမား အသီးသီး၏အမည်၊

(ခ) ထိုကလေးလုပ်သည့် အလုပ် အမျိုးအစား၊

(ဂ) ယင်းကလေးပါဝင်သည့် လူစုရှိလျှင်၊ယင်းလူစု၊

(ဃ) ထိုကလေးပါဝင်သည့်လူစုသည်၊ အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုကလေးအားမည်သည့် အလှည့်ကျလူစုသို့ သတ်မှတ်ချထားကြောင်း၊

(င) ပုဒ်မ ၅၄ အရ ထုတ်ပေးသည့်၊ထိုကလေး၏ အလုပ်လုပ်ရန် သင့်လျော်ကြောင်းကာဝန်ခံလက်မှတ်၏အမှတ်၊ ထို့ပြင်

(စ) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများကို ဖေါ်ပြသည့်ကလေး အလုပ်သမားများ မှတ်ပုံတင် စာအုပ်ကို ထားရှိရမည့်ပြင်၊ ထိုစာအုပ်ကို အလုပ်ချိန်အတွင်း အင်စပက်တော်က အချိန်မရွေးကြည့်ရှုနိုင်ရန်တာဝန်ရှိရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကလေးရေနံ အလုပ်သမားများမှတ်ပုံတင်စာအုပ်ပုံစံ၊ ထိုမှတ်ပုံတင် စာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံတင်စာအုပ်ကို မပျက်မစီးအောင် သိမ်းထားရမည့် ကာလအပိုင်းအခြားကိုပြဋ္ဌာန်းနိုင်သည်။

*အလုပ် လုပ် သည့်အချိန်နာရီများသည်၊ ပုဒ်မ ၅၇ အရ ကပ်ထားရမည့်နို့တစ် စာနှင့် ၎င်း၊ပုဒ်မ ၅၈ အရ ထားရှိရမည့် မှတ်ပုံတင် စာအုပ်နှင့်၎င်း ညီညွတ်စေခြင်း။*

၅၉။ ။မည်သည့်ကလေးကိုမျှ၊ကြော်ငြာထားသည့်ရေနံမြေတွင် မြင်သာအောင်ကပ်ထားသည့် ကလေးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားများဆိုင်ရာ နို့တစ်စာနှင့် ဆန့်ကျင်လျက်၎င်း၊ ထို့ပြင်ကြော်ငြာထားသည့်ရေနံမြေရှိ ကလေးရေနံအလုပ်သမားများ မှတ်ပုံတင် စာအုပ်တွင်၊ ထိုကလေး၏ အမည်နှင့်ယှဉ်လျက်၊ကြိုတင်ရေးသွင်းထားသည့်ရေးသွင်းချက်များနှင့် ဆန့်ကျင်လျက်၎င်း၊ ခိုင်းစေခြင်းမပြုရ။

၆၁။ နိုင်ငံတော်သမ္မတသည်၊ အောက်ပါကိစ္စများအတွက်၊ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

နည်းဥပဒေများ ပြုလုပ်နိုင်သည့် အာဏာ။

(က) ပုဒ်မ ၅၄ အရ၊ ထုတ်ပေးမည့် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်များ အတွက်၊ ပုံစံများကို ပြဋ္ဌာန်းရန်၊ မူရင်းတာဝန်ခံလက်မှတ် ပျောက်ဆုံးသည့်အခါ၊ မိတ္တူများ ထုတ်ပေးရန် အတွက် ပြဋ္ဌာန်းရန်၊ ထို့ပြင် ယင်းသို့သော တာဝန်ခံလက်မှတ်များ အသစ်လဲလှယ်ထုတ်ပေးသည့် တာဝန်ခံ လက်မှတ်များနှင့် ယင်းသို့သော မိတ္တူများ အတွက်၎င်း၊ ပြဋ္ဌာန်းသည့်အခြားစမ်းသပ်စစ်ဆေးမှုများ အတွက်၎င်း၊ တောင်းဆိုပိုင်ခွင့်ရသည့်အခများကိုသတ်မှတ်ရန်၊

(ခ) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သည့် ကလေးများနှင့် လူရွယ်များ ရောက်ရမည့် ကာယဗလ အဆင့်အတန်းများကို ပြဋ္ဌာန်းရန်၊

(ဂ) တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်များက၊ ဤအခန်းအရ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို၊စည်းမျဉ်းသတ်မှတ်ရန်၊ ထို့ပြင်ကြော်ငြာထားသည့် ရေနံမြေများတွင် လူငယ်များအား ခိုင်းစေခြင်းနှင့်စပ်လျဉ်း၍၊ထိုတာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်တို့က ဆောင်ရွက်ရန်လိုအပ်သည့် အခြားအလုပ်ဝတ္တရားများကို သီးခြားဖော်ပြရန်၊ ထိုအလုပ်ဝတ္တရားများအတွက် တောင်းဆိုနိုင်သည့် အခငွေများနှင့်ထိုအခငွေများပေးဆောင်ရမည့်သူများကို ပြဋ္ဌာန်းရန်၊ ထို့ပြင်

ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ပြုလုပ်ရန် ဆင့်ဆိုပိုင်ခွင့်အာဏာ။

၆၀။ ။(က) အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်မရှိဘဲ၊ ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်လုပ်နေသူသည်၊ လူငယ်ဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလုပ်လုပ်ရန် သင့်လျော်ကြောင်း၊ တာဝန်ခံ လက်မှတ်နှင့် ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်နေသည့် လူငယ်သည်၊ ထိုတာဝန်ခံ လက်မှတ်တွင်၊ ရေးသားဖော်ပြထားသည့်အဝိုင်း၊ကလေး၊သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့် ဆက်လက် အလုပ်လုပ်ရန်မသင့်လျော်တော့ဟူ၍သော်၎င်း၊

အင်စပက်တော်က ထင်မြင်သဘောရရှိလျှင်၊ ထိုအင်စပက်တော်သည်၊ ယင်းသို့သောလူငယ်ကိုတာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်ဖြင့် စမ်းသပ် စစ်ဆေးရမည်ဟု ဆင့်ဆိုသည့် နို့တစ်စာကို အလုပ်ရှင်ထံပေးနိုင်သည်။ ထို့ပြင် ယင်းသို့သော သူကို၊ ဤကဲ့သို့စမ်းသပ်စစ်ဆေးခြင်းမပြုရသေးမီ၊ ထို့ပြင်ပုဒ်မ ၅၄ အရ အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၊ သို့တည်းမဟုတ် အလုပ်လုပ် ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်သစ်၊ ဆိုင်သင့်ရာချာကိုလည်း ထုတ်ပေးခြင်းမပြုရသေးမီ၊ သို့တည်းမဟုတ် ထိုသူအားစစ်ဆေးသော တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်က၊ ထိုသူသည် လူငယ်မဟုတ်ကြောင်း၊ တာဝန်ခံလက်မှတ်မပေးရသေးမီ၊ ကြော်ငြာထားသည့်ရေနံမြေတွင်၊မဂိုင်းစေရ၊သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရဟု အင်စပက်တော်က ဆင့်ဆိုလျှင်၊ ထိုသို့ဆင့်ဆိုသည့်အတိုင်းမခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ဃ) ဤအခန်းရှိ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန် အလို့ငှါ၊ သင့်လျော်သည့်အခြားအကြောင်းအရာတခုခုကို ပြဋ္ဌာန်းရန်။

# အခန်း ၁၀။

## ပြစ်ဒဏ်များနှင့်လိုက်နာဆောင်ရွက်ရန်နည်းလမ်း။

ပြစ်မှုများ အတွက် သာမန်ပြစ်ဒဏ်။

၆၂။ ။ကြော်ငြာထားသည့် ရေနံမြေဒိုင်ရာ အလုပ်ရှင်သည်၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကို ဖြစ်စေ၊ ဤ အက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေကို၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ စာဖြင့် ရေးသား ချမှတ်သည့် အမိန့်ကိုဖြစ်စေ ဆန့်ကျင်လျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသောအခါ သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ ထို့ပြင် ယင်းသို့ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက်၊ ဆက်လက်ဆန့်ကျင်ပါက၊ ထိုအလုပ်ရှင်သည် နောက်ထပ် ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရမည့်ပြင်၊ ဤကဲ့သို့ ဆက်လက် ဆန့်ကျင်သည့် ရက်များအတွက်၊ တရက်လျှင် ခုနှစ်ဆယ့်ငါးကျပ်ထက်မပိုသောငွေဒဏ်ကိုလည်းစီရင်ခြင်းခံရမည်။

၆၃။ ။ပုဒ်မ ၆၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဘူးသူသည်၊ ယခင်က ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို နောက်ထပ်ဆန့်ကျင်သည့် ပြစ်မှုအတွက်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်၊ ထိုသူသည် နောက်ထပ် ပြစ်ဒဏ် စီရင်ခြင်း ခံရသောအခါ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး နှစ်ရာမှ အများဆုံး ထထောင်တိငွေဒဏ် ဖြစ်စေ၊သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်မစေ စီရင်ခြင်းခံရမည်။

အလက်က ပြစ်ဒဏ်စီရင်ခြင်း ခံရဘူးသူများကို ပြစ်ဒဏ်တိုး၍ စီရင်ခြင်း။

သို့ရာတွင် ဤပုဒ်မ အရ ပြစ်ဒဏ် စီရင်ခြင်းခံရရန် အလို့ငှါ နှစ်နှစ်ကျော်က ချမှတ်သည့် ပြစ်ဒဏ်ကို ထည့်သွင်းအရေးမယူရ။

၆၄။ ။(၁) ကြော်ငြာထားသည့် ရေနံမြေ တွင် ခိုင်းစေခံရသူ ရေနံ အလုပ်သမားတဦး တယောက်က၊ ရေနံ အလုပ်သမား များသို့၊ တာဝန် ဝတ္တရား များ ချအပ်သည့်၊ ဤ အက်ဥပဒေရှိ ပြဋ္ဌာန်းချက် တခုခုကို ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေ တခုခုကို၊ သို့တည်းမဟုတ် အမိန့် တခုခုကိုဖြစ်စေ ဆန့်ကျင်လျှင်၊ ထိုသူသည် ထလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊နှစ်ဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

ရေနံ အလုပ်သမားများက ကျူးလွန်သည့်ပြစ်မှုများ။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်ထိုက်သည့်ပြစ်မှုအတွက်၊ရေနံအလုပ်သမားကို ပြစ်ဒဏ်စီရင်လျှင်၊ထိုဆန့်ကျင်မှုကို မပြုမိအောင်သင့်လျော်သော ဆောင်ရွက်မှုများကို အလုပ်ရှင်က မပြုလုပ်ကြောင်းထင်ရှားအောင် မပြနိုင်လျှင်၊ ထိုအလုပ်ရှင်ကို ထိုဆန့်ကျင်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သည်ဟုမမှတ်ယူရ။

**အင်စပက်တော်ကိုဟန့်တားသည့်အတွက် ပြစ်ဒဏ်။**

၆၅။ ။မည်သူမဆို၊ ဤအက်ဥပဒေအရ အပ်နှင်းထားသည့်အာဏာကိုသုံးစွဲနေသော အင်စပက်တော်ကို၊တမင်ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီသို့တည်းမဟုတ်ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများနှင့်အညီ၊မိမိထားရှိသည့်မှတ်ပုံတင်စာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာရွက်စာတမ်းများကို ထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ ထုတ်ပြရန်ပျက်ကွက်လျှင်သော်၎င်း၊ကြေငြာထားသည့် ရေနံမြေအတွင်း ရေနံအလုပ်သမားတဦးတယောက်ကို အင်စပက်တော်ရှေ့သို့လာရောက်ခြင်း၊သို့တည်းမဟုတ် အင်စပက်တော်၏အစစ်အဆေးခံခြင်း မပြုနိုင်အောင်ဝှက်ထားလျှင်၊သို့တည်းမဟုတ်တားဆီးလျှင်သော်၎င်း၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**အမိန့်များ ချမှတ် နိုင်သည့် တရားရုံး၏ အာဏာ။**

၆၆။ ။(၁) တရားရုံးသည်အလုပ်ရှင်ကို၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုအတွက်ပြစ်ဒဏ်စီရင်နိုင်သည့်ပြင်၊အမိန့်ဟူရပ်လည်း ချမှတ်နိုင်သည်။ထိုအမိန့်တွင်ကျူးလွန်သည့်ကိစ္စများနှင့်စပ်လျဉ်း၍ တရားအတိုင်းဖြစ်စေရန်အလို့ငှါ အမိန့်တွင်သီးခြားဖေါ်ပြထားသည့် ဆောင်ရွက်မှုများကို ထိုအမိန့်တွင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်းပြုလုပ်ရမည်ဟုပါရှိရမည်။ တရားရုံးသည် ကာလအပိုင်းအခြားကို ထပ်တိုးရန်လျှောက်ထားသည့်အခါ၊ ထိုသို့ထပ်တိုးရန်သင့်သည်ဟုထင်မြင်လျှင်၊ အခါအားလျော်စွာထပ်တိုးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အမိန့်ကိုချမှတ်လျှင်၊အလုပ်ရှင်သည်တရားရုံးက ခွင့်ပြုသည့် ကာလ အပိုင်းအခြား အတွင်း၊ သို့တည်းမဟုတ် ထပ်တိုးသောကာလ အပိုင်းအခြားအတွင်း၊ ထိုပြစ်မှုကိုဆက်လက်ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရပြစ်ဒဏ်မထိုက်သင့်စေရ။ သို့ရာတွင်ထိုခွင့်ပြုသည့်ကာလအပိုင်းအခြား၊ သို့တည်းမဟုတ်ထပ်တိုးသောကာလအပိုင်းအခြားစေ့ကုန်သောအခါ၊ တရားရုံး၏အမိန့်အတိုင်း အကြွင်းမဲ့လိုက်နာဆောင်ရွက်ခြင်းမရှိသေးလျှင်၊ အလုပ်ရှင်သည်၊ နောက်ထပ်ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည့်ပြင်၊ ထိုကာလအပိုင်းအခြား စေ့ကုန်ပြီးနောက်အမိန့်အတိုင်း လိုက်နာမှုစတင်ပျက်ကွက်သည့်နေ့မှစ၍ တနေ့လျှင်တရာထက်မပိုသော ငွေဒဏ် စီရင်ခြင်းခံရမည်။

**သီးခြားဖြစ်သောပြစ်မှုများ။**

၆၇။ ။ဤအက်ဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်လျက်၎င်း၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်နှင့်ဆန့်ကျင်လျက် ၎င်းကြေငြာထားသည့် ရေနံမြေတွင်၊မည်သူကိုမဆိုခိုင်းစေလျှင်၊ ဤသို့ခိုင်းစေခံရသူအသီးသီးနှင့်ပတ်သက်၍၊သီးခြားဖြစ်သောပြစ်မှုများကျူးလွန်သည်ဟုမှတ်ယူရမည်။

အလုပ်လုပ်ရန်သင့်လျော်ကြောင်း မမှန်သည့် တာဝန်ခံ လက်မှတ်ကို အသုံးပြုသည့် အတွက် ပြစ်ဒဏ်။

၆၈။ ။မည်သူမဆို၊ ပုဒ်မ ၅၄ အရ၊ သူတပါးသို့ပေးအပ်သည့်အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ကို၊ ထိုပုဒ်မအရ၊ မိမိသို့ပေးအပ်သည့် တာဝန်ခံလက်မှတ်အဖြစ် လိမ်လည်၍ သိလျက်နှင့် အသုံးပြုလျှင် သော်၎င်း၊ အသုံးပြုရန်အား ထုတ်လျှင်သော်၎င်း၊ ထိုပုဒ်မအရ တာဝန်ခံ လက်မှတ်ကို ရယူပြီးနောက်၊ သိလျက်နှင့် အခြားသူတဦးတယောက်အား အသုံးပြုခွင့်ပေးလျှင်သော်၎င်း၊ အသုံးပြုရန် အားထုတ်မှုကိုခွင့်ပြုလျှင်သော်၎င်း၊ ထိုသူသည်နှစ်ဆယ် ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

ကလေးကို တရက်တည်း၌ အလုပ်ရှင်နှစ်ဦးထံတွင် အလုပ်လုပ်ခွင့်ပြုသည့်အတွက်ပြစ်ဒဏ်။

၆၉။ ။အလုပ်ရှင်တဦး လက်အောက်တွင် ကလေးတယောက်သည်၊ လုပ်ပြီးသောရက်၌ အခြားအလုပ်ရှင်တဦး လက်အောက်တွင် မိဘ၏၊ သို့တည်းမဟုတ် စောင့်ရှောက်သူ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏၊ သို့တည်းမဟုတ် အုပ်ချုပ်သူ၏၊ သို့တည်းမဟုတ် အခများ၌ တိုက်ရိုက်အကျိုးခံစားရသူ၏ သဘောတူညီချက်ဖြင့်၊ သို့တည်းမဟုတ် တမင်လျစ်လျူရှုချက်ဖြင့်အလုပ်လုပ် သည်ဟု တရားရုံးကထင်မြင်လျှင်၊ ကလေး၏မိဘသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် စောင့်ရှောက်သူသည်၊ သို့တည်းမဟုတ် အုပ်ချုပ်သူသည်၊ သို့တည်းမဟုတ် အကျိုးခံစားရသူသည်၊ နှစ်ဆယ် ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

မည်သူသည်၊ အလုပ်ရှင် ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

၇၀။ ။(၁) အလုပ်ရှင်သည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ် လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ အလုပ်ရှင်အားပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ ဤအခန်းအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူကို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးတယောက်ကို၊ ဤအခန်းပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်မြှောက်ခန့်ထားပြီးဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့ကအင်စပက်တော် အားနို့တစ်စာပေးပို့နိုင်သည်။ ထိုပြင် ၎င်းပုဂ္ဂိုလ်သည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအားအမည်တင်မြှောက်ခန့်ထားခြင်းကို ပယ်ဖျက်သည့်နောက်ထပ်နို့တစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစု ပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအခန်းပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်ဖြစ်သည်ဟူ၍မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက် မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစု ပါဝင်သူကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ ဤအခန်းအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်စေနိုင်သည်။

သို့ရာတွင် ထိုအများပိုင်ကုမ္ပဏီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအခန်းပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ်အမည်တင်မြှောက် ခန့်ထားပြီး ဖြစ်ကြောင်းဖြင့် အင်စပက်တော်အားနို့တစ်စာပေးပို့နိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်မြှောက်ခန့်ထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို အင်စပက်တော်ယာ မရမီသော်၎င်း၊ မိမိသည်ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအခန်းပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍မှတ်ယူရမည်။

၇၁။ ။(၁) အလုပ်ရှင်အပေါ်တွင် ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုနှင့်တရားစွဲဆိုလျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုကို အခြားသူက ကျူးလွန်ကြောင်းနှင့် ကိုယ်တိုင် နေရာကျ တိုင်တန်းလျှောက်ထား၍ ယင်းသို့တိုင်တန်းလျှောက်ထားရန် ကြံရွယ်ကြောင်း နို့တစ်စာကို၊ သုံးရက်အောက်မနည်း ကြိုတင်၍ တရားလိုဘက်သို့ပေးပြီးကာလ၊ ထိုသို့စွပ်စွဲခံရသူကို စွဲချက်အတိုင်းကြားနာစစ်ဆေးရန်ချိန်းဆိုသည့်အချိန်တွင်၊ တရားရုံးသို့ခေါ်ဆောင်လာစေရန် ပြောဆိုပိုင်ခွင့်ရှိရမည်။ ထို့ပြင်ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပြီးနောက် ထိုအလုပ်ရှင်က——

အလုပ်ရှင်မှာ တာဝန်ကင်းလွတ်ခြင်း။

(က) ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင် နေရာကျလုံ့လပြုကြောင်း၊ ထို့ပြင်

(ခ) မိမိမသိဘဲ၊ သဘောမတူဘဲ၊ တမင် လျစ်လျူရှု၍ နေခြင်းကြောင့်မဟုတ်ဘဲ၊ ထိုစွပ်စွဲခံရသောအခြားသူသည်၊ ပြစ်မှုကိုကျူးလွန်ကြောင်း၊

တရားရုံးကကျေနပ်အောင် ထင်ရှားပြသလျှင်၊ ထိုပြစ်မှုအတွက်၊ ထိုအခြားသူကို ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် အခြားသူသည် အလုပ်ရှင်ဖြစ်သကဲ့သို့ အလားတူ ပြစ်ဒဏ်မျိုးစီရင်ခြင်းခံရမည်။ ထို့ပြင် အလုပ်ရှင်သည် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရ မည်သည့် တာဝန်မှမဆို ကင်းလွတ်စေရမည်။ ဤအမှုမျိုးတွင် အလုပ်ရှင်က သက်သေခံလျှင်၊ ထိုအလုပ်ရှင်ကို၎င်း၊ စွဲချက်ကိုထောက်ခံရန်ထိုသူကပေးသည့်သက်သေများကို၎င်း၊ တရားလို သက်သေက ပြန်လှန် စစ်ဆေးနိုင်ခွင့် ရှိသည့်ပြင်၊ သက်သေ ထွက်ချက် များကိုလည်း ချေပရန်သက်သေတင်ပြနိုင်သည်။

(၂) အမှုစွဲဆိုခြင်းမပြုမီ၊ မည်သည့်အချိန်တွင်မဆို—

(က) အလုပ်ရှင်က ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်ကိုယ်တိုင်နေရာကျလုံ့လပြုကြောင်း၊

(ခ) ပြစ်မှုကျူးလွန်သူမှာမည်သူဖြစ်ကြောင်း၊ ထို့ပြင်

(ဂ) ပြစ်မှု ကျူးလွန်သည့်အခါ၊ အလုပ်ရှင် မသိဘဲ၊ သို့တည်းမဟုတ် သဘောမတူဘဲ၊ သို့တည်းမဟုတ်တမင်လျစ်လျူရှု၍နေခြင်းမဟုတ်ဘဲ၊ သူ၏အမိန့်ကို ဖီဆန်ကျူးလွန်ကြောင်းဖြင့်၊ အင်စပက်တော် ကျေနပ်အောင်ထင်ရှားပြသည့်အခါ၊ အလုပ်ရှင်အပေါ်တွင် ရှေးဦးစွာတရားစွဲဆို

ခြင်းမပြုဘဲ၊ ပြစ်မှုကျူးလွန်သူ အမှန်ဖြစ်ကြောင်း မိမိယုံကြည်သူကို၊ အင်စပက်တော်က တရားစွဲဆိုရမည်။ ထိုသူမှာလည်း၊ အလုပ်ရှင်ဖြစ်သကဲ့သို့ အလားတူပြစ်ဒဏ်မျိုးစီရင်ခြင်းခံရမည်။

ခိုင်းစေခံရသူဟူ၍မှတ်ယူခြင်း။

၇၂။ ။ထမင်းစားချိန်နှင့် အားလပ်ချိန်များမှလွဲ၍၊ အလုပ်လုပ်နေသည့် အချိန်တွင်ဖြစ်စေ၊ စက်ကိရိယာ လည်နေသည့် အချိန်တွင်ဖြစ်စေ၊ မည်သည့် အချိန်တွင် မဆို၊ တဦး တယောက်သော သူကို၊ ကြော်ငြာထားသည့်ရေနံမြေ၌တွေ့ရှိလျှင်၊ ထိုသူသည် ကြော်ငြာထားသည့်ရေနံမြေတွင်ခိုင်းစေခံရသူမဟုတ်ဟုထင်ရှားအောင် မပြနိုင်ပါက၊ ထိုသူကို ဤအက်ဥပဒေအလို့ငှါလည်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်း ဥပဒေများအလို့ငှါလည်း၊ ကြော်ငြာထားသည့်ရေနံမြေတွင် ထိုအချိန်၌ ခိုင်းစေခံရသူဖြစ်သည်ဟုမှတ်ယူရမည်။

အသက်အရွယ်နှင့် စပ်လျဉ်း၍ ထင်ရှားအောင်ပြရန်တာဝန်။

၇၃။ ။(၁) တဦးတယောက်သောသူသည်၊ သတ်မှတ်ထားသည့် အသက်အောက်ငယ်ပါက၊ ပြုလုပ်မှုသည်၊ သို့တည်းမဟုတ် ပျက်ကွက်မှု တခုခုသည်၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုဖြစ်၍၊ ထိုသူသည် ယင်းသို့သတ်မှတ် ထားသည့် အသက်အောက်ငယ်ကြောင်း ယုတ္တိထင်ရှားသည်ဟု တရားရုံးကထင်မြင်သောရှိလျှင်၊ ထိုသူသည်၊ ဆိုခဲ့သည့် အသက်အောက် မငယ်ကြောင်း ထင်ရှားအောင်ပြရန်မှာ တရားခံ၏တာဝန်ဖြစ်ရမည်။

(၂) ရေနံအလုပ်သမားတဦးတယောက်နှင့် ပတ်သက်၍ တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်၏ထုတ်ဖော်ရေးသားချက်တွင်၊ ထိုရေနံအလုပ်သမားကို၊ မိမိကိုယ်တိုင်စမ်းသပ်ကြောင်း၊ ထို့ပြင်ထိုရေနံအလုပ်သမားသည် ထုတ်ဖော်ရေးသားချက်တွင် ဖော်ပြထားသည့် အသက်အောက်ငယ်သည်ဟုယုံကြည်ကြောင်းပါရှိသည်ဖြစ်လျှင် ထိုထုတ်ဖော်ရေးသားချက်ကို၊ ဤအက်ဥပဒေနှင့်တကွ ဤအက်ဥပဒေအရပြုလုပ်ထားသည့်နည်းဥပဒေများအလို့ငှါ၊ ထိုရေနံအလုပ်သမား၏အသက်နှင့် စပ်လျဉ်းသည့် သက်သေခံအဖြစ်လက်ခံရမည်။

ပြစ်မှုများကိုအရေးယူခြင်း။

၇၄။ ။(၁) အင်စပက်တော်ကဖြစ်စေ၊ အင်စပက်တော်၏ စာဖြင့်ပေးသော အခွင့်အမိန့်ကို ကြိုတင်ရရှိပြီးမှဖြစ်စေ စွဲဆိုသည့်အမှုမှတပါး၊ မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတခုခုကို အရေးမယူရ။

ခြွင်းချက်။ ။သို့ရာတွင် အခန်း ၈ ပါ ပြဌာန်းချက် တခုခုအရ၊ ရေနံအလုပ်သမားတဦးဦးက ရထိုက်သည့် အခွင့်အရေးကို မရရှိဟုရေနံအလုပ်သမားအစည်းအရုံးတခုခုကဖြစ်စေ၊ သက်ဆိုင်သည့်ရေနံအလုပ်သမားကဖြစ်စေ၊ အင်စပက်တော်အား စာဖြင့်တိုင်တန်းသော်လည်း၊ ထိုသို့တိုင်တန်းသည့်နေ့မှ သုံးလအတွင်း ထိုရထိုက်သည့် အခွင့်အရေးကိုမရရှိဘဲနေလျှင်၊ ထိုသို့တိုင်တန်းသည့် အစည်းအရုံးကဖြစ်စေ၊ သက်ဆိုင်သည့်ရေနံအလုပ်သမားကဖြစ်စေ၊ ထိုအခွင့်အရေးကိုပေးရန်ပျက်ကွက်မှု ကျူးလွန်သည့်အတွက်၊ သက်ဆိုင်ရာအလုပ်ရှင်အား တရားရုံးတွင် စွဲဆိုပိုင်ခွင့်ရှိစေရမည်။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတခုခုကို ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးအောက် ငယ်သည့် မည်သည့် တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

တရားစွဲဆိုနိုင်သည့် ကာလ အပိုင်းအခြားကို ကန့်သတ်ခြင်း။

၇၅။ ။ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သည့်ပြစ်မှု ထိုကျူးလွန်သည်ဟု အင်စပက်တော်သိရှိသည့်နေ့မှ ခြောက်လအတွင်း၊ တိုင်တန်းလျှောက်ထားခြင်းမရှိလျှင်၊ ထိုပြစ်မှုကို မည်သည့်တရားရုံးကမျှအရေးမယူရ။

သို့ရာတွင် ထိုပြစ်မှုသည်၊ အင်စပက်တော် စာဖြင့် ရေးသားချမှတ်သည့်အမိန့်ကို မလိုက်နာသည့် ပြစ်မှုဖြစ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန်ကြောင်းကို ထိုပြစ်မှုကျူးလွန်သည်ဟုဆိုသည့်နေ့မှ ဆယ့်နှစ်လအတွင်းတိုင်တန်းလျှောက်ထားနိုင်သည်။

## အခန်း ၁၁။

### နောက်ထပ်ပြဋ္ဌာန်းချက်များ။

နို့တစ်စာများကို မြင်သာအောင်ကပ်ထားခြင်း။

၇၆။ ။(၁) ဤအက်ဥပဒေအရ ၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ၎င်း၊ ကြော်ငြာထားသည့်ရေနံမြေတွင်မြင်သာအောင် ကပ်ထားရန်လိုအပ်သည့် နို့တစ်စာများအပြင်၊ ပြဋ္ဌာန်းသည့် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေများ၏အကျဉ်းချုပ်များနှင့်တကွ အင်စပက်တော်နှင့်တာဝန်ခံလက်မှတ်ပေးသည့်ဆရာဝန်၏ အမည်နှင့်နေရပ် ပါရှိသောနို့တစ်စာကို၊ ရေနံအလုပ်သမားတို့ နားလည်နိုင်သည့်စာဖြင့်ရေးသား၍ ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင်မြင်သာအောင်ကပ်ထားရမည်။

(၂) ဤအက်ဥပဒေအရ ကြော်ငြာထားသည့် ရေနံမြေတွင်၊ မြင်သာအောင်ကပ်ထားရန်လိုသည့် နို့တစ်စာအားလုံးကို၊ အင်စပက်တော်က ညွှန်ကြားသည့်အတိုင်း ထင်ရှားသည့်၊ သို့တည်းမဟုတ် လွယ်ကူသည့်နေရာ၌ ကပ်ထားရမည့်ပြင်၊ ထိုနို့တစ်စာများကိုသန့်ရှင်းစင်ကြယ်စွာနှင့်ဘတ်ရှုနိုင်အောင်ထားရှိရမည်။

(၃) အင်စပက်တော်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ ရေနံအလုပ်သမားတို့၏ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုနှင့်ဆိုင်သည့် အခြားနို့တစ်စာကို၊ သို့တည်းမဟုတ် ကြော်ငြာစာကို မြင်သာအောင်ကပ်ထားရမည်ဟု အလုပ်ရှင်အား စာမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

အစီရင်ခံစာရင်းများ။

၇၇။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေအလို့ငှါ လိုအပ်သည်ဟု ဓိဓိ ထင်မြင်သောအစီရင်ခံစာရင်းများကိုရမ်ရံခါဖြစ်စေ၊ ကာလအပိုင်းအခြားနှင့် ဖြစ်စေ၊ အလုပ်ရှင်များကတင်သွင်းရမည်ဟုပြဋ္ဌာန်းသည့်နည်းဥပဒေများပြုလုပ်နိုင်သည်။

4

နည်းဥပဒေများ ပြုလုပ်နိုင်သည့်ယေဘုယျအာဏာ။

၇၈။ ။နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက်တခုခုအရ ပြဋ္ဌာန်းရမည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်မည့်၊ သို့တည်းမဟုတ် လိုအပ်သည်ဟု ယူဆနိုင်သည့် မည်သည့်ကိစ္စအတွက်မဆို ပြဋ္ဌာန်းသည့်နည်းဥပဒေများ ပြုလုပ်နိုင်သည်။

နည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း။

၇၉။ ။(၁) ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအားလုံးသည် ကြိုတင်၍ ထုတ်ပြန်ကြေညာရမည် ဟူသော စည်းကမ်းချက်များနှင့် မဆန့်ကျင်စေရ။ ထို့ပြင် မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (၃) အရ သီးခြားဖေါ်ပြရမည့် နေ့ရက်သည်၊ ပြုလုပ်ရန် ကြံရွယ်သည့် နည်းဥပဒေကြမ်းများကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ သုံးလအောက် မနည်းစေရ။

(၂) ထိုနည်းဥပဒေ အားလုံးကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည့်ပြင်၊ ယင်းသို့ ထုတ်ပြန်ကြေညာသည့် နေ့ရက်ထက်နောက်မကျသော နေ့ရက်ကို မသတ်မှတ်လျှင်၊ ဤနည်းဥပဒေများသည်၊ ယင်းသို့ ထုတ်ပြန်ကြေညာသည့် နေ့ရက်က စ၍ အာဏာတည်ရမည်။

ရေနံ အလုပ်သမားများ၏ တာဝန်ဝတ္တရားများ။

၈၀။ ။(၁) ကြော်ငြာ ထားသည့် ရေနံမြေတွင်၊ မည်သည့် ရေနံ အလုပ်သမားမျှ—

(က) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ် သူများ၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုများအတွက် စီမံထားသည့် ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကို တမင် အနှောင့်အယှက်မပြုရ။ သို့တည်းမဟုတ် အလွဲအသုံးမပြုရ။

(ခ) မိမိကိုယ်ကို သော်၎င်း၊ အခြားသူများကို သော်၎င်း ဘေးအန္တရာယ်ဖြစ်ဘွယ်ရာ လက္ခဏာရှိသည့် အရာကို၊ အကြောင်း လုံလောက်စွာမရှိဘဲ တမင်မပြုလုပ်ရ၊ ထို့ပြင်

(ဂ) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သည့် ရေနံ အလုပ်သမားများ၏ ကျန်းမာမှု၊ သို့တည်းမဟုတ် ဘေးရန်ကင်းရှင်းမှုအတွက် ကြော်ငြာထားသည့် ရေနံမြေတွင် ထားရှိသည့် ကိရိယာများကို၊ သို့တည်းမဟုတ် အခြားအရာကို အသုံးပြုခြင်းမှ တမင်မပျက်ကွက်ရ။

ဤအက်ဥပဒေအရ ဆောင်ရွက်သူတို့ကို ကာကွယ်ခြင်း။

၈၁။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် အားထုတ်သည့် ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှု ဖြစ်စေ၊ အခြား တရားမှုခင်း ဖြစ်စေ မစွဲဆိုရ။

G.U.B.C.P.O.—No. 160, Min of J.A., 29-6-51—2,000—II.

The Union Youth Central Council Act, 1951
(Act No XXII of 1951)

# ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု လူငယ်ရေးရာ ဗဟိုကောင်စီ အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၂။] 22

ယခုခေတ်လူငယ်များအား ကြီးပြင်းလာသောအခါတွင် အရည်အချင်းနှင့်ပြည့်စုံ၍အဆင့်အတန်းမြင့်သော ပြည်သူပြည်သားကောင်းများဖြစ်ပြောက်စေရန် လေ့ကျင့်မှုများဖန်တီးပေးရန်လိုအပ်သည်တကြောင်း၊

ထိုသို့ဖြစ်မြောက်ရန်အတွက် ပြည်သူ့ငြိမ်းချမ်းရေး ဗဟိုကောင်စီကြီးမှဦးစီးလျက် ပြည်ထောင်စုလူငယ်အဖွဲ့ဟူသောအမည်ဖြင့်၊နိုင်ငံတော်အတွင်းတွင် လူငယ့်အဖွဲ့အစည်းများတည်ထောင်ပြီးဖြစ်သည်လည်းတကြောင်း၊

ထိုပြည်ထောင်စုလူငယ်အဖွဲ့များအား၊ အစိုးရနည်း၊ လူထုနည်းတို့ဖြင့် ကူညီစောင့်ရှောက်ရန်လိုအပ်သည် လည်းတကြောင်း၊

ထိုအကြောင်းများကြောင့် အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုလူငယ့်ရေးရာဗဟိုကောင်စီအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊အာဏာတည်ရန်ကိစ္စအလို့ငှါ၊နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ကုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။ ထို့ပြင် ဤအက်ဥပဒေသည်၊ အာဏာတည်ခြင်းမှရပ်စဲရမည်ဟု နိုင်ငံတော်သမတကငါးနှစ်မပြည့်မီအမိန့်ကြော်ငြာစာဖြင့် ကြေညာလျှင်၊ငါးနှစ်တိုင်တိုင် အာဏာတည်နေရမည်။

၂။ ။ဤအက်ဥပဒေတွင် ဗဟိုကောင်စီဆိုသည်မှာ၊ ပုဒ်မ ၃ အရဖွဲ့စည်းထားသောပြည်ထောင်စုလူငယ့်ရေးရာဗဟိုကောင်စီကိုဆိုလိုသည်။

၃။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ ပြည်ထောင်စုလူငယ့်ရေးရာဗဟိုကောင်စီဟုခေါ်သောဗဟိုကောင်စီတခုကိုဖွဲ့စည်းတည်ထောင်ရမည်။ ထိုကောင်စီတွင် ဤအက်ဥပဒေ၏ဇယား၌ဖော်ပြထားသော ပုဂ္ဂိုလ်များပါဝင်ရမည်။

(၂) နိုင်ငံတော်တရားဝန်ကြီးချုပ်သည်၊ ဗဟိုကောင်စီ၏ ဥက္ကဋ္ဌဖြစ်ရမည်။ ပြည်ထောင်စုနိုင်ငံတော်အစိုးရ ပညာရေးဌာနဝန်ကြီးသည်၊ ဗဟိုကောင်စီ၏ ဒုတိယဥက္ကဋ္ဌဖြစ်ရမည်။

(၃) ဗဟိုကောင်စီအဖွဲ့ဝင်များ၏ရာထူးသက်တမ်းသည်၊ နိုင်ငံတော်သမတကသတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၄) ဗဟိုကောင်စီ၏အစည်းအဝေးများကို၊သာမန်အားဖြင့် အနည်းဆုံးတနှစ်လျှင်နှစ်ကြိမ်ကျင်းပရမည်။

(၅) ဗဟိုကောင်စီအဖွဲ့ဝင်လူကြီးနေရာ လစ်လပ်နေသည့်အကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်တဦးတယောက်ခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည် အကြောင်းကြောင့်ဖြစ်စေ၊ ထိုဗဟိုကောင်စီ၏ဆောင်ရွက်မှုများသည်ပျက်ပြယ်ခြင်းမရှိစေရ။

Price,—One Anna.]

(၆) ဗဟိုကောင်စီသည်၊ ဗဟိုကောင်စီအစည်းအဝေးအားလုံး၏၊ သို့တည်းမဟုတ် ဗဟိုကောင်စီဆိုင်ရာကော်မီတီအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်များနှင့် မှတ်တမ်းများကိုင်၎င်း၊ ဗဟိုကောင်စီ၏ ဆောင်ရွက်မှုနှင့်စပ်လျဉ်းသော နှစ်ပတ်လည်အစီရင်ခံစာများကို၎င်း နိုင်ငံတော်သမ္မတထံတင်သွင်းရမည်။

၄။ ။(၁) ဗဟိုကောင်စီသည်၊ မိမိတို့အထဲမှ အဖွဲ့ဝင်ထဆယ့်ငါးဦးပါဝင်သောအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုအမှုဆောင်အဖွဲ့တွင်နိုင်ငံတော်တရားဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဌာနဝန်ကြီး၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီး၊ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ပညာရေးဌာန ညွှန်ကြားရေးဝန်၊ ဆေးဝါးကုသမှုဌာန ညွှန်ကြားရေးဝန်၊ လူထုပညာသင်ကြားရေးကောင်စီကိုယ်စားလှယ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ ကိုယ်စားလှယ်၊ ထို့အပြင် ကျန်အဖွဲ့ဝင်များအနက်မှ ဗဟိုကောင်စီကရွေးကောက်တင်မြှောက်သောအဖွဲ့ဝင်ခုနစ်ဦးပါဝင်စေရမည်။ ထိုအမှုဆောင်အဖွဲ့တွင်၊နိုင်ငံတော်တရားဝန်ကြီးချုပ်သည်၊ ရာထူးအလျောက်ဥက္ကဋ္ဌဖြစ်ရမည်။ ပြည်ထောင်စုနိုင်ငံတော်အစိုးရ ပညာရေးဌာနဝန်ကြီးသည်၊ ရာထူးအလျောက် ဒုတိယဥက္ကဋ္ဌဖြစ်ရမည်။

(၂) ဗဟိုကောင်စီ၏ သဘောတူညီချက်ကိုရယူ၍၊ အမှုဆောင်အဖွဲ့သည်၊မိမိ၏လုပ်ငန်းစဉ်နည်းဥပဒေများကိုပြဋ္ဌာန်းရမည်။

(၃) အမှုဆောင်အဖွဲ့သည်၊ဗဟိုကောင်စီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ ပုဒ်မ ၁၆ အရပြုလုပ်သည့်စည်းကမ်းဥပဒေများဖြင့် မိမိအားလွှဲအပ်ထည့်တာဝန်ဝတ်တရားများနှင့်အလုပ်ဝတ်တရားများကိုဆောင်ရွက်ရမည်။

(၄) သာမန်အားဖြင့်ဖြစ်စေ၊အထူးကိစ္စအတွက်ဖြစ်စေ၊ဗဟိုကောင်စီဖွဲ့ဝင်များပါဝင်သောကော်မီတီများကိုလည်းဗဟိုကောင်စီကခန့်ထားနိုင်သည်။

(၅) ထိုသို့ခန့်ထားသော ကော်မီတီသည်လည်း ဗဟိုကောင်စီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ပုဒ်မ ၁၆ အရ ပြုလုပ်သည့်စည်းကမ်းဥပဒေများဖြင့် မိမိအားလွှဲအပ်သည့်တာဝန်ဝတ်တရားများနှင့်အလုပ်ဝတ်တရားများကိုဆောင်ရွက်ရမည်။

၅။ ။(၁) ဗဟိုကောင်စီ ဥက္ကဋ္ဌသည် မိမိထင့်တော်သည် ထင်မြင်သည့် အချိန်နှင့် နေရာတွင် ဗဟိုကောင်စီ အစည်းအဝေးကျင်းပရန်သင့်ခေါ်နိုင်သည်။

(၂) ဗဟိုကောင်စီ၏ အစည်းအဝေးတိုင်း၌ အဖွဲ့ဝင်တဆယ့်ငါးဦးတက်ရောက်လျှင်အစည်းအဝေးအထမြောက်ရမည်။

(၃) ဗဟိုကောင်စီ၏ ဥက္ကဋ္ဌ အစည်းအဝေးသို့ မတက်ရောက်သောအခါ၊ဒုတိယဥက္ကဋ္ဌက အစည်းအဝေး သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံး၊ အစည်းအဝေးသို့မတက်ရောက်လျှင်၊ တက်ရောက်သော အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှတဦးကို အစည်းအဝေးသဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရန်ရွေးကောက်တင်မြှောက်ရမည်။

(၄) ဗဟိုကောင်စီ၏အစည်းအဝေး၌ ပေါ်ပေါက်သော ပြဿနာအားလုံးကို အစည်းအဝေးတက်ရောက်မဲပေးသောအဖွဲ့ဝင်များ၏များရာမဲဖြင့်သော်၎င်း၊ မဲအရေအတွက်တူညီနေသောအခါ၊ ဥက္ကဋ္ဌ (သို့တည်းမဟုတ် အစည်းအဝေးသဘာပတိ)က အနိုင်မဲပေးခြင်းဖြင့်သော်၎င်း၊ ဆုံးဖြတ်ရမည်။

၆။ ။(၁) ဗဟိုကောင်စီသည်၊ မိမိ၏ တာဝန်ဝတ္တရားများနှင့် အလုပ်ဝတ်တရားများကို ကျေပြွန်စွာဆောင်ရွက်နိုင်ရန်အတွက်၊ လိုအပ်သည့်အရာရှိများနှင့် အမှုထမ်းများကို ခန့်ထားနိုင်သည်။

(၂) ဗဟိုကောင်စီ၏အရာရှိများနှင့်အမှုထမ်းများ၏ လစာများ၊ စရိတ်များနှင့်အမှုထမ်းစည်းကမ်းများသည်၊ ဗဟိုကောင်စီက နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ပုဒ်မ ၁၆ အရ ပြုလုပ်သည့် စည်းကမ်း ဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

(၃) ဗဟိုကောင်စီသည်၊ ဗဟိုကောင်စီအရာရှိများနှင့် အမှုထမ်းများ၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို၊ ပုဒ်မ ၁၆ အရ ပြုလုပ်သည့် စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၇။ ။ဗဟိုကောင်စီသည်၊ မိမိအားအကြံဉာဏ် ပေးရန်အတွက် မည်သူ့ကိုမဆို ခန့်ထားနိုင်သည့်အပြင်၊ ထိုသူအား အခကြေးငွေများ၊ သို့တည်းမဟုတ် စရိတ်များ ပေးနိုင်သည်။

၈။ ။ဗဟိုကောင်စီက အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) လူငယ်များအား အရည်အချင်းနှင့် ပြည့်စုံ၍ အဆင့်အတန်းမြင့်သော ပြည်သူပြည်သားကောင်းများ ဖြစ်မြောက်စေရန်အတွက် လေ့ကျင့်မှုများပြဋ္ဌာန်းခြင်းကိစ္စနှင့်စီမံကိန်းများပြုလုပ်ခြင်းကိစ္စ၊

(ခ) လူငယ့်ဝန်ထမ်း လုပ်ငန်းများအလို့ငှါ စည်းရုံးရေးမှူးများနှင့် ဝန်ထမ်းများ အတွက် လေ့ကျင့်ရေး ဌာနများနှင့် လေ့ကျင့်ရေးစခန်းများတည်ထောင်ခြင်းကိစ္စ၊

(ဂ) လူငယ့်ဝန်ထမ်း လုပ်ငန်းများအတွက် စည်းရုံးရေးမှူးများနှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့တခုဖွဲ့စည်းခြင်းကိစ္စ၊

(ဃ) လူငယ့်ဝန်ထမ်း လုပ်ငန်းများ တွင်ကျယ်ထမြောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် ဒေသန္တရ လူငယ့်ရေးရာ ကောင်စီများဖွဲ့စည်းတည်ထောင်ခြင်းကိစ္စ၊ ထို့ပြင်

(င) လူငယ့်ဝန်ထမ်းလုပ်ငန်းများအတွက် ပြုလုပ်ထားသည့် စီမံကိန်းများကို သာမန်အားဖြင့်ဆောင်ရွက်ခြင်းကိစ္စ။

၉။ ။(၁) ဗဟိုကောင်စီ၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများ ဆောင်ရွက်နိုင်ရန်အတွက်၊ဗဟိုကောင်စီအားနိုင်ငံတော်အစိုးရသည်၊မိမိသင့်တော်သည် ထင်မြင်သည့် ငွေပေါင်းကိုထုတ်ပေးနိုင်သည်။

(၂) ဗဟိုကောင်စီသည်၊ နိုင်ငံတော်သမတ၏ တင်ကြိုခွင့်ပြုချက်ဖြင့် သာမန်အားဖြင့်ဖြစ်စေ၊ အထူးကိစ္စအတွက်ဖြစ်စေ၊ အလှူငွေ ကောက်ခံနိုင်သည်။

၁၀။ ။ဗဟိုကောင်စီသည်၊ ပြည်ထောင်စု လူငယ့်ဝန်ထမ်း ရံပုံငွေဟုခေါ်တွင်သည့် ရံပုံငွေတရပ်ကိုထားရှိရမည်။ ထိုရံပုံငွေသို့ နိုင်ငံတော် အစိုးရထံမှ ရရှိသော ငွေအားလုံးကိုထည့်သွင်းရမည်။ ဗဟိုကောင်စီမှ ကောက်ခံရရှိသော အလှူငွေအားလုံးကိုလည်း ထိုရံပုံငွေတွင်ထည့်သွင်းရမည်။

၁၁။ ။ဗဟိုကောင်စီသည်၊ ပြည်ထောင်စုလူငယ်ဝန်ထမ်းရံပုံငွေကို အောက်ပါကိစ္စများအတွက် သုံးစွဲရမည်။

(က) လေ့ကျင့်ရေး ဌာနများ၏ အသုံးစရိတ်များနှင့် လေ့ကျင့်ရေးစခန်းများ၏ အသုံးစရိတ်များပါဝင်သော ဗဟိုကောင်စီရုံးစရိတ်များကိုပေးခြင်း၊

(ခ) သင်တန်းဆက်သူများအား သင့်တော်သော ထောက်ပံ့ငွေများပေးသည့်အတွက် ကုန်ကျစရိတ်များကိုကျခံခြင်း၊ ထို့ပြင်

(ဂ) လိုအပ်သည်ဟုယူဆသော အခြားအသုံးစရိတ်များကို နိုင်ငံတော်သမတ၏ တင်ကြိုခွင့်ပြုချက်အရ ကျခံခြင်း။

၁၂။ ။ဗဟိုကောင်စီသည်၊ လောလောဆယ်အသုံးမလိုသေးသည့် မိမိ၏ငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်၌ဖြစ်စေ၊ နိုင်ငံတော်သမတက သဘောတူညီသည့် အခြားဘဏ်တခုခု၌ဖြစ်စေ အပ်နှံထားရမည်။

၁၃။ ။(၁) ဗဟိုကောင်စီသည်၊ ဘဏ္ဍာတော်နှစ်၊ အသီးသီးမကုန်ဆုံးမီ၊ နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ရသုံးခန့်မှန်းခြေ ငွေစာရင်းကို၊ နိုင်ငံတော်သမတ၏အခွင့်အမိန့်ရယူရန်တင်သွင်းရမည်။ ထို့ပြင် ဗဟိုကောင်စီသည်၊ အဆိုပါ ခန့်မှန်းခြေ ငွေစာရင်းများကို ပြင်ဆင်သည့် နောက်ထပ်ပြုလုပ်သော ခန့်မှန်းခြေ ငွေစာရင်းများကို အခါအားလျော်စွာ ဆိုခဲ့သည့်နည်းလမ်းအတိုင်း တင်သွင်းနိုင်သည်။

သို့သော် ဗဟိုကောင်စီသည်၊ မိမိအလုပ်စတင်လုပ်ကိုင်သည့် ငွေမနှစ်နှင့်ပတ်သက်၍၊ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက် မှထိုဘဏ္ဍာတော်နှစ်ကုန်ဆုံးသည်အထိ ကာလအပိုင်းအခြားအတွက် ခန့်မှန်းခြေငွေစာရင်းကို၊နိုင်ငံတော်သမတထံ လျင်မြန်နိုင်သမျှ လျင်မြန်စွာ တင်သွင်းရမည်။

(၂) ဗဟိုကောင်စီသည်၊ ဤပုဒ်မအရ ခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုသည့်ငွေထက်ပို၍အကုန်အကျမခံရ။

၁၄။ ။(၁) ဗဟိုကောင်စီသည်၊ နိုင်ငံတော်သမတကဆင့်ဆိုသည့်ကာလအပိုင်းအခြားအတွက် ငွေစာရင်းများကို နိုင်ငံတော်သမတထံမေးပို့ရမည်။

(၂) ဗဟိုကောင်စီသည်၊ ရံပုံငွေစာရင်းများကိုနိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊နိုင်ငံတော်စာရင်းစစ်ချုပ်ကပြဋ္ဌာန်းသည့်ပုံစံအတိုင်းထားရှိရမည်။

(၃) ဗဟိုကောင်စီ၏ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်။ထိုငွေစာရင်းများနှင့်ပတ်သက်သည့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုနိုင်ငံတော်သမတထံတင်သွင်းရမည်။

၁၅။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အတွက် နည်းဥပဒေများပြုလုပ်နိုင်သည်။

၁၆။ ။နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဗဟိုကောင်စီသည် အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတခုခုအတွက်ဖြစ်စေ၊ ဤအက်ဥပဒေနှင့်အညီဖြစ်သောစည်းကမ်းဥပဒေများပြုလုပ်နိုင်သည်။

(က) ဗဟိုကောင်စီ၏ မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့် ဗဟိုကောင်စီ အစည်းအဝေးများတွင်လိုက်နာဆောင်ရွက်ရန်နည်းလမ်း။

(ခ) ဗဟိုကောင်စီအရာရှိများနှင့် အမှုထမ်းများ ခန့်ထားခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်း၊ ထိုသူတို့၏လစာနှင့် အမှုထမ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဂ) ပုဒ်မ ၄ အရ၊ ဗဟိုကောင်စီကအမှုဆောင်အဖွဲ့နှင့် ကော်မီတီများသို့ အာဏာများလွှဲအပ်ခြင်း၊ ထို့ပြင်

(ဃ) ဗဟိုကောင်စီ အရာရှိများနှင့် အမှုထမ်းများ၏ တာဝန်ဝတ္တရားများ၊အလုပ်ဝတ္တရားများကိုခွဲဝေချထားခြင်း။

၁၇။ ။ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အမှုတခုခုနှင့် ပတ်သက်၍ ဗဟိုကောင်စီအား၊ သို့တည်းမဟုတ် ဗဟိုကောင်စီအဖွဲ့ဝင် တဦးဦးအား၊ သို့တည်းမဟုတ် ဗဟိုကောင်စီအရာရှိတဦးဦးအား၊ သို့တည်းမဟုတ် ဗဟိုကောင်စီ အမှုထမ်းတဦးဦးအား၊ မည်သည့်တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုအခင်းကိုမျှတရားစွဲဆိုခြင်းမပြုရ။

၁၈။ ။ဤအက်ဥပဒေဖြင့်ဗဟိုကောင်စီအား ပေးအပ်ထားသည့်တာဝန် ဝတ္တရားတခုခုကိုဖြစ်စေ၊အလုပ်ဝတ္တရားတခုခုကိုဖြစ်စေ၊ ဗဟိုကောင်စီကဆောင်ရွက်ရန် ပျက်ကွက်သည်ဟု နိုင်ငံတော်သမတက မည်သည့်အချိန်၌ဆို ထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတသည်၊ ဗဟိုကောင်စီကို ဖျက်သိမ်းနိုင်သည်။ ယင်းသို့ဖျက်သိမ်းသောအခါ၊ ပြည်ထောင်စုလူငယ်ဝန်ထမ်းရုံပုံငွေမှ လက်ကျန်ငွေများနှင့်ဗဟိုကောင်စီပိုင်ပစ္စည်းအားလုံးသည်၊ နိုင်ငံတော်အစိုးရ၌တည်ရှိရမည်။

## ဇယား။

## ပြည်ထောင်စုလူငယ့်ရေးရာဗဟိုကောင်စီတွင်ပါဝင်ရမည့်ပုဂ္ဂိုလ်များ။

[ပုဒ်မ ၃ (၁)။]

| | | ဦးရေ။ |
|---|---|---|
| (၁) | နိုင်ငံတော် တရားဝန်ကြီးချုပ် .... .... | ၁ |
| (၂) | ပြည်ထောင်စုနိုင်ငံတော်အစိုးရ ပညာရေးဌာနဝန်ကြီး .... | ၁ |
| (၃) | ပြည်ထောင်စုနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီး .... | ၁ |
| (၄) | ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ .... .... | ၁ |
| (၅) | ရှမ်းပြည်နယ်အစိုးရကိုယ်စားလှယ် .... .... | ၁ |
| (၆) | ကချင်ပြည်နယ်အစိုးရကိုယ်စားလှယ် .... | ၁ |
| (၇) | ကရင်နီပြည်နယ်အစိုးရကိုယ်စားလှယ် .... | ၁ |
| (၈) | ကရင်ရေးရာဌာနကိုယ်စားလှယ် .... .... | ၁ |
| (၉) | ချင်းရေးရာဌာနကိုယ်စားလှယ် .... .... | ၁ |
| (၁၀) | ပြည်ထောင်စုမြန်မာနိုင်ငံတော် ယူနက်စကိုကော်မရှင်ကိုယ်စားလှယ် .... .... .... | ၁ |
| (၁၁) | အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကိုယ်စားလှယ် .... | ၁ |
| (၁၂) | အမျိုးသားကျန်းမာရေးကောင်စီကိုယ်စားလှယ် .... | ၁ |

(၁၃) ပြန်လည်ထူထောင်ရေးအဖွဲ့ကိုယ်စားလှယ် .... ၁

(၁၄) ဘာသာပြန်စာပေအသင်းကိုယ်စားလှယ် .... ၁

(၁၅) လူထုပညာရေးကောင်စီကိုယ်စားလှယ် .... ၁

(၁၆) ဒီမိုကရေစီပညာပြန့်ပွါးရေးအသင်းကိုယ်စားလှယ် .... ၁

(၁၇) ပညာရေးဌာနညွှန်ကြားရေးဝန် .... .... ၁

(၁၈) ဆေးဝါးကုသမှုဌာနညွှန်ကြားရေးဝန် .... ၁

(၁၉) ပြည်သူ့ငြိမ်းချမ်းရေး ဗဟိုကောင်စီကြီးမှ ဦးစီးလျက် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုလူငယ် အဖွဲ့များ၏ ကိုယ်စားလှယ်များ ပါဝင် ဖွဲ့စည်းထားသော ''ပြည်ထောင်စုလူငယ်အဖွဲ့၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ''က မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် ၁၀

(၂၀) အထက်ဖေါ်ပြပါ အဖွဲ့ဝင်များ စည်းဝေး၍ဆုံးဖြတ်သည့် အတိုင်း၊ လူငယ်များကြီးပွါးရေး လုပ်ငန်းများနှင့် သက်ဆိုင်သည်ဟု အသိအမှတ်ပြုခြင်းခံရသော အဖွဲ့အစည်း များမှ ကိုယ်စားလှယ်တဦးစီ၊ သို့ရာတွင်ကိုယ်စားလှယ်စုစုပေါင်း ဦးရေမှာ ကိုးဦးထက်မပိုစေရ .... .... ၉

အဖွဲ့ဝင်စုစုပေါင်း .... ၄၅

G.U.B.C.P.O.—No. 161, M. of J.A., 11-6-51—2,000—II.

The Soortee Bara Bazaar Municipalization [Amendment Act 1951.
(Act No XIII of 1951)

# ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ် အက်ဥပဒေအမှတ် ၂၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ၏ပုဒ်မ ၇ နောက်တွင်၊ အောက်ပါပြဋ္ဌာန်းချက်များကို၊ ပုဒ်မ ၈ အဖြစ်ဖြင့်ထည့်သွင်းရမည်။

၈။ ။(၁) အခြားတည်ဆဲ တရားဥပဒေတခုခုတွင်ဖြစ်စေ၊ သဘောတူစာချုပ် စာတမ်း တခုခုတွင်ဖြစ်စေ၊ ဆန့်ကျင်လျက်ပါရှိစေကာမူ၊ နိုင်ငံတော်သမတက ဤကိစ္စအတွက် သတ်မှတ်သည့်နေ့ရက်တွင်၊ ရန်ကုန်မြို့ရှိ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ဟု ခေါ်တွင်သည့် မြေရာအဆောက်အဦ စသည်တို့ကို ကော်ပိုရေးရှင်းမှလွှဲယူပိုင်ခွင့်သည်၊ နိုင်ငံတော်သမတ၌ ရှိစေရမည်။ ယင်းသို့လွှဲယူသည့်အခါ၊ အဆိုပါစူရတီဘာရားဘဇား (သိမ်ကြီးဈေး) သည်၊ နိုင်ငံတော်သမတကခန့်မည့် အုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်ရှိလာရမည်ဖြစ်၍၊ နိုင်ငံတော်သမတက ဤကိစ္စအတွက်သတ်မှတ်သည့်အချိန်အထိ၊ ထိုအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ဆက်လက်တည်ရှိရမည်။

(၂) အဆိုပါ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို လွှဲယူပြီးနောက် မည်သည့်အခါတွင်မဆို၊ နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်နေ့မှစ၍၊ အဆိုပါ သိမ်ကြီးဈေးကို ကော်ပိုရေးရှင်းသို့ အပြီးအပိုင် လွှဲအပ်လိုက်သည် ဟု ကြေညာနိုင်သည်။ ယင်းသို့ကြေညာသည့်အတိုင်း၊ အဆိုပါ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) သည် အဆိုပါ နေ့မှစ၍ ကော်ပိုရေးရှင်းပိုင်ဖြစ်စေရမည်။

(၃) နိုင်ငံတော် သမတသည်၊ ဤပုဒ်မပါ ကိစ္စများကို ဆောင်ရွက်ရန် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၄) အဆိုပါအာဏာ၏ ယေဘုယျသဘောထို မထိခိုက်စေဘဲ၊ အထူးသဖြင့် ထိုနည်းဥပဒေများသည်၊ အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) အဖွဲ့ဖွဲ့စည်းပုံ၊ အဖွဲ့၏အာဏာများနှင့်တာဝန်ဝတ်တရားများ။

(ခ) အဖွဲ့၏ ရာထမ်းမှုထမ်းများခန့်ထားခြင်း နှင့် ထိုသူတို့၏လစာ စရိတ်ငွေကြေးနှင့် အမှုထမ်း စည်းကမ်းများကို သတ်မှတ်ခြင်း။

(ဂ) ရာထမ်းမှုထမ်းများ၏တာဝန်ဝတ်တရားများနှင့်အာဏာများ။

(ဃ) နိုင်ငံတော်သမတထံ အစီရင်ခံစာများ တင်သွင်းခြင်း။

(င) အဖွဲ့ကထားရှိရမည့် စာရင်းများကို စစ်ဆေးခြင်း၊

(စ) ဈေးကိုစီမံထားရှိခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

G.U.B.C.P.O.—No. 214 M. of J.A., 16-8-51—2,000—II.

Price,—One anna.]

# THE CRIMINAL LAW (AMENDMENT) ACT, 1951.

[ACT NO. XXIV OF 1951.]

1. This Act may be called the Criminal Law (Amendment) Act, 1951.

2. To section 171F of the Penal Code, the following proviso *shall be inserted*, namely :—

" Provided that if the offence of personation is committed in respect of an election to either Chamber of Parliament, the offender shall be punished with rigorous imprisonment for a term which may extend to two years and may also be liable to fine."

3. *After* section 171I of the Penal Code, the following *shall be inserted as* section 171J, namely :—

" 171J. Whoever, without lawful excuse, the burden of proof thereof being on him, has or retains in his possession, inside a polling station, where votes are being recorded at an election to either Chamber of Parliament, one or more voting tokens or ballot papers or colourable imitation thereof except for the lawful purpose of recording his vote or has in his possession outside such polling station, one or more voting tokens or ballot papers or colourable imitation thereof shall be punished with rigorous imprisonment for a term which may extend to two years and may also be liable to fine. "

4. In section 196 of the Code of Criminal Procedure, *for* the expression " (except section 127 and section 171F, so far as it relates to the offence of personation) " the expression " (except section 127, section 171F, so far as it relates to the offence of personation, and section 171J) " *shall be substituted*.

5. In the second schedule to the Code of Criminal Procedure, *for* the entries relating to section 171F the following entries relating thereto *shall be substituted*; and *after* the entries relating to section 171I, the following entries relating to section 171J *shall be inserted* :—

| 1<br>Section. | 2<br>Offence. | 3<br>Whether the Police may arrest without warrant or not. | 4<br>Whether a warrant or a summons shall ordinarily issue in the first instance. | 5<br>Whether bailable or not. | 6<br>Whether compoundable or not. | 7<br>Punishment under the Penal Code. | 8<br>By what Court triable. |
|---|---|---|---|---|---|---|---|
| 171F | Undue influence at an election. | Ditto. | Ditto. | Ditto. | Ditto. | Imprisonment of either description for one year, or fine, or both. | Ditto. |

Price,—One anna.]

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| Serial. | Offence. | Whether the Police may arrest without warrant or not. | Whether a warrant or a summons shall ordinarily issue in the first instance. | Whether bailable or not. | Whether compoundable or not. | Punishment under the Penal Code. | By what Code triable. |
| | Personation at an election to either Chamber of Parliament. | May arrest without warrant. | Ditto. | Not bailable. | Ditto. | Rigorous imprisonment for two years with or without fine. | Ditto. |
| | Personation at any other election. | Ditto. | Ditto. | Bailable. | Ditto. | Imprisonment of either description for one year, or fine, or both. | Ditto. |
| | * | * | * | * | * | * | * |
| 171J | Illegal possession at election to either Chamber of Parliament of any token, ballot paper or colourable imitation thereof except for the lawful purpose of recording his vote. | May arrest without warrant. | Ditto. | Not bailable. | Ditto. | Rigorous imprisonment for two years with or without fine. | Ditto. |

6. The Criminal Law Amendment Ordinance, 1951, is hereby repealed.

G.U.B.C.P.O.—No. 215, Min. of J.A., 15-8-51—2,000—II.

# THE NEGOTIABLE INSTRUMENTS (AMENDMENT) ACT, 1951.

[ACT No. XXV OF 1951.]

It is hereby enacted as follows :—

1. *For* the *explanation* to section 25 of the Negotiable Instruments Act, the following *shall be substituted*, namely :—

"*Explanation*—the expression 'public holiday' includes Sundays and any other day declared by the President of the Union, by notification, to be a public holiday."

G.U.B.C.P.O.—No. 216, Min. of J.A., 15-8-51—2,000—III

Price,—One anna.]

The Parliamentary Election (Amendment) Act 1951
(Act No XXVI of 1951)

# ၁၉၅၁ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆။]

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲ အက်ဥပဒေစတင် အာဏာတည်သည့်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ၏ဇယားရှိ အပိုဒ် ၁၂ တွင် ''ရွေးကောက်ပွဲကိစ္စများအတွက်'' ဆိုသည့်စကားရပ်နောက်၌ ''မဲပေးသည့်နေ့၌'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။၁၉၅၁ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲဆိုင်ရာ တချက်သွတ်ဥပဒေ ပုဒ်မ ၂ ကိုရုပ်သိမ်းပယ်ဖျက်သည်။

G.U.B.C.P.O.—No. 217, M of J.A., 15-8-51—2,000—II.

**Price,—One anna.]**

G.U.E.C.P.O.—No. 218, M. of J.A. 15-8-51—2000—II.

Price.—One anna.]

The Parliamentary Election Supervision (Amendment) Act 1951
(Act No XXVII of 1951)

# ၁၉၅၁ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ ကြီးကြပ်စီမံရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၇။]

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ ကြီးကြပ်စီမံရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၉ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲကြီးကြပ်စီမံရေး အက်ဥပဒေ စတင် အာဏာတည်သည့်နေ့တွင် စတင် အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။၁၉၄၉ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲ ကြီးကြပ်စီမံရေး အက်ဥပဒေ ပုဒ်မ ၆ တွင် ''ရွေးကောက်ပွဲတွင်'' ဆိုသည့်စကားရပ် နောက်၌ ''ပွဲပေးထည့်နေ့၌၊'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။၁၉၅၁ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲဆိုင်ရာ တချက်သွတ်ဥပဒေ ပုဒ်မ ၃ ကို ရုပ်သိမ်းပယ်ဖျက်သည်။

# THE BURMA CARRIAGE BY AIR (AMENDMENT) ACT, 1951.

[BURMA ACT No. XXVIII OF 1951.]

It is hereby enacted as follows :—

1. *After* sub-section (*3*) of section 2 of the Burma Carriage By Air Act, the following *shall be inserted as* sub-section (3A), namely :—

"(3A) Any reference in the First Schedule to the agents of the carrier shall be construed as including a reference to the servants of the carrier."

G.U.B.C.P.O.—No. 224, M. of J.A., 15-8-51—2,000—II.

**Price,—One anna.]**

The Karen Affairs Provisional Council (Allowances) (Amendment) Act 1951.
(Act No XXIX of 1951)

# ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီ ကောင်စီ (စရိတ်ကြေးငွေ များ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောင်တွင် '' အဆိုပါအက်ဥပဒေ '' ဟုရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၃၊ ဒုတိယ ခြွင်းချက်နောက်တွင် အောက်ပါကို ပုဒ်မ ၃-က အဖြစ်ထည့်သွင်းရမည်။

'' ၃-က။ ။ကရင်ရေးရာ ယာယီကောင်စီသဘာပတိသည်၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စု အစိုးရကိစ္စနှင့်သော်၎င်း၊ ကရင်ရေးရာဝန်ကြီး၏ ညွှန်ကြားချက်အရ ခရီးသွားလာရသည့်အခါ၊ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော် ခရီးစရိတ်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်း ရယူခွင့်ရှိရမည်။ ''

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄ တွင် '' ခြောက်လအတွင်း '' ဆိုသည့် စကားရပ်အစား '' တနှစ်အတွင်း '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 250, M.of J.A., 4-10-51—2,000—II.
Price,—One anna.]

# THE CO-OPERATIVE SOCIETIES (AMENDMENT) ACT, 1951.

[ACT NO. XXX OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Co-operative Societies (Amendment) Act, 1951.

2. In section 10 of the Co-operative Societies Act, hereinafter referred to as " the said Act ",—

(i) *after* the semi-colon ( ; ) at the end of clause (*a*) the word " and " *shall be inserted* ;

(ii) the present clause (*b*) *shall be deleted* ; and

(iii) the present clause (*c*) *shall be re-numbered* as clause (*b*) ; and in that clause, *for* the word " one " the word " three " *shall be substituted*.

3. The present section 38 of the said Act *shall be re-numbered* as sub-section (*1*) of section 38, and *thereafter* the following *shall be inserted* as sub-section (*2*) of the said section, namely :—

" (2) In making any rule under sub-section (*1*), the President of the Union may direct that a breach thereof shall be punishable with imprisonment for a term which may extend to one year, or with fine which may extend to one thousand rupees, or with both."

G.U.B.C.P.O.—No. 251, M. of J.A., 4-10-51—2,000—II.

**Price,—One anna.]**

[*English Translation.*]

# THE UNION OF BURMA CONTINGENCY FUND ACT, 1951.

[ACT NO. 31 OF 1951.]

1. (*1*) This Act may be called the Union of Burma Contingency Fund Act, 1951.

(*2*) It shall come into force on the 1st October 1951.

2. There shall be established a contingency fund in the nature of an imprest entitled the Union of Burma Contingency Fund, into which shall be paid from and out of the revenues of the Union of Burma a sum of Rupees One crore.

3. The Union of Burma Contingency Fund shall be held on behalf of the President by the Ministry of Finance and Revenue, and no advances shall be made out of the Fund except for the purposes of meeting unforeseen expenditure pending authorization of such expenditure by Parliament under appropriations made by law.

4. For the purpose of carrying out the objects of this Act, the President may make rules regulating all matters connected with or ancillary to the custody of, the payment of moneys into and the withdrawals of money from, the Union of Burma Contingency Fund.

G.U.B.C.P.O.—No. 163, Min. of F. & R., 2-10-51—2,050—II.

**Price,—One anna.]**

# THE LIFE ASSURANCE COMPANIES (AMENDMENT) ACT, 1951.

[ACT No. XXXII OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Life Assurance Companies (Amendment) Act, 1951.

2. In sub-section (*1*) of section 4 of the Life Assurance Companies Act, hereinafter referred to as "the Act", the words "the Government of India or" *shall be deleted*.

3. *After* section 4 of the Act the following *shall be inserted* as sections 4A, 4B and 4C, namely :—

4A. A life assurance company which has deposited securities of the Government of India before the commencement of the Life Assurance Companies (Amendment) Act, 1951, shall, within six months from the date of commencement of the said Act, deposit and keep deposited, as provided in sub-section (*1*) of section 4, securities of the Government of the Union of Burma of equal face value in lieu of the said securities of the Government of India.

4B A life assurance company which has been exempted, before the commencement of the Life Assurance Companies (Amendment) Act, 1951, from the provisions of section 4 and certain other sections, shall as from the date of commencement of the said Act be subject to all the provisions of this Act ; and shall within *two* months from the said date, deposit and keep deposited securities of the Government of the Union of Burma as provided in sub-section (*1*) of section 4 of the face value of two hundred thousand rupees.

4C. A life assurance company, which has ceased to carry on the business of life assurance in the Union of Burma, shall be entitled to the return of the securities deposited under section 4 or section 4A or section 4B, when its liabilities in the Union of Burma have been fully satisfied.

4. Sections 32 and 33 of the Act shall be *deleted*.

G.U.B.C.P.O.—No. 2, M. of J.A., 10-10-51—2,000—II.

**Price,—One anna.]**

[*English Translation.*]

# THE FINANCE ACT, 1951.

[ACT NO. XXXIII OF 1951.]

It is hereby enacted as follows :—

1. *Short title and commencement.*—(*1*) This Act may be called the Finance Act, 1951.

(*2*) It shall come into force on the first day of October 1951.

2. *Rates at which Income-tax and Super-tax are to be levied.*—(*1*) Subject to the provisions of sub-sections (*3*), (*4*) and (*5*), there shall be levied for the year beginning on the first day of October 1951,—

(*a*) Income-tax at the rates specified in Part I of the Schedule to this Act, and

(*b*) Super-tax for the purposes of section 55 of the Burma Income-tax Act, at the rates specified in Part II of the Schedule to this Act.

(*2*) In making any assessment, deduction or refund of tax for the year ending on the thirtieth day of September 1952, there shall be deducted from the total income of an assessee in accordance with the provisions of section 15A of the Burma Income-tax Act, an amount equal to one-tenth of the earned income, if any, included in his total income, but not exceeding in any case two thousand rupees, reduced in the case of a partner in a firm by the amount of the allowance for earned income deducted in making an assessment on the firm which is applicable to his share in the firm's profits.

(*3*) In making any assessment for the year ending on the thirtieth day of September 1952, where the total income of an assessee includes any income chargeable under the head "Salaries" as reduced by the deduction for earned income appropriate thereto, or any income chargeable under the head "Interest on Securities", the income-tax payable by the assessee on that part of his total income which consists of such inclusions shall be an amount bearing to the total amount of income-tax payable according to the rates imposed by the Finance Act, 1949, on his total income, the same proportion as the amount of such inclusions bears to his total income.

(*4*) For the purposes of refunds under sub-section (*1*) or sub-section (*3*) of section 48 in respect of dividends declared in the year ending on the thirtieth day of September 1951, or of salaries due whether paid or not or of payments made of interest on securities in the said year, the rate representing the average of the rates applicable to the total income of the person claiming refund shall be the rate representing the average of the rates imposed by the Finance Act, 1949.

(*5*) In cases to which section 17 of the Burma Income-tax Act applies, the tax chargeable shall be determined as provided in that section but with reference to the rates imposed by sub-section (*1*), and in accordance, where applicable, with the provisions of sub-sections (*3*) and (*4*) of this section

(*6*) For the purposes of this section and of the rates of tax imposed thereby, the expression "total income" means total income as determined for the purposes of income-tax or super-tax, as the

case may be, in accordance with the provisions of the Burma Income-tax Act, and the expression "earned income" has the meaning assigned to it in clause (6A) of section 2 of that Act.

3. *Business Profits Tax.*—The tax imposed by section 4 of the Business Profits Tax Act, 1948, shall, in respect of any previous year relevant for the assessment under the Burma Income-tax Act for the year ending on the thirtieth day of September 1952, be an amount equal to $16\frac{2}{3}$ per cent of the taxable profits.

4. *Time within which proceedings for assessment or refund may be taken.*—In respect of any assessment or refund to be made for the year ending on the thirtieth day of September 1952, the Burma Income-tax Act shall be construed as if in sections 34, 35 and 50 of that Act for the words "one year" wherever they occur the words "two years" were substituted.

5. *Fixation of Postal Rates.*—For the year beginning on the first day of October 1951, Schedule II to the Burma Finance Act, 1947, shall be inserted in the Burma Post Office Act as the first Schedule to that Act.

## SCHEDULE OF RATES OF INCOME-TAX AND SUPER-TAX FOR THE FINANCIAL YEAR 1951-52.

[SECTION 2 (*1*).]

### Part I.

RATES OF INCOME-TAX.

A.—In the case of every individual, Hindu undivided family, unregistered firm and other association of persons not being a case to which paragraph B of this Part applies—

| | | *Rate.* |
|---|---|---|
| 1. On the first Rs. 1,500 of total income | ... | *Nil.* |
| 2. On the next Rs. 3,500 of total income | ... | Fifteen pies in the rupee. |
| 3. On the next Rs. 5,000 of total income | ... | Two annas and one pie in the rupee. |
| 4. On the next Rs. 5,000 of total income | ... | Three annas and six pies in the rupee. |
| 5. On the balance of total income | ... | Five annas in the rupee. |

Provided that —

(i) no income-tax shall be payable on a total income which before deduction of the allowance, if any, for earned income, does not exceed Rs. 3,500;

(ii) the income-tax payable shall in no case exceed half the amount by which the total income (before deduction of the said allowance, if any, for earned income) exceeds Rs. 3,500;

(iii) the income-tax payable on the total income as reduced by the allowance, for earned income shall not exceed either—

(*a*) a sum bearing half the amount by which the total income (before deduction of the allowance for earned

income) exceeds Rs. 3,500 the same proportion as such reduced total income bears to the unreduced total income, or

(*b*) the income-tax payable on the income so reduced at the rates specified in this Schedule,

whichever is less.

**B.**—In the case of every company and registered firm and in every case in which, under the provisions of the Burma Income-tax Act, income-tax is to be charged at the maximum rate—

| | | *Rate.* |
|---|---|---|
| On the whole of total income | ... ... | Five annas in the rupee. |

## Part II.

RATES OF SUPER-TAX.

**A.**—In the case of every individual, Hindu undivided family, unregistered firm and other association of persons not being a case to which paragraph **B** or **C** of this Part applies—

| | | *Rate.* |
|---|---|---|
| 1. On the first Rs. 25,000 of total income | ... | *Nil.* |
| 2. On the next Rs. 20,000 of total income | ... | Three annas in the rupee. |
| 3. On the next Rs. 25,000 of total income | ... | Five annas in the rupee. |
| 4. On the next Rs. 25,000 of total income | ... | Six annas in the rupee. |
| 5. On the next Rs. 30,000 of total income | ... | Six annas and six pies in the rupee. |
| 6. On the next Rs. 75,000 of total income | ... | Eight annas in the rupee. |
| 7. On the next Rs. 1,00,000 of total income | ... | Nine annas in the rupee. |
| 8. On the balance of total income | ... | Ten annas and six pies in the rupee. |

**B.**—In the case of a co-operative society for the time being registered under the Co-operative Societies Act—

| | | *Rate.* |
|---|---|---|
| 1. On the first Rs. 25,000 of total income | ... | *Nil.* |
| 2. On the balance of total income | ... | Two annas in the rupee. |

**C.**—In the case of every Company—

| | | *Rate.* |
|---|---|---|
| On the whole of total income | ... ... | Three annas in the rupee |

G.U.B.C.P.O.—No. 166, Min. of F. & R., 5-10-51—2,300—II.

The Criminal Law Amendment (Amending) Act 1951
(Act No XXXIV of 1951)

# ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက် (ပြင်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် (ပြင်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ရာဇဝတ် ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ဤအက်ဥပဒေ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ဤအက်ဥပဒေတွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ဃ) တွင် "ပြန်၍ စစ်ဆေးကြည့်ရှုရန်အတွက်သော်၎င်း" ဆိုသည့်စကားရပ်အစား၊ "ပြင်ဆင်မှုအဖြစ်ဖြင့်သော်၎င်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။ထို့ပြင် "ထိုပြန်၍စစ်ဆေးကြည့်ရှုရန်အမှုတွင်" ဆိုသည့်စကားရပ်အစား "ထိုပြင်ဆင်မှုတွင်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၂ တွင်—

(က) ပုဒ်မခွဲ (၂) ၌ "ယင်းသို့ပြစ်မှုထင်ရှား စီရင်ခြင်းကိုအယူခံသည့်အခါ၊ သို့တည်း မဟုတ် ပြန်၍စစ်ဆေး ကြည့်ရှုသည့်အခါ" ဆိုသည့်စကားရပ်အစား "ယင်းသို့ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့်စပ်လျဉ်းသည့် အယူခံမှုတွင်၊ သို့တည်းမဟုတ် ပြင်ဆင်မှုတွင်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင် "ပြန်၍စစ်ဆေးကြည့်ရှုသည့်တရားရုံးသည်" ဆိုသည့်စကားရပ်အစား "ပြင်ဆင်မှုကြားနာသည့်တရားရုံးသည်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၃) ၌ "တရားခံသေ လွတ်သော အမိန့်ကို အယူခံသည့်အခါ၊ သို့တည်းမဟုတ် ပြန်၍ စစ်ဆေး ကြည့်ရှုသည့် အခါ" ဆိုသည့် စကားရပ်အစား "တရားခံသေ လွတ်သောအမိန့်နှင့်စပ်လျဉ်းသည့်အယူခံမှု၌၊ သို့တည်းမဟုတ် ပြင်ဆင်မှု၌" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင် "ပြန်၍စစ်ဆေးကြည့်ရှုသည့်တရားရုံးသည်" ဆိုသည့် စကားရပ်အစား "ပြင်ဆင်မှုကြားနာသည့်တရားရုံးသည်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁) တွင် "ပြန်၍ စစ်ဆေးကြည့်ရှုသည့် တရားရုံးက" ဆိုသည့် စကားရပ်အစား "ပြင်ဆင်မှုကြားနာသည့်တရားရုံးက" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 4, M. of J.A., 10-10-51—2,000—II.

**Price,—One anna.]**

The Appropriation Act 1951
(Act No. XXXV of 1951)

# ၁၉၅၁ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ငွေ ၉၅,၀၄,၀၆,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ငွေချေးယူခြင်း။

၂။ ။(၁) ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွင်းတွင် ငွေစုစုပေါင်း ၁၇,၀၁,၀၀,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်း တွင် ထိုငွေများကိုဘဏ္ဍာရေးဝန်ကြီးအားထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသောကိစ္စ အတွက် ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည့်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ် ၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးငှားရှိသော ငွေအားလုံးကို ပြည်ထောင်စု နိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင် သောငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေး ရမည်။

## နောက်ဆက်တွဲဇယား။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် ... ... | ၂၉,၆၉,၀၀၀ |
| အမြတ်တော်ခွန် ... ... ... | ၁၂,၂၃,၀၀၀ |
| အစိုးရထီ ... ... ... ... | ၅,၁၂,၀၀၀ |
| မြေခွန်တော် ... ... ... ... | ၁,၀၆,၆၁,၀၀၀ |
| ယစ်မျိုး ... ... ... ... | ၂၂,၉၇,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု ... ... | ၄,၀၀,၀၀၀ |

Price,—One anna.]

## နောက်ဆက်တွဲဇယား။ ။အခွက်။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| သစ်တော ... ... ... ... | ၇၅,၁၉,၀၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ ... ... | ၁၂,၀၁,၀၀၀ |
| မီးရထား ... ... ... ... | ၂,၇၄,၀၀,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ ... ... | ၀၆,၇၁,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၁,၄၆,၆၄,၀၀၀ |
| အတိုးနှင့်ကြွေးမြီ ... ... ... | ၃၂,၇၄,၀၀၀ |
| ပါလီမန် ... ... ... ... | ၃၉,၆၃,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၁,၀၅,၀၀,၀၀၀ |
| စာရင်းစစ် ... ... ... ... | ၂၀,၈၁,၀၀၀ |
| တရားရေး ... ... ... ... | ၇၅,၁၄,၀၀၀ |
| အကျဉ်းထောင်များ ... ... ... | ၀၄,၁၃,၁၀၀ |
| ရဲအဖွဲ့ ... ... ... ... | ၆,၆၇,၃၆,၁၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ ... ... | ၈၁,၃၁,၀၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၁၀,၄၄,၀၀၀ |
| နိုင်ငံခြားရေး ... ... ... | ၄၆,၁၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၂၄,၅၂,၀၀၀ |
| မညာရေး ... ... ... | ၄,၆၂,၆၂,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး ... ... | ၁,၀၀,၇၅,၀၀၀ |
| စိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမပါယမ ငွေစုငွေချေးလုပ်ငန်းနှင့် ငင်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး ... ... | ၇၃,၆၉,၀၀၀ |
| စက်မှုလက်မှု အလုပ်အကိုင်များ ... .. ... | ၁၂,၃၀,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... ... | ၂၀,၆၂,၀၀၀ |
| အထွေထွေဌာနများ ... ... ... | ၀,၇၅,၅၀,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ ... ... | ၄,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၃,၀၇,၄၁,၀၀၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၁,၇၇,၄၉,၀၀၀ |
| စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း ... ... ... | ၃၂,၆၃,၀၀၀ |
| အထွေထွေ ... ... ... ... | ၄၀,၈၁,၀၀၀ |
| ကာကွယ်ရေး ... ... ... ... | ၁၆,၀၅,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ ... ... | ၁,၀၅,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါသွားမိ တင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၆၆,၃၆,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေချင်း ... ... | ၂၀,၀၀၀ |
| ဆည်မြောင်းစသည့်လုပ်ငန်းများအတွက် မ, တည်ငွေရင်း ... | ၉,၄၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၂၆,၁၉,၀၀၀ |
| ရဲအဖွဲ့အကွက် မ,တည်ငွေရင်း ... ... ... | ၁,၄၁,၀၀၀ |
| ရေကြောင်းဆိုင်ရာ၊ မီးပြတိုက်များနှင့် မီးပြသင်္ဘောများအတွက် မ,တည် ငွေရင်း ... ... ... ... | ၇၉,၇၆,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း ... ... | ၁၇,၇၅,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... | ၄၀,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း ... ... | ၅၁,၀၀,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၂,၅၆,၅၀,၀၀၀ |

## နောက်ဆက်တွဲဇယား။ ။အသုံး။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| ငွေကြေးအတွက် မ,တည်ငွေရင်း ... ... | ၁,၅၆,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၃,၇၇,၅၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၅,၁၅,၈၂,၀၀၀ |
| အိမ်ဆောက်သုပ်ရေးစီမံကိန်းအတွက် မ,တည်ငွေရင်း ... | ၃,၅၀,၀၀,၀၀၀ |
| စက်မှုလက်မှုလုပ်ငန်းကြီးတက်ရေးအတွက် မ,တည်ငွေရင်း ... | ၂,၀၇,၄၄,၀၀၀ |
| ရုတ်တရက်အသုံးစရိတ်ရံပုံငွေ ... ... ... | ၁,၀၀,၀၀,၀၀၀ |
| စီမံကိန်းအဖွဲ့များနှင့် မြန်မာနိုင်ငံတော်မီးရထားအဖွဲ့သို့ချေးငွေများ ... | ၆,၄၆,၀၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၄,၇၅,၅၄,၀၀၀ |
| ပေါင်း ... | ၉၅,၁၄,၀၆,၀၀၀ |

G.U.B.C.P.O.—No. 14, M. of J.A. 26-10-51—2,000—II.

The Supplementary Appropriation Act-1951
(Act No XXXVI of 1951)

# ၁၉၅၁ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းငွေ ၁၀,၅၅,၀၆,၅၃၀ (ဤအက်ဥပဒေ ဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၁ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂) အရခွင့်ပြု ထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ် အတွက် ငွေချေးယူခြင်း။

၂။ ။(၁) ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း၊ ငွေ စုစုပေါင်း ၂၄,၂၃,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ မည်သူ့ထံမှသော်လည်း ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေး ဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသော ကိစ္စအတွက် ဘဏ္ဍာရေး ဝန်ကြီးသည် မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင်ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စု နိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့်ငွေချေးယူခြင်းသည်၊ ၁၉၅၀ ပြည့်နှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၂) အရ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**Price,—One anna.]**

## ဇယား။

| အဝိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် ... ... | ၄,၅၄,၉၉၀ |
| အမြတ်တော်ခွန် ... ... ... | ၃၀,၁၀၀ |
| အဝိုးရငှါး ... ... ... ... | ၄၉,၄၀၀ |
| ယစ်မျိုး ... ... ... ... | ၁,၇၄,၀၄၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ ... ... | ၂,၆၄,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ ... ... | ၁၀ |
| အတိုးနှင့်ကြွေးမြီ ... ... ... | ၁,၅၀,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၁၄,၄၁,၇၃၀ |
| စာရင်းစစ် ... .. ... | ၉၂,၇၀၀ |
| အကျဉ်းထောင်များ ... ... ... | ၈၈,၀၀၀ |
| ရဲအဖွဲ့ ... ... ... ... | ၄၁,၀၀,၇၄၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြကိုက်များ ... ... | ၆,၄၀,၄၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၂,၇၀,၇၀၀ |
| ပညာရေး ... ... ... ... | ၁၇၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၃,၆၆,၂၁၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ ... ... | ၉၀,၂၃၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... | ၁,၃၀,၇၂,၃၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ ... ... | ၂,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၁၆,၅၃,၉၂၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၁၅,၅၇,၅၄၀ |
| အထွေထွေ ... ... ... ... | ၇,၆၆,၈၂,၃၇၀ |
| ပြည်သူ့ထောက်ပံ့ရေး ... ... ... | ၁,၁၀,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့် ကြွေးမြီတာဝန်များ ... | ၂,၃၁,၀၀၀ |
| အထူးရငွေများမှ ကြီးပွါးရေးရံပုံငွေအတွက် ကုန်ကျစရိတ် .. | ၂၅,၃၇,၉၀၀ |
| ပြည်နယ်အစိုးရများသို့ချေးငွေများ ... ... | ၁,၀၀,၀၀၀ |
| ပေါင်း ... | ၁၁,၅၅,၈၆,၂၃၀ |

G.U.B.C.P.O.—No. 15, Min. of J.A., 27-10-51—2,000—II.

The International Monetary Fund and Bank Act 1951.
(Act No XXXVII of 1951)

# ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ (INTERNATIONAL MONETARY FUND AND BANK) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊အက်ဥပဒေအမှတ် ၃၇။]

ပြည်ထောင်စုမြန်မာနိုင်ငံအား (နောက်တွင် အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ဟု ရည်ညွှန်းသည်)၊အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ (International Monetary Fund) နှင့် (နောက်တွင် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့ဟု ရည်ညွှန်းသည့်) အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်ကြီးပွါးရေးဘဏ်အဖွဲ့ (International Bank for Reconstruction and Development)တွင်၊ အဖွဲ့ဝင်နိုင်ငံတနိုင်ငံအဖြစ် ဝင်ရောက်နိုင်စေရန်အက်ဥပဒေ။

၁၉၄၄ ခုနှစ်၊ ဇူလိုင်လတွင်၊ အမေရိကန် ပြည်ထောင်စုနိုင်ငံ၊ နယူးဟမ်(ပ်) ရှိုင်ယာနယ်(New Hampshire)၊ ဘရက်တန်ဝုဒ်(စ်) (Bretton Woods)၌ ကျင်းပသော ကမ္ဘာ့ကုလ သမဂ္ဂငွေကြေးနှင့် ဘဏ္ဍာရေးအစည်းအဝေးကြီးတွင် ရေးဆွဲသည့် သဘောတူစာချုပ်များနှင့်အညီ၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည်လည်းတကြောင်း။

ဆိုခဲ့သည့်သဘောတူစာချုပ်များ၏ စာမူမိတ္တူများကို၊ ပါလီမန်၌ တင်ပြပြီးဖြစ်သည်လည်းတကြောင်း။

အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့တို့က၊ ဤအက်ဥပဒေ၏ ပဌမဇယားနှင့်ဒုတိယဇယားတို့တွင် ဖေါ်ပြထားသည့် စည်းကမ်းချက်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအား၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့နှင့်၊ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့တွင်၊ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်စေမည့် စည်းကမ်းချက်များအဖြစ်ဖြင့် ပြဋ္ဌာန်းပြီးဖြစ်သည်လည်းတကြောင်း။

အထက်ဆိုခဲ့သည့်စည်းကမ်းချက်များအတိုင်း လိုက်နာရန်ကိစ္စအလို့ငှါ၊ နောက်တွင်ဖေါ်ပြထားသည့်ပြဋ္ဌာန်းချက်များကို ပြုလုပ်ရန်လိုအပ်သည်လည်းတကြောင်း။

ထိုအကြောင်းများကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်တို။

၁။ ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့်ဘဏ်အဖွဲ့အက်ဥပဒေဟုခေါ်ရမည်။

Price,—annas 3.]

ရုံပုံငွေအဖွဲ့နှင့်ဘဏ်အဖွဲ့ဆိုင်ရာ သဘောတူ စာချုပ် အသီးသီး၏ အပိုဒ်များကို လက်မှတ် ရေးထိုးရန် အာဏာ အပ်နှင်းခြင်း။

၂။ နိုင်ငံတော်သမတက အောက်ပါကိစ္စများအတွက် အာဏာ အပ်နှင်းနိုင်သည်။

(က) (နောက်တွင် ရုံပုံငွေအဖွဲ့ စာချုပ်ဟု ရည်ညွှန်းသည့်) အပြည်ပြည်ဆိုင်ရာ ရုံပုံငွေအဖွဲ့ သဘောတူစာချုပ်ကိုင်း (နောက်တွင် ဘဏ်အဖွဲ့ စာချုပ်ဟု ရည်ညွှန်းသည့်) ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ သဘောတူစာချုပ်ကိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရအတွက် လက်မှတ်ရေးထိုးရန်ကိစ္စ၊ ထို့ပြင်

(ခ) အပြည်ပြည်ဆိုင်ရာ ရုံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုရမည့် စည်းကမ်းချက်များအဖြစ်ဖြင့်၊ ရုံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ်များကိုင်း၊ ဘဏ်အဖွဲ့စာချုပ်ပါ အပိုဒ်များကိုင်း၊ ကိုအပိုဒ်များအရ ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက၊ မိမိ၏ တရားဥပဒေနှင့်အညီ၊ လက်ခံကြောင်း ဖေါ်ပြလျက်၊ ထိုရုံပုံငွေအဖွဲ့ စာချုပ်ပါ အပိုဒ်များနှင့် ဘဏ်အဖွဲ့စာချုပ်ပါ အပိုဒ်များကိုလက်ခံသည့် စာချွန်တော်များ၊ အမေရိကန် ပြည်ထောင်စုအစိုးရထံပေးအပ်ရန်ကိစ္စ။

ပြည် ထောင်စု ဘဏ်သည်၊ အပြည်ပြည် ဆိုင်ရာ ရုံပုံငွေအဖွဲ့နှင့် ဘဏ် အဖွဲ့ အတွက် ငွေ အပ်နှံ ရာ ဘဏ်ဖြစ်ခြင်း။

၃။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်သည်၊ အပြည်ပြည်ဆိုင်ရာ ရုံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့တို့ ပိုင်သော မြန်မာနိုင်ငံသုံး ငွေများအပ်နှံရာဘဏ်ဖြစ်ရမည်။

အပြည်ပြည်ဆိုင်ရာရုံပုံငွေ အဖွဲ့သို့ ထည့်ဝင်ရန်ကြေးငွေ။

၄။ ။(၁) ဤအက်ဥပဒေ၏ ပဋ္ဌမဇယားနှိ စည်းကမ်းချက်များတွင်ဖေါ်ပြထားသည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှထည့်ဝင်ရန်ကြေးငွေများအနက်၊ အဆိုပါစည်းကမ်းချက်များအရရင်း၊ ရုံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ် ၃၊ အပိုဒ်ငယ် ၃ နှင့် ၅ ရှိပြဋ္ဌာန်းချက်များအရရင်း၊ ရွှေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံသုံး ငွေများဖြင့်ဖြစ်စေ၊ ပေးနိုင်သည့်ထည့်ဝင်ရန်ကြေးငွေအချို့အဝက်ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှပေးရမည်။

(၂) မြန်မာနိုင်ငံသုံးငွေဖြင့်ပေးရမည်ဖြစ်သည့်၊ပြည် ထောင်စုမြန်မာနိုင်ငံမှ ထည့်ဝင်ရန်ကြေးငွေအချို့အဝက်အစား၊ ရုံပုံငွေအဖွဲ့စာချုပ်ပါအပိုဒ် ၃၊ အပိုဒ်ငယ် ၅ ရှိပြဋ္ဌာန်းချက်များအရ၊ အပြည်ပြည်ဆိုင်ရာ ရုံပုံငွေအဖွဲ့ကလက်ခံရန်ဆုံးဖြတ်သည့်၊ အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကိုဖြစ်စေ၊ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မိမိသင့်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်၍၊ အပြည်ပြည်ဆိုင်ရာရုံပုံငွေအဖွဲ့သို့ထုတ်ပေးနိုင်သည်။

အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့ ပေးရန်ရှိသည့် အခြားငွေများ။

၅။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အောက်ပါငွေများကိုပေးရမည်။

(က) [အဖွဲ့ဝင်နိုင်ငံတို့၏ ငွေတန်ဘိုး၊ သို့တည်းမဟုတ် ငွေခြင်းဂါလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား ( the par or the foreign exchange value ) အပြောင်းအလဲနှင့် သက်ဆိုင်သည့်] ရံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ် ၄၊ အပိုဒ်ငယ် ၈ (ခ) အရ၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့ပေးရမည့်ငွေအားလုံး။

(ခ) ရံပုံငွေအဖွဲ့စာချုပ်ပါအပိုဒ် ၁၃၊ အပိုဒ်ငယ် ၃ အရ၊ ပြဋ္ဌာန်းထားသည့်၊ အာမခံချက်အတိုင်း ဆောင်ရွက်ရာ၌ လိုအပ်သည့်ငွေအားလုံး၊ အဆိုပါအပိုဒ်အရ အာမခံချက်ဆိုသည်မှာ၊ ရံပုံငွေအဖွဲ့ပိုင်ပစ္စည်းများကို လက်ခံထိန်းသိမ်းရန် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကခန့်အပ်ထားသည့်ဘဏ် ပျက်ပြားသောကြောင့်ဖြစ်စေ၊ တာဝန် ပျက်ကွက်သောကြောင့်ဖြစ်စေ၊ ဆုံးရှုံးမှုမဖြစ်စေရဟုပေးထားသောအာမခံချက်ကိုဆိုလိုသည်။

(ဂ) အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များကိုပြန်ရွေးရန်လိုအပ်သည့်ငွေအားလုံး။ ထို့ပြင်

(ဃ) (အဖွဲ့ဝင်နိုင်ငံများ နုတ်ထွက်ခြင်းနှင့်သက်ဆိုင်သည့်) ရံပုံငွေအဖွဲ့စာချုပ်၏ ဇယား (ဃ) အရ၊ သို့တည်းမဟုတ် (အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်) ထိုစာချုပ်၏ဇယား (င) အရ၊ ကိုရံပုံငွေအဖွဲ့သို့ဖြစ်စေ၊ ထိုရံပုံငွေအဖွဲ့ဝင်နိုင်ငံတနိုင်ငံသို့ဖြစ်စေ၊ ပေးရန်လိုအပ်သည့်လျော်ကြေးငွေ။

(၂) ပုဒ်မခွဲ (၁) ၏ အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ) အရ၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ပေးရမည့် မြန်မာနိုင်ငံသုံးငွေအစား၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့က၊ ရံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ် ၃၊ အပိုဒ်ငယ် ၅ အရ လက်ခံရန်သုံးဖြတ်သည့်အတိုးမရှိ၊မလွှဲပြောင်းနိုင်သောအာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မိမိသင့်သည်ထင်မြင်သည့်အတိုင်းပြုလုပ်၍ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ ထုတ်ပေးနိုင်သည်။

အပြည်ပြည် ဆိုင်ရာ ဘဏ်အဖွဲ့သို့ ထည့်ဝင်ရန် ကြေးငွေ။

၆။ ။(၁) ဤအက်ဥပဒေ၏ ဒုတိယဇယားပါ စည်းကမ်းချက်များ၏ အပိုဒ် ၂ တွင်သီးခြားဖေါ်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံမှ ထည့်ဝင်ရန် ကြေးငွေများအနက်၊ အဆိုပါစည်းကမ်းချက်များအရရင်း၊ ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ် ၂ ရှိပြဋ္ဌာန်းချက်များအရရင်း၊ အမေရိကန်ပြည်ထောင်စု ဒေါ်လာဖြင့်ဖြစ်စေ၊

မြန်မာနိုင်ငံသုံးငွေဖြင့်ဖြစ်စေ ပေးနိုင်သည့်၊ ထည့်ဝင်ရန် ကြေးငွေအချို့အဝက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှပေးရမည်။

(၂) မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည့်၊ ပြည်ထောင်စုမြန်မာ နိုင်ငံမှ ထည့်ဝင်ရန် ကြေးငွေအချို့အဝက်အစား၊ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ် ၅၊အပိုဒ်ငယ် ၁၂ အရ၊ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့က လက်ခံရန် ဆုံးဖြတ်သည့်အတိုးမရှိ၊ မလွှဲပြောင်းနိုင်သောအာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မိမိသင့်သည် ထင်မြင်သည့်အတိုင်းပြုလုပ်၍ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့သို့ထုတ်ပေးနိုင်သည်။

အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ပေးရန် ရှိသည့် အခြားငွေများ။

၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အောက်ပါငွေများကိုပေးရမည်။

(က) [အဖွဲ့ဝင်နိုင်ငံတို့၏ငွေတန်ဘိုး၊သို့တည်းမဟုတ်၊ ငွေချင်း လဲလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား ( the par or the foreign exchange value ) အပြောင်းအလဲနှင့်သက်ဆိုင်သည့်] ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ်၂၊အပိုဒ်ခွဲငယ် ၉ အရ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ပေးရမည့်ငွေအားလုံး၊ ထို့ပြင်

(ခ) အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့သို့ ပြုလုပ်ထုတ်ပေးထားသည့်အာမခံလက်မှတ်များကို၊သို့တည်းမဟုတ် ခံဝန်ချုပ်များကို၊ပြန်ရွေးရန် လိုအပ်သည့်ငွေအားလုံး။

ပြည်ထောင်စု ဘဏ်သို့ အစိုးရ အာမခံ လက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များ ထုတ်ပေးခြင်း။

၈။ ။(၁) ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ၏အပိုဒ် (က) ၊သို့တည်းမဟုတ် အပိုဒ် (ခ) ၊သို့တည်းမဟုတ် အပိုဒ် (ဂ) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၆ ပုဒ်မခွဲ (၁) ၊သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊မြန်မာနိုင်ငံအခွန်တော်ငွေများထဲမှ ပေးရမည့်ငွေများ အသင့်ရနိုင်ရန် ကိစ္စအလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည်၊အတိုးမရှိ၊ မလွှဲပြောင်းနိုင်သောအာမခံ လက်မှတ်များကိုဖြစ်စေ၊ ခံဝန်ချုပ်များကိုဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်အတိုင်းပြုလုပ်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်သို့ထုတ်ပေးခြင်းဖြင့် ငွေများချေးယူနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အက်ဥပဒေ (၁၉၄၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များကို၊ သို့တည်းမဟုတ် ခံဝန်ချုပ်များကို လက်ခံ၍လက်ရှိထားရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အား၊ ဤအက်ဥပဒေဖြင့် အာဏာအပ်နှင်းသည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်သို့ ပြုလုပ်ထုတ်ပေးထားသည့်အာမခံ လက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များ ပြန်ရွေးရန်လိုအပ်သောငွေအားလုံးကို၊ မြန်မာနိုင်ငံအခွန်တော်ငွေများထဲမှပေးရမည်။

၉။ ။(၁) ရံပုံငွေအဖွဲ့စာချုပ်ပါအပိုဒ် ၅၊ အပိုဒ်ငယ် ဂ အရ၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့ပေးရမည့်ငွေများပေးရန် လိုအပ်သောငွေအားလုံးကို ထုတ်ပေးရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အား ဤအက်ဥပဒေဖြင့် အာဏာအပ်နှင်းသည်။

ပေးငွေများနှင့်ရငွေများ။

(၂) ရံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ် ၅၊ သို့တည်းမဟုတ် အပိုဒ် ၇၊ သို့တည်းမဟုတ် အပိုဒ် ဂ အရ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏လုပ်ကိုင်ဆောင်ရွက်မှုများကြောင့်ရရှိသောငွေများမှတပါး၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့မှ၊ သို့တည်းမဟုတ် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့မှ ၊ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအတွက်သော်၎င်း၊ ရရှိသောအခြား ငွေအားလုံးကို၊ မြန်မာနိုင်ငံအခွန်တော် ငွေများထဲသို့ ထည့်သွင်းရမည်။ ဤကဲ့သို့ရရှိသောငွေများသည်၊မ,တည်ငွေရင်းနှင့်သက်ဆိုင်လျှင်၊ထိုငွေများကို အခြားနည်းသုံးစွဲရန် တရားဥပဒေတခုခုတွင် ပြဋ္ဌာန်းထားခြင်းမရှိပါက၊ဤအက်ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ထုတ်ပေးသည့်အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားခံဝန်ချုပ်များကို ပြန်ရွေးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ညွှန်ကြားသည့်အတိုင်း၊ အခါအားလျော်စွာသုံးစွဲရမည်။

၁၀။ ။အခြားတရားဥပဒေတွင် ဆန့်ကျင်ကွဲလွဲချက်ရှိသည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေ၏ တတိယဇယားတွင်ဖေါ်ပြထားသော ရံပုံငွေအဖွဲ့စာချုပ်နှင့် ဘဏ်အဖွဲ့ စာချုပ်ပါ ပြဋ္ဌာန်းချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဥပဒေသဘောသက်ရောက်ရမည်။

စာချုပ်ပါ၊အချို့ပြဋ္ဌာန်းချက်များသည်၊ တရားဥပဒေသဘောသက်ရောက်ခြင်း။

<u>ခြွင်းချက်။</u> ။သို့ရာတွင်၊ ရံပုံငွေအဖွဲ့စာချုပ်အပိုဒ် ၉၊အပိုဒ်ငယ် ၉၊သို့တည်းမဟုတ် ဘဏ်အဖွဲ့စာချုပ်အပိုဒ် ၇၊ အပိုဒ်ငယ် ၉ ပါစကားကြောင့်—

(က) အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့၌ သော်၎င်း၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့၌သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ကုန်စည်ပစ္စည်းများကို အကောက်လွတ် သွင်းယူပြီးနောက်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၊ အချုပ်အချယ်မရှိဘဲ ရောင်းချနိုင်ခွင့်ရှိသည်ဟူ၍ အဓိပ္ပါယ်မကောက်ယူရ၊ သို့တည်းမဟုတ်

(ခ) ကုန်ပစ္စည်းများရောင်းချသည့်အဘိုးတွင်ပါဝင်သော အကောက်အခွန်များကိုင်း၊ လုပ်ကိုင်ဆောင်ရွက်မှုအတွက် အခကြေးငွေမျှသာဖြစ်သော အကောက်အခွန်များကို၎င်း၊အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ကဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ကဖြစ်စေ၊ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသည်ဟူ၍အဓိပ္ပါယ်မကောက်ယူရ။

၁၁။ ။(၁) ရံပုံငွေအဖွဲ့စာချုပ်ပါအပိုဒ် ဂ၊ အပိုဒ်ငယ် ၅ အရ၊အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့က၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအား လိုအပ်သည့်သတင်းကိုပေးရန်တောင်းဆိုလျှင်၊ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကသော်၎င်း၊ဤကိစ္စအတွက်ပြည်ထောင်စု

သတင်းပေးရန်တောင်းဆိုပိုင်ခွင့်အာဏာ။

မြန်မာနိုင်ငံအစိုးရက ယေဘုယျအားဖြင့်၊ သို့တည်းမဟုတ် အထူးအားဖြင့် အာဏာ အပ်နှင်းထားပါက၊ ပြည်ထောင်စုမြန်မာနိုင်ငံဘော်ဘဏ်ကသော်၎င်း၊အရာရှိ၊သို့တည်း မဟုတ် အခြားပုဂ္ဂိုလ်တဦးတယောက်ကို အမိန့်စာတွင်သီးခြားဖော်ပြ၍၊ အပြည်ပြည် ဆိုင်ရာ ရံပုံငွေအဖွဲ့၏တောင်းဆိုချက်အတိုင်း ပေးရန်ကိစ္စအတွက်လိုအပ်သည်ဟု၊ ပြည် ထောင်စုမြန်မာနိုင်ငံအစိုးရ၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၊ ဆိုင်သင့်ရာရာက သတ်မှတ်သော အသေးစိတ်သတင်းများကို၊ထိုအရာရှိ၊သို့တည်းမဟုတ် ပုဂ္ဂိုလ်ထံသို့ပေးရမည်ဟု မည်သူ့ကိုမဆိုအမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။ဤကဲ့သို့ဆင့်ဆိုခြင်း ခံရသူ မည်သူမှာမဆို၊ ယင်းသို့တောင်းဆိုသည့်သတင်းကို ပေးရန်တာဝန်ရှိရမည်။

(၂) ဤပုဒ်မအရ ပေးရမည်ဖြစ်သောသတင်းကိုလက်ခံရမည့်အရာရှိ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အသီးသီးသည်၊ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်သဘော သက်ဝင်သည့်ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

(၃) ဤပုဒ်မအရ ရရှိသောမည်သည့်သတင်းကိုမျှလူတဦးတယောက် နှင့်ဆိုင်သောအရေးကိစ္စများပေါ်အောင် အသေးစိတ်၍ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ သို့မပေးရ။ ထိုပြင် မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်များ သည်၊ ထိုပုဒ်မတွင် ရည်ညွှန်းထားသော အကြောင်းအရာများနှင့် သက်ဆိုင်ဘိသကဲ့သို့ ဤပုဒ်မအရ တောင်းဆိုသည့်သတင်းနှင့်ပတ်သက်၍လည်း သက်ဆိုင်ရမည်။

(၄) သတင်းကို မည်ရွေ့မည်မျှအသေးစိတ်၍ ပေးပို့ရမည်ဟူသော အကြောင်းနှင့် ပတ်သက်၍၊ ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏ သတ်မှတ်ချက်သည်၊ အပြီး အပြတ်အတည်ဖြစ်ရမည်။ ထိုပြင် ဤပုဒ်မအရပေးပို့ရန် တောင်းဆိုသည့်သတင်းနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၁၇၇ အရ တရားစွဲ ဆိုရာတွင်၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ကတောင်းဆိုချက်ကိုလိုက်လျောရန်အလို့ငှါ၊ လိုသည်ထက် ပိုသောသတင်းအသေးစိတ်ကိုဖော်ပြရန် တောင်းဆိုသည်ဟု အကြောင်း ပြ၍ ထုချေနိုင်ခွင့်မရှိစေရ။

(၅) ဤပုဒ်မအရပေးရန်တောင်းဆိုသောသတင်းနှင့် ပတ်သက်သည့် ပြစ်မှုအတွက်၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ အခွင့်အမိန့်ကို ကြိုတင်မရရှိဘဲ တရားစွဲဆိုခြင်းမပြုရ။

## ပဉ္စမဇယား။

**အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအား ဝင်ခွင့်ပြုရန်အတွက် ထိုအဖွဲ့ကြီးကြပ်အုပ်ချုပ်သူ လူကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ။**

၁။ ။အဓိပ္ပါယ်ဖော်ပြချက်များ။ ။ဤဆုံးဖြတ်ချက်တွင် သုံးနှုန်းထားသည့် အတိုင်း —

(က) ''မြန်မာနိုင်ငံ''ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကို ဆိုလိုသည်။

(ခ) ''ရံပုံငွေအဖွဲ့''ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ကိုဆိုလိုသည်။

(ဂ) ''စာချုပ်ပါအပိုဒ်များ''ဆိုသည်မှာ၊ ရံပုံငွေအဖွဲ့စာချုပ်ပါအပိုဒ်များကိုဆိုလိုသည်။

(ဃ) ''ဒေါ်လာ''၊ သို့တည်းမဟုတ်'' $ ''ဆိုသည်မှာ၊ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အတည်ဖြစ်သည့်အလေးချိန်နှင့် ရွှေရည်ပြည့် အမေရိကန်ပြည်ထောင်စုဒေါ်လာကို ဆိုလိုသည်။

(င) ''အဖွဲ့ဝင်နိုင်ငံ''ဆိုသည်မှာ၊ ရံပုံငွေအဖွဲ့ဝင်နိုင်ငံကိုဆိုလိုသည်။

၂။ ။ဝေပုံကျအစု( quota )။ ။မြန်မာနိုင်ငံ၏ ဝေပုံကျအစုသည်၊ဒေါ်လာ ၁၅,၀၀၀,၀၀၀·၀၀ ဖြစ်ရမည်။

၃။ ။ထည့်ဝင်ရန်ကြေးငွေ။ ။မြန်မာနိုင်ငံ၏ ထည့်ဝင်ရန် ကြေးငွေသည်၊ မြန်မာနိုင်ငံ၏ဝေပုံကျအစုနှင့် ညီတူညီမျှင်ဖြစ်ရမည်။ ထည့်ဝင်ရန်ကြေးငွေ၏ ၃ ၃/၄ ရာခိုင်နှုန်းထက်မနည်းသည့် အစိတ်အပိုင်းကိုရွှေဖြင့်ပေးရမည်။ ကျန်ငွေကို မြန်မာနိုင်ငံသုံးငွေဖြင့်ပေးရမည်။

၄။ ။ထည့်ဝင်ရန် ကြေးငွေကိုပေးခြင်း။ ။စာချုပ်ပါအပိုဒ်များကို မြန်မာနိုင်ငံအတွက် လက်မှတ်ရေးထိုးသည့်နေ့ထက်နောက်မကျစေဘဲ ထည့်ဝင်ရန်ကြေးငွေ၌ ရွှေဖြင့်ပေးရမည့်အစိတ်အပိုင်းကိုပေးရမည်။ အကယ်၍ မြန်မာနိုင်ငံသည် ရံပုံငွေအဖွဲ့ဝင်နိုင်ငံအဖြစ်ကိုမရရှိခဲ့လျှင်၊ ယင်းသို့ပေးသောရွှေကို ရံပုံငွေအဖွဲ့ကပြန်ပေးရမည်။

၅။ ။နိုင်ငံသုံးငွေ၏တန်ဘိုး ( par value ) ကိုသတ်မှတ်ခြင်း။ ။ရံပုံငွေအဖွဲ့က၊ မြန်မာနိုင်ငံသည် ရံပုံငွေအဖွဲ့ဝင်နိုင်ငံဖြစ်လာသောနေ့ရက်တွင် မြန်မာနိုင်ငံသုံးငွေနှင့်၊ အခြားနိုင်ငံသုံးငွေလဲလှယ်ရာ၌ အသုံးပြုသောနှုန်းများ ( rates of exchange ) ကိုအခြေပြုလျက်၊ မိမိနိုင်ငံသုံးငွေ၏တန်ဘိုး (par value) ကိုရံပုံငွေအဖွဲ့သို့အကြောင်းကြားရန် မြန်မာနိုင်ငံအား တောင်းဆိုသည့်အခါ၊ ထိုသို့တောင်းဆိုသည့် နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ မြန်မာနိုင်ငံကအကြောင်းကြားရမည်။ ရံပုံငွေအဖွဲ့က ထိုငွေတန်ဘိုး ( par value ) အကြောင်းကြားစာကိုရရှိပြီးနောက် ရက်ပေါင်းခြောက်ဆယ်အတွင်း မြန်မာနိုင်ငံနှင့်ရံပုံငွေအဖွဲ့သည်၊ မြန်မာနိုင်ငံသုံးငွေ၏ လက်ဦး တန်ဘိုး ( initial par value ) ကိုသဘောတူညီကြရမည်။ သို့ရာတွင် ရံပုံငွေအဖွဲ့က ထိုရက်ပေါင်းခြောက်ဆယ်မျှသောအချိန်ကို နောက်ထပ်တိုး၍ပေးနိုင်သည်။ ထိုသို့နောက်ထပ်တိုး၍ ပေးသောကာလအပိုင်းအခြား ကုန်ဆုံးသောအခါ၊ ထိုတန်ဘိုး ( par value) နှင့်ပတ်သက်၍သဘောတူညီချက်မရရှိလျှင်၊ မြန်မာနိုင်ငံသည် ရံပုံငွေအဖွဲ့မှနုတ်ထွက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံသည့်အချိန်မှ ဤအပိုဒ်နှင့်အညီ နိုင်ငံသုံးငွေ၏လက်ဦးတန်ဘိုး (initial par value ) ကိုဆုံးဖြတ်အတည်ပြုသည့်အချိန်ထိကာလအပိုင်းအခြားအတွင်း၊ မြန်မာနိုင်ငံသည်အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံသောအချိန်၌ငွေခြင်းလဲလှယ်ရာ၌ ပေါက်သောဈေးနှုန်းများ ( rates of exchange ) ကိုရံပုံငွေအဖွဲ့နှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်၍ သဘောတူညီချက်မရရှိဘဲ မပြောင်းလဲရ။

၆။ ။ရပုံငွေအဖွဲ့နှင့်ငွေလဲလှယ်မှုများ။ ။မြန်မာနိုင်ငံသည်၊ အထက်ပါအပိုဒ် ၅ နှင့်အညီ မိမိနိုင်ငံသုံးငွေ၏တန်ဘိုး ( par value ) ကိုသဘောတူပြီးနောက် ရက်ပေါင်း သုံးဆယ်မတိုင်မီ၊ ရံပုံငွေအဖွဲ့နှင့် ငွေလဲလှယ်မှုများ ပြုလုပ်ခွင့်မရှိစေရ။ ထို့ပြင် အဆိုပါရက်ပေါင်းသုံးဆယ်မတိုင်မီ၊ မိမိ၏ထည့်ဝင်ရန်ကြေးငွေကိုလည်း အပြည့်ပေးရမည်။

၇။ ။အကြောင်းကြားခြင်းနှင့် သတင်းပေးခြင်း။ ။ရံပုံငွေ အဖွဲ့ဝင်နိုင်ငံအဖြစ်ကိုယက်မခံမီ၊ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံကြောင်း စာချုန်တော်ကို၊ လက်မှတ်ရေးထိုး၍အပ်နှံရန်၊ ထို့ပြင် ဤဆုံးဖြတ်ချက်အပိုဒ် ၈ (က) နှင့် (ခ) တွင် ရည်ရွယ်သည့်အတိုင်း စာချုပ်ပါအပိုဒ်များကို လက်မှတ်ရေးထိုးရန် လိုအပ်သည့်ကိစ္စအားလုံးကို အရေးယူဆောင်ရွက်ပြီးကြောင်းဖြင့် ရံပုံငွေအဖွဲ့သို့အကြောင်းကြားရမည်။ ထို့ပြင်မြန်မာနိုင်ငံသည်၊ ထိုသို့အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍၊ ရံပုံငွေအဖွဲ့က တောင်းဆိုသည့်သတင်းကိုလည်း ရံပုံငွေအဖွဲ့သို့ပေးရမည်။

၈။ ။အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခြင်း။ ။မြန်မာနိုင်ငံသည်၊ ဤဆုံးဖြတ်ချက်ပါအပိုဒ် ၇ တွင် ဖေါ်ပြထားသည့်စည်းကမ်းချက်များအတိုင်း လိုက်နာပြီးကြောင်းဖြင့်ရံပုံငွေအဖွဲ့က၊ အမေရိကန်ပြည်ထောင်စုအစိုးရကို အကြောင်းကြားပြီးသည့်နောက်၊ မြန်မာနိုင်ငံသည်၊ အောက်ပါလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးသည့်နေ့မှစ၍ ရံပုံငွေအဖွဲ့ဝင်နိုင်ငံဖြစ်ရမည်။

(က) မြန်မာနိုင်ငံသည်၊ စာချုပ်ပါအပိုဒ်များကိုရင်း၊ ဤဆုံးဖြတ်ချက်တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်အားလုံးကိုရင်း၊ မိမိ၏တရားဥပဒေနှင့်အညီ လက်ခံပြီးကြောင်း၊ ထို့ပြင် စာချုပ်ပါအပိုဒ်များနှင့် ဤဆုံးဖြတ်ချက်အရ တာဝန်အားလုံးကိုဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကိစ္စအဝဝကိုလည်း ဆောင်ရွက်ပြီးကြောင်း ဖေါ်ပြသည့် စာချုန်တော်ကို၊ အမေရိကန်ပြည်ထောင်စုအစိုးရထံပေးအပ်ရမည်။

(ခ) မြန်မာနိုင်ငံသည်၊ အမေရိကန်ပြည်ထောင်စု အစိုးရ၏ အမှတ်တွဲမှတ်တမ်းများထားရာဌာနတွင် ထားရှိသည့်စာချုပ်ပါ အပိုဒ်များ၏ မူရင်းစာစောင်ကိုလက်မှတ်ရေးထိုးရမည်။

၉။ ။အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရန် ကာလအကန့်အသတ်။ ။မြန်မာနိုင်ငံသည်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ ရံပုံငွေအဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင်သည်။ သို့သော်လည်း အကြောင်းထူးကိစ္စများပေါ်ပေါက်သောကြောင့်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ အဖွဲ့ဝင်နိုင်ငံအဖြစ်လျှောက်ထားသူက လက်ခံနိုင်ရန်ကာလအပိုင်းအခြားကိုတိုး၍ပေးသင့် သည်ဟု အမှုဆောင် ဒါရိုက်တာလူကြီးများကယူဆချင်၊ ထိုအမှုဆောင်ဒါရိုက်တာလူကြီးများသည်၊ အဆိုပါကာလအပိုင်းအခြားကို မိမိတို့ဆုံးဖြတ်သည့်နေ့ရက်သို့ရွှေ့ဆိုင်းနိုင်သည်။ သို့ရာတွင် မည်သည့်အကြောင်းနှင့်မျှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ထက်ကျော်လွန်၍မရွှေ့ဆိုင်းရ။

# ဒုတိယဇယား။

## အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ်အဖွဲ့သို့ မြန်မာနိုင်ငံအစိုးရအား ဝင်ခွင့်ပြုရန်အတွက်၊ ထိုဘဏ်အဖွဲ့ ကြီးကြပ်အုပ်ချုပ်သူ လူကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ။

၁။ ။အဓိပ္ပါယ် ဖေါ်ပြချက်များ။ ။ဤဆုံးဖြတ်ချက်တွင် သုံးနှုန်း ထားသည့်အတိုင်း—

(က) "မြန်မာနိုင်ငံ"ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကို ဆိုလိုသည်။

(ခ) "ဘဏ်အဖွဲ့"ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်ကြီးပွါးရေးဘဏ်အဖွဲ့ကိုဆိုလိုသည့်။

(ဂ) "စာချုပ်ပါအပိုဒ်များ" ဆိုသည်မှာ၊ ဘဏ်အဖွဲ့ စာချုပ်ပါအပိုဒ်များကိုဆိုလိုသည်။

(ဃ) "ဒေါ်လာ"၊ သို့တည်းမဟုတ် "$" ဆိုသည်မှာ၊၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အတည်ဖြစ်သည့်အလေးချိန်နှင့် ရွှေရည်ပြည့် အမေရိကန်ပြည်ထောင်စုဒေါ်လာကိုဆိုလိုသည်။

(င) "ထည့်ဝင်ရန်ကြေးငွေ" ဆိုသည်မှာ၊ အဖွဲ့ဝင်နိုင်ငံ ဝချိုင်က ဘဏ်အဖွဲ့၏ မ,တည် ငွေရင်းသို့ ထည့်ဝင်သည့် (Capital Stock) ကိုဆိုလိုသည်။

(စ) "အဖွဲ့ဝင်နိုင်ငံ" ဆိုသည်မှာ၊ ဘဏ်အဖွဲ့ဝင်နိုင်ငံကို ဆိုလိုသည်။

၂။ ။ထည့်ဝင်ရန်ကြေးငွေ။ ။ဘဏ် အဖွဲ့ဝင်အဖြစ် လက်ခံခြင်းခံရသော်၊ မြန်မာနိုင်ငံသည်၊ ဘဏ်အဖွဲ့ မ,တည် ငွေရင်း၏အစုရှယ်ယာ ၁၅၀ ကို၊ အစုရှယ်ယာတစုလျှင် တန်ဘိုးရင်းဒေါ်လာ ၁၀၀,၀၀၀ ကျဖြင့်ထည့်ဝင်ရမည်။

၃။ ။ရံပုံငွေအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း။ ။ဘဏ်အဖွဲ့ဝင် နိုင်ငံအဖြစ် လက်မခံမီ မြန်မာနိုင်ငံသည်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံ၍၊ထို အဖွဲ့ဝင်နိုင်ငံဖြစ်ရမည်။

၄။ ။ထည့်ဝင်ရန်ကြေးငွေကိုပေးခြင်း။

(က) ဘဏ်အဖွဲ့ဝင် နိုင်ငံအဖြစ် လက်မခံမီ၊ မြန်မာနိုင်ငံသည်၊ ဘဏ်အဖွဲ့သို့—

(၁) မိမိ၏ ထည့်ဝင်ရန် ကြေးငွေ ရာခိုင်နှုန်း ၂ နှင့် ညီမျှသောရွှေ သို့တည်းမဟုတ် အမေရိကန်ပြည်ထောင်စုဒေါ်လာများကို ပေးရမည်။ စာချုပ်ပါအပိုဒ်များအနက်အပိုဒ် ၂၊ အပိုဒ်ငယ် ဂ (က) အရ၊ ထိုထည့်ဝင်ရန်ကြေးငွေအချို့အဝက်ကို နောက်မှပေးရန် ရွှေ့ဆိုင်းခွင့်မရှိစေရ။ ထိုပြင်

၆။ ။<u>အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခြင်း</u>။ ။မြန်မာနိုင်ငံသည် (၁) ဤဆုံးဖြတ်ချက်ပါအပိုဒ် ၄ အရထည့်ဝင်ရန်ကြေးငွေကိုပေးပြီးကြောင်း။ (၂) ဤဆုံးဖြတ်ချက်ပါအပိုဒ် ၅ အရ အကြောင်းကြားပြီးကြောင်း။ ထို့ပြင် (၃) အဆိုပါအပိုဒ် ၅ နှင့်အညီ၊ ဘဏ်အဖွဲ့က တောင်းဆိုသည့်သတင်းကိုပေးပြီးကြောင်းဖြင့်၊ ဘဏ်အဖွဲ့က အမေရိကန်ပြည်ထောင်စုအစိုးရအား အကြောင်းကြားပြီးသည့်ပြင်၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ဝင် ဖြစ်ပြီးသည့်နောက်၊ အောက်ပါလိုအပ်ချက်များကို လိုက်နာပြီးသည့်နေ့ရက်မှစ၍၊ ဤဆုံးဖြတ်ချက်ပါ အပိုဒ် ၂ တွင် ဖော်ပြထားသည့် ထည့်ဝင်ရန်ကြေးငွေကိုပေးသွင်းခြင်းအားဖြင့် ဘဏ်အဖွဲ့ဝင်နိုင်ငံဖြစ်ရမည်။

(က) မြန်မာနိုင်ငံသည်၊ စာချုပ်ပါအပိုဒ်များကိုငှင်း၊ ဤဆုံးဖြတ်ချက်တွင်ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်အားလုံးကိုငှင်း၊ မိမိ၏တရားဥပဒေနှင့်အညီလက်ခံပြီးကြောင်း။ ထို့ပြင် စာချုပ်ပါအပိုဒ်များနှင့် ဤဆုံးဖြတ်ချက်အရ တာဝန်အားလုံးကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကိစ္စအဝဝကိုလည်း ဆောင်ရွက်ပြီးကြောင်းဖော်ပြသည့် စာချွန်တော်ကို အမေရိကန်ပြည်ထောင်စုအစိုးရထံပေးအပ်ရမည်။

(ခ) မြန်မာနိုင်ငံသည်၊ အမေရိကန်ပြည်ထောင်စုအစိုးရ၏ အမှတ်တွဲမှတ်တမ်းများထားရာဌာနတွင်ထားရှိသည့် စာချုပ်ပါ အပိုဒ်များ၏ မူရင်းစာစောင်ကိုလက်မှတ်ရေးထိုးရမည်။

(၂) ငွေချင်းလဲလှယ်ရာ၌ ဆိုင်ရာပေါက်ဈေးနှုန်းအရ၊ မိမိ၏ထည့်ဝင်ရန် ကြေးငွေရာခိုင်နှုန်း ၁၀ နှင့်ညီမျှသည့်ငွေကို၊မြန်မာနိုင်ငံသုံး ငွေဖြင့်ပေးရမည်။

(ခ) အထက်ပါအပိုဒ် (က) (၁) အရပေးရန် တောင်းဆိုသည့် ကြေးငွေအချို့အဝက်ကို၊ မြန်မာနိုင်ငံကရွှေဖြင့်ပေးလျှင်၊ရွှေ၏မူလဇစ်မြစ်ကို သက်သေခံသောယက်မှတ်၊သို့ဝသည်းမဟုတ် အခြားသက်သေခံ ချက်များတောင်းသောရွှေဝယ်သည့် အဖွဲ့ဝင်နိုင်ငံများသို့ ထိုရွှေကိုလွတ်လပ်စွာခြင်းချက်မရှိ မရောင်းနိုင်ဟု ဘဏ်အဖွဲ့ကယူဆပါက၊ ထိုရွှေကိုငြင်းပယ်နိုင်သည့်အခွင့်အရေးရှိသည်ဟု မြန်မာနိုင်ငံက သဘောတူရမည်။

၅။ ။အကြောင်းကြားခြင်းနှင့် သထင်းပေးခြင်း။ ။ဘဏ်အဖွဲ့ဝင် နိုင်ငံအဖြစ်လက်မခံမီ၊ မြန်မာနိုင်ငံသည်၊ အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံကြောင်း စာချွန်တော်ကိုလက်မှတ်ရေးထိုး၍ပေးအပ်ရန်၊ ထို့ပြင် ဤဆုံးဖြတ်ချက်အပိုဒ် ၆ (က) နှင့် (ခ) အရ၊ ရည်ရွယ်သည့်အတိုင်း၊ စာချုပ်ပါအပိုဒ်များကိုလက်မှတ်ရေးထိုးရန်လိုအပ်သည့် ကိစ္စအားလုံးကိုအရေးယူဆောင်ရွက်ပြီးကြောင်းဖြင့် ဘဏ်အဖွဲ့သို့ အကြောင်းကြားရမည်။ ထို့ပြင် မြန်မာနိုင်ငံသည်၊ ထိုသို့အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍၊ ဘဏ်အဖွဲ့ကတောင်းဆိုသည့်သတင်းကိုလည်းဘဏ်အဖွဲ့သို့ပေးရမည်။

၇။ ။အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရန် ကာလ အကန့်အသတ်။ ။မြန်မာနိုင်ငံသည်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ ၁၉၅၁ ခုနှစ်၊အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီဘဏ်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင်သည်။ သို့သော်လည်း အကြောင်းထူး ကိစ္စများပေါ်ပေါက်သောကြောင့်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက လက်ခံရန်ကာလအပိုင်းအခြားကိုတိုး၍ ပေးသင့်သည်ဟု အမှုဆောင်ဒါရိုက်တာ လူကြီးများက ယူဆလျှင်၊ ထိုအမှုဆောင်ဒါရိုက်တာလူကြီးများသည်၊ အဆိုပါကာလအပိုင်းအခြားကို မိမိတို့ဆုံးဖြတ်သည့် နောက်ရက်သို့ရွှေ့ဆိုင်းနိုင်သည်။ သို့ရာတွင် မည်သည့်အကြောင်းနှင့်မျှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ထက်ကျော်လွန်၍မရွှေ့ဆိုင်းရ။

# တတိယဇယား။

## တရားဥပဒေသဘောသက်ရောက်သည့် သဘောတူစာချုပ်များပါပြဋ္ဌာန်းချက်များ။

### အပိုင်း ၁။

ရပုံငွေအဖွဲ့စာချုပ် (နောက်တွင် " ဤစာချုပ် " ဟုရည်ညွှန်းသည်)။

အပိုဒ် ၈၊ အပိုဒ်ငယ် ၂ (ခ)။ ။အဖွဲ့ဝင် နိုင်ငံ တနိုင်ငံ၏ နိုင်ငံသုံးငွေနှင့်ပတ်သက်ပြီးလျှင်၊ ဤစာချုပ်နှင့်အညီ ထားရှိသော၊ သို့တည်းမဟုတ် ပြဋ္ဌာန်းထားသောထိုအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်ရေးကြီးကြပ်မှုစည်းမျဉ်းဥပဒေများနှင့် ဆန့်ကျင်သည့် ငွေလဲလှယ်ရေးဂဏ္ဍီညာဥ်စာချုပ်များသည်၊ မည်သည့်အဖွဲ့ဝင်နိုင်ငံ၏နယ်မြေတွင်မျှ အတည်မဖြစ်ရ။

### အပိုဒ် ၉။

အဆင့်အတန်း၊ ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ။

အပိုဒ်ငယ် ၁။ ။အပိုဒ်၏ရည်ရွယ်ချက်။ ။ရပုံငွေ အဖွဲ့အား ပွဲအပ်ထားသည့်အလုပ်ဝတ်တရားများကို ဆောင်ရွက်နိုင်စေရန်အလို့ငှါ၊ ဤအပိုဒ်တွင်ဖော်ပြထားသည့် အဆင့်အတန်း ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများကို၊ အဖွဲ့ဝင်နိုင်ငံ အသီးသီး၏နယ်ပယ်များတွင် ရပုံငွေအဖွဲ့အားပေးရမည်။

အပိုဒ်ငယ် ၂။ ။ရပုံငွေအဖွဲ့၏အဆင့်အတန်း။ ။ရပုံငွေအဖွဲ့သည်၊ တရားဝင်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအားလုံးနှင့်ပြည့်စုံရမည့်ပြင်၊ အထူးသဖြင့် အောက်ပါအရည်အချင်းများလည်းရှိရမည်။

(၁) ပဋိညာဥ်စာချုပ် ချုပ်ဆိုနိုင်သည့်အရည်အချင်း။
(၂) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရယူထုခွဲနိုင်သည့်အရည်အချင်း။
(၃) တရားစွဲဆိုနိုင်သည့်အရည်အချင်း။

အပိုဒ်ငယ် ၃။ ။တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်။ ။ရံပုံငွေအဖွဲ့သည်၎င်း၊ အဖွဲ့ပိုင်ပစ္စည်းများသည်၎င်း၊ မည်သည့်အရပ်၊ မည်သူ့လက်တွင်မဆိုရှိစေကာမူ၊ မည်သည့်အမှုမျိုးနှင့်မဆိုတရားစွဲဆိုခံရခြင်းမှကင်းလွတ်ခွင့်ရရှိရမည်။ သို့သော်လည်း၊ တရားစွဲဆိုမှုကိစ္စအတွက်၊ သို့တည်းမဟုတ် ပဋိညာဉ်စာချုပ်ပါစည်းကမ်းချက်များအရ၊ ထိုကင်းလွတ်ခွင့်ကိုအတိအလင်းထုတ်ဖော်၍ စွန့်လွှတ်ပါမူ၊ ရံပုံငွေအဖွဲ့ကိုတရားစွဲဆိုနိုင်ခွင့်ရှိသည်။

အပိုဒ်ငယ် ၄။ ။အခြားနည်းအခရေးယူခြင်းမှ ကင်းလွတ်ခွင့်။ ။ရံပုံငွေ အဖွဲ့၏ပစ္စည်းများသည်၊ မည်သည့်အရပ်၊ မည်သူ့လက်တွင်မဆိုရှိစေကာမူ၊ အစိုးရအာဏာ၊ သို့တည်းမဟုတ် ဥပဒေအာဏာဖြင့်၊ ရှာဖွေခြင်း၊ ခေတ္တသိမ်းယူခြင်း၊ ဘဏ္ဍာတော်ဖြစ်သိမ်းယူခြင်း၊ ပစ္စည်းသက်လွှတ်ဖြစ်စေခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့်ဖမ်းဆီးခြင်းမှကင်းလွတ်ရမည်။

အပိုဒ်ငယ် ၅။ ။အမှုတွဲ မှတ်တမ်းများ ထားရာဌာနနှင့် ပတ်သက်သည့်ကင်းလွတ်ခွင့်။ ။ရံပုံငွေအဖွဲ့၏အမှုတွဲမှတ်တမ်းများထားရာဌာနသည်၊ ထိပါးနှောက်ယှက်ခြင်းမှကင်းလွတ်ရမည်။

အပိုဒ်ငယ် ၆။ ။အဖွဲ့ပိုင်ပစ္စည်းများချုပ်ချယ်မှုများမှ ကင်းလွတ်ခွင့်။ ။ဤစာချုပ်တွင်ပြဋ္ဌာန်းထားသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သည်နှင့်အမျှ၊ ရံပုံငွေအဖွဲ့၏ပစ္စည်းအားလုံးသည် မည်သည့်ချုပ်ချယ်မှု၊ စည်းမျဉ်းသတ်မှတ်မှု၊ ကန့်သတ်မှု နှင့်ကြွေးမြီရပ်ဆိုင်းမှုမှမဆို၊ ကင်းလွတ်ရမည်။

အပိုဒ်ငယ် ၇။ ။စာဖြင့်ဆက်သွယ်မှုများအတွက်အထူးအခွင့်အရေး။ ။အဖွဲ့ဝင်နိုင်ငံများသည် ရံပုံငွေအဖွဲ့လုပ်ငန်းနှင့်သက်ဆိုင်သည့်စာဖြင့်ဆက်သွယ်မှုများကို၊ အခြားအဖွဲ့ဝင်နိုင်ငံတို့၏ အစိုးရကိစ္စနှင့်သက်ဆိုင်သည့်စာဖြင့်ဆက်သွယ်မှုများနည်းတူ အထူးအခွင့်အရေးပေးရမည်။

အပိုဒ်ငယ် ၈။ ။ရာထမ်းမှုထမ်းများ၏ကင်းလွတ်ခွင့်များနှင့်အထူးအခွင့်အရေးများ။ ။ရံပုံငွေအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်သူလူကြီးများ၊ အမှုဆောင်ဒါရိုက်တာ လူကြီးများ၊ ဒါရိုက်တာလူကြီးကိုယ်စား အလှည့်ကျဆောင်ရွက်သူလူကြီးများနှင့် (Alternates)၊ ရာထမ်းမှုထမ်းအားလုံးသည်——

(၁) မိမိတို့၏ရာထူးအလျောက်ဆောင်ရွက်သည့် ကိစ္စများနှင့်ပတ်သက်၍ တရားစွဲဆိုခံရခြင်းမှကင်းလွတ်ရမည်။ သို့ရာတွင် ရံပုံငွေအဖွဲ့က၊ ဤကင်းလွတ်ခွင့်ကို စွန့်လွှတ်သည့် အခါမူ၊ ထိုသူတို့ကို တရားစွဲဆိုနိုင်သည်။

(၂) ရောက်ရာ အဖွဲ့ဝင် နိုင်ငံ၏ အမျိုးသားများ မဟုတ်သဖြင့်၊ လူဝင်လူထွက်ချုပ်ချယ်မှုများ၊ နိုင်ငံခြားသား မှတ်ပုံတင်ရန် လိုအပ်ချက်များ၊ ထို့ပြင်နိုင်ငံတော်ဝန်ထမ်းရွက်ရမည့်တာဝန်များမှ ကင်းလွတ်ခွင့်ကိုရင်း၊ ငွေလဲလှယ်ရေး ကန့်သတ်ချက်များနှင့် ပတ်သက်သည့် လွယ်ကူမှုများကိုရင်း၊ အဖွဲ့ဝင်နိုင်ငံများတွင်၊ အခြားအဖွဲ့ဝင်နိုင်ငံများမှ ရာထူးအဆင့်အတန်းချင်း တူသည့် အစိုးရ ကိုယ်စားလှယ်များနှင့် ရာထမ်းမှုထမ်းများရရှိသည့်အတိုင်းရရှိရမည်။

(၃) ခရီးအသွားအလာလွယ်ကူမှုများနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများတွင် အခြားအဖွဲ့ဝင်နိုင်ငံများမှ ရာထူးအဆင့်အတန်းချင်းတူသည့် အစိုးရကိုယ်စားလှယ်များနှင့် ရာထမ်းမှုထမ်းများရရှိသည့်အခွင့်အရေးများကိုရရှိရမည်။

အပိုဒ်ငယ် ၉။ ။အခွန်စည်းကြပ်ခြင်းမှကင်းလွတ်ခွင့်များ။ ။(က) ရံပုံငွေအဖွဲ့သည်ရင်း၊ အဖွဲ့ပိုင်ပစ္စည်းများသည်ရင်း၊ အဖွဲ့၏ဝင်ငွေသည်ရင်း၊ ဤစာချုပ်အရ ဆောင်ရွက်ခွင့်ရသည့်အဖွဲ့၏ လုပ်ငန်းဆောင်တာများသည်ရင်း၊ အခွန်အကောက်ပေးဆောင်ရခြင်းမှ ကင်းလွတ်ရမည်။ ရံပုံငွေအဖွဲ့သည် အခွန်အကောက် ကောက်ခံပေးရမည့်တာဝန်မှလည်း ကင်းလွတ်ရမည်။

(ခ) ရောက်ရာအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားများ၊ သို့တည်းမဟုတ် လက်အောက်ခံတိုင်းသူပြည်သားများ၊ သို့တည်းမဟုတ် အမျိုးသားများမဟုတ်သည့် အဖွဲ့၏အမှုဆောင်ဒါရိုက်တာလူကြီးများ၊ ဒါရိုက်တာလူကြီး၏ ကိုယ်စားအလှည့်ကျဆောင်ရွက်သည့်လူကြီးများ (Alternates)၊ သို့တည်းမဟုတ် ရာထမ်းမှုထမ်းများအား၊ ရံပုံငွေအဖွဲ့ကပေးသောလစာများနှင့် အခကြေးငွေများပေါ်တွင်သော်ရင်း၊ ထိုလစာ၊ အခကြေးငွေများနှင့်ပတ်သက်၍သော်ရင်း၊ မည်သည့်အခွန်ကိုမျှ မစည်းကြပ်ရ။

(ဂ) ရံပုံငွေအဖွဲ့ကထုတ်သောခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ် တခုခုကို မည်သူကပင်လက်ရှိထားစေကာမူ၊ ထိုခံဝန်ချုပ်၊ သို့တည်းမဟုတ် ထိုအာမခံစာချုပ်ပေါ်တွင်ရင်း၊ ထိုစာချုပ်မှရသည့်အမြတ်ဝေစု၊ သို့တည်းမဟုတ် အတိုးပေါ်တွင်ရင်း—

(၁) အဆိုပါခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်ကို ရံပုံငွေအဖွဲ့က ထုတ်သည်ဟူသော အကြောင်းတခုတည်းဖြင့်ခွဲခြား၍၊ မည်သည့်အခွန်မျိုးကိုမျှမစည်းကြပ်ရ။ သို့တည်းမဟုတ်

(၂) မည်သည့်အရပ်တွင် မည်သည့်နိုင်ငံသုံးငွေဖြင့်၊ အဆိုပါခံဝန်ချုပ်ကို၊ သို့တည်းမဟုတ် အာမခံစာချုပ်ကိုထုတ်သည်၊ သို့တည်းမဟုတ် ၎င်းအရငွေပေးရမည်၊ သို့တည်းမဟုတ် ငွေပေးသည်ဆိုသောအချက်ကို အကြောင်းပြု၍သော်ရင်း၊ ရံပုံငွေအဖွဲ့က ထားရှိသည့်ရုံး၊ သို့တည်းမဟုတ် အလုပ်ဌာနတည်ရာအရပ်ကို အကြောင်းပြု၍သော်ရင်း၊ မည်သည့်အခွန်မျိုးကိုမျှမစည်းကြပ်ရ။

## အပိုင်း ၂။

ဘဏ်အဖွဲ့စာချုပ်(နောက်တွင် '' ဤစာချုပ် ''ဟုရည်ညွှန်းသည်။)

### အပိုဒ် ၇။

### အဆင့်အတန်းကင်းလွတ်ခွင့်များနှင့်အထူးအခွင့်အရေးများ။

အပိုဒ်ငယ် ၁။ ။အပိုဒ်၏ ရည်ရွယ်ချက်။ ။ဘဏ် အဖွဲ့အား လွှဲအပ်ထားသည့်အလုပ်ဝတ်တရားများကို ဆောင်ရွက်နိုင်စေရန်အလို့ငှါ၊ ဤအပိုဒ်တွင်ဖော်ပြသည့် အဆင့်အတန်း၊ ကင်းလွတ်ခွင့်များနှင့်အထူးအခွင့်အရေးများကို အဖွဲ့ဝင်နိုင်ငံအသီးသီး၏နယ်ပယ်များတွင် ဘဏ်အဖွဲ့အားပေးရမည်။

အပိုဒ်ငယ် ၂။ ။ဘဏ်အဖွဲ့၏အဆင့်အတန်း။ ။ဘဏ် အဖွဲ့သည်၊ တရားဝင်ပုဂ္ဂိုလ်၏ဂုဏ်အင်္ဂါအားလုံးနှင့်ပြည့်စုံရမည့်ပြင်၊ အထူးသဖြင့်အောက်ပါအရည်အချင်းများလည်းရှိရမည်။

(၁) ဝင်္ဂသာဉ်စာချုပ် ချုပ်ဆိုနိုင်သည့်အရည်အချင်း။
(၂) မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရယူထုခွဲနိုင်သည့်အရည်အချင်း။
(၃) တရားစွဲဆိုနိုင်သည့်အရည်အချင်း။

အပိုဒ်ငယ် ၃။ ။တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ ဘဏ်အဖွဲ့၏ အခြေအနေ။ ။ဘဏ်အဖွဲ့ကိုတရားစွဲဆိုလျှင်၊ ဘဏ်အဖွဲ့ရုံးဟည်ရှိသည့်၊ သို့တည်းမဟုတ် ချအပ်သည့်နို့တစ်စာ၊ ဂါရန်းစာ၊ သို့တည်းမဟုတ် သမ္မာန်စာကိုလက်ခံရန်ကိစ္စအလို့ငှါ၊ ဘဏ်အဖွဲ့ကခန့်ထားသောကိုယ်စားလှယ်ရှိသည့်၊ သို့တည်းမဟုတ် ဘဏ်အဖွဲ့ကအာမခံ စာချုပ်များထုတ်ရာဖြစ်သည့်၊ သို့တည်းမဟုတ် ဘဏ်အဖွဲ့ကငွေချေးစာချုပ်များကိုအာမခံရာဖြစ်သည့် အဖွဲ့ဝင်နိုင်ငံ၏ နယ်ပယ်များ၌ တည်ရှိသောစီရင်ပိုင်ခွင့် အာဏာရရုံးတွင်သာ တရားစွဲဆိုနိုင်သည်။ သို့သော်လည်း အဖွဲ့ဝင်နိုင်ငံများကဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံများအတွက် ဆောင်ရွက်သူများ၊ သို့တည်းမဟုတ် အဖွဲ့ဝင်နိုင်ငံများမှတဆင့်ဆိုင်ရာဆိုင်ခွင့်ရရှိသူများကဖြစ်စေ၊ တရားစွဲဆိုခြင်းမပြုရ။ ဘဏ်အဖွဲ့ပိုင်ပစ္စည်းများသည် မည်သည့်အရပ်၊ မည်သူ့လက်တွင်မဆိုရှိစေကာမူ၊ ဘဏ်အဖွဲ့ပေါ်သွင် အပြီးသတ်စီရင်ချက်မချမှတ်မီ ဖမ်းဆီးခြင်း၊ ဝါရမ်းကပ်ခြင်း၊ သို့တည်းမဟုတ် ဇာရီမှုပြုလုပ်ခြင်းအမျိုးမျိုးမှကင်းလွတ်ခွင့်ရှိရမည်။

အပိုဒ်ငယ် ၄။ ။အဖွဲ့ပိုင်ပစ္စည်းများ ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်။ ။ဘဏ်အဖွဲ့ပိုင်ပစ္စည်းများသည်၊ မည်သည့်အရပ်၊ မည်သူ့လက်တွင်မဆိုရှိစေကာမူ၊ အစိုးရအာဏာ၊ သို့တည်းမဟုတ် ဥပဒေအာဏာဖြင့် ရှာဖွေခြင်း၊ ခေတ္တသိမ်းယူခြင်း၊ ဘဏ္ဍာတော်ဖြစ်သိမ်းယူခြင်း၊ ပစ္စည်းလက်လွတ်ဖြစ်စေခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့်ဖမ်းဆီးခြင်းမှကင်းလွတ်ရမည်။

အပိုဒ်ငယ် ၅။ ။အမှတ်တံဆိပ်တမ်းများထားရာ ဌာနနှင့်ပတ်သက်သည့် ကင်းလွတ်ခွင့်။ ။ဘဏ်အဖွဲ့၏ အမှတ်တံဆိပ်တမ်းများထားရာဌာနသည်၊ ထိပါးနှောက်ယှက်ခြင်းမှကင်းလွတ်ရမည်။

အပိုဒ်ငယ် ၆။ ။အဖွဲ့ပိုင် ပစ္စည်းများ ချုပ်ချယ်မှုများမှ ကင်းလွတ်ခွင့်။ ။ဤစာချုပ်တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည်နှင့် အမျှ၊ ထို့ပြင် ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်လည်း မဆန့်ကျင်ဘဲ၊ ဘဏ်အဖွဲ့ပိုင် ပစ္စည်းအားလုံးသည်၊ မည်သည့် ချုပ်ချယ်မှု၊ စည်းမျဉ်းသတ်မှတ်မှု၊ ကန့်သတ်မှုနှင့် ကြွေးမြီရပ်ဆိုင်းမှုမှမဆို ကင်းလွတ်ရမည့်။

အပိုဒ်ငယ် ၇။ ။စာဖြင့်ဆက်သွယ်မှုများအတွက် အထူးအခွင့်အရေး။ ။အဖွဲ့ဝင် နိုင်ငံအသီးသီးသည်၊ ဘဏ်အဖွဲ့လုပ်ငန်းနှင့် သက်ဆိုင်သည့် စာဖြင့်ဆက်သွယ်မှုများကို၊ အခြားအဖွဲ့ဝင်နိုင်ငံတို့၏ အစိုးရကိစ္စနှင့်သက်ဆိုင်သည့်စာဖြင့်ဆက်သွယ်မှုများနည်းတူ အထူးအခွင့်အရေး ပေးရမည်။

အပိုဒ်ငယ် ၈။ ။ရာထမ်းမှုထမ်းများ၏ ကင်းလွတ်ခွင့်များနှင့် အထူး အခွင့်အရေးများ။ ။ဘဏ်အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်သူ လူကြီးများ၊ အမှုဆောင် ဒါရိုက်တာလူကြီးများ၊ ဒါရိုက်တာလူကြီးကိုယ်စား အလှည့်ကျ ဆောင်ရွက်သူ လူကြီးများနှင့် (Alternaıes) ရာထမ်းမှုထမ်းအားလုံးသည်—

(၁) မိမိတို့၏ ရာထူးအလျောက် ဆောင်ရွက်သည့် ကိစ္စများနှင့်ပတ်သက်၍ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ရမည်။ သို့ရာတွင် ဘဏ်အဖွဲ့က၊ ဤကင်းလွတ်ခွင့်ကို စွန့်လွှတ်သည့်အခါမူ၊ ထိုသူတို့ကို တရားစွဲဆိုနိုင်သည်။

(၂) ရောက်ရာအဖွဲ့ဝင်နိုင်ငံ၏ အမျိုးသားများမဟုတ်သဖြင့်၊ လူဝင်လူထွက် ချုပ်ချယ်မှုများ၊ နိုင်ငံခြားသား မှတ်ပုံတင်ရန် လိုအပ်ချက်များ၊ ထို့ပြင် နိုင်ငံတော်ဝန်ထမ်းရွက်ရမည့် တာဝန်များမှ ကင်းလွတ်ခွင့်ကိုငင်း၊ ငွေလဲလှယ်ရေး ကန့်သတ်ချက်များနှင့် ပတ်သက်သည့် လွှယ်ကူမှုများကိုငင်း၊ အဖွဲ့ဝင်နိုင်ငံများတွင် အခြားအဖွဲ့ဝင်နိုင်ငံများမှ ရာထူးအဆင့်အတန်းချင်းတူသည့် အစိုးရကိုယ်စားလှယ်များနှင့် ရာထမ်းမှုထမ်းများရရှိသည့်အတိုင်းရရှိရမည်။

(၃) ခရီးအသွားအလာ လွယ်ကူမှုများနှင့် ပတ်သက်၍၊ အဖွဲ့ဝင်နိုင်ငံများတွင် အခြားအဖွဲ့ဝင်နိုင်ငံများမှ ရာထူးအဆင့်အတန်းချင်း တူသည့် အစိုးရကိုယ်စားလှယ်များနှင့် ရာထမ်းမှုထမ်းများ ရရှိသည့် အခွင့်အရေးများကိုရရှိရမည်။

အပိုဒ်ငယ် ၉။ ။အခွန် စည်းကြပ်ခြင်းမှကင်းလွတ်ခွင့်များ။ ။(က) ဘဏ်အဖွဲ့သည်ငင်း၊ အဖွဲ့ပိုင်ပစ္စည်းများသည်ငင်း၊ အဖွဲ့၏ဝင်ငွေသည်ငင်း၊ ဤစာချုပ်အရ ဆောင်ရွက်ခွင့်ရသည့် အဖွဲ့၏လုပ်ငန်းဆောင်တာများသည်ငင်း၊ အခွန်အကောက် ပေးဆောင်ရခြင်းမှ ကင်းလွတ်ရမည်။ ဘဏ်အဖွဲ့သည် အခွန်အကောက်ကောက်ခံ ပေးရမည့်တာဝန်မှလည်းကင်းလွတ်ရမည်။

(ခ) ရောက်ရာအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားများ၊ သို့တည်းမဟုတ် လက်အောက်ခံတိုင်းသူပြည်သားများ၊ သို့တည်းမဟုတ် အမျိုးသားများမဟုတ်သည့် အဖွဲ့၏အမှုဆောင်ဒါရိုက်တာလူကြီးများ၊ ဒါရိုက်တာလူကြီး၏ကိုယ်စား အလှည့်ကျ ဆောင်ရွက်သည့်လူကြီးများ (Alternates)၊ သို့တည်းမဟုတ် ရာထမ်းမှုထမ်းများအား ဘဏ်အဖွဲ့ကပေးသော လစာများနှင့် အခကြေးငွေများပေါ်တွင်သော်၎င်း၊ ထိုလစာ၊ အခကြေးငွေများနှင့်ပတ်သက်၍သော်၎င်း၊ မည်သည့်အခွန်ကိုမျှ မစည်းကြပ်ရ။

(ဂ) ဘဏ်အဖွဲ့က ထုတ်သော ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်တခုခုကို မည်သူကပင် လက်ရှိထားစေကာမူ၊ ထိုခံဝန်ချုပ်၊ သို့တည်းမဟုတ် ကိုအာမခံစာချုပ်ပေါ်တွင်သော်၎င်း၊ ထိုစာချုပ်မှရသည့်အမြတ်ဝေစု၊ သို့တည်းမဟုတ် အတိုးပေါ်တွင်သော်၎င်း—

(၁) အဆိုပါ ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်ကို၊ ဘဏ်အဖွဲ့က ထုတ်သည်ဟူသော အကြောင်းတခုတည်းဖြင့် ခွဲခြား၍၊ မည်သည့်အခွန်မျိုးကိုမျှ မစည်းကြပ်ရ၊ သို့တည်းမဟုတ်

(၂) မည်သည့်အရပ်တွင် မည်သည့်နိုင်ငံသုံးငွေဖြင့် အဆိုပါခံဝန်ချုပ်ကို၊ သို့တည်းမဟုတ် အာမခံစာချုပ်ကိုထုတ်သည်၊ သို့တည်းမဟုတ် ၎င်းအရ ငွေပေးရမည်၊ သို့တည်းမဟုတ် ငွေပေးသည်ဆိုသော အချက်ကိုအကြောင်းပြု၍သော်၎င်း၊ ဘဏ်အဖွဲ့က ထားရှိသည့်ရုံး၊ သို့တည်းမဟုတ် အလုပ်ဌာနတည်ရာ အရပ်ကို အကြောင်းပြု၍သော်၎င်း၊ မည်သည့်အခွန်မျိုးကိုမျှ မစည်းကြပ်ရ။

(ဃ) ဘဏ်အဖွဲ့က အာမခံသော ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်တခုခုကို၊ မည်သူကပင်လက်ရှိထားစေကာမူ၊ ထိုခံဝန်ချုပ်၊ သို့တည်းမဟုတ် ထိုအာမခံစာချုပ်ပေါ်တွင်သော်၎င်း၊ ထိုစာချုပ်မှရသည့် အမြတ်ဝေစု၊ သို့တည်းမဟုတ် အတိုးပေါ်တွင်သော်၎င်း—

(၁) အဆိုပါခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်ကို၊ ဘဏ်အဖွဲ့က အာမခံထားသည်ဟူသော အကြောင်းတခုတည်းဖြင့် ခွဲခြား၍ မည်သည့်အခွန်မျိုးကိုမျှ မစည်းကြပ်ရ၊ သို့တည်းမဟုတ်

(၂) ဘဏ်အဖွဲ့က ထားရှိသည့်ရုံး၊ သို့တည်းမဟုတ် အလုပ်ဌာန၏တည်ရာအရပ်ကို အကြောင်းပြု၍၊ မည်သည့် အခွန်မျိုးကိုမျှ စည်းကြပ်ကောက်ခံခြင်းမပြုရ။

G.U.B.C.P.O.—No. 62, M. of J.A., 14-12-51—2,100—II.

The Chin Affairs Provisional Council (Allowances) (Amendment) Act 1951.
(Act No XXXVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်''အဆိုပါအက်ဥပဒေ''ဟုရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၄) ၏ပုဒ်မ ၃၊ ဒုတိယ ခြွင်းချက်နောက်တွင်၊ အောက်ပါကို ပုဒ်မ ၃-က အဖြစ်ထည့်သွင်းရမည်။

''၃-က။ ။ချင်းရေးရာ ယာယီကောင်စီသဘာပတိသည်၊ ပြည်သူ့အကျိုးအတွက်သော်၎င်း၊ ပြည်ထောင်စုအစိုးရကိစ္စနှင့်သော်၎င်း၊ ချင်းရေးရာဝန်ကြီး၏ညွှန်ကြားချက်အရ နယ်လှည့်ခရီးထွက်ရသည့်အခါ၊ နေ့တွက်စရိတ်ကိုဖြစ်စေ၊ အိပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော်ခရီးစရိတ်နည်းဥပဒေများအရ ရယူခွင့်ရှိရမည်။''

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄ တွင် '' ခြောက်လ'' ဆိုသည့်စကားရပ်များအစား '' တနှစ် '' ဆိုသည့်စကားရပ်များကိုထည့်သွင်းရမည်။

G.H B.C.P.O.—No. 33, Min. of J.A., 21-11-51—2,100—II.
Price,—One anna.]

# THE CODE OF CRIMINAL PROCEDURE (AMENDMENT) ACT, 1951.

[ACT No. XXXIX OF 1951.]

It is hereby enacted as follows :—

1. In the third column of the Second Schedule to the Code of Criminal Procedure, for each of the entries relating to sections 482 to 489, both inclusive, of the Penal Code there *shall be substituted* the entry " May arrest without warrant."

G U.B.C.P.O.—No. 34, Min. of J.A., 20-11-51—2,000—II.

Price,—One anna.]

The Oilfields (Labour & Welfare) (Amendment) Act 1951.
(Act No XL of 1951)

# ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့်သက်သာချောင်ချိရေး) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀။]

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာ ချောင်ချိရေး) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ၏ အခန်း ၈ ပါပုဒ်မ ၄၅၊ ၄၆၊ ၄၇၊ ၄၀၊ ၄၉၊ ၅၀ နှင့် ၅၁ ကို ပယ်ဖျက်ရမည်။

၃။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေပုဒ်မ ၅၅ (၁) တွင်၊ "နှင့် ၈" ဆိုသည့်စာလုံးနှင့်ဂဏန်းကို ပယ်ဖျက်ရမည်။

၄။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ ပုဒ်မ ၇၄ (၁) ၏ ခြွင်းချက်ကိုပယ်ဖျက်ရမည်။

G.U.B.C.P.O.--No. 35, Min. of J.A., 20-11-51—2,000—II.
Price,—One anna.]

The Oilfields (Labour & Welfare) (Amendment) Act 1951.
(Act No XL of 1951)

# ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့်သက်သာချောင်ချိ ရေး) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀။]

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာ ချောင်ချိရေး) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ၏ အခန်း ၈ ပါပုဒ်မ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀ နှင့် ၅၁ ကို ပယ်ဖျက်ရမည်။

၃။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေပုဒ်မ ၅၅ (၁) တွင်၊ "နှင့် ၈" ဆိုသည့်စာလုံးနှင့်ဂဏန်းကို ပယ်ဖျက်ရမည်။

၄။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေပုဒ်မ ၇၄ (၁) ၏ ခြွင်းချက်ကိုပယ်ဖျက်ရမည်။

G.U.B.C.P.O.—No. 35, Min. of J.A., 20-11-51—2,000—II.
Price,—One anna.]

## THE BANKERS' BOOKS (INSPECTION) (AMENDMENT) ACT, 1951.

[ACT No. XLI OF 1951.]

It is hereby enacted as follows:—

1. This Act may be called the Bankers' Books (Inspection) (Amendment) Act, 1951.

2. *After* section 3 of the Bankers' Books (Inspection) Act, 1947, the following *shall be inserted as* section 3A, namely :—

"3A. Notwithstanding anything contained in any other law for the time being in force, where any person subject to the Burma Army Act, the Burma Naval Discipline Act, 1947, or the Burma Air Force (Discipline) Act, 1947, is charged with an offence and taken into custody, or where an order of arrest has been issued against any such person, under section 25 (*a*), 25 (*b*), 25 (*c*), 25 (*d*), 25 (*e*), 25 (*f*), 26 (*c*), 27 (*a*), 27 (*b*), 27 (*c*), 29, 30 (*d*), 31 (*a*), 31 (*b*), 31 (*c*), 31 (*d*), 31 (*e*), 31 (*f*), 35 (*a*), 35 (*b*), 35 (*f*), 36 (*c*), 36 (*d*), 39 (*g*) or section 41 of the Burma Army Act, under section 3 (*3*), 8, 11, 13, 20 (*1*), 29, 31, 34, 36, 40, 42 or section 44 of the Burma Naval Discipline Act, 1947, or under section 31 (*d*), 31 (*g*), 34 (*a*), 34 (*b*), 38, 44 (*a*), 44 (*d*), 49 (*a*), 49 (*d*), 49 (*e*), 50 (*c*), 50 (*d*), 53 (*a*), 53 (*d*), 53 (*f*) or section 54 (*g*) of the Burma Air Force (Discipline) Act, 1947, the General Officer Commanding, Burma Army, the Chief of Naval Staff, or the Chief of Air Staff, as the case may be, may, if he thinks fit to do so :—

(*a*) inspect or cause, in writing, to be inspected, by an officer subject to the Burma Army Act, the Burma Naval Discipline Act, 1947, or the Burma Air Force (Discipline) Act, 1947, not below the rank of Field Officer, Lieutenant-Commander or Squadron-Leader whose name is specified therein, any book belonging to or under the control of a bank ;

(*b*) direct the manager or agent of the bank to supply any document, negotiable instrument, or a certified copy of an entry in the book of the bank or give any information in the possession of the bank, relating to the account of such person ;

(*c*) prohibit the manager or agent of the bank from making any payment from the amount standing to the credit of such person without an order in writing of the officer making the prohibition."

G.U.B.C.P.O.—No. 36, Min. of J.A., 20-11-51—2,000—II.
Price,—One anna.]

## THE UNIVERSITY OF RANGOON (AMENDMENT) ACT, 1951.

[ACT No. XLII OF 1951.]

It is hereby enacted as follows :—

1. (*1*) This Act may be called the University of Rangoon (Amendment) Act, 1951.

(*2*) This Act shall come into force at once except clause (i) of section 5 which shall come into force on the date on which the University of Rangoon (Temporary Amendment) Act, 1949, is declared by the President under the said Act to be no longer in force.

2. In the University of Rangoon Act (hereinafter referred to as "the Act"), *for* the word "Administrator" wherever it occurs the word "Rector" *shall be substituted.*

3. In section 4 of the Act,—

(i) in clause (*a*) *for* the words "to make provision for research and for the advancement and dissemination of knowledge" the words "to train scholars, specialists and technicians in all fields of human activities, having regard to the socio-economic needs of the country" *shall be substituted* ;

(ii) *after* clause (*a*) as amended the following *shall be inserted as* clause (*aa*), namely :—

"(*aa*) to make provision for research and for the advancement and dissemination of knowledge ;".

4. In sub-section (*1*) of section 9 of the Act, *after* the words "such salary" the words "or allowance" *shall be inserted.*

5. In sub-section (*1*) of section 11 of the Act,—

(i) *for* clause (*g*) the following *shall be substituted*, namely :—

"(*g*) one member, not being a member of the University staff or a student in the University, for every 100 registered graduates of the University elected from among themselves by such graduates ; provided that the total number of members so elected shall not be less than three or more than five ;" ;

(ii) in clause (i) *for* the words "each elected by the Municipal Corporation of the City of Rangoon and Mandalay Municipality" the words "elected by the Municipal Corporation of the City of Rangoon" *shall be substituted* ;

(iii) *for* clause (*k*) the following *shall be substituted*, namely :—

"(*k*) two graduates, not being members of the University staff or students in the University, nominated by the Executive Council of the Rangoon University Students' Union. Such members shall hold office for a period of one year and shall be eligible for reappointment ;" ;

(iv) in clause (*l*) *after* the words "one member" the words ", not being a member of the University staff or a student in the University," *shall be inserted* ;

Price,—One anna.]

(v) *for* clause (*m*) the following *shall be substituted*, namely :—

"(*m*) three members, not being members of the University staff or students in the University, appointed by the Chancellor ; " ;

(vi) *after* clause (*m*) as amended, the following *shall be inserted as* clause (*n*), namely :—

"(*n*) two Secretaries to the Government in each of the Ministries of Education and Finance ; and, "

(vii) *after* clause (*n*) as inserted the following *shall be inserted as* clause (*o*), namely :—

"(*o*) one representative of the Governing Body of the University College, Mandalay."

(viii) in sub-section (*3*) of section 11 of the Act, *after* the italicised word "*ex-officio*" the words "and those under clause (*k*) of sub-section (*1*)," *shall be inserted.*

6. In section 12 of the Act,—

(i) *for* sub-section (*3*) the following *shall be substituted*, namely :—

"(*3*) Annual Budget Estimates of the University shall be prepared by the Rector for presentation to the Council and transmission to Government with such recommendations as the Council may deem necessary. If and when demands for Supplementary Grants are necessary they shall be made to Government through the Council."

(ii) in sub-section (*4*) *after* the word "officers" the words "and business" *shall be inserted.*

7. In clause (*e*) of sub-section (*1*) of section 14 of the Act, *after* the words "the Professors" the words "who are Heads of the Departments of Studies in the University" *shall be inserted.*

8. In section 19 of the Act,—

(i) *after* sub-section (*5*) the following *shall be inserted as* sub-section (*6*), namely :—

"(*6*) Annual Budget Estimates of every affiliated college shall be prepared and transmitted by the Governing Body to Government. However, the Council shall make such recommendations as are considered necessary, if invited to do so by the Government."

G.U.B.C.P.O.—No. 37, Min. of J.A., 21-11-51—2,050—II.

# THE PUBLIC PROPERTY PROTECTION (SECOND AMENDMENT) ACT, 1951.

[ACT No. XLIII OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Public Property Protection (Second Amendment) Act, 1951.

2. In section 7 of the Public Property Protection Act, 1947,—

(*a*) *for* sub-section (*2*) the following *shall be substituted*, namely :—

" (*2*) Any officer authorized in this behalf by general or special order by the President of the Union may arrest without warrant any person whom he suspects of having committed or of committing any prejudicial act ";

(*b*) *after* the said sub-section (*2*) the following *shall be inserted as* sub-section (*2A*), namely :—

" (*2A*) Any officer authorized in this behalf by general or special order by the President of the Union, may, if he is satisfied with respect to any particular person that circumstances exist which render it necessary to arrest him with a view to preventing him from committing any offence mentioned in section 6 (*1*) or an offence of criminal breach of trust in respect of any Public Property, or any prejudicial act, do so without warrant ";

(*c*) in sub-section (*3*), *after* the expression " sub-section (*2*) " the expression " or sub-section (*2A*) or who makes an arrest for an offence of criminal breach of trust in respect of any Public Property " *shall be inserted* ;

(*d*) *for* sub-section (*5*) the following *shall be substituted*, namely :—

" (*5*) On receipt of any report made under sub-section (*3*), the President of the Union may, by order, direct, subject to the second proviso to sub-section (*3*), that a person arrested under this section be detained for such period as he may deem necessary for the purpose of making an investigation ; " and

(*e*) *after* sub-section (*6*) the following *shall be inserted as* sub-section (*7*), namely :—

" (*7*) The order of detention under sub-section (*5*) shall not be deemed to authorize the continued detention of the person in respect of whom it had been made after he is sent up for trial before any competent Court ; but the Court before which the trial or enquiry is held, shall not release the accused on bail unless it is established that the accused, if released on bail, is not likely to suborn any witness or cause the disappearance of any evidence or secrete or destroy any document which may be used as evidence against him."

G.U.B.C.P.O.—No. 38, Min. of J.A., 20-11-51—2,000—II.

Price,—One anna.]

## THE BURMA GENERAL CLAUSES (AMENDMENT) ACT, 1951.

[ACT No. XLIV OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Burma General Clauses (Amendment) Act, 1951.

2. *In* section 2 of the Burma General Clauses Act, *after* clause (42), the following *shall be inserted as* clause (42A), namely :—

"(42A) 'office of profit' shall not be deemed to include an office which is a part-time office remunerated by travelling allowance or daily allowance only or both."

G.U.B.C.P.O.—No. 41, Min. of J.A., 21-11-51—2,000—II.

Price,—One anna.]

The Suppression of Corruption (Amendment) Act 1951
(Act No XLV of 1951)

# ၁၉၅၁ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၅။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ နောက်တွင်၊ အောက်ပါပြဋ္ဌာန်းချက်များကိုပုဒ်မ ၄-က အဖြစ်ထည့်သွင်းရမည်။

"၄-က။ ။(၁) အထက်တန်း စုံစမ်းစစ်ဆေးရေး အရာရှိအောက် ရာထူးမနိမ့်သည့် အထူးစုံစမ်း စစ်ဆေးရေးဌာန ဆိုင်ရာ အရာရှိ တဦးဦး သည်၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့် အာဏာ ပိုင်၏သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ပုဒ်မ ၄ အရ ပြစ်မှု တခုခုကျူးလွန်ခဲ့သည်ဟု၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု မိမိမသင်္ကာသည့်ပြည်သူ့ဝန်ထမ်းတဦးဦးကို၊ ဝရမ်းစာမပါဘဲ ဖမ်းဆီးနိုင်သည်။

(၂) မည်သည့် အရာရှိမဆို၊ ပုဒ်မခွဲ (၁) နှင့်အညီ လူတဦးတယောက် ကိုဖမ်းဆီးလျှင်၊ ထိုသို့ဖမ်းဆီးကြောင်းကို နိုင်ငံတော်သမ္မတထံ ချက်ခြင်းအစီရင်ခံရမည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ အမိန့်ကို မရသေးမီအတောအတွင်း၊ ထိုအရာရှိသည် အမိန့်စာဖြင့် ထိုဖမ်း ဆီးထားသူကို၊ နိုင်ငံတော်သမ္မတက သာမန်၊ သို့တည်းမဟုတ် အထူး အမိန့်ဖြင့် သီးခြား ဖေါ်ပြထားသည့် အချုပ်ခန်းတွင် ချုပ်ထားနိုင်သည်။

သို့ရာတွင်—

(က) မည်သူ့ကိုမျှ၊ နိုင်ငံတော်သမ္မတ၏ အမိန့်မရဘဲ ဤပုဒ်မခွဲအရ ဆယ့်ငါးရက်ထက်ပို၍ချုပ်မထားရ။

(ခ) မည်သူ့ကိုမျှ၊ ဤပုဒ်မခွဲအရ ခြောက်လထက်ပို၍ချုပ်မထားရ။

(၃) ပုဒ်မခွဲ (၁) အရ၊ ဖမ်းဆီးခံရသူ တဦးဦးအား အာမခံ ပေးမည်ဆိုလျှင်၊ ထိုသူကိုဖမ်းဆီးသည့်အရာရှိသည်၊ နိုင်ငံတော် သမ္မတကသော်၎င်း၊ နိုင်ငံတော် သမ္မတက ဤကိစ္စ အလို့ငှါ အာဏာအပ်နှင်းထားသူတဦးဦးကသော်၎င်း၊ အခါအားလျော်စွာထုတ်ဆင့်သည့် သာမန်၊ သို့တည်းမဟုတ် အထူးညွှန်ကြား ချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမ္မတက အခါအား လျော်စွာသတ်မှတ်သည့် စည်းကမ်းချက်များ၊ သို့တည်းမဟုတ်

Price,—One Anna,]

ဆင့်ဆိုချက်များအတိုင်း လိုက်နာမည်ဟု ထိုသူက အာမခံသူများနှင့်ဖြစ်စေ၊ အာမခံသူမပါဘဲဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုသည့်အခါ၊ ထိုသူကိုလွှတ်နိုင်သည်။

(၄) ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းသည့် အစီရင်ခံစာကို ရရှိသည့်အခါ၊ နိုင်ငံတော်သမ္မတသည်၊ ဤပုဒ်မအရ ဖမ်းဆီးထားသူ တဦးဦးကို ချုပ်ထားရန်၊ လိုအပ် သည်ဟု ထင်မြင်သည့် အမိန့်များကို၊ ပုဒ်မခွဲ (၂) ဆိုင်ရာ ဒုတိယ ခြွင်းချက်နှင့် မဆန့်ကျင်စေဘဲ ချမှတ်နိုင်သည်။

(၅) ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက်များ အရ အာမခံကို လက်ခံလျှင်၊ ခံဝန်ချုပ်သည်၊ အဆိုပါအာမခံကိုလက်ခံရာနယ်တွင် စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်ရာဇဝတ်တရားသူကြီးက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ လက်ခံသည် ခံဝန်ချုပ်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသို့ဖြစ်သည်အားလျော်စွာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၄ ပါ ပြဋ္ဌာန်းချက်များသည်လည်း ထိုခံဝန်ချုပ်နှင့်သက်ဆိုင်ရမည်။''

G.U.B.C.P.O.—No. 40, Min. of J.A., 21-11-51—2,000—II.

The Provisional Viniechaya-Thana Act 1951
(Act No XLVI of 1951)

# ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာနအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာန အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်နေ့တွင် သတ်မှတ်သည့်အရပ်ဒေသ၌ ပုဒ်မ ၃ နှင့်မဆန့်ကျင်စေဘဲ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) ''အဆိုပါဥပဒေ'' ဆိုသည်မှာ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေကိုဆိုလိုသည်။

(ခ) ''ဝိနည်းဓမ္မကံအဓိကရုဏ်းမှု'' ဆိုသည်မှာ၊ အဆိုပါဥပဒေပုဒ်မ ၁၅ တွင် အဓိပ္ပါယ်သတ်မှတ်ပိုင်းခြားထားသည့် အဓိကရုဏ်းမှုကိုဆိုလိုသည်။

(ဂ) ''နိုင်ငံတော်ဝိနိစ္ဆယဌာန'' ဆိုသည်မှာ၊ အဆိုပါ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံတော်ဝိနိစ္ဆယဌာနကို ဆိုလိုသည်။

(ဃ) ''မြို့နယ်'' ဆိုသည်မှာ၊ အဆိုပါဥပဒေ ပုဒ်မ ၂ (၁) (က) တွင် အဓိပ္ပါယ်သတ်မှတ်ပိုင်းခြားထားသည့် မြို့နယ်ကိုဆိုလိုသည်။

(င) ''မြို့နယ်ဝိနိစ္ဆယဌာန'' ဆိုသည်မှာ၊ အဆိုပါဥပဒေအရတည်ထောင်ထားသော မြို့နယ်ဝိနိစ္ဆယဌာနကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမ္မတက၊အဆိုပါဥပဒေ ပုဒ်မ ၁(၃) (ဃ) အရ၊အဆိုပါဥပဒေပြဋ္ဌာန်းချက်များအာဏာတည်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်အခါ၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့်အရပ်ဒေသများ၌ သီးခြားဖေါ်ပြထားသည့်နေ့ရက်တွင် အဆိုပါအမိန့်ကြော်ငြာစာဖြင့် ဤအက်ဥပဒေကိုရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

သို့ရာတွင် ဤအက်ဥပဒေကိုယင်းသို့ရုပ်သိမ်းသည့်အခါ၌ မပြီးပြတ်သေးသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုကို၊ ဤအက်ဥပဒေအရ နောက်ဆုံးပြီးပြတ်သည်တိုင်အောင် ဆက်လက်စစ်ဆေးရမည်။

၄။ ။(၁) ဤအက်ဥပဒေအရ ယာယီဝိနိစ္ဆယဌာနများ တည်ထောင်ရမည်။ ထိုယာယီဝိနိစ္ဆယဌာနများမှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန် အာဏာရှိရမည်။

Price,—One Anna,]

(၂) ယာယီဝိနိစ္ဆယဌာန အသီးသီးအတွက် အဆိုပါဥပဒေပုဒ်မ ၁၁ (၁) တွင်ပြဋ္ဌာန်းထားသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသောဆယ်ပါးထက်မပိုသည့်ဝိနည်းဓိုရ်ဆရာတော်များကို နိုင်ငံတော်သာမဏာကခန့်ရမည်။

၅။ ။(၁) ယာယီဝိနိစ္ဆယဌာနများသည်၊ နိုင်ငံတော်ဝိနိစ္ဆယဌာန၏ လက်အောက်ခံဖြစ်ရမည်။

(၂) ယာယီဝိနိစ္ဆယဌာန အသီးသီး၏ စီရင်ခွင့်အာဏာနယ်နိမိတ်မှာ ထိုဌာနတည်ရှိရာမြို့နယ်အသီးသီးဖြစ်ရမည်။

၆။ ။ပုဒ်မ ၄ အရ၊ ဝိနည်းဓမ္မကံအမှိကရုဏ်းမှုကို ကြားနာစစ်ဆေးစီရင်သည့် ယာယီဝိနိစ္ဆယဌာနသည် မြို့နယ်ဝိနိစ္ဆယဌာန၏အာဏာအားလုံးကို သုံးစွဲနိုင်သည့်ပြင်၊ အဆိုပါဥပဒေ ပုဒ်မ ၅၊၇၊၁၀၊၁၂၊၁၃ (၂)၊၁၅၊၁၆၊၁၇၊၂၂၊၂၃၊၂၄၊၂၅၊၂၆၊၂၇(၄)နှင့်(၅)၊၂၈၊၂၉၊၃၀၊၃၁၊၃၂ (၂)နှင့်(၃) ပါပြဋ္ဌာန်းချက်များနှင့် အဆိုပါဥပဒေ ပုဒ်မ ၃၃ အရ ပြုလုပ်သောနည်းဥပဒေများအနက်၊ ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများမှတပါး အခြားနည်းဥပဒေများသည်၊ မြို့နယ်ဝိနိစ္ဆယဌာနနှင့်၊ သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့်သက်ဆိုင်သကဲ့သို့ ယာယီဝိနိစ္ဆယဌာနနှင့် သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့် ဖြစ်နိုင်သမျှသက်ဆိုင်ရမည်။

၇။ ။ယာယီဝိနိစ္ဆယဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်၊တာဝန်ခံဆရာတော်နှင့် တွဲဘက်တာဝန်ခံဆရာတော်တို့၏ ဝိနိစ္ဆယဌာနမှုခင်းကိစ္စနှင့် စပ်လျဉ်းသည့်ခရီးစရိတ်များအတွက် နိုင်ငံတော်အစိုးရကတာဝန်ယူရမည်။

၈။ ။အခြားတည်ဆဲတရားဥပဒေများတွင်မည်သို့ပင် ပါရှိစေကာမူ၊ ယာယီဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် စောဒနာဝင်ခွင့် ရှိရမည်။ ယင်းသို့စောဒနာဝင်သည့်အခါ၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည်အဆုံးသတ်အတည်ဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် အာစာရဝိပတ္တိ၊ သို့တည်းမဟုတ် လဟုဘဏ်ပစ္စည်းနှင့်စပ်လျဉ်းသော အမှိကရုဏ်းမှုတွင်၊ ယာယီဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို စောဒနာဝင်ခွင့်မရှိစေရ။

၉။ ။(၁) အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေအရ စောဒနာဝင်မှုကို ဆိုင်ရာစီရင်ချက်ချမှတ်သည့်နေ့မှ ၄၅ ရက်အတွင်း နိုင်ငံတော်ဝိနိစ္ဆယဌာနသို့ စောဒနာဝင်လွှာတင်သွင်းရမည်။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မ၌ ပြဋ္ဌာန်းထားသည့် စည်း ကမ်း သတ်ကာလအပိုင်းအခြား ကုန်လွန်ပြီးသည့်နောက်မှ တင်သွင်းသည့် စောဒနာဝင်လွှာကို၊ အန္တရာယ် ၁၀ ပါးအနက်၊ တပါးပါးကြောင့် စောဒနာဝင်လွှာတင်သွင်းရန် ကြန့်ကြာနေခြင်းဖြစ်လျှင်၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက လက်ခံနိုင်သည်။

(၂) စောဒနာဝင်သူက အမှုဖြစ်ပျက်ရင်း အချင်းအရာ အချက်အလက်များ၊ဝိနည်းတရားတော်အချက်အလက်များနှစ်ချက်လုံးနှင့်စပ်လျဉ်း၍၊နိုင်ငံတော်ဝိနိစ္ဆယဌာနတင်ကန့်ကွက်လိုသည့်အကြောင်းအချက်များ စောဒနာဝင်လွှာတွင်စုံလင်နိုင်

သမျှ စုံလင်စွာပါရှိရမည့်ပြင်၊ ယင်းသည့် အကြောင်းအချက်များကို အစဉ်အတိုင်း အမှတ်စဉ်ရမည်။ စာဒနာဝင်သူကထိုစာဒနာဝင်လွှာကိုလက်မှတ်ရေးထိုးရမည်။ ထို့ပြင် စာဒနာဝင်သည့်စီရင်ချက်မိတ္တူတစောင်ကိုစာဒနာဝင်လွှာနှင့်ပူးတွဲတင်သွင်းရမည်။

၁၀။ ။အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုနှင့်စပ်လျဉ်း၍၊ မူလမှုတခုခုသည်၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့၌ ဤအက်ဥပဒေအာဏာတည်သည့်အရပ်ဒေသရှိ တရားမရုံးတခုခုတွင် မပြီးပြတ်ရှိနေသေးလျှင်၊ ထိုတရားမရုံးက အဆိုပါမူလမှုကို ဆိုင်ရာ ယာယီဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

၁၁။ ။ပုဒ်မ ၃ အရ၊ ဤအက်ဥပဒေကို ရုပ်သိမ်းသည့်အခါ၊ အဆိုပါဥပဒေ ပုဒ်မ ၇ (၃) (စ) အရ ထားရှိသည့်အမှုမှတ်တမ်းများကို၎င်း၊ အဆိုပါ ဥပဒေပုဒ်မ ၁၁ (၁) အရ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် စာမှတ်စာတမ်းများကို၎င်း၊ အဆိုပါ ဥပဒေအရ တည်ထောင်သည့်ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

G.U.B.C.P.O.—No. 39, Min. of J.A., 30-11-51—2,000—II.

The Chin Affairs Provisional Council (Chairman's Salary) (Amendment) Act 1951
(Act No. XLVII of 1951)

# ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိလစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင် "အဆိုပါ အက်ဥပဒေ" ဟုရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄) ပုဒ်မ ၂ တွင် "၇၅၀" ဆိုသည့် ဂဏန်းအစား "၁,၂၅၀" ဆိုသည့် ဂဏန်းကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃ နောက်တွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

"၄။ ။သဘာပတိရာထူး၌ ထမ်းရွက်နေသည့်ဖြစ်သောကြောင့်၊ ထိုသို့ ထမ်းရွက်နေသောသူတွင် ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏၊ သို့တည်းမဟုတ် တိုင်းပြည်ပြုလွှတ်တော်၏အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သောအမတ်အဖြစ်ဖြင့်တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။"

G.U.B.C.P.O.—No. 55, Min. of J.A., 19-12-51—2,100—II.

Price,—One anna.]

Ch. Chin. Affairs Provisional Council (Allowances) (Second Amendment) Act 1951
(Act No. XLVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေစတင်အာဏာတည်သည့်နေ့တွင် ဤအက်ဥပဒေ စတင်အာဏာတည်ရမည်။

၂။ ။၁၉၄၉ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၄) ပုဒ်မ ၂ (၃) တွင်၊ ''ပါလီမန် အတွင်းဝန်သော်၎င်း'' ဟူသော စကားရပ်နောက်တွင်၊ ''ချင်းရေးရာ ယာယီကောင်စီ သဘာပတိသော်၎င်း'' ဟူသောစကားရပ်ကိုထည့်သွင်းရမည်။

G.U.B.C.P.O.—No. 43, Min. of J.A., 21-11-51—2,100—II.
Price,—One anna.]

THE GAMBLING (AMENDMENT) ACT, 1951.

[ACT NO. XLIX OF 1951.]

It is hereby enacted as follows :—

1. *After* section 3 of the Gambling Act the following *shall be inserted as* section 4, namely :—

Exemption.

"4. Notwithstanding anything contained elsewhere in this Act the game of football pool or of any other sport pool conducted by the National Fitness Council constituted under the National Fitness Council Act, 1950, shall be exempt from the provisions of this Act and the promotion of or the taking part in any such game shall not be deemed to be an offence under this Act."

G.U.B.C.P.O.—No. 42, Min. of J.A., 21-11-51—2,000—II.

Price,—One anna.]

၃။ ။(၁) နိုင်ငံတော်သမတသည်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ဟု ခေါ်တွင်မည့် အဖွဲ့တခုကို ဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌနှင့်အခြား လေးဦးထက် မပိုသော အဖွဲ့ဝင်လူကြီးများပါဝင်ရမည်။

(၂) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော် သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

(၃) (က) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လူကြီးအသီးသီးသည်၊ ရာထူးတွင်ခန့်ထား ခြင်းခံရသည့်အခါ၊ ဤအက်ဥပဒေ၏ ဇယား ၂ တွင် ဖေါ်ပြထားသည့် ပုံစံအကိုင်း ကျမ်းသစ္စာဆို၍ လက်မှတ်ရေးထိုးရမည်။

(ခ) ဥက္ကဋ္ဌသည်၊ ဝန်ကြီးချုပ်ရှေ့တွင် ကျမ်းသစ္စာဆို၍ လက်မှတ် ရေးထိုး ရမည်။ အဖွဲ့ဝင် အသီးသီးသည်၊ ဥက္ကဋ္ဌ ရှေ့တွင် ကျမ်းသစ္စာဆို၍ လက်မှတ် ရေးထိုးရမည်။

(၄) အဖွဲ့၏ အစည်းအဝေး များတွင် လိုက်နာရမည့် နည်းလမ်းနှင့် အစည်းအဝေး အထမြောက်ရေးအတွက် လိုအပ်သော အဖွဲ့ဝင်ဦးရေသည်၊ နိုင်ငံတော် သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

(၅) အဖွဲ့ဝင်တဦးဦး၏ ရာထူး လစ်လပ် ခြင်းကြောင့် ဖြစ်စေ၊ အဖွဲ့ဝင် လူကြီးများခန့်ထားရာ၌ ချို့ယွင်းချက် ရှိခြင်းကြောင့်ဖြစ်စေ၊ အဖွဲ့၏ဆောင်ရွက်ချက်များ သည် ပျက်ပြယ်ခြင်းမရှိစေရ။

Price,—Annas 2.]

The Special Investigation Administrative Board and the Bureau of Special Investigation Act 1951.
(Act No L of 1951)

# ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(၁) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသည့် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(၂) ''ဌာန'' ဆိုသည်မှာ၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသည့် အထူးစုံစမ်းစစ်ဆေးရေးဌာနကိုဆိုလိုသည်။

(၃) ''ပြဋ္ဌာန်းသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

၄။ ။(၁) အဖွဲ့မှာ ၁၃၄၇ ခုနှစ်၊ ပြည်သူ့ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၂ (၁) တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် ''ပြည်သူ့ပစ္စည်း'' နှင့် စပ်လျဉ်း၍ ပြစ်မှု ကျူးလွန်ခြင်း ကိုရင်း၊ ဇယား ၁ တွင် သီးခြား ဖေါ်ပြ ထားသည့် ပြစ်မှုများ ကျူး လွန်ခြင်းကိုရင်း၊ တားမြစ်ရန်လိုအပ်သည့်အကိုင် အရေးယူ ဆောင်ရွက်ရမည့် တာဝန် ရှိသည့်ပြင်၊ အဆိုပါပြစ်မှုတခုခုကိုစုံစမ်းစစ်ဆေး၍ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆို ရန် လိုအပ်သည့်အမိန့်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်များထုတ်ဆင့်ရမည့် တာဝန် လည်းရှိသည်။

(၂) အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ လျက်၊ ဌာနကို ကြီးကြပ်အုပ်ချုပ်ရေးနှင့် အရပ်ရပ် စီရင်အုပ်ချုပ်ရေးအတွက် တာဝန် ခံရမည်။

၅။ ။(၁) အခြားတည်ဆဲ တရားဥပဒေတခုခုအရ၊ အဖွဲ့အား အပ်နှင်းထား သည့်အာဏာများအပြင်၊ အဖွဲ့မှာ အောက်ပါအာဏာများလည်းရှိရမည်။

(က) ပြည်သူ့ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုများ ကျူးလွန်သည့် သတင်းကို၊ သို့တည်းမဟုတ် ဇယား ၁ တွင် သီးခြား ဖေါ်ပြထားသည့် ပြစ်မှုတခုခုကျူးလွန်သည့်သတင်းကို ဌာနသို့ဖြစ်စေ၊ ရဲအဖွဲ့သို့ဖြစ်စေ၊ ပေးပို့နိုင်သည့်၊ သို့တည်း မဟုတ် ပေးပို့စေနိုင်သည့်အာဏာ။

(ခ) အဆိုပါ ပြစ်မှု တခုခု ကျူးလွန်သည်ဟု သင်္ကာမကင်း ဘွယ်ရာအကြောင်းရှိသည့်ပြည်သူ့ဝန်ထမ်း၏ အမည် ကို သက်ဆိုင်ရာ ဝန်ကြီးဌာနအား၊ သို့တည်းမဟုတ် အစိုးရဌာနအား၊ သို့တည်းမဟုတ် ဒေသန္တရအာဏာ ပိုင်အား၊ သို့တည်းမဟုတ် အစိုးရလက်အောက်ခံအဖွဲ့ အားဖေါ်ပြရန်အာဏာ၊ ထိုဝန်ကြီးဌာနသည်၊ သို့တည်း မဟုတ် အစိုးရဌာနသည်၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်သည်၊ သို့တည်းမဟုတ် အစိုးရ လက် အောက်ခံ အဖွဲ့သည် ထိုပြည်သူ့ဝန်ထမ်းကို တရား စွဲဆိုနိုင်သည့်ပြင်၊ ဌာနဆိုင်ရာအရေးယူ ဆောင်ရွက်မှုကို ပြုရမည်။ ထိုခြင်းထုံ့သို့စုံစမ်းစစ်ဆေးမှု၊ သို့တည်းမဟုတ် တရားစွဲဆိုမှု မပြီးမပြတ်သေးမီ ထိုပြည်သူ့ဝန်ထမ်းကို ရာထူးမှလည်း ခေတ္တချထားနိုင်သည်။

(ဂ) အခိုးခံရဘွယ်ရာ၊ သို့တည်းမဟုတ်ပျက်စီးဘွယ်ရာ၊ သို့တည်း မဟုတ် ဆုံးရှုံးဘွယ်ရာလက္ခဏာရှိသည့် ပြည်သူ့ပစ္စည်း ကို သိုလှောင်ရန်၊ သို့တည်းမဟုတ် ထိန်းသိမ်းစောင့် ရှောက်ရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရန် အလို့ငှါ၊ အမိန့်တွင် သီးခြားဖေါ်ပြထားသည့်အတိုင်း အရေးယူ ဆောင်ရွက်ရမည်ဟု မည်သူကိုမဆို ဆင့်ဆို နိုင်သည့် အမိန့်ချမှတ်ရန်အာဏာ၊ ထိုသို့ဆင့်ဆိုခံရသူများသည် အဆိုပါ အမိန့်များအတိုင်းဆောင်ရွက်ရမည်။

(ဃ) ဤအက်ဥပဒေအရ ပြစ်မှု တခုခုကိုဖြစ်စေ၊ ဇယား ၁ တွင်
သီးခြားဖေါ်ပြထားသည့်ပြစ်မှုများကိုဖြစ်စေ၊ ကျူးလွန်
ခဲ့သည်၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု သင်္ကာ
မကင်းဘွယ်ရာ အကြောင်းရှိသူကို ဖမ်းဆီးရန်လိုအပ်
သည်ဟုအဖွဲ့ကယူဆလျှင်၊ ဖမ်းဆီးစေရန်အာဏာ။

(င) ဤအက်ဥပဒေတွင် အခြားနေရာ၌မည်သို့ပင်ပါရှိစေကာမူ၊
ဇယား ၁ တွင် သီးခြားဖေါ်ပြထားသည့် ပြစ်မှုများနှင့်
သက်ဆိုင်သောအမှုကို စုံစမ်းစစ်ဆေး၍ လိုအပ်သည့်
အတိုင်း အရေးယူ စေခြင်းငှါ ရဲအဖွဲ့သို့ လွှဲအပ် ရန်
အာဏာ။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ (ဃ) နှင့် (ဏ) အရ အဖွဲ့ထံသုံးစွဲနိုင်သည့်
အာဏာကို၊ ဥက္ကဋ္ဌကသော်၎င်း၊ အဖွဲ့ကမိမိ၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဤကိစ္စ
အလို့ငှါ အာဏာအပ်နှင်းထားသည့် အဖွဲ့ဝင်လူကြီးတဦးဦးကသော်၎င်း သုံးစွဲရမည်။

၆။ ။(၁) ဥက္ကဋ္ဌသည်၊ မိမိထံပေးပို့သော သတင်းမှန် မမှန်သိရှိစိမ့်သောငှါ၊
ဌာနဆိုင်ရာ အရာရှိကို ဖြစ်စေ၊ ရဲအရာရှိကိုဖြစ်စေ၊ ဤကိစ္စ အလို့ငှါ မိမိက စာဖြင့်
နည်းလမ်းတကျ အာဏာအပ်နှင်းထားသည့် အခြားသူ၎င်း ဖြစ်စေ၊ စုံစမ်း စစ်ဆေးရန်
အမိန့်ပေးနိုင်သည်။

(၂) ဌာနဆိုင်ရာအရာရှိ၊ သို့တည်းမဟုတ် ရဲအရာရှိမဟုတ်သူကို ပုဒ်မခွဲ
(၁) အရ ထိုသို့ အာဏာ အပ်နှင်း ထားလျှင်၊ ထိုသူသည်၊ ဌာနဆိုင်ရာ အရာရှိအား
ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာအရပ်ရပ်ကို သုံးစွဲရမည်။ သို့ရာတွင်
ထိုသူမှာ ဝါရမ်းစာမပါဘဲ ဖမ်းဆီးနိုင်သည့်အာဏာမရှိစေရ။

## အခန်း ၂။

၇။ ။(၁) ၁၉၄၅ ခုနှစ်၊ ရဲအဖွဲ့အက်ဥပဒေတွင် သော်၎င်း၊ ရန်ကုန်မြို့ရဲအဖွဲ့
အက်ဥပဒေတွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည်၊ အထူးစုံစမ်း
စစ်ဆေးရေးဌာနကိုဖွဲ့စည်းရမည်။ ထိုဌာနသည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ
လျက်၊ ဤအက်ဥပဒေအရ ပြစ်မှုအရပ်ရပ်ကိုဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းနှင့် စပ်လျဉ်းသည့်ပြစ်မှု
ကိုဖြစ်စေ၊ ဇယား ၁ တွင်သီးခြားဖေါ်ပြထားသည့်ပြစ်မှုကိုဖြစ်စေ၊ မြန်မာနိုင်ငံတဝန်းလုံး
တွင်စုံစမ်းစစ်ဆေးရမည်။

(၂) ဌာနကို၊ နိုင်ငံတော်သမတက အခါအားလျော်စွာအမိန့်ဖြင့် သတ်
မှတ်သည့် နည်းလမ်းအတိုင်း ဖွဲ့စည်း၍၊ ဌာနတွင်ယင်းသို့ သတ်မှတ်ထားသည့် အရေ
အတွက်ရှိသော ရာထမ်းမှုထမ်းများ ပါဝင်ရမည်။ ထိုရာထမ်းမှုထမ်းများကို၊ နည်းလမ်း
တကျ စာရင်းဝင်သွင်းထားရှိရမည်။ ထိုရာထမ်းမှုထမ်းများသည် နိုင်ငံတော် သမတက
သတ်မှတ်သည့်လစာကိုရရှိရမည်။

(၃) ဌာနဆိုင်ရာစီရင်အုပ်ချုပ်မှုကို ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတက
ခန့်ထားသည့် ညွှန်ကြားရေးဝန်က အဖွဲ့၏ ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာလျက်
ဆောင်ရွက်ရမည်။

၈။ ။နိုင်ငံတော်သမတသည်၊ ဌာနဆိုင်ရာ စီရင်အုပ်ချုပ်မှုတွင်ညွှန်ကြားရေးဝန်အားကူညီရန်၊မိမိသင့်သည်ထင်မြင်သည့်အရေအတွက်ရှိသောဒုတိယ ညွှန်ကြားရေးဝန်များနှင့် လက်ထောက် ညွှန်ကြားရေးဝန်များကို ခန့်ထားနိုင်သည်။ အဆိုပါ ဒုတိယ ညွှန်ကြားရေးဝန်များနှင့် လက်ထောက်ညွှန်ကြားရေးဝန်များသည် ညွှန်ကြားရေးဝန်၏ လက်အောက်ခံဖြစ်၍ညွှန်ကြားရေးဝန်၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံရမည့်ပြင်၊မိမိတို့အား နိုင်ငံတော်သမတကအပ်နှင်းထားသည့်အာဏာများနှင့်တာဝန်ဝတ်တရားများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

၉။ ။(၁) ဒုတိယညွှန်ကြားရေးဝန်များနှင့်လက်ထောက် ညွှန်ကြားရေးဝန်များ၏လက်အောက်တွင် အောက်ပါဌာနဆိုင်ရာအရာရှိအဆင့်အတန်းများရှိရမည်။

(က) အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိများ။
(ခ) အောက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိများ။
(ဂ) လက်ထောက်စုံစမ်းစစ်ဆေးရေးအရာရှိများ။

(၂) ပုဒ်မခွဲ (၁)တွင် ဖော်ပြထားသည့် အရာရှိအသီးသီးသည်၊ မိမိအထက်က ဆက်လျက်ဖော်ပြထားသည့် အရာရှိအောက် အဆင့်အတန်း နိမ့်ရမည့်ပြင်၊ မိမိ အထက်၌ဖော်ပြထားသည့်အရာရှိ၏လက်အောက်ခံလည်းဖြစ်ရမည်။

၁၀။ ။နိုင်ငံတော် သမတက၊ဒုတိယ ညွှန်ကြားရေးဝန်များနှင့် လက်ထောက် ညွှန်ကြားရေးဝန်များခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် ရွှေ့ပြောင်းခြင်း ပြုလုပ်ရမည်။

၁၁။ ။(၁) အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍ ညွှန်ကြားရေးဝန်က ဌာနဆိုင်ရာလက်အောက် ရာထူးအဆင့်အတန်းများရှိ အရာရှိများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် ရွှေ့ပြောင်းခြင်းပြုလုပ်ရမည့်ပြင်၊ အဆိုပါ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ တာဝန်ဝတ်တရား ဆောင်ရွက်ရာတွင်ပျက်ကွက်သည် ဟူ၍သော်၎င်း၊ ပေါ့လျော့သည်ဟူ၍ သော်၎င်း၊ တာဝန်ဝတ်တရား ဆောင်ရွက်ရန် မသင့်တော်ဟူ၍ သော်၎င်း၊မိမိထင်မြင်သောအဆိုပါ အရာရှိတဦးဦးကိုလည်း ရာထူးမှခေတ္တချထားခြင်း၊ သို့တည်းမဟုတ် လျှော့ချခြင်း၊ သို့တည်းမဟုတ် ထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် အမြဲတမ်းထုတ်ပယ်ခြင်း ပြုနိုင်သည်။ သို့တည်းမဟုတ် တာဝန်ဝတ်တရား ကိုမလေးစားသည့်၊ သို့တည်းမဟုတ် ပေါ့ပေါ့ဆဆဆောင်ရွက်သည့်၊သို့တည်းမဟုတ်မိမိ၏ပယောဂကြောင့် တာဝန်ဝတ်တရားဆောင်ရွက်ရန် မသင့်တော်အောင်ဖြစ်ရသည့် အရာရှိအား ပုဒ်မခွဲ (၂)အရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသောပြစ်ဒဏ်တခုခုကိုဖြစ်စေ၊ တခုထက်ပိုသော ပြစ်ဒဏ်များကိုဖြစ်စေ ပေးနိုင်သည်။

(၂) နိုင်ငံတော်သမတ၏သဘောတူညီချက်ကိုကြိုတင်ရယူ၍ ညွှန်ကြားရေးဝန်သည် အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြုလုပ်နိုင်သည်။

(က) ဌာနဆိုင်ရာ လက်အောက်ရာထူး အဆင့်အတန်း များရှိ အရာရှိအား ပုဒ်မခွဲ(၁) အရ ပေးနိုင်သည့် ပြစ်ဒဏ်များ ပြဋ္ဌာန်းရန်ကိစ္စ။
(ခ) ပြဋ္ဌာန်းသည့် ရာထူး အဆင့် အတန်း၊ သို့တည်းမဟုတ် အဆင့်အတန်းများရှိအရာရှိများနှင့်ပတ်သက်၍ ပုဒ်မခွဲ

(၁) အရ မိမိ၏အဆောက်အအုံများကို အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိအောက် ရာထူးမနိမ့်သော အရာရှိတဦးဦးအား လွှဲအပ်ရန်ကိစ္စ။

၁၂။ ။ဤအက်ဥပဒေအရ ခန့်ထားသည့် ဌာနဆိုင်ရာ အရာရှိအသီးသီးသည် ဇယား ၃ တွင်ဖေါ်ပြထားသည့်ပုံစံအတိုင်း ကျမ်းသစ္စာဆို၍ လက်မှတ်ရေးထိုးရမည့်ပြင် မိမိအားရာထူးခန့်ထားသည့်အခါ၊ ဇယား ၄ တွင် ဖေါ်ပြထားသည့်ပုံစံဖြင့် အစိုးရတံဆိပ် ခတ်နှိပ်ထားသော တာဝန်ခံ လက်မှတ်ကိုလည်း ရရှိရမည်။ ထိုသို့ တာဝန်ခံလက်မှတ်ရသူသည်၊ ဌာနဆိုင်ရာ အရာရှိ၏ အာဏာများ၊ အလုပ်ဝတ်တရား များနှင့် အထူးအခွင့်အရေးများ ရရှိသူဖြစ်ရမည်။ မည်သည့်အခါမဆို၊ အဆိုပါ တာဝန်ခံ လက်မှတ်တွင်အမည်ဖေါ်ပြထားသူသည်၊အကြောင်းတခုခုကြောင့် ဌာနဆိုင်ရာအရာရှိအဖြစ်မှ ရပ်စဲသွားလျှင်၊ ထိတာဝန်ခံလက်မှတ်သည် ပျက်ပြယ်ရမည်။

၁၃။ ။ဌာနဆိုင်ရာအရာရှိအဖြစ်မှ ရပ်စဲသွားသူအသီးသီးသည်၊ ပုဒ်မ ၁၂ အရ၊ မိမိအား ပေးအပ်ထားသည့် တာဝန်ခံ လက်မှတ်ကိုငှင်း၊ မိမိ၏ တာဝန် ဝတ်တရား ဆောင်ရွက်ရန်အလို့ငှါ၊ မိမိအားပေးထားသော အပတ်တန်းဆာများ၊ အသုံးအဆောင်များနှင့် အခြား ပစ္စည်းများကိုငှင်း၊ ညွှန်ကြားရေး ဝန်အား ချက်ခြင်း ပေးအပ်ရမည်။ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ ညွှန်ကြားရေးဝန်က ခန့်ထားသည့် အခြားအရာရှိအား ချက်ခြင်းပေးအပ်ရမည်။

၁၄။ ။ဌာနဆိုင်ရာအရာရှိသည်၊မိမိအားရာထူးမှ ခေတ္တချထားသည့် အကြောင်းကြောင့်၊ဌာနဆိုင်ရာအရာရှိအဖြစ်မှရပ်စဲခြင်းမရှိစေရ။ မိမိအားဌာနဆိုင်ရာ အရာရှိအဖြစ် ဖြင့်အပ်နှင်းထားသော အာဏာများ၊ အလုပ်ဝတ်တရားများနှင့် အထူးအခွင့်အရေးများသည်၊ထိုသို့ရာထူးမှခေတ္တချထားသည့်ကာလအပိုင်းအခြားအတွင်း၊ခေတ္တရပ်စဲ၍နေရမည် ဖြစ်သော်လည်း၊ထိုအရာရှိသည်၊မိမိအားရာထူးမှခေတ္တချထားခြင်းမရှိသကဲ့သို့ပင်တာဝန်များနှင့်စည်းကမ်းသေဝပ်မှုရှိမြဲအတိုင်းရှိရမည့်ပြင် ပြစ်ဒဏ်များကိုလည်းခံထိုက်ရမည်။

၁၅။ ။(၁) ဌာနဆိုင်ရာ မည်သည့်အရာရှိမှာမျှ မိမိ၏ရာထူးနှင့် သက်ဆိုင်သော တာဝန်ဝတ်တရားများကို မဆောင်ရွက်ဘဲနေရန်မိမိအား နိုင်ငံတော်သမတက အတည့်အလင်းခွင့်မပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့နေနိုင်ခွင့်ပြုရန် နိုင်ငံတော်သမတက အာဏာအပ်နှင်းထားသည့် အခြားအရာရှိကအတည့်အလင်းခွင့်မပြုလျှင်၊ ထိုတာဝန်ဝတ်တရားများကို မဆောင်ရွက်ဘဲနေနိုင်ခွင့်မရှိစေရ။ သို့တည်းမဟုတ် မိမိသည်ဌာနတွင် အနည်းဆုံးနှစ်နှစ်မျှ ဆက်လက်၍အမှုမထမ်းရွက်ရသေးလျှင်ငှင်း၊ မိမိ၏ရာထူးမှ နုတ်ထွက်လိုကြောင်းဖြင့်၊ သုံးလထက်မနည်း ကြိုတင်၍နိုင်ငံတော်သမတထံ စာဖြင့် အကြောင်းကြားမထားလျှင်ငှင်း၊ နိုင်ငံတော်သမတ၊ သို့တည်းမဟုတ် အဆိုပါအာဏာ အပ်နှင်းထားသည့်အရာရှိ၏အခွင့်မရဘဲ၊ မိမိ၏ရာထူးမှနုတ်ထွက်ခွင့်မရှိစေရ။

(၂) ဌာနဆိုင်ရာ မည်သည့်အရာရှိမှာမျှ၊ ဤအက်ဥပဒေအရ မိမိ၏ တာဝန်ဝတ်တရားများမှတပါး အခြားမည်သည့်အလုပ်၊ သို့တည်းမဟုတ် ရာထူးတွင်မျှ နိုင်ငံတော်သမတက စာဖြင့်ရေးသား၍ အတည့်အလင်းလုပ်ခွင့်မပြုလျှင် မလုပ်ရ။

၁၆။ ။ညွှန်ကြားရေးဝန်သည်၊ ဌာနဆိုင်ရာအရာရှိများ ဖွဲ့စုရေး၊ အတန်းအစားခွဲခြားရေး၊ နေရာချထားရေးနှင့်ငှင်း၊ ဌာနဆိုင်ရာ ရာထမ်း မှုထမ်းများ နေထိုင် ရမည့်

အရပ်ဒေသ များနှင့်၎င်း၊ ထိုရာဘမ်း မှုထမ်းများ ဆောင်ရွက် ရမည့် သီးခြား အမှုကိစ္စများနှင့်၎င်း၊ ထိုရာထမ်းမှုထမ်းများကိုစစ်ဆေးကြည့်ရှုခြင်းနှင့်၎င်း၊ ထိုရာထမ်းမှုထမ်းများအားပေးရမည့် လက်နက်တန်းဆာနှင့် အခြားလိုအပ်သည့် အရာဝတ္ထုမျိုးမည်နှင့်၎င်း၊ ထိုရာထမ်းမှုထမ်းများက ထတင်းစုဆောင်းပေးပို့ခြင်းနှင့်၎င်း စပ်လျဉ်း၍ မိမိသင့်ဘည် ထင်မြင်သည့် အမိန့်များနှင့် နည်းဥပဒေများ၊ ထို့ပြင် တာဝန်ဝတ်တရား အငွဲသုံးစားမှု၊ သို့တည်းမဟုတ် ပေါ့လျော့မှုကို တားမြစ်ရန်နှင့် ဌာနက မိမိတာဝန် ဝတ်တရားများကို ကျေပြွန်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ အခါအားလျော်စွာ မိမိသင့်သည် ထင်မြင်သည့် ဌာနဆိုင်ရာအခြားအမိန့်နှင့် နည်းဥပဒေများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြုနိုင်သည်။

၁၇။ ။ဤကိစ္စအလို့ငှါ နိုင်ငံတော်သမ္မတချမှတ်သည့် အမိန့်နှင့်မဆန့်ကျင်စေဘဲ ဌာနဆိုင်ရာ အရာရှိများမှာ ပြည်ထောင်စု မြန်မာနိုင်ငံ ဘိမန်းလုံးတွင် ၁၉၄၅ ခုနှစ်၊ ရဲအဖွဲ့အက်ဥပဒေ ပုဒ်မ ၀၆၊ ၁၇၊ ၁၈၊ ၁၉ နှင့် ၂၀ အရ၎င်း၊ ရန်ကုန်မြို့မ ခရိုင်တွင်၊ ရန်ကုန်မြို့ရဲအဖွဲ့အက်ဥပဒေပုဒ်မ ၁၅ နှင့် ၁၆ အရ၎င်း ရဲအရာရှိများအား အပ်နှင်းထားသည့်အာဏာနှင့် တာဝန် ဝတ်တရားအားလုံးကိုရရှိမည့်ပြင် ပြည်သူ့ ပစ္စည်းနှင့် စပ်လျဉ်းသည့် ပြစ်မှုများကိုသော်၎င်း၊ ဇယား ၁ တွင် သီးခြားဖော်ပြထားသည့်ပြစ်မှုများကိုသော်၎င်း၊ ဤအက်ဥပဒေအရ ပြစ်မှုများကိုသော်၎င်း စုံစမ်းစစ်ဆေး၍ အခိုပါပြစ်မှုများကျူးလွန်ခဲ့သည်၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟုသကာ် မကင်းဘွင်ရာအကြောင်းရှိသူများကိုဖမ်းဆီးရန်အလို့ငှါ၊ ပြည်ထောင်စုအဘွင်းကျူးလွန်သည့် ပြစ်မှုများ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍၊ ရာဇဝတ်ကျင့်ထုံးဥပဒေအရ၊ သို့တည်းမဟုတ် အခြားတည်ဆဲတရားဥပဒေအရ၊ ပြည်ထောင်စု ရဲအရာရှိများရရှိသောအာဏာ၊ တာဝန်ဝတ်တရားနှင့် အထူး အခွင့်အရေး အားလုံးကိုလည်း ရရှိရမည်။ ယို့ပြင် ထိုရဲအရာရှိများခံယူရမည့်တာဝန်ကိုလည်းခံယူရမည်။

# အခန်း ၃။

၁၈။ ။ဤအက်ဥပဒေအရ၊ ဌာနဆိုင်ရာ အရာရှိအဖြစ်မှ ရပ်စဲသွားသူအသီးသီးသည်၊ ပုဒ်မ ၁၂ အရ၊ မိမိအားပေးအပ်ထားသော တာဝန်ခံလက်မှတ်ကို၎င်း၊ မိမိ၏ တာဝန်ဝတ်တရားကိုဆောင်ရွက်ရန်အလို့ငှါ၊ မိမိအားပေးထားသော အဝတ်တန်းဆာများ၊ အသုံးအဆောင်များနှင့် အခြားပစ္စည်းများကို၎င်း၊ ချက်ခြင်းပေးအပ်ရန်ပျက်ကွက်လျှင်၊ တထောင်ထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ တနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၉။ ။ဌာနဆိုင်ရာ မည်သည့်အရာရှိမဆို၊ အောက်ပါပြစ်မှုကို ကျူးလွန်လျှင်၊ တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ခြောက်လအတွက် လစာထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မိမိ၏ ရာထူးနှင့် သက်ဆိုင်သော တာဝန်ဝတ်တရားကို မဆောင်ရွက်ဘဲ နေသည့်ပြစ်မှု၊

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မည်သည့် အလုပ်တွင်မဆို၊ သို့တည်းမဟုတ် မည်သည့်ရာထူးတွင်မဆို လုပ်သည့် ဖြစ်မှု၊

(ဂ) ခွင့်ရက်နှင့်နေ၍ ထိုခွင့်ရက် ကုန်ဆုံးသည့်အခါ၊ အလုပ်ခွင်သို့ လာရောက်ရန် သင့်လျော်သောအကြောင်းမရှိဘဲ ပျက်ကွက်သည့်ဖြစ်မှု၊

(ဃ) တာဝန်ဝတ်တရား ပျက်ပြားသည့်ဖြစ်မှု၊ သို့တည်းမဟုတ် အခွင့်အာဏာရှိသူကပြုသည့် နည်းဥပဒေ၊ သို့တည်း မဟုတ်ချမှတ်သည့် အမိန့်ကို တမင်သက်သက် ဖေါက်ဖျက်သည့်၊ သို့တည်းမဟုတ် အလေးမမူ ဝရုမစိုက်သည့်ဖြစ်မှု၊

(င) သူရသတ္တိကင်းမဲ့စွာပြုသည့်ဖြစ်မှု၊ သို့တည်းမဟုတ်

(စ) အချုပ်ခံနေရသူတဦးတယောက်ကို မတရား ထိခိုက် နာကျင်အောင် ပြုသည့်ဖြစ်မှု။

၂၇။ ။(၁) မည်သူမဆို၊ မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း၊ ဌာနဆိုင်ရာ အရာရှိရာထူးရရှိအောင်၊ သို့တည်းမဟုတ် ထိုရာထူးမှ ထွက်ခွင့်ရအောင် သိလျက်နှင့် မဟုတ်မမှန် ထွက်ဆိုလျှင်၊ သို့တည်းမဟုတ် မဟုတ်မမှန်သော စာချုပ်စာတမ်းကို အသုံးပြုလျှင်၊ ထိုသူသည် သုံးနှစ်ထိထောင်ဒဏ် ဖြစ်စေ၊ တထောင်ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) ရာဇသတ်ကြီး ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ မည်သူမဆို ဌာနတွင် ရာထူးတခုခု၌ မိမိမထမ်းမရွက်ကြောင်း သိလျက်နှင့်၊ ထိုရာထူး၌ ထမ်းရွက်ဟန်ဆောင်လျက်၊ သို့တည်းမဟုတ် ဌာနတွင်ရာထူးတခုခု၌ ထမ်းရွက်နေသော သူယောင်ဆောင်လျက်၊ ဌာနဆိုင်ရာ အရာရှိဟန်ဆောင်အနေနှင့် ထိုရာထူးနှင့်စပ်လျဉ်း၍ပြုလုပ်မှုတခု ကိုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုလုပ်ရန် အားထုတ်လျှင်၊ ထိုသူသည်သုံးနှစ်ထိ ထောင်ဒဏ်စီရင်ခြင်း ခံရမည့်ပြင် တထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်း ကိုလည်း ခံရမည်။

(၃) ရာဇသတ်ကြီးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သူမဆို၊ ဌာနဆိုင်ရာ အရာရှိမဟုတ်ဘဲလျက်၊ ထိုဌာနဆိုင်ရာ အရာရှိဖြစ်ကြောင်း သူတပါးယုံကြည်စေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ သူတပါး ယုံကြည်စေဖန်ရာသည်ကိုသိလျက်နှင့် ဖြစ်စေ၊ ထိုဌာနဆိုင်ရာအရာရှိဝတ်ဆင်ကိုင်ဆောင်သော အဝတ်တန်ဆာနှင့်၊ သို့တည်းမဟုတ် အမှတ်အသားနှင့် သဏ္ဌာန်တူသော အဝတ်တန်ဆာကိုဝတ်ဆင်လျှင်၊ သို့တည်းမဟုတ် အမှတ်အသားကိုကိုင်ဆောင်လျှင်၊ ထိုသူသည် တနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၄) မြန်မာနိုင်ငံအစိုးရ၏ လျှို့ဝှက်သည့်ကိစ္စဆိုင်ရာ အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အစိုးရလက်အောက်တွင်ရာထူးလက်ရှိဖြစ်သူတဦးတယောက်က ယုံမှတ်၍ အပ်နှံထားသည့်၊ သို့တည်းမဟုတ် ဌာနဆိုင်ရာ အရာရှိအဖြစ်ဖြင့် ရရှိသည့်၊ သို့တည်းမဟုတ် သိရှိနိုင်သည့် လျှို့ဝှက်အပ်သောအစိုးရဆိုင်ရာ စကားဝှက်နည်း၊ သို့တည်း မဟုတ် ဝင်ထွက်နိုင်ခွင့် စကားဝှက်ကိုဖြစ်စေ၊ အကြမ်းပုံ၊ နယ်ပုံ၊ ပုံစံ၊ ရေးသားချက်၊ မှတ်ချက်၊ စာမှတ်၊ စာတမ်း၊ သို့တည်းမဟုတ် အကြောင်းအရာကိုဖြစ်စေ လက်ဝယ်ထားရှိ

ထိန်းသိမ်းရသည့် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အဖွဲ့ဝင်၊ သို့တည်းမဟုတ် ဌာနဆိုင်ရာအရာရှိ တဦးဦးသည်—

(က) မိမိပြောကြားခွင့် ရသူအားမှ တပါး၊ အခြားသူ တဦးတယောက်အား၊ ထိုစကားဝှက်နည်း၊ သို့တည်းမဟုတ် ဝင်ထွက်နိုင်ခွင့် စကားဝှက်ကိုဖြစ်စေ၊ ထိုအကြမ်းပုံ၊ နယ်ပုံ၊ပုံစံ၊ရေးသားချက်၊ မှတ်ချက်၊ စာချုပ်၊စာတမ်း၊ သို့တည်းမဟုတ် အကြောင်းအရာကိုဖြစ်စေ၊တမင်ပြောကြားလျှင်၊ သို့တည်းမဟုတ်

(ခ) မိမိလက်ဝယ် ထားရှိထိန်းသိမ်းရသည့်၊ အကြမ်းပုံ၊ နယ်ပုံ၊ ပုံစံ၊ရေးသားချက်၊မှတ်ချက်၊သို့တည်းမဟုတ် စာချုပ်၊ စာတမ်းကိုဆက်လက်ထားရှိခွင့်မရဘဲတမင်ဆက်လက်ထားရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါအကြမ်းပုံစသည်တို့ကိုပြန်အပ်ရန်၊သို့တည်းမဟုတ် စီမံခန့်ခွဲရန်၊အာဏာပိုင်ကထုတ်ဆင့်သည့်အမိန့်တရပ်ရပ်ကိုတမင်မလိုက်နာဘဲနေလျှင်၊ သို့တည်းမဟုတ်

(ဂ) အကြမ်းပုံ၊ နယ်ပုံ၊ပုံစံ၊ ရေးသားချက်၊ မှတ်ချက်၊ စာချုပ်၊ စာတမ်း၊ လျှို့ဝှက်အပ်သော အစိုးရဆိုင်ရာစကားဝှက်နည်း၊ သို့တည်းမဟုတ် ဝင်ထွက် နိုင်ခွင့် စကားဝှက်၊ သို့တည်းမဟုတ် အကြောင်းအရာကို၊ ထိုက်သည်အားလျော်စွာအလေးဂရုမပြုဘဲ တမင်နေလျှင်၊ သို့တည်းမဟုတ် မပေါက်ကြား မပျက်စီးအောင် ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊

ထိုသူသည် သုံးနှစ်ထိ ထောင်ဒဏ်စီရင်ခြင်းခံရမည့်ပြင်၊ တထောင်ထက်မပိုသောငွေဒဏ်စီရင်ခြင်းကိုလည်းခံရမည်။

## အခန်း ၄။

၁၁။ "(၁) တည်ဆဲတရားဥပဒေတခုခုတွင်မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဇယား ၁ တွင်သီးခြားဖော်ပြထားသည့် ပြစ်မှုများကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြစ်မှုများကိုဖြစ်စေ စစ်ဆေးစီရင်ရန် အထူးတရားသူကြီး ခန့်ထားနိုင်သည့်ပြင်၊ ထိုအထူးတရားသူကြီးရုံးထိုင်ရမည့် နေရာကိုလည်း သတ်မှတ်နိုင်သည်။

သို့ရာတွင် ပြည်ထောင်စုနိုင်ငံတော်သမတက၊ရုံးထိုင်ရန်နေရာသတ်မှတ်သည့်အမိန့်ထုတ်ဆင့်ခြင်းမရှိလျှင်၊ အထူးတရားသူကြီးသည်၊ရုံးထိုင်မည့်နေရာကို မိမိကိုယ်တိုင်သတ်မှတ်နိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊အထူး၊သို့တည်းမဟုတ်သာမန်အမိန့်ဖြင့် ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မည်သည့်တရားရုံး၌မဆို မပြီးပြတ်သေးသည့် အမှုကို အမိန့်တွင်သီးခြားဖော်ပြထားသည့် အထူးတရားသူကြီးရုံးသို့ လွှဲပြောင်းရန်ဆင့်ဆိုနိုင်သည်။

(၃) မည်သူမဆို စက်ရှင်တရားသူကြီးအဖြစ်ဖြင့် အနည်းဆုံး တနှစ်မျှ အမှုထမ်းရွက်၍ စက်ရှင်တရားသူကြီး၏ အာဏာများကို သုံးစွဲဘူးသူဖြစ်လျှင်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီး၏ အာဏာကိုအနည်းဆုံးတနှစ်မျှသုံးစွဲဘူးသူဖြစ်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ၊ အာဏာများအပ်နှင်းထားသည့် ပဌမတန်း ရာဇဝတ်တရားသူကြီးဖြစ်ဘူးလျှင်၊ ထိုသူကို ပုဒ်မခွဲ (၁) အရ၊ အထူး တရားသူကြီးအဖြစ်ခန့်ထားနိုင်သည်။

သို့ရာတွင် နိုင်ငံတော်သမတက အမိန့်စာဖြင့် သီးခြား ဖေါ်ပြထားသည့် အရပ်ဒေသများ၌ ပဌမတန်း ရာဇဝတ်တရားသူကြီး၏ အာဏာအနည်းဆုံး တနှစ်မျှ သုံးစွဲဘူးသူကို အထူးတရားသူကြီးအဖြစ် ခန့်ထားနိုင်သည်။

(၄) နိုင်ငံတော်သမတက အခြားအမိန့်မထုတ်ပြန်လျှင်၊ ဤအက်ဥပဒေ အရ ပြစ်မှုများကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏နယ်နိမိတ်အတွင်း ကျူးလွန်လျှင်၊ ထိုတရားရုံးများက စစ်ဆေးစီရင်ရမည်။

(၅) မည်သူမဆို၊ ဤအက်ဥပဒေအရ ခန့်ထားသည့်အထူးတရားသူကြီးက စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ တရားလွှတ်တော်သို့အယူခံနိုင်သည်။

သို့ရာတွင် ထိုသူကို စက်ရှင်တရားရုံးက ပြစ်မှုထင်ရှား စီရင်ဘိသကဲ့သို့၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၁၂ နှင့် ၄၁၃ ပါ ပြဋ္ဌာန်းချက် များသည် ထိုအယူခံမှုများနှင့် သက်ဆိုင်ရမည်။

(၆) ဤအက်ဥပဒေအရ ခန့်ထားသည့်အထူးတရားသူကြီးက စစ်ဆေးစီရင်သည့်အမှုများကို တရားလွှတ်တော်ကပြင်ဆင်နိုင်သည်။ ထို့ပြင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၅ အစမှ ၄၄၂ အဆုံးထိ ပုဒ်မများပါပြဋ္ဌာန်းချက်များသည် အဆိုပါ ပြင်ဆင်မှုများနှင့် သက်ဆိုင်ရမည်။

၂၂။ ။ဤအက်ဥပဒေအရ ခန့်ထားသည့် အထူးတရားသူကြီး၏ရုံး၌ မပြီးပြတ်သေးသည့်အမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ၊ လွှဲပြောင်းရန် တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။ ထိုအမှုကိုလွှဲပြောင်းသင့်သည်ဟု တရားလွှတ်တော်က ယူဆလျှင်၊ ထိုသို့လွှဲပြောင်းသင့်ကြောင်းဖြင့် နိုင်ငံတော်သမတထံအစီရင်ခံရမည်။ အဆိုပါအစီရင်ခံစာအရ နိုင်ငံတော်သမတက အခြားအထူးတရားသူကြီးတဦးကိုခန့်ထား၍၊ အမှုကို ထိုအထူးတရားသူကြီးထံသို့လွှဲပြောင်းရမည်။

၂၃။ ။ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဖွဲ့နှင့် ဌာနဆိုင်ရာအရာရှိများသည်၊ တည်ဆဲတရားဥပဒေတခုခုအရ ပြည်သူ့ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ကော်မီတီနှင့် ပြည်သူ့ပစ္စည်းကာကွယ်စောင့်ရှောက်ရေးရဲအဖွဲ့ဝင် ရာထမ်းမှုထမ်းများ ဆိုင်သင့်ရာရာက သုံးစွဲဆောင်ရွက်ခဲ့သည့်အာဏာများနှင့် တာဝန် ဝတ္တရားများကို ဆိုင်ရာဆိုင်ရာသုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါကော်မီတီက၊ သို့တည်းမဟုတ် အဆိုပါရဲအဖွဲ့ကစွဲဆိုသည့်၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးသည့်အမှုကို အဖွဲ့၊ သို့တည်း မဟုတ် ဌာနဆိုင်ရာအရာရှိများဆိုင်သင့်ရာရာကဆက်လက်စွဲဆိုရမည်၊ သို့တည်းမဟုတ် ဆက်လက်စုံစမ်းစစ်ဆေးရမည်။

၂၄။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဇယား ၁ ပါ မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို ပြောင်းခြင်းဖြင့်သော်၎င်း၊ ဖြည့်ထည့်ခြင်းဖြင့် သော်၎င်း၊

ရုပ်သိမ်းခြင်းဖြင့်သော်၎င်း၊ ပြင်နိုင်သည်။ ထိုပြင်ချက်သည် ဤအက်ဥပဒေ၏ပြဋ္ဌာန်းချက်ဖြစ်ဘိသကဲ့သို့ အာဏာတည်ရမည်။

၂၅။ ။(၁) ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

(၂) ဤအက်ဥပဒေအရ ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့် ကိစ္စကြောင့်ဖြစ်သည့်၊ သို့တည်းမဟုတ် ဖြစ်ရန်အကြောင်းရှိသည့် ပျက်စီးနစ်နာမှုအတွက် ပြည်ထောင်စု မြန်မာနိုင်ငံအား တရားမမှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၆။ ။(၁) နိုင်ငံတော် သမတသည်၊ အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်ရန်၊ ဤအက်ဥပဒေနှင့်မဆန့်ကျင်သည့် နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထက်ပါအာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများသည်အထူးသဖြင့်—

(က) ဌာနဆိုင်ရာအရာရှိများ၏အပြုအမူနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှုများတွင် လိုက်နာရမည့်နည်းလမ်းကိုပြဋ္ဌာန်းနိုင်သည်၊ ထို့ပြင်

(ခ) ဌာနဆိုင်ရာအရာရှိက၊ မိမိနစ်နာစေရန်ချမှတ်သည့်အမိန့်ကို မည်သည့်အမှုမျိုးတွင်မည်သည့်အာဏာပိုင်များထံ အယူခံဝင်ခွင့်ရှိရမည်ဟု ပြဋ္ဌာန်းနိုင်သည်။

သို့ရာတွင် အဆိုပါအရာရှိမှာ အမိန့်ကခုကို တကြိမ်ထက်ပို၍အယူခံဝင်ခွင့်မရှိစေရ။

## ဇယား ၁။

(ပုဒ်မ ၄၊ ၅၊ ၇၊ ၁၇၊ ၂၁ နှင့် ၂၄ ကိုကြည့်။)

(က) ၁၉၄၇ ခုနှစ်၊ ပြည်သူ့ ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ (Public Property Protection Act, 1947) ပုဒ်မ ၆ (၁) အရပြစ်မှုများ။

(ခ) ၁၉၄၀ ခုနှစ်၊ အဂတိလိုက်စားမှုဘားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၂) အရပြစ်မှုများ။

(ဂ) ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ (Foreign Exchange Regulation Act, 1947) ပုဒ်မ ၂၄ အရပြစ်မှုများ။

(ဃ) ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်စည်ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ (Essential Supplies and Services Act, 1947) ပုဒ်မ ၈ အရပြစ်မှုများ။

(င) ၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ [Control of Imports and Exports (Temporary) Act, 1947] ပုဒ်မ ၅ အရပြစ်မှုများ။

## ဇယား ၂။

(ပုဒ်မ ၃ ကိုကြည့်။)

ကျွန်ုပ်—————————————— သည်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ/ဝင် ၏ တာဝန်အလုပ်ဝတ်တရားများကို၊ ရိုးသားဖြောင့်မတ် တည်ကြည် မှန်ကန်စွာမျက်နှာကြီးငယ် မရွယ်မထောက်၊ ဆန္ဒာ၊ ဒေါသာ၊ ဘယာဂတိများသို့မလိုက်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင်ထမ်းရွက်ပါမည်။ ထို့ပြင်ကျွန်ုပ်သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်တကွတရားဥပဒေများကို၊ ထိန်းသိမ်း စောင့်ရှောက်မည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကျမ်းသစ္စာ/ကတိသစ္စာ ဆိုပါသည်။

## ဇယား ၃။

(ပုဒ်မ ၁၂ ကိုကြည့်။)

၁၉၅၁ ခုနှစ်၊ အထူးစုံစမ်း စစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေပုဒ်မ ၁၇ ကို၊ ကျွန်ုပ် ဖတ်ရှုပြီး ဖြစ်ပါကြောင်း။ ကျွန်ုပ်အား အဆိုပါ အက်ဥပဒေ အရ —————————— —*—————————— အဖြစ် ခန့်ထားသည့်အခါ၊ ကျွန်ုပ်သည် အခါ ခပ်သိမ်း ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်တကွတရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ထို့ပြင် ပြည်ထောင်စု အစိုးရ၏ အမှုတော်ကိုဋ္ဌင်း၊ ကျွန်ုပ်အား တရားဥပဒေ အရ အပ်နှင်းထားသော အာဏာများနှင့် တာဝန်ဝတ်တရားများကိုဋ္ဌင်း၊ ရိုးသား ဖြောင့်မတ် တည်ကြည် မှန်ကန်စွာ မျက်နှာကြီးငယ်၊ မရွယ်မထောက်၊ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ ဂတိများသို့မလိုက်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကျမ်းသစ္စာ/ကတိသစ္စာ ဆိုပါသည်။

## ဇယား ၄။

(ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၇ ကိုကြည့်။)

———————————————— ကို၊ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေအရ၊ အထူးစုံစမ်းစစ်ဆေးရေးဌာနဆိုင်ရာ အရာရှိအဖြစ်ခန့်ထားပြီးဖြစ်၍ ———————————— အား အထူးစုံစမ်းစစ်ဆေးရေး ဌာနဆိုင်ရာအရာရှိ၏အာဏာများ၊ အလုပ်ဝတ်တရားများနှင့် အထူးအခွင့်အရေးများကိုအပ်နှင်းလိုက်သည်။

---

* ဤနေရာ၌ခန့်ထားသည့်ရာထူးအဆင့်အတန်းကိုရေးသွင်းပါ။

G.U.B C.P.O.—No. 56, Min. of J.A., 14-1-52—2,000—II.

## THE ARMS (TEMPORARY AMENDMENT) ACT, 1951.

[ACT No. LI OF 1951.]

It is hereby enacted as follows :—

1. This Act shall remain in force until such date as the President of the Union may, by notification, direct that it shall no longer be in force ; and the provisions of section 5 of the Burma General Clauses Act as respects the repeal of an enactment shall have effect when this Act ceases to be in force by virtue of such notification.

2. So long as this Act remains in force, the Arms Act shall have effect as if the following had been inserted after section 19 of the said Act as section 19A thereof, namely :—

" 19A Whoever, with the intention of committing the offence of High Treason, and, in contravention of the provisions of section 13 or section 14 or section 15, goes armed with, or has in his possession or under his control, any of the following types of arms or ammunition or military stores, namely :—

(i) Small arms, such as—

(a) Rifles,

(b) Light Automatic, Sten Gun, Bren Gun, Tommy Gun, Browning, American ·300 Carbine,

(ii) Light Machine Gun or ammunition thereof,

(iii) Mortar or ammunition thereof,

(iv) Heavy Machine Gun, such as Vickers Machine Gun, Browning Machine Gun, Besa Machine Gun, Japanese Heavy Machine Gun, Anti-Tank Weapon, and any variety of Field Artillery, Light Anti-Aircraft Gun, Aircraft Cannon or ammunition thereof,

(v) Live Hand Grenade,

(vi) Live Rifle Grenade,

(vii) Live Mortar Bomb,

(viii) Demolition Explosives,

or any other arms or ammunition of the description which the President of the Union may, by notification, declare in this behalf, shall be punished with rigorous imprisonment for a term which may extend to seven years :

Provided that, notwithstanding anything to the contrary contained in any other law for the time being in force, it shall be presumed, until the contrary is proved, in a prosecution under this section, that the person found going armed with, or in possession of, or having under his control any of the arms, ammunition or military stores specified herein, had the intention of committing the offence of High Treason."

3. The Arms (Temporary Amendment) Act, 1949 (Act No. XXII of 1949) is hereby repealed.

G.U.B.C.P.O.—No. 57, Min. of J.A., 17-12-51—2,000—II.
Price,—One anna.]

# THE WORKMEN'S COMPENSATION (AMENDMENT) ACT, 1951.

[ACT NO. LII OF 1951.]

It is hereby enacted as follows :—

1. *(1)* This Act may be called the Workmen's Compensation (Amendment) Act, 1951.

(2) It shall come into force on such date as the President of the Union may, by notification, appoint in that behalf; but the provisions of section 2 relating to owners of, and persons engaged in plying for hire with, any vehicle or vessel the use of which is obtained from the owner thereof under any contract other than a hire purchase agreement shall not have effect until such date which shall not be sooner than one year from the date of commencement of this Act, as the President of the Union may, by notification, appoint in that behalf.

2. In section 2 of the Workmen's Compensation Act, hereinafter referred to as the said Act,—

(i) in clause (*d*) of sub-section (*1*)—

(*a*) in item (i) *for* the word "wife" the word "widow" *shall be substituted* ;

(*b*) in item (ii) *for* the word "husband" the word "widower" *shall be substituted* and *after* the words and comma "a minor child of a deceased son," the words and comma "a minor child of a deceased daughter where no parent of the child is alive," *shall be inserted* ;

(ii) in clause (*e*) of sub-section (*1*), *after* the words "while the workman is working for him" the following *shall be inserted* :—

"and also includes the owner of any vehicle or vessel the use of which is obtained from the owner thereof for the purpose of plying for hire with the said vehicle or vessel under any contract other than a hire purchase agreement in consideration of the payment of a fixed sum or a share in the earnings or otherwise"

(iii) *after* clause (*f*) of sub-section (*1*), the following *shall be inserted as* clause (*ff*), namely :—

"(*ff*) 'outworker' means a person to whom articles or materials are given out to be made up, cleaned, washed, altered, ornamented, finished, or repaired, or adapted for sale in his own home or on other premises not under the control or management of the person who gave out the materials or articles ;"

(iv) *for* clause (*n*) of sub-section (*1*), the following *shall be substituted*, namely :—

"(*n*) 'workman' means any person who has entered into or works under a contract of service or apprenticeship with an employer, whether by way of manual labour,

clerical work, or otherwise, and whether the contract is expressed or implied, is oral, or in writing ; and also includes a person engaged in plying for hire with any vehicle or vessel the use of which is obtained from the owner thereof under any contract (other than a hire purchase agreement) in consideration of the payment of a fixed sum or a share in the earnings or otherwise, but does not include—

(*a*) any person employed otherwise than by way of manual labour whose wages exceeds four hundred rupees per month ; or

(*b*) a person employed in agriculture, that is to say, the cultivation of crops other than those grown on any estate which is maintained for the purpose of growing cinchona, rubber, coffee or tea, and on which on any one day in the preceding twelve months twenty-five or more persons have been so employed ; or

(*c*) a person whose employment is of a casual nature and who is employed otherwise than for the purposes of the employer's trade or business, not being a person employed for the purposes of any game or recreation and engaged or paid through a club ; or

(*d*) any person working in the capacity of a member of the naval, military or air forces of the Union of Burma ; or

(*e*) a member of a police force ; or

(*f*) an outworker ; or

(*g*) a member of the employer's family dwelling in his house.

*Explanation.*—For the purposes of this sub-section ' member of a family ' means wife or husband, father, mother, grandfather, grand-mother, step-father, step-mother, son, daughter, grandson, grand-daughter, step-son, step-daughter, brother, sister, half-brother, half-sister, " ;

(v) the following *shall be inserted as* sub-section (*2*), namely :—

" (*2*) Any reference to a workman who has been injured shall, where the workman is dead, include a reference to his dependants or any of them." ;

(vi) the existing sub-section (*2*) *shall be renumbered as* sub-section (*3*) ;

(vii) the existing sub-section (*3*) *shall be deleted.*

3. In section 3 of the said Act,—

(i) in the proviso to sub-section (*1*), clause (*a*) and the letter and bracket (*b*) *shall be deleted* ;

(ii) in sub-section (*2*) the expression " If a workman employed in any employment involving the handling of wool, hair, bristles, or animal carcasses or parts of such carcasses, or in the loading, unloading or transport of any merchandise, or in any work in connection with animals infected with anthrax, contracts the disease of anthrax,

or " *shall be deleted, for* the word " if " the word " If " *shall be substituted* and *after* the words " specified in " the words " List A of " *shall be inserted* ;

(iii) *after* sub-section (*2*), the following *shall be inserted as* sub-section (*3*), namely :—

" (*3*) If a workman contracts any disease specified in List B of Schedule III, and it is certified by a qualified medical practitioner that the disease is directly due to the nature of any employment in which the workman was employed at any time within the twelve months previous to the date of disablement, the contracting of the disease shall be deemed to be an injury by accident within the meaning of this section, and unless the employer proves the contrary, the accident shall be deemed to have arisen out of and in the course of the employment aforesaid :

Provided that the compensation shall be recoverable from the employer who last employed the workman during the said twelve months in the employment to the nature of which the disease was due."

(iv) the existing sub-section (*3*) *shall be renumbered as* sub-section (*4*) and in sub-section (*4*) as renumbered, *after* the word " specified in " the words " List A of " *shall be inserted* ;

(v) *after* sub-section (*4*) as renumbered and amended, the following *shall be inserted as* sub-section (*5*), namely :—

" (*5*) The President, after giving, by notification, not less than three months' notice of his intention to do so, may, by a like notification, add any diseases to the occupational diseases specified in List B of Schedule III, and the provisions of sub-section (*3*) shall thereupon apply as if such diseases had been declared by this Act to be occupational diseases." ; and

(vi) the existing sub-sections (*4*) and (*5*) *shall be renumbered as* sub-sections (*6*) and (*7*) respectively.

4 In sub-section (*1*) of section 4 of the said Act,—

(i) *for* item (i) of clause A, the following *shall be substituted* :—

" (i) in the case of an adult, a sum equal to 36 times the workman's monthly wages calculated in accordance with this Act :

Provided that the minimum and the maximum payment in such a case shall be Rs. 2,160 and Rs. 7,200 respectively, and ";

(ii) *for* item (i) of clause B, the following *shall be substituted* :—

" (i) in the case of an adult, a sum equal to 36 times 140 per cent of the workman's monthly wages calculated in accordance with this Act :

Provided that the minimum and the maximum payment in such a case shall be Rs. 3,024 and Rs. 10,080 respectively, and ";

(iii) in clause D,—

(*a*) the words "after the expiry of a waiting period of seven days" *shall be deleted* and *for* item (i) the following *shall be substituted* :—

"(i) in the case of an adult—of a sum equivalent to one-third of the workman's monthly wages calculated in accordance with this Act, and"; and

(*b*) *for* the period (.) at the end of clause (*b*) of the proviso, a semi-colon and the word "; and" *shall be substituted* and *thereafter* the following *shall be inserted as* clause (*c*), namely :—

"(*c*) no compensation shall be payable in respect of the first four days of the disablement if the period of the workman's disablement is ten days or less."

5. In sub-section (*1*) of section 5 of the said Act, *for* the words "For the purposes of this Act the monthly wages of a worker shall be" the following *shall be substituted* :—

"In this Act and for the purposes thereof, the expression 'monthly wages' means the amount of wages deemed to be payable for a month's service (whether the wages are payable by the month or by whatever other period or at piece rates), and".

6. In sub-section (*1*) of section 10 of the said Act, *for* the word "six" wherever it occurs the word "twelve" *shall be substituted.*

7. In section 11 of the said Act,—

(i) sub-section (*1*) *shall be renumbered as* sub-section (*1*) (*a*) and the following *shall be inserted as* clause (*b*) of the same sub-section, namely :—

"(*b*) If the Commissioner considers it necessary for the settlement of any question arising in any proceedings under this Act, he may require a workman who has given notice of an accident to submit himself for examination by a medical practitioner, and the cost of such medical examination, if any, shall be payable by the employer :"; and

(ii) in sub-section (*5*), *for* the comma (,) *after* the words "in respect of the period of suspension" a period (.) *shall be substituted* and the expression "and, if the period of suspension commences before the expiry of the waiting period referred to in clause D of sub-section (*1*) of section 4, the waiting period shall be increased by the period during which the suspension continues." *shall be deleted.*

8. In Schedule I to the said Act, *for* the figure "10" shown in the second column respectively *against* the words "Loss of one phalanx of thumb" and "Loss of index finger" mentioned in the first column, the figure "15" *shall be substituted* respectively.

9. Schedule II to the said Act *shall be deleted.*

10. *For* Schedule III to the said Act, the following *shall be substituted*, namely :—

"SCHEDULE III.

(*See* section 3.)

LIST OF OCCUPATIONAL DISEASES.

*List A.*

| Occupational Disease. | Employment. |
|---|---|
| Anthrax ... ... ... | Handling of wool, hair, bristles, animal carcasses or parts of such carcasses, or the loading unloading or transport of any merchandise, or any work in connection with animals infected with anthrax. |
| Lead poisoning or its sequelæ ... | Any process involving the use of lead or its preparations or compounds. |
| Mercury poisoning or its sequelæ ... | Any process involving the use of mercury or its preparations or compounds. |
| Phosphorus poisoning or its sequelæ ... | Any process involving the use of phosphorus or its preparations or compounds. |
| Arsenic poisoning or its sequelæ ... | Any process involving the use of arsenic or its preparations or compounds. |
| Poisoning by benzene and its homologues or the sequelæ of such poisoning. | Handling benzene or any of its homologues; and any process in the manufacture, or involving the use of benzene or any of its homologues. |
| Poisoning by nitro-and amido-derivatives of benzene and its homologues (trinitrotoluene, anillin and others) or the sequelæ. | Handling any nitro-or amido-derivative of benzene or any of its homologues, or any process in the manufacture, or involving the use, thereof. |
| Poisoning by nitrous fumes or its sequelæ. | Any process in which nitrous fumes are involved. |
| Dope poisoning (that is, poisoning by any substance used as or in conjunction with a solvent for acetate of cellulose) or its sequelæ. | Any process involving the use of any substance used as or in conjunction with a solvent for acetate of cellulose. |
| Poisoning by carbon bisulphide or its sequelæ. | Any process involving the use of carbon bisulphide or its preparations or compounds. |
| Poisoning by nickel carbonyl or its sequelæ. | Any process in which nickel carbonyl gas is involved. |
| Epitheliomatous cancer or ulceration of the skin due to tar, pitch, bitumen, mineral oil or paraffin, or any compound, product or residue of any of those substances. | Handling or use of tar, pitch, bitumen, mineral oil or paraffin or any compound, product or residue of any of those substances. |
| Ulceration of the corneal surface of the eye due to tar, pitch, bitumen, mineral oil, or paraffin, or any compound, product or residue of any of those substances. | Handling or use of tar, pitch, bitumen, mineral oil or paraffin or any compound, product or residue of any of those substances. |

| Occupational Disease | Employment. |
|---|---|
| Chrome ulceration or its sequelæ ... | Any process involving the use of Chromic acid or bichromate of ammomimn, potassium, or sodium, or their preparations. |
| Compressed air illness or its sequelæ ... | Any process carried on in compressed air. |
| Cataract in glassworkers ... ... | Any process in the manufacture of glass involving exposure to the glare of molten glass. |
| Cataract caused by exposure to rays from molten or red-hot metal. | Any process normally involving exposure to rays from molten or red-hot metal in the manufacture of iron or steel, including reheating and rolling iron or steel. |
| Subcutaneous cellulitis of the hand (beat hand). | Mining. |
| Subcutáneous cellulitis, or acute bursitis over the elbow (beat elbow). | Mining. |
| Inflammation of the sinovial lining of the wrist joint and tendon sheaths. | Mining. |
| Glanders ... ... ... | Care of any equine animal suffering from glanders, handling the carcase of such animal. |
| Telegraphist's cramp ... ... | Use of telegraphic instruments. |

*List B.*

Dermatitis produced by dust or liquids.

Ulceration of the skin produced by dust or liquids.

Ulceration of the mucous membrane of the nose or mouth produced by dust.

Writer's cramp.

Twister's cramp caused by twisting of cotton or woollen (including worsted) yarns.

Inflammation, ulceration malignant disease of the skin and subcutaneous tissues, due to exposure to X-Rays or radio-active substances."

11. Schedule IV to the said Act *shall be deleted.*

G.U.B.C.P.O.—No. 58, M. of J.A., 5-1-52—2,000—11.

The Soortee Bara Bazaar Municipalization (Second Amendment) Act 1951.
(Act No LIII of 1951)

# ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ် ပိုင်ပြုလုပ်ခြင်း (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ စူရတီ ဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

ဤအက်ဥပဒေသည်၊ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို၊ မြူနီစီပါယ်ပိုင်ပြု လုပ်ခြင်း အက်ဥပဒေပုဒ်မ ၉ တွင်၊ ပုဒ်မခွဲ (၁) နောက်၌ အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မခွဲ (၁-က) အဖြစ်ဖြည့်စွက်ထည့်သွင်းရမည်။

"(၁-က) အခြားတည်ဆဲ တရားဥပဒေတခုခုတွင်ဖြစ်စေ၊ သဘောတူ စာချုပ်စာတမ်းတခုခုတွင်ဖြစ်စေ၊ မည်သို့ပင်ဆန့်ကျင်လျက်ပါရှိ စေကာမူ၊ ထိုအုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်သမတ၏ကြီးကြပ် အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ မိမိသင့်လျော်သည် ထင်မြင်သည့် အတိုင်း၊ အဆိုပါစူရတီဘာရားဘဇား (သိမ်ကြီးဈေး) ရှိဈေးဆိုင် များနှင့်ဈေးရောင်းသည့်နေရာများကို အငှါးချထားနိုင်ရမည့်ပြင်၊ ထိုဈေးကိုလည်း မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံ တော်သမတက၊ ဤကိစ္စအတွက်ပြုလုပ်သည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ စီမံအုပ်ချုပ်နိုင်ရမည်။ နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် ထိုအုပ်ချုပ်ရေးအဖွဲ့က ဤပုဒ်မခွဲအရ ဆောင် ရွက်သည့်အတွက်၊ တဦးတယောက်သော သူကိုလျော်ကြေး၊ သို့တည်းမဟုတ် အခြားကြေးငွေပေးရန်၊ နိုင်ငံတော်သမတ မှာသော်၎င်း၊ ထိုအဖွဲ့မှာသော်၎င်းတာဝန်မရှိစေရ။"

G.U.B.C.P.O.—No. 59, M. of J.A., 13-12-51—2,250—II.

Price,—One anna.]

The Karen Affairs Provisional Council (Chairman's Salary) (Amendment) Act 1951. (Act No. LIV of 1951)

# ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (သဘာပတိလစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် "အဆိုပါအက်ဥပဒေ" ဟုရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ ကရင်ရေးရာယာယီကောင်စီ (သဘာပတိလစာငွေ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၊) ပုဒ်မ ၂ တွင် "၇၅၀" ဆိုသည့်ဂဏန်းအစား "၁,၂၅၀" ဆိုသည့်ဂဏန်းကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃ နောက်တွင် အောက်ပါပြဋ္ဌာန်းချက်ကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

> "၄။ ။သဘာပတိရာထူး၌ ထမ်းရွက်နေသည်ဖြစ်သောကြောင့် ထိုသို့ ထမ်းရွက်နေသောသူတွင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏၊ သို့တည်းမဟုတ် တိုင်းပြည်ပြုလွှတ်တော်၏အမတ်အဖြစ်ဖြင့်အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့အမတ်အဖြစ်ဖြင့်တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။"

G.U.B.C.P.O.—No. 60, M. of J.A., 11-12-51—2,000—II.
Price,—One anna.]

The Karen Affairs Provisional Council (Allowances) (Second Amendment) Act 1951.
(Act No. LV of 1951)

# ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေ များ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ စတင်အာဏာ တည်သည့်နေ့တွင်ဤအက်ဥပဒေ စတင်အာဏာတည်ရမည်။

၂။ ။၁၉၄၉ ခုနှစ်၊ကရင်ရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၄) ပုဒ်မ ၂ (၃) တွင် ''ဝါလီမန် အတွင်းဝန်သော်၎င်း'' ဟူသော စကားရပ်နောက်တွင်'' ကရင်ရေးရာယာယီကောင်စီ သဘာပတိ သော်၎င်း'' ဟူသော စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 61, M. of J.A., 11-12-51—2,000—II.
Price,—One anna.]

THE RAILWAYS (AMENDMENT) ACT, 1951.

[ACT No. LVI OF 1951.]

It is hereby enacted as follows :—

1. (1) This Act may be called the Railways (Amendment) Act, 1951.

(2) It shall come into force on such date as the President may, by notification, appoint in this behalf.

2. *For* clause (5A) of section 3 of the Railways Act, the following *shall be substituted as* clause (5A), namely :—

"(5A) 'the Board' means 'the Union of Burma Railway Board' constituted under the Union of Burma Railway Board Act, 1951 ;"

G.U.B.C.P.O.—No. 77, M. of J.A., 17-12-51—2,000—II.

Price,—One anna.]

The Union of Burma Railway Board Act 1951
(Act No LVII of 1951)

# ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေး အဖွဲ့အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့ အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်—

(က) "အဖွဲ့" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ခ) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ၊ ဤအက်ဥပဒေဖြင့်သော်၎င်း၊ ဤ အက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများဖြင့်သော်၎င်း၊ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

(ဂ) "နိုင်ငံတော်သမတ" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏သမတကိုဆိုလိုသည်။

## အခန်း ၂။

### အဖွဲ့ ဖွဲ့စည်းပုံ။

၃။ ။(၁) "ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့" ဟူသော အမည်ဖြင့် အဖွဲ့တခုကို နိုင်ငံတော်သမတက ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ အဖွဲ့ပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံထိုက်ရမည်။

(၃) ၁၉၄၃ ခုနှစ်၊ မြန်မာနိုင်ငံ မီးရထား (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ဖွဲ့စည်းထားသော၊ မီးရထားအုပ်ချုပ်ရေးအဖွဲ့ပိုင် ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကို၊ အဖွဲ့က ဆက်ခံရမည့်ပြင်၊ အဆိုပါမီးရထားအုပ်ချုပ်ရေးအဖွဲ့က ချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း အဖွဲ့ကဝင်ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

Price,—Annas 2.]

၄။ ။(၁) အဖွဲ့တွင်၊ နိုင်ငံတော်သမတက ခန့်ထားရမည့်ဥက္ကဋ္ဌနှင့် ဆယ်ဦးထက်မပိုသော အခြားအဖွဲ့ဝင်များပါဝင်ရမည်။ ဥက္ကဋ္ဌသည် အချိန်ပြည့်တာဝန်ဝတ်တရား ဆောင်ရွက်ရမည့်ပြင်၊ မီးရထားစီရင်အုပ်ချုပ်မှုကို ကာလရှည်ကြာစွာ ဆောင်ရွက်ဘူးသူသော်၎င်း၊ မီးရထားစီရင်အုပ်ချုပ်မှုနှင့် ကာလရှည်ကြာစွာအဆက်အသွယ်ရှိသူသော်၎င်း ဖြစ်ရမည်။

(၂) အဖွဲ့တွင် ပါဝင်သည့် အခြားအဖွဲ့ဝင်များအနက်၊ နှစ်ဦးသည် အောက်ပါပုဂ္ဂိုလ်များဖြစ်ရမည်။

(က) ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်။

(ခ) သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်။

၅။ ။(၁) ပုဂ္ဂိုလ်တဦးကို အဖွဲ့ဝင်အဖြစ်မခန့်ထားမီ၊ ထိုပုဂ္ဂိုလ်မှာအဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ်တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဘွယ်ရာရှိသည့်၊ ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့်၊ သို့တည်းမဟုတ်အခြားအကျိုးသက်ဆိုင်ခွင့်ရှိမည်မဟုတ်ဟုနိုင်ငံတော်သမတက ကျေနပ်ရမည့်ပြင်၊ အဖွဲ့ဝင်တဦးဦး၌၊ ထိုသို့သောအကျိုးသက်ဆိုင်ခွင့်မရှိဟူ၍လည်း၊ အခါအားလျော်စွာ နိုင်ငံတော်သမတက ကျေနပ်ရမည်။

(၂) အဖွဲ့ကပြုလုပ်သည့်၊ သို့တည်းမဟုတ်ပြုလုပ်ရန်ကြံရွယ်သည့်ပဋိညာဉ်၊ ရောင်းမှု၊ သို့တည်းမဟုတ်ဝယ်မှုတခုခုတွင်၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့် အဖွဲ့ဝင်သည်၊ မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင် ထုတ်ဖေါ်ပြောဆိုရမည်။ ထိုထိုထုတ်ဖေါ်ပြောဆိုချက်ကို၊ အဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်၊ ထို့ပြင်ထိုအဖွဲ့ဝင်သည်၊ ထိုပဋိညာဉ်၊ ရောင်းမှု၊ သို့တည်းမဟုတ်ဝယ်မှုနှင့်စပ်လျဉ်း၍၊ အဖွဲ့ကဆွေးနွေးရာ၌၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင်မပါဝင်ရ။

(၃) ဥက္ကဋ္ဌမှတပါး၊ အခြားအဖွဲ့ဝင် တဦးဦးမှာ အကျိုးသက်ဆိုင်ခွင့်ရှိမရှိဆုံးဖြတ်ရန် ပြဿနာပေါ်ပေါက်လျှင်၊ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်ရမည်၊ ဥက္ကဋ္ဌနှင့်ဝတ်သက်၍၊ ထိုပြဿနာမျိုး ပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမတက ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၆။ ။အဖွဲ့ဝင်တို့၏ရာထူးသက်တမ်းသည်၊ နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်၊ အဖွဲ့ဝင်တဦးဦး၏ရာထူး လက်ရှိဆောင်ရွက်ခြင်းကို၊ နိုင်ငံတော်သမတကအချိန်မရွေးရပ်စဲနိုင်သည်။

၇။ ။အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်များအား၊ နိုင်ငံတော်သမတကပြဋ္ဌာန်းသည့်အခများနှင့် စရိတ်ကြေးငွေများပေးရမည်။

၈။ ။(၁) သေဆုံး၍ဖြစ်စေ၊ ရာထူးမှနုတ်ထွက်၍ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်းခံရ၍ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်ရာထူး လစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင် အဖွဲ့ဝင်သစ်တဦးကို၊ ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသောအဖွဲ့ဝင်သစ်သည်၊ မိမိအားခန့်ထားသည့် နေရာတွင်ထမ်းရွက်ခဲ့သည့် အဖွဲ့ဝင်ဟောင်း၏ရာထူးသက်တမ်းစေ့ကုန်သည့် အချိန်အထိသာ၊ ရာထူးလက်ရှိထမ်းရွက်ရမည်။

(၂) အဖွဲ့ကစီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦး ခန့်ထားရာတွင်၊ ချို့ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

## အခန်း ၃။

## အဖွဲ့နှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမတ၏အာဏာများ။

၉။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ပြုနိုင်သည်။

(က) နိုင်ငံတော်သမတက၊ အဖွဲ့သို့ပုဒ်မ ၂၀ အရထုတ်ချေးသည့်ငွေများပြန်လည်ပေးဆပ်ရမည့် နည်းလမ်းကိုပြဋ္ဌာန်းရန်ကိစ္စ။

(ခ) အဖွဲ့ဥက္ကဋ္ဌ၏လစာနှင့် စရိတ်ကြေးငွေများကို၎င်း၊ အမှုထမ်းစည်းကမ်းများကို၎င်း၊ ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) ပုဒ်မ ၁၇ (ဃ) အရခန့်ထားသည့်၊ သို့တည်းမဟုတ် အမည်တင်သွင်းခန့်ထားသည့် ပုဂ္ဂိုလ်တို့အား ပေးသင့်သည့်အခနှင့် စရိတ်ကြေးငွေများကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) အဖွဲ့အတွက်ပြေသိမ်းယူနိုင်သည့်အချက်များနှင့် သိမ်းယူရန်နည်းလမ်းကို ပြဋ္ဌာန်းရန်ကိစ္စ။

(င) အဖွဲ့အစည်းအဝေး၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေး အထမြောက်စေရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဦးရေကိုပြဋ္ဌာန်းရန်ကိစ္စ၊ ထို့ပြင်

(စ) ယေဘုယျအားဖြင့်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်ကိစ္စ။

၁၀။ ။နိုင်ငံတော်သမတသည်၊ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ နိုင်ငံတော် အကျိုးနှင့်သက်ဆိုင်သည်ဟု မိမိယင်မြင်သောကိစ္စများနှင့်စပ်လျဉ်း၍၊ အဖွဲ့၏အာဏာများနှင့်အလုပ်ဝတ်တရားများကို အဖွဲ့က မည်သို့သုံးစွဲဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း၊ အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၁၁။ ။နိုင်ငံတော်သမတသည်၊ အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ အဖွဲ့၏ လုပ်ငန်းဆောင်တာတရပ်ရပ်ကို ရပ်စဲရန်အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့် အတိုင်း၊ အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၁၂။ ။(၁) ဤအက်ဥပဒေဖြင့် ပေးအပ်ထားသော တာဝန်ဝတ်တရားများကို၊ သို့တည်းမဟုတ် အလုပ်ဝတ်တရားများကို၊ သို့တည်းမဟုတ် အခြားတာဝန်များကို၊ အဖွဲ့ကဆောင်ရွက်ရန်ပျက်ကွက်သည်ဟု နိုင်ငံတော်သမတကထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတသည်၊ အဖွဲ့ကိုဖျက်သိမ်းရမည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်သည်။ ထိုသို့ထုတ်ပြန်ပြီးနောက်၊ အဖွဲ့၏လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲညွှန်ကြားဆောင်ရွက်မှုကို၊ နိုင်ငံတော်သမတကခန့်ထားသော ကိုယ်စားလှယ်သို့အပ်နှင်းရမည်။ ထိုသို့အပ်နှင်းခြင်း ခံရသောကိုယ်စားလှယ်သည်၊ ဤအက်ဥပဒေအရ၊ အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် အလုပ်ဝတ်တရားများကို၊ သုံးစွဲဆောင်ရွက်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အရေးယူသောအခါ၊ နိုင်ငံတော် သမတသည်၊ ထိုသို့အရေးယူရသည့် အကြောင်းရင်းအခြေအနေများနှင့် အရေးယူပုံအစုံအလင်ဖေါ်ပြပါရှိသော အစီရင်ခံစာကို၊ အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာသည့် နေ့ရက်မှစ၍၊ သုံးလအတွင်း လျင်မြန်နိုင်သမျှလျင်မြန်စွာ ပါလီမန်သို့ တင်ပြရမည်။

(၃) ဤပုဒ်မအရ ထုတ်ပြန်သော မည်သည့် အမိန့် ကြော်ငြာစာမျှ ခြောက်လထက်ပို၍ အာဏာမတည်စေရ၊ သို့ရာတွင် နိုင်ငံတော် သမတသည်၊ ထိုကဲ့သို့ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာကို အသစ်ထပ်မံ၍ ထုတ်ပြန်နိုင်သည်။ ထိုသို့အသစ်ထပ်မံ၍ ထုတ်ပြန်သည့် အမိန့်ကြော်ငြာ စာတိုင်းသည်၊ ခြောက်လကက်ပို၍ အာဏာမတည်စေရ။

<u>ခြွင်းချက်။</u> ။သို့ရာတွင် နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရ အဖွဲ့ကို ဖျက်သိမ်းပြီးသည့်နောက်၊ မည်သည့်အခါ၌မဆို၊ သင့်တော်သည်ဟုထင်မြင်လျှင်၊ ပုဒ်မ ၃ အရ အဖွဲ့အသစ်တဖွဲ့ကိုဖွဲ့စည်းနိုင်သည်။

## အခန်း ၄။

### <u>အဖွဲ့၏တာဝန်ဝတ်တရား။</u>

၁၃။ ။အဖွဲ့၏တာဝန်ဝတ်တရားသည်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် မီးရထားများကို စီမံအုပ်ချုပ်ခြင်း၊ မီးရထားများ၊ မီးရထားလမ်းများ၊ တည်ဆောက် ဖေါက်လုပ်ခြင်းနှင့်ပြုပြင်စီမံထားရှိခြင်း၊ မီးရထားသွားလာမှုနှင့်စပ်လျဉ်းသည့် ကိစ္စများကိုယေဘုယျအားဖြင့်ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ပြင်အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤအက်ဥပဒေအရ အဖွဲ့၏ တာဝန်ဝတ်တရားကို နည်းလမ်းတကျ ဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သော၊ သို့မဟုတ် သင့်တော်သောအခြား လုပ်ငန်းဆောင်တာများကိုလည်း၊ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၄။ ။အဖွဲ့သည်၊ မိမိ၏ တာဝန်ဝတ်တရားကို ဆောင်ရွက်ရာ၌၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုလက်မှု လုပ်ငန်း၊ ကုန်သန်းရောင်းဝယ်ရေးနှင့် အများပြည်သူတို့၏အကျိုးများကို အထူးရှေးရှု၍၊ ကုန်သွယ် လုပ်ငန်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ လိုက်နာရမည့်မူနှင့် စပ်လျဉ်းသည့်အချက်များတွင်၊ နိုင်ငံတော် သမတက အဖွဲ့အားညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၅။ ။အဖွဲ့သည်၊ မိမိအစည်းအဝေးအားလုံး၏ လုပ်ငန်း အစီအစဉ် မိတ္တူနှင့်မှတ်တမ်း မိတ္တူကို နိုင်ငံတော်သမတထံပေးပို့ရမည်။

၁၆။ ။အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်း အဖွဲ့၏ တာဝန်ဝတ်တရားကို ဆောင်ရွက်ခြင်းနှင့်ပင်၊ အဖွဲ့ကလိုက်နာသည့်မူနှင့်ရင်း၊ လုပ်ငန်းနှင့်ရင်း စပ်လျဉ်း၍၊ နိုင်ငံတော်သမတထံ အစီရင်ခံစာတင်သွင်းရမည်။ နိုင်ငံတော် သမတသည်၊ အဆိုပါအစီရင်ခံစာ အသီးသီး၏ မိတ္တူကို ပါလီမန်သို့တင်ပြရမည်။

## အခန်း ၅။

### အဖွဲ့၏အာဏာများ။

၁၇။ ။ဤအက်ဥပဒေဖြင့်အပ်နှင်းထားသည့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဖွဲ့မှာ၊ဤအက်ဥပဒေအရအဖွဲ့၏ တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်အလို့ငှါလိုအပ်သော၊ သို့တည်းမဟုတ် သင့်တော်သော မည်သည့်ကိစ္စမဆို၊ ဆောင်ရွက်နိုင်သည့်အာဏာများရှိရမည်။ ထို့ပြင်အဆိုပါအာဏာများတွင် အောက်ပါအာဏာများလည်းပါဝင်ရမည်။

(က) နိုင်ငံတော်သမတ၏ကြိုတင်သဘောတူချက်ဖြင့် ငွေချေးယူရန်နှင့် ငွေထုတ်ချေးရန်အာဏာ။

(ခ) အဖွဲ့၏ အုပ်ချုပ်ရေးမှူး ဖြစ်ရမည့် ဥက္ကဋ္ဌအား၊ ဤအက်ဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည်ဟု ထင်မြင်သည့် အဖွဲ့၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ် နိုင်သည့် အာဏာ။

(ဂ) အဖွဲ့ဝင်နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ ပါဝင်သည့် ကော်မိတီများကိုခန့်ထား၍၊ ထိုကော်မိတီများအား၊ဤအက်ဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့က လိုအပ်သည်ဟုထင်မြင်သည့်အဖွဲ့၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့် အာဏာ၊ ထို့ပြင်

(ဃ) ကိစ္စတခုခုနှင့် စပ်လျဉ်း၍ အဖွဲ့အားအကြံဉာဏ်ပေးရန်ပုဂ္ဂိုလ်တဦးဦးကိုခန့်ထား၍၊ သို့တည်းမဟုတ် အမည်တင်သွင်း၍၊ ထိုပုဂ္ဂိုလ်အား နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အခများနှင့် စရိတ်ကြေးငွေများ ပေးနိုင်သည့်အာဏာ။

၁၈။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါထားရန် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်သည်ဟု၊ အဖွဲ့ကထင်မြင်သော ရာထမ်းမှုထမ်း စာရင်းများကို အခါအားလျော်စွာအဖွဲ့ကစီစဉ်ရမည်။

(၂) ဆိုခဲ့သည့်အရာရှိ အသီးသီးအတွက်သော်၎င်း၊ အမှုထမ်းအသီးသီးအတွက်သော်၎င်း၊အဖွဲ့ကခွင့်ပြုသည့်လစာများ၊ အခများနှင့် စရိတ်ကြေးငွေများ၏ အမျိုးအစားနှင့် အရေအတွက်ကိုယင်းစာရင်းများတွင်ဖော်ပြရမည်။

(၃) အဖွဲ့ကနောက်ဆုံးခွင့်ပြုသည့်စာရင်းအားလုံးကို၊ ပုဒ်မ ၂၅ အရ ပြုလုပ်သည့် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းနှင့် ပူးတွဲ၍၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ရရန်အလို့ငှါတင်ပြရမည်။

(၄) ရာထမ်းမှုထမ်းများနှင့်ပတ်သက်သည့်အခြားအမှုထမ်း စည်းကမ်းများကို အဖွဲ့က၊နိုင်ငံတော်သမတ၏ကြိုတင်သဘောတူညီချက်ကို ခံယူလျက်၊ စည်းကမ်းဥပဒေဖြင့်ပြဋ္ဌာန်းရမည်။

၁၉။ ။အဖွဲ့သည်၊ မိမိ၏လုပ်ငန်းကို စီမံခန့်ခွဲရန် အလို့ငှါ၊ ဤအက်ဥပဒေနှင့် ညီညွတ်သော စည်းကမ်းဥပဒေများကို ပြုရမည်။ ထို့ပြင် ဤအက်ဥပဒေဖြင့် အပ်နှင်း

ထားသောအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများသည်၊ အထူးသဖြင့် အောက်ပါကိစ္စများအတွက် ဖြစ်ရမည်။

(က) အဖွဲ့၏လုပ်ငန်းကိုစီမံဆောင်ရွက်ခြင်းနှင့် အဖွဲ့အစည်းအဝေးများတွင် လိုက်နာရန်ကျင့်ထုံး၊

(ခ) အဖွဲ့၏ ရာထမ်းမှုထမ်းများ၏တာဝန်ဝတ်တရားများနှင့်အာဏာများ။

(ဂ) အဖွဲ့က၊ မိမိ၏အာဏာများကို ဥက္ကဋ္ဌ၊ ကော်မီတီနှင့် လက်အောက်အဖွဲ့များသို့လွှဲအပ်ခြင်း၊

(ဃ) အဖွဲ့ကိုယ်စား၊ ပဋိညာဉ်များနှင့် အခြား စာချုပ် စာတမ်း များကိုလက်မှတ်ရေးထိုးခြင်း၊ ထို့ပြင်

(င) အဖွဲ့သို့အပ်နှင်းထားသော တာဝန်ဝတ်တရားများကို ယေဘုယျအားဖြင့် ထိရောက်စွာဆောင်ရွက်ခြင်း။

## အခန်း ၆။

## ငွေရေးကြေးရေးနှင့် ငွေစာရင်းများ။

၂၀။ ။အဖွဲ့သည်၊ "မီးရထားအုပ်ချုပ်ရေးအဖွဲ့ရံပုံငွေ" ခေါ်တွင်သည့်ရံပုံငွေ ကာခုထားရှိ၍၊ အောက်ပါငွေများကို ထိုရံပုံငွေ၌ထည့်သွင်းရမည်။

(က) ဤအက်ဥပဒေအရအဖွဲ့ကရရှိသောငွေ။

(ခ) မိမိ၏အာဏာနှင့်တာဝန်ဝတ်တရားကို အဖွဲ့ကသုံးစွဲ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်သမတထံမှရရှိသောငွေ။

၂၁။ ။အဖွဲ့ကမိမိ၏အာဏာများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်သည်ထင်မြင်သည့် ငွေများကို မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ အခွန်တော်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ-ဘည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ အဖွဲ့သို့ထုတ်ပေးနိုင်သည်။

၂၂။ ။(၁) အဖွဲ့သည်၊ ချက်ခြင်းအသုံးမလိုသည့် မိမိ၏ငွေအားလုံးကို၊ အစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိသောဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင် ထားရမည်။

(၂) အဖွဲ့၏ရံပုံငွေများကို၊ အဖွဲ့ကပြုလုပ်သည့်စည်းကမ်းဥပဒေများအရ ထုတ်ယူသုံးစွဲရမည်။

၂၃။ ။မီးရထားအုပ်ချုပ်ရေးအဖွဲ့ရံပုံငွေကို၊ နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ဖြင့်သာ ရင်းနှီးရမည်။

၂၄။ ။အောက်ပါကိစ္စများအတွက်အဖွဲ့၏ရံပုံငွေများကို၊ အဖွဲ့ကသုံးစွဲရမည်။

(က) အဖွဲ့သို့ နိုင်ငံတော်သမတက ထုတ်ချေးထားသော ငွေများနှင့် စပ်လျဉ်း၍၊ အရင်းကို၊ သို့တည်းမဟုတ် အတိုးများကို၊ အစိုးရသို့ ပေးဆပ်ခြင်း။

(ခ) အဖွဲ့၏ ရာထမ်းမှုထမ်းတို့ လစာစသည့် ရုံးစရိတ်များအတွက် စရိတ်ကျခြင်း၊ ထို့ပြင်

(ဂ) လိုအပ်သည်ဟုထင်မြင်သည့် အခြားအသုံးစရိတ်များကို နိုင်ငံတော် သမဂ္ဂ၏ သဘောတူညီချက်ဖြင့် ကျခံခြင်း။

၂၅။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်အသီးသီးမကုန်မီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ရ-သုံးမှန်းခြေငွေစာရင်းကို၊ နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါမှန်းခြေငွေစာရင်းများကို ပြင်ဆင်သည့်နောက်ထပ်မှန်းခြေငွေစာရင်းများကိုလည်းအခါအားလျော်စွာထိုနည်းတူတင်သွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရခွင့်ပြုသည့်မှန်းခြေငွေစာရင်းထက်ပို၍မည်သည့်အသုံးစရိတ်ကိုမျှ အဖွဲ့ကကျခံခြင်းမပြုရ။

၂၆။ ။(၁) အဖွဲ့သည်၊ ငွေစာရင်းများကိုင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုင်း၊ ထားရှိရမည့်ပြင်၊ အဖွဲ့၏ အလုပ်လုပ်သည့်နှစ်တိုင်း နှစ်ချုပ်ငွေစာရင်းကိုလည်း၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်သတ်မှတ်သည့်ပုံစံအတိုင်းဒီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ငွေစာရင်းများကို၊ နိုင်ငံတော် စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေး၍နိုင်ငံတော်သမတထံအစီရင်ခံစာတင်သွင်းရမည်။ထိုအစီရင်ခံစာကို နိုင်ငံတော်သမတက ပါလီမန်သို့တင်ပြရမည်။

၂၇။ ။ကုမ္ပဏီတခုက မိမိ၏အသားတင် ဝင်ငွေပေါ်တွင် အခွန်များပေးဆောင်ရသည့်နည်းလမ်းအတိုင်း၊ ထိုကုမ္ပဏီ၌ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အမျှ၊ အဖွဲ့မှာလည်း မိမိ၏အသားတင်ဝင်ငွေပေါ်တွင် အခွန်များပေးဆောင်ရန်တာဝန်ရှိရမည်။

၂၈။ ။အဖွဲ့သည်၊ တန်ဘိုးယုတ်လျော့ခြင်း အတွက်နှင့် သီးသန့်ရံပုံငွေမှစ၍ အခြားရံပုံငွေအတွက်၊ နိုင်ငံတော်သမတက၊ နိုင်ငံတော်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍၊ပြဋ္ဌာန်းသည့်နှုန်းများနှင့်စည်းကမ်းချက်များအတိုင်း ရံပုံငွေစီမံရာထားရမည်။

၂၉။ ။ပုဒ်မ ၂၈ တွင်ဖော်ပြထားသည့်ရံပုံငွေစီမံရာထားပြီးသည့်နောက်၊ သတ်မှတ်ရမည့်အဖွဲ့၏အသားတင်အမြတ်ငွေကို၊ အခါအားလျော်စွာ အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်၍ နိုင်ငံတော်သမတကဆုံးဖြတ်သည့်နည်းလမ်းအတိုင်းသုံးစွဲရမည်။

၃၀။ ။ဤအက်ဥပဒေအာဏာမတည်မီ၊ အဖွဲ့ကအစိုးရအပေါ်တွင် တင်ရှိသည့်ငွေကြေးများနှင့် အစိုးရကအဖွဲ့အပေါ်တွင် တင်ရှိသည့် ငွေကြေးများအတွက်၊ ငွေမရေးကြေးရေးစေ့စပ်ချက်များကို၊ နိုင်ငံတော်သမတက အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်၍ ဆင့်ဆိုသည့်နည်းလမ်းအတိုင်းအစိုးရနှင့်အဖွဲ့တို့က၊ အချင်းချင်းညှိနှိုင်းပြုလုပ်ရမည်။

## အခန်း ၇။

### <u>လက်အောက်အဖွဲ့။</u>

၃၁။ ။(၁) နိုင်ငံတော် သမတသည်၊ အဖွဲ့၏ ထောက်ခံချက်အရ၊ အဖွဲ့၏ လက်အောက်ခံလက်အောက်အဖွဲ့များကိုဖွဲ့စည်းနိုင်သည်။ အဆိုပါလက်အောက်အဖွဲ့များ

သည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍ မိမိတို့အား အဖွဲ့ကလွှဲအပ်သည့်အဖွဲ့၏ အာဏာများနှင့် တာဝန်ဝတ္တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၂) လက်အောက်အဖွဲ့များ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို၊ နိုင်ငံတော်သမ္မတက အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်လျက်ခန့်ထားရမည်။

## အခန်း ၈။

### အထွေထွေ။

၃၂။ ။အဖွဲ့၏ရာထမ်းမှုထမ်း အားလုံးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သောအပြုအမူကို ပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ၊ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၃၃။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့် ပြုလုပ်သော၊ သို့တည်းမဟုတ် ပြုလုပ်သည့်သဘောသက်ရောက်သော အပြုအမူတခုခုနှင့် စပ်လျဉ်း၍၊ အဖွဲ့ပေါ်တွင်ဖြစ်စေ၊ လက်အောက်အဖွဲ့များအပေါ်တွင်ဖြစ်စေ၊ အဖွဲ့ဝင်၊ သို့တည်းမဟုတ် လက်အောက်အဖွဲ့ဝင် တဦးဦးပေါ်တွင် ဖြစ်စေ၊ အဖွဲ့၏၊ သို့တည်းမဟုတ် လက်အောက် အဖွဲ့များ၏ရာထမ်းမှုထမ်း တဦးဦးအပေါ်တွင်ဖြစ်စေ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

သို့ရာတွင် ကုန်သန်းရောင်းဝယ်ရေး ကုမ္ပဏီတခုက တရားမမှု စွဲဆိုနိုင်သကဲ့သို့၊ သို့တည်းမဟုတ်စွဲဆိုခံရထိုက်သကဲ့သို့၊ အလားတူအမှုများတွင်၊ အလားတူနည်းလမ်းဖြင့် အဖွဲ့က၊ သို့တည်းမဟုတ် ဆိုခဲ့သည့်ပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့ကို၊ သို့တည်းမဟုတ်ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲဆိုခြင်းကို၊ ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပိတ်ပင်ခြင်းမရှိစေရ။

၃၄။ ။၁၉၄၃ ခုနှစ်၊ မြန်မာနိုင်ငံမီးရထား (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ(၁၉၄၃ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၂)နှင့်၊ ၁၉၄၃ ခုနှစ်၊ မြန်မာနိုင်ငံမီးရထား (အရေးပေါ်ပြဋ္ဌာန်းချက်များ) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၄၃ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေ အမှတ် ၂၃) ကို၊ ဤအက်ဥပဒေဖြင့်ရုပ်သိမ်းသည်။

G,U,B.C.P.O.—No 78, M. of J.A., 5-1-52—2,000—II.

The Leave and Holidays Act 1951
(Act No LVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့်စတင်အာဏာတည်သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတကအာဏာတည်စေရမည်ဟုအမိန့်ထုတ်ပြန်သတ်မှတ်သည့်နေ့တွင် အာဏာတည်ရမည့်ပြင်၊ ဒေသအသီးသီးပိုင်းခြား၍ ဤအက်ဥပဒေပါ ဇယား၌သီးခြားဖေါ်ပြထားသည့်အလုပ်အမျိုးအစားအသီးသီးကိုဖြစ်စေ၊ လုပ်ငန်းအသီးသီးကိုဖြစ်စေ၊ အလုပ်ဌာန အသီးသီးကိုဖြစ်စေ၊ ပိုင်းခြား၍ အာဏာတည်ရန် နေ့များကို ခွဲခြားသတ်မှတ်နိုင်သည်။

အဓိပ္ပါယ် ဖေါ်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(၁) "နေ့၊ သို့တည်းမဟုတ် ရက်" ဆိုသည်မှာ၊ ညဥ့်သန်းခေါင်ချိန်မှစ၍ ရေတွက်သည့် နှစ်ဆယ့်လေးနာရီ ကာလအပိုင်းအခြားကိုဆိုလိုသည်။

(၂) "ခွင့်ရက်" ဆိုသည်တွင်၊ လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်နှင့် ဆေးလက်မှတ်ခွင့်ရက် ပါဝင်သည်။

(၃) "လုပ်သက်ခွင့်ရက်" ဆိုသည်မှာ၊ အလုပ်လုပ်ခဲ့သည့် ကာလအပိုင်းအခြားအတွက်သော်၎င်း၊ တာဝန်ဝတ်တရားဆောင်ရွက်ခဲ့သည့်ကာလအပိုင်းအခြားအတွက်သော်၎င်း၊ ရထိုက်ခွင့်ရှိသောခွင့်ရက်ကိုဆိုလိုသည်။

(၄) "အလုပ်သမား" ဆိုသည်မှာ၊ ဤအက်ဥပဒေပါဇယား၌သီးခြားဖေါ်ပြထားသည့်အလုပ် တွင်၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းတွင်၊ သို့တည်းမဟုတ်အလုပ်ဌာနတွင် အမြဲတမ်းဖြစ်စေ၊ ခေတ္တဖြစ်စေ တလလျှင်လေးရာထက်မပိုသော အခကြေးငွေနှင့်သော်၎င်း၊ လစာငွေနှင့်သော်၎င်း၊ လုပ်နေသူကို ဆိုလိုသည်၊ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ—

(က) ကိုယ်ပိုင်အလုပ်ကို၊ သို့တည်းမဟုတ် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို၊ သို့တည်းမဟုတ် ကိုယ်ပိုင် အလုပ်ဌာနကို လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင်၊ ထိုအလုပ်ရှင်၏ အိမ်ထောင်စုသားများ။

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှု လုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသောအမြတ်အစွန်းထဲမှအခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့်ရရှိသူများ။

Price,—Annas 2.]

(ဂ) အိမ်တွင်းကိစ္စအတွက် ခိုင်းစေခံရသူများ။

(ဃ) ၁၉၄၉ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ အက်ဥပဒေအရ ပြဋ္ဌာန်းထားသည့်ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ရသောအလုပ်သမားများ။

(င) အလုပ်ရုံနှင့်အလုပ်ရုံ၏ အလုပ်တိုက်မဟုတ်သော၊ အစိုးရရုံးများနှင့်လုပ်ငန်းများ၊သို့တည်းမဟုတ် အစိုးရလက်အောက်ခံရုံးများနှင့်လုပ်ငန်းများ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် ရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ်ဒေသန္တရအာဏာပိုင်လက်အောက်ခံရုံးများနှင့်လုပ်ငန်းများ။

<u>ရှင်းလင်းချက်။</u> ။"အလုပ်ရှင်၏ အိမ်ထောင်စုသား" ဆိုသည်မှာ၊ အလုပ်ရှင်၏ မိဘ၊ခင်ပွန်း၊သားသမီး၊ ညီအစ်ကို (အရင်း) မောင်နှမ (အရင်း) ကိုဆိုလိုသည်။

(၅) "အလုပ်ရှင်" ဆိုသည့်တွင်၊ကျနစ္စာ ဖွဲ့စည်းသည့်၊ သို့တည်းမဟုတ် မဖွဲ့စည်းသည့် ပုဂ္ဂိုလ်တစုနှင့် အလုပ်ရှင်၏အုပ်ချုပ်မှုကိုယ်စားလှယ်ပါဝင်သည့်ပြင်၊ ကွယ်လွန်သူအလုပ်ရှင်၏တရားဝင်ကိုယ်စားလှယ်လည်း ပါဝင်သည်။

(၆) "လစာငွေ" ဆိုသည်မှာ၊ အခြေခံလစာငွေကိုဆိုလိုသည်။ ရှားပါးစရိတ်ရှိလျှင်၊ အခြေခံလစာငွေနှင့် ရှားပါးစရိတ်နှစ်ရပ်ပေါင်းကို ဆိုလိုသည်။

(၇) "မှတ်ပုံဝင်ဆရာဝန်" ဆိုသည်မှာ၊ မြန်မာနိုင်ငံဘာယဆေးဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံတင်စာရင်းထားရှိရေးအတွက် ပြဋ္ဌာန်းသည့်တည်ဆဲ ဥပဒေတရပ်ရပ်အရဖြစ်စေ၊ မှတ်ပုံတင်ထားသူကိုဆိုလိုသည့်ပြင်၊ ထိုကဲ့သို့မှတ်ပုံဝင်ဆရာဝန်မရှိသည့် အရပ်ဒေသတခုခုအတွက်၊ ဤအက်ဥပဒေအလို့ငှါ မှတ်ပုံဝင်ဆရာဝန်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်ပြဋ္ဌာန်းသူသည်လည်း၊ ထိုစကားရပ်တွင်ပါဝင်သည်။

(၈) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့်ဖြစ်စေ၊ ထိုနည်းဥပဒေများအရ ပြဋ္ဌာန်းသည့်ပုံစံတွင်ဖြစ်စေ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

(၉) "အခကြေးငွေ" ဆိုသည်မှာ၊ အခကြေးငွေပေးရေး အက်ဥပဒေ ပုဒ်မ ၂ (၆) တွင် အဓိပ္ပါယ်ဖော်ပြထားသည့် အခကြေးငွေကို ဆိုလိုသည်။

၃။ ။(၁) အလုပ်ရှင်က၊ မိမိ၏အလုပ်သမားအသီးသီးအား၊ သက်ဆိုင်ရာရာအခကြေးငွေ၊ သို့တည်းမဟုတ် လစာငွေအပြည့်နှင့် အောက်ပါနေ့များကိုအများ အလုပ်ပိတ်ရက်အဖြစ်ဖြင့်ခွင့်ပြုရမည်။

အများအလုပ်ပိတ်ရက်။

| | | | |
|---|---|---|---|
| လွတ်လပ်ရေးနေ့ | .... | .... | တရက်။ |
| ကပေါင်းလပြည့်နေ့ | .... | .... | တရက်။ |

| | | | |
|---|---|---|---|
| မဟာသင်္ကြန်တော် | .... | .... | သုံးရက်။ |
| မြန်မာနိုင်ငံတော်နှစ်ဆန်းတရက်နေ့ | | .... | တရက်။ |
| အလုပ်သမားနေ့ | .... | .... | တရက်။ |
| ကဆုန်လပြည့်နေ့ | .... | .... | တရက်။ |
| တော်လှန်ရေးနေ့ | .... | .... | တရက်။ |
| ဝါဆိုလပြည့်နေ့ | .... | .... | တရက်။ |
| ခေါင်းဆောင်ကြီးများကျဆုံးသောနေ့ | | .... | တရက်။ |
| သီတင်းကျွတ်လပြည့်နေ့ | .... | .... | တရက်။ |
| တန်းဆောင်မုန်းလပြည့်နေ့ | .... | .... | တရက်။ |
| အမျိုးသားအောင်ပွဲနေ့ | .... | .... | တရက်။ |

(၂) အများအလုပ်ပိတ်ရက်တရက်သည်၊ ရက်သတ္တပတ်အလုပ်ပိတ်ရက်နှင့်ဖြစ်စေ၊ အခြားအများအလုပ်ပိတ်ရက်နှင့်ဖြစ်စေ တိုက်ဆိုင်နေလျှင်၊ အခြားနေ့တနေ့ကိုအများအလုပ်ပိတ်ရက်အဖြစ်ဖြင့် ပြောင်းလဲ၍ခွင့်မပြုရ။ ထိုသို့တိုက်ဆိုင်သည့်အလုပ်ပိတ်ရက်ကို အများအလုပ်ပိတ်ရက်ဖြစ်သည်ဟုယူဆရမည်။ သို့ရာတွင်အလုပ်သမားသည် အများအလုပ်ပိတ်ရက်တွင် အလုပ်လုပ်ရလျှင်၊ ထိုအလုပ်သမားအား သက်ဆိုင်ရာရာအခြေခံအခကြေးငွေကိုသော်၎င်း၊ အခြေခံလစာငွေကိုသော်၎င်း၊ ထိုနေ့အတွက်ပေးမြဲနှုန်း၏နှစ်ဆရထိုက်စေရမည့်အပြင်၊ ရှားပါးစရိတ်ရနေလျှင် ထိုနေ့အတွက်ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်းရထိုက်စေရမည်။

(၃) ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အလုပ်သမားများအတွက် ထိုအလုပ်သမားများနှင့် အလုပ်ရှင်များအချင်းချင်း သဘောတူညီချက်အတိုင်း သက်ဆိုင်ရာရာဘာသာရေးအခါကြီးရက်ကြီးများကို လစာမရှိအလုပ်ပိတ်ရက်အဖြစ်ဖြင့် ခွင့်ပြုနိုင်သည်။

လုပ်သက်ခွင့်ရက်။

၄။ ။(၁) အလုပ်ရှင်သည်၊ မိမိ၏အလုပ်ကို တဆက်တည်းဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမား အသီးသီးအား၊ နောက်လာမည့်ဆယ့်နှစ်လအတွင်းတွင်—

(က) အသက် ဆယ့်ငါးနှစ် ပြည့်ပြီးသည့် အလုပ်သမား ဖြစ်လျှင်၊ သက်ဆိုင်ရာရာ ပျမ်းမျှအခကြေး ငွေနှင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေနှင့်ဖြစ်စေ၊ လုပ်သက်ခွင့်ရက် ကိုဆယ်ရက်တဆက်တည်း ခွင့်ပြုရမည်၊ ထို့ပြင်

(ခ) အသက်ဆယ့်ငါးနှစ် မပြည့်သေးသော အလုပ်သမား ဖြစ်လျှင်၊ သက်ဆိုင်ရာရာပျမ်းမျှအခကြေးငွေနှင့် ဖြစ်စေ၊ ပျမ်းမျှလစာငွေနှင့် ဖြစ်စေ၊ လုပ်သက်ခွင့်ရက်ကို ဆယ့်လေးရက်တဆက်တည်းခွင့်ပြုရမည်။

(၂) အလုပ်သမားသည်၊ တလလျှင်အနည်းဆုံးနှစ်ဆယ့်လေးရက်အလုပ်လုပ်ခဲ့သူလည်းဖြစ်၍၊ အလုပ်ကိုတဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ပြီးသည်လည်းဖြစ်လျှင်၊ လုပ်သက်ခွင့်ရက်ကိုခွင့်ပြုရမည်။ သို့ရာတွင် အလုပ်သမားသည်၊ နှစ်ဆယ့်လေးရက်ပြည့်အောင်မလုပ်ခဲ့သော လတိုင်းအတွက်၊ မိမိ လုပ်သက်ခွင့်ရက်မှ တရက်ကျစီအပြတ်ခံရမည်။

ရှင်းလင်းချက်။ ။အလုပ်သမားသည် ဆယ့်နှစ်လအတွင်း မကျန်းမာသောကြောင့်ဖြစ်စေ၊ မတော်တဆထိခိုက်မှုကြောင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ခွင့်ပြုသော အခြားပျက်ကွက်မှုကြောင့်ဖြစ်စေ (ထိုပျက်ကွက်မှုသုံးမျိုးပေါင်းသည်၊ ရက်ကိုးဆယ်ထက်မကျော်လွန်စေဘဲ) အလုပ်ပျက်ကွက်စေကာမူ၊ သို့တည်းမဟုတ် အလုပ်ရှင်က အလုပ်ပိတ်ထားခြင်းကြောင့်ဖြစ်စေ၊ ဥပဒေနှင့်မညီသည်လည်းမဟုတ်သော သပိတ်မှောက်ခြင်းကြောင့်ဖြစ်စေ၊ မိမိအလိုအတိုင်းမဟုတ်ဘဲ၊ ရံဖန် ရံခါအလုပ်မရှိခြင်းကြောင့်ဖြစ်စေ၊ (ထိုပျက်ကွက်မှုသုံးမျိုးစုစုပေါင်းသည် ရက်သုံးဆယ်ထက်မကျော်လွန်စေဘဲ) ပျက်ကွက်စေကာမူ၊ ထိုအလုပ်သမားသည် မိမိ၏အလုပ်ကို တဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သူဟု မှတ်ယူရမည်။

(၃) အလုပ်ရှင်သည်၊ မိမိအလုပ်သမားအား၊ လုပ်သက်ခွင့်ရက်ယူနိုင်စေရန် ထိုသူ၏လုပ်သက်ခွင့်ရက်နှင့် သက်ဆိုင်သည့် တဆယ့်နှစ်လဖြစ်သော ကာလအပိုင်းအခြား၏နောက်ဆုံးနေ့မှစ၍ သုံးလအတွင်း အချိန်ကိုသတ်မှတ်ပေးရမည်။ သို့ရာတွင် သက်ဆိုင်ရာအလုပ်သမားနှင့် အလုပ်ရှင်အချင်းချင်း သဘောတူညီလျှင်၊ သုံးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွက် လုပ်သက်ခွင့်ရက်ကို စုပေါင်း၍ ယူမည်သည့်အချိန်တွင်မဆို ပေးနိုင်သည်။

(၄) လုပ်သက် ခွင့်ရက်ရသည့် အလုပ်သမားအား၊ ခွင့်ပြုသည့် လုပ်သက် ခွင့်ရက်ကာလအပိုင်းအခြားအတွက် သက်ဆိုင်ရာရာ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ လုပ်သက်ခွင့်ရက်ကာလမစမီ ထုတ်ပေးရမည်။ အဆိုပါအခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ ထုတ်ပေးမြဲအရပ်၌ အလုပ်သမားအားသော်၎င်း၊ အလုပ်သမားက လွှဲအပ်ထားသည့် ကိုယ်စားလှယ်အားသော်၎င်း ထုတ်ပေးရမည်။

(၅) လုပ်သက်ခွင့်ရက်ရထိုက်သည့် အလုပ်သမားသည် မိမိရထိုက်သည့်၊ သို့တည်းမဟုတ် စုထားသည့်ခွင့်ရက်များကိုမယူသေးမီ အလုပ်မှနုတ်ထွက်လျှင်၊ သို့တည်းမဟုတ် အလုပ်ရှင်၏အလုပ်မှ ထုတ်ပစ်ခြင်းခံရလျှင်၊ သို့တည်းမဟုတ် သေဆုံးလျှင်၊ ထိုအလုပ်သမားအားဖြစ်စေ၊ ထိုအလုပ်သမား၏ တရားဝင်ကိုယ်စားလှယ်အားဖြစ်စေ၊ လုပ်သက်ခွင့်ရက်အစား၊ ထိုအလုပ်သမားအလုပ်မှမနုတ်ထွက်မီ၊ သို့တည်းမဟုတ် ထုတ်ပစ်ခြင်းမခံရမီ၊ သို့တည်းမဟုတ် မသေဆုံးမီ တဆက်တည်းဖြစ်သော လွန်ခဲ့သည့် ရက်ပေါင်းသုံးဆယ်အတွင်း လုပ်ခဲ့သည့်ရက်များအတွက် သက်ဆိုင်ရာရာ အခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ အခကြေးငွေ၏၊ သို့တည်းမဟုတ် လစာငွေ၏ ပျမ်းမျှနေ့စဉ်နှုန်းထားနှင့် ညီမျှသည့်နှုန်းအတိုင်း တွက်စစ်၍ အလုပ်ရှင်ကပေးရမည်။ ထိုသို့ပေးရာတွင် အလုပ်မှနုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့် အလုပ်သမားဖြစ်လျှင်၊ ပေးရမည့်ငွေကို နှစ်ရက်အတွင်းထုတ်ပေးရမည်။ သေဆုံးသည့် အလုပ်သမားဖြစ်လျှင်၊ ပေးရမည့်ငွေကိုတောင်းဆိုပြီးနောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာ ထုတ်ပေးရမည်။

ရှောင်တခင်ခွင့်ရက်။

၅။ ။(၁) အလုပ်သမားသည်၊ သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ ရှောင်တခင်ခွင့်ရက်ကို တနှစ်လျှင် စုစုပေါင်းခြောက်ရက်ရနိုင်ခွင့်ရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် တကြိမ်လျှင်အများဆုံးသုံးရက်သာ ရနိုင်ခွင့်ရှိစေရမည်။

(၂) ရှောင်တခင်ခွင့်ရက်ကို အခြားခွင့်ရက်တမျိုးမျိုးနှင့်မျှ မပေါင်းစပ်ရ။

(၃) အလုပ်သမားသည်၊ မိမိရထိုက်သော ရှောင်တခင်ခွင့်ရက်ကို သက်ဆိုင်ရာနှစ်အတွင်းမယူလျှင်၊ ထိုခွင့်ရက်သည် ပျက်ပြယ်စေရမည်။

ဆေးလက်မှတ်ခွင့်ရက်။

၆။ ။(၁) အလုပ်သမားသည်၊ သက်ဆိုင်ရာရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ တနှစ်လျှင် ရက်ပေါင်းသုံးဆယ်ထက်မပိုသော ကာလအပိုင်းအခြားအတွက် ဆေးလက်မှတ်ခွင့်ရက်ကို ရနိုင်ခွင့်ရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် အလုပ်သမားသည်၊ အနည်းဆုံးခြောက်လပြည့်အောင် အလုပ်မလုပ်ခဲ့သေးသမျှ၊ ဆေးလက်မှတ်ခွင့်ရက်ကို ရထိုက်ခွင့်မရှိစေရ။ အဆိုပါခွင့်ရက်ပေးရာတွင် သုံးရက်ဆိုင်းငံ့ပြီးမှပေးရမည်။ ထိုသို့ဆိုင်းငံ့ရသည့်သုံးရက်အတွက် ထိုအလုပ်သမားအား သက်ဆိုင်ရာရာ ပေးမြဲလစာငွေ၏ထက်ဝက်၊ သို့တည်းမဟုတ် ပေးမြဲအခကြေးငွေ၏ထက်ဝက် ပေးရမည်။

သို့ရာတွင် အလုပ်သမားသည်၊ အနည်းဆုံးခြောက်လပြည့်အောင် အလုပ်မလုပ်ခဲ့ရသေးလျှင်၊ ဆေးလက်မှတ် လစာမရှိခွင့်ရက်ကို ရထိုက်ခွင့်ရှိစေရမည်။

(၂) အလုပ်ဆိုင်ရာ၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ၊ သို့တည်းမဟုတ် အလုပ်ဌာနဆိုင်ရာ ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင်အလုပ်ဌာနက၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းဌာနက၊ သို့တည်းမဟုတ် အလုပ်ဌာနကသဘောတူသည့် ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင်အခြားမှတ်ပုံဝင်ဆရာဝန်ထံမှသော်၎င်း၊ အစိုးရအမှုထမ်းများဖြစ်လျှင် အစိုးရဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင် အခြားမှတ်ပုံဝင်ဆရာဝန်ထံမှသော်၎င်း၊ မီးရထားအလုပ်သမားဖြစ်လျှင်မီးရထားဘက်ဆိုင်ရာ ဆရာဝန်ထံမှသော်၎င်း၊ ထိုသို့မရှိလျှင်အခြားမှတ်ပုံဝင်ဆရာဝန်ထံမှသော်၎င်း ဆေးလက်မှတ်တင်ပြလျှင်၊ ထိုဆေးလက်မှတ်ခွင့်ခွင့်ရက်ကို ပေးရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ဆရာဝန်များအား၊ အဆိုပါလက်မှတ်များအတွက် ပေးရမည့်အခကြေးငွေကိုပြဋ္ဌာန်းနိုင်သည်။

(၄) ဆေးလက်မှတ်ခွင့်ရက်ရသော အလုပ်သမားသည် ခွင့်ချက်နှင့်နေသည့် ကာလအပိုင်းအခြားအတွင်းတွင် သက်ဆိုင်ရာရာ မိမိရထိုက်ခွင့်ရှိသောအခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေ၊ ရက်သတ္တပတ်စဉ်ပေးရန်တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်းပေးရမည်။ အဆိုပါအခကြေးငွေကိုဖြစ်စေ၊ လစာငွေကိုဖြစ်စေထုတ်ပေးမြဲအရပ်၌၊ အလုပ်သမားအားသော်၎င်း၊ အလုပ်သမားက လွှဲအပ်ထားသည့်ကိုယ်စားလှယ်အားသော်၎င်းထုတ်ပေးရမည်။

(၅) အလုပ်သမားသည်၊ မိမိရထိုက်သောဆေးလက်မှတ်ခွင့်ရက်ကို သက်ဆိုင်ရာနှစ်အတွင်းမယူလျှင်၊ ထိုခွင့်ရက်သည်ပျက်ပြယ်စေရမည်။

ခွင့်ရက်ကို ပေါင်း၍ဖြစ်စေ၊ ဆက်၍ဖြစ်စေ ပေးခြင်း။

၇။ ။ပုဒ်မ ၅ ၏ ပုဒ်မခွဲ (၅) ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဆေးလက်မှတ်ခွင့်ရက်ကို လုပ်သက်ခွင့်ရက်နှင့် တဆက်တည်းခွင့်ပြုနိုင်သည်။

**တဆက်တည်းဆယ့်နှစ်လ မလုပ်ရသည့်အလုပ်နှင့် စပ်လျဉ်းသည့်ခွင့်ရက်။**

၈။ ။ပုဒ်မ ၄ နှင့် ပုဒ်မ ၆ တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဆယ့်နှစ်လပတ်လုံး တဆက်တည်းမလုပ်ရသည့် အလုပ်တခုခုတွင်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်း တခုခုတွင်ဖြစ်စေ၊ အလုပ်ဌာန တခုခုတွင်ဖြစ်စေ၊ လုပ်သည့်အလုပ်သမားသည်၊ လုပ်သက်ခွင့်ရက်ကို၊ သို့တည်းမဟုတ် ဆေးလက်မှတ် ခွင့်ရက်ကို၊ သို့တည်းမဟုတ် ရှောင်တခင်ခွင့်ရက်ကို မိမိလုပ်သက်၏အချိုးကျအတိုင်းရနိုင်စေရမည်။

**ခွင့်ရက် အလုပ်ပိတ်ရက်နှင့်စပ်လျဉ်းသည့် သဘောတူစာချုပ်ပျက်ပြယ်ခြင်း။**

၉။ ။ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အောက်အကျိုးယုတ်လျော့သော စည်းကမ်းချက်များဖြင့် ခွင့်ရက်ကိုဖြစ်စေ၊ အလုပ်ပိတ်ရက်ကိုဖြစ်စေယူရန်၊ အလုပ်သမားက ချုပ်ဆိုသည့် အလုပ်သဘောတူ စာချုပ်သည်၊ သို့တည်းမဟုတ် အလုပ်ပဋိညာဉ်စာချုပ်သည်၊ အလုပ်ရှင်၏တာဝန်ကို ယုတ်လျော့စေသည့်သဘောသက်ရောက်သည်နှင့်အမျှပျက်ပြယ်ရမည်။

**ကင်းလွတ်ချက်များ။**

၁၀။ ။(၁) အလုပ်တွင်သော်၎င်း၊ စက်မှုလက်မှုလုပ်ငန်းတွင်သော်၎င်း၊ အလုပ်ဌာနတွင်သော်၎င်း၊ ပိုင်ရှင်အပြောင်းအလဲမည်သို့ပင်ရှိစေကာမူ၊ ထိုအပြောင်းအလဲကြောင့် ဤအက်ဥပဒေအရ၊ အလုပ်သမားရထိုက်သောအခွင့်အရေးများကိုမထိခိုက်စေရ။

(၂) သက်ဆိုင်ရာရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ၊ ရသည့်ခွင့်ရက်နှင့်သို့တည်းမဟုတ်အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ဤအက်ဥပဒေတွင်ပြဋ္ဌာန်းထားသည်ထက်ပိုမိုကောင်းမွန်သည့်အခွင့်အရေးများထားရှိသော အခြားဥပဒေအရဖြစ်စေ၊ အဆုံးအဖြတ်၏၊ သို့တည်းမဟုတ် အလုပ်သဘောတူစာချုပ်၏၊ သို့တည်းမဟုတ် အလုပ်ပဋိညာဉ် စာချုပ်၏ စည်းကမ်းချက်များအရဖြစ်စေ၊ ထုံးစံဓလေ့အရဖြစ်စေ၊ အလုပ်သမားခံစားခွင့်ရှိသော အခွင့်အရေးများကို ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုကြောင့် မနစ်နာစေရ။

**မှတ်ပုံစာအုပ်များနှင့်မှတ်တမ်းများ။**

၁၁။ ။အလုပ်ရှင်တိုင်းသည်၊ မှတ်ပုံစာအုပ်များနှင့်မှတ်တမ်းများကို ပြဋ္ဌာန်းထားသည့်အတိုင်းထိန်းသိမ်းထားရှိရမည်။

**အင်စပက်တော်။**

၁၂။ ။(၁) အလုပ်ရုံများ အက်ဥပဒေအရ ခန့်ထားသည့်အလုပ်ရုံအင်စပက်တော်သည်၊ မိမိအားတာဝန်ချထားသော ဒေသဆိုင်ရာနယ်နိမိတ်များအတွင်းရှိ အလုပ်ရုံအားလုံးနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အင်စပက်တော်ဖြစ်ရမည်။

(၂) နိုင်ငံတော်သမတသည်၊အမိန့်ထုတ်ပြန်၍ မိမိသင့်တော်သည် ထင်မြင်သည့်အခြားပုဂ္ဂိုလ်ကို ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါအင်စပက်တော်အဖြစ်ခန့်ထားနိုင်သည်။ ထို့ပြင်အဆိုပါအင်စပက်တော်၏ အလုပ်ဝတ်တရားကို၎င်း၊ ထိုသူဆောင်ရွက်ရမည့်အလုပ်ဝတ်တရားများနှင့် စပ်လျဉ်းသည့် အလုပ်သမားအတန်းစားကို၎င်း၊ ထိုသို့စပ်လျဉ်းသည့်အလုပ်မျိုးကို၊သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်းမျိုးကို၊

သို့တည်းမဟုတ် အလုပ်ဌာနမျိုးကိုငင်း၊ ထိုသူအလုပ်ဝတ်တရားများဆောင်ရွက်ရမည့် ဒေသများကိုငင်းသတ်မှတ်နိုင်သည်။

(၃) အင်စပက်တော်သည်၊ ဤအက်ဥပဒေပါ ကိစ္စ များကို ဆောင်ရွက်ရန် လိုအပ်သည်ဟု မိမိဇာင်မြင်သည့်အတိုင်း၊ ထိန်းသိမ်း ထားရှိမည့်မှတ်ပုံစာအုပ်ကို၊သို့တည်းမဟုတ် မှတ်တမ်းကိုသင့်လျော်သောအချိန်အခါတွင် မည်သည့်ဥပစာကိုမဆိုဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်သည်။ ထိုပြင်လူတဦးဦး၏ သက်သေခံချက်ကိုချက်ခြင်းဖြစ်စေ၊ဆိုင်းငံ့၍ဖြစ်စေယူနိုင်သည်။ထို့ပြင်အခြားကြည့်ရှုစစ်ဆေးနိုင်သည့်အာဏာများကိုလည်းသုံးစွဲနိုင်သည့်။

(၄) အင်စပက်တော်အသီးသီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ၊ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

**ကင်းလွတ်ခွင့်ပြုနိုင်သည့် အာဏာ။**

၁၃။ ။နိုင်ငံတော်သမတသည်၊ အမိန့်ထုတ်ပြန်၍ အလုပ်အမျိုးအစားတခုခုကိုသော်ငင်း၊ စက်မှုလက်မှု လုပ်ငန်းအမျိုးအစားတခုခုကိုသော်ငင်း၊ အလုပ်ဌာနအမျိုးအစား တခုခုကိုသော်ငင်း၊ အဆိုပါအလုပ်၏၊သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၏၊ သို့တည်းမဟုတ် အလုပ်ဌာန၏ အလုပ်သမား အတန်းစား တခုခုကိုသော်ငင်း၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးမှဖြစ်စေ၊ ပြဋ္ဌာန်းချက်တခုခုမှဖြစ်စေ၊ အဆိုပါ ထုတ်ပြန်ချက်တွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွက်လည်းဖြစ်၍၊ ထိုသို့သီးခြားဖေါ်ပြထားသည့် စည်းကမ်းချက်များနှင့်အညီလည်းဖြစ်သော ကင်းလွတ်ခွင့်ကိုပြုနိုင်သည်။

**ပြစ်ဒဏ်။**

၁၄။ ။(၁) အလုပ်ရှင်တဦးဦးသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက် တခုခုကိုငင်း၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုငင်း၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေအရ စာဖြင့်ချမှတ်သည့်အမိန့်တခုခုကိုငင်း၊ ဖျူးလွန်လျှင်၊ ထိုအလုပ်ရှင်သည် သုံးလထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ငါးရာထက်မပိုသောငွေဒဏ်ကိုဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ၊ စီရင်ခြင်းခံရမည်။တရားရုံးသည်အဆိုပါဒဏ်အပြင်၊ အလုပ်သမားအား၊ ဤအက်ဥပဒေအရ၊ ခွင့်ပြုရမည်ဖြစ်သောခွင့်ရက် နှင့် အများအလုပ်ပိတ်ရက်များကို ခွင့်ပြုရန်နှင့်ပေးရမည့် အခကြေးငွေအားလုံးကိုသော်ငင်း၊ လစာငွေအားလုံးကိုသော်ငင်း၊ ပေးရန်အမိန့်ချမှတ်နိုင်သည်။

(၂) မည်သူမဆို၊ဤအက်ဥပဒေအရအပ်နှင်းထားသည့်အာဏာကို သုံးစွဲနေသော အင်စပက်တော်ကို တမင်ဟန့်တားလျှင်သော်ငင်း၊ဤအက်ဥပဒေနှင့်အညီ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်းများကိုထုတ်ပြရန်အင်စပက်တော်က တောင်းဆိုသည့်အခါ၊ ထုတ်ပြရန်ပျက်ကွက်လျှင်သော်ငင်း၊ သက်ဆိုင်ရာ အလုပ်သမားတဦးဦးကို အင်စပက်တော်ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏အစစ်အဆေးခံခြင်းမပြုနိုင်အောင် ဟန့်တားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်ငင်း၊ ထိုသူသည်သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၅။ ။(၁) အလုပ်ရှင်သည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ အလုပ်ရှင်အားပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

မည်သူသည် အလုပ်ရှင်ဖြစ်ကြောင်းဆုံးဖြတ်ခြင်း။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်ပြည်ထောင်စုမြန်မာနိုင်ငံ၌နေထိုင်သူတဦးဦးကို၊ ဤအက်ဥပဒေမါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ်အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့်၊ ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ်အဖွဲ့ကအင်စပက်တော်အား နို့တစ်စာပေးပို့နိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအားအမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့်နောက်ထပ်နို့တစ်စာကို အင်စပက်တော်ကမရမီသော်၎င်း၊ မိမိသည်ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ဒါရိုက်တာလူကြီးများအနက်၊ မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာလူကြီး တဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်အစုပါဝင်သူတဦးကို သော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်အဖြစ်အမည် တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် အင်စပက်တော်အား နို့တစ်စာပေးနိုင်သည်။ ထို့ပြင်ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုဝါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအားအမည်တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို အင်စပက်တော်က မရမီသော်၎င်း၊ မိမိသည်ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ အလုပ်ရှင်ဖြစ်သည်ဟူ၍မှတ်ယူရမည်။

(၃) အလုပ်ရှင်သည်၊ အစိုးရသော်၎င်း၊ အစိုးရကဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့သော်၎င်း၊ အခြားဒေသန္တရ အာဏာပိုင်သော်၎င်းဖြစ်လျှင် သက်ဆိုင်ရာအလုပ်ဌာနကို ကြီးကြပ်ရန်အလုပ်ရှင်အား၊ တာဝန်ခံရသောထိုအလုပ်ဌာန၏ အကြီးအကဲအဖြစ်ဖြင့် အစိုးရက၊ သို့တည်းမဟုတ် အဆိုပါအဖွဲ့က၊ သို့တည်းမဟုတ် အဆိုပါအခြားဒေသန္တရ အာဏာပိုင်ကခန့်ထားသောသူအား၊ အလုပ်ရှင်ကိုပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

၁၆။ ။(၁) ဤအက်ဥပဒေ ပါပြဋ္ဌာန်းချက်အရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ အင်စပက်တော်မှတပါး၊ သို့တည်းမဟုတ် အင်စပက်တော်၏စာဖြင့်ပေး

ပြစ်မှုများကိုအရေးယူခြင်း။

သော ကြိုတင်အခွင့်အမိန့်ကိုရရှိသူမှတပါး အခြားမည်သူကမျှတရားစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ပြစ်မှုကိုပဉ္စမတန်းအာဏာရ တရားသူကြီးရုံးအောက် နိမ့်သောမည်သည့်တရားရုံးကမျှမစစ်ဆေးရ။

ဇယားကိုပြင်နိုင်သည့် အာဏာ။

၁၇။ ။နိုင်ငံတော်သမတသည်၊ အမိန့်ထုတ်ပြန်၍၊ ဇယားပါ ပြဋ္ဌာန်းချက်များကို • ပြောင်းခြင်းဖြင့် သော်၎င်း၊ ဖြည့်ထည့်ခြင်းဖြင့် သော်၎င်း၊ ရုပ်သိမ်းခြင်းဖြင့်သော်၎င်း ပြင်နိုင်သည်။ ထိုပြင်ချက်သည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်ဘိသကဲ့သို့ အာဏာတည်ရမည်။

နည်းဥပဒေများ ပြုလုပ်နိုင်သည့်အာဏာ။

၁၈။ ။ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည် အမိန့် ထုတ်ပြန်၍ နည်းဥပဒေများကို ပြုနိုင်သည်။

## ဇယား။

[ပုဒ်မ ၂(၄)ကိုကြည့်။]

(၁) အလုပ်ရုံများအက်ဥပဒေ၌ အဓိပ္ပါယ်ဖေါ်ပြထားသည့်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေအရ၊ အလုပ်ရုံဖြစ်သည့်ဟုကျေညာထားသည့်အလုပ်ရုံများ။

(၂) မီးရထားအက်ဥပဒေတွင် ''မီးရထား'' ဖြစ်သည်ဟု အဓိပ္ပါယ်ဖေါ်ပြထားသောအလုပ်ရုံနှင့် လုပ်ငန်းများ၊

(၃) ဆိပ်ကမ်းအာဏာပိုင်များက တိုက်ရိုက်ခန့်ထားသောအလုပ် သမားများနှင့်ပတ်သက်သမျှ ရန်ကုန်မြို့၊ ဆိပ်ကမ်းအက်ဥပဒေနှင့် ဆိပ်ကမ်းအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသောဆိပ်ကမ်းများ၊

(၄) ရေနံမြေအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော ကြေငြာထားသည့် ရေနံမြေများ၊

(၅) သတ္တုတွင်းအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော သတ္တုတွင်းများ၊

(၆) ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေအရ၊ အဓိပ္ပါယ်ဖေါ်ပြထားသောဆိုင်များ၊ကုန်သွယ်အလုပ်ဌာနနှင့်အများပျော်ရွှင်ရေးအလုပ်ဌာနများ၊

(၇) နိုင်ငံတော်အစိုးရ၏၊ သို့တည်းမဟုတ် နိုင်ငံတော်အစိုးရလက်အောက်ရှိ၊ သို့တည်းမဟုတ် အစိုးရကဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့၏၊ သို့တည်းမဟုတ် ထိုအဖွဲ့၏လက်အောက်ရှိအလုပ်ရုံနှင့် ထိုအလုပ်ရုံ၏အလုပ်တိုက်များ၊ ထို့ပြင်

(၈) ဒေသန္တရအာဏာပိုင်၏၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်လက်အောက်ရှိဖွဲ့စည်းထားသည့်အဖွဲ့၏၊ သို့တည်းမဟုတ် ထိုအဖွဲ့၏လက်အောက်ရှိ အလုပ်ရုံနှင့်အလုပ်တိုက်များ။

G.U.B.C P.O.—No. 75, M, of J.A., 10-1-52—2,000—II.

The Shops and Establishment Act 1951.
(Act No LIX of 1951)

# ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊အက်ဥပဒေအမှတ် ၅၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်၊ တည်ရာနယ် အပိုင်းနှင့် အာဏာ တည်သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့်နေ့တွင်၊ ယင်းသို့သတ်မှတ်သည့် အရပ်ဒေသများ၌ အာဏာတည်ရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်၊ သီးခြားဖော်ပြသည့်ဆိုင်များ၊ သို့တည်းမဟုတ် အလုပ်ဌာနများ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ၊ သို့တည်းမဟုတ် အလုပ်ဌာန အမျိုးအစားများနှင့်သက်ဆိုင်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) "ဆိုင်"ဆိုသည်မှာ၊ ကုန်စည်ပစ္စည်းများကို၊ သို့တည်းမဟုတ် ဝတ္ထုပစ္စည်းများကို လက်ငင်းသော်၎င်း၊ အကြွေးသော်၎င်း၊ လက်ကား၊ သို့တည်းမဟုတ် လက်လီရောင်းချရန်အလို့ငှါ၊ လုံးဝဖြစ်စေ၊ တစ်တိတဒေသ အားဖြင့်ဖြစ်စေ၊ အသုံးပြုရာ ဖြစ်သည့် ဥပစာကခုခုကို၎င်း၊ ဆံသလုပ်ငန်းအတွက်ဖြစ်စေ၊ အလှပြုပြင်ခြင်းလုပ်ငန်းအတွက်ဖြစ်စေအသုံးပြုရာဖြစ်သည့် ဥပစာကခုခုကိုသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ဆိုင်ဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် အခြားဥပစာကို၎င်း ဆိုလိုသည်။သို့ရာတွင် ထိုစကားရပ်တွင်၊ ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများဖျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာနမပါဝင်ချေ။

(ခ) "ကုန်သွယ်အလုပ်ဌာန" ဆိုသည်မှာ၊ ကြော်ငြာလုပ်ငန်းဖြစ်စေ၊ ကော်မရှင်လုပ်ငန်းဖြစ်စေ၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ် လုပ်ငန်းဖြစ်စေ၊ ကုန်သွယ်ရေးကိုယ်စားလှယ် လုပ်ငန်းဖြစ်စေ၊ ဆောင်ရွက်သည့် အလုပ်ဌာနကို သော်၎င်း၊ အလုပ်ရုံ၏၊ သို့တည်းမဟုတ် စက်မှုလက်မှုလုပ်ငန်း၏၊ သို့တည်းမဟုတ် ကုန်သွယ်လုပ်ငန်း၏ စာရေးစာချီဌာနကို သော်၎င်း၊ အာမခံကုမ္ပဏီကိုသော်၎င်း၊ အစုစပ်ကုမ္ပဏီကိုသော်၎င်း၊ ဘဏ်ကို

Price,—Annas 3.]

သော်၎င်း၊ ပွဲစား အလုပ်တိုက်ကိုသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ကုန်သွယ် အလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာန အမျိုးအစားကိုသော်၎င်း ဆိုလိုသည်။ သို့ရာတွင်ထိုစကားရပ်တွင်၊ ဆိုင်၊ သို့တည်းမဟုတ်အများ မျော်ရွှင်ရေး အလုပ်ဌာန မပါဝင်ချေ။

(ဂ) ''အများပျော်ရွှင်ရေးအလုပ်ဌာန''ဆိုသည်မှာ၊ ရုပ်ရှင်ရုံကိုင်၎း၊ ဇာတ်ရုံကို၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ အများ ပျော်ရွှင်ရေးအလုပ်ဌာနဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့် ကြော်ငြာစာထုတ်ပြန်သည့် အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားကို၎င်း ဆိုလိုသည်။ သို့ရာတွင် ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ် ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မပါဝင်ချေ။

(ဃ) ''စက်မှုလက်မှုအလုပ်ဌာန'' ဆိုသည်မှာ ယန္တရားတွင်းကို၎င်း၊ ရေနံမြေကို၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ စက်မှုလက်မှု အလုပ်ဌာနဖြစ်သည်ဟုနိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်အခြားအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ဌာန အမျိုးအစားကို၎င်း ဆိုလိုသည်။ သို့ရာတွင် ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများ ပျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံမပါဝင်ချေ။

(င) ''အလုပ်ရုံ''ဆိုသည်မှာ၊ အလုပ်ရုံများအက်ဥပဒေ၌ အဓိပ္ပါယ် ဖေါ်ပြထားသည့်၊ သို့တည်းမဟုတ် ထိုအက်ဥပဒေအရ၊ အလုပ်ရုံ ဖြစ်သည်ဟု ကြေညာထားသည့် အလုပ်ရုံကို ဆိုလိုသည်။

(စ) ''အလုပ်ရှင်'' ဆိုသည်မှာ၊ ဆိုင်တခု၏လုပ်ငန်းကို ဖြစ်စေ၊ ကုန်သွယ်အလုပ်ဌာနကိုဖြစ်စေ၊ အများပျော်ရွှင်ရေးအလုပ်ဌာန ကိုဖြစ်စေ၊ ပိုင်ဆိုင်သူ၊ သို့တည်းမဟုတ် ထိန်းသိမ်း အုပ်ချုပ်သူ ကိုသော်၎င်း၊ အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှု ဌာန ဖြစ်လျှင်၊ ထိုအလုပ်ရုံ၏၊ သို့တည်းမဟုတ် ထိုစက်မှုလက်မှုအလုပ် ဌာန၏ပိုင်ဆိုင်သူကို၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ကို သော် ၎င်း ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အဆိုပါဆိုင်ကို၊ သို့ တည်းမဟုတ် အဆိုပါအလုပ်ဌာနကို အရပ်ရပ်စီမံကြီးကြပ်ရာ၌၊ သို့တည်းမဟုတ် အုပ်ချုပ်ရာ၌ ထိုသူ၏ကိုယ်စားလှယ်၊ သို့တည်း မဟုတ် မန်နေဂျာနှင့် ထိုသူ့ကိုယ်စား ဆောင်ရွက်သော အခြား သူလည်းပါဝင်သည်။

(ဆ) အလုပ်သမားဆိုသည်မှာ—

(ကက) ဆိုင်ဖြစ်လျှင်၊ ထိုဆိုင်၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မှုရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ဌာနတွင်စာရေး စာချီ၊ သို့တည်းမဟုတ်ငွေထိန်း အဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အ

စောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့် သော်၎င်း အလုပ်လုပ်သူကိုလည်းဆိုလိုသည်။

(ခခ) ကုန်သွယ် အလုပ်ဌာနဖြစ်လျှင်၊ ထိုဌာန၏ လုပ်ငန်းနှင့် စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအစားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ဌာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ်တံမြက်လှည်းအဖြစ်ဖြင့်သော်၎င်း အလုပ်လုပ်သူကိုလည်းဆိုလိုသည်။

(ဂဂ) အများပျော်ရွှင်ရေး အလုပ်ဌာနဖြစ်လျှင်၊ ထိုအလုပ်ဌာန၏ လုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကို ဆိုလိုသည်။ ထို့ပြင် ထိုအလုပ်ဌာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ် ငွေထိန်းအဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ် တံမြက်လှည်းအဖြစ်ဖြင့်သော်၎င်း အလုပ်လုပ်သူကိုလည်း ဆိုလိုသည်။

(ဃဃ) အလုပ်ရုံ၊ သို့တည်းမဟုတ်စက်မှုလက်မှုအလုပ်ဌာနဖြစ်လျှင်၊ ထိုအလုပ်ရုံတွင်၊ သို့တည်းမဟုတ်ထိုအလုပ်ဌာနတွင် စာရေးစာချီ၊ သို့တည်းမဟုတ်ငွေထိန်းအဖြစ်ဖြင့်သော်၎င်း၊ စာပို့သူ၊ ဒရဝမ်၊ ထိန်းသိမ်းသူ၊ အစောင့်၊ သို့တည်းမဟုတ်တံမြက်လှည်းအဖြစ်ဖြင့်သော်၎င်း အလုပ်လုပ်သူကိုဆိုလိုသည်။

သို့ရာတွင်၊ ထိုစကားရပ်တွင် အလုပ်ရှင်သော်၎င်း၊ ထိုအလုပ်ရှင်နှင့်အတူ နေထိုင်သည်လည်းဖြစ်၍ ထိုအလုပ်ရှင်အပေါ် မှီခိုနေသည်လည်းဖြစ်သော အလုပ်ရှင်၏ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို (အရင်း)၊ သို့တည်းမဟုတ် မောင်နှမ (အရင်း) တို့ မပါဝင်ချေ။

(ဇ) ''ပိတ်ထားသည်'' ဆိုသည်မှာ၊ ဝယ်ယူသူတဦးဦး၏ လိုအင်ကိစ္စကိုဆောင်ရွက်ရန်သော်၎င်း၊ လုပ်ငန်းဆောင်ရွက်ရန် သော်၎င်း ဖွင့်၍မထားခြင်းကိုဆိုလိုသည်။

(ဈ) ''နေ့''၊ သို့တည်းမဟုတ် ''ရက်'' ဆိုသည်မှာ၊ ညဉ့်သန်းခေါင်ချိန်မှစ၍ ရေတွက်သော နှစ်ဆယ့်လေးနာရီကာလ အပိုင်းအခြားကိုဆိုလိုသည်။

(ည) ''ရက်သတ္တပတ်'' ဆိုသည်မှာ၊ စနေနေ့ညဉ့်သန်းခေါင် ချိန်မှစ၍ ရေတွက်သော ခုနစ်ရက်ကာလ အပိုင်းအခြားကို ဆိုလိုသည်။

(ဋ) ''မြဲ့ဌာန်းထားသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည်ကို ဆိုလိုသည်။

(ဌ) ''နည်းဥပဒေများ'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများကို ဆိုလိုသည်။

အချိန်နာရီရည်ညွှန်းချက်များ။

၃။ ။ဤအက်ဥပဒေ၌ အချိန်နာရီကို ရည်ညွှန်းလျှင် မြန်မာနိုင်ငံတော် စံတော်ချိန်ကို ရည်ညွှန်းသည်။

နိုင်ငံတော်သမတ၏ အာဏာများ။

၄။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏ ကိစ္စများအလို့ငှါ အမိန့်ကြော်ငြာစာဖြင့်—

(က) ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မဟုတ်သောမည်သည့် အလုပ်ဌာနကိုမဆို၊ ဆိုင်ဖြစ်သည်ဟုကျေညာနိုင်သည်။

(ခ) ဆိုင်၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မဟုတ်သော မည်သည့် အလုပ်ဌာနကိုမဆို၊ ကုန်သွယ်အလုပ်ဌာန ဖြစ်သည်ဟု ကျေညာနိုင်သည်။

(ဂ) ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊သို့တည်းမဟုတ်အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန မဟုတ်သော မည်သည့်အလုပ်ဌာနကိုမဆို၊သို့တည်းမဟုတ် မည်သည့်အလုပ်ဌာနအမျိုးအစားကိုမဆို၊ အများပျော်ရွှင်ရေး အလုပ်ဌာနဖြစ်သည်ဟု ကျေညာနိုင်သည်။

(ဃ) ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊သို့တည်းမဟုတ်အများ ပျော်ရွှင်ရေးအလုပ်ဌာန၊ သို့တည်းမဟုတ် အလုပ်ရုံမဟုတ်သော မည်သည့် အလုပ်ဌာနကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ဌာနအမျိုးအစား ကိုမဆို၊ စက်မှုလက်မှု အလုပ်ဌာနဖြစ်သည်ဟု ကျေညာနိုင်သည်။

(၂) ပုဒ်မခွဲ(၁)အရ၊ အမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသော ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ထိုပုဒ်မခွဲပါပြဋ္ဌာန်းချက်များအရ၊ ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေး အလုပ်ဌာန၊ သို့တည်းမဟုတ် စက်မှုလက်မှု အလုပ်ဌာန ဖြစ်သည်ဟု ကျေညာထားသောမည်သည့် အလုပ်ဌာနနှင့်မဆို သက်ဆိုင်စေရမည်။

(၃) နိုင်ငံတော် သမတသည်၊ ပြဋ္ဌာန်းသည့်အလုပ်ပိတ်ရက်အတွက်ဖြစ်စေ၊ ပြဋ္ဌာန်းသည့် အခြားအခါသမယအတွက်ဖြစ်စေ၊ မည်သည့်ဆိုင်၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၊ သို့တည်းမဟုတ် အများ ပျော်ရွှင်ရေးအလုပ်ဌာန၊

သို့တည်းမဟုတ်အလုပ်ရုံ၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာနနှင့်မဆို၊ စပ်လျဉ်း၍သော်၎င်း၊ မည်သည့်ဆိုင်အမျိုးအစား၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန အမျိုးအစား၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာနအမျိုးအစား၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစား၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန အမျိုးအစားနှင့်မဆို စပ်လျဉ်း၍သော်၎င်း၊ မိမိသင့်တော်သည် ထင်မြင်သည့်ကာလ အပိုင်းအခြားအတွက်၊ မိမိသင့်တော်သည်ထင်မြင်သည့် စည်းကမ်းချက်များထား၍၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခု၏ အာဏာသက်ရောက်ခြင်းကို၊ အမိန့်ကြော်ငြာစာဖြင့် ရပ်ဆိုင်းထားနိုင်သည်။

အက်ဥပဒေသည်၊ အချို့အလုပ်ဌာနများ၊ ဆိုင်များ၊ ပုဂ္ဂိုလ်များနှင့်မသက်ဆိုင်ခြင်း။

၅။ ။(၁) ဤအက်ဥပဒေသည်၊ အောက်ပါတို့နှင့် မသက်ဆိုင်စေရ။

(က) အလုပ်ရုံ တခုခု၏ အလုပ်တိုက်မဟုတ်သော အစိုးရရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် အစိုးရလက်အောက်ခံရုံးများနှင့်လုပ်ငန်းများ၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်ရုံးများနှင့် လုပ်ငန်းများ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် လက်အောက်ခံရုံးများနှင့်လုပ်ငန်းများ။

(ခ) ကုန်းကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ၊ ရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ၊ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။

(ဂ) မီးရထားဘူတာရုံရှိ၊ သို့တည်းမဟုတ် သင်္ဘောဆိပ်ရှိ၊ သို့တည်းမဟုတ် သင်္ဘောတံတားရှိ၊ သို့တည်းမဟုတ် လေယာဉ်ဆိပ်ရှိ စားသောက်ဆိုင်နှင့်အခြားဆိုင်များ။

(ဃ) လမ်းဘေးဈေးဆိုင်များ။

(င) အများဆိုင်ရာပြပွဲ၌ ရောင်းသောစားသောက်ဆိုင်များနှင့် အခြားဆိုင်များ။

(စ) ယာယီဖျော်ဖြေသော ကျင်းပသောပွဲများတွင် တည်ခင်းသည့် ပျော်ရွှင်ရေး အလုပ်ဌာနများ၊ စားသောက်ဆိုင်နှင့် အခြားဆိုင်များ။

(ဆ) မန်နေဂျာအလုပ်လုပ်သူ။

(ဇ) နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာဖြင့်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၏၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက် တခုခု၏ အာဏာ သက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် အခြားအလုပ်ဌာနများ၊ သို့တည်းမဟုတ် ဆိုင်များ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များ၊ သို့တည်းမဟုတ် အလုပ်ဌာနအမျိုးအစားများ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အမျိုးအစားများ။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ထိုပုဒ်မခွဲတွင် သီးခြားဖော်ပြထားသည့် မည်သည့်ဆိုင်ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ဌာနကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမဆို၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များ၏အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်ခွင့် မရှိစေရဟူ၍၎င်း၊ အဆိုပါအမိန့်ကြော်ငြာစာတွင်သီးခြားဖော်ပြထားသည့် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုအလုပ်ဌာနနှင့်၊ သို့တည်းမဟုတ် ထိုပုဂ္ဂိုလ်နှင့်သက်ဆိုင်စေရမည်ဟူ၍၎င်း ကြေညာနိုင်သည်။

(၃) ပုဒ်မ ၆၊ ပုဒ်မ ခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါတို့နှင့်မသက်ဆိုင်စေရ။

(က) စားသောက်ဆိုင်များ။

(ခ) အသား၊ ငါး၊ နွားနို့နှင့် နွားနို့ထွက် စားဘွယ်သောက်ဘွယ်မုန့်၊ သို့တည်းမဟုတ် ပျက်စီးလွယ်သော ကုန်ပစ္စည်းများကိုအဓိကအားဖြင့်၊ ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုး အစားများ (ဤဝတ္ထုပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဂ) ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငပြာရည်၊ ဟင်းမွှေးပစ္စည်း၊ သို့တည်းမဟုတ် နိုင်ငံတော်သမတကအမိန့်ကြော်ငြာစာဖြင့်ကင်းလွတ်ခွင့်ပြုသော အခြားစားဖိုဆောင်သုံး စားသောက်ဘွယ်ပစ္စည်းများကို လက်လီ ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤဝတ္ထုပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ လွတ်ကင်းခွင့်ပြုခြင်းဖြစ်သည်)။

(ဃ) ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ပန်း၊ ငါးစိမ်းကုန် ရောင်းချသည့်ဆိုင်များ၊ သို့တည်းမဟုတ် ဆိုင်အမျိုးအစားများ (ဤဝတ္ထုပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့် ပြုခြင်းဖြစ်သည်)။

(င) အသုဘကိစ္စ၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကိစ္စ၊ သို့တည်းမဟုတ် မီးသင်္ဂြိုဟ်ခြင်းကိစ္စ အတွက် လိုအပ်သည့် ဝတ္ထုပစ္စည်းများ ရောင်းချသော ဆိုင်များ (ဤဝတ္ထုပစ္စည်းများရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(စ) ထင်း၊ မီးသွေး၊ သို့တည်းမဟုတ် အိမ်သုံးအတွက်ရေနံထွက်ပစ္စည်းများလက်လီရောင်းချသည့်ဆိုင်များ။

(ဆ) ဆေးလိပ်အမျိုးမျိုး၊ ဆေးတံသောက်ဆေး၊ ကွမ်းယာ၊ ဆိုင်ဥပစာတွင် သောက်ရန် လက်လီ ရောင်းချသည့် သောက်ဘွယ် အမျိုးမျိုး၊ ရေခဲ၊ သို့တည်းမဟုတ်

သတင်းစာနှင့် အချိန်မှန်ထုတ်ဝေသော စာစောင်များ ရောင်းချသည့်ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများရောင်းချခြင်းနှင့်စပ်လျဉ်းသမျှသာကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်)။

(ဇ) မော်တော်ယာဉ်များအတွက် ရေနံထွက်ဝတ္ထုပစ္စည်းများ၊ သို့တည်းမဟုတ် ကိရိယာ အစိတ်အပိုင်းများ လက်လီရောင်းချသည့်ဆိုင်များ။

(ဈ) ဆံသဌာနများ။

(ည) အင်စပက်တော်ချုပ်က စာဖြင့်ခွင့်ပြုထားသည်လည်းဖြစ်လျက် ပင်လယ်ကူး သင်္ဘောများအတွက် လိုအပ်သော ဝတ္ထုပစ္စည်း အမျိုးမျိုးရောင်းချသည့် ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများကို ပင်လယ်ကူး သင်္ဘောများ အတွက် ရောင်းချခြင်းနှင့် စပ်လျဉ်းသမျှသာ ကင်းလွတ်ခွင့်ပြုခြင်း ဖြစ်သည်)။

(၄) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နှင့်ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များသည်အောက်ပါတို့နှင့်မသက်ဆိုင်စေရ။

(က) ကလပ်များ၊ တည်းခိုစားသောက်ရာ ဟော်တယ်များ၊ အခပေးတည်းခိုစားသောက်ရာအိမ်များ။

(ခ) ဘုပာဆေး၊ ခွဲစိတ်ကုသရန် ကိရိယာတန်ဆာ၊ သို့တည်း မဟုတ် အခြားဘယဆေး ဆိုင်ရာ လိုအပ်သည့် အသုံး အဆောင်ကို အဓိကအားဖြင့် လက်လီရောင်းချသည့် ဆိုင်များ (၎င်းဝတ္ထုပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်း သမျှသာကင်းလွတ်ခွင့် ပြုခြင်းဖြစ်သည်)။

(ဂ) ပြည်သူတို့အား ဓါတ်အား၊ သို့တည်းမဟုတ် ဓါတ်မီး၊ သို့ တည်းမဟုတ် ဓါတ်ငွေ့၊ သို့တည်းမဟုတ် ရေပေးသော လုပ်ငန်း၊ ထို့ပြင်နိုင်ငံတော်သမတက အမိန့်ကြော်ငြာ စာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အခြားပြည်သူ့အတွက် အသုံးဝင်သော လုပ်ငန်းများ၊ သို့တည်းမဟုတ်လုပ်ငန်း အမျိုးအစားများ။

ရက်သတ္တပတ်စဉ်အလုပ်ပိတ်ရက်။

၆။ ။(၁) ဆိုင်နှင့် ကုန်သွယ် အလုပ်ဌာနအသီးသီးကို ရက်သတ္တပတ်လျှင် အနည်းဆုံး တရက် လုံးဝပိတ်ထားရမည်။ ထို့ပြင် ထိုဆိုင်၏၊ သို့တည်းမဟုတ်ကုန်သွယ်အလုပ်ဌာန၏ အလုပ်သမားကို ထိုနေ့တွင် အားလပ်ခွင့်ပေးရမည်။ ယင်းသို့အားလပ်ခွင့် ပေးရသည့်အတွက်ထိုအလုပ်သမား၏အခကြေးငွေမှဖြတ်တောက်ခြင်းမပြုရ။

ခြွင်းချက်။ ။သို့ရာတွင်ဆိုင်တဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန တခု၌၊ နှစ်မျိုးဖြစ်သော၊ သို့တည်းမဟုတ် နှစ်မျိုးထက်ပိုသော ကုန်သွယ်မှုကို၊ သို့တည်း မဟုတ် စီးပွါးရေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် တမျိုးမျိုးသည်၊ အကယ်၍ ထိုဆိုင်၏၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာန၏ တခုတည်းသော ကုန်သွယ်မှု၊ သို့တည်း

မဟုတ် တခုတည်းသောစီးပွါးရေးလုပ်ငန်းဖြစ်ခဲ့သော်၊ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနနှင့် သက်ဆိုင်ခြင်းမရှိသည့်အခါ၊ ထိုဆိုင်သည်၊ သို့တည်းမဟုတ် ထိုကုန်သွယ် အလုပ်ဌာနသည်၊ ထိုကုန်သွယ်မှုနှင့်၊ သို့တည်းမဟုတ် ထိုစီးပွါးရေးလုပ်ငန်းနှင့်စပ်လျဉ်းသမျှသာ ဤပုဒ်မခွဲ၏အာဏာ သက်ရောက်ခြင်းမှကင်းလွတ်စေရမည်။ ထို့ပြင်အလုပ်ရုံ၊သို့တည်းမဟုတ်သတ္တုတွင်း၊သို့တည်းမဟုတ် ရေနံမြေကိုပိတ်မထားလျှင်၊ ထိုအလုပ်ရုံ၊သို့တည်းမဟုတ် သတ္တုတွင်း၊သို့တည်းမဟုတ် ရေနံမြေနှင့်စပ်လျဉ်းသည့်ကုန်သွယ်အလုပ်ဌာနကို ဤပုဒ်မခွဲ၏ပြဋ္ဌာန်းချက်အရ ပိတ်ထားရန်မလိုချေ။

(၂) ပုဒ်မ ၅ (၃) တွင်သီးခြား ဖေါ်ပြထားသည့်ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌ ဖြစ်စေ၊ အများပျော်ရွှင်ရေးလုပ်ငန်းဌာန၌၊ သို့တည်းမဟုတ် အလုပ်ရုံ၌၊ သို့တည်းမဟုတ် စက်မှုလက်မှုအလုပ်ဌာန၌ဖြစ်စေ၊ အလုပ်သမားအား ရက်သတ္တတပတ်လျှင် အနည်းဆုံးတရက်ကိုအလုပ်ပိတ်ရက်အဖြစ် ခွင့်ပြုရမည်။ ယင်းသို့အားလပ်ခွင့်ပေးရသည့်အတွက် ထိုအလုပ်သမား၏အခကြေးငွေမှဖြတ်တောက်ခြင်းမပြုရ။

(၃) နိုင်ငံတော်သမတသည်၊ အဖွဲ့အစည်းများနှင့်၎င်း၊ အလုပ်ရှင်များ၏ ကိုယ်စားလှယ်များနှင့်၎င်း၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များနှင့်၎င်း၊ တိုင်ပင်၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ သီးခြားဖေါ်ပြထားသည့် ကုန်စည်များကို အရောင်းအဝယ်ပြုသော၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသည့် အရပ်ဒေသတွင်တည်ရှိသောကုန်သွယ်အလုပ်ဌာနနှင့် ဆိုင်အားလုံးကို ရက်သတ္တပတ်တိုင်းပိတ်ထားရမည့်နေ့တနေ့ကိုသတ်မှတ်နိုင်သည်။

အလုပ်လုပ်ချိန်။

၇။ ။(၁) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနတိုင်းကို ညဉ့်ကိုးနာရီနှင့်နံနက် ငါးနာရီစပ်ကြားတွင် ပိတ်ထားရမည်။ သို့ရာတွင် ညဉ့်ကိုးနာရီအချိန်တွင် ဆိုင်၌ ဝယ်ယူနေဆဲဖြစ်သော၊ သို့တည်းမဟုတ် ဝယ်ယူရန်စောင့်ဆိုင်းနေသော သူအား၊ အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တဆက်တည်းဖြစ်သော မိနစ်သုံးဆယ် ကာလအပိုင်းအခြားအတွင်းတွင် ကုန်စည်ကို ရောင်းချနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် စားသောက် ဆိုင်များကို နံနက် ၁ နာရီ အထိ ဖွင့်ထားနိုင်သည်။ ထို့ပြင် ကိုးကွယ်သည့် ဘာသာရေးနှင့် စပ်လျဉ်း၍ အချိန်ကာလကြာရှည်စွာ အင်စပက်တော်ချုပ်က စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုသော စားသောက်ဆိုင်ကို ယင်းသို့ခွင့်ပြုချက်နှင့်အညီဖွင့်ထားနိုင်သည်။

ထို့ပြင်ဆိုင်တဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာနတခု၌ နှစ်မျိုးဖြစ်သော၊သို့တည်းမဟုတ်နှစ်မျိုးထက်ပိုသောကုန်သွယ်မှုကို သို့တည်းမဟုတ်စီးပွါးရေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် တမျိုးမျိုးသည် အကယ်၍ထိုဆိုင်၏၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာန၏တခုတည်းသောကုန်သွယ်မှု၊ သို့တည်းမဟုတ် တခုတည်းသောစီးပွါးရေးလုပ်ငန်းဖြစ်ခဲ့သော်၊ ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ ထိုဆိုင်နှင့်၊သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနနှင့်သက်ဆိုင်ခြင်းမရှိသည့်အခါ၊ ထိုဆိုင်သည်၊ သို့တည်းမဟုတ် ထိုကုန်သွယ်အလုပ်ဌာနသည်၊ ထိုကုန်သွယ်မှုနှင့်၊ သို့တည်းမဟုတ် ထိုစီးပွါးရေးလုပ်ငန်းနှင့်စပ်လျဉ်းသမျှသာ ဤပုဒ်မခွဲ၏အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်စေရမည်။

(၂) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်သမားအား ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန အသီးသီး၌ တရက်လျှင် ရှစ်နာရီထက် ပို၍ငင်း၊ ရက်သတ္တတပတ်လျှင် လေးဆယ့်ရှစ်နာရီထက် ပို၍ငင်း အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ခြွင်းချက်။ ။သို့ရာတွင်ကုန်စည်ဝစ္စည်းစာရင်းယူသည့်၊ သို့တည်းမဟုတ်ငွေစာရင်းချုပ်သည့်၊ သို့တည်းမဟုတ် စာရင်းရှင်းလင်းသည့်၊သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အခြားလုပ်ငန်းဆောင်တာများ ဆောင်ရွက်သည့်ရက်တွင်၊ သို့တည်းမဟုတ် ရက်သတ္တပတ်တွင်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အခြားကာလ အပိုင်းအခြားများအတွင်းတွင်၊ ထိုဆိုင်၊ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနအသီးသီး၌ အလုပ်သမားတဦးဦးကို၊ ထိုဆိုင်၊ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနအသီးသီး၌၊ အဆိုပါရက်တွင် ရှစ်နာရီထက်ပို၍ငင်း၊ အဆိုပါရက်သတ္တပတ်တွင် လေးဆယ့်ရှစ်နာရီထက်ပို၍ငင်း၊ အချိန်ပိုလုပ်စေနိုင်သည်၊ သို့တည်းမဟုတ် လုပ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသူထိုကဲ့သို့ အချိန်ပို လုပ်သော နာရီ စုစုပေါင်းသည်၊ မည်သည့်နှစ်၌ မဆို ခြောက်ဆယ်ထက်မပိုစေရ။

(၃) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌ ထိန်းသိမ်းသူများ၊ သို့တည်းမဟုတ် အစောင့်များမှတပါး အခြား မည်သည့်အလုပ်သမားကိုမျှ ည၉ ကိုးနာရီခွဲအချိန်မှကျော်လွန်၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ခြွင်းချက်။ ။သို့ရာတွင် တနှစ်လျှင်အချိန်ပိုလုပ်သည့် အများဆုံးနာရီပေါင်းနှင့်စပ်လျဉ်း၍၊ ပုဒ်မခွဲ(၂)၏ ခြွင်းချက်တွင်ပါရှိသည့် ကန့်သတ်ချက်နှင့် မဆန့်ကျင်စေဘဲ၊ စာရင်းဝင်ဘဏ်၌ အလုပ်လုပ်သူများသည်၊ ညဥ့်သန်းခေါင် ဆယ့်နှစ်နာရီထိ အချိန်ပိုလုပ်နိုင်သည်။

(၄) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်သမားကို ထိုဆိုင်၊ကုန်သွယ်အလုပ်ဌာန၊ အများ ပျော်ရွှင်ရေးအလုပ်ဌာန အသီးသီးတွင် မည်သည့်ရက်၌မဆို အနည်းဆုံး နာရီဝက်မျှအနားယူရန်အားလပ်ချိန်မပေးဘဲ၊ ငါးနာရီထက်ပို၍အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၅) အများပျော်ရွှင်ရေး အလုပ်ဌာနတိုင်းကိုနံနက်တနာရီနှင့်နံနက်ကိုး နာရီစပ်ကြားပိတ်ထားရမည်။

ခြွင်းချက်။ ။သို့ရာတွင် တနင်္ဂနွေနေ့တွင် သော်ငင်း၊ အလှူပွဲ၊ရှိခမယူသော အထူးပွဲနှင့်ဆင်ဆာကိစ္စအတွက်ပွဲကိုပြသောနေ့တွင်သော်ငင်းနံနက် ခုနှစ် နာရီခွဲမှစ၍ ဖွင့်ထားနိုင်သည်။

(၆) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌ အလုပ်သမားအသီးသီးအလုပ်လုပ်သည့်ကာလ အပိုင်းအခြားများနှင့်အနားယူရန် အားလပ်ချိန်အပိုင်းအခြားများကို အလုပ်ရှင်ကစီစဉ်ရမည်။ ထိုသို့စီစဉ်ရာ၌၊ ထိုဆိုင်၊ ကုန်သွယ်အလုပ်ဌာနအသီးသီးတွင် ထိုဆိုင်၊ကုန်သွယ်

ဌာန ကာလအပိုင်းအခြားစုစုပေါင်းသည်၊ တရက်လျှင် ဆယ့်တနာရီထက် မပိုစေရ။ အများပျော်ရွှင်ရေးအလုပ်ဌာန၌မူကား၊ တရက်လျှင် ဆယ့်ခြောက်နာရီထက်မပိုစေရ။

ခြွင်းချက်။ ။သို့ရာတွင် ထိန်းသိမ်းသူများအဖြစ်ဖြင့်သော်၎င်း၊ အစောင့်များအဖြစ်ဖြင့်သော်၎င်း အလုပ်လုပ်သူတို့အတွက် အနားယူရန် အားလပ်ချိန် မပေးဘဲ နေနိုင်သည်။

ငယ်ရွယ်သူများ။

၈။ ။(၁) အသက်ဆယ့်သုံးနှစ်မပြည့်သေးသောသူကို ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၂) ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌ အသက်ဆယ့်ရှစ်နှစ် မပြည့်သေး သူအား၊ မည်သည့်အချိန်နာရီမှ ကျော်လွန်၍ အလုပ်လုပ်ခွင့်မပြုရဟု နိုင်ငံတော်သမတက အချိန်နာရီသတ်မှတ်နိုင်သည်။

အခကြေးငွေပေးခြင်း။

၉။ ။ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌၊ အလုပ်သမားအား ပေးရမည့် အခကြေးငွေအားလုံးကို၊ ထိုအခကြေးငွေပေးရမည့် လ ကုန်လွန်သည့်နောက် တဆက်တည်းဖြစ်သော ခုနစ်ရက်မြောက်နေ့ထက် နောက်မကျစေဘဲ ထုတ်ပေးရမည်။

အချိန်ပို လုပ်ရသည့် အတွက် အခပို။

၁၀။ ။ဆိုင်၌၊ သို့တည်းမဟုတ် ကုန်သွယ်အလုပ်ဌာန၌၊ သို့တည်းမဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန၌ အလုပ်သမားကို၊ ထိုဆိုင်၊ ကုန်သွယ် အလုပ်ဌာန၊ အများ ပျော်ရွှင်ရေး အလုပ်ဌာန အသီးသီးတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) ၌ သီးခြားဖော်ပြထားသော အများဆုံးကန့်သတ်ထားသည့် အလုပ် လုပ်ရသည့်နာရီထက်ပို၍အချိန်ပို လုပ်စေသည့်အခါ၊ သို့တည်းမဟုတ် လုပ်ရန် ခွင့်ပြုသည့်အခါ၊ ထိုသို့အချိန်ပိုလုပ်သည့်အလုပ်အတွက်၊ ထိုသူအား ပေးရမည့် အခကြေးငွေကို ထိုသူအား ပေးရမည့် သာမန် အခကြေးငွေနှုန်း၏နှစ်ဆထား၍ တွက်ချက်ရမည်။ ထို့ပြင် ထိုသာမန်အခကြေးငွေနှုန်းများကိုလည်းပြဋ္ဌာန်းသည့်နည်းလမ်းအတိုင်း တွက်ချက်ရမည်။

ဤပုဒ်မအလို့ငှါ "အခကြေးငွေများ" ဆိုသည်မှာ၊ မည်သည့်စရိတ်မျှမပါသောအခသက်သက်ကိုသာဆိုလိုသည်။

မှတ်တမ်းများ၊ မှတ်ပုံစာအုပ် များနှင့်နို့တစ်စာ များ ထားရှိခြင်း။

၁၁။ ။ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်တိုင်းသည်ပြဋ္ဌာန်းသည့် မှတ်တမ်း များနှင့် မှတ်ပုံစာအုပ် များကို ထားရှိရမည့်ပြင်၊ ပြဋ္ဌာန်းသည့် နို့တစ်စာကိုလည်း မြင်သာအောင်ပြထားရမည်။

**အင်စပက်တော်။**

၁၂။ ။(၁) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မိမိသင့်တော်သည်ထင်မြင်သူကို၊ ဤအက်ဥပဒေအလို့ငှါ၊ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။ ၎င်းပြင်ထိုသူအတွက် မိမိသင့်တော်သည်ထင်မြင်သည့်နယ်နိမိတ်ကိုသတ်မှတ်ပေးနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မိမိသင့်တော်သည်ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည်ဤအက်ဥပဒေအရအင်စပက်တော်ချုပ်အား အပ်နှင်းသည့် အာဏာများအပြင်၊ပြည်ထောင်စု မြန်မာနိုင်ငံတဝန်းလုံးတွင်အင်စပက်တော်၏အာဏာများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ(၁)နှင့်(၂)အရအင်စပက်တော်ချုပ်နှင့် အင်စပက်တော်အသီးသီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည့်အပြင်၊ ရာထူးနှင့်စပ်လျဉ်း၍လည်း ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတက သီးခြားဖေါ်ပြထားရာ အာဏာပိုင်လက်အောက်ဖြစ်ရမည်။

**အင်စပက်တော် ၏ အာဏာ။**

၁၃။ ။ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတကပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ပုဒ်မ ၁၂ အရ ခန့်ထားသည့်အင်စပက်တော်သည်၊ မိမိအားခန့်ထားရာဖြစ်သောနယ်နိမိတ်အတွင်းတွင်၊ဆိုင်သော်၎င်း၊ ကုန်သွယ်အရာင်းဌာနသော်၎င်း၊အများပျော်ရွှင်ရေးအလုပ်ဌာနသော်၎င်းဖြစ်သည်၊ သို့တည်းမဟုတ် ဖြစ်သည်ဟုမိမိယုံကြည်ရန် အကြောင်းရှိသည့် နေရာသို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှုထမ်းများဖြစ်ကြသောသူများရှိလျှင်၊ ထိုသူများ၏အကူအညီဖြင့် သင့်လျော်သည့် အချိန်အခါ၌ ဤအက်ဥပဒေပါကိစ္စများအလို့ငှါဝင်ရောက်၍၊ ထိုနေရာကို၎င်း၊ထိုနေရာတွင် ထားရှိသော ပြဋ္ဌာန်းသည့်မှတ်တမ်း၊ သို့တည်းမဟုတ် မှတ်ပုံ စာအုပ်၊ သို့တည်းမဟုတ် နို့တစ်စာကို၎င်း၊ပြဋ္ဌာန်းသည့် အပိုင်း ကြည့်ရှုစစ်ဆေးရမည့်ပြင်၊ပြဋ္ဌာန်းသည့်မှတ်တမ်း၊ သို့တည်းမဟုတ် မှတ်ပုံ စာအုပ်ကို၊ သို့တည်းမဟုတ် နို့တစ်စာကို ရှင်းလင်း ဖေါ်ပြစေခြင်းနှင့် အခြားစုံစမ်း မေးမြန်းမှုများကိုလည်း ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ လိုအပ်သည်ဟု မိမိထင်မြင်သည့်အတိုင်းပြုနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင်ရာဇဝတ်ပြစ်ဒဏ်မိမိအားထိုက်သင့်စေနိုင်သည့် အဖြေကိုပေးရမည်ဟူ၍သော်၎င်း၊ရာဇဝတ်ပြစ်ဒဏ်မိမိအားထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကိုထွက်ဆိုရမည်ဟူ၍သော်၎င်း၊ မည်သူ့ကိုမျှ ဤပုဒ်မအရတောင်းဆိုပိုင်ခွင့် မရှိစေရ။

**ပြစ်ဒဏ်များ။**

၁၄။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို ဆန့်ကျင်သူမည်သူမဆို၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဝါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ(၁) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူး သူသည်၊ ယခင်ကဆန့်ကျင်ခဲ့သောပြဋ္ဌာန်းချက်ကိုနောက်ထပ် ဆန့်ကျင်သည့်ပြစ်မှုအတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုသူသည် နောက်ထပ်ပြစ်ဒဏ် စီရင်ခြင်းခံရသောအခါ၊

ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးနှစ်ရာမှ အများဆုံး တထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

သို့ရာတွင် ဤပုဒ်မအရပြစ်ဒဏ်စီရင်ရန်အလို့ငှါ နှစ်နှစ်ကျော်က ထိုသူအပေါ်တွင်ချမှတ်သည့်ပြစ်ဒဏ်ကိုထည့်သွင်းအရေးမယူရ၊

(၃) မည်သူမဆို ဤအက်ဥပဒေအရအပ်နှင်းထားသည့် အာဏာကိုသုံးစွဲနေသောအင်စပက်တော်ကိုတမင်ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာချုပ် စာတမ်းများကို ထုတ်ပြရန် အင်စပက်တော်ကတောင်းဆိုသည့် အခါထုတ်ပြရန်ပျက်ကွက်လျှင်သော်၎င်း၊ ဆိုင်၌ဖြစ်စေ၊ ကုန်သွယ်အလုပ်ဌာန၌ဖြစ်စေ၊အများပျော်ရွှင်ရေး အလုပ်ဌာန၌ဖြစ်စေရှိသော အလုပ်သမားတဦးဦးကို အင်စပက်တော်ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ်အဆေးခံခြင်းမပြုနိုင်အောင် ဟန့်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်၎င်း၊ထိုသူသည် သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၅။ ကျင့်ထုံး။ ။(၁) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတခုခုကို ပဥ္စမကန်းရာဇဝတ် တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှစစ်ဆေးခြင်းမပြုရ။

(၂) မည်သည့်တရားရုံးမှာမျှ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုကို၊ ပုဒ်မ ၁၂ အရ ခန့်ထားသော အင်စပက်တော်က တိုင်တန်းသည့်အခါတွင်မှတပါး၊ အရေးယူပိုင်ခွင့်မရှိစေရ။

၁၆။ မည်သူသည် အလုပ်ရှင်ဖြစ်ကြောင်းဆုံးဖြတ်ချက်။ ။(၁) အလုပ်ရှင်သည် ဘက်စပ်လုပ်ငန်း၊သို့တည်းမဟုတ်သီးခြားပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင်ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက်မည်သူ့ကိုမဆို အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ဤအက်ဥပဒေအရတရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးဦးကို ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီး ဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့ကအင်စပက်တော်အားနို့တစ်စာပေးပို့နိုင်သည်။ထို့ပြင်ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံးမိမိအားအမည်တင်သွင်းခြင်းကိုပယ်ဖျက်သည့်နောက်ထပ်နို့တစ်စာကိုအင်စပက်တော်ကမရမီသော်၎င်း၊ မိမိသည်ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများအနက် မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကိုယ်ပိုင်ကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်

အစုပါဝင်သူကိုမဆို အလုပ်ရှင်အားပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ်စီရင်စေနိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သည့်အစုပါဝင်သူတဦးကိုသော်၎င်း၊ဤအက်ဥပဒေပါကိစ္စများအလို့ငှါအလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်းဖြင့်အင်စပက်တော်အား နို့တစ်စာပေးနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊သို့တည်းမဟုတ် အစုပါဝင်သူသည် ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး၊ မိမိအားအမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့်နောက်ထပ် နို့တစ်စာကိုအင်စပက်တော်က ရရှိသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမိသော်၎င်း၊ ဤအက်ဥပဒေများပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍မှတ်ယူရမည်။

[illegible]ငြိမ်းခွင့်။

၁၇။ ။သဘောရိုးဖြင့်၊ ဤအက်ဥပဒေအရ သော်၎င်း၊ နည်းဥပဒေများအရ သော်၎င်း ပြုသည့်၊ သို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့် ကိစ္စအတွက် မည်သူကိုမှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

အချို့ အခွင့်အရေးများနှင့် အထူး အခွင့်အရေး ဆိုင်ရာ ခြွင်းချက်။

၁၈။ ။ဆိုင်၌ဖြစ်စေ၊ ကုန်သွယ် အလုပ်ဌာန၌ဖြစ်စေ၊ အများပျော်ရွှင်ရေး အလုပ်ဌာန၌ ဖြစ်စေ၊ အလုပ် သမားများ၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့၌၊ တည်ဆဲဖြစ်သော အခြား တရား ဥပဒေအရ သော်၎င်း၊ ပဋိညာဉ်အရသော်၎င်း၊ ထိုနေ့တွင် တည်ဆဲဖြစ်သော ဓလေ့ထုံးစံအရသော်၎င်း၊ခံစားခွင့်ရှိသော အခွင့်အရေးသည်၊ သို့တည်းမဟုတ် အထူး အခွင့် အရေးသည်၊ ဤအက်ဥပဒေဖြင့် ယင်းသူအား အပ်နှင်းသောအခွင့်အရေးထက်၊သို့တည်းမဟုတ် အထူး အခွင့်အရေးထက် သာလျှင်၊ခံစားရင်းဖြစ်သော အခွင့်အရေးကို၊ သို့တည်းမဟုတ် အထူးအခွင့်အရေးကို ဤအက်ဥပဒေက မထိခိုက်စေရ။

နည်းဥပဒေများ ပြုရန် အာဏာ။

၁၉။ ။(၁) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊နည်းဥပဒေများကိုကြိုတင် ထုတ်ပြန်ပြီးနောက်ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အထူးအားဖြင့် အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများ အတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (၃) အရ အမိန့်ကြော်ငြာစာဖြင့် ကျေညာရမည် ဖြစ်သော အလုပ်ပိတ်ရက်များ နှင့် အခြားအခါသမယများ။

(ခ) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများတွင်၊ အလုပ်သမားများက အချိန်ပို၍ဖြစ်စေ၊ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်း

ထားသည့် အကန့်အသတ်ထက် ပို၍ဖြစ်စေ လုပ်နိုင်သော လုပ်ငန်းဆောင်တာများနှင့် အချိန်ကာလ အပိုင်းအခြားများ။

(ဂ) ပုဒ်မ ၁၀ ဝါ ကိစ္စများအလို့ငှါ၊ သာမန်အခကြေးငွေနှုန်းများကိုတွက်ချက်ရန်နည်းလမ်း။

(ဃ) ပုဒ်မ ၁၁ အရ၊ အလုပ်ရှင်က ထားရှိရမည့် မှတ်တမ်းများနှင့်မှတ်ပုံ စာအုပ်များ၊ ထို့ပြင် မြင်သာအောင် ပြထားရမည့်နို့တစ်စာများ။

(င) ပုဒ်မ ၁၂ အရ၊ အင်စပက်တော်များကို ခန့်ထားရန်နည်းလမ်းနှင့် ထိုပုဂ္ဂိုလ်များ၏ အရည်အချင်းများ။

(စ) ပုဒ်မ ၁၂ အရ ခန့်ထားသောအင်စပက်တော်များက၊ ပုဒ်မ ၁၃ အရ အပ်နှင်းသော အာဏာများကို သုံးစွဲရန်နည်းလမ်း။

G.U.B.C.P.O.—No. 76, M. of J.A., 10-1-52—2,000—II

The Nationalization of the Insurance Companies Act 1951
(Act No. LX of 1951)

# ၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ ဖွဲ့စည်းတည်ထောင်၍မှတ်ပုံစာရင်းတင်သွင်းပြီးလျှင် အသက်အာမခံကုမ္ပဏီ အက်ဥပဒေ (Life Insurance Companies Act) အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင် အသက်အာမခံအလုပ်များကို လုပ်ကိုင်လျက်ရှိသော လီမိတက်ကုမ္ပဏီများနှင့် အထွေထွေအာမခံလုပ်ငန်းများကို လုပ်ကိုင်နေသောအခြားကုမ္ပဏီများကိုဆိုလိုသည်။

(ခ) "အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစီနစ်အဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအာမခံစီနစ်အဖွဲ့ကိုဆိုလိုသည်။

၃။ ။(၁) နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသော ကုမ္ပဏီကို သီးခြားဖေါ်ပြသောနေ့ရက်တွင် နိုင်ငံပိုင်အဖြစ်ဖြင့်သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူသည့်အခါ၊ ထိုကုမ္ပဏီရှိဌာနများကို တဌာနပြီးတဌာနခွဲ၍ ထိုဌာနဆိုင်ရာပစ္စည်းအရပ်ရပ်နှင့်တကွ အကြိမ်ကြိမ်သော်၎င်း၊ သိမ်းယူနိုင်သည်။ သို့တည်းမဟုတ် ထိုကုမ္ပဏီတခုလုံးကို ဆိုင်ရာပစ္စည်းအရပ်ရပ်နှင့်တကွ တကြိမ်တည်းသော်၎င်း သိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သိမ်းယူသောအခါ ထိုကုမ္ပဏီနှင့် ထိုကုမ္ပဏီဆိုင်ရာပစ္စည်းအရပ်ရပ်သည်၊ သို့တည်းမဟုတ် ကုမ္ပဏီထံမှသိမ်းယူသောဌာနနှင့်ထိုဌာနဆိုင်ရာပစ္စည်းအရပ်ရပ်သည် အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသော နေ့မှအစပြု၍အဖွဲ့ပိုင်ဖြစ်ရမည်။

၄။ ။(၁) ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသောနေ့မှ အစပြု၍ သိမ်းယူသည့်ဌာနသည်၊ သို့တည်းမဟုတ် ကုမ္ပဏီသည် အဖွဲ့၏အုပ်ချုပ်စီမံမှုအောက်သို့ ရောက်ရှိလာရမည်။ ထိုဌာန၏၊ သို့တည်းမဟုတ် ကုမ္ပဏီ၏ရာထမ်းမှုထမ်းအားလုံးသည်လည်း၊ အဖွဲ့၏ရာထမ်းမှုထမ်းများဖြစ်ကြရမည်။

သို့ရာတွင် ထိုရာထမ်းမှုထမ်းများ၏ ရာထူးအဆင့်အတန်း၊ လစာနှင့်စရိတ်ကြေးငွေများသည်၊ အဖွဲ့ကသတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၂) ပုဒ်မ ၃ (၁) အရ၊ ကုမ္ပဏီ၏ဌာနများထဲမှ ဌာနတခုသာစတင်သိမ်းယူသောအခါ၊ ထိုဌာနဆိုင်ရာအဖွဲ့၏ရာထမ်းမှုထမ်းများသည်မသိမ်းယူသေးဘဲကျန်နေသောဌာနများအတွက် အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

Price.—One anna.]

၅။ ။(၁) ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသည့်အတွက်၊ ဆိုင်ရာကုမ္ပဏီကိုအစိုးရက တရားမျှတသောလျော်ကြေးပေးရမည်။ ထိုတရားမျှတသော လျော်ကြေးသည် ယင်းသို့သိမ်းယူသောနေ့၌ သိမ်းယူသော ပစ္စည်းအရပ်ရပ်၏ ကာလတန်ဘိုးဖြစ်ရမည်။ ထိုကာလတန်ဘိုးကို အဖွဲ့နှင့်ကုမ္ပဏီနှစ်ဦးသဘောတူ ရွေးချယ်သည့်အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary)က ဆုံးဖြတ်ရမည်။ အကယ်၍၊ ယင်းသို့ရွေးချယ်ရာတွင် အဖွဲ့နှင့် ကုမ္ပဏီတို့သဘောဟူညီချက်မရရှိလျှင်၊ နိုင်ငံတော်သမတရွေးချယ်သည့် အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary)က ထိုကာလတန်ဘိုးကို ဆုံးဖြတ်ရမည်။

(၂) ပုဒ်မခွဲ(၁)အရ ရွေးချယ်ခြင်း ခံရသည့် အာမခံစာရင်းအင်းကျွမ်းကျင်သူ(actuary)၏အခကို အစိုးရနှင့် ကုမ္ပဏီတို့က ထက်ဝက်စီပေးရမည်။

၆။ ။အဆိုပါကာလတန်ဘိုးကို အစိုးရကသင့်တော်သည်ဟု သတ်မှတ်သောနည်းလမ်းအတိုင်း ဆိုင်ရာကုမ္ပဏီအား အစိုးရကပေးရမည်။

၇။ ။(၁) ပုဒ်မ ၅ အရ ဆုံးဖြတ်သောကာလတန်ဘိုးကို အစိုးရကသော်၎င်း၊ ကုမ္ပဏီကသော်၎င်း သဘောမတူခဲ့သော်၊ နိုင်ငံတော်သမတကခန့်ထားသည့် ပုဂ္ဂိုလ်သုံးဦးပါဝင်သောခုံအဖွဲ့က ထိုကာလတန်ဘိုးကို ဆုံးဖြတ်ရမည်။

(၂) ထိုခုံအဖွဲ့တွင်လွှတ်တော်တရားဝန်ကြီးတဦးက ဥက္ကဋ္ဌအဖြစ်ဖြင့်ဆောင်ရွက်၍ကျန်နှစ်ဦးအနက်၊ ၎င်းမှာ ပုဒ်မ ၅ အရကာလတန်ဘိုးဆုံးဖြတ်သူမဟုတ်သည့်အရည်အချင်းနှင့်ပြည့်စုံသောအာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary)တဦးဖြစ်ရမည်။

(၃) ၁၉၅၀ ခုနှစ်၊စုံစမ်းရေးကော်မီတီများအက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များသည် ထိုအက်ဥပဒေပုဒ်မ ၂ တွင် ရည်ညွှန်းထားသည့်စုံစမ်းရေးကော်မီတီနှင့်သက်ဆိုင်သကဲ့သို့ထိုခုံအဖွဲ့နှင့်သက်ဆိုင်ရမည်။

(၄) ထိုခုံအဖွဲ့ဝင်များထင်မြင်ယူဆချက်ကွဲလွဲသည့်အခါ အဖွဲ့ဝင်များအနက်တို့၏ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၅) ထိုခုံအဖွဲ့ဝင်သုံးဦးထဲမှတဦးတယောက်သည် အကြောင်းတခုခုကြောင့်၊ ခုံအဖွဲ့၏တာဝန်များကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်သော်၊ ထိုတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ရန် အခြားသင့်တော်သောပုဂ္ဂိုလ်တဦးကို နိုင်ငံတော်သမတကခန့်ရမည်။ ယင်းသို့ခန့်ခြင်းဖြင့်၊ ခုံအဖွဲ့လုပ်ခဲ့ပြီးသော အလုပ်များကို ထိခိုက်ခြင်းမရှိဘဲ ခုံအဖွဲ့သည် စတင်ဖွဲ့စည်းစဉ်ကပင် ထိုသူအား ခုံအဖွဲ့ဝင်ခန့်ဘိသကဲ့သို့ ဆက်လက်၍ ဆောင်ရွက်နိုင်သည်။

(၆) ခုံအဖွဲ့တွင် ပါဝင်ဆောင်ရွက်သော အာမခံစာရင်းအင်းကျွမ်းကျင်သူ(actuary)နှင့်ပြည်ထောင်စုဘဏ္ဍာတော်မှ လစာခံယူနေသည့်သူမဟုတ်သောခုံအဖွဲ့ဝင်တဦးတယောက်၏အခကို၊အစိုးရနှင့်ကုမ္ပဏီတို့ကထက်ဝက်စီပေးရမည်။

၈။ ။တရားမျှတသော လျော်ကြေးနှင့်စပ်လျဉ်း၍ ခုံအဖွဲ့ကချမှတ်သောဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ အစိုးရသည်၊ သို့တည်းမဟုတ် ဆိုင်ရာကုမ္ပဏီသည်၊ တရားလွှတ်တော်ချုပ်သို့အယူခံနိုင်သည်။

G U.B.C.P.O.—No. 74, M. of J.A., 5-1-52—2,000—II,

The National Fitness Council (Amendment) Act 1951 (Act No. LXI of 1951)

# ၅၁ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၁။]

၁။ ။ဤအက်ဥပဒေကို ''၁၉၅၁ ခုနှစ်၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေ'' ဟုခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေ၏ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၃၄) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) တွင် ''အမျိုးသားကောင်စီတွင်၊ ကျန်းမာရေးဝန်ကြီးနှင့် အခြားလူကြီးဆယ်ဦး ပါဝင်ရမည်။'' ဆိုသည့်စကားရပ် အစား ''အမျိုးသားကောင်စီတွင်၊ ကျန်းမာရေးဝန်ကြီးနှင့် အခြားလူကြီးတဆယ့်ငါးဦးဝါဝင်ရမည်။'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 73, M. of J.A., 17-12-51—2,000—II.
**Price —One anna.]**

The Constitution (Amendment) Act 1951
(Act No. LXII of 1951)

# ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန် အက်ဥပဒေ။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေ၏ ပုဒ်မ ၃ နှင့် ၇ မှတပါး၊ အခြား ပုဒ်မအားလုံးသည်၊ ဤအက်ဥပဒေကို ထုတ်ပြန် သောနေ့၌ စတင်အာဏာ တည်ရမည်။ အဆိုပါ ပုဒ်မ ၃ နှင့် ၇ သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃၃ အရ ပဉ္စမ အမတ် ရွေးကောက်ပွဲကျင်းပပြီးလျှင်၊ ဖွဲ့စည်းသော ပါလီမန်ကို ဖျက်သိမ်းသောနေ့၌ စတင်အာဏာတည်ရမည်။

၂။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၈ တွင် "ပုဒ်မ ၁၈၀" ဆိုသည့်စကားရပ်အစား "ပုဒ်မ ၁၈၀ နှင့် ၁၈၁" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၈၃ ပုဒ်မခွဲ(၁) တွင် နောက်ဆုံးဝါကျကိုပယ်ဖျက်ရမည်။

၄။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၀ နှင့် ၁၈၁ အစား အောက်ပါပြဋ္ဌာန်းချက်များကိုထည့်သွင်းရမည်။

"၁၈၀။ ။(၁) သံလွင်ခရိုင်ဟု ယခင်ကခေါ်တွင်ခဲ့သော နယ်မြေကို ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင်၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ်ဖြင့် ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်ကို ဤမှ နောင်အခါတွင် 'ကရင်ပြည်နယ်' ဟု ခေါ်တွင်စေရမည်။ ပါလီမန်၏ အက်ဥပဒေဖြင့် သတ်မှတ်သော ကရင်အမျိုးသားများနေထိုင်ကြသည့် သံလွင်ခရိုင်၏ ဆက်စပ်ဒေသများသည် လည်း၊ ထိုပြည်နယ်တွင်ပါဝင်ရမည်။

(၂) ပါလီမန်၏ ကရင်ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံး ပါဝင်သည့် ကရင်ပြည်နယ်ကောင်စီကိုဖွဲ့စည်းရမည်။

(၃) ပါလီမန်အမတ်အဖြစ်မှရပ်စဲသော ပြည်နယ်ကောင်စီအမတ်သည်၊ ကောင်စီ၌လည်း ကောင်စီအမတ်အဖြစ်မှ ရပ်စဲသည်ဟုမှတ်ယူရမည်။ သို့ရာတွင် ထိုကောင်စီအမတ်သည်၊ မိမိအား ဆက်ခံမည့်သူကို ရွေးကောက် တင်မြှောက်ပြီးသည့်တိုင်အောင်၊ မိမိ၏ တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

(၄) ပြည်နယ်ကောင်စီသည်၊ မိမိကိုယ်တိုင် ဥပဒေပြုပိုင်ခွင့်မရှိသော ကိစ္စနှင့်သက်ဆိုင်သည့် ဥပဒေများကိုပြုရေးရန်၊ ပါလီမန်သို့ ထောက်ခံချက်တင်သွင်းနိုင်သည်။

Price,— Annas 2.]

(၅) ပြည်နယ်ကောင်စီသည်၊ ဥပဒေကြမ်းတခုကို အတည်ပြုပြီးသော အခါ၊ ထိုဥပဒေကြမ်းကိုလက်မှတ်ထိုး၍ ထုတ်ပြန်ကြေညာပေးရန် နိုင်ငံတော်သမတထံသို့ တင်သွင်းရမည်။ နိုင်ငံတော်သမတသည်၊ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (၆) အရ၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို မေးမြန်း တောင်းဆိုခြင်း မပြုလျှင်၊ ထိုဥပဒေကြမ်းကို တင်သွင်းသည့်မှစ၍ တလအတွင်းတွင် လက်မှတ်ထိုးရမည်။

(၆) နိုင်ငံတော်သမတထံသို့ ပုဒ်မခွဲ (၅) အရ တင်သွင်းသောဥပဒေကြမ်းသည်၊သို့တည်းမဟုတ်ဥပဒေကြမ်း၏ တစိတ်တဒေသသည်၊ အခြေခံဥပဒေနှင့်ဆန့်ကျင်သည်မဆန့်ကျင်သည်ဟူသောပြဿနာကိုဆုံးဖြတ်ပေးရန်၊နိုင်ငံတော်သမတသည်၊မိမိ၏သဘောအတိုင်း တရားလွှတ်တော်ချုပ်သို့ ထိုဥပဒေကြမ်းကိုလွှဲအပ်နိုင်သည်။

(၇) လွှတ်တော်ချုပ် တရားဝန်ကြီးသုံးဦးအောက် မနည်းပါဝင်သော ခုံတော်သည်၊ လွှဲအပ်သောပြဿနာကိုစဉ်းစားရမည်။ လွှဲအပ်သောပြဿနာကို သင့်မြတ်လျော်ကန်သည်ဟု ထင်မြင်သည့်အတိုင်း၊ ကြားနာစစ်ဆေး စဉ်းစားပြီးသောအခါ၊ ထိုပြဿနာနှင့် စပ်လျဉ်း၍ လွှဲအပ်ပြီးသည်နောက်၊ ရက်ပေါင်း ၃၀ အောက် နောက်မကျစေဘဲ၊ မိမိတို့၏ ဆုံးဖြတ်ချက်ကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ တရားရုံးတွင် အထင်အရှားကြေညာရမည်။ ပုဒ်မခွဲ (၆) ၏ကိစ္စများအလို့ငှါ၊ တရားဝန်ကြီးများရာ၏ ဆုံးဖြတ်ချက်သည် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၈) ပုဒ်မခွဲ (၆) အရ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သော ဥပဒေကြမ်းရှိ ပြဋ္ဌာန်းချက်သည်၊ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု တရားလွှတ်တော်ချုပ်က ဆုံးဖြတ်သောကိစ္စတိုင်း၌၊ နိုင်ငံတော်သမတသည်၊ထိုဥပဒေကြမ်းကို ပြန်လည်စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ပြန်ပို့ရမည်။ ပြည်နယ်ကောင်စီက လိုအပ်သောပြင်ဆင်ချက်များကိုမပြုလျှင်၊ နိုင်ငံတော်သမတသည်၊ ထိုဥပဒေကြမ်းကို လက်မှတ်မထိုးဘဲငြင်းဆိုရမည်။

(၉) ထိုသို့ငြင်းဆိုဘွယ်မရှိလျှင်၊ နိုင်ငံတော်သမတသည်၊ တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ကို ထုတ်ဖေါ် ကြေညာပြီးသည့်နောက်၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ ထိုဥပဒေကြမ်းကို လက်မှတ်ထိုး၍ အက်ဥပဒေဖြစ်လာကြောင်း ထုတ်ပြန်ကြေညာရမည်။

(၁၀) ပုဒ်မခွဲ (၅) အရ တင်သွင်းသောဥပဒေကြမ်းကို တရားလွှတ်တော်ချုပ်သို့ မလွှဲမအပ်ဘဲနှင့် ဖြစ်စေ၊လွှဲအပ်ပြီးမှဖြစ်စေ၊ နိုင်ငံတော်သမတက လက်မှတ်ထိုးပြီးခဲ့လျှင်၊ပြည်နယ်ကောင်စီက ပြုပိုင်ခွင့်မရှိဟူသော အကြောင်းပြချက်ဖြင့် ထိုဥပဒေကြမ်းရှိ ပြဋ္ဌာန်းချက်သည်မခိုင်လုံဟုငြင်းဆိုခြင်းမပြုရ။

(၁၁) နိုင်ငံတော်သမတ လက်မှတ်ထိုးသော ပြည်နယ်ကောင်စီ အက်ဥပဒေ စာမူတိုင်းကို တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံး၌

မော်ကွန်းတင်ရမည်။ မိတ္တူတိုင်းထိုလည်း၊ ကရင်ပြည်နယ်ဝန်ကြီး ရုံး၌ မော်ကွန်းတင်ရမည်။

(၁၂) ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အခါကာလအားလျော်စွာ ပြည်နယ် ကောင်စီကိုဆင့်ခေါ်နိုင်သည်၊ ရုပ်သိမ်းနိုင်သည်။

သို့ရာတွင် ပြည်နယ်ကောင်စီ၏ညီလာခံကို နှစ်စဉ်တနှစ်လျှင် အနည်းဆုံး တကြိမ် ကျင်းပရမည်။ ထိုသို့ကျင်းပသော အခါ၊ ပြည်နယ် ကောင်စီညီလာခံတခု၏ နောက်ဆုံးအစည်းအဝေးနှင့် နောက် ထပ်ကျင်းပသော ပြည်နယ်ကောင်စီညီလာခံ၏ ပဌမအစည်း အဝေးတို့၏အကြားတွင် ၁၂ လခြားမနေစေရ။

## ကရင်ပြည်နယ်အစိုးရ။

၁၀၁။ ။(၁) ဝန်ကြီးချုပ်သည်၊ ကရင်ပြည်နယ်ကောင်စီနှင့် ညှိနှိုင်း တိုင်ပင်၍၊ ထိုကောင်စီအဖွဲ့ဝင်များအနက်၊ အမတ်တဦးဦး၏ အမည်ကို တင်သွင်းသော အခါ၊ ထိုသို့အမည်တင်သွင်းခြင်းခံရ သောအမတ်ကို နိုင်ငံတော်သမတသည်၊ အောက်တွင် 'ကရင် ပြည်နယ်ဝန်ကြီး' ဟုခေါ်တွင်ရမည်ဖြစ်သော၊ ပြည်ထောင်စု အစိုးရ အဖွဲ့ဝင်ဝန်ကြီးအဖြစ်ဖြင့် ခန့်ထားရမည်။ ထိုသို့ခန့်ထား ခြင်းခံရသောဝန်ကြီးသည်၊ အခြေခံ ဥပဒေ၏ ကိစ္စများအတွက် ကရင်ပြည်နယ် ဥက္ကဋ္ဌထည်းဖြစ်ရမည်။

(၂) ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ကရင်ပြည်နယ် စီရင်အုပ်ချုပ်ရေးကိစ္စ ကိုတာဝန်ယူ၍ဆောင်ရွက်ရမည်၊ ဆိုလိုရင်းမှာ၊ ကရင်ပြည်နယ် ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ လက်အောက်ခံ အရာရှိများမှ တဆင့်ဖြစ်စေ၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာကို သုံးစွဲနိုင် ရမည်။

(၃) ပုဒ်မခွဲ (၄) ရှိပြဋ္ဌာန်းချက်များ၏ယေဘုယျသဘောကိုမထိခိုက်စေ ဘဲ၊ ဆိုခဲ့သောအုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်အုပ်ချုပ် ရေးဆိုင်ရာ ရာထမ်း မှုထမ်းများ ခန့်ထားခြင်း၊ နေရာချခြင်း၊ ရွှေ့ပြောင်းပေးခြင်း၊ ထိုရာထမ်းမှုထမ်းများစည်းကမ်းသေဝင်ခြင်း ကိစ္စအားလုံးသို့ သက်ရောက်ပြန့်နှံ့ရမည်။

(၄) အခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်၏ အုပ်ချုပ်မှု အခွင့်အာဏာသည်၊ ပြည်နယ်ကောင်စီက တရား ဥပဒေပြုပိုင်သော ကိစ္စများသို့သက်ရောက်ပြန့်နှံ့သည်။ အုပ်ချုပ် မှုအခွင့်အာဏာကိုသုံးစွဲရာတွင်၊ ပြည်နယ်ဥက္ကဋ္ဌသည် ကောင်စီ ၏ဆုံးဖြတ်ချက်ကိုလိုက်နာရမည်။

(၅) ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင် ပြည်နယ် ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရမည်။

(၆) ကရင်ပြည်နယ်ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ထင်မြင်ချက်များ ကိုပြည်နယ်ဥက္ကဋ္ဌထံသို့ တင်ပြရာတွင် လွယ်ကူစိမ့်သောငှါ၊ ပြည်နယ်ကောင်စီသည် ရွေးကောက်ပွဲပြီးသည်နောက်၊ ပဌမ

အကြိမ် ကျင်းပသော အစည်းအဝေးတွင်၊ ကောင်စီ အမတ်များထဲမှသော်၎င်း၊ ကောင်စီအမတ်မဟုတ်သူများထဲမှ သော်၎င်း ရွေးချယ်၍ ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုအစိုးရအဖွဲ့သည်၊ ပြည်နယ်ဥက္ကဋ္ဌကို၊ အလုပ်ဝတ္တရားများဆောင်ရွက်ရာတွင် ကူညီရန်၊ အကြံပေးရန်ဖြစ်သည်။

(၇) ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီ၏သာမန်ညီလာခံ ကျင်းမသောအခါများ၌၊ မိမိဆောင်ရွက် ခဲ့သော လုပ်ငန်းဆောင်တာအကြောင်းကို ပြောကြားရမည်၊ သို့တည်းမဟုတ်ပြောကြားစေရမည်၊ကရင်ပြည်နယ်ကိစ္စအားလုံးနှင့်သက်ဆိုင်သော အစီရင်ခံစာကိုတင်သွင်းရမည်၊ သို့တည်းမဟုတ် တင်သွင်းစေရမည်။ ပြည်နယ်၏အကျိုးစီးပွါးတိုးတက်ရာတိုးတက်ကြောင်း ဖြစ်သည်ဟုထင်မြင်ယူဆသော စီမံချက်များကို စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီအား ဒထာက်ခံအကြံပေးရမည်။

(၈) ပြည်နယ်ဥက္ကဋ္ဌသည်၊ ဘဏ္ဍာတော်နှစ်တိုင်း တနှစ်အတွက် ပြည်နယ်ဆိုင်ရာအရ မှန်းခြေငွေစာရင်းနှင့် အသုံးမှန်းခြေငွေစာရင်းများကိုပြုရမည်၊ သို့တည်းမဟုတ်ပြုစေရမည်။ ထိုငွေစာရင်းများကိုစဉ်းစားဆွေးနွေးစေရန်၊ပြည်နယ်ကောင်စီသို့တင်သွင်းရမည်၊ သို့တည်းမဟုတ် တင်သွင်းစေရမည်။

(၉) ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရကသတ်မှတ်သောစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည် ပြည်နယ်၏ဘတ်ဂျက်ကို လက်ခံအတည်ပြုနိုင်ရန် အာဏာရှိရမည်၊ ထိုစည်းကမ်းချက်များအတိုင်း၊ ပြည်နယ်ကောင်စီက ကျေနပ်စွာ လိုက်နာကြောင်း၊ နိုင်ငံတော်သမတအား၊ ကျေနပ်နိုင်စေရန် ပြည်နယ်၏ ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်တွင်ထည့်သွင်းဖေါ်ပြရမည်။

(၁၀) ဤအခြေခံဥပဒေ၏ အခန်း ၁၀ ရှိပြဋ္ဌာန်းချက်များသည် ကရင်ပြည်နယ်နှင့်မသက်ဆိုင်စေရ။

(၁၁) အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်ဥက္ကဋ္ဌ၊ ပြည်နယ်ကောင်စီ၊ပြည်နယ်အစိုးရအဖွဲ့တို့၏ အာဏာနှင့်တာဝန် ဝတ္တရားများဆိုင်ရာကိစ္စများ၊ ထို့ပြင် ထိုဥက္ကဋ္ဌ၊ ထိုကောင်စီ၊ ထိုအစိုးရအဖွဲ့တို့အချင်းချင်းဆက်ဆံရေးကိစ္စများ၊ ထို့ပြင် ထိုဥက္ကဋ္ဌ၊ ထိုကောင်စီ၊ ထိုအစိုးရအဖွဲ့တို့နှင့် ပြည်ထောင်စုအစိုးရ၏ ဆက်ဆံရေး ကိစ္စများပါဝင်သော ပြည်နယ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စအားလုံးကို တရားဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၃၃ အရ၊ ပဌမ အမတ်ရွေးကောက်ပွဲကျင်းပပြီးလျှင် ဖွဲ့စည်းသောပါလီမန်ကို ဖျက်သိမ်းသောနေ့အထိ၊ကရင်ပြည်နယ်ကောင်စီကို၊ပါလီမန်

ရှိကရင်အမျိုးသားများ၏ ကိုယ်စားလှယ် အမတ်အားလုံးဖြင့် ဖွဲ့စည်းရမည်။"

၅။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၅ ကိုပယ်ဖျက်ရမည်။

၆။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀၉၊ ပုဒ်မခွဲ (၅) တွင်ပါရှိသော "ကရင်အမျိုးသားများအား၊ သို့တည်းမဟုတ်" ဆိုသည့်စကားရပ် ကို ပယ်ဖျက်ရမည်။

၇။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ၏ ဒုတိယ ဇယားတွင်—

(က) အပိုဒ် (င) အစား၊ အောက်ပါ အပိုဒ်ကို ထည့်သွင်းရမည်။
"(င) တဆယ့်ငါး နေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။"

(ခ) အပိုဒ် (စ) တွင် "ငါးဆယ့်သုံးနေရာကို" ဆိုသည့် စကားရပ် အစား၊ "ခြောက်ဆယ့် နှစ် နေရာကို" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတွင် "ကရင်နီပြည်နယ်" ဆိုသည့်စကားရပ် ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား "ကယားပြည်နယ်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

## THE CONSTITUTION AMENDMENT ACT, 1951.

[ACT NO. LXII OF 1951.]

*An Act to amend the Constitution of the Union of Burma.*

It is hereby enacted as follows :—

1. (*1*) This Act may be called The Constitution Amendment Act, 1951.

(*2*) It shall come into force on the date of promulgation except sections 3 and 7 which shall come into force on the date of the dissolution of the Parliament following the first general elections held under section 233 of the Constitution.

2. In section 8 of the Constitution, *for* the expression "Section 180" the expression "Sections 180 and 181" *shall be substituted.*

3. In sub-section (*1*) of section 83 of the Constitution, the last sentence *shall be deleted.*

4. For the provisions in sections 180 and 181 of the Constitution, the following *shall be substituted*, namely :—

"180. (1) The territory hitherto known as the Salween District shall form a constituent unit of the Union of Burma and be hereafter known as 'The Karen State'. It shall also include such adjacent areas occupied by the Karens as may be determined by an Act of Parliament.

(2) All the members of the Parliament representing the Karen State shall constitute the Karen State Council.

(3) Any member of the State Council who shall have ceased to be a member of the Parliament shall be deemed to have vacated his seat in the Council, but may continue to carry on his duties until his successor shall have been elected.

(4) The State Council may recommend to the Parliament the passing of any law relating to any matter in respect of which the Council is not competent to legislate.

(5) When a Bill has been passed by the State Council it shall be presented to the President for his signature and promulgation. The President shall sign the Bill within one month from the presentation of the Bill, unless he refers the Bill to the Supreme Court for its decision under sub-section *(6)*.

(6) The President may, in his discretion, refer any Bill presented to him under sub-section *(5)* to the Supreme Court for decision on the question whether such Bill or any specified provision thereof is repugnant to this Constitution.

(7) The Supreme Court, consisting of not less than three judges, shall consider the question referred to it and, after such hearing as it thinks fit, shall pronounce its decision on such question in open Court as soon as may be and in any case not later than thirty days after the date of such reference. The decision of the majority of the judges shall, for the purpose of sub-section *(6)*, be the decision of the Court.

(8) In every case in which the Supreme Court decides that any provision of the Bill, the subject of a reference to the Supreme Court under sub-section *(6)*, is repugnant to this Constitution, the President shall return the Bill to the State Council for reconsideration and shall decline to sign it unless the necessary amendments shall have been made thereto.

(9) In every other case, the President shall sign the Bill and promulgate the Act as soon as may be after the decision of the Supreme Court shall have been pronounced.

(10) When the President has signed a Bill presented to him under sub-section *(5)* whether without or after a reference to the Supreme Court, the validity of any provision of the Bill shall not be called in question on the ground that it was beyond the competence of the State Council.

(11) The signed text of every Act shall be enrolled for record in the office of the Registrar of the Supreme Court and a copy of the same shall be

enrolled for record in the Office of the Minister for the Karen State.

(12) The Head of the Karen State may, from time to time summon and prorogue the State Council:

Provided that there shall be a session of the State Council once at least in every year so that a period of twelve months shall not intervene between the last sitting of the Council in one session and its first sitting in the next session.

GOVERNMENT OF THE KAREN STATE.

181. (1) A member of the Union Government to be known as the Minister for the Karen State shall be appointed by the President on the nomination of the Prime Minister acting in consultation with the Karen State Council from among the members of the Parliament representing the Karen State. The Minister so appointed shall also be the Head of the Karen State for the purpose of this Constitution.

(2) The Head of the State shall be in charge of the administration of the State; that is to say, the executive authority of the State shall be exercised by the Head of the State either directly or through officers subordinate to him.

(3) Without prejudice to the generality of the provisions of sub-section (4), the said executive authority shall extend to all matters relating to recruitment to the State civil services, to postings and transfers and to disciplinary matters relating to these services.

(4) Subject to the provisions of this Constitution, the executive authority of the State extends to the matters with respect to which the State Council has power to make laws, and in all such matters the decision of the Council shall be binding on the Head of the State.

(5) The Head of the State shall consult the State Council in all other matters relating to the State.

(6) In order to facilitate the communication of the decisions and the views of the State Council to the Head of the State, the Council shall at its first meeting after a general election elect from among its members or otherwise a Cabinet of State Ministers to aid and advise the Head of the State in the exercise of his functions.

(7) The Head of the State shall give or cause to be given an account of his work to the State Council in each ordinary session, present or cause to be presented to the Council a report upon all matters relating to the State, and recommend for the consideration of the Council such measures as he thinks fit for promoting the general welfare.

(8) The Head of the State shall prepare or cause to be prepared the estimates of the receipts and of the expenditure of the State for each financial year and shall present them or cause them to be presented to the State Council for consideration.

(9) Subject to any conditions that may be imposed by the Union in respect of any contributions from the Union, the State Council shall have power to approve the budget of the State ; and in order to enable the President to satisfy himself that the conditions have been duly observed, such budget shall be incorporated in the Union budget.

(10) The provisions of Chapter X of this Constitution shall not apply to the Karen State.

(11) Subject to the provisions of this Constitution all matters relating to the Constitution of the State including those relating to the powers and duties of the Head of the State, of the State Council and of the Cabinet of State Ministers and their relations to each other and to the Union Government shall be determined by law.

Provided that until the date of the dissolution of the Parliament constituted following the first general elections held under section 233 of the Constitution, the Karen State Council shall be constituted with all the members of the Parliament representing Karens."

5. Section 195 of the Constitution *shall be deleted.*

6. In sub-section (5) of section 209 of the Constitution, the expression "Karens or " *shall be deleted.*

7. In the Second Schedule to the Constitution,—

(i) *for* clause (*e*) the following *shall be substituted*, namely :—

"(*e*) fifteen seats shall be filled by representatives from the Karen State ; "

and

(ii) in clause (*f*), *for* the words "fifty-three seats" the words "sixty-two seats" *shall be substituted.*

8. In the Constitution, for the expression "Karenni State" wherever it occurs, the expression "Kayah State" *shall be substituted.*

G.U.B.C.P.O.—No. 85, M. of J.A., 8-1-52—2,000—II.

The National Council Town and Country Planning Act 1951
(Act No LXIII of 1951)

# ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့်မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်။

*အမည်*

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ဟုခေါ်ရမည်။

*စတင် အာဏာတည်သည့်နေ့*

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သက်မှတ်သည့်နေ့တွင်အာဏာတည်ရမည်။

*အဓိပ္ပါယ်ဖော်ပြချက်*

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေမဆန့်ကျင်လျှင်—

(က) ''အဖွဲ့'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့် နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကိုဆိုလိုသည်။

(ခ) ''ကော်မီတီ'' ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရ ဖွဲ့စည်းထားသော ကော်မီတီကိုဆိုလိုသည်။

(ဂ) ''အုပ်ချုပ်ရေးမှူး'' ဆိုသည်မှာ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးကိုဆိုလိုသည်။

## အခန်း ၂။

### အဖွဲ့ဖွဲ့စည်းပုံ။

*အဖွဲ့ဖွဲ့စည်းပုံ။*

၃။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ဟူသောအမည်ဖြင့်၊ အဖွဲ့တခုကိုဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင် တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

Price,—Annas 3.]

၄။ ။(၁) အဖွဲ့တွင် အောက်ပါအဖွဲ့ဝင်ဆယ်ဦး ပါဝင်ရမည်။

အဖွဲ့ဝင်များ။

(က) ပြန်လည် ထူထောင်ရေးဌာနဝန်ကြီး။

(ခ) နိုင်ငံတော်မြေယာနှင့်ကျေးလက်စည်ပင်သာယာရေး ဆိုင်ရာ ဘဏ္ဍာရေးမင်းကြီး။

(ဂ) ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနအတွင်းဝန်။

(ဃ) ရန်ကုန်မြို့တော်မြူနီစီပါယ်ကော်ပိုရေးရှင်း၏အုပ်ချုပ်ရေးမှူး။

(င) နိုင်ငံတော်သမတက ခန့်ရမည့်အခြားပုဂ္ဂိုလ် ခြောက်ဦး။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ။

(၂) ပြန်လည်ထူထောင်ရေး ဌာနဝန်ကြီးသည် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ရမည်။ ကျန်အဖွဲ့ဝင်များထဲမှ၊ နိုင်ငံတော်သမတက အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌခန့်ရမည်။

(၃) ပုဒ်မခွဲ (၁)၊ အပိုဒ်(င)အရ ခန့်ရမည့်ပုဂ္ဂိုလ် ခြောက်ဦးအနက် လေးဦးသည် အစိုးရအရာရှိ မဟုတ်သူများဖြစ်ရမည်။

(၄) နိုင်ငံတော်သမတသည်၊အဖွဲ့၏ထောက်ခံချက်အရ၊အခါအားလျော်စွာအဖွဲ့ဝင်ဦးရေကို တိုးချဲ့၍ခန့်နိုင်သည်။

အဖွဲ့ဝင်များတိုးချဲ့ခြင်း။

၅။ ။မည်သူမဆို—

အဖွဲ့ဝင်အရည်အချင်း ပျက်ယွင်းခြင်း။

(က) ခြောက်လထက်ပိုသော ထောင်ဒဏ်ခံထိုက်သည့်ပြစ်မှုကျူးလွန်သည် ဟုပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍၊ ယင်းသို့စီရင်ခြင်းကိုဖျက်ပယ် ခြင်းမရှိသည့်အပြင်၊ နိုင်ငံတော် သမတကလည်း၍ပုဒ်မအရ၊ ဖျက်သောအမိန့်ကို ထုတ်ပြန်ခွင့်ရှိသည့် အလျောက် မိမိ သင့်သည်ယူဆသဖြင့် ယိုပုဂ္ဂိုလ်၏ အရည်အချင်းပျက်ယွင်းခြင်းကို ပယ်ဖျက်ခြင်းမပြုလင်သော်၎င်း၊

(ခ) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အမှုထမ်းရန်မသင့်တော်ဟု နိုင်ငံတော် သမတကကြေညာခြင်းခံရသူ၊ သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်း အဖြစ်မှထုတ်ပယ်ခံရသူဖြစ်လျှင်သော်၎င်း၊

(ဂ) လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူဖြစ် လျှင်သော်၎င်း၊

(ဃ) အဖွဲ့၏ရာထမ်း မှုထမ်းဖြစ်နေလျှင်သော်၎င်း၊

(င) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မိမိကိုယ်တိုင်သော်၎င်း၊ မိမိနှင့် ဘက်စပ်လုပ်ငန်းလုပ်သူသော်၎င်း၊ မိမိ၏အလုပ်ရှင်သော်၎င်း၊ မိမိ၏ အလုပ်သမားသော်၎င်း၊ အဖွဲ့နှင့် သို့တည်းမဟုတ် အဖွဲ့ကိုယ်စား ချုပ်ဆိုသောစာချုပ်တွင်၊ သို့တည်းမဟုတ် အဖွဲ့နှင့်စပ်လျဉ်းသည့် အလုပ်တွင် အစုပါဝင်လျှင်၊ သို့တည်းမဟုတ် အကျိုးခံစားခွင့်ရှိလျှင် သော်၎င်း၊

(စ) အဖွဲ့နှင့်၊သို့တည်းမဟုတ် အဖွဲ့အတွက်ချုပ်ဆိုသောစာချုပ်တွင် ဖြစ်စေ၊ အဖွဲ့နှင့် စပ်လျဉ်းသည့် အလုပ်တွင်ဖြစ်စေ၊ အစုဝင်သည့်၊ သို့တည်းမဟုတ်အကျိုးခံစားခွင့်ရှိသည့်ကုမ္ပဏီတခုခု၏ ဒါရိုက်တာ၊

အတွင်းရေးမှူး၊မန်နေဂျာ၊သို့တည်းမဟုတ် အခကြေးငွေဖြင့်ခိုင်းစေခံရသူ ဖြစ်လျှင်သော်၎င်း၊

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ၊သို့တည်းမဟုတ်ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်မှရပ်စဲသူဖြစ်လျှင်သော်၎င်း၊

ထိုသူကိုအဖွဲ့ဝင်အဖြစ်ခန့်ထားခြင်း၊ သို့တည်းမဟုတ်တည်မြဲစေခြင်းမရှိရ။

အုပ်ချုပ်ရေးမှူး၏ အာဏာနှင့် တာဝန်ဝတ္တရား။

၆။ (၁) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်တဦးအား အဖွဲ့၏အုပ်ချုပ်ရေးမှူးအဖြစ်ခန့်ရမည်။ အုပ်ချုပ်ရေးမှူးမှာ အဖွဲ့၏ အစည်းအဝေးတွင် ဝင်ရောက် ပြောဆိုခွင့်ရှိရမည်။ သို့ရာတွင်ဤ ပြဋ္ဌာန်းချက်ကိုအကြောင်းပြု၍ မဲဆန္ဒပေးပိုင်ခွင့်မရှိစေရ။

အုပ်ချုပ်ရေးမှူး။

(၂) အုပ်ချုပ်ရေးမှူးသည်၊ အဖွဲ့၏ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုသောနည်းဥပဒေများ၊ စည်းကမ်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ အဖွဲ့က မိမိအားလွှဲအပ်သော အာဏာ နှင့်တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်ရမည်။

အုပ်ချုပ်ရေးမှူး၏လစာ၊ စရိတ်ကြေးငွေနှင့်အမှုထမ်းစည်းကမ်း။

(၃) အုပ်ချုပ်ရေးမှူး၏လစာ၊ စရိတ်ကြေးငွေနှင့် အမှုထမ်း စည်းကမ်းများသည်၊ နိုင်ငံတော်သမတက၊အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

အဖွဲ့ဝင် များ၏ သက်တမ်း။

၇။ ။ပုဒ်မ ၄ (၁) (င) တွင်ရည်ညွှန်းထားသည့်အစိုးရ အရာရှိမဟုတ်သော အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

ရှောင်တခင်လစ်လပ်သည့် ရာထူး။

၈။ ။သေဆုံး၍ဖြစ်စေ၊ရာထူးမှ နုတ်ထွက်၍ဖြစ်စေ၊ရာထူးမှ ထုတ်ပယ်ခြင်း ခံရ၍ဖြစ်စေ၊အခြားအကြောင်းကြောင့်ဖြစ်စေ၊ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့် အဖွဲ့ဝင်တဦးဦး၏ ရာထူးလစ်လပ်သည့်အခါ၊ထိုလစ်လပ်သည့်နေရာတွင် နိုင်ငံတော်သမတက အဖွဲ့ဝင် သစ်တဦးကို ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော အဖွဲ့ဝင်သစ်သည်၊ မိမိအားခန့်ထားသည့် နေရာတွင်အမှုထမ်းရွက်ခဲ့သည့်အဖွဲ့ဝင် ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်မည့်အချိန်အထိသာ ရာထူး၌ထမ်းရွက်ရမည်။

အဖွဲ့ဝင်တို့အားပေးရန် အခကြေးငွေ။

၉။ ။ပုဒ်မ ၄ (၁) (င) တွင်ရည်ညွှန်းထားသည့် အစိုးရအရာရှိ မဟုတ်သော အဖွဲ့ဝင်များအား၊နိုင်ငံတော်သမတကသတ်မှတ်သည့်အခ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေပေးရမည်။

ဆောင်ရွက်မှုမပျက်ပြယ်ခြင်း။

၁၀။ ။အဖွဲ့၏စီမံဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည့်ဟူသောအကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာတွင် ချို့ယွင်းချက် တခုခုရှိသည် ဟူသောအကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

## အခန်း ၃။

### အလုပ်ကိစ္စဆောင်ရွက်ခြင်း။

အစည်းအဝေး၊ လိုအပ်သော အဖွဲ့ဝင် ဦးရေနှင့် သဘာပတိ။

၁၁။ ။(၁) အဖွဲ့သည်၊ အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ ကာလလျှင် အနည်းဆုံးတကြိမ်အစည်းအဝေးကျင်းပရမည်။

(၂) အစည်းအဝေးသို့ အဖွဲ့ဝင် အနည်းဆုံးလေးဦး တက်ရောက်လျှင်အစည်းအဝေးထမြောက်ရမည်။

(၃) ဥက္ကဋ္ဌသည် အဖွဲ့၏ အစည်းအဝေး တိုင်း၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမတက်ရောက်သည့်အစည်းအဝေးတွင်ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်သော အစည်းအဝေးတွင် တက်ရောက်သည့် အဖွဲ့ဝင်များအနက်၊ တဦးဦးကို သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

သို့ရာတွင် ဝန်ကြီးချုပ်သည် အဖွဲ့၏မည်သည့် အစည်းအဝေးတွင်မဆို သဘာပတိအဖြစ်ဆောင်ရွက်နိုင်သည်။

(၄) အဖွဲ့အစည်းအဝေး၌ပေါ်ပေါက်သောကိစ္စအားလုံးကို အစည်းအဝေးသို့ တက်ရောက်မဲပေးသောအဖွဲ့ဝင်များ၏ များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေလျှင်၊ သဘာပတိ၏မဲဖြင့်ဆုံးဖြတ်ရမည်။

ကော်မီတီများ ဖွဲ့စည်းခြင်း။

၁၂။ ။(၁) အဖွဲ့သည်၊ မိမိ၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်အလို့ငှါ အဖွဲ့ဝင် တဦးဖြစ်စေ၊ တဦးထက်ပို၍ဖြစ်စေ ပါဝင်သော ကော်မီတီများကို ယေဘုယျအားဖြင့်သော်၎င်း၊ အထူးကိစ္စများအတွက်သော်၎င်း ဖွဲ့စည်းနိုင်သည်။

(၂) ကော်မီတီအသီးသီးတွင်အဖွဲ့ဝင်များအဖြင်အဖွဲ့၏ထောက်ခံချက်အရနိုင်ငံတော်သမတကခန့်သောထပ်ဖြည့်ကော်မီတီအဖွဲ့ဝင်များလည်း ပါဝင်နိုင်သည်။

(၃) ကော်မီတီ အသီးသီးသည်၊ အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသောနည်းဥပဒေများ၊ စည်းကမ်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ မိမိအား အဖွဲ့က လွှဲအပ်သော အာဏာနှင့် တာဝန်ဝတ်တရားကိုသုံးစွဲဆောင်ရွက်ရမည်။

(၄) ကော်မီတီအသီးသီးသည်၊ မိမိဆောင်ရွက်သည့် အမှုကိစ္စအရပ်ရပ်နှင့်စပ်လျဉ်း၍ အဖွဲ့၏အတည်ပြုချက်ကိုရယူရမည်။

(၅) အစိုးရအရာရှိမဟုတ်သော ထပ်ဖြည့်ကော်မီတီအဖွဲ့ဝင်များအား၊ နိုင်ငံတော်သမတက သတ်မှတ်သည့်အခါ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေ ပေးရမည်။

အဖွဲ့က ရန်ကုန်စည်ပင်သာယာရေး အဖွဲ့ကို ကြီးကြပ်အုပ်ချုပ်ခြင်း။

၁၃။ ။(၁) ရန်ကုန် စည်ပင်သာယာရေး အဖွဲ့ အက်ဥပဒေတွင် ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါအက်ဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့လည်းကောင်း၊ အခြားတည်ဆဲတရားဥပဒေ တခုခုအရ၊ ထိုစည်ပင်သာယာရေးအဖွဲ့၏ အာဏာနှင့်တာဝန်ဝတ္တရားကိုသုံးစွဲဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၏ အဖွဲ့သည်လည်းကောင်း၊ဤအက်ဥပဒေအရ ဖွဲ့စည်းထားသော ကော်မီတီဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုအဖွဲ့သည်ဤအက်ဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့်အညီ အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်ရမည်။

(၂) ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင် ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့သည်၊ သို့တည်းမဟုတ် ထိုအဖွဲ့၏အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်သောပုဂ္ဂိုလ်များ၏အဖွဲ့သည်၊ အဆိုပါရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊နိုင်ငံတော်သမတ၏သဘောတူညီချက်ကိုတောင်းဆိုသည့်အခါတွင်ဖြစ်စေ၊ အခြားကိစ္စအတွက် နိုင်ငံတော်သမတနှင့်ဆက်သွယ်သည့်အခါတွင်ဖြစ်စေ၊ဤအက်ဥပဒေအရဖွဲ့စည်းထားသောအဖွဲ့မှတဆင့်တောင်းဆို ရမည်၊သို့တည်းမဟုတ် ဆက်သွယ်ရမည်။

## အခန်း ၄။

### အဖွဲ့၏ရာထမ်းမှုထမ်းများ။

ရာထမ်း မှုထမ်းများ လစာနှင့် စရိတ် ကြေးငွေနှင့်စည်းကမ်းများ။

၁၄။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများ အလို့ငှါထားရန် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်သည်ဟုအဖွဲ့ကထင်မြင်သော ရာထမ်းမှုထမ်း စာရင်းများကို အခါအားလျော်စွာ အဖွဲ့က စီစဉ်ရမည်။

(၂) ဆိုခဲ့သည့်အရာရှိအသီးသီးအတွက်သော်လည်းကောင်း၊ အမှုထမ်းအသီးသီးအတွက်သော်လည်းကောင်း၊အဖွဲ့ကခွင့်ပြုသည့်လစာ၊ အခနှင့်စရိတ်ကြေးငွေ၏အမျိုးအစားနှင့်အရေအတွက်ကို ထိုစာရင်းတွင်ဖော်ပြရမည်။

(၃) အဖွဲ့ကနောက်ဆုံးခွင့်ပြုသည့် စာရင်းအားလုံးကိုပုဒ်မ ၃၅ အရပြုသည့်နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့်ပူးတွဲ၍ နိုင်ငံတော်သမတ၏သဘောတူညီချက်ရရန်အလို့ငှါတင်ပြရမည်။

(၄) ရာထမ်းမှုထမ်းများနှင့်ပတ်သက်သည့်အခြားအမှုထမ်းစည်းကမ်းများကိုအဖွဲ့က၊နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ကို ခံယူလျက်၊စည်းကမ်းဥပဒေဖြင့်ပြဋ္ဌာန်းရမည်။

ရာထူးခန့်ရန်၊ ခွင့်ပေးရန်နှင့် ရာထူးမှ ထုတ်ပယ်ရန်အာဏာ။

၁၅။ ။(၁) ဤအက်ဥပဒေအရ ပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ စည်းကမ်းဥပဒေများနှင့်ဖြစ်စေမဆန့်ကျင်စေဘဲ၊ အုပ်ချုပ်ရေးမှူးမှာ အခြေခံလစာငွေနှစ်ရာထက်ပို၍မရသောအဖွဲ့၏ရာထမ်းမှုထမ်းများကို ရာထူးခန့်ရန်၊ ခွင့်ရက်ပေးရန်နှင့်ရာထူးမှ ထုတ်ပယ်ရန်အာဏာရှိရမည်။

(၂) အဖွဲ့မှာ အခြေခံလစာငွေနှစ်ရာထက်ပို၍ရသောရာထမ်းမှုထမ်းများကိုရာထူးခန့်ရန်၊ ခွင့်ရက် ပေးရန်နှင့်ရာထူးမှထုတ်ပယ်ရန်အာဏာရှိရမည်။

သို့ရာတွင် အုပ်ချုပ်ရေးမှူး၏ အမိန့်ဖြင့် ရာထူးမှ ထုတ်ပယ်ခံရသူသည်၊ အဖွဲ့သို့ အယူခံဝင်ခွင့်ရှိသည်။ ယင်းသို့အယူခံဝင်သည့်အခါ အဖွဲ့က ချမှတ်သောဆုံးဖြတ်ချက်သည် အဆုံးသတ်အတည်ဖြစ်ရမည်။

တာဝန် ဝတ်တရားကိုလွှဲအပ်ခြင်း။

၁၆။ ။(၁) အဖွဲ့၏ အခွင့်အမိန့်ကို ရယူလျက်၊ အုပ်ချုပ်ရေးမှူးသည်၊ ဤအက်ဥပဒေ အရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်း ဥပဒေများအရဖြစ်စေ၊ မိမိအားအပ်နှင်းထားသော အာဏာကို၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားကို အဖွဲ့၏ရာထမ်း မှုထမ်းတဦးဦးအား လွှဲအပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရအာဏာကို၊သို့တည်းမဟုတ် တာဝန်ဝတ်တရားကိုလွှဲအပ်သည့်အခါ၊ စည်းကမ်းချက်များ၊ သို့တည်းမဟုတ် ကန့်သတ်ချက်များပါရှိလျှင်၊ထိုစည်းကမ်းချက်များနှင့်၊ သို့တည်းမဟုတ် ကန့်သတ်ချက်များနှင့်အညီ၊ယင်းသို့လွှဲအပ်ခြင်းခံရသူက သုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် ယင်းသို့လွှဲအပ်ခြင်းခံရသူ၏ လုပ်ကိုင်ဆောင်ရွက်ချက်ကို အုပ်ချုပ်ရေးမှူးက ကြီးကြပ်အုပ်ချုပ်နိုင်ရမည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်ရမည်။

ရာထမ်း မှုထမ်းများကို လွှဲပြောင်း ခန့်နိုင် သည့် အာဏာ။

၁၇။ ။ရန်ကုန်စည်ပင်သာယာရေး အဖွဲ့ အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါရန်ကုန်စည်ပင်သာယာရေးအဖွဲ့၏ ရာထမ်းမှုထမ်းများအနက်၊ အဖွဲ့က သင့်တော်သည်ဟုမြင်သော ရာထမ်း မှုထမ်းများကို အဖွဲ့၏ရာထမ်း မှုထမ်းများအဖြစ် လွှဲပြောင်းခန့်နိုင်သည်။

## အခန်း ၅။

### အဖွဲ့နှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမတ၏ အာဏာများ။

နိုင်ငံတော် သမတ၏ အာဏာများ။

၁၈။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြုနိုင်သည်။

(က) အဖွဲ့အား အကြံဥာဏ် ပေးရန် အဖွဲ့က ခန့်သော ပုဂ္ဂိုလ်တို့အား မပေးသင့်သည့်အခါ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေကိုသတ်မှတ်ရန်ကိစ္စ။

(ခ) နိုင်ငံတော်သမတက အဖွဲ့သို့ထုတ်ချေးသည့်ငွေများပြန်လည်ပေးဆပ်ရမည့် နည်းလမ်းကို သတ်မှတ်ရန်ကိစ္စ။

(ဂ) အဖွဲ့က အုပ်ချုပ်ရေးမှူးအားရင်း၊ ကော်မီတီများအားရင်း၊ လွှဲအပ်နိုင်သည့်အာဏာနှင့် တာဝန်ဝတ်တရားကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) အဖွဲ့ပိုင်ပစ္စည်းများကို ကော်မီတီများသို့ လွှဲပြောင်းအပ်နှံခြင်းကိစ္စ။

(င) လွှဲအပ်ထားသည့် တာဝန်ဝတ်တရားကို ဆောင်ရွက်သည့်အခါ ကော်မီတီများ သုံးစွဲနိုင်သည့်အသုံးစရိတ်များကို ကန့်သတ်ရန်ကိစ္စနှင့် ကော်မီတီများ၏နှစ်စဉ်ရ-သုံးမှန်းခြေ ငွေစာရင်းကိုအဖွဲ့သို့အခွင့်အမိန့် ရရန် ကော်မီတီများက တင်သွင်းရန်ကိစ္စ။

(စ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်ကိစ္စ။

၁၉။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများအတွက် မည်သည့် မြေကိုမဆို အဖွဲ့က အလိုရှိ၍ နိုင်ငံတော် သမတထံ သိမ်းယူရန် တောင်းဆိုသည့်အခါ၊ နိုင်ငံတော်သမတသည် ပုဒ်မခွဲ (၂) ပါ ပြင်ဆင်ချက်များပါဝင်သည့် မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ပြည်သူ့ကိစ္စအတွက် မြေကိုသိမ်းယူဘိသကဲ့သို့ ထိုမြေကို သိမ်းယူရန် ဆောင်ရွက်နိုင်သည်။

မြေ သိမ်းယူနိုင်သည့် အာဏာ။

(၂) ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ မြေကို သိမ်းယူသောအခါ၊ မြေသိမ်း အက်ဥပဒေသည် အောက်ပါပြင်ဆင်ချက်များ ထည့်သွင်းထားသည့်အတိုင်း အကျိုးသက်ရောက်ရမည်။

(က) အဆိုပါ မြေသိမ်း အက်ဥပဒေ ပုဒ်မ ၁၇ ၊(၁) အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

"၁၇။ ။(၁) ပုဒ်မ ၁၁ အရ ဆုံးဖြတ်ချက်မချမှတ်သေးသော်လည်း ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့် နို့တစ်စာကို ယုတ်ပြန်သည့်နေ့ နောက် တဆယ့်ငါးရက် ကုန်ဆုံးသည့်အခါ၊ နိုင်ငံတော်သမတက ဆင့်ဆိုလျှင်၊ ကော်လိတ်တော် အရာရှိသည်၊ အဖွဲ့ကအလိုရှိသောမြေကို သိမ်းယူရန် မိမိအား ယင်းသို့ဆင့်ဆိုသည့် အကိုင်း ထိုမြေကိုသိမ်းယူ၍ အဖွဲ့သို့ချက်မြင်းလွှဲပြောင်းပေးရမည်။ ထိုသို့လွှဲပြောင်းပေးသောအခါ ထိုမြေသည် ကြွေးမြီတာဝန်ဟူသမျှ ကင်းလွတ်သောအဖွဲ့ပိုင် မြေဖြစ်ရမည်။"

(ခ) အဆိုပါ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၂၀။ ။(၁) နိုင်ငံတော်သမတသည်၊ မည်သည့် အခါမဆို အဖွဲ့၏၊ သို့တည်းမဟုတ် ကော်မီတီ၏အမှုတွဲများမှကောက်နုတ်ချက်များကိုရင်း၊ မှတ်တမ်းများ ကိုရင်း၊ ဤအက်ဥပဒေအရ စီမံ အုပ်ချုပ်မှုဆိုင်ရာစာရင်းများကိုရင်း၊ မိမိထံတင်သွင်းရန် အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့တောင်းဆိုသည့်အခါ အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတ က အစီရင်ခံစာ တောင်းနိုင်သည့် အာဏာ။

(၂) နိုင်ငံတော်သမတသည်၊ အဖွဲ့က ကြီးကြပ်အုပ်ချုပ်ရသော ကိစ္စနှင့် စပ်လျဉ်းသည့် အစီရင်ခံစာရင်း၊ အစီရင်ခံစာ၊ မှန်းခြေငွေစာရင်း၊ သို့တည်းမဟုတ် အခြားအကြောင်းအရာကို မိမိထံ တင်သွင်းရန် အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတက အစီရင်ခံစာ အပေါ်တွင် ညွှန် ကြား နိုင် သည့် အာဏာ။

၂၁။ ။ပုဒ်မ ၂၀ (၂) အရ တင်သွင်းသည့် အစီရင်ခံစာကို၊ သို့တည်းမဟုတ် စာချုပ်စာတမ်းကိုရရှိသည့်အခါ၊ နိုင်ငံတော်သမတက—

(က) အဖွဲ့သည်၊ ဤအက်ဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်ဝတ်တရားကို ဆောင်ရွက်ခြင်းမရှိဟူ၍သော်၎င်း၊စုံလင်ကောင်းမွန်အောင်၊ သို့တည်းမဟုတ် ထိရောက်အောင်၊ ဆောင်ရွက်ခြင်း မရှိဟူ၍သော်၎င်း၊

(ခ) ထိုတာဝန်ဝတ်တရားကိုဆောင်ရွက်ရန်အလို့ငှါ ကြေးငွေလုံလောက်စွာစီမံထားရှိခြင်းမရှိဟူ၍သော်၎င်း

ယူဆလျှင်၊ နိုင်ငံတော်သမတသည်၊အမိန့်စာဖြင့် ထိုအမိန့်စာတွင်သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ မိမိကျေနပ်လောက်အောင် တာဝန်ဝတ်တရားကိုဆောင်ရွက်ရန်သော်၎င်း၊ ကြေးငွေလုံလောက်စွာ စီမံထားရှိရန်သော်၎င်း အဖွဲ့အားညွှန်ကြားနိုင်သည်။ ယင်းသို့ညွှန်ကြားသည့်အတိုင်း အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတက အလုပ်တရပ်ရပ်ကို ရပ်စဲစေနိုင်သည့်အာဏာ။

၂၂။ ။(၁) နိုင်ငံတော်သမတသည်၊ နိုင်ငံတော်အကျိုးနှင့် သက်ဆိုင်သည်ဟု မိမိယူဆသော ကိစ္စများနှင့်စပ်လျဉ်း၍ အဖွဲ့၏ တာဝန်ဝတ်တရားကို မည်သို့ဆောင်ရွက်ရမည်ဟု အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်းအဖွဲ့ကလိုက်နာ၍ဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်သမတသည်၊ အဖွဲ့၏အလုပ်တခုခုကို ရပ်စဲရန်အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတက အဖွဲ့ကို ဖျက်သိမ်း နိုင်သည့် အာဏာ။

၂၃။ ။ဤအက်ဥပဒေဖြင့်အပ်နှင်းထားသော တာဝန်ဝတ်တရား၊ သို့တည်း မဟုတ် အလုပ်ကို အဖွဲ့က ဆောင်ရွက်ရန် ပျက်ကွက်သည်ဟူ၍သော်၎င်း၊ အဖွဲ့က ဆောင်ရွက်ရမည့် အလုပ်များ ပြီးမြောက်ပြီဟူ၍သော်၎င်း၊ နိုင်ငံတော်သမတက ယူဆလျှင်၊ နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အဖွဲ့ကိုဖျက်သိမ်းနိုင်သည်။ ယင်းသို့ဖျက်သိမ်းသည့်အခါ နိုင်ငံတော်သမတသည်၊ အဖွဲ့၏ အပေါင်ပစ္စည်း အရပ်ရပ်ကို စီမံအုပ်ချုပ်စေရန်အလို့ငှါ၊ မိမိသင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်တဦးကို၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုသို့ ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည်၊ သို့တည်းမဟုတ်ပုဂ္ဂိုလ်များသည်၊ ဤအက်ဥပဒေအရ အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် တာဝန်ဝတ်တရားကို သုံးစွဲဆောင်ရွက်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမတသည်၊ဤပုဒ်မအရ အဖွဲ့ကိုဖျက်သိမ်းပြီးသည့်နောက် မည်သည့်အခါ၌မဆို သင့်တော်သည်ဟုထင်မြင်လျှင်၊ ဤအက်ဥပဒေအရ အဖွဲ့သစ်တဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း ၆။

### အဖွဲ့၏တာဝန်ဝတ္တရား။

အဖွဲ့၏ တာဝန်ဝတ္တရား။

၂၄။ ။(၁) အဖွဲ့၏ တာဝန်ဝတ္တရားသည်၊ နိုင်ငံတော်အတွင်းမည်သည့် ဒေသတွင် မဆို နေထိုင်ကြသော ပြည်သူများ အတွက် သင့်တော်သော ကျန်းမာရေး၊ လွယ်ကူမှုအခွင့်အလမ်းနှင့် ကောင်းကျိုးခံစားမှုရရှိရေးများကို ရည်ရွယ်၍ မြို့ရွာစည်ပင်ရေး လုပ်ငန်းများနှင့်ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယေဘုယျအားဖြင့် ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြစ်သည့်ပြင်၊ ဤအက်ဥပဒေအရ အဖွဲ့၏ တာဝန်ဝတ္တရားကို နည်းလမ်းတကျဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် သင့်တော်သော အခြားလုပ်ငန်းဆောင်တာများကိုလည်းဆောင်ရွက်ရန်ဖြစ်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါတာဝန်ဝတ္တရားတွင် အထူးသဖြင့် အောက်ပါတို့လည်း ပါဝင်ရမည်။

(က) နိုင်ငံတော် ပြုထောင်ရန်အတွက် ခေတ်မှီသောအိမ် ဆောက်ရန်နှင့် ၎င်းကိုကြည့်ရှုထိန်းသိမ်းစီမံခန့်ခွဲရန်။

(ခ) ခေတ်မှီ အိမ်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်း ကိရိယာကိုနိုင်ငံတော်တွက် သဘာဝပစ္စည်း၊ သို့တည်း မဟုတ် အခြားပစ္စည်းဖြင့်ပြုလုပ်နိုင်စေရန် လိုအပ်သည့် ခေတ်မှီစက်ရုံများတည်ထောင်ရန်။

(ဂ) အဆိုပါစက်ရုံတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားများ အား ကျွမ်းကျင်သော အလုပ်သမားဖြစ်မြောက်စေရန် သင်ကြားပေးရန်။

(ဃ) လမ်း၊ ရေမြောင်း၊ အဆက်အသွယ်ကို ဆောက်လုပ်ရန်၊ ပြုပြင်ရန်၊ပြောင်းလွှဲရန်နှင့် ပိတ်ဆို့ရန်။

(င) အိမ်၊တံတားနှင့် အခြားအဆောက်အအုံကို ဆောက် လုပ်ရန်၊ ပြုပြင်ရန်နှင့် ရွှေ့ပြောင်းရန်။

(စ) အိမ်ဆောက်ရန်အတွက်မြေကိုအကွက်ရိုက်ရန်။

(ဆ) လမ်းမကြီးအတွက်၎င်း၊ မြေလပ်ထားရန်အတွက်၎င်း၊ ဥယျာဉ်အတွက်၎င်း၊ ပျော်ရွှင်ကွင်းအတွက်၎င်း၊ ကျောင်းအတွက်၎င်း၊ ဈေးအတွက်၎င်း၊အများပြည်သူ နှင့် သက်ဆိုင်သည့် အခြားကိစ္စအမျိုးမျိုးအတွက်၎င်း၊ မြေယာချထားပေးရန်၊ သို့တည်းမဟုတ်မြေယာ သီး သန့်ထားရန်။

(ဇ) မိလ္လာပြွန်မြောင်းနှင့်မြေပြင်ပြွန်မြောင်းလုပ်ခြင်း၊ အညစ် အကြေးစွန့်ပစ်ခြင်းစသည်တို့အတွက် မြေပြုပြင်ရန်နှင့် ရေသွားရေလာပြုလုပ်ပေးရန်။

(ဈ) မီးထွန်းရန်။

(ည) ရေပေးရန်။

(ဍ) နိုင်ငံတော်သမိုင်းတွင် ထင်ရှားရှိ စိုက်ဝင်စားစရာဖြစ်သော၊ သို့တည်းမဟုတ်သဘာဝအားဖြင့် လှပသော အရာဝတ္ထုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဎ) သတ်မှတ်ထားသည့်အရပ်ဒေသများတွင်၊ အိမ်ပတ်ဝန်းကျင်၌ မြေလပ်ထားရှိရန်နှင့်စပ်လျဉ်း၍ဖြင်း၊အဆောက်အအုံများ၏အရေးအတွက်၊ အမြင့်၊ ပုံစံ စသည်တို့နှင့် စပ်လျဉ်း၍ဖြင်း၊အဆောက်အအုံများ၊ သို့တည်းမဟုတ် မြေယာများကိုအသုံးပြုခွင့် ရသည့်ကိစ္စ၊ အသုံးပြုခွင့်မရသည့်ကိစ္စများနှင့်စပ်လျဉ်း၍ဖြင်း၊ စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များပြဋ္ဌာန်းရန်။

(ဏ) ဝတ္ထုပစ္စည်း၊ ယာဉ်၊ အိမ်ဆောက်ရာတွင် အသုံးပြုသောစက်ကိရိယာ စက်ဝစ္စည်းနှင့် အခြားဝစ္စည်းကို ဝယ်ယူရန်၊ ငှါးရမ်းရန်၊ ရောင်းချရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရန်။

(ဓ) မြေနှင့် အဆောက်အအုံများကို ဝယ်ယူရန်၊ ငှါးရမ်းရန်၊ ရောင်းချရန်သို့တည်းမဟုတ် စီမံခန့်ခွဲရန်။

(ဏ) ကြည့်ရှု စီစစ်ရန်၊ စမ်းသပ်ရန်နှင့် သုတေသန လုပ်ငန်းများကိုဆောင်ရွက်ရန်။

(တ) ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမတကပြဋ္ဌာန်းထားသောအခြားကိစ္စများကိုဆောင်ရွက်ရန်။

(၃) အဖွဲ့သည်၊ မိမိသင့်တော်သည်ယူဆလျှင်၊အစိုးရအတွက်ဖြစ်စေ၊ ဒေသန္တရအာဏာပိုင်အဖွဲ့ တခုခုအတွက်ဖြစ်စေ၊ အလုပ်များကို အခါအားလျော်စွာ ဆောင်ရွက်ပေးနိုင်သည်။

၂၅။ ။အဖွဲ့သည်၊ မိမိအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်နှင့် မှတ်တမ်း မိတ္တူကို နိုင်ငံတော်သမတထံပေးပို့ရမည်။

မှတ်တမ်းမိတ္တူ။

၂၆။ ။အဖွဲ့သည်၊ အဖွဲ့၏ ဘဏ္ဍာတော်နှစ် ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်းအဖွဲ့၏ တာဝန်ဝတ်တရားကိုဆောင်ရွက်ခြင်းနှင့်ဖြင်း၊ အဖွဲ့ကလိုက်နာသည့်မူနှင့်ဖြင်း၊ လုပ်ငန်းနှင့်ဖြင်း စပ်လျဉ်း၍ နိုင်ငံတော်သမတထံ အစီရင်ခံစာတင်သွင်းရမည်။

နှစ်စဉ်အစီရင်ခံစာ။

## အခန်း ၇။

### အဖွဲ့၏အာဏာ။

၂၇။ ။(၁) ဤအက်ဥပဒေဖြင့် အပ်နှင်းထားသော အာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အဖွဲ့မှာ ဤအက်ဥပဒေအရ အဖွဲ့၏ တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော၊

အဖွဲ့၏အာဏာ။

သို့တည်းမဟုတ် သင့်တော်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့်အာဏာ ရှိရမည်။ ထို့ပြင်အဆိုပါ အာဏာတွင် အောက်ပါများလည်း ပါဝင်ရမည်။

(က) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်အတွင်း မည်သည့်ဒေသကိုမဆို၊ တိုးတက်ကောင်းမွန်အောင် ပြုရန်၊ ချဲ့ထွင်ရန်၊ သို့တည်းမဟုတ် စည်ပင်သာယာအောင် ပြုရန်အလို့ငှါလည်းကောင်း၊ အခါအားလျော်စွာ မြို့ရွာပြုပြင်ရေး၊ အိုးအိမ် ထူထောင်ရေး စီမံကိန်းများကိုရေးဆွဲ၍ ထိုစီမံကိန်းများအရ ဆောင်ရွက်ရန် အလို့ငှါလည်းကောင်း၊ အဖွဲ့သည် မည်သည့်အလုပ်များကိုမဆိုပြု၍မည်သည့်အသုံးစရိတ်ကိုမဆို ကျခံနိုင်သည့် အာဏာ။

(ခ) ဤအက်ဥပဒေအလို့ငှါ၊ နိုင်ငံတော်အတွင်းမည်သည့် ဒေသတွင်မဆို၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုအဖွဲ့က ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ငှါးရမ်းခြင်း၊ ရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့ကိုပြုနိုင်သည့်အာဏာ။

(ဂ) ဤအက်ဥပဒေပါ ကိစ္စကို ဆောင်ရွက်ရန် အလို့ငှါ၊ စာချုပ်များချုပ်ဆိုနိုင်သည့် အာဏာနှင့် ထိုစာချုပ်များအတိုင်း ဆောင်ရွက်နိုင်သည့်အာဏာ။

(ဃ) နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ဖြင့် ငွေချေးယူရန်နှင့်ငွေထုတ်ချေးရန်အာဏာ။

(င) အဖွဲ့၏ အုပ်ချုပ်ရေးမှူးအား ဤအက်ဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့က လိုအပ်သည်ထင်မြင်သည့်အဖွဲ့၏တာဝန်ဝတ်တရားနှင့် အာဏာကို လွှဲအပ်နိုင်သည့်အာဏာ။

(စ) ကိစ္စတခုခုနှင့် စပ်လျဉ်း၍ အဖွဲ့အားအကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်များကိုခန့်ထား၍ နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အခါ၊ သို့တည်းမဟုတ်စရိတ်ကြေးငွေ ပေးနိုင်သည့် အာဏာ။

(ဆ) အဖွဲ့၏တာဝန် ဝတ်တရား ကို ဆောင်ရွက်ရာတွင် ကုန်ကျသောအခါ၊ သို့တည်းမဟုတ်စရိတ်ကြေးငွေ ပေးနိုင်သည့်အာဏာ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များကိုမထိခိုက်စေဘဲ၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ၊အဆိုပါအက်ဥပဒေပုဒ်မ ၂၂၊ ၂၂ (ခ)၊ ၇၃၊ ၇၄၊ ၇၇ (၂)၊ ၁၁၀၊ ၁၀၉၊ ၁၁၀ နှင့် ၁၁၁ (ဂ) အရ၊နိုင်ငံတော်သမတအားအပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရား ကိုလည်းကောင်း၊ အဆိုပါ အက်ဥပဒေပုဒ်မ ၈ (၂)၊ ၉ (၁)၊ ၃၂၊ အခန်း ၄ ရှိပုဒ်မအားလုံး၊ ပုဒ်မ ၈၀ နှင့် ၉၆ အရ၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အား အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရား ကိုလည်းကောင်း၊ အဆိုပါ ပုဒ်မများနှင့် သက်ဆိုင်သည့် နည်းဥပဒေ

များအရ၊ နိုင်ငံတော်သမတအား၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အား အပ်နှင်းထားသော အာဏာနှင့် တာဝန် ဝတ်တရား ကိုလည်း၊ အဖွဲ့ကသာလျှင် သုံးစွဲနိုင်ရမည်။

(၃) ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(၄) ပုဒ်မခွဲ (၅) နှင့် (၆) အလို့ငှါ—

(က) "မြူနီစီပါယ်ကော်မီတီ" ဆိုသည်မှာ၊ မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော မြူနီစီပါယ် ကော်မီတီကိုဆိုလိုသည်။

(ခ) "ကော်ပိုရေးရှင်း" ဆိုသည်မှာ၊ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်းကိုဆိုလိုသည်။

(၅) မြူနီစီပါယ် အက်ဥပဒေတွင်ဖြစ်စေ၊ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင် ပါရှိစေကာမူ၊ အဖွဲ့သည်—

(က) မိမိသီးခြား သတ်မှတ်သည့် အဆောက်အအုံများ၊ ရေတွင်းရေကန်များ၊ တဲများ၊ ဘင်းကုပ်များနှင့်စပ်လျဉ်း၍မြူနီစီပါယ်ကော်မီတီအား မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၁၁၅၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ သို့တည်းမဟုတ် ၁၂၁ အရဖြစ်စေ၊ ထိုပုဒ်မတခုခုနှင့် သက်ဆိုင်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်း ဥပဒေအရ ဖြစ်စေ အပ်နှင်း ထားသော အာဏာနှင့် တာဝန်ဝတ်တရားကို၊ မိမိသတ်မှတ်သည့်အချိန်ကာလအတွင်းသုံးစွဲဆောင်ရွက်ရန် မြူနီစီပါယ်ကော်မီတီအားညွှန်ကြားနိုင်သည်၊ ထို့ပြင်

(ခ) မိမိသီးခြားသတ်မှတ်သည့်အဆောက်အအုံများ၊ တဲများ၊ တင်းကုပ်များနှင့် စပ်လျဉ်း၍ကော်ပိုရေးရှင်းအား ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၁၅၃၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၉၊ ၁၆၃၊ ၁၇၀၊ သို့တည်းမဟုတ် ၁၈၂ အရဖြစ်စေ၊ ထိုပုဒ်မတခုခုနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်း ဥပဒေအရဖြစ်စေ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို၊ မိမိသတ်မှတ်သည့် အချိန်ကာလအတွင်း သုံးစွဲဆောင်ရွက်ရန် ကော်ပိုရေးရှင်းအားညွှန်ကြားနိုင်သည်။

(၆) ပုဒ်မခွဲ (၅) အရ၊ အဖွဲ့ကညွှန်ကြားသည့်အတိုင်း မြူနီစီပါယ်ကော်မီတီကဖြစ်စေ၊ ကော်ပိုရေးရှင်းကဖြစ်စေလိုက်နာရန်ပျက်ကွက်လျှင်၊ အဖွဲ့သည် မိမိကိုယ်တိုင် နည်းလမ်းတကျဖွဲ့စည်းထားသော မြူနီစီပါယ်ကော်မီတီ၊ သို့တည်းမဟုတ်

ကော်ပိုရေးရှင်းဖြစ်ခဲ့သကဲ့သို့၊ ပုဒ်မခွဲ (၅)၊ အပိုဒ် (က) နှင့် (ခ) တွင်သီးခြားဖော်ပြထားသည့် အက်ဥပဒေ ပုဒ်မများတွင်၎င်း၊ ထိုပုဒ်မများနှင့်သက်ဆိုင်သည့်နည်းဥပဒေများ၊ စည်းကမ်းဥပဒေများတွင်၎င်း၊ပါရှိသည့်အာဏာနှင့် တာဝန်ဝတ်တရားကို သုံးစွဲဆောင်ရွက်နိုင်ရမည်။

**အဖွဲ့၏ထပ်ဆင့်အာဏာ။**

၂၀။ ။(၁) ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ထိုအက်ဥပဒေအရ ပြုထားသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်၎င်း မဆန့်ကျင်စေဘဲ အဖွဲ့သည် အများသိစေရန်ကြော်ငြာစာထုတ်ပြန်၍၊ ရန်ကုန်မြို့အတွင်း ရေဆွဲအိမ်သာများအတွက် မိလ္လာမြောင်းများထားရှိပြီးဖြစ်သည့်အပိုင်းရှိ ထိုကြော်ငြာစာတွင် သတ်မှတ်ဖော်ပြထားသည့် ရပ်ကွက်များ၌၊သို့တည်းမဟုတ်နေရာများ၌ရှိသော မြေကွက်လပ် အသီးသီး၏ပိုင်ရှင်တိုင်းသည် မိမိပိုင်မြေကွက်လပ်တွင်အနည်းဆုံး အထပ်ပေါင်းမည်၍မည်မျှရှိသည်အဆောက်အအုံကို၊ သို့တည်းမဟုတ်အဆောက်အအုံများကိုဆောက်ရမည်ဟုကြေညာနိုင်သည်။

(၂) ယင်းသို့ကြေညာသည့်အခါ၊ အဆိုပါ မြေကွက်လပ်ပိုင်ရှင်တိုင်းသည် ထိုကြော်ငြာစာနှင့်အညီ၊ထို့ပြင် ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေနှင့်ထိုအက်ဥပဒေအရ ပြုထားသောနည်းဥပဒေများ၊စည်းကမ်းဥပဒေများနှင့်လည်းမဆန့်ကျင်စေဘဲ၊ မိမိပိုင်မြေကွက်လပ်တွင် အဆောက်အအုံကို၊ သို့တည်းမဟုတ် အဆောက်အအုံများကို ထိုကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ခြောက်လအတွင်းပျက်ကွက်ခြင်းမရှိဘဲပြီးစီးအောင်ဆောက်ရမည်။

သို့ရာတွင် အဖွဲ့သည်လုံလောက်သည်ဟုမိမိယူဆသောအကြောင်းရှိလျှင်၊ ဤပုဒ်မခွဲအရ၊ကန့်သတ်ထားသည့် အချိန်ကာလကိုတိုးချဲ့ပေးနိုင်သည်။

(၃) အဆိုပါ မြေကွက်ပိုင်ရှင်တဦးသည်၊ ပုဒ်မခွဲ (၂) အရ ကန့်သတ်သည့်၊သို့တည်းမဟုတ် တိုးချဲ့ပေးသည့်အချိန်အတွင်းအဆောက်အအုံကို သို့တည်းမဟုတ် အဆောက်အအုံများကို ပြီးစီးအောင်ဆောက်ရန်ပျက်ကွက်လျှင်၊အဖွဲ့သည်ထိုအကြောင်းကို နိုင်ငံတော်သမတထံအစီရင်ခံရမည်။

(၄) နိုင်ငံတော်သမတသည်၊ ထိုအစီရင်ခံစာကိုရသည့်အခါ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ထိုမြေကွက်ကို၎င်း၊ ထိုမြေကွက်နှင့်တကွ ထိုမြေကွက်ရှိမရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးကို၎င်း၊ပုဒ်မခွဲ (၅) နှင့် (၆) ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ လျော်ကြေးပေး၍ နိုင်ငံပိုင်ပြုနိုင်ရမည်။ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်အခါ၊ ထိုမြေကွက်သည်၎င်း၊ ထိုမြေကွက်နှင့်တကွ ထိုမြေကွက်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးသည်၎င်း၊ထိုအမိန့်ကြော်ငြာစာတွင်သတ်မှတ်သည့်နေ့၌ကြွေးမြီတာဝန်အားလုံးကင်းလျက်နိုင်ငံပိုင်ဖြစ်လာရမည်။

(၅) ဤအက်ဥပဒေ အခြားနေရာများတွင်ဖြစ်စေ၊ အခြား တည်ဆဲတရားဥပဒေများတွင်ဖြစ်စေ၊ မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၄) အရ၊ နိုင်ငံပိုင်ပြုသည့်မြေအတွက်လျော်ကြေးကိုအောက်ပါအတိုင်းပေးရမည်။

(က) အပိုင်းစာချုပ်ဖြင့် အကျိုးခံစားခွင့်ရသည့်မြေဖြစ်လျှင်၊ ထိုမြေကိုအီ (စ်) အိန္ဒိယကုမ္ပဏီ (East India Company)၏ ကိုယ်စားဖြစ်စေ၊ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့်တရားဝင်အစိုးရ ကိုယ်စားဖြစ်စေ၊မူလ

ချုပ်ဆိုခဲ့သည့် အငှါးစာချုပ်ဖြင့် ငှါးရာ၌ ကုန်ကျသော စပေါ်ငွေ (premium) ရှိပါက၊ ထိုစပေါ်ငွေနှင့်ညီမျှသောငွေ။

(ခ) အပိုင်စာချုပ်ဖြင့် အကျိုးခံစားခွင့်ရသည့်မြေဖြစ်၍ ထိုမြေအတွက်၊ အီ (စ်) အိန္ဒိယကုမ္ပဏီ (East India Company) ၏ကိုယ်စားဖြစ်စေ၊ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် တရားဝင်အစိုးရကိုယ်စားဖြစ်စေ၊ မူလချုပ်ဆိုခဲ့သည့်အပိုင်စာချုပ်ထို၊ သို့တည်းမဟုတ် ထိုစာချုပ်၏ မိတ္တူကိုတွေ့ရှိနိုင်လျှင်၊ အဆိုပါစာချုပ်တွင်၊ သို့တည်းမဟုတ် ထိုစာချုပ်၏ မိတ္တူတွင် ဖော်ပြထားသည့် တန်ဘိုးနှင့်ညီမျှသောငွေ။

(ဂ) အပိုင်စာချုပ်ဖြင့် အကျိုးခံစားခွင့်ရသည့်မြေဖြစ်၍ ထိုမြေအတွက် အီ (စ်) အိန္ဒိယကုမ္ပဏီ (East India Company) ၏ကိုယ်စားဖြစ်စေ၊ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် တရားဝင်အစိုးရကိုယ်စားဖြစ်စေ၊ မူလချုပ်ဆိုခဲ့သည့် အပိုင်စာချုပ်ကို၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူကို မတွေ့ရှိနိုင်လျှင်၊ အပိုင်စာချုပ်ကို၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူကို တွေ့ရှိနိုင်သည့် မြေများအနက်၊ ထိုမြေနှင့် အနီးဆုံးမြေ၏ဆိုင်ရာစာချုပ်အရ၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူအရတန်ဘိုးနှုန်းဖြင့်တွက်၍ ကျသင့်သည့်တန်ဘိုးနှင့်ညီမျှသောငွေ။

(၆) မြေမှတပါးအခြား မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပုဒ်မခွဲ (၄) အရ နိုင်ငံပိုင် ပြုသည့်အခါ၊ ထိုပုဒ်မခွဲအရ အမိန့်ကြော်ငြာစာ ထုတ်ဖြန်သည့်နေ့ရှိ ထိုပစ္စည်း၏ကာလတန်ဘိုးနှင့်ညီမျှသောငွေကို လျော်ကြေးအဖြစ်ပေးရမည်။ ထိုကာလတန်ဘိုးကို မည်သို့ဆုံးဖြတ်ရမည်၊ မည်သူကလက်ဦးဆုံးဖြတ်ရမည်၊ ထိုဆုံးဖြတ်ချက်ကို မည်သူ့ထံတွင် အယူခံနိုင်သည် စသည့်ကိစ္စများအတွက်၊ နိုင်ငံတော်သမတသည် နည်းဥပဒေများပြုနိုင်သည်။

**စည်းကမ်း ဥပဒေများ။**

၂၉။ ။အဖွဲ့သည်၊ မိမိ၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရန် အလို့ငှါ၊ ဤအက်ဥပဒေနှင့်ဖြစ်စေ၊ ပုဒ်မ ၁၁ အရပြုသည့်နည်းဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်စေဘဲ စည်းကမ်းဥပဒေများ ပြုနိုင်သည်။ ယို့ပြင် အဆိုပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများသည် အထူးသဖြင့်အောက်ပါကိစ္စများအတွက်ပြဋ္ဌာန်းနိုင်သည်။

(က) အဖွဲ့၏ ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားနှင့်အာဏာ။

(ခ) အဖွဲ့က မိမိ၏အာဏာကို၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားကို အုပ်ချုပ်ရေးမှူး အား၊ သို့တည်းမဟုတ် ကော်မီတီ များအား အပ်နှင်းခြင်း။

(ဂ) အဖွဲ့ကိုယ်စား ပဋိညာဉ်များနှင့် အခြား စာချုပ် စာတမ်းများကို လက်မှတ်ရေးထိုးခြင်း။

(ဃ) ယေဘုယျအားဖြင့် အဖွဲ့အားအပ်နှင်းထားသော တာဝန်ဝတ်တရားကို ထိရောက်စွာဆောင်ရွက်ခြင်း။

## အခန်း ၇။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

ရံပုံငွေ။

၃၀။ ။အဖွဲ့သည်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ ရံပုံငွေဟုခေါ်တွင်သည့် ရံပုံငွေတခုထားရှိ၍ အောက်ပါငွေကို ထိုရံပုံငွေ၌ထည့်သွင်းရမည်—

(က) ဤအက်ဥပဒေအရ အဖွဲ့ကရရှိသောငွေ။

(ခ) မိမိ၏ အာဏာနှင့် တာဝန်ဝတ်တရားကို အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရန်နိုင်ငံတော်သမတထံမှ ရရှိသောငွေ။

အဖွဲ့သို့ငွေထုတ်ပေးခြင်း။

၃၁။ ။ဤအက်ဥပဒေအရ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ မိမိသင့်သည်ဟုထင်မြင်သည့် ငွေကို၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အခွန်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ၊ မ-တည်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ အဖွဲ့သို့ထုတ်ပေးနိုင်သည်။

ပစ္စည်းလွှဲပြောင်းပေးခြင်း။

၃၂။ ။(၁) ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ၊ မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေအရ အဖွဲ့ဖွဲ့စည်းသောအခါ၊ ယင်းသို့ဖွဲ့စည်းသော နေ့မှစ၍ရန်ကုန် စည်ပင်သာယာရေးအဖွဲ့၏ ရံပုံငွေသည်၎င်း၊ ထိုအဖွဲ့ပိုင်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအရပ်ရပ်နှင့် မကြွေးမြီအားလုံးသည်၎င်း၊ဤအက်ဥပဒေအရ ဖွဲ့စည်းသောအဖွဲ့လက်သို့ရောက်၍ အဖွဲ့ပိုင်ဖြစ်လာရမည်။

သို့ရာတွင် ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ရန်ကုန်စည်ပင်သာယာရေး အဖွဲ့အား၊ သို့တည်းမဟုတ် ထိုအဖွဲ့၏ အာဏာနှင့် တာဝန် ဝတ်တရားကို သုံးစွဲဆောင်ရွက်သော ပုဂ္ဂိုလ်များ၏အဖွဲ့အား၊ ဤအက်ဥပဒေအရ ဖွဲ့စည်းသောအဖွဲ့က မိမိလိုအပ်မည်ထင်မြင်သော ကြေးငွေကို၎င်း၊ ပစ္စည်းကြွေးမြီတာဝန်ကို၎င်း၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်လွှဲပြောင်းပေးအပ်နိုင်သည်။

(၂) ဤအက်ဥပဒေစတင်အာဏာတည်ပြီးသည့်နောက်၊ နိုင်ငံတော်သမတသည်၊အမိန့်ကြော်ငြာစာဖြင့် အစိုးရပိုင်အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အဖွဲ့အား ပေးအပ်နိုင်သည်။ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ထိုပစ္စည်းသည် အဖွဲ့ပိုင်ဖြစ်ရမည်။

ဘဏ်တွင်ငွေအပ်ခြင်း။

၃၃။ ။(၁) အဖွဲ့သည်၊ ချက်ခြင်း အသုံးမလိုသည့် မိမိ၏ ငွေအားလုံးကို နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိသောဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

(၂) အဖွဲ့၏ရံပုံငွေကိုအဖွဲ့ကပြုသည့်စည်းကမ်းဥပဒေများအရထုတ်ယူသုံးစွဲရမည်။

ငွေသုံးစွဲခြင်း။

၃၄။ ။အောက်ပါ ကိစ္စများအတွက် အဖွဲ့၏ ရံပုံငွေကို အဖွဲ့ကသုံးစွဲရမည်။

(က) အဖွဲ့သို့ နိုင်ငံတော်သမတက ထုတ်ချေးထားသော ငွေနှင့် စပ်လျဉ်း၍အရင်းကို၊ သို့တည်းမဟုတ် အတိုးကိုပေးဆပ်ခြင်း။

(ခ) အဖွဲ့၏ ရာထမ်းမှုထမ်းတို့၏ လစာစရိတ်၊ အငြိမ်းစားရံပုံငွေ စသည်တို့ ပါဝင်သည့် အဖွဲ့၏ရုံးစရိတ်ကျခံခြင်း။

(ဂ) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော အသုံးစရိတ်ကိုကျခံခြင်း။

ရ-သုံးမှန်းခြေငွေစာရင်း။

၃၅။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် မကုန်ဆုံးမီ ထိုနှစ်နောက် လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရ-သုံး မှန်းခြေငွေစာရင်းကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါ မှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ်မှန်းခြေ ငွေစာရင်းကိုလည်း အခါအားလျော်စွာထိုနည်းအတူတင်သွင်းရမည်။

(၂) ပုဒ်မခွဲ (၁) အရခွင့်ပြုသည့်မှန်းခြေငွေစာရင်းထက်ပို၍ မည်သည့် အသုံးစရိတ်ကိုမျှ အဖွဲ့ကကျခံခြင်းမပြုရ။

(၃) အထက်ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားလျက် မသုံးစွဲရသေးသောငွေဖြင့်၊ သို့တည်းမဟုတ် ထိုငွေ၏ အချို့အဝက်ဖြင့်ဆိုခဲ့သည့်မှန်းခြေငွေစာရင်းအရ ခွင့်ပြုထားသည့် အခြားအသုံးစရိတ် တခုခုအတွက်ခွင့်ပြုထားသည့် ငွေထက်ပို၍ သုံးစွဲပြီးသောငွေကို နိုင်ငံတော်သမတက ဤကိစ္စအတွက်ပေးသည့်ညွှန်ကြားချက်နှင့် မဆန့်ကျင်စေဘဲ၊ အဖွဲ့ကထေ၍ လွှဲပြောင်းသုံးစွဲနိုင်သည်။

နှစ်ချုပ်ငွေစာရင်း။

၃၆။ ။(၁) အဖွဲ့သည်၊ ငွေစာရင်းကိုငှင်း၊ ထိုငွေစာရင်းနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းကိုငှင်း ထားရှိရမည့်ပြင်၊ အဖွဲ့၏ အလုပ်လုပ်သည့် နှစ်တိုင်း နှစ်ချုပ် ငွေစာရင်းကိုလည်း နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ် သတ်မှတ်သည့် ပုံစံအတိုင်း စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ငွေစာရင်းကို နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်။ ထိုငွေစာရင်းများနှင့် စပ်လျဉ်းသည့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို နိုင်ငံတော်သမတထံ တင်သွင်းရမည်။

သီးသန့်ရံပုံငွေ။

၃၇။ ။အဖွဲ့သည်၊ တန်ဘိုးယုတ်လျော့ခြင်းအတွက်ငှင်း၊ သီးသန့်ရံပုံငွေနှင့် အခြားလိုအပ်သော ရံပုံငွေအတွက်ငှင်း၊ နိုင်ငံတော်သမတက နိုင်ငံတော်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်သည့်နှုန်းများနှင့် စည်းကမ်းချက်များအတိုင်း ရံပုံငွေစီမံထားရှိရမည်။

## အခန်း ၉။

### အထွေထွေ။

**အဖွဲ့ရာထမ်းမှုထမ်းများသည်၊ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း။**

၃၈။ ။အဖွဲ့၏ ရာထမ်းမှုထမ်းအားလုံးသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကိုပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟုမှတ်ယူရမည်။

**ရဲအကူအညီ။**

၃၉။ ။(၁) ဤအက်ဥပဒေအရ ဆောင်ရွက်ရမည့်အလုပ် များကိုအဖွဲ့ကပြီးမြောက်အောင်ဆောင်ရွက်ရာတွင်၊ ရန်ကုန်မြို့ရဲမိုလ်ချုပ်သည်၎င်း၊ သက်ဆိုင်ရာခရိုင်ရဲမိုလ်မှူးသည်၎င်း၊ အဆိုပါပုဂ္ဂိုလ်တို့၏ လက်အောက်ရဲအမှုထမ်းများသည်၎င်း အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

(၂) အဖွဲ့ကဖြစ်စေ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးကဖြစ်စေ၊ အဖွဲ့၏အခြားရာထမ်းမှုထမ်းကဖြစ်စေ၊ဤအက်ဥပဒေအရသော်၎င်း၊ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေအရသော်၎င်း၊ မိမိအားအပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို တရားဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်ရာတွင် သင့်တော်သောအကူအညီပေးရန် ရဲအမှုထမ်းများအား တောင်းဆိုလျှင်၊ ယင်းသို့တောင်းဆိုသည့်အတိုင်း ရဲအမှုထမ်းများက အကူအညီပေးရမည်။

**တရားစွဲဆိုခြင်း။**

၄၀။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့်ပြုသော၊ သို့တည်းမဟုတ် ပြုသည့်သဘောသက်ရောက်သော အပြုအမူတခုခုနှင့် စပ်လျဉ်း၍ အဖွဲ့ပေါ်တွင်ဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးပေါ်တွင်ဖြစ်စေ၊ အဖွဲ့၏ရာထမ်းမှုထမ်း တဦးဦးပေါ်တွင်ဖြစ်စေ၊ တရားမမှုသော်၎င်း ရာဇဝတ်မှုသော်၎င်း၊ အခြားတရားမှုခင်းသော်၎င်းစွဲဆိုခြင်းမပြုရ။

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတခုက တရားမမှု စွဲဆိုနိုင်သကဲ့သို့၊ သို့တည်းမဟုတ် စွဲဆိုခံရထိုက်သကဲ့သို့၊အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် အဖွဲ့က၊ သို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့ကို၊သို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲဆိုခြင်းကို ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ စိတ်ပင်ခြင်းမရှိစေရ။

၄၁။ ။ဤအက်ဥပဒေစတင် အာဏာမတည်မီ ၁၉၅၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့စွဲပါ အထူးအမိန့်ပြန်တမ်းဖြင့်ထုတ်ပြန်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်သူ့လုပ်ငန်း၊ ပြန်လည်ထူထောင်ရေးနှင့် အလုပ်သမားဝန်ကြီးဌာနပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသော ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေအရ နည်းလမ်းတကျဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်ဟု မှတ်ယူရမည့်မြင်၊ ထိုအဖွဲ့၏ဆောင်ရွက်ပြီးသော အမှုကိစ္စအဝဝသည် ဤအက်ဥပဒေအရဆောင်ရွက်သည့် အမှုကိစ္စများ ဖြစ်သည်ဟုမှတ်ယူရမည်။

G.U.B.C.P.O.—No. 96, Min. of J.A., 1-2-52—2,000—II.

# The Private Schools Registration Act 1951
# (Act No. LXIV of 1951)

## ၁၉၅၀ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၄။]

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်သည့်နေ့များတွင် သတ်မှတ်သည့် အရပ်ဒေသများ၌ စတင်အာဏာ တည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ကျောင်း" ဆိုသည်မှာ၊ ပညာသင်ကြားရာဌာနကိုဆိုလိုသည်။

(ခ) "ကိုယ်ပိုင်ကျောင်း" ဆိုသည်မှာ၊ အစိုးရက၊ သို့တည်းမဟုတ် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက တည်ထောင်သောကျောင်းမဟုတ်သည့်ကျောင်းကိုဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် ကိုးကွယ်သည့်ဘာသာရေးစာပေသက်သက်သင်ကြားသည့် ဘုန်းကြီးကျောင်းများနှင့် အခြားအလားတူကျောင်းများမပါဝင်ချေ။

(ဂ) "ဝန်ကြီး" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးအတွက် တာဝန်ခံဆောင်ရွက်ဆဲဖြစ်သည့် ဝန်ကြီးကို ဆိုလိုသည်။

(ဃ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ခန့်ထားသည့်ကိုယ်ပိုင် ကျောင်းမှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

(င) "တည်ထောင်အုပ်ချုပ်သူ" ဆိုသည်မှာ ကျောင်းနှင့်ကျောင်း၏ လုပ်ငန်းဆိုင်ရာကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကို ဆိုလိုသည်။

သို့ရာတွင် အဆိုပါကိစ္စများကို ကြီးကြပ်သူ ကိုယ်စားလှယ်အား လွှဲအပ်ထားလျှင်၊ အဆိုပါ ကိုယ်စားလှယ်သည် "တည်ထောင်အုပ်ချုပ်သူ" ဖြစ်သည်ဟူ၍မှတ်ယူရမည်။

၃။ ။နိုင်ငံတော်သမတသည်၊ အရာရှိတဦးဦးကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် အရာရှိအဖြစ်ဖြင့်ခန့်ထားရမည်။

၄။ ။(၁) ကျောင်းသားဦးရေနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပို၍တက်ရောက်လျက်ရှိသော ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း ထိုကိုယ်ပိုင်ကျောင်းကို ဤအက်ဥပဒေ အရ မှတ်ပုံတင်ရန်ကိစ္စအလို့ငှါ မှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။

(၂) ဤအက်ဥပဒေအာဏာတည်ဆဲဖြစ်နေသည့် အရပ်ဒေသအတွင်း မည်သည့်ကိုယ်ပိုင်ကျောင်းမဆို၊ ကျောင်းသားဦးရေနှစ်ဆယ်ပြည့်သည့်နေ့မှ သုံးလ အတွင်း ထိုကိုယ်ပိုင်ကျောင်းကို ဤအက်ဥပဒေအရ မှတ်ပုံတင်ရန်အလို့ငှါ မှတ်ပုံတင် အရာရှိထံသို့လျှောက်ထားရမည်။

(၃) ထိုလျှောက်လွှာအသီးသီးတွင်၊ ဤအက်ဥပဒေအရ ပြုသည့်နည်း ဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အကြောင်းအရာများ ပါရှိရမည်။

**Price,—One anna.]**

(၄) ပုဒ်မခွဲ (၁) နှင့် (၂) အရ မှတ်ပုံတင်ရမည့်ကိုယ်ပိုင်ကျောင်းကို မှတ်ပုံမတင်ဘဲသော်၎င်း၊ ပုဒ်မ ၅ အရ မှတ်ပုံတင်အရာရှိက မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်ပြီးနောက်သော်၎င်း၊ ပုဒ်မ ၇ အရ မှတ်ပုံတင်အရာရှိက ကိုယ်ပိုင်ကျောင်းများ မှတ်ပုံစာအုပ်မှ ပယ်ဖျက်ပြီးနောက်သော်၎င်း၊ မည်သူမျှ ထိုကိုယ်ပိုင်ကျောင်းကို တည်ထောင်အုပ်ချုပ်ခြင်းမပြုရ။

၅။ ။မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံတင်ရန် လျှောက်ထားသည့်ကိုယ်ပိုင်ကျောင်းကို အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့် ဖြစ်စေ၊ မှတ်ပုံတင်ရန် မသင့်ဟု ယူဆလျှင်၊ ဤအက်ဥပဒေအရ မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်နိုင်သည်။

(က) ကျောင်းအဆောက်အအုံသည်၊ သို့တည်းမဟုတ်ဥပစာသည်၊ သို့တည်းမဟုတ်ထိုဥပစာ၏ အစိတ်အပိုင်းတခုခုသည် ကျောင်းအတွက်မသင့်လျော်ခြင်း။

(ခ) ကျောင်းတက်နေသူတို့၏ ဦးရေကို၎င်း၊ အသက်အရွယ်ကို၎င်း၊ ယောကျ်ား၊ သို့တည်းမဟုတ်မိန်းမဖြစ်သည်ကို၎င်း ထောက်ထား၍ ကျောင်းအဆောက်အအုံ၊ သို့တည်းမဟုတ် ဥပစာတွင်စီမံထားရှိသည့် နေရာထိုင်ခင်းမလုံလောက်ခြင်း၊ သို့တည်းမဟုတ်မသင့်လျော်ခြင်း။

(ဂ) ကျောင်းတက်နေသူတို့၏အသက်အရွယ်ကို၎င်း၊ ယောကျ်ား၊ သို့တည်းမဟုတ်မိန်းမဖြစ်သည်ကို၎င်း ထောက်ထား၍ ကျောင်း၌သင်ကြားပေးသည့် ပညာရပ်များမသင့်လျော်ခြင်း၊ သို့တည်းမဟုတ် သင်ကြားပြသမှုညံ့ဖျင်းခြင်း။

(ဃ) ကျောင်းတည်ထောင်အုပ်ချုပ်သူသည် ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်ရန်မသင့်လျော်သူဖြစ်ခြင်း၊ သို့တည်းမဟုတ် ထိုကျောင်းနှင့်စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်နေသူတဦးဦးသည် ကျောင်းဆရာအဖြစ်သင်ကြားပြသရန်၊ သို့တည်းမဟုတ် တာဝန်ခံအဖြစ်ဆောင်ရွက်ရန် မသင့်သူဖြစ်ခြင်း။

(င) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သော သူတဦးဦးအား၊ ပုဒ်မ ၉ တွင်ဖော်ပြထားသော တာဝန်ဝတ္တရားဆောင်ရွက်ရာ၌ ဘမင်ဟန့်တားခြင်း။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုထားသည့်နည်း ဥပဒေများအရ၊ လိုအပ်သည့်အချက်များနှင့် ပြည့်စုံသော ကိုယ်ပိုင်ကျောင်းကိုမှတ်ပုံတင်ရမည့်ပြင်၊ ထိုကိစ္စအလို့ငှါ မှတ်ပုံတင်ထားသော ကိုယ်ပိုင်ကျောင်းအားလုံးအတွက် မှတ်ပုံစာအုပ်တခုကိုထားရှိရမည်။ ထိုမှတ်ပုံတင်စာရင်းကို သင့်လျော်သည့်အချိန်အခါတွင် အများပြည်သူတို့ကြည့်ရှုစစ်ဆေးလိုပါက၊ ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိရမည်။

၇။ ။မှတ်ပုံတင်အရာရှိသည်၊ အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့်ဖြစ်စေ၊ မည်သည့် ကိုယ်ပိုင်ကျောင်းကိုမဆို မှတ်ပုံစာအုပ်မှပယ်ဖျက်နိုင်သည်။

(က) ပုဒ်မ ၅ တွင် ဖော်ပြထားသည့် အကြောင်းတခုခုအရ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ အရည်အချင်းပျက်ယွင်းလာခြင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်ကျောင်း၏ ဥပစာသည်မလုံလောက်မသင့်လျော်ဖြစ်လာခြင်း။

(ခ) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ကျောင်းသူကျောင်းသားများ၏အကျိုးကိုဆုတ်ယုတ်အောင်ပြုခြင်း။

(ဂ) ပတ်ဝန်းကျင် အခြေအနေနှင့် သင်ကြားရေးအခြေအနေများသည်၊ ကျောင်းသူကျောင်းသားများ၏စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလ တခုခုကို ထိခိုက်နေခြင်း။

(ဃ) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သောသူတဦးဦးအား ပုဒ်မ ၉ တွင်ဖော်ပြထားသော တာဝန်ဝတ်တရားဆောင်ရွက်ရာ၌ တမင်ဟန့်တားခြင်း။

သို့ရာတွင် ထိုသို့မှတ်ပုံတင် စာရင်းမှပယ်ဖျက်ခြင်းမပြုမီ၊ ကိုယ်ပိုင်ကျောင်းသည်ထောင် အုပ်ချုပ်သူအား၊ မည်သည့်အကြောင်းကြောင့် ထိုကျောင်းမှတ်ပုံ တင်ခြင်းကိုမပယ်ဖျက်သင့်ကြောင်းထုချေရန် အခွင့်အရေးမပေးဘဲ၊ ထိုကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းမပြုရ။

၈။ ။ပုဒ်မ ၂၅ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ မှတ်ပုံတင်အရာရှိက ချမှတ်သည့်အမိန့်ကို ဝန်ကြီးထံအယူခံနိုင်သည်။ သို့ရာတွင် အယူခံလွှာကို ထိုသို့အမိန့်ချမှတ်သည့်နေ့မှခြောက်လအတွင်းတင်သွင်းရမည်။

၉။ ။မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ထိုအရာရှိက အမည်တပ်၍ဖြစ်စေ၊ ရာထူးအလျောက်ဖြစ်စေ အာဏာလွှဲအပ်ခြင်းခံရသောအရာရှိသည်၊မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆိုစစ်ဆေးခြင်း၊ သွားရောက်ကြည့်ရှုခြင်း၊ ထိုကျောင်းနှင့်သက်ဆိုင်သည့်အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခြင်းပြုနိုင်သည့်ပြင်၊ ထိုသို့ပြုရန် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို ဝင်နိုင်ခွင့်ရှိသည်။

၁၀။ ။နိုင်ငံတော်သမတသည်၊ မည်သည့် ကိုယ်ပိုင်ကျောင်း၌မဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင်ကျောင်းအမျိုးအစား၌မဆို၊ အများဆုံးတောင်းဆိုနိုင်သော ကျောင်းလခနှင့်အခြားအခများကိုအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

၁၁။ ။နိုင်ငံတော်သမတ သည်, အမိန့်ကြော်ငြာစာဖြင့် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင် ကျောင်းအမျိုးအစားကို မဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံးနှင့်သော်၎င်း၊ ပြဋ္ဌာန်းချက်တခုခုနှင့်သော်၎င်း သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပေးနိုင်သည်။

၁၂။ ။မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ၊သို့တည်းမဟုတ် ထိုနည်းဥပဒေများအရ ချမှတ်သည့်အမိန့်ကိုသော်၎င်း ဆန့်ကျင်ကျူးလွန်လျှင်၊ထိုသူသည်—

(က) ပဌမပြစ်မှုအတွက်၊ ငါးရာထက်မပိုသောငွေဒဏ် စီရင်ခြင်းခံရမည်။
(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက်၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ ၎င်းပြင် တထောင်ထက်မပိုသောငွေဒဏ် နှစ်ရပ်စလုံး စီရင်ခြင်းခံရမည်။

၁၃။ ။မည်သူမဆိုမှတ်ပုံတင်အရာရှိ အား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သောသူ တဦးဦးအား၊ ပုဒ်မ ၉ တွင် ဖော်ပြထားသော တာဝန်ဝတ်တရားဆောင်ရွက်ရာ၌ တမင်ဟန့်တားလျှင်၊ ထိုသူသည် တထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ် ပြစ်မှုထင်ရှားစီရင်ခြင်း

ခံရလျှင်ခြောက်လထက်မပိုသော အလုပ်ကြမ်းထောင်ဒဏ်နှင့် တထောင်ထက်မပိုသော ငွေဒဏ်နှစ်ရပ်လုံးကို စီရင်ခြင်းခံရမည်။

၁၄။ ။ဤအက်ဥပဒေအရ၊ ပြစ်မှုအတွက် ဝန်ကြီး၏ တိုင်ကြားချက်မရှိဘဲ၊ သို့တည်းမဟုတ် ဝန်ကြီး၏အခွင့်အမိန့်ကိုမရဘဲတရားမစွဲဆိုရ။

၁၅။ ။(၁) တည်ထောင်အုပ်ချုပ်သူသည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ၊ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌နေထိုင်သူတဦးတယောက်ကို၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊သို့တည်းမဟုတ် အဖွဲ့ကမှတ်ပုံတင်အရာရှိအားလျှောက်ထားရမည်၊ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအားအမည် တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည်ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူ အဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများ အလို့ငှါတည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) တည်ထောင်အုပ်ချုပ်သူသည်၊ အများပိုင် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကိုမဆို တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည် အများပိုင် ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြစ်အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် မှတ်ပုံတင်အရာရှိအား လျှောက်ထားရမည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ်အစုပါဝင်သူသည်၊ ယင်းသို့ နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍မှတ်ယူရမည်။

၁၆။ ။သဘောရိုးဖြင့်၊ ဤအက်ဥပဒေအရသော်၎င်း၊ နည်းဥပဒေများအရသော်၎င်း ပြုသည့်၊ သို့တည်းမဟုတ်ပြုရန် ကြံရွယ်သည့်ကိစ္စအတွက်မည်သူ့ကိုမျှတရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

၁၇။ ။နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေ များကိုကြိုတင်ထုတ်ပြန်ပြီးနောက်ပြုနိုင်သည်။

G.U.B.C.P O.—No. ၉7, Min. of J.A., 16-1-52—2,200—II.

The Factories Act 1951
(Act No. LXV of 1951)

# ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၅။]

<u>အလုပ်ရုံများတွင် အလုပ်သမားများနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်သော တရားဥပဒေကို စုပေါင်းပြင်ဆင်ပြဋ္ဌာန်းသည့်အက်ဥပဒေ။</u>

အလုပ်ရုံများတွင် အလုပ်သမားများနှင့် စပ်လျဉ်း၍ စည်းမျဉ်း သတ်မှတ်သော တရားဥပဒေကို စုပေါင်းပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

## စကားချီး။

အမည်၊ တည်ရာနယ် အဝန်းနှင့် အာဏာ တည်သည့်နေ့။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးနှင့်သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊နိုင်ငံတော်သမ္မတကအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့၌အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤအက်ဥပဒေတွင်၊အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''ကလေး''ဆိုသည်မှာ၊ အသက်တဆယ့်ငါးနှစ် မပြည့်သေးသူကို ဆိုလိုသည်။

(ခ) '' လူရွယ် '' ဆိုသည်မှာ၊အသက် တဆယ့်ငါးနှစ် ပြည့်ပြီးဖြစ်လျက်၊ အသက် ဆယ့်ရှစ်နှစ် မပြည့်သေးသူကိုဆိုလိုသည်။

(ဂ) ''လူငယ်'' ဆိုသည်မှာ၊ ''ကလေး'' နှင့် ''လူရွယ်'' ကို ဆိုလိုသည်။

(ဃ) ''လူကြီး'' ဆိုသည်မှာ၊ အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီး သူကို ဆိုလိုသည်။

(င) ''နေ့''၊သို့တည်းမဟုတ် ''ရက်'' ဆိုသည်မှာ၊ ညဉ့်သန်းခေါင် ချိန်မှစ၍ ရေတွက်သော နှစ်ဆယ့်လေးနာရီ ကာလအပိုင်းအခြားကိုဆိုလိုသည်။

(စ) ''ရက်သတ္တပတ်'' ဆိုသည်မှာ၊ စနေနေ့ညဉ့်သန်းခေါင် ချိန်မှစ၍ ရေတွက်သောခုနစ်ရက်ကာလအပိုင်းအခြားကိုဆိုလိုသည်။

Price,—Annas 12.]

(ဆ) "အား" ဆိုသည်မှာ၊ လျှပ်စစ် ဓါတ်အားကိုသော်၎င်း၊ လူ၊ သို့တည်းမဟုတ် တိရစ္ဆာန်ကို အသုံးပြုခြင်းဖြင့် ဖြစ်ပွါးစေသည့်အား မဟုတ်ဘဲ၊စက်ကိရိယာဖြင့် ဖြစ်ပွါးစေသည့်၊ သို့တည်းမဟုတ် ပေးပို့သည့်အခြားအားတမျိုးမျိုးကိုသော်၎င်း ဆိုလိုသည်။

(ဇ) "အားပေးစက်" ဆိုသည်မှာ၊ အားဖြစ်ပွါးစေသော၊ သို့တည်း မဟုတ် အခြားနည်းဖြင့် အားပေးသောအင်ဂျင်စက်၊ မော်တော်စက်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာကို ဆိုလိုသည်။

(ဈ) "အားပို့စက်ကိရိယာ" ဆိုသည်မှာ၊ ဝင်ရိုး၊ဘီး၊ဒရမ် (drum)၊ ပူလီ၊ပူလီစသနှင့်ပူလီရှင် (system of fast and loose pulleys)၊ ကပ္ပလင် (coupling)၊ ကလတ် (clutch)၊ သားရေပတ်ကြိုး (belt)၊ သို့တည်းမဟုတ်အခြားကြိုးစည်ပြုလုပ်ထားသည့် ကိရိယာ ကို ဆိုလိုသည်။ အားပို့စက်မှ အားကိုအခြား စက်ကိရိယာသို့ ပေးပို့သည့်၊သို့တည်းမဟုတ် အခြားစက်ကိရိယာများက ခံယူသည့် ကိရိယာကိုဆိုလိုသည်။

(ည) "စက်ကိရိယာ" ဆိုသည်တွင်၊ အားပေးစက်၊အားပို့စက်ကိရိယာ နှင့်အားကိုဖြစ်ပွါးစေသည့်၊ပြောင်းလဲစေသည့်၊ပေးပို့သည့်၊ သို့တည်း မဟုတ် အသုံးပြုသည့်အခြားကိရိယာများပါဝင်သည်။

(ဋ) "ပြုလုပ်မှု လုပ်ငန်းစဉ်" ဆိုသည်မှာ—

(ကက) အသုံးဝတ္ထုတခုခုကိုဖြစ်စေ၊အရောင်းဝတ္ထုတခုခုကိုဖြစ်စေ သုံးစွဲခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပေးအပ်ခြင်း၊ သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းအလို့ငှါ ပြုလုပ်မှု၊အသွင်ပြောင်းလဲစေမှု၊ ပြုပြင်မှု၊ မွမ်းမံမှု၊ အပြီးသတ်မှု၊ ထုပ်ပိုးမှု၊ ဆီထည့်မှု၊ ဆေးကြောမှု၊တိုက်ချွတ်မှု၊ ခွဲစိတ်မှု၊ဖြိုဖျက်မှု၊အခြားနည်းစီရင်မှု၊ သို့တည်းမဟုတ် သင့်လျော်အောင် အခြားနည်းဖြင့် ပြုပြင်စီရင်မှု၊

(ခခ) ဆီကိုဖြစ်စေ၊ရေကိုဖြစ်စေ၊သို့တည်းမဟုတ် မိလ္လာရေကိုဖြစ်စေ၊ စုတ်မှု ထုတ်မှု၊

(ဂဂ) အားကိုဖြစ်ပွါးစေမှု၊ ပြောင်းလဲစေမှု၊ ပေးပို့မှု၊

(ဃဃ) အက္ခရာပုံနှိပ်မှု၊ကျောက်ပုံနှိပ်မှု၊ ဓါတ်ပုံကူးယူပုံနှိပ်မှု၊ သို့တည်း မဟုတ် အခြားအလားတူလုပ်ကိုင်မှု၊သို့တည်းမဟုတ်ကုန်သွယ်မှု ကိစ္စအတွက်ဖြစ်စေ၊ အမြတ်အစွန်း ရရန်ကိစ္စအတွက် ဖြစ်စေ၊ စာအုပ်ချုပ်လုပ်မှု၊ သို့တည်းမဟုတ် ယင်းသို့သောကိစ္စအတွက် လုပ်သော လုပ်ငန်းနှင့် အကြောင်းအားလျော်စွာ ဆက်သွယ် လုပ်သည့် စာအုပ် ချုပ်လုပ်မှု၊

(ငင) သင်္ဘောကိုဖြစ်စေ၊ ရေယာဉ်ကိုဖြစ်စေ၊ တည့်ဆောက်မှု၊ ပြန်လည်တည်ဆောက်မှု၊ ပြုပြင်မှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီး သတ်မှု၊သို့တည်းမဟုတ် ဖျက်ခွဲမှု

တခုခု အတွက် လုပ်ရသော လုပ်ငန်းကိုဆိုလိုသည်။

(ဃ) ''အလုပ်သမား'' ဆိုသည်မှာ၊ ပြုလုပ်မှု လုပ်ငန်းစဉ် တခုခုတွင် ဖြစ်စေ၊ ပြုလုပ်မှု လုပ်ငန်းစဉ်အတွက် အသုံးပြုသည့် စက်၏၊ သို့တည်းမဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းတခုခုကို စင်ကြယ်အောင် တိုက်ချွတ်ရာတွင်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်၌၊ သို့တည်းမဟုတ် ထိုလုပ်ငန်းစဉ်မှထွက်သော အရာ၌ပါဝင်သောအလုပ်တခုခုတွင်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် သို့တည်းမဟုတ် ထိုလုပ်ငန်းစဉ်မှထွက်သော အရာနှင့် သက်ဆိုင်သော အလုပ်တခုခုတွင်ဖြစ်စေ အခနှင့်သော်၎င်း၊အခမဲ့သော်၎င်း ခိုင်းစေခံရသောသူကိုဆိုလိုသည်။ သို့ရာတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း မလုပ်သည့်အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင် စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ။

(င) ''အလုပ်ရုံ'' ဆိုသည်မှာ၊ အလုပ်သမားပေါင်းတဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့်အလုပ်သမားများလုပ် နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်း၊ မည်သည့်ရက်တွင်မဆို၊ လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှု လုပ်ငန်းစဉ်အတိုင်း၊ လုပ်သောအစိတ်အပိုင်း တခုခုတွင်၊ အားအကူအညီဖြင့် လုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့် လုပ်သည့် အဆောက်အအုံတခုခုနှင့်တကွ ဥပစာကိုပါဆိုလိုသည်။ ထို့ပြင် အလုပ်ရုံဆိုသည်တွင်အလုပ်သမားပေါင်းနှစ်ဆယ်၊ သို့တည်းမဟုတ် ထိုထက်ပိုမိုသည့်အလုပ်သမားများလုပ်နေသည့်၊ သို့တည်းမဟုတ် လွန်ခဲ့သည့်ဆယ့်နှစ်လအတွင်း မည်သည့် ရက်တွင် မဆို၊ လုပ်နေခဲ့သည့်ပြင်၊ ပြုလုပ်မှု လုပ်ငန်းစဉ်အတိုင်း လုပ်သည့် အစိတ်အပိုင်း တခုခုတွင် အားအကူအညီ မပါဘဲ လုပ်နေသည့်၊ သို့တည်းမဟုတ် သာမန်အားဖြင့်၊ ယင်းသို့ လုပ်သည့် အဆောက်အအုံ တခုခုနှင့်တကွ ဥပစာလည်းပါဝင်သည်။ သို့ရာတွင်သတ္တုတွင်းအက်ဥပဒေနှင့်သက်ဆိုင်သည့်သတ္တုတွင်းမပါဝင်ချေ။

(စ) ''လုပ်ငန်းပိုင်ရှင်'' ဆိုသည်မှာ၊ အလုပ်ရုံနှင့် အလုပ်ရုံတွင်လုပ်သည့် လုပ်ငန်းဆိုင်ရာ ကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကို ဆိုလိုသည်။ သို့ရာတွင် အဆိုပါ ကိစ္စများကို ကြီးကြပ်သူ ကိုယ်စားလှယ်အားလွှဲအပ်ထားလျှင်၊ သို့တည်းမဟုတ်ပုဒ်မ ၉၃ အရခန့်ထားမည်ဟု အင်စပက်တော်အား၊ ကြိုတင်အကြောင်းကြား၍ ခန့်ထားသူအား လွှဲအပ်ထားလျှင်၊ယင်းသို့သောကိုယ်စားလှယ်သည်၊သို့တည်းမဟုတ် ခန့်ထားခံရသူသည် လုပ်ငန်းပိုင်ရှင် ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(ဆ) '' မှတ်ပုံဝင် ဆရာဝန် '' ဆိုသည်မှာ၊ မြန်မာနိုင်ငံဘာယဆေးဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံဝင်စာရင်း ထားရှိရေးအတွက် ပြဋ္ဌာန်းသည့် တည်ဆဲဥပဒေ တရပ်ရပ်အရ ဖြစ်စေ၊ မှတ်ပုံတင်ထားသူကိုဆိုလိုသည့်ပြင်၊ ထိုကဲ့သို့မှတ်ပုံဝင် ဆရာဝန်မရှိ

သည့် အရပ်ဒေသတခုခုအတွက် ဤအက်ဥပဒေအလို့ငှါ မှတ်ပုံဝင် ဆရာဝန်ဖြစ်သည်ဟု နိုင်ငံတော်သမတက အမိန့် ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသူသည်လည်း ထိုစကားရပ်တွင်ပါဝင်သည်။

(တ) တနေ့တည်းတွင် တမျိုးတည်းသော အလုပ်ကို အလုပ်သမားစု နှစ်စုဖြစ်စေ၊ နှစ်စုထက်ပို၍ဖြစ်စေ၊ ကာလခွဲခြား၍ လုပ်လျှင်၊ ယင်းသို့သော အလုပ်သမားစုအသီးသီးကို "အလှည့်ကျလုပ်စု" ဟု ခေါ်သည်။ ထို အလှည့်ကျလုပ်စုလုပ်သည့် ကာလ အပိုင်း အခြားကို၊ သို့တည်းမဟုတ် ကာလ အပိုင်း အခြား များကို "အလှည့်" ဟုခေါ်သည့်၊ ထို့ပြင်

(ထ) "ပြဋ္ဌာန်းသည့်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ နိုင်ငံတော် သမတက ပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

**အချိန်နာရီရည်ညွှန်းချက်။**

၃။ ။ဤအက်ဥပဒေ၌ အချိန် နာရီကို ရည်ညွှန်းလျှင်၊ မြန်မာနိုင်ငံတော် စံတော်ချိန်ကိုရည်ညွှန်းသည်။

**အလုပ်ရုံအတွက်ပြဋ္ဌာန်းချက်များကို အခြားနေရာများတွင် သုံးစွဲ နိုင်သော အာဏာ။**

၄။ ။(၁) နိုင်ငံတော်သမတသည် အစိုးရပြန်တမ်းတွင် အမိန့်ကြေညာချက်ဖြင့်အလုပ်ရုံများနှင့် သက်ဆိုင်သောပြဋ္ဌာန်းချက် အားလုံးကို သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခုကို အားကိုအသုံးပြုလျက်ဖြစ်စေ၊ အားကိုအသုံးမပြုဘဲလျက်ဖြစ်စေ၊ပြုလုပ်မှုလုပ်ငန်းစဉ် ဆောင်ရွက်နေသော၊ သို့တည်းမဟုတ် ဆောင်ရွက်သော မည်သည့်နေရာနှင့်မဆို သက်ဆိုင်စေရမည်ဟု ကြေညာနိုင် သည်။

(၂) ပုဒ်မခွဲ(၁)အရ အမိန့်ကြေညာချက်ကို ထိုသို့သော နေရာတခုခုအတွက် သော်၎င်း၊ သို့တည်းမဟုတ် ထိုသို့သော နေရာ အမျိုးအစားအတွက်သော်၎င်း၊ သို့ တည်းမဟုတ် ယေဘုယျအားဖြင့်ထိုထိုသောနေရာအားလုံးအတွက်သော်၎င်း၊ ထုတ်ပြန် နိုင်သည်။

(၃) ပုဒ်မ ၂ ၏ စာပိုဒ်(ဎ)တွင် မည်သို့ပင်ဆိုထားစေကာမူ၊ ပုဒ်မခွဲ(၁) အရ အလုပ်ရုံနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်အားလုံးနှင့် သို့တည်းမဟုတ် ပြဋ္ဌာန်းချက် တခုခုနှင့် သက်ဆိုင်စေသော ကာလအပိုင်းအခြားတွင် ထိုနေရာကို ယင်းသို့ သက်ဆိုင် စေသည့် ပြဋ္ဌာန်းချက်များအလို့ငှါ အလုပ်ရုံဟု မှတ်ယူရမည်။

**အလုပ်ရုံ၌ ပြောင်းလဲမှုရှိသောအခါ ကင်းလွတ်စေခွင့်ပြုနိုင်သည့်အာဏာ**

၅။ ။လုပ်ငန်းပိုင်ရှင် ပြောင်းလဲသောကြောင့် ဖြစ်စေ၊ အလုပ်ရုံတွင် လုပ်ကိုင် ဆောင်ရွက်သော ပြုလုပ်မှု လုပ်ငန်းစဉ် ပြောင်းလဲသော ကြောင့်ဖြစ်စေ၊ အလုပ်ရုံတွင် လုပ်လျက်ရှိသော အလုပ် သမား ဦးရေသည်၊ (အားကိုအသုံးပြုလျှင်) တဆယ် အောက်၊ (အားကိုအသုံးမပြုလျှင်) နှစ်ဆယ်အောက် ယုတ် လျော့သည့်ဟူ၍သော်၎င်း၊ ရှေ့လာမည့် ဆယ့်နှစ်လအတွင်း အလုပ်သမား ဦးရေသည် (အားကိုအသုံးပြုလျှင်) တဆယ်၊ (အားကိုအသုံးမပြုလျှင်) နှစ်ဆယ်ဖြစ်ရန်၊ သို့တည်း မဟုတ်ဆိုထက်ပိုရန် အကြောင်းမရှိဟူ၍သော်၎င်း၊ နိုင်ငံတော်သမတက ကျေနပ်လျှင်၊

နိုင်ငံတော်သမတသည့်၊အမိန့်စာဖြင့် ထိုအလုပ်ရုံကို ဤအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

သို့ရာတွင် ယင်းသို့ ထင်းလွတ်ခွင့်ပြုခြင်းသည်၊ ထိုအလုပ်ရုံတွင် (အားကို အသုံးပြုလျှင်) အလုပ်သမားဆယ်ယောက်၊ သို့တည်းမဟုတ် ဆယ်ထောက်ထက်ပို၍သော်၎င်း၊ (အားကိုအသုံးမပြုလျှင်) အလုပ်သမားနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပို၍သော်၎င်း၊ လုပ်သည့်နေ့မှစ၍အတည်ဖြစ်ခြင်းမှရပ်စဲရမည်။

၆။ ။(၁) နိုင်ငံတော်သမတသည် အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ပြုနိုင်သည်။

အလုပ်ရုံများကို သဘောတူညီခြင်း၊လိုင်စင်ထုတ်ပေးခြင်းနှင့်မှတ်ပုံတင်ခြင်း။

(က) အလုပ်ရုံတည်ရှိမည့် မြေရာကွက်အတွက်၎င်း၊ မည်သည့် အလုပ်ရုံကို မဆို၊ သို့တည်းမဟုတ် မည်သည့်အမျိုးအစားဖြစ်သော အလုပ်ရုံများကိုမဆို ဆောက်လုပ်ရန်၊ သို့တည်းမဟုတ်တိုးချဲ့ရန်အတွက်၎င်း၊ အင်စပက်တော်ချုပ်၏ခွင့်ပြုချက်ကိုကြိုထင်ရယူရမည်ဟုပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ထိုခွင့်ပြုချက်ရရှိရန်အတွက်လျှောက်လွှာများကိုစဉ်းစားဆင်ခြင်နိုင်ရန် အလို့ငှါ၊ ပုံစံများနှင့်အသေးစိပ်ဖေါ်ပြချက်များကို တင်ပြရမည်ဟု ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) မည်ကဲ့သို့သောပုံစံများနှင့်အသေးစိပ်ဖေါ်ပြချက်များကို တင်ပြရမည်ဟူ၍၎င်း၊ ထိုပုံစံများနှင့် အသေးစိတ်ဖေါ်ပြချက်များကို မည်သူကတာဝန်ခံသက်မှတ် ရေးထိုးရမည်ဟူ၍၎င်း၊ ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) အလုပ်ရုံများကို၊ သို့တည်းမဟုတ် မည်သည့် အမျိုးအစားဖြစ်သော အလုပ်ရုံများကိုမဆို၊ မှတ်ပုံတင်၍လိုင်စင်ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းရန်ကိစ္စ။ ထို့ပြင်မှတ်ပုံတင်ခြင်းနှင့် လိုင်စင် ထုတ်ပေးခြင်းအတွက် ပေးရမည့်အခများကို၎င်း၊ လိုင်စင်များ အသစ်လဲလှယ်ခြင်းအတွက် ပေးရမည့်အခများကို၎င်း ပြဋ္ဌာန်းရန်ကိစ္စ။

(င) ပုဒ်မ ၀ တွင်ဖေါ်ပြထားသည့် နို့ထစ်စာမပေးရသေးလျှင် မည်သည့် လိုင်စင်ကိုမျှမထုတ်ပေးရ၊ သို့တည်းမဟုတ်အသစ်လဲလှယ်ခြင်း မပြုရဟူ၍ပြဋ္ဌာန်းရန်ကိစ္စ။

(၂) ပုဒ်မခွဲ (၁)အပိုဒ် (ခ) အရ ပြုသည့် နည်းဥပဒေများအရ၊ လိုအပ်သည့်ပုံစံများနှင့်အသေးစိတ်ဖေါ်ပြချက်များပါပူးတွဲ၍၊ပုဒ်မခွဲ (၁)၊ အပိုဒ် (က)တွင် ရည်ညွှန်းသည့် ခွင့်ပြုချက်ရရှိရန်အတွက် လျှောက်လွှာကို အင်စပက်တော်ချုပ် ထံသို့ စာတိုက်မှ ရီဂျစ္စတာပို့၍ ပေးပို့ရာ၊ ယင်းသို့ ပေးပို့သည့်နေ့မှ သုံးလအတွင်းလျှောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကိုပေးပြီးဖြစ်သည်ဟုမှတ်ယူရမည်။

(၃) အင်စပက်တော်ချုပ်က မြေရာကွက်အတွက် အလုပ်ရုံ ဆောက်လုပ်ရန်၊ သို့တည်းမဟုတ် တိုးချဲ့ရန်အတွက်၊ သို့တည်းမဟုတ် အလုပ်ရုံမှတ်ပုံတင်ရန်နှင့် လိုင်စင်ထုတ်ပေးရန်အတွက် ခွင့်ပြုချက်ကို ပေးရန်ငြင်းဆိုလျှင်၊ လျှောက်ထားသူသည် ယင်းသို့ ငြင်းဆိုသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အစိုးရထံအယူခံဝင်နိုင်သည်။

ရှင်းလင်းချက်။ ။စက်၊ သို့တည်းမဟုတ် စက်ကိရိယာတခုခုကို အသစ်လဲလှယ်ခြင်းကြောင့်ဖြစ်စေ၊ ပြဋ္ဌာန်းသည့် ကန့်သတ်ချက်များနှင့်အညီ၊ စက်၊ သို့တည်းမဟုတ် စက်ကိရိယာတခုခုကို ထပ်ဖြည့်တပ်ဆင်ခြင်းကြောင့်ဖြစ်စေ၊ ဤပုဒ်မ၏ အဓိပ္ပါယ်အရ အလုပ်ရုံကိုတိုးချဲ့သည်ဟုမမှတ်ယူရ။

တိုင်းပြည်၌ အရေးတကြီးအခြေဖြစ်ပေါ်နေသည့်ကာလအတွင်း ကင်းလွတ်ခွင့်ပြုနိုင်သည့်အာဏာ

၇။ ။တိုင်းပြည်၌ အရေးတကြီးအခြေဖြစ်ပေါ်နေလျှင်၊ နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မည်သည့် အလုပ်ရုံကိုမဆို၊ သို့တည်းမဟုတ် မည်သည့် အမျိုးအစားဖြစ်သော အလုပ်ရုံများကိုမဆို၊ မိမိသင့်သည် ထင်မြင်သည့်ကာလအပိုင်းအခြားအတွင်း၊ သင့်သည်ဟုထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်အားလုံးနှင့်ဖြစ်စေ၊ တခုခုနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်။

သို့ရာတွင်ထိုအမိန့်ကြော်ငြာစာသည်တကြိမ်လျှင်သုံးလကျော်ပို၍အတည်မဖြစ်စေရ။

လုပ်ငန်းပိုင်ရှင်က ပေးရန် နို့တစ်စာ။

၈။ ။(၁) လုပ်ငန်းပိုင်ရှင်သည်၊ အလုပ်ရုံအဖြစ်မည်သည့် အဆောက်အဦကိုမဆို၊ စတင်၍ လုပ်ငန်းလုပ်ခြင်း၊ သို့တည်း မဟုတ် အဆောက် အအုံကို အသုံးပြုခြင်း မပြုမီ၊ အနည်းဆုံး ဆယ့်ငါးရက်ကြိုတင်၍၊ အစိုးရက်ဇတ်ချုပ်ထံအောက်ပါအချက်များနှင့်စပ်လျဉ်း၍ နို့တစ်စာ ပေးပို့ရမည်။

(က) အလုပ်ရုံ၏အမည်နှင့်တည်ရာအရပ်။

(ခ) လုပ်ငန်းပိုင်ရှင်၏ အမည်နှင့် နေရပ်အပြည့်အစုံ။

(ဂ) အလုပ်ရုံနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာများ ပေးပို့ရမည့် နေရပ်အပြည့်အစုံ။

(ဃ) ပြုလုပ်မှုလုပ်ငန်းစဉ်အမျိုးအစား—

(ကက) ဤအက်ဥပဒေ အာဏာတည်သည့်နေ့တွင် ရှိနေပြီးဖြစ်သောအလုပ်ရုံများနှင့်စပ်လျဉ်း၍၊ ထိုအလုပ်ရုံတွင် လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်းလုပ်သည့် ပြုလုပ်မှုလုပ်ငန်းစဉ်။

(ခခ) အလုပ်အားလုံးနှင့်စပ်လျဉ်း၍၊ နောက်လာမည့်ဆယ့်နှစ်လအတွင်းလုပ်မည့် ပြုလုပ်မှုလုပ်ငန်းစဉ်။

(င) အသုံးပြုရမည့်အား အမျိုးအစားနှင့်ပမာဏ။

(စ) ဤအက်ဥပဒေအလို့ငှါ အလုပ်ရုံမန်နေဂျာဖြစ်သူ၏အမည်။

(ဆ) အလုပ်ရုံတွင် ခိုင်းစေဘွယ်ရာရှိသည့် အလုပ်သမား အရေအတွက်။

(ဇ) ဤ အက်ဥပဒေ အာဏာ တည်သည့်နေ့တွင် ရှိနေပြီး ဖြစ်သော အလုပ်ရုံများနှင့်စပ်လျဉ်း၍၊ လွန်ခဲ့သည့် ဆယ့်နှစ်လအတွင်း ပျမ်းမျှခြင်းအားဖြင့်၊ တနေ့လျှင် ခိုင်းစေသည့် အလုပ်သမားအရေအတွက်။

(ဈ) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများ။

(၂) ဤအက်ဥပဒေနှင့်ပဌမအကြိမ် သက်ဆိုင်လာသည့် အလုပ်ရုံအားလုံးနှင့် စပ်လျဉ်း၍၊ လုပ်ငန်းပိုင်ရှင်သည်၊ ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့် အကြောင်းအရာ

များပါရှိသော နို့တစ်စာကို၊ ဤအက်ဥပဒေအာဏာ တည်သည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း၊ အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်။

(၃) တနှစ်လျှင် အလုပ် လုပ်သည့် ရက်ပေါင်း တရာ့ရှစ်ဆယ် အောက် လျော့၍ သာမန်အားဖြင့်လုပ်သော ပြုလုပ်မှုလုပ်ငန်းစဉ်ကို အသုံးပြုသော အလုပ်ရုံတွင် အလုပ်ပြန်လည်မလုပ်မီ၊ လုပ်ငန်းပိုင်ရှင်သည်၊ ပုဒ်မခွဲ (၁) တွင်၊ ဖေါ်ပြထားသည့် အကြောင်းအရာများပါရှိသော နို့တစ်စာကို အလုပ်စတင်မလုပ်မီ ရက်ပေါင်း သုံးဆယ်အတွင်း၊ အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်။

(၄) မန်နေဂျာ အသစ်ခန့်ထားသည့် အခါတိုင်း လုပ်ငန်း ပိုင်ရှင် သည်၊ မန်နေဂျာအသစ် အလုပ်ဝတ်တရား စတင်ဆောင်ရွက်သည့်နေ့မှ ခုနစ်ရက်အတွင်း အင်စပက်တော်ချုပ်ထံ နို့တစ်စာပေးပို့ရမည်။

(၅) မည်သူ့ကိုမျှ အလုပ်ရုံ မန်နေဂျာအနေဖြင့် ခန့်ထားခြင်းမရှိသေးသော ကာလအပိုင်းအခြားအတွင်းသော်၎င်း၊ မန်နေဂျာအနေဖြင့် ခန့်ထားခြင်းခံရသူသည်၊ အလုပ်ရုံကို အုပ်ချုပ်ခြင်းမပြုသည့် ကာလအပိုင်းအခြားအတွင်းသော်၎င်း၊ မန်နေဂျာ အဖြစ် ဆောင်ရွက်နေသူ၊ သို့တည်းမဟုတ် ယင်းသို့ လုပ်သူမရှိလျှင်၊ လုပ်ငန်း ပိုင်ရှင်ကိုယ်တိုင်ပင်၊ ဤအက်ဥပဒေအလို့ငှါ၊ ထိုအလုပ်ရုံ၏ မန်နေဂျာအနေဖြင့်ဖြစ်သည် ဟု မှတ်ယူရမည်။

(၆) ဥပဒေအရပိတ်ရသည့်အခါမှတပါးအလုပ်ရုံတခုကိုခေတ္တ၊သို့တည်းမဟုတ် အချိန် အကန့်အသတ်မရှိဘဲ၊ ပိတ်ထားရန် လိုအပ်သည့်အခါတွင်၊ လုပ်ငန်းပိုင်ရှင် သည်၊ အလုပ်ရုံမပိတ်မီအနည်းဆုံးတလကြိုတင်၍အကြောင်းဖြချက်များပါရှိသောနို့တစ် စာကို အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်။ အကြောင်းတခုခုကြောင့် နို့တစ်စာကို တလကြိုတင်၍ မပေးပို့နိုင်လျှင်၊ အလုပ်ရုံကို မပိတ်မီ ဆောလျင်နိုင်သမျှဆောလျင်စွာ အင်စပက်တော်ချုပ်ထံ ကြိုတင် အကြောင်းကြားရမည်။ သို့ရာတွင်၊ မမြော်လင့်ဘဲ ရုတ်တရက် အငြင်ဖြစ်ပေါ်လာသော အကြောင်းကြောင့်ဖြစ်စေ၊ စက်ကိရိယာများ ချို့ယွင်းပျက်စီးသောကြောင့်ဖြစ်စေ၊ အလုပ်ရုံကို ပိတ်ရလျှင်၊ ယင်းသို့ပိတ်သည့်အချိန်မှ လေးဆယ့် ရှစ်နာရီ အတွင်း အင်စပက်တော်ချုပ်အား အကြောင်း ကြားရမည်။ ပိတ်ရသည့်အလုပ်ရုံမှာ တဆယ့်ငါးယောက်ထက် မများသော အလုပ်သမားများကို ခိုင်းစေသည့်အလုပ်ရုံဖြစ်လျှင်၊ ယင်းသို့ပိတ်သည့်အချိန်မှ ခုနစ်ရက်အတွင်း အင်စပက် တော်ချုပ်ထံအကြောင်းကြားရမည်။

(၇) ပုဒ်မခွဲ (၆) တွင် ရည်ညွှန်းသည့် လုပ်ငန်းပိုင်ရှင်သည်၊ အလုပ်ကို ပြန်လည်မလုပ်မီ ဆယ့်ငါးရက်အတွင်း အင်စပက်တော်ချုပ်ထံ ယင်းသို့ ပြန်လည် လုပ်မည်ဖြစ်ကြောင်းကို နို့တစ်စာပေးပို့ရမည်။ သို့ရာတွင် တဆယ့်ငါးယောက်ထက် မများသောအလုပ်သမားများကို ခိုင်းစေသည့်အလုပ်ရုံဖြစ်လျှင်၊ အလုပ်ကို ပြန်လည် လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း ယင်းသို့ ပြန်လည် လုပ်ကြောင်းဖြင့် နို့တစ်စာကို အင်စပက်တော်ချုပ်ထံပေးပို့ရမည်။

အလုပ်ဌာနများကို သီးခြား အလုပ်ရုံများ ဖြစ်ကြောင်း ပြဋ္ဌာန်းနိုင်သည့် အာဏာ။

၉။ ။နိုင်ငံတော်သမတသည် သီးခြားဖေါ်ပြထားသည့် အလုပ်ရုံဆိုင်ရာ အမျိုးမျိုးသော ဌာနများကို၊ သို့တည်းမဟုတ် ဌာနခွဲများကို၊ ဤအက်ဥပဒေပါ ကိစ္စအားလုံး၊ သို့တည်းမဟုတ် ကိစ္စတခုခုအတွက်၊ သီးခြားအလုပ်ရုံများအဖြစ် မှတ်ယူရမည်ဟု အမိန့်စာဖြင့်ညွှန်ကြားနိုင်သည်။

## အခန်း ၂။

### ကြည့်ရှုစစ်ဆေးသည့် ရာထမ်းမှုထမ်းအဖွဲ့။

**အင်စပက်တော်။**

၁၀။ ။(၁) နိုင်ငံတော် သမတသည် အမိန့် ကြော်ငြာစာ ထုတ်ပြန်၍၊ မိမိ သင့်တော်သည် ထင်မြင်သူကို၊ ဤအက်ဥပဒေ အလို့ငှါ၊ အင်စပက်တော်အဖြစ် ခန့်ထားနိုင်သည်။ ၎င်းပြင် ထိုသူအတွက် မိမိသင့်တော်သည်ထင်မြင်သည့် နယ်နိမိတ်ကိုသတ်မှတ်ပေးနိုင်သည်။

(၂) နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ မိမိသင့်တော်သည် ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည် ဤအက်ဥပဒေအရ အင်စပက်တော်ချုပ်အား အပ်နှင်းသည့်အာဏာများအပြင်၊ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးတွင် အင်စပက်တော်၏ အာဏာများကို လည်း သုံးစွဲ ဆောင်ရွက်ရမည်။

(၃) အလုပ်ရုံတွင်ဖြစ်စေ၊ ထိုအလုပ်ရုံတွင် လုပ်သော လုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းတွင်ဖြစ်စေ၊ထိုအလုပ်ရုံနှင့်သက်ဆိုင်သည့် မှတ်ပုံတင်မူပိုင်ခွင့် လက်မှတ်၊ သို့တည်းမဟုတ်စက်ကိရိယာတွင်ဖြစ်စေ၊ အခြားစီးပွါးရေးလုပ်ငန်းတခုခု တွင်ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အကျိုးသက်ဆိုင်သူ၊ သို့တည်း မဟုတ်အကျိုးသက်ဆိုင်လာသုမည်သူကိုမျှ၊ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)၊သို့တည်းမဟုတ် ပုဒ်မခွဲ (၅) အရအင်စပက်တော်ချုပ်၊ သို့တည်းမဟုတ် အင်စပက်တော်အဖြစ်မခန့်ရ၊ ခန့်ထားပြီးဖြစ်လျှင်လည်း၊ထိုရာထူးလက်ရှိနှင့်ဆက်လက်မနေစေရ။

(၄) ခရိုင်ရာဇဝတ်တရားသူကြီးတိုင်းသည် မိမိခရိုင်အတွက် အင်စပက်တော် ဖြစ်ရမည်။

(၅) နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ မိမိသင့်တော် သည် ထင်မြင်သည့် အစိုးရအရာရှိတို့ကို၊ ထိုသူတို့အတွက်၊ နယ်နိမိတ် အသီးသီး သတ်မှတ်၍၊ဤအက်ဥပဒေပါကိစ္စအားလုံး၊သို့တည်းမဟုတ် ကိစ္စတခုခုအလို့ငှါ၊တွဲဘက် အင်စပက်တော်များအဖြစ် ခန့်ထားနိုင်သည်။

(၆) အင်စပက်တော်တဦးထက်ပို၍ရှိသော အရပ်ဒေသတွင်၊ နိုင်ငံတော်သမတ သည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ထိုအင်စပက်တော် အသီးသီး သုံးစွဲရန် အာဏာများကို၎င်း၊ပြဋ္ဌာန်းထားသည့် နို့တစ်စာများကို မည်သည့်အင်စပက်တော်ထံ ပေးပို့ရမည်ကို၎င်း ပြဋ္ဌာန်းနိုင်သည်။

(၇) အင်စပက်တော်ချုပ်နှင့် အင်စပက်တော် အသီးသီးသည် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည့်အပြင်၊ ရာထူးနှင့် စပ်လျဉ်း၍လည်း၊ ဤကိစ္စအလို့ငှါ နိုင်ငံတော် သမတက သီးခြား ဖေါ်ပြထားရာ အာဏာပိုင် လက်အောက်ဖြစ်ရမည်။

**အင်စပက်တော်၏ အာဏာများ။**

၁၁။ ။ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတက ပြုသည့်နည်းဥပဒေများနှင့် မဆန့် ကျင်စေဘဲ၊အင်စပက်တော်သည် မိမိကိုခန့်ထားရာ ရပ်ကွက် နယ်နိမိတ်အတွင်း—

(က) အလုပ်ရုံအဖြစ် အသုံးပြုသည့်၊သို့တည်းမဟုတ် ယင်းသို့အသုံးပြုသည် ဟုမိမိယုံကြည်ရန်အကြောင်းရှိသည့် မည်သည့်နေရာသို့မဆို၊ အစိုးရ

လက်အောက်တွင်ဖြစ်စေ၊ ဒေသန္တရ၊ သို့တည်းမဟုတ် အခြားပြည်သူ့အာဏာပိုင် တဦးဦးလက်အောက်တွင်ဖြစ်စေ၊ အမှုထမ်းရွက်သူများဖြစ်သည့် မိမိသင့်တော်သည် ယင်မြင်သူများနှင့်ဝင်နိုင်သည်၊

(ခ) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း၊ အဆောက်အအုံ၊ စက်၊ ပြဋ္ဌာန်းထားသည့် မှတ်ပုံစာအုပ်နှင့်တကွ၊ အလုပ်ရုံနှင့် သက်ဆိုင်သော အခြား စာချုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးနိုင်သည့်ပြင်၊ ထိုနေရာတွင်ပင်ဖြစ်စေ၊ တခြားတနည်းနည်းနှင့်ဖြစ်စေ၊ လိုအပ်သည်ဟု ထင်မြင်သည့် မည်သူ့အစစ်ခံချက်ကိုမဆို၊ ရေးမှတ်ယူနိုင်သည်၊ ထို့ပြင်

(ဂ) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် လိုအပ်သည့်အတိုင်း၊ အခြားအာဏာများကိုလည်းသုံးစွဲနိုင်သည်။

သို့ရာတွင်ရာဇဝတ်ပြစ်ဒဏ်မိမိအားထိုက်သင့်စေနိုင်သည့်အဖြေကို ပေးရမည်ဟူ၍သော်၎င်း၊ ရာဇဝတ်ပြစ်ဒဏ်မိမိအားထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည့်ဟူ၍သော်၎င်း၊ မည်သူ့ကိုမျှဤပုဒ်မအရတောင်းဆိုပိုင်ခွင့်မရှိစေရ။

**တာဝန်ခံ လက်မှတ်ထုတ်ပေးသည့် ဆရာဝန်များ။**

၁၂။ ။(၁) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်မည် ထင်မြင်သည့် မှတ်ပုံဝင်ဆရာဝန်တို့ကို၊ ထိုသူတို့အသီးသီးအတွက် နယ်နိမိတ်အသီးသီးသတ်မှတ်၍သော်၎င်း၊ အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစားသတ်မှတ်၍သော်၎င်း၊ ဤအက်ဥပဒေကိစ္စများအလို့ငှါ တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်များအဖြစ်ခန့်ထားနိုင်သည်။

(၂) တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ မှတ်ပုံဝင် ဆရာဝန် တဦးတယောက်ကို မိမိသတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ နိုင်ငံတော်သမတက သင့်သည် ထင်မြင်သည့်အတိုင်း သတ်မှတ်သည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ မိမိ၏ အာဏာများ သုံးစွဲခွင့် ပြုနိုင်သည်။

ထို့ပြင် ဤအက်ဥပဒေတွင် တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ကို ရည်ညွှန်းသည့်အခါတိုင်း၊ ယင်းကဲ့သို့ အာဏာ အပ်နှင်းထားသည့် မှတ်ပုံဝင် ဆရာဝန်ကိုလည်း ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

(၃) လုပ်ငန်းပိုင်ရှင်ကို သော်၎င်း၊ အလုပ်ရုံတွင် ဖြစ်စေ၊ ထိုအလုပ်ရုံတွင် လုပ်ရသော လုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းတွင်ဖြစ်စေ၊ ထိုအလုပ်ရုံနှင့် သက်ဆိုင်သည့် မှတ်ပုံဝင်မူပိုင်ခွင့် လက်မှတ်၊ သို့တည်းမဟုတ် စက်ကိရိယာတွင်ဖြစ်စေ၊ တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ အကျိုးသက်ဆိုင် သူကိုသော်၎င်း၊ အလုပ်ရုံတွင် အခြားနည်းခိုင်းစေထားသူကို သော်၎င်း၊ တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်အဖြစ် မခန့်ထားရ။ သို့တည်းမဟုတ် တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်၏ အာဏာများ သုံးစွဲခွင့် မပြုရ။ ခန့်ထားပြီး ဖြစ်လျှင်လည်း ထိုတာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်၏ အာဏာများကိုဆက်လက်သုံးစွဲခွင့်မပြုရ။

(၄) တာဝန်ခံ လက်မှတ်ထုတ်ပေးသည့်ဆရာဝန်သည်၊ အောက်ပါ ကိစ္စများနှင့်စပ်လျဉ်း၍ပြဋ္ဌာန်းသည့်တာဝန်ဝတ္တရားများကိုဆောင်ရွက်ရမည်—

(က) ဤအက်ဥပဒေအရ၊ လူငယ်များကို စစ်ဆေးခြင်းနှင့် တာဝန်ခံ လက်မှတ်ထုတ်ပေးခြင်း။

(ခ) အလုပ်ရုံများတွင် ပြဋ္ဌာန်းသည့် ဘေးအန္တရာယ် ဖြစ်စေနိုင်သော အလုပ်၊ သို့တည်းမဟုတ် လုပ်ငန်းတွင် ဆောင်ရွက်နေ သူများကို စစ်ဆေးခြင်း။

(ဂ) အလုပ်ရုံတခုခုတွင်—

(ကက) လုပ်ရသည့်လုပ်ငန်းကြောင့်ဖြစ်စေ၊ အလုပ်ခွင် အခြေအနေများကြောင့်ဖြစ်စေ ဖြစ်ပွါးသည်ဟု ယုံကြည်ရသော ရောဂါဖြစ်ပေါ်ခဲ့သော်၊

(ခခ) လုပ်ငန်း၊ သို့တည်းမဟုတ်ထိုလုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းပြောင်းလဲမှုကြောင့် ဖြစ်စေ၊ လုပ်ငန်းအသစ်၊ သို့တည်းမဟုတ် လုပ်ငန်းအတွက် ပစ္စည်းသစ်ကို အသုံးပြုမှုကြောင့် ဖြစ်စေ၊ ထို လုပ်ငန်းတွင် လုပ်ရသည့် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိခဲ့သော်၊

(ဂဂ) လူငယ်များ၏ကျန်းမာရေးကိုထိခိုက်ဘွယ်ရာရှိသည့်အလုပ်တွင်၊ လူငယ်များကို ခိုင်းစေသော်၊ သို့တည်းမဟုတ် ခိုင်းစေရန် အ အကြောင်းရှိသော်၊

ပြဋ္ဌာန်းသည့်အတိုင်းကျန်းမာရေးနှင့်ညီညွတ်စေရန်ကြပ်မတ်ကြည့်ရှုခြင်း။

## အခန်း ၃။

### ကျန်းမာရေး။

၁၃။ ။(၁) အလုပ်ရုံတိုင်း၊ အလုပ်ရုံဝင်းတိုင်းကို သန့်ရှင်းစင်ကြယ်စွာထားရှိ မည့်ပြင်၊ ရေမြောင်းမှ သို့တည်းမဟုတ် ကျင်ကြီး ကျင်ငယ် စွန့်ရန်နေရာမှ သို့တည်းမဟုတ် အခြားနံစော်သည့်အရာမှ ထွက်သည့်အနံ့နှင့်လည်း ကင်းစေရမည်။ ထို့ပြင် အထူးသဖြင့်—

သန့်ရှင်းစင်ကြယ်မှု။

(က) ကြမ်းပြင်များနှင့် အလုပ်ခုံများ၊ လှေခါး များနှင့် လမ်းများတွင် တင်ရှိနေသော အညစ်အကြေး အမှိုက်သရိုက်စသည်များကို တံမြက်စည်းဖြင့် သော်၎င်း၊ အခြား ထိရောက်သော နည်းလမ်းဖြင့်သော်၎င်း နေ့စဉ်လှည်းကျင်း၍သင့်တော်သောနည်းလမ်းဖြင့်စွန့်ပစ်ရမည်။

(ခ) အလုပ်ခန်းတိုင်း၏ကြမ်းပြင်ကို ခုနစ်ရက်တပတ်လျှင် အနည်းဆုံး တကြိမ်ကျ ဆေးကြောရမည်။ အကယ်၍ အနံ့ပျောက် ဆေးထည့်၍ဆေးကြောရန်လိုလျှင် ထည့်၍ ဆေးကြောရမည်။ သို့တည်း မဟုတ် အခြားထိရောက်သော နည်းလမ်းဖြင့် သန့်ရှင်းစင်ကြယ် အောင် ပြုရမည်။

(ဂ) မြေလုပ်မှုလုပ်ငန်းစဉ်တခုခုကြောင့်၊ ကြမ်းပြင်ပေါ်တွင် ရေအိုင်နေရန် အကြောင်းရှိလျှင်၊ ထိုသို့ရေမအိုင်နေရန်အတွက်ရေဆင်းလမ်းပြုလုပ်ထားရှိရမည်။

(ဃ) အလုပ်ခန်း၏ အတွင်းနံရံခန်းဆီး၊ မျက်နှာကြက်၊ သို့တည်းမဟုတ် အမိုးအောက် အားလုံး၊ လမ်းများ၏နံရံနှင့် အမိုးအောက် အားလုံး၊ လှေကားအားလုံးကို—

(ကက) အဖြူသောင်ရင်း၊ အခြားအရောင်သော်ရင်း သုတ်ထားရမည်။ ထို့ပြင် ဆယ့်နှစ်လလျှင် အနည်းဆုံး တကြိမ်ကျ ထပ်မံ သုတ်ရမည်။ သို့တည်းမဟုတ်

(ခခ) ဘားဘော်ဆေးသော်ရင်း၊ အရောင်တင်ဆီသော်ရင်း သုတ်ထားလျှင်၊ သုံးနှစ်လျှင် အနည်းဆုံး တကြိမ်ကျ ထပ်မံ သုတ်ရမည်။ ဤကဲ့သို့ ဆေးသုတ်ထားသောနံရံ၊ ကြမ်းပြင်စသည်များသည်၊ ချောလျက် ရေဆေး၍ မပျက်နိုင်ပါက ဆယ့်နှစ်လလျှင် အနည်းဆုံးတကြိမ်ကျရေနွေးနှင့်ဆပ်ပြာဖြင့်ဖြစ်စေ၊အခြားသင့်တော်သော ရောဂါကင်းစေသည့် ဆေးနှင့်ဖြစ်စေ ဆေးရမည်။ သို့တည်းမဟုတ် အင်စပက်တော်ချုပ်သဘောတူညီသည့်အခြားနည်းများဖြင့်သန့်ရှင်းစင်ကြယ်အောင် ပြုရမည်။

(င) အပိုဒ်ခွဲ (ဃ) အရ၊ လိုအပ်သည့်အတိုင်း၊အဖြူဖြစ်စေ အခြားအရောင်ဖြစ်စေ သုတ်သည့်၊သို့တည်းမဟုတ် သဘော ဆေးသုတ်သည့်၊သို့တည်းမဟုတ် အရောင်တင်ဆီသုတ်သည့် နေ့စွဲများကို နိုင်ငံတော်သမတကပြဋ္ဌာန်းထားသည့်မှတ်ပုံစာအုပ်တွင် ရေးသွင်းရမည်။

(၂) နိုင်ငံတော်သမတသည်၊ အမိန့်ဖြင့် မည်သည့်အလုပ်ရုံကိုမဆို၊ သို့တည်းမဟုတ် မည်သည့်အလုပ်ရုံအမျိုးအစားကိုမဆို၊ ပုဒ်မခွဲ (၁) ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြု၍၊ အလုပ်ရုံကို သန့်ရှင်းစင်ကြယ်သော အခြေအနေ၌ ထားရှိရန်အခြားဆောင်ရွက်မှုနည်းလမ်းများကို သီးခြားပေါ်ပြနိုင်သည်။

**စွန့်ပစ်သည့်ပစ္စည်းများနှင့် ယိုစီးသည့် အရာများ သုတ်သင်ရှင်းလင်းခြင်း။**

၁၄။ ။(၁) အလုပ်ရုံ တိုင်းတွင်၊ ပြုလုပ်မှု လုပ်ငန်းစဉ်အရ၊ စွန့်ပစ်သည့် ပစ္စည်းများနှင့် ယိုစီး သည့် အရာများကို၊ သုတ်သင်ရှင်းလင်းရန်အတွက်၊ ထိရောက်သော အစီအစဉ်များ ပြုရမည်။

(၂) နိုင်ငံတော်သမတသည်၊ပုဒ်မခွဲ (၁) အရ၊ ပြုရမည့် အစီအစဉ်များကို ပြဋ္ဌာန်းသည့်နည်းဥပဒေများကို၊သို့တည်းမဟုတ်ပုဒ်မခွဲ (၁) အရ ပြုသည့်အစီအစဉ်အတွက် သတ်မှတ်သည့် အာဏာပိုင်၏သဘောတူညီချက်ကိုရရှိရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများကိုပြုနိုင်သည်။

**လေဝင် လေထွက် ရရှိအောင်နှင့် အပူ အအေး မျှတအောင် ပြုခြင်း။**

၁၅။ ။(၁) အလုပ်ရုံ၏ အလုပ်ခန်း တိုင်းတွင်၊ လေကောင်း လေသန့် လုံလောက်စွာ ရရှိရန်နှင့် အလုပ်သမားတို့ နေသာထိုင်သာရှိစေရန်နှင့် ကျန်းမာရေး အတွက်အပူအအေးမျှတရန် သင့်တော်လုံလောက်သော စီမံချက်များ ပြုပေးရမည်။

အထူးသဖြင့်—

(က) အပူချိန် မတိုးဘဲ လျော့နိုင်သမျှ လျော့စေရန်၊ နံရံများနှင့် အမိုးများကို သင့်တော်သော ပစ္စည်းများနှင့် သင့်တော်သော ပုံစံများဖြင့် ပြုရမည်။

(ခ) အလုပ်ရုံတွင် လုပ်သည့် အလုပ် အမျိုး အစားသည်၊ အပူရှိန်ပြင်းလွန်းသော၊ သို့တည်းမဟုတ် ပြင်းလွန်းဘွယ်ရှိသော အမျိုးအစားဖြစ်လျှင်၊ အလုပ်သမားများကို အပူရှိန်မှကာကွယ်ရန်အလို့ငှါ အလုပ်ခန်းနှင့်အလုပ်ကို သီးခြားထားခြင်းဖြင့် သော်၎င်း၊ ပူသောနေရာနှင့် ခွဲခြား ထား ခြင်းဖြင့် သော် ၎င်း၊ အခြား နည်းဖြင့် ထိရောက်စွာစီမံပေးခြင်းဖြင့်သော်၎င်း၊ အဂ္ဂမ်းကုန် လုံလောက်စွာ စီမံထားပေးရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ မည်သည့်အလုပ်ရုံ၊ သို့တည်းမဟုတ် ထိုအလုပ်ရုံ၏ အစိတ်အပိုင်းများအတွက်မဆို၊ သို့တည်းမဟုတ် မည်သည့်အမျိုးအစားဖြစ်သော အလုပ်ရုံများ၊ သို့တည်းမဟုတ် ထိုအလုပ်ရုံများ၏ အစိတ်အပိုင်းများ အတွက်မဆို၊ လေဝင်လေထွက်မည်မျှရှိရမည်ဟူ၍၎င်း၊ အပူအအေးမည်မျှရှိရမည်ဟူ၍၎င်း၊ ပြဋ္ဌာန်းနိုင်သည့်ပြင်၊ သီးခြား ဖေါ်ပြသည့်နေရာ၌ ပြဒါးတိုင်တခု ထားရှိရမည်ဟု ညွှန်ကြားနိုင်သည်။

(၃) အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အမျိုးအစားတခုခုဖြစ်သော အလုပ်ရုံများတွင်ဖြစ်စေ၊ အပြင်နံရံများကို၊ သို့တည်းမဟုတ် အမိုးများကို၊ သို့တည်းမဟုတ် ပြူတင်းပေါက်များကို၊ အဖြူသုတ်ခြင်း၊ ရေဖျန်းခြင်း၊ အပူရှိန်ကာကွယ်ခြင်း စသည့်နည်းလမ်းများဖြင့်ဖြစ်စေ၊ လေဝင်လေထွက်ရရှိအောင် အမိုးကိုမြှင့်တင်ပေးခြင်း၊ သို့တည်းမဟုတ် အမိုးနှစ်ထပ်ထားခြင်းဖြင့်ဖြစ်စေ၊ အပူရှိန် ကာကွယ် နိုင်သည့်ပစ္စည်းများနှင့်မိုးခြင်းဖြင့်ဖြစ်စေ၊ ပြင်းထန်သောအပူရှိန်ကို လျော့စေနိုင်မည်ဟု နိုင်ငံတော်သမ္မတကထင်မြင်လျှင်၊ အလုပ်ရုံတွင်လိုက်နာဆောင်ရွက်ရမည့်အဆိုပါနည်းလမ်းများကို၊ သို့တည်းမဟုတ် အခြားနည်းလမ်းများကို ပြဋ္ဌာန်းနိုင်သည်။

၁၆။ ။(၁) အလုပ်ရုံတွင် လုပ်နေသော ပြုလုပ်မှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အလုပ်ရုံတွင် ခိုင်းစေခံရသူများကို၊ ဘေးအန္တရာယ်ဖြစ်ဘွယ်ရာလက္ခဏာရှိသည့် အမှုန့် အခိုးအငွေ့၊ သို့တည်းမဟုတ် အခြားအညစ်အကြေးများထွက်လျှင်သော်၎င်း၊ အမှုန်၊ သို့တည်းမဟုတ် အခိုးအငွေ့ အများအပြားထွက်လျှင်သော်၎င်း၊ ထိုအခိုးအငွေ့စသည်များကို၊ မရှူမရှိုက်မိရန်နှင့် အခန်းတွင် အခိုးအငွေ့များ စုဝေး မနေနိုင်ရန်၊ အစွမ်းကုန် စီမံဆောင်ရွက်ပေးရမည်။ ထို့ပြင် အခိုးအငွေ့အညစ်အကြေး စသည်များထွက်နိုင်ရန်၊ ထွက်ပေါက်များပြုလုပ်ပေးရန်လိုအပ်လျှင်၊ ထိုအခိုးအငွေ့အညစ်အကြေးစသည်များဖြစ်ရာနေရာနှင့် နီးနိုင်သမျှနီးကပ်သောနေရာများတွင် ထွက် ပေါက်များ စီမံထားရှိရမည်။ ထို့ပြင်ထိုနေရာကို တတ်နိုင်သမျှပိတ်ဆို့ထားရမည်။

အမှုန်များနှင့် အခိုးအငွေ့များ။

(၂) အလုပ်ရုံတွင် အခိုးထွက်ပေါက် အပြင်ဘက်သို့ထုတ်မထားလျှင်၊ မရွေ့ဘဲနေသည့် အင်တာနယ်ကွန်ဘတ်ရှင်း အင်ဂျင်စက်ကို ခုတ်မောင်းခြင်းမပြုရ။ ထို့ပြင် အခန်းတွင် ခိုင်းစေခံရသူအလုပ်သမားဘို့ ဘေးအန္တရာယ်ဖြစ်စေမည့် အခိုးအငွေ့များ

စုဝေးခြင်းကို ကာကွယ်ရန် စီမံထားခြင်း မရှိလျှင်၊ အခြားမည်သည့် အင်တာနယ် ကွန်ဘတ်ရှင်း အင်ဂျင်စက်ကိုမျှ၊ ထိုအခန်းတွင် ခုတ်မောင်းခြင်းမပြုရ။

အင်စပက်တော်ချုပ်သည် ယေဘုယျအားဖြင့် အလုပ်ရုံ အားလုံးတွင် လုပ်ငန်းပိုင်ရှင်များကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုတွင်၊သို့တည်းမဟုတ် အလုပ်ရုံတခုခုတွင်၊ လုပ်ငန်းပိုင်ရှင်တို့ကိုဖြစ်စေ၊ ပုဒ်မခွဲ (၁) ပါ လိုအပ်ချက်များနှင့်အညီ၊ မည်သို့ စီမံဆောင်ရွက်ရမည်ဟုညွှန်ကြားချက်များ အခါအားလျော်စွာထုတ်ပေးနိုင်သည်။ ဆိုင်ရာ လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်များသည်၊ အင်စပက်တော်ချုပ်၏ အမိန့်တွင် သီးခြားဖော်ပြထားသည့် အချိန်အကန့်အသတ်အတွင်း ဆိုခဲ့သည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၇။ ။(၁) လေကို ပိုမို စိုထိုင်းအောင် ဖန်တီးရသည့် အလုပ်ရုံ အားလုံးတွင်—

လေကိုစိုထိုင်းစေခြင်း။

(က) စိုထိုင်းသောလေအတွက်စံချိန်သတ်မှတ်ရန်၊

(ခ) လေကို ပိုမိုစိုထိုင်းအောင် ဖန်တီးရန်အသုံးပြုသည့် နည်းလမ်းများကို သတ်မှတ်ရန်။

(ဂ) လေ၏ စိုထိုင်းခြင်း မည်ရွေ့မည်မျှရှိကြောင်း အမှန်သိရှိရန်နှင့် မှတ်တမ်းတင်ရန်အတွက်သတ်မှတ်ထားသည့်စမ်းသပ်မှုများကို ဆောင်ရွက်ရမည်ဟုသင့်ဆိုရန်၊

(ဃ) အလုပ်ခန်းများတွင်လေလုံလောက်စွာဝင်နိုင်ရန်နှင့် အလုပ်ခန်းတွင်းရှိ လေကို အေးအောင်ပြုရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကိုပြဋ္ဌာန်းရန်

နိုင်ငံတော်သမတကနည်းဥပဒေများ ပြုနိုင်သည်။

(၂) လေကိုပိုမိုစိုထိုင်းအောင်ဖန်တီးရသည့်အလုပ်ရုံတွင်၊ထိုကိစ္စအလို့ငှါအသုံးပြုသည့်ရေသည် သောက်ရေ ရယူသည့် နေရာမှ ရေသောက်ရင်း၊ အသုံးမပြုမီ သန့်ရှင်းစင်ကြယ်အောင် ပြုထားသည့်ရေသောက်ရင်း ဖြစ်ရမည်။

(၃) အလုပ်ရုံတွင် လေကို ပိုမို စိုထိုင်းအောင် အသုံးပြုသည့်ရေကို ပုဒ်မခွဲ (၂) အရ သန့်ရှင်း စင်ကြယ်အောင် ပြုရန် လိုအပ်သည့်အတိုင်း သန့်ရှင်းစင်ကြယ်အောင် မလုပ်ဟု ထင်မြင်လျှင်၊ အင်စပက်တော်သည် လိုက်နာဆောင်ရွက်ရန် သင့်သည်ဟု မိမိထင်မြင်သော စီမံချက်များကို သီးခြားဖော်ပြ၍၊ သီးခြား ဖော်ပြရာပါနေ့မတိုင်မီ ဆောင်ရွက်ရမည်ဟု ဆင့်ဆိုသော အမိန့်စာကို အလုပ်ရုံမန်နေဂျာထံ ချအပ်နိုင်သည်။

၁၈။ ။(၁) အလုပ်ရုံရှိ အခန်းတွင် ခိုင်းစေခံရသူ အလုပ်သမားများ၏ ကျန်းမာရေးကိုထိခိုက်နိုင်လောက်အောင် လူထူထပ်ခြင်းမရှိစေရ။

လူထူထပ်ခြင်း။

(၂) ပုဒ်မခွဲ(၁)တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ၊ အခန်းတွင် ခိုင်းစေခံရသူအလုပ်သမားအသီးသီးအတွက်၊ ကုဗအကျယ်အဝန်းသည်ကုဗ ပေငါးရာအောက် မနည်းစေရ။ ကုဗ အကျယ်အဝန်း တွက်စစ်ရန် အလို့ငှါ ကြမ်းပြင်မှဆယ့်လေးပေ အထက် မြင့်သောအကျယ်အဝန်းကို ထည့်သွင်းခြင်းမပြုရ။

(၃) အင်စပက်တော်ချုပ်က ဤပုဒ်မရှိပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ခန်းတွင် ခိုင်းစေမည့် အများဆုံး အလုပ်သမားဦးရေ သီးခြားဖော်ပြသည့် နို့တစ်စာကို၊ ထို အလုပ်ခန်းအသီးသီးတွင် ကပ်ထားရမည်ဟု ဆင့်ဆိုလျှင်၊ ယင်းသို့ ဆင့်ဆိုသည့်အတိုင်း ကပ်ထားရမည်။

(၄) အင်စပက်တော်ချုပ်က အလုပ်ခန်းတွင် ခိုင်းစေခံရသူအလုပ်သမားများ၏ ကျန်းမာရေးအတွက်ဤပုဒ်မရှိပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်ရန်မလိုဟု မိမိကျေ နပ်လျှင်၊ စည်းကမ်းချက်များသတ်မှတ်ရန်လိုအပ်လျှင် သင့်တော်သည်ထင်မြင်သည့်စည်း ကမ်းချက်များသတ်မှတ်၍၊ အလုပ်ခန်းကိုအထက်ဆိုခဲ့သည့်ပြဋ္ဌာန်းချက်များမှ အမိန့်စာ ဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။ ထို့ပြင် နိုင်ငံတော်သမတသည်၊ ဤပုဒ်မရှိ၊ ပုဒ်မခွဲ (၂) တွင် ဖော်ပြထားသည့်စံချိန်အတိုင်းမဟုတ်ဘဲ၊ အကျယ်အဝန်းမည်မျှရှိရမည်ဟု အလုပ် ရုံတခုခုအတွက်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုအတွက်ဖြစ်စေ၊ ပြဋ္ဌာန်းနိုင်သည်။

**အလင်းရောင်ရရှိစေခြင်း။**

၁၉။ ။(၁) အလုပ်သမားများအလုပ်လုပ်နေသော၊ သို့တည်းမဟုတ် ဖြတ် သန်းသွားလာနေသော အလုပ်ရုံ၏ အစိတ်အပိုင်း အသီး သီးတွင်၊ သဘာဝအလင်းရောင်၊ သို့တည်းမဟုတ် ဖန်တီး ထားသည့်အလင်းရောင်ကို သင့်တော်လုံလောက်စွာရရှိနိုင်ရန် စီမံထားရမည်။

(၂) အလုပ်ရုံတိုင်းတွင် အလုပ်ခန်း လင်းရန်အလို့ငှါ၊ တပ်ဆင်ထားသည့်မှန် ပြူတင်းနှင့် မှန်ပေါက် အားလုံးကို အတွင်းအပြင် ကြည်လင်အောင် ထားရှိရမည့် ပြင်၊ ပုဒ်မ ၁၅ ရှိ၊ ပုဒ်မခွဲ (၃) အရ၊ ပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့် မဆန့်ကျင်သည်နှင့်အမျှ ပြူတင်းပေါက်အားလုံးကို ပိတ်ကွယ်ခြင်းမရှိစေရန်လည်း ဆောင်ရွက်ရမည်။

(၃) အောက်ပါ အချက်များကို အစွမ်းကုန် ကာကွယ်ပေးရန် စီမံချက်ကို ထိရောက်စွာ ပြုရမည်။

(က) အလင်းရောင်ကြောင့်ဖြစ်စေ၊ ပြောင်လက်ချောမွေ့သော မျက်နှာပြင် မှဟပ်သည့်အလင်းရောင်ကြောင့်ဖြစ်စေ၊ မျက်စိကျိန်းစောက်အောင် တောက်ပသော အလင်းရောင်။

(ခ) အလုပ်သမား၏မျက်စိအားကို စိုက်၍ကြည့်ရလောက်အောင်မှောင် ခြင်း၊ သို့တည်းမဟုတ် အလုပ်သမားကို မတော်တဆ ထိခိုက်နိုင် လောက်အောင် မှောင်ခြင်း။

(၄) နိုင်ငံတော်သမတသည်၊ အလုပ်ရုံများအတွက်ဖြစ်စေ၊ အလုပ်ရုံ အမျိုး အစားတခုခုအတွက်ဖြစ်စေ၊ အလုပ်ရုံ အစိတ်အပိုင်းများအတွက် ဖြစ်စေ၊ ပြုလုပ်မှု လုပ်ငန်းစဉ်တခုခုအတွက်ဖြစ်စေ၊ သင့်တော်လုံလောက်သောစံချိန်အလင်းရောင်ကိုသတ် မှတ်နိုင်သည်။

**သောက်ရေ။**

၂၀။ ။(၁) အလုပ်ရုံတိုင်းတွင်၊ သင့်တော်၍ အသွားအလာလွယ်ကူသော နေရာများ၌၊ အလုပ်သမား အားလုံး အတွက် သန့်ရှင်း စင်ကြယ်သော သောက်ရေကို လုံလောက်စွာ ထားရှိရန် ထိရောက်စွာ စီမံဆောင်ရွက်ပေးရမည်။

(၂) ရေထားဝေးသောနေရာအားလုံးကို ပြီသသောစာလုံးများဖြင့် ''သောက်ရေ'' ဟု ရေးမှတ်ထားရမည့်ပြင်၊ ထိုနေရာများကို အဝတ်လျှော်ဖွပ်ရာနေရာ၊ အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာမှ ပေနှစ်ဆယ်အတွင်းမထားရှိစေရ။

(၃) သာမန်အားဖြင့် အလုပ်သမား နှစ်ရာငါးဆယ်ထက်ပို၍ ခိုင်းစေသော အလုပ်ရုံတိုင်းတွင် နွေရာသီ၌ သောက်ရေကို ထိရောက်သောနည်းလမ်းဖြင့်၊ အေးအောင် ပြု၍ ဝေငှရန် စီမံထားရှိရမည်။

(၄) သောက်ရေပေးရာ၌ ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးရန်နည်းလမ်းများကိုငင်း၊ အလုပ်ရုံအားလုံး၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစားတခုခုကို သန့်ရှင်းစင်ကြယ်သောသောက်ရေပေးရန်၊ အခြား လိုအပ်သည့်အချက်များကိုငင်း နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည်။

၂၁။ ။(၁) အလုပ်ရုံတိုင်းတွင်—

အိမ်သာများနှင့်ကျင်ငယ်စွန့်ရန်နေရာများ။

(က) အလုပ်သမားများ အချိန်မရွေးလွယ်ကူစွာ သွားလာနိုင်သည့် နေရာများ၌ အိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများကို သတ်မှတ်သောပုံစံအတိုင်း လုံလောက်စွာထားရှိရမည်။

(ခ) မိန်းမ အလုပ်သမားများအတွက် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကိုယောက်ျား အလုပ်သမားများအတွက် ထားရှိသော အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများမှ သီးခြား စီမံထားပေးရမည်။

(ဂ) ထိုအိမ်သာများ၏ အဝင်ဝတွင်၊ ''ယောက်ျား'' သို့တည်းမဟုတ် ''မိန်းမ'' ဟုသက်ဆိုင်ရာ စာတမ်းကိုဖြစ်စေ၊ အမှတ်အသားကိုဖြစ်စေ ထင်ရှားအောင်ကပ်ထားရမည်။

(ဃ) အိမ်သာများနှင့်ကျင်ငယ်စွန့်ရန်နေရာများကို အလင်းရောင်နှင့် လေလုံလောက်စွာ ရရှိအောင် စီမံထားရှိရမည်။ မည်သည့် အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန် နေရာကိုမျှ၊ ကြား နေရာလပ်၊ သို့တည်းမဟုတ် လေဝင် လေထွက်နိုင်သော လမ်းမရှိဘဲ အလုပ်ခန်းနှင့် ဆက်သွယ်၍မထားရ။

(င) အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို၊ မည်သည့် အချိန်၌မဆို၊ သန့်ရှင်းစင်ကြယ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အခြေအနေတွင် ထားရှိရမည်။

(စ) တံမြက်လှည်းသူ လုံလောက်စွာ ထားရှိရမည်။ ထိုတံမြက်လှည်းသူ၏ အဓိကအလုပ်ဝတ်တရားမှာ၊ အိမ်သာများ၊ ကျင်ငယ်စွန့်ရန် နေရာများနှင့် လျှော်ဖွပ်ရန် နေရာများကို သန့်ရှင်း စင်ကြယ်အောင် ပြုရန်ပင်ဖြစ်သည်။

(၂) သာမန်အားဖြင့် အလုပ်သမား နှစ်ရာငါးဆယ်ထက်ပို၍ ခိုင်းစေသော အလုပ်ရုံတိုင်းတွင်—

(က) သန့်ရှင်းစင်ကြယ်ရေးနှင့် ညီညွတ်သည်ဟု သတ်မှတ် ထားသောပုံစံအတိုင်းအိမ်သာများနှင့်ကျင်ငယ်စွန့်ရန်နေရာများကိုစီမံထားရှိရမည်။

(ခ) ထိုအိမ်သာများ၊ကျင်ငယ်စွန့်ရန်နေရာများ စသည့် သန့်ရှင်းစင်ကြယ်ရေးနှင့် ဆိုင်သော အဆောက် အအုံ များ၏ ကြမ်းပြင် များနှင့် ထိုကြမ်းပြင်များမှ သုံးပေအမြင့်ထိနံရံများကို ကြွေရေသုတ် ကျောက်ပြား၊သို့တည်းမဟုတ် ချောမွေ့လျက် ရေစိမ့်မဝင်နိုင်သော အခြားပစ္စည်းများဖြင့် စီမံထားရှိရမည်၊

(ဂ) ပုဒ်မခွဲ (၁) အပိုဒ် (င) နှင့် (စ) ပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ ယင်းကဲ့သို့ စီမံပြုလုပ်ပြီးသည့်ကြမ်းပြင်နှင့်နံရံအစိတ် အပိုင်းကိုဎင်း၊ ကျင်ကြီးကျင်ငယ် ခွက်များကိုဎင်း၊ ရောဂါ ကင်းစေသည့်ဆေးကိုဖြစ်စေ၊ အနံ့ ပျောက်ဆေးကို ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊အသုံးပြု၍ နေ့စဉ်သန့်ရှင်းစင်ကြယ်အောင် ဆေးကြောထားရမည်။

(၃) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတွင်သာမန်အားဖြင့် ခိုင်းစေထားသည့်ယောက်ျား အလုပ်သမားများနှင့် မိန်းမ အလုပ်သမားများ၏ အရေအတွက် အချိုးအစားကိုလိုက်၍ အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာ အရေအတွက်ကို ပြဋ္ဌာန်းနိုင်သည့်ပြင်၊ အလုပ်ရုံများ၏ သန့်ရှင်းစင်ကြယ်ရေးနှင့် စပ်လျဉ်း၍အလုပ်သမားများ၏ တာဝန်ဝတ်တရားများမှစ၍၊အလုပ်သမား၏ ကျန်းမာရေးအတွက် လိုအပ်သောအခြားသန့်ရှင်းစင်ကြယ်ရေးကိစ္စများအတွက်လည်း ပြဋ္ဌာန်းနိုင်သည်။

၂၂။ ။(၁) အလုပ်ရုံတိုင်းတွင် သင့်တော်သော နေရာတိုင်း၌ ထွေးခံများကို လုံလောက်စွာ စီမံ ထားရှိရမည့်ပြင်၊ ကျန်းမာရေးနှင့် လျော်ညီအောင် သန့်ရှင်းစင်ကြယ်စွာ စီမံထားရှိရမည်။

ထွေးခံများ။

(၂) နိုင်ငံတော်သမတသည်၊ မည်သည့်အလုပ်ရုံတွင်မဆို ထွေးခံအမျိုးအစား၊ အရေအတွက်နှင့်ထားရမည့်နေရာကိုသတ်မှတ်နိုင်သည့်ပြင်၊ ထိုထွေးခံများကို သန့်ရှင်းစွာနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာထားရှိစေရန် နည်းဥပဒေများပြုနိုင်သည်။

(၃) အလုပ်ရုံ အတွင်းတွင် ထားရှိသည့် ထွေးခံထဲမှအပ အခြား နေရာတွင် မည်သူမျှ အလုပ်ရုံအတွင်း၌ တံတွေးမထွေးရ။ ယင်းသို့တံတွေးမထွေးရန် တားမြစ်ကြောင်းနှင့် ကျူးလွန်လျှင် ထိုက်သင့်စေနိုင်သည့်အပြစ်ဒဏ်ကို ဖေါ်ပြသည့်ကြော်ငြာစာများကို၊ သင့်တော်သောနေရာများတွင် ထင်ရှားစွာထားရှိရမည်။

(၄) မည်သူမဆို ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျက် တံတွေးထွေးလျှင် ငါးကျပ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

## အခန်း ၄။

### ဘေးရန်ကင်းရှင်းမှု

၂၃။ ။(၁) အလုပ်ရုံ တိုင်းတွင် အောက်ပါ စက်ကိရိယာများကို၊ ထိုစက်ကိရိယာများ လည်နေစဉ်၊ သို့တည်းမဟုတ်ထိုစက်ကိရိယာများကိုအသုံးပြုနေစဉ်၊ အခိုင်အခံ့ဆောက်လုပ် ထားသည့် အကာအရံများဖြင့်လုံခြုံစွာ ကာရံထားရမည့်ပြင်၊ ထိုအကာအရံများကိုအစဉ်အမြဲပြုပြင်၍နေရာတကျထားရှိရမည်။

စက် ကိရိယာ များကို ကာရံထားခြင်း။

(က) အားပေးစက်များ—

(ကဃ) အားပေးစက်၏ လှုပ်ရှားနေသော အစိတ် အပိုင်းနှင့် အားပေးစက်နှင့် တိုက်ရိုက်ဆက်သွယ်ထားသော အားပေးစက်ဘီး (ထိုအားပေးစက်သည်၊ သို့တည်းမဟုတ် အားပေးစက်ဘီးသည်၊ စက်ခန်းအတွင်း၌ ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ)။

(ခမ) ရေအားဘီး (water wheel) နှင့် ရေရဟတ် (water-turbine) ၏ရှေ့စွန်းနှင့်နောက်မြီးစွန်းများ။

(ဂဂ) လျှပ်စစ်ဂျင်နရေတာ(electric generator) ၏အစိတ်အပိုင်း၊ မော်တော်စက်၏ အစိတ် အပိုင်း၊အား ပြောင်းလဲ စက် (rotary converter) ၏ အစိတ်အပိုင်းအသီးသီး (အကယ်၍၊ ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်း ရှိဘိသကဲ့သို့ အလုပ်ရုံတွင် ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်နေသူတိုင်းအားဘေးရန်ကင်းရှင်းစေလျှင် ကာရံထားရှိစေရန်မလို)။

(ခ) အားပို့စက်ကိရိယာများ—

အားပို့ စက်ကိရိယာ၏ အစိတ်အပိုင်း အသီးသီး (အကယ်၍ထိုအစိတ်အပိုင်း အသီးသီးသည် တည်နေပုံကြောင့်သော်၎င်း တည်ထားပုံကြောင့်သော်၎င်း ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်း ရှိဘိသကဲ့သို့ အလုပ်ရုံတွင် ခိုင်းစေခံရသူ၊သို့တည်းမဟုတ် လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်ကာရံထားရှိရန်မလို)။

(ဂ) အခြားစက်ကိရိယာများ—

(ကက) အခြားစက်ကိရိယာများ၏ ဘေးအန္တရာယ် ဖြစ်စေတတ်သော အစိတ်အပိုင်းအသီးသီး (အကယ်၍ထိုအစိတ်အပိုင်း လည်တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့် သော်၎င်း ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့ အလုပ်ရုံတွင် ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင် ကာရံထားရှိရန်မလို။)

(ခခ) တွင်ခုံ၏ ခေါင်းပိုင်းမှ အစွန်းထွက်နေသော ပစ္စည်း၏ အစိတ်အပိုင်း။

သို့ရာတွင်အထက်ဆိုခဲ့သည့် ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) နှင့် (ဂ) ပါကိစ္စများအလို့ငှါ၊ အကယ်၍ စက်ကိရိယာ အစိတ်အပိုင်း တခုသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့အဆောက်အအုံတွင်ဖြစ်စေ၊အနီးအနားတွင်ဖြစ်စေခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေသည် မကင်းရှင်းစေသည့်ဆုံးဖြတ်ရာ၌၊ ထိုစက်ကိရိယာ အစိတ်အပိုင်း လည်နေစဉ်သာ စစ်ဆေးရန်လိုသည့် စက်ကိရိယာစစ်ဆေးမှုကိုပြုနေသူကိုဖြစ်စေ၊ စက်ကိရိယာ အစိတ်အပိုင်း လည်နေ

စဉ်သာစစ်ဆေး ရှု၍လိုအပ်သည့်ထင်မြင်သော သားရေပတ် ကြိုးတပ်ဆင်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် အခြားစက်ကိရိယာ နေရာတကျရှိအောင်ပြင်ဆင်မှုပြုနေသူကိုဖြစ်စေ၊ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

(၂) နိုင်ငံတော် သမတသည်၊ စက်ကိရိယာ တခုခုအတွက်၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုအတွက်၊ မိမိလိုအပ်သည်ထင်မြင်လျှင် နောက်ထပ်ကာကွယ်ရေးစီမံချက်များကို နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်၊ သို့တည်းမဟုတ် စက်ကိရိယာ တခုခုကိုဖြစ်စေ၊ စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ အလုပ်သမားတို့ဘေးရန်ကင်းရှင်းရန်အတွက်၊ လိုအပ်သည်ဟု မိမိထင်မြင်သောစည်းကမ်းချက်ထား၍၊ ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှနည်းဥပဒေများဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

လည်နေသောစက်ကိရိယာ၌၊သို့တည်းမဟုတ် ထိုစက်ကိရိယာအနီး၌ အလုပ်လုပ်ခြင်း။

၂၄။ ။(၁) အလုပ်ရုံတွင်ပုဒ်မ ၂၃ ၌ ရည်ညွှန်းထားသည့် စက်ကိရိယာ၏ အစိတ် အပိုင်းကို၊ ထိုစက်ကိရိယာလည်နေစဉ် စစ်ဆေးရန်လိုအပ်လျှင်သော်၎င်း၊ ယင်းသို့စစ်ဆေးပြီးစက်ကိရိယာလည်နေစဉ်၊ သားရေ ပတ်ကြိုးတပ်ခြင်း၊ သို့တည်းမဟုတ် ချခြင်း၊ စက်ဆီထည့်ခြင်း၊သို့တည်းမဟုတ် စက်ကိရိယာနေရာတကျရှိအောင်ပြင်ဆင်မှုပြုခြင်းစသည့် အလုပ်များကိုလုပ်ရန် လိုအပ်လျှင်သော်၎င်း၊ ယင်းသို့စစ်ဆေးခြင်းကို၊ သို့တည်းမဟုတ် သားရေပတ်ကြိုးတပ်ခြင်းစသည့် အလုပ်များကို၊ ထိုအလုပ်များအတွက် အထူးသင်ကြားထားသော ယောကျ်ားလူကြီး အလုပ်သမားများသာ၊ကိုယ်ကြပ် အဝတ်အစားများဝတ်ဆင်လျက် ဆောင်ရွက်ရမည်။ ထိုသူကို၏အမည်သည် ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းသည့်မှတ်ပုံ စာအုပ်တွင် ရေးသွင်းပြီးဖြစ်ရမည်။ ထို့ပြင်ယင်းသို့လုပ်နေစဉ်—

(က) ထိုအလုပ်သမားသည်၊ မြက်အားဖြင့်ခြောက်လက်မအောက် ငယ်၍ တသားတည်းဖြစ်အောင် ဆက်ထားသော သားရေပတ်ကြိုးများမှလွဲ၍၊ အခြားသားရေပတ်ကြိုးများကို လည်နေသော ပူလီပေါ်တင်ခြင်း၊သို့တည်းမဟုတ် ချခြင်းအလို့ငှါ၊ ကိုင်တွယ်ခြင်းမပြုစေရ။

(ခ) စက်ကိရိယာများကို ကာရံထားရမည့် အခြား တာဝန်များအပြင်၊ အထိန်း ဝက်အူ၊လည်သည့် ဝင်ရိုးတံ၏ သော့ချက်၊ ဝင်ရိုး၊ ဘီး၊ သို့တည်းမဟုတ် ပင်နယံ၊ သံဘူးတက်အားလုံး၊ ဝက်အူရစ်တံအားလုံးနှင့် အသွားတပ်ထားသည့်၊ သို့တည်းမဟုတ် ပွတ်၍ လည်သည့်အခြားကိရိယာ အားလုံးကိုကာရံထားခြင်းမရှိလျှင်၊ အလုပ်ကိုလုပ်နေသူအား ထိခိုက်ဘွယ်အကြောင်းရှိမည်ဖြစ်၍၊ ၎င်းစက်ကိရိယာများကို လုံခြုံစွာကာရံထားရမည်။

(၂) မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည့်ကလေးကိုမျှစက်ကိရိယာ အစိတ်အပိုင်းလည်နေစဉ်၊ ထိုအစိတ်အပိုင်းကိုတိုက်ချွတ်ရန်၊ စက်ဆီထည့်ရန်၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ရန်သော်၎င်း၊ လည်နေသည့် စက်ကိရိယာ၏လည်နေသောအစိတ်အပိုင်း စပ်ကြားတွင်၊ သို့တည်းမဟုတ် ပုံသေတပ်ထားသည့် အစိတ်အပိုင်း နှင့် လည်နေသော အစိတ်အပိုင်း စပ်ကြားတွင် အလုပ်လုပ်ရန်သော်၎င်း၊ ခွင့်မပြုရ။

(၃) သီးခြားဖေါ်ပြ ထားသည့်အလုပ်ရုံတွင်ဖြစ်စေ၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသည့် အမျိုးအစားဖြစ်သော အလုပ်ရုံများတွင်ဖြစ်စေ၊ သီးခြားဖေါ်ပြထားသည့်စက်ကိရိယာ အစိတ်အပိုင်းများလည်နေစဉ်၊ ထိုအစိတ်အပိုင်းများကို မည်သူမျှတိုက်ချွတ်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် နေရာတကျ ရှိအောင်ပြင်ဆင်ခြင်း မပြုရဟုနိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်နိုင်သည်။

ဘေးအန္တရာယ် ဖြစ်စေတတ်သော စက် ကိရိယာများ၌ လူငယ် များကိုခိုင်းစေခြင်း။

၂၅။ ။(၁) စက်နှင့်စပ်ဆိုင်သော ဘေးအန္တရာယ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ကြိုတင် ကာကွယ်မှုများကို အစုံအလင် သိရှိနားလည်ပြီးဖြစ်သည့်ပြင်—

(က) စက်၌ လုပ်ရမည့်အလုပ်ကို လုံလောက်စွာ သင်ကြားတတ်မြောက်ပြီး ဖြစ်သည့် လူငယ်၊ သို့တည်းမဟုတ်

(ခ) စက်နှင့်စပ်လျဉ်း၍ ကောင်းစွာ တတ်ကျွမ်းနားလည်ပြီး အလုပ်ရည်ဝသူတဦး၏ ကြီးကြပ်စီမံခြင်းကိုခံရသည့် လူငယ်

မှတပါး၊ အခြားမည်သည့် လူငယ်မျှ၊ ဤပုဒ်မနှင့် သက်ဆိုင်သည့်စက်၌ အလုပ်မလုပ်ရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(၂) အထက်ဆိုခဲ့သည့် လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါက၊ လူငယ်များလုပ်ရန် မသင့်တော်လောက်အောင် ဘေးအန္တရာယ် ဖြစ်စေနိုင်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိ၍ ပြဋ္ဌာန်းသည့်စက်များနှင့် ပုဒ်မခွဲ (၁) သည် သက်ဆိုင်စေရမည်။

အား ဖြတ် တောက် ရန် ကိရိယာများ။

၂၆။ ။(၁) အလုပ်ရုံတိုင်းတွင်—

(က) အားပို့စက် ကိရိယာ၏ အစိတ်အပိုင်းဖြစ်သော ပူလီရှင်မှ ပူလီသေသို့၎င်း၊ ပူလီသေမှ ပူလီရှင်သို့၎င်း၊ သားရေပတ်ကြိုးများ ရွှေ့ပြောင်းရန် သင့်တော်သော ကိရိယာ၊ သို့တည်းမဟုတ် အခြားထိရောက်စွာ စီမံထားသော ကိရိယာကို အသုံးပြုရမည်။ ထိုပြင်ဆိုခဲ့သည့် ကိရိယာများကို ပူလီသေပေါ်သို့ သားရေပတ်ကြိုး ပြန်၍မရွှေ့စေရန် တနည်းနည်းအားဖြင့် စီမံထားရှိရမည်။

(ခ) သားရေပတ်ကြိုးများကို အသုံးမပြုသောအခါ၌ လည်နေသောဝင်ရိုးပေါ်တွင်တင်မထားရ၊ သို့တည်းမဟုတ်မကျရောက်စေရ။

(၂) အလုပ်ရုံတိုင်း၏ အလုပ်ခန်းတိုင်းတွင်၊ အရေးတကြီး ကိစ္စများရှိလျှင်၊ အားဖြတ်တောက်ရန်သင့်တော်သောကိရိယာ များစီမံထားရှိရမည်။

သို့ရာတွင် ဤအက်ဥပဒေ အာဏာမတည်မီက အလုပ်လုပ်နေသော အလုပ်ရုံများနှင့်စပ်လျဉ်း၍၊ ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ လျှပ်စစ်ဓါတ်အားကိုအသုံးပြုသည့် အလုပ်ခန်းများနှင့်သာသက်ဆိုင်စေရမည်။

ရှေ့တိုးနောက်ငင်သွားသောစက်များ။

၂၇။ ။မည်သည့် အလုပ်ရုံတွင်မဆို၊ အကယ်၍စက်၏ ရှေ့တိုးနောက်ငင်သွားသော အစိတ်အပိုင်း သွားရာလမ်းသို့ အလုပ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်း ကြောင့်ဖြစ်စေ၊ လူများ ဖြတ်သန်း သွားတတ်သည်ဖြစ်ပါမူ၊ ထိုအစိတ်အပိုင်းသည်၎င်း၊ ထိုအစိတ်အပိုင်းပေါ်တွင် သယ်ယူသောပစ္စည်းသည်၎င်း၊ စက်ကိုယ်ထည်မဟုတ်သည့် အတည်တကျဆောက်လုပ်ထားသော အရာတခုခုနှင့် တဆယ့်ရှစ်လက်မအောက်လျော့၍နီးသောနေရာသို့မရောက်စေရ။

သို့ရာတွင် ဤအက်ဥပဒေကိုအတည်မပြုမီတပ်ဆင်ထားသောစက်သည်၊ ဤပုဒ်မပါလိုအပ်ချက်များနှင့်မညီညွတ်လျှင်၊ အင်စပက်တော်ချုပ် သည်၊ စက်ကိုမိမိသတ်မှတ်သည့် စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ဆက်လက်အသုံးပြုစေနိုင်သည်။

စက်ကိရိယာသစ်ကိုအိမ်ဖွဲ့၍ထားရှိခြင်း။

၂၈။ ။(၁) ဤအက်ဥပဒေ အာဏာတည်သည့်နေ့နောက်မှ အလုပ်ရုံတွင် တပ်ဆင်သည့်အားဖြင့်မောင်းသောစက်အားလုံးတွင်—

(က) အထိန်းဝက်အူ၊လည်သည့်ဝင်ရိုးတံပေါ်ရှိဗာဝိ၊ သို့တည်းမဟုတ် သော့ချက်၊ ဝင်ရိုးငယ် (spindle)၊ ဘီး၊ သို့တည်းမဟုတ် ပင်နယ် (pinion) အသီးသီးကိုဘေးအန္တရာယ်ကင်းရှင်းလောက်အောင် မြုပ်နှံ၍သော်၎င်း၊အိမ်ဖွဲ့၍သော်၎င်း၊အခြားနည်းဖြင့်ထိရောက်စွာကာကွယ်၍သော်၎င်း ထားရှိရမည်၊ ထို့ပြင်

(ခ) စက်လည်နေသည့်အခါ၊ နေရာတကျဖြစ်အောင် မကြာမကြာပြုပြင်ပေးရန်မလိုသည့်သံဆူးတက်အားလုံး၊ ဝက်အူရစ်တံအားလုံးနှင့်အသွားတပ်ထားသည့်၊ သို့တည်းမဟုတ် ပွတ်တိုက်ပြီးလည်သည့် ကိရိယာအားလုံးကို လုံခြုံအောင် အိမ်ဖွဲ့ကာရံထားရမည်။ သို့ရာတွင်၎င်းတို့သည် လုံခြုံစွာ အိမ်ဖွဲ့ကာရံထားဘိသကဲ့သို့ ဘေးရန် ကင်းရှင်းမည့် အခြေအနေ၌ရှိမည်ဆိုလျှင်၊၎င်းတို့ကိုကာရံထားရန်မလို။

(၂) အားဖြင့် မောင်းသော ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည့် စက်ကို မည်သူမဆို အလုပ်ရုံတွင် အသုံးပြုရန်ရောင်းချလျှင်၊ သို့တည်းမဟုတ် ငှါးရမ်းလျှင်၊ သို့တည်းမဟုတ် ရောင်းချသူ၏ကိုယ်စားလှယ်အဖြစ်ဖြင့်သော်၎င်း၊ ငှါးရမ်းသူ၏ကိုယ်စားလှယ်အဖြစ်ဖြင့်သော်၎င်း၊ ရောင်းချလျှင်၊ သို့တည်းမဟုတ် ငှါးရင်းလျှင်၊ ထိုသူသည်သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၃) ဤပုဒ်မရှိပြဋ္ဌာန်းချက်များသည် စက်တခုခုနှင့်ဖြစ်စေ၊ စက်အမျိုးအစားတခုခုနှင့်ဖြစ်စေ၊ သက်ဆိုင်စေရမည်ဟု နိုင်ငံတော်သမတသည် နည်းဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။ ယင်းနည်းဥပဒေများတွင် ထိုစက်ကိုဖြစ်စေ၊ ထိုစက်အမျိုးအစားကိုဖြစ်စေ၊ ကာကွယ်ရမည့်စီမံချက်အမျိုးအစားများကို သီးခြားဖော်ပြနိုင်သည်။

၂၉။ ။ဝါဖတ်စက်လည်နေသော အလုပ်ရုံအစိတ်အပိုင်းတခုခုတွင်၊ မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည့် ကလေးကိုမျှမခိုင်းစေရ။

ဝါဖတ်စက်အနီးအနားတွင်မိန်းမများနှင့် ကလေးများအား ခိုင်းစေခြင်းကို တားမြစ်ခြင်း။

သို့ရာတွင်၊ ဝါဖတ်စက်၏ဝါထည့်ရာဘက်သည်၊ အခန်းတွင်ရှိ၍၊ ထိုအခန်းနှင့် ဝါထုတ်ရာဘက်ကို အမိုးထိအောင် ကာရံ၍ ထားလျှင်ဖြစ်စေ၊ ဝါဖတ်စက်တခုခုနှင့်စပ်လျဉ်း၍၊ အင်စပက်တော်က သီးခြား သတ်မှတ်သည့် အမြင့်ထိကာရံ၍ ထားလျှင်ဖြစ်စေ၊ ဝါထည့်ရာဘက်အခန်းတွင် မိန်းမများနှင့် ကလေးများကို ခိုင်းစေနိုင်သည်။

၃၀။ ။(၁) မြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အသီးသီးကို ကောင်းမွန်သော စက်ကိရိယာဖြင့် တပ်ဆင်၍ တောင့်တင်း ခိုင်ခံ့သောပစ္စည်းဖြင့် ကောင်းမွန်စွာဆောက်လုပ်ထားရမည့်ပြင်၊ နေရာတကျလည်း ပြုပြင်ထားရှိရမည်။

မြှောက်စက် (hoist နှင့် ပင့်စက်များ(lift)။

(၂) မြှောက်စက် (hoist)၊ သို့တည်းမဟုတ်ပင့်စက် (lift) အသီးသီးကို၊ ခြောက်လလျှင်အနည်းဆုံးတကြိမ်ကျ စစ်ဆေးပိုင်ခွင့်ရှိသူက စေ့စေ့ချာချာ စစ်ဆေးရမည်။ ဤကဲ့သို့စစ်ဆေးတိုင်း၊စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍၊ပြဋ္ဌာန်းထားသောအကြောင်းအရာများ၊ ရေးမှတ်ထားသော မှတ်ပုံ စာအုပ်ထားရှိရမည်။

(၃) မြှောက်စက်လမ်း (hoistway)၊ သို့တည်းမဟုတ် ပင့်စက်လမ်း (liftway) အသီးသီးကို၊ တံခါးမပါက်များတပ်ဆင်ထားသည့် အကာအရံဖြင့် ခိုင်လုံစွာကာရံထားရမည်။ ထိုမြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) ကိုငှမ်း၊ အကာအရံအသီးသီးကိုငှင်း၊ ထိုမြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အစိတ်အပိုင်းနှင့်ပုံသေဆောက်လုပ်ထားသော၊ သို့တည်းမဟုတ်လှုပ်ရှားနေသောအစိတ်အပိုင်းစပ်ကြားတွင်၊ လူဖြစ်စေ၊ဝတ္ထုပစ္စည်းဖြစ်စေ၊ မညှပ်မိအောင်ဆောက်လုပ်ထားရမည်။

(၄) ဘေးရန်ကင်းရှင်းစွာ အများဆုံးသယ်ယူနိုင်သည့် ဝန်ချိန်ကို၊ မြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အသီးသီးတွင် ထင်ရှားအောင်ရေးသားထားရမည်။ ထိုဝန်ချိန်ထက်လေးသော မည်သည့်ဝန်ကိုမျှ သယ်ယူခြင်းမပြုရ။

(၅) လူ သယ်ယူရန်အတွက် အသုံးပြုသောမြှောက်စက် (hoist) နှင့်ပင့်စက် (lift) ချိုင့်အိမ်၏ ဝင်ထွက်နိုင်သည့်ဘက်တွင် တံခါးတပ်ထားရမည်။

(၆) ချိုင့်အိမ်ရပ်ရာနေရာသို့ မရောက်မီ တံခါးမပွင့်နိုင်အောင်၊ ထို့ပြင် တံခါးမပိတ်သေးဘဲ ချိုင့်အိမ်ရွေ့မသွားနိုင်အောင်၊ ပုဒ်မခွဲ (၃) နှင့် (၅) များတွင် ရည်ညွှန်းထားသည့် တံခါးအသီးသီးတွင် ထိရောက်စွာ တားဆီးနိုင်သည့်ခလုတ်၊ သို့တည်းမဟုတ် အခြားစီမံချက်များတပ်ဆင်ထားရမည်။

(၇) အောက်ပါ လိုအပ်သည့် အချက်များသည်လည်း၊ အလုပ်ရုံတွင် လူသယ်ယူရန်အတွက် ဤအက်ဥပဒေအာဏာတည်ပြီးသည့်နောက်မှ ဆောက်လုပ်သော၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်သော မြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) နှင့် သက်ဆိုင်စေရမည်—

(က) မြှောက်စက်၏ (hoist)၊ သို့တည်းမဟုတ် ပင့်စက်၏ (lift) ချိုင့်အိမ်ကိုကြိုး ဖြင့် ဆိုင်းထားလျှင်၊ ချိုင့်အိမ်နှင့် မဲတင်းလေးကိုသီးခြား ဆက်သွယ်သည့်ကြိုး အနည်းဆုံးနှစ်ချောင်းရှိရမည်။ ဤသို့တပ်ဆင်

ထားသောကြိုးအသီးသီးသည်၊ ကြိုး၏ တန်ဆာပလာများနှင့်တကွ၊ ချိုင့်အိမ်တခုလုံး၏ အလေးချိန်နှင့် အများဆုံး သယ်ယူနိုင်သည့် ဝန်ချိန်ကိုမြှောက်ပင့်နိုင်ရမည်။

(ခ) ကြိုးများ၊ သို့တည်းမဟုတ် အခြားတန်ဆာပလာများပြတ်လျှင်ဖြစ်စေ၊ ပျက်လျှင်ဖြစ်စေ၊ ချိုင့်အိမ်နှင့်တကွ၊ ထိုချိုင့်အိမ်အတွင်းရှိ အများဆုံး သယ်ယူနိုင်သည့် ဝန်ချိန်ကိုပါ၊ ဆွဲထိန်းထားနိုင်စေမည့် ထိရောက်သောစီမံချက်များ စီမံထားရှိရမည်။

(ဂ) ချိုင့်အိမ်လွန်မသွားနိုင်အောင် အလိုအလျောက် ရပ်စေနိုင်သည့် စီမံချက်တခုခုစီမံထားရှိရမည်။

(ဂ) နိုင်ငံတော်သမ္မတသည်၊ မြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အမျိုးအစား တခုခုနှင့်စပ်လျဉ်း၍၊ ဤပုဒ်မပါ လိုအပ်ချက်တခုခုကို လိုက်နာစေရန်မသင့်လျော်ဟု မိမိထင်မြင်လျှင်၊ ဆိုလိုအပ်ချက်သည်၊ ထိုမြှောက်စက် (hoist)၊ သို့တည်းမဟုတ် ပင့်စက် (lift) အမျိုးအစားနှင့် သက်ဆိုင်ခြင်းမရှိစေရဟု အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

ကရိန်းစက် (crane)နှင့် အခြား အလား တူ ပင့်မြှောက်စက်များ။

၃၁။ ။(၁) အလုပ်ရုံတွင် [မြှောက်စက် (hoist)၊ ပင့်စက် (lift)၊ မဟုတ်သည့်] ကရိန်းစက် (crane) နှင့် အခြားအလားတူ စက်အားလုံးနှင့် စပ်လျဉ်း၍ အောက်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပုံသေ တပ်ထား သည့်၊ သို့တည်းမဟုတ် ရွေ့ပြောင်းနိုင်သည့် ခုတ်မောင်းကိရိယာ (working gear)၊ ကြိုးများဆွဲထိန်းသည့် ကိရိယာ (anchoring and fixing appliances) အမျိုးမျိုးပါဝင်သည့် ပင့်စက် အစိတ်အပိုင်းကို—

(ကက) တောင့်တင်း ခိုင်ခံ့သော ပစ္စည်းဖြင့် ကောင်းမွန်စွာ ဆောက်လုပ်ထားရမည်။

(ခခ) နေရာတကျလည်း ပြုပြင်ထားရှိရမည်။ ထို့ပြင်စစ်ဆေးပိုင်ခွင့်ရှိသူက ဆယ့်နှစ်လလျှင် အနည်းဆုံးတကြိမ်ကျစေ့စေ့သေချာစွာစစ်ဆေးရမည်၊ ထိုသို့စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော အကြောင်းအရာများ ရေးမှတ်ထားသည့်မှတ်ပုံစာအုပ်ထားရှိရမည်။

(ခ) ဘေးရန်ကင်းရှင်းစွာ သယ်ယူနိုင်သည့် ဝန်ချိန်ထက်ပို၍ သယ်ယူရန် ထိုစက်ကိရိယာများကို အသုံးမပြုရ၊ ထိုစက်ကိရိယာ ပေါ်တွင် သယ်ယူနိုင်သည့်ဝန်ချိန်ကို ထင်ရှားစွာရေးသားထားရမည်။

(ဂ) ကရိန်းစက် (crane) သွားလာရာဘီးလမ်းပေါ်၌ဖြစ်စေ၊ ဘီးလမ်းအနီး၌ဖြစ်စေ၊ ခိုင်းစေခံရသူကိုသော်၎င်း၊ အလုပ်လုပ်နေသူကိုသော်၎င်း မည်သည့်နေရာတွင်မဆို၊ ကရိန်းစက် (crane) နှင့်ထိခိုက်ဘွယ်ရာ အကြောင်းရှိလျှင်၊ ထိုနေရာမှ ပေနှစ်ဆယ်အတွင်းသို့ ကရိန်းစက် (crane) မရောက်နိုင်ရန် ထိရောက်စွာစီမံထားရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ အလုပ်ရုံတွင် ပင့်မြှောက်စက်တခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပင့်မြှောက်စက်အမျိုးအစားတခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ—

(က) ဤပုဒ်မရှိ လိုအပ်ချက်များကို ဖြည့်စွက်ရန်၊ နောက်ထပ်လိုအပ်ချက်များကိုပြဋ္ဌာန်းသည့်၊

(ခ) ဤပုဒ်မပါလိုအပ်ချက်အားလုံး၊ သို့တည်းမဟုတ် လိုအပ်ချက် တခုခုအတိုင်းလိုက်နာဆောင်ရွက်ရန် မလိုဟုသော်၎င်း၊ မဖြစ်နိုင်ဟုသော်၎င်း၊ ထင်မြင်သဘောရရှိလျှင်၊ ယင်းသို့လိုက်နာဆောင်ရွက်ရခြင်းမှကင်းလွတ်ခွင့်ပြုသည့်

နည်းဥပဒေများကိုပြုနိုင်သည်။

**လည်သောစက်ကိရိယာ။**

၃၂။ ။(၁) ကျောက်ဖြင့်ကြိတ်ခြင်း၊ သို့တည်းမဟုတ် ပွတ်တိုက်ခြင်းစသောလုပ်ငန်းကိုလုပ်သည့် အလုပ်ရုံ တိုင်းတွင် အသုံးပြုသည့်ကြိတ်စက်ဘီး၏၊ သို့တည်းမဟုတ်ပွတ်စက်ဘီး ၏ဘေးရန်ကင်းရှင်းစွာအမြန်ဆုံး လည်နိုင်သောအရှိန် (peripheral speed) ကို၎င်း၊ ထိုစက်၏ဝင်ရိုး၏အရှိန်ကို၎င်း၊ ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သော အရှိန်ထက်ပို၍ မလည်စေရန် လိုအပ်သည့်ပူလီ၏ အချင်းကို၎င်း ဖေါ်ပြသည့် နို့တစ်စာကို အသုံးပြုနေသော စက်အသီးသီး၌ အမြဲကပ်ထားရမည်၊ သို့တည်းမဟုတ် စက်အသီးသီးနား၌ အမြဲထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ ကပ်ထားသည့် နို့တစ်စာများတွင်၊ ဖေါ်ပြထားသော အရှိန်ထက်ပို၍ ကျောက်စက်ကိုမလည်စေရ။

(၃) အလုပ်ရုံတိုင်းတွင်၊ စက်အားဖြင့်လည်သည့်ခွက် (vessel)၊ ချိုင့် (cage)၊ ချင်းတောင်း(basket)၊ အားမပေးစက်ဘီး၊ ပူလီ၊ အပြားဝိုင်း(disc)၊ သို့တည်းမဟုတ် အလားတူ ကိရိယာ အသီးသီး၏အရှိန်သည်၊ ဘေးရန်ကင်းရှင်းစွာ လည်နိုင်သော အရှိန်ထက်ပို၍ မလည်ရအောင်တားဆီးနိုင်သည့်စီမံချက်များ စီမံထားရှိရမည်။

**ဖိအားစက်။**
**(Pressure Plant).**

၃၃။ ။(၁) အလုပ်ရုံတွင်၊ ပြုလုပ်မှု လုပ်ငန်းစဉ်အတွက် အသုံးပြုသည့် စက်ကိရိယာ၏ အစိတ်အပိုင်း၊ သို့တည်းမဟုတ် စက်၏ အစိတ် အပိုင်းသည်၊ သဘာဝလေဖိအား ထက်သာလွန်သောဖိအားကို အသုံးပြုလျှင်၊ ထိုအစိတ်အပိုင်း အသုံးပြုနေသောဖိအားကို ဘေးရန်ကင်းရှင်းစွာအသုံးပြုနိုင်သည့်ဖိအားထက်မပိုရအောင် ထိရောက်စွာစီမံထားရမည်။

(၂) နိုင်ငံတော် သမ္မတသည် ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့်စက်၊ သို့တည်းမဟုတ် စက်ကိရိယာတခုခုကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသောနည်းဥပဒေများကို၎င်း၊ အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစားတခုခုတွင် ထိုစက်များ၊ သို့တည်းမဟုတ် စက်ကိရိယာနှင့်စပ်လျဉ်း၍ ဘေးရန်ကင်းရှင်းအောင်ပြုရန် လိုအပ်သည်ဟု မိမိထင်မြင်သည့် အခြားစီမံချက်များကိုပြဋ္ဌာန်းသောနည်းဥပဒေများကို၎င်း ပြုနိုင်သည်။

ကြမ်းပြင်၊ သွားလမ်း၊ လှေကား၊ သွားလာစေနိုင်မည့်လမ်း။

၃၄။ ။အလုပ်ရုံတိုင်းတွင်—

(က) ကြမ်းပြင်၊ လှေကားထစ်၊ လှေကားနှင့်သွားလမ်းအားလုံးကို ကောင်းမွန်စွာပြုဆောက်လုပ်၍ နေရာတကျ ပြုပြင်ထားရမည်။ ထို့ပြင် ဘေးရန်ကင်းရှင်းအောင် ပြုရန်လိုအပ်လျှင်လည်း၊ ခိုင်ခံ့သောလက်ရန်းများကိုစီမံထားပေးရမည်။

(ခ) တဦးတယောက်သောသူ အချိန်မရွေး အလုပ်လုပ်ရမည့်နေရာသို့ ဘေးရန်ကင်းရှင်းစွာ သွားလာစေနိုင်မည့် လမ်းများကိုအကြောင်းအားလျော်စွာ အစွမ်းကုန်စီမံထားရှိရမည်။

တွင်းနှင့်ကြမ်းပေါက်စသည်များ။

၃၅။ ။(၁) အလုပ်ရုံတိုင်းတွင်၊ ပုံသေတပ်ဆင်ထားသော ခွက် (vessel)၊ လှောင်တွင်း (sump)၊ လှောင်ကန် (tank)၊ တွင်း (pit)၊ ကြမ်းပေါက်၊ သို့တည်းမဟုတ် တွင်းပေါက် အသီးသီး၏ စောက်အနက်၊ အနေအထား၊ တည်ထားပုံ၊ သို့တည်းမဟုတ် ယင်းတို့တွင်းထားသည့်အရာများကိုထောက်ချင့်ခြင်းအားဖြင့်၊ ဘေးအန္တရာယ်ဖြစ်ဘွယ်ရာ အကြောင်းရှိလျှင်၊ ထိုခွက်၊ ကန်၊ တွင်း၊ အပေါက်စသည်များကို လုံခြုံစွာဖုံးအုပ်ထားရမည်၊ သို့တည်းမဟုတ်ခိုင်ခံ့စွာကာရံထားရမည်။

(၂) ဒင်စပက်တော်ချုပ်သည် အမိန့်စာဖြင့် မိမိသင့်တော်သည် ထင်မြင်သည့် စီမံချက်များထား၍ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုကိုဖြစ်စေ၊ ခွက်၊ ကန်၊ တွင်း၊ အပေါက်စသည်များနှင့်စပ်လျဉ်း၍၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အလွန်အမင်းလေးလံသော ဝန်ချိန်။

၃၆။ ။(၁) အလုပ်ရုံတွင် မည်သည့်မိန်းမ၊ လူရွယ်၊ သို့တည်းမဟုတ် ကလေးကိုမျှ လေးလံလွန်းသဖြင့် ထိခိုက်နာကျင်စေမည့် လက္ခဏာရှိသော ဝန်ချိန်ကိုပင့်ရန်၊ သယ်ယူရန်၊ သို့တည်းမဟုတ်ရွှေ့ပြောင်းရန် မခိုင်းစေရ။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံများတွင်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုတွင်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်တခုခုတွင်ဖြစ်စေ၊ သာမန်အားဖြင့် လုပ်သူတို့ပင့်ရမည့်၊ သယ်ယူရမည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရမည့်အများဆုံး ဝန်ချိန်ကိုပြဋ္ဌာန်းသည့်နည်းဥပဒေများပြုနိုင်သည်။

မျက်စိကို ကာကွယ်ခြင်း။

၃၇။ ။(က) ပြုလုပ်မှုလုပ်ငန်းစဉ်အရ လုပ်ရာမှ ထွက်သော အမှုန်များကြောင့်၊ သို့တည်းမဟုတ် အပိုင်းအစများကြောင့်၊ မျက်စိကိုထိခိုက်ဘွယ်ရာ ရှိသော ပြုလုပ်မှုလုပ်ငန်းစဉ်ဖြစ်သည်ဟူ၍သော်၎င်း။

(ခ) အလင်းရောင်အလွန်အမင်းထိုးသဖြင့် မျက်စိဘေးအန္တရာယ်ဖြစ်ဘွယ်ရာရှိသည့် ပြုလုပ်မှုလုပ်ငန်းစဉ်ဖြစ်သည်ဟူ၍သော်၎င်း၊

ပြဋ္ဌာန်းသည့်အလုပ်ရုံတွင်လုပ်သောပြုလုပ်မှုလုပ်ငန်းစဉ်တခုခုနှင့် စပ်လျဉ်း၍၊ ယင်းသို့လုပ်ရာ၌ ဖြစ်စေ၊ လုပ်သည့်နေရာ၏ ပနီး ၌ဖြစ်စေ၊ ခိုင်းစေခံရသူတို့ကို ကာကွယ်

ပေးရန်အလို့ငှါ၊ အလင်းရောင်ကို ထိရောက်စွာ တားဆီးနိုင်သည့်အကာအရံများ၊ သို့တည်းမဟုတ် သင့်တော်သောအလင်းကာမျက်မှန်များကိုစီမံထားပေးရန် နိုင်ငံတော်သမတက နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

**ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အခိုး အငွေ့နှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ချက်။**

၃၀။ ။(၁) အလုပ်ရုံတွင်လူများမှုံ့မေ့သွားလောက်အောင် ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့များ ရှိတတ်သော အခန်း၊ လှောင်ကန်၊လှောင်စည် (vat)၊ တွင်း၊ပြွန်၊လေလမ်း(flue)၊ သို့တည်းမဟုတ် အခြားပိတ်လှောင်ထားသည့်နေရာတွင် လူတယောက်ထွက်နိုင်အောင် ကျယ်သောကယ်ပေါက်တခု၊သို့တည်းမဟုတ် အခြားထွက်ပေါက် တခုစီမံ ထားပေးခြင်းမရှိလျှင်၊ထိုအတွင်းသို့ မည်သူမျှမဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၂) အလုပ်ရုံတွင်ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသည့် ပိတ်လှောင်သောနေရာအတွင်း၌၊နှစ်ဆယ့်လေးဗို့ (volt)ထက်ပိုသော လက်ဆွဲလျှပ်စစ်မီးကိုအသုံးမပြုစေရ၊ထို့ပြင်၊ထိုနေရာအတွင်း၌ရှိသောဘေးအန္တရာယ်ဖြစ်စေတတ်သည့်အခိုးအငွေ့များသည်၊ မီးတောက်လောင်စေနိုင်သည့် ဓါတ်သဘာဝဖြစ်လျှင် မီးမကူးနိုင်အောင်ပြုထားသည့်၊ဓါတ်မီးမှ၊သို့တည်းမဟုတ် မီးအိမ်မှလွဲ၍ အခြားဓါတ်မီးကို၊သို့တည်းမဟုတ် မီးအိမ်ကို အသုံးမပြုစေရ။

(၃) ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသည့် ပိတ်လှောင်သောနေရာ၌ ရှိနေတတ်သည့်အခိုးအငွေ့များကိုဖယ်ရှားရန်နှင့် အခိုးအငွေ့များမဝင်စေရန် အစွမ်းကုန်စီမံထားခြင်း၊ ထို့ပြင်အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိလျှင်၊ မည်သူမျှထိုပိတ်လှောင်သည့်နေရာသို့မဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ—

(က) စမ်းသပ်ပိုင်ခွင့်ရှိသူက၊ မိမိကိုယ်တိုင်ထိုနေရာကို စမ်းသပ်ပြီးနောက်၊ ဘေးအန္တရာယ်ဖြစ်စေတတ်သည့်အခိုးအငွေ့များ ကင်းရှင်းကြောင်း ထိုနေရာသို့လူများဝင်ရန် သင့်တော်ပြီဖြစ်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးခြင်း၊ သို့တည်းမဟုတ်

(ခ) ထိုနေရာသို့ဝင်ရောက်သောသူသည်၊သင့်တော်သော အသက်ရှူ တန်ဆာပလာကိုတပ်ဆင်ထား၍ ခါးပတ်ပတ်သည့်ပြင်၊ ထိုခါးပတ်တွင်ကြိုးတချောင်းခိုင်မြဲစွာချည်ထားပြီးနောက် လွတ်နေသောကြိုးစကိုပြင်ပ၌ရှိနေသောလူတယောက်ကကိုင်ထားခြင်း။

(၄) အလုပ်ရုံတိုင်းတွင် သင့်တော်သောအသက်ရှူ တန်ဆာပလာ၊ သင့်တော်သောပြန်လည်သတိရအောင်ပြုနိုင်သည့်တန်ဆာပလာ၊ သင့်တော်သောခါးပတ်နှင့်ကြိုးများကို တဦးတယောက်သောသူဝင်ရောက်သည့်ပိတ်လှောင်သောနေရာ၏အနီးအနား၌ချက်ခြင်းအသုံးပြုနိုင်ရန်အသင့်ထားရှိရမည်။ ထိုတန်ဆာပလာ အားလုံးကို စစ်ဆေးပိုင်ခွင့်ရှိသူက ကာလအပိုင်းအခြားအားဖြင့် မှန်မှန်စစ်ဆေး၍ အသုံးပြုရန်သင့်တော်ကြောင်းတာဝန်ခံရမည်။ ထို့ပြင်အလုပ်ရုံတိုင်းတွင်၊ ခိုင်းစေခံသူများအနက်၊လုံလောက်သောဦးရေကို၊ ထိုတန်ဆာပလာများ အသုံးပြုနည်းနှင့် အသက်ပြန်လည်ရှူရှိုက်စေနိုင်သည့်နည်းလမ်းများကိုသင်ကြားလေ့ကျင့်ပေးရမည်။

(၅) မည်သည့်အလုပ်ရုံတွင်မဆို လူများဘေးရန်ကင်းရှင်းစွာဝင်နိုင်ရန်အလို့ငှါ ဘွိုင်လာ၊ ဘွိုင်လာမီးသမ်း၊ဘွိုင်လာမီးဖို၊ ပေါင်းအိုး(still)၊ အခန်း၊လှောင်ကန်၊

လှောင်စည်၊ ပြွန်၊ သို့တည်းမဟုတ် အခြားပိတ်လှောင်သောနေရာကို လေသွင်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လုံလောက်စွာအေးအောင်မပြု ရသေးမီ။ ထိုနေရာ အသီးသီးသို့အလုပ်လုပ် ရန်ဖြစ်စေ၊ စမ်းသပ်စစ်ဆေးရန်ဖြစ်စေ၊ မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၆) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့်ကယ်မပေါက်များအတွက် အငယ်ဆုံးအကျယ်အဝန်းမည်ရွေ့ မည်မျှရှိရမည်ကို ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုနိုင်သည့်ပြင်၊ မိမိသင့်တော်သည်ထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုကိုဖြစ်စေ၊ ဤပုဒ်မပါပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှအမိန့်စာဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

**ပေါက်ကွဲစေတက်သည့်၊ သို့တည်းမဟုတ်မီးတောက်လောင် စေတတ်သည့် အမှုန်၊ အခိုးအငွေ့စသည်များ။**

၃၉။ ။(၁) အလုပ်ရုံတွင် ပြုလုပ်မှုလုပ်ငန်းစဉ် တခုခုကြောင့်ဖြစ်သည့်အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့သည်၊ မီးကူးလျှင်ပေါက်ကွဲနိုင်သည့်အမျိုးအစားဖြစ်၍ ပေါက်ကွဲလောက်အောင် များပြားလျှင်၊ ဤကဲ့သို့ပေါက်ကွဲခြင်းကို အစွမ်းကုန်တားဆီးရန် အောက်ဖော်ပြရာဝါ အတိုင်း စီမံထားရမည်။

(က) ပြုလုပ်မှု လုပ်ငန်းစဉ်တွင် အသုံးပြုသည့်စက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကို ထိရောက်စွာ ကာရန်ထားခြင်း။

(ခ) အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့ကို များပြားအောင် မစုရန်ပြုခြင်း၊ သို့တည်းမဟုတ်ထိုသို့စုမိလျှင် ထိုစုခြင်းကိုဖယ်ရှားခြင်း။

(ဂ) မီးကူးစေနိုင်သည့် အရာအားလုံးကိုကင်းလွတ်စွာထားခြင်း၊ သို့တည်းမဟုတ် လုံခြုံစွာကာရံထားခြင်း။

(၂) မည်သည့်အလုပ်ရုံတွင်မဆို ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် ပြုလုပ်မှုလုပ်ငန်းစဉ်၌အသုံးပြုသောစက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကို၊ ဆိုခဲ့သည့်အတိုင်း ပေါက်ကွဲသည့် အရှိန်ကို ခံနိုင်အောင် တည်ဆောက်ထားခြင်း မရှိလျှင်၊ စက်၌၊ သို့တည်းမဟုတ် စက်ကိရိယာ၌ အပိတ်အဆို့များ (chokes)၊ အတားအဆီးများ (baffles)၊ လွှတ်ပေါက်များ (vents)၊ သို့တည်းမဟုတ် အခြားအလားတူ ထိရောက်စွာ တားဆီးနိုင်သည့်ကိရိယာများ စီမံထားပေးခြင်းဖြင့် ပေါက်ကွဲခြင်းကို မပြန့်အောင်နှင့် ပေါက်ကွဲခြင်းကြောင့် ထိခိုက်သည့်အပျက်အစီးကိုနည်းနိုင်သမျှနည်းအောင် တားဆီးရန် အလို့ငှါ အစွမ်းကုန်စီမံဆောင်ရွက်ပေးရမည်။

(၃) မည်သည့်အလုပ်ရုံတွင်မဆို၊ စက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတွင် ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင် စေတတ်သော အခိုးသည်ငှင်း၊ အငွေ့သည်ငှင်း၊ သဘာဝလေအားထက်ကြီးသောတိုးအားရှိလျှင်၊ ထိုအစိတ်အပိုင်းကို အောက်ပါ ပြဋ္ဌာန်းချက်များနှင့် မညီ ညွတ်လျှင်၊ မဖွင့်ရ။

(က) စက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏အစိတ်အပိုင်းနှင့်ဆက်သွယ်လျက်ရှိသော ပြွန်ဆက်ကို တင်းကြပ်ခြင်း မပြုမီ၊ သို့တည်းမဟုတ် ထိုအစိတ် အပိုင်းရှိ အပေါက်၏ တင်းကြပ်စွာ ပိတ်ထားသည့် အဖုံးကိုမလျှော့မီ ထိုအစိတ်အပိုင်းထဲသို့၊ သို့တည်းမဟုတ် ထိုပြွန်ထဲသို့ အခိုး၊ သို့တည်းမဟုတ် အငွေ့မဝင်အောင် အပိတ်အဆို့ဖြင့်ဖြစ်စေ၊ အခြားတနည်းနည်းဖြင့် ဖြစ်စေ၊ ထိရောက်စွာပိတ်ဆို့ထားရမည်။

(ခ) အထက်ဆိုခဲ့သည့်အတိုင်း တင်းကြပ်စွာပိတ်ဆို့ထားသည့် ပြွန်ဆက်၊ ပိတ်ဆို့ထားသည့်အပိတ်အဆို့ကိုမဖြုတ်မီပြွန်တွင်၊သို့တည်းမဟုတ် စက်၏အစိတ် အပိုင်းတွင်ရှိသော အခိုး၊ သို့တည်းမဟုတ် အငွေ့၏ တိုးအားကိုသဘာဝလေတိုးအားနှင့်ညီအောင်လျော့ရန် အစွမ်းကုန် စီမံဆောင်ရွက်ရမည်။

(ဂ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ်ထားသည့် ပြွန်ဆက် ပိတ်ဆို့ ထားသည့်အပိတ်အဆို့ကို လျော့ပြီးလျှင်၊ သို့တည်းမဟုတ် ဖြုတ်ပြီး လျှင်၊ထိုအပိတ်အဆို့၊ သို့တည်းမဟုတ် ပြွန်ဆက်ကို ပြန်လည်တင်း ကြပ်ခြင်း၊ သို့တည်းမဟုတ် ခိုင်ခံ့စွာ ပြန်လည် တပ်ဆင်ခြင်း၊ မပြုမီပေါက်ကွဲ စေတတ်သော သို့တည်းမဟုတ် မီးတောက်လောင် စေတတ်သော အခိုးကို၊ သို့တည်းမဟုတ်အငွေ့ကို ထိုပြွန်တွင်းသို့ ဖြစ်စေ၊စက်၊ သို့တည်းမဟုတ် စက်ကိရိယာ အစိတ်အပိုင်းအတွင်း သို့ဖြစ်စေ၊မဝင်စေရန်ထိရောက်စွာစီမံထားရှိရမည်။

(၄) မည်သည့်အလုပ်ရုံတွင်မဆို ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင် စေတတ်သော အရာရှိသော၊ သို့တည်းမဟုတ်ရှိခဲ့ပြီးဖြစ်သောစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်မှ ထိုအရာနှင့် ထိုအရာမှဖြစ်သော အခိုးအငွေ့ များကိုပယ်ရှားရန်၊ သို့တည်းမဟုတ် ထိုအရာနှင့်အခိုးအငွေ့များကိုမပေါက်ကွဲအောင်၊ သို့တည်းမဟုတ် မီးမတောက် လောင်အောင်ပြုရန် လုံလောက်စွာ စီမံဆောင်ရွက် ထားခြင်း မရှိလျှင်၊ ထို့ပြင် စမ်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင်ထိုစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ကိုစမ်းသပ်ပြီးနောက်၊ ထိုအရာတို့သည် ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင် စေတတ်သည့် အငွေ့မရှိကြောင်း စာဖြင့်ရေး၍ တာဝန်ခံ လက်မှတ်မထုတ်ပေးလျှင်၊ ထိုစက်ကို၊ သို့တည်းမဟုတ် လှောင်ကန်ကို၊ သို့တည်းမဟုတ် ခွက်ကို သံဂဟေဆော်ခြင်း (welding)၊ ကြေးဂဟေဆော်ခြင်း (brazing)၊ သို့တည်းမဟုတ် ခဲဂဟေ ဆော်ခြင်း (soldering)၊ သို့တည်းမဟုတ် မီးအားဖြင့် ဖြတ်တောက်ခြင်း မပြုရ။ ဤကဲ့သို့ဂဟေဆော်ခြင်း၊ ဖြတ်တောက်ခြင်းပြု ပြီးသည့်နောက် စက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်စသည်များသည်၊ ဆိုခဲ့သည့် အရာကိုမီးမကူးနိုင်လောက်အောင်မအေးသေးမီ၊ ထိုစက်၊ လှောင်ကန်၊သို့တည်းမဟုတ် ခွက်ထဲသို့ ထိုအရာမရောက်စေရ။

(၅) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်သည် ထင်မြင်သည့် စည်းကမ်းချက် များထား၍ အလုပ်ရုံ တခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာ ဆောင်ရွက်ရခြင်းမှ နည်းဥပဒေများဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။

မီးလောင်လျှင်၊ ဆောင်ရွက်ရမည့် စီမံချက်များ။

၄၀။ ။(၁) အလုပ်ရုံတိုက်းတွင် အကယ်၍မီး လောင်လျှင် လွတ်မြောက် ရန်နည်းလမ်းများကို ပြဋ္ဌာန်းသည့်အတိုင်း စီမံထားရှိရမည်။ ဤကဲ့သို့ စီမံထားခြင်းမရှိဟု အင်စပက်တော်ကထင်မြင် လျှင်၊ အင်စပက်တော်သည် အလုပ်ရုံမန်နေဂျာ ထံသို့ အမိန့်စာချအပ်၍ ထိုအမိန့်စာတွင် အလုပ်ရုံကို ဤပုဒ်မနှင့်၎င်း၊ ဤပုဒ်မအရပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ညီညွတ်စွာဆောင်ရွက်သင့်သည်ဟု မိမိ

ထင်မြင်သော စိမ်ချက်များဖေါ်ပြ၍ အမိန့်စာတွင်ဖေါ်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များဖေါ်ပြ၍ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

(၂) အလုပ်ရုံတိုင်းတွင် အခန်းတခုခုမှ ထွက်နိုင်သည့်တံခါးများကို အခန်းတွင်း၌လူတဦးတယောက်ရှိနေစဉ်အတွင်းမှ ရုတ်တရက် အလွယ်တကူမဖွင့်နိုင်အောင် သော့ခတ်ထားခြင်း၊ သို့တည်းမဟုတ် ဂိတ်ထားခြင်းမပြုရ။ ထိုတံခါး များသည် အထိုး တံခါးမျိုးမဟုက်လျှင် အပြင်ဖွင့်တံခါးများဖြစ်ရမည်။

(၃) အလုပ်ရုံတိုင်းတွင် သာမန်အသုံးပြုသည့် ထွက်ပေါက်များမှ လွဲ၍၊ မီးလောင်လျှင်ထွက်နိုင်သည့် ပြူတင်းပေါက်၊တံခါး၊သို့တည်းမဟုတ် အခြားထွက်ပေါက်အသီးသီးတွင် အလုပ်သမားအများနားလည်သည့် စာဖြင့်ထင်ရှားစွာရေးထားသော အနီရောင်စာလုံးများနှင့်ဖြစ်စေ၊ အခြားကောင်းစွာ သိသာနိုင်သည့် အမှတ်အသားနှင့်ဖြစ်စေ၊ ထင်ရှားစွာ မှတ်သားထားရမည်။

(၄) မီးလောင်လျှင်၊ အလုပ်ရုံတွင် ခိုင်းစေခံရသူတိုင်းကောင်းစွာ ကြားသိနိုင်အောင်အချက်ပေးကိရိယာများကို အလုပ်ရုံတိုင်းတွင် တပ်ဆင်ထားရမည်။

(၅) မီးလောင်လျှင် ထွက်ပေါက်များသို့ အလွယ်တကူသွားနိုင်သည့် လမ်းကို အလုပ်ရုံအခန်းအသီးသီးရှိအလုပ်သမားအားလုံး အသုံးပြုနိုင်ရန်ရှင်းလင်းထားရှိရမည်။

(၆) (က) အောက်ဆုံးထပ်၏မည်သည့်နေရာတွင်မဆို၊အလုပ်သမားနှစ်ဆယ်ထက် ပို၍ခိုင်းစေသော အလုပ်ရုံအသီးသီး၌ဖြစ်စေ၊

(ခ) ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးအလွန် လောက်လောင်စေတတ်သည့်ပစ္စည်းသိုလှောင်ထားသော၊ သို့တည်းမဟုတ်အသုံးပြုသောအလုပ်ရုံအသီးသီးတွင်ဖြစ်စေ

မီးလောင်လျှင် အသုံးပြုနိုင်သည့်ထွက်ပေါက်များကို အလုပ်သမားအားလုံးသိနေစေရန် ၎င်း၊မီးလောင်လျှင် ထိုသူတို့ မီးဘေးမှလွတ်မြောက်အောင် လိုက်နာရမည့်နည်းလမ်းကိုကောင်းစွာ သင်ကြားပေးရန်၎င်း၊ထိရောက်စွာ စီမံဆောင်ရွက်ရမည်။

(၇) နိုင်ငံတော်သမတသည်၊အလုပ်ရုံတခုခုနှင့်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုနှင့်ဖြစ်စေ ၎င်းလျဉ်း၍မီးလောင်လျှင် အသုံးပြုရန် စီမံထားရှိရမည့်ထွက်ပေါက်များနှင့်တကွ မီးသတ်ကိရိယာအမျိုးအစားနှင့် အရေအတွက်ကို ပြဋ္ဌာန်းသည့်နည်းဥပဒေများပြုနိုင်သည်။

ချို့ယွင်းသော အစိတ်အပိုင်းများကို သီးခြားဖေါ်ပြရန် ဖြစ်စေ၊ ခိုင် မခိုင်စမ်းသပ် ခြင်း ပြု ရန် ဖြစ် စေ ဆင့်ဆိုနိုင်သည့်အာဏာ။

၄၁။ ။အလုပ်ရုံရှိအဆောက်အအုံ၊သို့တည်းမဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းသော်၎င်း၊ အလုပ်ရုံရှိလမ်း၊ စက်ကိရိယာ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်သော်၎င်း၊လူ့အသက်ကိုဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့်အခြေအနေတွင် ရှိသည်ဟု အင်စပက်တော်က ထင်မြင်လျှင်၊ သတ်မှတ်သည့် နေ့ရက်မတိုင်မီ အောက်ဖေါ်ပြပါအတိုင်း ဆောင်ရွက်ရမည်ဟု အလုပ်ရုံမန်နေဂျာထံ အမိန့်စာချအပ်နိုင်သည်။

(က) ယင်းသို့သော အဆောက်အအုံ၊ လမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်ကို ဘေးရန်ကင်းရှင်းစွာအသုံးပြုနိုင် မပြုနိုင် ဆုံးဖြတ်ရန်

အတွက် လိုအပ်သည့် ပုံစံများ၊ အသေးစိတ် ဖော်ပြချက်များနှင့် အခြားအကြောင်းအရာများကိုပေးအပ်ရန်၊ သို့တည်းမဟုတ်

(ခ) အမိန့်တွင် ဖော်ပြသည့်စမ်းသပ်မှုများကို ဖော်ပြသည့် နည်းလမ်းအတိုင်းပြု၍၊ ထိုစမ်းသပ်မှုများမှ သိရှိရသည့်အကြောင်းအရာများကို အင်စပက်တော်ကအကြောင်းကြားရန်။

အဆောက် အအုံ များနှင့်စက်ကိရိယာများ ဘေးရန်ကင်းရှင်းမှု။

၄၂။ ။(၁) အလုပ်ရုံရှိအဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းသော်၎င်း၊ အလုပ်ရုံရှိလမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်သော်၎င်း၊ လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန် ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေအနေကြောင့်ရှိသည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ အင်စပက်တော်သည် အလုပ်ရုံမန်နေဂျာထံအမိန့်စာချမှတ်၍၊ ထိုအမိန့်စာတွင် လိုက်နာဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်ချက်များကို ဖော်ပြလျက်၊ အမိန့်စာတွင် ဖော်ပြသည့်နေ့ရက်မတိုင်မီ ထိုစီမံချက်များကို ဆောင်ရွက်ရမည်ဟုဆင့်ဆိုနိုင်သည်။

(၂) အလုပ်ရုံရှိ အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ၊ အလုပ်ရုံရှိလမ်း၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းကိုဖြစ်စေ အသုံးပြုခြင်းသည် လူ့အသက်ကို ဘေးအန္တရာယ် ဖြစ်စေမည့်ဆဲဆဲ၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့်ဆဲဆဲဖြစ်သည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ ထိုအဆောက်အအုံစသည်များ၊ အစိတ်အပိုင်းများကို နေရာတကျ ခြင်ဆင်ခြင်း၊ သို့တည်းမဟုတ် ပြောင်းလဲပြုပြင်ခြင်းမပြုရသေးမီအသုံးမပြုရန်တားမြစ်သည့် အမိန့်စာကိုအင်စပက်တော်က အလုပ်ရုံမန်နေဂျာထံချအပ်နိုင်သည်။

ဤအခန်းကို နောက်ထပ်ဖြည့် စွက် ရန် နိုင်ငံတော်သမတက နည်းဥပဒေများပြုနိုင်သည့်အာဏာ။

၄၃။ ။နိုင်ငံတော် သမတသည်၊ ဤအခန်းတွင် ဖော်ပြထားသော ကိစ္စများနှင့် ဆိုင်သည့်ကာကွယ်ချက်များအပြင်၊ အောက်ပါ အချက်များနှင့်စပ်လျဉ်း၍ နောက်ထပ်ကာကွယ်ချက်များကိုနည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

(က) သီးခြားဖြစ်သည့် စက်များ ဘေးရန်ကင်းရှင်းအောင် နောက်ထပ်ကာရံခြင်း။

(ခ) စက်ထည့်နေသည့်အခါ ဘေးအန္တရာယ်ဖြစ်စေတတ်သည့် စက်၏အစိတ်အပိုင်းကိုမပေါ်စေရန်ကာကွယ်သည့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်လျှင်၊ စက်ကိုရပ်စေသည့်ကိရိယာများကိုစီမံထားရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် စက်အစိတ်အပိုင်းနှင့်အလုပ်သမားကို မထိခိုက်နိုင်အောင် ပုံသေ ကာကွယ်ထားရန် မဖြစ်နိုင်လျှင်၊ အလိုအလျောက်အကာအကွယ် ဖြစ်နိုင်သည့်အကာအကွယ်မျိုးများ စီမံထားရှိခြင်း၊

(ဃ) စက်ပေါ်တင်၍ လုပ်ရသဖြင့်၊ စက်လည် နေစဉ်ဘေးအန္တရာယ်ဖြစ်စေတတ်သောအရာများကို ကာရံထားခြင်း၊ ထို့ပြင်

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန်အလို့ငှါ သင့်တော်သည့်အခြားကိစ္စ။

# အခန်း ၅။

## သက်သာချောင်ချိရေး။

**ဖွပ်လျှော်ဆေးကြောရန် လွယ်ကူမှုအခွင့်အလမ်း။**

၄၄။ ။(၁) အလုပ်ရုံတိုင်းတွင်—

(က) အလုပ်သမားများဖွပ်လျှော်ဆေးကြောနိုင်ရန် သင့်တော် လုံလောက်သော လွယ်ကူမှုအခွင့်အလမ်းများကိုစီမံထားရှိရမည်။

(ခ) ထိုလွယ်ကူမှုအခွင့်အလမ်းကို ယောကျာ်းအလုပ်သမားများနှင့် မိန်းမအလုပ်သမားများအတွက် သီးခြား၍ လုံလောက်စွာ ကာရံထားရှိရမည်။

(ဂ) ထိုလွယ်ကူမှုအခွင့်အလမ်းကို အလွယ်တကူ သွားလာ ဝင်ထွက်နိုင်အောင်စီမံ၍ သန့်ရှင်းစင်ကြယ်စွာထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတခုခုအတွက် ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုအတွက်ဖြစ်စေ၊ ပြုလုပ်မှု လုပ်ငန်းစဉ် တခုခုအတွက်ဖြစ်စေ၊ ဖွပ်လျှော်ဆေးကြောရန် သင့်တော်လုံလောက်သော လွယ်ကူမှုအခွင့်အလမ်းများကို မည်သည့် ပုံစံအတိုင်းထားရှိရမည်ဟုပြဋ္ဌာန်းသည့်နည်းဥပဒေများပြုနိုင်သည်။

**အဝတ်များထားရန်နှင့် လှန်းရန် အခွင့်အလမ်းများ။**

၄၅။ ။နိုင်ငံတော်သမတသည်၊ အလုပ်ရုံတခုခုတွင် ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတခုခုတွင်ဖြစ်စေ၊ အလုပ်ချိန်အတွင်း မဝတ်သောအဝတ်များထားရန်နှင့် စိုစွတ်သော အဝတ်များလှန်းရန် သင့်တော်သော အခွင့်အလမ်းများစီမံထားရန်ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုနိုင်သည်။

**အလွယ်တကူ ထိုင်ရန် အခွင့်အလမ်းများ။**

၄၆။ ။(၁) အလုပ်ရုံတိုင်းတွင် မတ်တတ်အလုပ်လုပ်ကြသော အလုပ်သမားအားလုံးသည် မိမိတို့အလုပ်လုပ်နေစဉ်အခါ နားခွင့်ကြုံက နားနိုင်ရန်အလို့ငှါ၊ ထိုင်ရန်အခွင့်အလမ်းများကို သင့်တော်အောင် စီမံထားပေးရမည်။

(၂) အလုပ်ရုံတွင် သီးခြားဖြစ်သောပြုလုပ်မှုလုပ်ငန်းစဉ်၌ဖြစ်စေ၊ သီးခြားဖြစ်သောအခန်း၌ဖြစ်စေ၊ အလုပ်လုပ်သောအလုပ်သမားများသည်၊ ထိုင်လျက်ပင်အလုပ်လုပ်နိုင်သည်ဟုအင်စပက်တော်ချုပ်က ထင်မြင်သဘောရရှိလျှင်၊ ထိုသီးခြားဖြစ်သောပြုလုပ်မှုလုပ်ငန်းစဉ်၌၊ သို့တည်းမဟုတ် သီးခြားဖြစ်သောအခန်း၌အလုပ်လုပ်သော အလုပ်သမား အားလုံးအတွက် အလွယ်တကူ ထိုင်ရန် အခွင့်အလမ်းများကို သတ်မှတ်သည့်နေ့ရက်မတိုင်မီ တတ်နိုင်သရွေ့ စီမံထားပေးရမည်ဟု လုပ်ငန်းပိုင်ရှင်အား အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

(၃) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များသည်၊ သီးခြားဖော်ပြထားသည့် အလုပ်ရုံနှင့်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစားနှင့်ဖြစ်စေ၊ ပြုလုပ်မှုလုပ်ငန်းစဉ်နှင့်ဖြစ်စေ၊ မသက်ဆိုင်ရဟူ၍ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

**သူနာပြုကိရိယာများ။**

၄၇။ ။(၁) အလုပ်ရုံတိုင်းတွင် ပြဋ္ဌာန်းထားသည့် ပစ္စည်းများ ထည့်ထားသော သူနာပြု ဆေးသေတ္တာ၊ သို့တည်းမဟုတ်ဆေးဘီရို တလုံးကို အလုပ်ချိန်အတွင်း အလွယ်တကူအသုံးပြု နိုင်ရန် အင်စပက်တော်က ညွှန်ကြားသည့် သင့်လျော်သောနေရာတွင် အလုပ်ရုံမန်နေဂျာက အသင့်စီမံထားရှိရမည်။ အလုပ်သမား တရာ့ငါးဆယ်ထက်ပို၍ ခိုင်းစေလျှင်၊ နောက်ထပ် အလုပ်သမား တရာအတွက်၊ သို့တည်းမဟုတ် ထိုထက်နည်းသော နောက်ထပ် အလုပ်သမားများအတွက်၊ နောက်ထပ်ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံး ထားရှိရမည်။

(၂) ပြဋ္ဌာန်းထားသည့် ပစ္စည်းများမှလွဲ၍၊ အခြား မည်သည့် အရာကိုမျှပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် သူနာပြုဆေးသေတ္တာ၊သို့တည်းမဟုတ် ဆေးဘီရိုတွင် မထားရ၊ ထို့ပြင် ထိုသူနာပြု ဆေးသေတ္တာနှင့် ဆေးဘီရိုများကို၊ သူနာပြုအတတ်တတ်မြောက်ပြီးသော တာဝန်ခံတယောက်၏ လက်အောက်တွင် ထားရှိရမည့်။ ထိုသူသည် အလုပ်ချိန်တွင် အမြဲရှိရမည်၊

(၃) အလုပ်သမား နှစ်ရာ့ငါးဆယ် ထက်ပို၍ ခိုင်းစေသောအလုပ်ရုံတိုင်းတွင် ပြဋ္ဌာန်းထားသည့်ပစ္စည်းများနှင့်တကွ ပြဋ္ဌာန်းသည့်အကျယ်အဝန်းရှိသောသူနာပြုခန်း၊ သို့တည်း မဟုတ် ဆေးပေးရုံတခု ထားရှိရမည်၊ ထိုသူနာပြုခန်းကို၊ သို့တည်းမဟုတ် ဆေးပေးရုံကို ပြဋ္ဌာန်းထားသည့်ဆရာဝန်နှင့် သူနာပြုဆရာ များက ကြီးကြပ်စီမံရမည်။

**အလုပ်သမားများ အတွက် ဆိုင်များ။**

၄၈။ ။(၁) နိုင်ငံတော်သမတသည်၊ သာမန်အားဖြင့် အလုပ်သမား နှစ်ရာ့ငါးဆယ်ထက်ပို၍ခိုင်းစေသော သီးခြားသတ်မှတ်ထားသည့် အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံအမျိုးအစား တခုခုတွင်၊ အလုပ်သမားများ ဝယ်ယူသုံးစွဲနိုင်ရန် အလို့ငှါ၊ လုပ်ငန်းပိုင်ရှင်က လုံလောက်သော ဆိုင်တဆိုင်ထားရှိပေးရမည့်ဟု ပြဋ္ဌာန်းသော နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ဆိုခဲ့ သည့် အာဏာ ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အဆိုပါနည်းဥပဒေများသည် အောက်ပါတို့ကို ပြဋ္ဌာန်းနိုင်သည်။

(က) ဆိုခဲ့သည့်ဆိုင်ဖွင့်လှစ်မည့်နေ့ရက်၊

(ခ) ဆိုင်ကိုဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်း ထားရှိရမည့်စံနစ်၊ ဆိုင်တွင်ထားရှိရမည့် ဆိုင်သုံးပရိဘောဂများနှင့် အခြားပစ္စည်းများ၊

(ဂ) ဆိုင် တွင် ရောင်း ချ မည့် အစား အ စာ နှင့် ထို အစားအစာ အတွက် တောင်းခံရမည့်အဘိုးနှုန်းများ၊ ထို့ပြင်

(ဃ) ဆိုင်ကိုစီမံအုပ်ချုပ်ရန် ကော်မီတီ ဖွဲ့စည်းခြင်းနှင့် ထိုကော်မီတီတွင် အလုပ်သမားများ၏ ကိုယ်စားလှယ်ပါဝင်ပြေင်း။

**အလုပ်နားရုံများ၊အလုပ်နားခန်းများနှင့် အစာစားခန်းများ။**

၄၉။ ။(၁) သာမန်အားဖြင့် အလုပ်သမား ငါးရာထက်ပို၍ ခိုင်းစေသော အလုပ်ရုံတိုင်းတွင်၊အလုပ်သမားများ အသုံးပြုရန် သင့်တော်လုံလောက်သော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများနှင့်အလုပ်သမားများ မိမိတို့ယူဆောင်လာသော အစာဆို စားနိုင်ရန် သောက်ရေနှင့်တကွ သင့်တော်လုံလောက်သောအစာ စားခန်းစီမံထားရှိရမည်။

သို့ရာတွင်ပုဒ်မ ၄၀ ပုဒ်မ ၄၁ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွင့်ထားသည့်ဆိုင်သည်၊ ဤပုဒ်မခွဲအရ လိုအပ်သည့်စီမံချက်၏ တစိတ်တဒေသဖြစ်သည်ဟု ယူဆရမည်။ ထို့ပြင် အစာစားခန်းရှိလျှင် အလုပ်ခန်း၌ မည်သည့်အလုပ်သမားမျှ အစာမစားရ။

(၂) ပုဒ်မခွဲ (၁) အရ စီမံထားရှိရမည့် အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ၊ သို့တည်းမဟုတ် အစာစားခန်း များကို အလင်းရောင်နှင့် လေလုံလောက်စွာရရှိအောင်လည်း စီမံထားရှိရမည်။ ထို့ပြင် ထိုအလုပ်နားရုံ စသည်များကို တတ်နိုင်သမျှ အေး၍သန့်ရှင်းစင်ကြယ်အောင်ထားရမည်။

(၃) နိုင်ငံတော်သမတသည်—

(က) ဤပုဒ်မအရ ထားရှိရမည့် အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် အစာစားခန်းများကို ဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်းထားရှိရမည့်စံနစ်၊ ထိုအလုပ်နားရုံ စသည်များတွင် ထားရှိ ရမည့် ပရိဘောဂနှင့် အခြားပစ္စည်းများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလုပ်ရုံ တခုခုကိုသော်၎င်း၊ အလုပ်ရုံအမျိုးအစားတခုခုကိုသော်၎င်း၊ ဤပုဒ်မရှိ လိုအပ်ချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၀။ ကလေးထိန်းခန်းများ။ ။(၁) သာမန်အားဖြင့် မိန်းမငါးဆယ်ထက်ပို၍ ခိုင်းစေသောအလုပ်ရုံတိုင်းတွင်၊ ထို မိန်းမများ၏ ခြောက်နှစ် အောက် ရှိသော ကလေးများအတွက် သင့်တော်သော အခန်းတခု၊ သို့တည်းမဟုတ် အခန်းများသီးသန့်စီမံထားရှိရမည်။

(၂) ထိုအခန်းတွင် လုံလောက်သော နေရာထိုင်ခင်းများ ထားရှိရမည်။ ထိုအခန်းကို အလင်းရောင်နှင့် လေလုံလောက်စွာ ရရှိအောင်လည်း စီမံထားရမည်။ အခန်းကို သန့်ရှင်းစင်ကြယ်စွာလည်း ထားရှိရမည့်ပြင်၊ ကလေးသူငယ်များပြုစုရေး၌ တတ်မြောက်ကျွမ်းကျင်သော မိန်းမများက ကြီးကြပ်စီမံရမည်။

(၃) နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကိုပြုနိုင်သည်။

(က) ဤပုဒ်မအရထားရှိရမည့်အခန်းတည်နေရာ၊ ဆောက်လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်း ထားရမည့်စံနစ်၊ ထိုအခန်းတွင် ထားရှိရမည့် ပရိဘောဂ နှင့် အခြားပစ္စည်းများကို ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊

(ခ) မိန်းမအလုပ်သမားများ၏ ကလေးများ၏ အဝတ်ဖွပ်လျှော်ရန်နှင့် အဝတ်လဲရန် သင့်တော်သော စီမံချက်များအပါအဝင်ဖြစ်သည့် ကလေးများပြုစုရေးအတွက် နောက်ထပ် စီမံချက်များကို ဤပုဒ်မနှင့် သက်ဆိုင်သော အလုပ်ရုံများတွင် ပြုရမည်ဟုပြဋ္ဌာန်းသည့် နည်းဥပဒေများ၊

(ဂ) အလုပ်ရုံတွင် ထိုကလေးများအတွက် နို့ဖြစ်စေ၊ အစားအစာ ဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ၊ အခမဲ့ပေးရမည်ဟု ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊

(ဃ) အလုပ်ရုံတွင် ထိုကလေးများကို မိခင်များက နို့တိုက်ရန်လိုအပ်သည့်အတိုင်း၊ အချိန်ခြား၍ နို့တိုက်နိုင်စေရန် စီမံချက်များ ပြုရမည်ဟု ပြဋ္ဌာန်းသည့်နည်းဥပဒေများ။

ဤအခန်းကိုဖြည့်စွက်ရန် နည်းဥပဒေများပြုနိုင်သည့် နိုင်ငံတော်သမတ၏ အာဏာ။

၅၁။ ။(၁) အလုပ်လုပ်ရသည့် အခြေအနေများကြောင့် ဖြစ်စေ၊ ပြုလုပ်မှု လုပ်ငန်းစဉ် အမျိုးအစားကြောင့် ဖြစ်စေ၊ အလုပ်သမားတို့၏၊ သို့တည်းမဟုတ် အလုပ်သမား အမျိုးအစား တခုခု၏ သက်သာ ချောင်ချိရေးအတွက်၊ ဤအခန်းနှင့် သက်ဆိုင်သည့်ကိစ္စများအနက် ကိစ္စတခုခုနှင့်စပ်လျဉ်း၍ နောက်ထပ် ပြဋ္ဌာန်းရန် လိုအပ်သည်ဟုထင်မြင်လျှင်၊ နိုင်ငံတော်သမတသည်အလုပ်သမားများ၏၊ သို့တည်းမဟုတ် အလုပ်သမား အမျိုးအစားတခုခု၏ သက်သာချောင်ချိရေးအတွက် လျော်ကန်သင့်မြတ်သော စီမံဆောင်ရွက်မှုများပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုနိုင်သည်။ ထိုပြဋ္ဌာန်းချက်များသည် ဤအခန်းရှိ အထက်ပါ ပုဒ်မများအနက်၊ ပုဒ်မတခုခုကိုဖြည့်စွက်သောပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ် ထိုပုဒ်မအစား အစားထိုးသွင်းသောပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ်ထိုပုဒ်မကိုတိုးချဲ့သောပြဋ္ဌာန်းချက်၊ သို့တည်းမဟုတ် ထိုပုဒ်မကိုဖြောင်းလဲသောပြဋ္ဌာန်းချက်ဖြစ်နိုင်သည်။ ထို့အပြင်အလုပ်သမားများ၏၊ သို့တည်းမဟုတ်အလုပ်သမားအမျိုးအစားတခုခု၏သက်သာချောင်ချိရေးအတွက်အခြားအလားတူကိစ္စများနှင့် စပ်လျဉ်း၍လည်းနည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) ထိုနည်းဥပဒေများကို အလုပ်ရုံတခုခုအတွက်ဖြစ်စေ၊ အလုပ်ရုံ အမျိုးအစားတခုခုအတွက်ဖြစ်စေပြုနိုင်သည်။

(ခ) ထိုနည်းဥပဒေများကို သီးခြားဖြစ်သောလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ခွဲခြား သတ်မှတ်ထားသော အမျိုးအစား ရှိသော သက်ဆိုင်ရာ အလုပ်သမားများက လျှောက်ထားသည့်အလျောက် ပြုနိုင်သည်။ ထို့ပြင် အလုပ်သမားတို့၏ ထင်မြင်ယူဆချက်များကို သိရှိအောင် ပြုရမည့် နည်းလမ်းကိုလည်း ထိုနည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

(ဂ) အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တခုခုတွင် ဖြစ်စေ၊ အလုပ်သမားတို့၏ သက်သာချောင်ချိရေး စီမံချက်များကို ကြီးကြပ်ဆောင်ရွက်ရာ၌ အလုပ်သမားများ၏ကိုယ်စားလှယ်များကို ပါဝင်စေရမည်ဟု ထိုနည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

(၂) ထိုနည်းဥပဒေများဖြင့် လုပ်ငန်းပိုင်ရှင် များအတွက်၊ တာဝန်ဝတ္တရားများကိုဎင်း၊ သက်သာချောင်ချိရေးစီမံချက်များ၏ အကျိုးကို ခံစားမှုနှင့်စပ်လျဉ်း၍ အလုပ်သမားတို့၏တာဝန်ဝတ္တရားများကိုဎင်း၊ သတ်မှတ်နိုင်သည်။

## အခန်း ၆။

### အသူးသက်ဆိုင်စေခြင်း။

ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အလုပ် များ။

၅၂။ ။အလုပ်ရုံတွင် လုပ်ရသည့် အလုပ်သည်၊ အလုပ်သမားတို့၏ ကိုယ်အင်္ဂါကို ထိခိုက်နာကျင်စေမည့်၊ သို့တည်းမဟုတ် အလုပ်သမားများကို အဆိပ်မိစေမည့်၊ သို့တည်း မဟုတ်ရောဂါဖြစ်စေမည့်လက္ခဏာရှိသည့်အလုပ်ဖြစ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိလျှင်၊ အလုပ်လုပ်နေသည့်အလုပ်ရုံတခုခုနှင့်သော်ဎင်း၊ အလုပ်ရုံ

အမျိုးအစားတခုနှင့်သော်၎င်း၊ သက်ဆိုင်သည့်နည်းဥပဒေများကိုပြုနိုင်သည်။ ထိုနည်းဥပဒေများဖြင့်—

(က) အလုပ်ကို သီးခြားသတ်မှတ်၍ ဘေးအန္တရာယ် ဖြစ်စေတတ်သော အလုပ်ဖြစ်သည်ဟု ပြဋ္ဌာန်းနိုင်သည်။

(ခ) ထိုအလုပ်တွင် မိန်းမများအား၊ သို့တည်းမဟုတ် လူရွယ်များအား၊ သို့တည်းမဟုတ် ကလေးများအား ခိုင်းစေခြင်းကိုတားမြစ်နိုင်သည်၊ သို့တည်းမဟုတ် ကန့်သတ်နိုင်သည်။

(ဂ) ထိုအလုပ်တွင် ခိုင်းစေခံရသော အလုပ်သမားများကို သော်၎င်း၊ ထိုအလုပ်တွင်လုပ်ရန် လျှောက်ထားသူများကိုသော်၎င်း၊ ကာလအပိုင်းအခြားနှင့်ဆေးဘက်ဆိုင်ရာစစ်ဆေးမှုပြုရန်အတွက်ပြဋ္ဌာန်းနိုင်သည့်ပြင် ထိုအလုပ်တွင် လုပ်ရန်သင့်တော်ကြောင်း ဆေးလက်မှတ်မရသူများကိုမခိုင်းစေရဟုလည်း တားမြစ်နိုင်သည်။

(ဃ) ထိုအလုပ်တွင်ခိုင်းစေခံရသူအားလုံးကိုဖြစ်စေ၊ ထိုအလုပ်လုပ်ရာနေရာများအနီး၌ ခိုင်းစေခံရသူအားလုံးကိုဖြစ်စေ၊ ကာကွယ်စောင့်ရှောက်ပေးရန် ပြဋ္ဌာန်းနိုင်သည်။

(င) အလုပ်နှင့် စပ်လျဉ်း၍ သီးခြားဖော်ပြပါပစ္စည်းများ၊ သို့တည်းမဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်များအသုံးပြုခြင်းကို၊ တားမြစ်နိုင်သည်၊ ကန့်သတ်နိုင်သည်၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်နိုင်သည်။

၅၃။ ။အလုပ်ရုံတွင် မတော်တဆထိခိုက်၍ သေဆုံးလျှင်သော်၎င်း၊ ကိုယ်အင်္ဂါထိခိုက်နာကျင်ပြီးနောက်လေးဆယ့်ရှစ်နာရီမျှ၊ သို့တည်းမဟုတ် လေးဆယ့်ရှစ်နာရီထက်ပို၍ အလုပ်ရုံတွင် အလုပ်မလုပ်နိုင်လျှင်သော်၎င်း၊ ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းသတ်မှတ်ထားသည့်အမျိုးအစားဖြစ်သော မတော်တဆထိခိုက်မှု ဖြစ်လျှင်သော်၎င်း၊ အလုပ်ရုံမန်နေဂျာသည် ဆိုခဲ့သည့်အတိုင်း မတော်တဆထိခိုက်သည့်အကြောင်းကို ပြဋ္ဌာန်းသည့် ပုံစံဖြင့်နို့တစ်စာရေးသား၍ ပြဋ္ဌာန်းသည့် အချိန်အတွင်း ပြဋ္ဌာန်းသည့်အာဏာပိုင်တို့ထံပေးပို့ရမည်။

မတော်တဆ ထိခိုက်မှုများ ကို နို့တစ်စာ ပေးပို့ခြင်း။

၅၄။ ။(၁) အလုပ်ရုံတွင် အလုပ်လုပ်သော အလုပ်သမား တဦးဦးကို အလုပ်သမား လျော်ကြေး အက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖော်ပြ ထားသည့် ရောဂါ တမျိုးမျိုး စွဲကပ်လျှင်၊ ထိုသို့စွဲကပ်ကြောင်းကို၊ အလုပ်ရုံ မန်နေဂျာက အင်စပက်တော်ချုပ်ထံသို့၎င်း၊ အလုပ်ရုံတည်ရှိရာ ခရိုင်အကွက်တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ထံသို့၎င်း၊ ပြဋ္ဌာန်းသည့် ပုံစံဖြင့် ပြဋ္ဌာန်းသည့် အကြောင်းအရာများဖော်ပြလျက် ပြဋ္ဌာန်းသည့်အချိန်အတွင်း နို့တစ်စာ ပေးပို့ရမည်။

ရောဂါများ ဖြစ်ပွားကြောင်းကို နို့တစ်စာပေးပို့ခြင်း။

(၂) မှတ်ပုံဝင် ဆရာဝန် တဦးဦး သည် အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ဇယား ၃ တွင် သီးခြားဖော်ပြထားသည့် ရောဂါတမျိုးမျိုး စွဲကပ်နေသည့်၊

သို့တည်းမဟုတ် စွဲကပ်နေသည်ဟု မိမိယုံကြည်သည့်အလုပ်ရုံ၌ အလုပ်လုပ်သူကို၊ သို့တည်းမဟုတ် အလုပ်လုပ်ခဲ့သူကိုဆေး ကုသနေလျှင်ထိုဆရာဝန်သည်အင်စပက်တော်ချုပ်ရုံးသို့အောက်ပါအချက်များဖော်ပြသည့်အစီရင်ခံစာပေးပို့ရမည်။

(က) သူနာ၏အမည်နှင့် နေရပ်အပြည့်အစုံ။

(ခ) မိမိသဘောအရ သူနာစွဲကပ်နေသည့် ရောဂါ၏ အမည်။

(ဂ) သူနာအလုပ်လုပ်နေသည့်၊သို့တည်းမဟုတ် အလုပ်လုပ်ခဲ့သည့်အလုပ်ရုံ၏အမည်နှင့်နေရပ်အပြည့်အစုံ။

(၃) ထိုဆရာဝန်မှာ ဤပုဒ်မအရပေးပို့သော အစီရင်ခံစာနှင့်စပ်လျဉ်း၍ပြဋ္ဌာန်းသည့်အခကိုရနိုင်ခွင့်ရှိသည်။

(၄) မှတ်ပုံဝင် ဆရာဝန် တဦးတယောက်သည် ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ထိုဆရာဝန်သည် ငွေငါးဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

မတော်တဆ ထိခိုက်မှုများနှင့် ရောဂါ ဖြစ်ပွါးမှုများကို စုံစမ်း စစ်ဆေးရန် ဆင့်ဆိုနိုင်သည့်အာဏာ။

၅၅။ ။(၁) နိုင်ငံတော်သမတသည် အလုပ်ရုံတွင် မတော်တဆ ထိခိုက်မှုများကိုဖြစ်စေ၊ အလုပ်ရုံတွင်ထိခိုက်သည့်၊ သို့တည်းမဟုတ် ထိခိုက် သည်ဟု ထင်ရသည့် အလုပ်သမား လျော်ကြေးအက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖော်ပြထားသော ရောဂါအကြောင်းကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရန်အရည်အချင်းရှိသူကို ခန့်ထားရန်လိုအပ်သည်ဟု ထင်မြင်လျှင်ခန့်ထားနိုင်သည့်ပြင်၊ ထိုသို့စုံစမ်းစစ်ဆေးရာ၌ အဆက်ဆာလူကြီးအဖြစ် ဆောင်ရွက်ရန်ဥပဒေ နားလည်သူ၊ သို့တည်းမဟုတ် ဤကိစ္စ၌အထူးနားလည်သူ တဦးဖြစ်စေ၊တဦးထက်ပို၍ဖြစ်စေ ခန့်ထားနိုင်သည်။

(၂) ဤပုဒ်မအရ၊စုံစမ်းစစ်ဆေးရန် ခန့်ထားခံရသူသည် သက်သေများတက်ရောက်စေရန်နှင့် စာချုပ် စာတမ်းများ၊ အရေးကြီးသည့် ဝတ္ထုများ တင်ပြစေရန် အတင်းအကြပ် ပြုရန်ကိစ္စများအတွက်၊ တရားမကျင့်ထုံး ဥပဒေအရ တရားမရုံး၏ အာဏာများကိုရရှိရမည့်ပြင်၊ဤအက်ဥပဒေအရအင်စပက်တော်၏အာဏာများကိုလည်း စုံစမ်းစစ်ဆေးရာ၌ လိုအပ်သည့်အတိုင်း သုံးစွဲနိုင်သည်။ ထို့ပြင် စုံစမ်းစစ်ဆေးသူက အကြောင်းအရာတခုခုကိုထုတ်ဖော်ဟင်ပြရမည်ဟုဆင့်ဆိုခံရသူမှာ၊ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇၆ အရ ထိုအကြောင်းအရာကိုထုတ်ဖော်တင်ပြရန်တရားဥပဒေအရ တာဝန်ရှိသည်ဟုမှတ်ယူရမည်။

(၃) ဤပုဒ်မအရ စုံစမ်းစစ်ဆေးသူသည် နိုင်ငံတော်သမတထံသို့ အစီရင်ခံစာ တင်သွင်းရမည်။ ထိုအစီရင်ခံစာတွင်မတော်တဆထိခိုက်မှု၏၊ သို့တည်းမဟုတ် ရောဂါဖြစ်ပွါးမှု၏အကြောင်းရင်းနှင့် ဖြစ်ပျက်ပုံအကြောင်းအရာများကို ဖော်ပြရမည့်ပြင်၊ စုံစမ်းစစ်ဆေးသူကဖြစ်စေ၊အဆက်ဆာလူကြီးတဦးဦးကဖြစ်စေ၊ သင့်တော်သည်ထင်မြင်သည့်အတိုင်း ရေးမှတ်သည့်မှတ်ချက်လည်းပါရှိနိုင်သည်။

(၄) နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရတင်သွင်းသောအစီရင်ခံစာကိုဖြစ်စေ၊ ထိုအစီရင်ခံစာမှ ကောက်နုတ်ချက်များကိုဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေသင့်သည်ဟုထင်မြင်လျှင် ပုံနှိပ်ထုတ်ဝေနိုင်သည်။

(၅) နိုင်ငံတော်သမ္မတသည်၊ ဤပုဒ်မအရပြုသည့် စုံစမ်းစစ်ဆေးမှုများ၌လိုက်နာဆောင်ရွက်ရန်စည်းမျဉ်းကိုသတ်မှတ်သည့်နည်းဥပဒေများပြုနိုင်သည်။

နမူနာယူရန်အာဏာ။

၅၆။ ။(၁) အလုပ်ရုံတွင် အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုရန်ကြံရွယ်သည့် မည်သည့်ပစ္စည်းမဆို—

(က) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဆန့်ကျင်သည့်ပစ္စည်း ဖြစ်သည်ဟု အင်စပက်တော်က ယုံကြည်လျှင်ဖြစ်စေ၊

(ခ) ထိုပစ္စည်းသည် အလုပ်ရုံရှိအလုပ်သမားများ၏ ကိုယ်အင်္ဂါကိုထိခိုက်နာကျင်ရန်၊ သို့တည်းမဟုတ် ကျန်းမာရေးကိုထိခိုက်ရန်လက္ခဏာရှိသည်ဟု အင်စပက်တော်က ထင်မြင်ယူဆဘောရရှိလျှင်ဖြစ်စေ

အင်စပက်တော်သည်၊ လုပ်ငန်းပိုင်ရှင် ကိုသော်၎င်း၊ အလုပ်ရုံမန်နေဂျာကိုသော်၎င်း၊ အခါအားလျော်စွာ အလုပ်ရုံကို ကြီးကြပ် အုပ်ချုပ်နေသူကိုသော်၎င်း၊ အကြောင်းကြားပြီးသည့်နောက်၊ အလုပ်ရုံ၏သာမန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို၊ ထိုဆိုခဲ့သည့်ပစ္စည်း၏နမူနာကိုအောက်တွင်ပြဋ္ဌာန်းသည့်နည်းလမ်းအတိုင်း လုံလောက်စွာယူနိုင်သည်။

(၂) အင်စပက်တော်သည်၊ ပုဒ်မခွဲ (၁) အရနမူနာကိုယူသည့်အခါ၊ ထိုပုဒ်မခွဲအရ အကြောင်းကြားခံရသူက လာရောက်ရန်တမင်သက်သက် ပျက်ကွက်သည့်အခါမှတပါး၊ ထိုသူ၏ရှေ့တွင် နမူနာကိုသုံးစိတ်စိတ်၍ လုံခြုံစွာပိတ်ပြီးလျှင် သင့်လျော်စွာ တံဆိပ်ခပ်နှိပ်ထားရမည်။ ထိုနောက် ထိုသူအားသူ၏တံဆိပ် ဖြင့်ခပ်နှိပ်မှတ်သားခြင်းကိုလည်းခွင့်ပြုရမည်။

(၃) ဤပုဒ်မအရ ယူသောနမူနာကို ခွဲဝေရန်၊ ပိတ်ရန်နှင့် မှတ်သားရန်ကိရိယာများထားရှိရမည်ဟု အင်စပက်တော်ကဆိုခဲ့သည့် အကြောင်းကြားခံရသူအား ဆင့်ဆိုလျှင်၊ ထိုသူသည်ထိုကိရိယာများကိုထားရှိရမည်။

(၄) အင်စပက်တော်သည်—

(က) နမူနာအစိတ်တစိတ်ကိုပုဒ်မခွဲ (၁) အရ၊ အကြောင်းကြားခံရသူအား ချက်ခြင်းပေးရမည်။

(ခ) အစိတ်တစိတ်ကိုအစိုးရဓါတုဗေဒအရာရှိထံ ဓါတ်ခွဲရန်၊ ဓါတ်ခွဲခြင်းနှင့်စပ်လျဉ်း၍အစီရင်ခံရန်ချက်ခြင်းပေးပို့ရမည်။

(ဂ) ကျန်အစိတ်တစိတ်ကို၊ ပစ္စည်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုလျှင် တရားစွဲဆိုသည့်တရားရုံးတွင်တင်ပြရန်အတွက်ယူထားရမည်။

(၅) ဤပုဒ်မအရ ဓါတ်ခွဲရန်နှင့် အစီရင်ခံရန်ပေးပို့သောပစ္စည်းနှင့် စပ်လျဉ်း၍ အစိုးရဓါတုဗေဒအရာရှိ လက်မှတ်ထိုးထားသော အစီရင်ခံစာဟု ဆိုလိုသောစာတမ်းအမှတ်အသားကို၊ ဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ စွဲဆိုသည့်အမှုအခင်းတခုခုတွင်၊ ထိုစာတမ်းအမှတ်အသား၌ ဖော်ပြထားသည့်ကိစ္စများအတွက် သက်သေခံချက်အဖြစ်ဖြင့် အသုံးပြု

နိုင်သည်။ သို့ရာတွင်တရားလို တရားခံနှစ်ဦးစလုံးကပင် ဓါတ်ခွဲသူအား သက်သေအဖြစ် ခေါ်ယူရန်လျှောက်ထားနိုင်သည်။

(၆) ဤအက်ဥပဒေအရ ပြစ်မှုအတွက် တရားစွဲဆိုရန်အလို့ငှါ ထိုအပ်သည်မှတပါး၊ တဦးဦးသောသူက ဤပုဒ်မအရ ဓါတ်ခွဲကြည့်၍ သိရသောအရာကို၊ ပုံနှိပ်ထုတ်ဝေခြင်း၊ သို့တည်းမဟုတ် တဦးဦး သောသူအား ထုတ်ဖေါ် ပြောဆိုခြင်းသည်၊တရားဥပဒေနှင့် ဆန့်ကျင်သည်ဟုယူဆရမည်။ ထို့ပြင်မည်သူမဆို ဤပုဒ်မခွဲကို ဆန့်ကျင်၍ပြုလျှင်၊ ထိုသူသည်သုံးလထက်မပိုသည့် ထောင်ဒဏ် ဖြစ်စေ၊ ငါးရာထက် မပိုသည့်ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

အဆောက် အအုံ တည်ဆောက် ခြင်း နှင့် အခြား အင်ဂျင်နီယာအလုပ်များ။

၅၇။ ။(၁) ဤအက်ဥပဒေရှိပုဒ်မအားလုံးသည်၊ သို့တည်းမဟုတ် ပုဒ်မအနို့သည်၊ ကုန်သွယ်ရေးအတွက်ဖြစ်စေ၊ စီးပွါးရေးအတွက် ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းအတွက်ဖြစ်စေ၊ အဆောက် အအုံ တည်ဆောက်ခြင်းအလုပ်နှင့် အခြားအင်ဂျင်နီယာ အလုပ်များနှင့်၎င်း၊ ထိုအလုပ်များအတွက် အသုံးပြုသည့် (မီးရထားလမ်း၏၊ သို့တည်းမဟုတ် ဓါတ်ရထားလမ်း၏ အစိတ်အပိုင်းမဟုတ်သော) မီးရထားလမ်း၊ သို့တည်းမဟုတ် မီးရထားလမ်းလွှဲတို့နှင့်၎င်း၊ သက်ဆိုင်စေရမည်ဟု နိုင်ငံတော်သမတက နည်းဥပဒေများ ပြဋ္ဌာန်း နိုင်သည်။ ထို့ပြင် အဆောက် အအုံ တည်ဆောက်ခြင်းအလုပ်နှင့် အခြားအင်ဂျင်နီယာ အလုပ်များသည် ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အလုပ်မျိုးဖြစ်သည်ဟု နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည့်ပြင်၊ ထိုအလုပ်များတွင် ခိုင်းစေခံရသူတို့နှင့် သက်ဆိုင်သော နည်းဥပဒေများကိုလည်း ပြု နိုင်သည်။

(၂) ''အဆောက်အအုံတည်ဆောက်ခြင်းအလုပ်'' ဆိုသည်မှာ၊အဆောက်အအုံကို တည်ဆောက်ခြင်း၊ပြောင်းလဲခြင်း၊သို့တည်းမဟုတ်ပြုပြင်ခြင်း၊အဆောက်အအုံ ဖြိုဖျက်ခြင်းမှစ၍ အဆောက်အအုံတည်ဆောက်ရန်ပြင်ဆင်ခြင်းနှင့် အုတ်မြစ် ချခြင်းကို ဆိုလိုသည်။

(၃) ''အင်ဂျင်နီယာအလုပ်များ''ဆိုသည်မှာ၊မီးရထားလမ်း၊မီးရထားလမ်းလွှဲ၊ ပင်လယ်ကူးသင်္ဘောကျင်း၊ပင်လယ်ကူးသင်္ဘောဆိပ်၊ လေယာဉ်ပျံကွင်း၊ ပြည်တွင်းရေကြောင်းလမ်း၊ လိုဏ်ခေါင်းလမ်း၊ တံတားအမျိုးမျိုး၊ ရေပေးကန်၊ ရေလှောင်ကန်၊ မြွန်လမ်း၊ ရေပွယ်မြောင်း၊ အညစ်အကြေး ရေမြောင်း၊ လမ်းအမျိုးမျိုးနှင့် နိုင်ငံတော်သမတပြဋ္ဌာန်းသည့် အခြားအလားတူ အဆောက် အအုံများကို တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်း၊ပြုပြင်ခြင်း၊သို့တည်းမဟုတ်ဖြိုဖျက်ခြင်းကိုဆိုလိုသည်။

(၄) ထိုအလုပ်သမား များသည်၊ သို့တည်းမဟုတ် လုပ်ရာနေရာ များသည် အလုပ်ရုံများဖြစ်ဘိသကဲ့သို့၎င်း၊ထိုအလုပ်၏လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံ၏လုပ်ငန်းပိုင်ရှင်ဖြစ်ဘိသကဲ့သို့၎င်း၊ ထိုအလုပ်တွင်ခိုင်းစေခံရသူသည်၊ ဤအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း အလုပ်သမား ဖြစ်ဘိသကဲ့သို့၎င်း၊ ဤအက်ဥပဒေ အလို့ငှါ ဤအက်ဥပဒေပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

ပင်လယ်ကူး သင်္ဘောကျင်း၊ ပင်လယ်ကူးသင်္ဘောတံတား၊ ပင် လယ် ကူး သင်္ဘော ဆိပ်ခံ တံ တား၊ ကုန်လှောင်ရုံနှင့် သင်္ဘောများ။

၅၀။ ။(၁) ဤပုဒ်မခွဲတွင်အောက်၌ဖော်ပြထားသည့်ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ပင်လယ်ကူး သင်္ဘောကျင်း၊ ပင်လယ်ကူး သင်္ဘောတံတား၊သို့တည်းမဟုတ်ပင်လယ်ကူးသင်္ဘောဆိပ်ခံတံတားတွင် သော်၎င်း၊ အတွက် သော်၎င်း၊ စက်အားကို အသုံးပြုလျှင်၊ထိုသင်္ဘောကျင်း၊ သင်္ဘောတံတား၊ သို့တည်း မဟုတ် ဆိပ်ခံတံတားနှင့်တကွ၎င်းကို အသီးသီးနှင့်စပ်လျဉ်း၍ အသုံးပြုသည့်ကုန်လှောင်ရုံနှင့်သက်ဆိုင်စေရမည်။ ထို့ပြင် လူပေါင်းတရာအောက်မနည်း ခိုင်းစေသောကုန်သိုလှောင်ရုံ၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနတခုခုသည်အလုပ်ရုံဖြစ်ဘိသကဲ့သို့ရင်း၊ ထိုကုန် လှောင်ရုံကို၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနကိုအသုံးပြုနေသူသည်၊ သို့တည်း ၁ဟုတ် လက်ရှိထားသူသည် လုပ်ငန်းပိုင်ရှင်ဖြစ်ဘိသကဲ့သို့ရင်း၊ ထိုသင်္ဘောကျင်း၊ သင်္ဘောတံတား၊ ဆိပ်ခံတံတား၊ကုန်လှောင်ရုံ၊ သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာန တွင် ခိုင်းစေခံရသူသည်၊ဤအက်ဥပဒေတွင်အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း၊ အလုပ်သမားဖြစ်ဘိသကဲ့သို့ရင်း၊ ထိုကုန်လှောင်ရုံ၊သို့တည်းမဟုတ် ကုန်သိုလှောင်ရာဌာနနှင့်လည်းသက်ဆိုင်စေရမည်—

(က) အင်စပက်တော်၏ အာဏာများ၊ အလုပ်ဝတ်တရားများနှင့်စပ်လျဉ်းသည့် အခန်း ၂ ရှိ ပြဋ္ဌာန်းချက်များ၊

(ခ) အခန်း ၄ ရှိ ပုဒ်မ ၄၁ နှင့် ၄၂ များပါ ပြဋ္ဌာန်းချက်များ၊

(ဂ) သက်သာချောင်ချိရေး စီမံချက်များနှင့် စပ်လျဉ်းသည့် အခန်း ၅ ရှိ ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များ၊

(ဃ) ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အလုပ်များနှင့်စပ်လျဉ်းသည့်အခန်း ၆ ရှိ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များ၊

(င) အခန်း ၆ ရှိ ပုဒ်မ ၅၃၊ ၅၄ နှင့် ၅၅ များပါ ပြဋ္ဌာန်းချက်များ၊

(စ) အလုပ်ချိန်များနှင့်စပ်လျဉ်းသည့် အခန်း ၇၊

(ဆ) ပြစ်ဒဏ်များ၊ လိုက်နာဆောင်ရွက်ရန် နည်းလမ်းနှင့် စပ်လျဉ်းသည့် အခန်း ၉၊

(ဇ) နို့တစ်စာများနှင့် စပ်လျဉ်းသည့် အခန်း ၁၀ ရှိ ပုဒ်မ ၉၉ ပါ ပြဋ္ဌာန်းချက်များ၊ ထို့ပြင်

(ဈ) နည်းဥပဒေများနှင့် စပ်လျဉ်းသည့် အခန်း ၁၀ ရှိ ပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်များ။

သို့ရာတွင် ဤပုဒ်မခွဲ အပိုဒ် (က) ပါ ပြဋ္ဌာန်းချက်များသည်၊ သင်္ဘောပိုင်ရှင်၏ ဝစ္စည်းဖြစ်သည့်၊သင်္ဘောပေါ်ရှိစက်ကိရိယာနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် စက်နှင့်ဖြစ်စေ မသက်ဆိုင်စေရ။

(၂) ပင်လယ်ကူးသင်္ဘောကျင်း၊ ပင်လယ်ကူးသင်္ဘောတံတား၊သို့တည်းမဟုတ် ပင်လယ်ကူး သင်္ဘောဆိပ်တွင် ရှိနေသော ပင်လယ်ကူး သင်္ဘောပေါ်သို့ ကုန်တင်ခြင်း၊ ထိုသင်္ဘောပေါ်မှကုန်ချခြင်း၊သို့တည်းမဟုတ်သင်္ဘော၌ မီးထည့်စရာထင်း၊မီးသွေး၊ ဆီ စသည်များကိုသင်္ဘောပေါ်သို့တင်ခြင်းအလုပ်သည်အလုပ်ရုံတွင်လုပ်သောအလုပ်ဖြစ်ဘိ သကဲ့သို့ရင်း၊ ထိုအလုပ်တွင် အသုံး ပြုသော စက်ကိရိယာသည်၊ သို့တည်း မဟုတ် စက်သည်အလုပ်ရုံတွင်ရှိသော စက်ကိရိယာ၊ သို့တည်းမဟုတ် စက်ဖြစ်ဘိသကဲ့သို့ရင်း၊

ထိုအလုပ်၏ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံ၏ လုပ်ငန်း ပိုင်ရှင် ဖြစ်သကဲ့သို့ ၎င်း၊ ထိုအလုပ်တွင် ခိုင်းစေရသူသည် ဤအက် ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြ ထားသည့် အတိုင်း အလုပ်သမားဖြစ်သကဲ့သို့၎င်း၊ ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသည့်၊ ဤအက် ဥပဒေပါ ပြဋ္ဌာန်းချက်များသည်ဆိုခဲ့သည့်အလုပ်နှင့်၎င်း၊ ထိုအလုပ်တွင် အသုံးပြုသော စက်ကိရိယာ၊ သို့တည်းမဟုတ် စက်အားလုံးနှင့် ၎င်းသက်ဆိုင်စေရမည်။

## အခန်း ၇။

### လူကြီးများအလုပ်လုပ်ချိန်နာရီများ။

၅၉။ ။အလုပ်ရုံတွင် မည်သည့်လူကြီးအလုပ်သမားကိုမျှ ရက်သတ္တပတ် ၀ ပတ် လျှင်၊ ဂလးဆယ့် လေးနာရီထက် ပို၍ အလုပ် မလုပ် စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ရက်သတ္တပတ် အလုပ် ချိန် နာရီများ။

သို့ရာတွင် အလုပ်ရုံ၌ အလုပ် လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့်၊ တရက်ပတ်လုံး အဆက်မပြတ် လုပ်ရမည့်အလုပ် တွင် လုပ်သည့်လူကြီး အလုပ်သမားသည်၊ ရက်သတ္တပတ်တွင် လေးဆယ့်ရှစ်နာရီမျှ အလုပ်လုပ်နိုင်သည်။

၆၀။ ။(၁) မည်သည့်လူကြီးအလုပ်သမားကိုမျှ၊ အောက်ပါ အချက်များနှင့် မညီညွတ်လျှင်၊ တနင်္ဂနွေနေ့၌ အလုပ်ရုံတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ—

ရက်သတ္တပတ် အလုပ်ပိတ်ရက်များ။

(က) ထိုအလုပ်သမားသည်၊ တနင်္ဂနွေနေ့မတိုင်မီသုံးရက်အနက်၊ တရက် ရက်တွင်အလုပ်ပိတ်ရက် တရက်လုံး ရပြီး ဖြစ်စေရမည်။ သို့တည်း မဟုတ် ထိုတနင်္ဂနွေနေ့ နောက်သုံးရက်အနက် တရက် ရက်တွင် အလုပ်ပိတ်ရက် တရက်လုံးရမည်ဖြစ်စေရမည်၊ ယင်းပြင်

(ခ) အလုပ်ရုံ မန်နေဂျာသည်၊ ထို တနင်္ဂနွေနေ့၊ သို့တည်း မဟုတ် အပိုဒ် (က) အရ၊ ထိုနေ့အတွက်အစားသွင်းသည့်နေ့၊ ထိုနေ့များအနက် အလျင်ကျသည့်နေ့မတိုင်မီ—

(ကက) ထိုအလုပ်သမားကို၊ ထိုတနင်္ဂနွေနေ့၌ အလုပ်လုပ်စေရန် မိမိ ကြံရွယ်ကြောင်း။ ထိုနေ့အတွက်မည်သည့်နေ့ကိုအစားသွင်းကြောင်း အင်စပက်တော်၏ရုံးသို့ နို့တစ်စာပေးပြီးဖြစ်ရမည်၊ ထို့ပြင်

(ခခ) အနည်းဆုံးနှစ်ဆယ့်လေးနာရီက ကြိုတင်၍ ယင်းသို့ ကြံရွယ် ကြောင်း နို့တစ်စာကိုအလုပ်ရုံတွင်မြင်သာအောင် ကပ်ထားပြီး ဖြစ်ရမည်ပြင် ထိုနေ့များအနက်၊ နောက်ကျသည့်နေ့ကုန်ဆုံးသည် အထိကပ်ထားရမည်။

သို့ရာတွင်အလုပ်သမားတဦးဦးအား အလုပ်ပိတ်ရက်တရက်လုံးမရစေဘဲ၊ အဆက် မပြတ် ဆယ်ရက်ထက်ပို၍ အလုပ်လုပ်ရခြင်းကိုဖြစ်စေမည့် မည်သည့်ရက်အစားသွင်း ခြင်းကိုမျှမပြုရ။

(၂) ပုဒ်မခွဲ(၁)အရ ပေးသည့်နို့တစ်စာများကို တနင်္ဂနွေနေ့၊ သို့တည်းမဟုတ်ပယ်ဖျက်မည်ဖြစ်သည့်အလုပ်ပိတ်ရက်၊ ထိုနေ့များအနက်အလျင်ကျသည့်နေ့မတိုင်မီ ရက်တရက်ထက်နောက်မကျဘဲ၊ အင်စပက်တော်၏ရုံးသို့ပေးအပ်သည့်နို့တစ်စာဖြင့်၎င်း၊ ပုဒ်မ ၆၇ အရ ကပ်ထားသည့်အချိန် နို့တစ်စာ၏ အနီးတွင် မြင်သာအောင်ကပ်ထားသည့် နို့တစ်စာဖြင့်ပယ်ဖျက်နိုင်သည်။

(၃) ပုဒ်မခွဲ(၁)ပါပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်သမားသည် တနင်္ဂနွေနေ့၌အလုပ်လုပ်၍၊ ထိုနေ့မတိုင်မီ သုံးရက်အနက်တရက်ရက်တွင် အလုပ်ပိတ်ရက်ရပြီးဖြစ်သည့်အချက်တွင်၊ ထိုတနင်္ဂနွေနေ့ကို ထိုအလုပ်သမားရက်သတ္တပတ် အလုပ်လုပ်သည့်အချိန်တွက်ချက်ရန်အလို့ငှါ၊လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ထည့်သွင်းရမည်။

**အစားပေးသည့်အလုပ်ပိတ်ရက်များ။**

၆၁။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အလုပ်ရုံကို၊ သို့တည်းမဟုတ်၊ အလုပ်ရုံတွင် အလုပ်လုပ်သူများကို၊ ပုဒ်မ ၆၀ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းကြောင့်ဖြစ်စေ၊ နည်းဥပဒေပြုခြင်းကြောင့်ဖြစ်စေ၊ ထိုပုဒ်မရှိ ပုဒ်မခွဲ(၁)ဖြင့် ပြဋ္ဌာန်းထားသည့် ရက်သတ္တပတ်အလုပ်ပိတ်ရက်များအနက်၊ တရက်ရက်ကို အလုပ်သမားအားခံစားခွင့်မပေးလျှင်၊ ထိုသူအား အလုပ်ပိတ်ရက်များ ရသင့်သည့်ပြက္ခဒိန်လ အတွင်းတွင်ဖြစ်စေ၊ နောက်လာမည့် ပြက္ခဒိန်လ နှစ်လအတွင်းတွင်ဖြစ်စေ၊ မိမိဆုံးရှုံးသော အလုပ်ပိတ်ရက် အရေအတွက်နှင့်ညီမျှသော အစားပေးသည့် အလုပ်ပိတ်ရက်များကို ခွင့်ပြုရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ ပုဒ်မခွဲ(၁)တွင် ပြဋ္ဌာန်းထားသည့် အလုပ်ပိတ်ရက်များကို မည်သို့မည်ပုံခွင့်ပြုရမည်ဟုပြဋ္ဌာန်းနိုင်သည်။

**နေ့စဉ်အလုပ်ချိန်နာရီများ။**

၆၂။ ။ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မည်သည့် လူကြီးအလုပ်သမားကိုမျှ အလုပ်ရုံ၌မည်သည့်ရက်တွင်မဆို အလုပ်ချိန်နာရီပေါင်း ရှစ်နာရီကျော်ပို၍အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

**အားလပ်ချိန်များ။**

၆၃။ ။အလုပ်ရုံရှိလူကြီးအလုပ်သမားများ၏ ရက်အသီးသီးတွင် အလုပ်လုပ်သည့်ကာလအပိုင်းအခြားများကိုသတ်မှတ်ရာ၌၊ မည်သည့်ကာလအပိုင်းအခြားမျှငါးနာရီထက်မပိုစေရ၊ ထို့ပြင် မည်သည့် အလုပ်သမားကိုမျှ အနည်းဆုံး နာရီဝက် နားနေရန် အားလပ်ချိန်မရသေးမီ ငါးနာရီထက်ပို၍ တဆက်တည်းအလုပ်မလုပ်စေရ။

ရှင်းလင်းချက်။ ။အနည်းဆုံးနာရီဝက် အားလပ်ချိန်ပြင့် ခြားမနေသောအလုပ်ကာလအပိုင်းအခြားကို တဆက်တည်းလုပ်ရသော အလုပ်ကာလ အပိုင်းအခြားဟူ၍ ယူဆရမည်။

**နေ့စဉ်အလုပ်ချိန်အစအဆုံးကန့်သတ်ချက်။**

၆၄။ ။အလုပ်ရုံတွင်၊ လူကြီးအလုပ်သမား အလုပ်လုပ်သည့် ကာလအပိုင်းအခြားများနှင့်ပုဒ်မ ၆၃ အရ၊ ထိုသူရရှိသည့် အားလပ်ချိန်များသည် နာရီပေါင်း ဆယ်နာရီ ထက်ပို၍ မကြာရအောင်စီမံထားရမည်။ သို့ရာတွင်နိုင်ငံတော် သမ္မတ၏ခွင့်ပြု

ချက်ပြင့် ယေဘုယျအားဖြင့်ဖြစ်စေ၊ သီးခြားဖြစ်သောအလုပ်ရုံအတွက်ဖြစ်စေ၊နိုင်ငံတော်သမတပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ထိုနာရီ ပေါင်းထက်ပို၍စီမံထားနိုင်သည်။

**ညဉ့်လှည့်များ။**

၆၅။ ။အလုပ်သမားသည် ညဉ့်သန်းခေါင် ချိန်ထက် ကျော်လွန်၍ လုပ်သည့်အလှည့်၌ အလုပ်လုပ်လျှင်၊ ထိုသူအတွက် နောက်လာမည့်နေ့မှာ ယင်းသို့သောအလှည့်ကုန်သည့်အခါကစ၍ နှစ်ဆယ့်လေးနာရီကာလအပိုင်းအခြားဖြစ်သည်ဟုမှတ်ယူရမည့်အပြင်၊ ညဉ့်သန်းခေါင်ချိန်ကျပြီးနောက်၊ ထိုသူအလုပ်လုပ်သည့် အချိန်နာရီများကို လွန်ခဲ့သည့်ရက်ထဲသို့ ထည့်၍တွက်ရမည်။

သို့ရာတွင်နိုင်ငံတော်သမတသည် သီးခြားဖေါ်ပြ ထားသည့် အလုပ်ရုံ ဖြစ်လျှင်နောက်လာမည့်ရက်မှာ ယင်းသို့သောအလှည့် အစပြုသည့်အခါကစ၍၊ ရေတွက်သောနှစ်ဆယ့်လေးနာရီကာလအပိုင်းအခြားဖြစ်သည်ဟုမှတ်ယူရမည့်ဟူ၍၎င်း၊ညဉ့်သန်းခေါင်မတိုင်မီအလုပ်လုပ်သည့်အချိန်နာရီများကို နောက်လာမည့်ရက်ထဲသို့ထည့်၍တွက်ရမည်ဟူ၍၎င်း၊ အမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

**ထပ်နေသော အလှည့်များကိုတားမြစ်ခြင်း။**

၆၆။ ။(၁) အလုပ်ရုံတွင် တမျိုးတည်းသောအလုပ်၌၊ တချိန်တည်းအလှည့်ကျလူစုတစုထက် ပို၍လုပ်ရန် စီစဉ်ထားသော အလှည့်ကျလုပ်သည့်စနစ်ဖြင့်အလုပ်မလုပ်ရ။

(၂) နိုင်ငံတော် သမတသည်၊ အလုပ်ရုံတခုခုကိုဖြစ်စေ၊ အလုပ်ရုံ အမျိုးအစားတခုခုကိုဖြစ်စေ၊ ပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁) နှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်စေသည့်နည်းဥပဒေများကို ပြုနိုင်သည်။

**လူကြီးများ အလုပ်လုပ်ရန် ကာလ အပိုင်း အခြားများဆိုင်ရာနို့တစ်စာ။**

၆၇။ ။(၁) လူကြီးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများ ဆိုင်ရာနို့တစ်စာကို၊ သို့တည်းမဟုတ် နို့တစ်စာများကို နေ့စဉ်မည်သည့်ကာလအပိုင်းအခြားတွင် လူကြီးအလုပ်သမားများအား အလုပ် လုပ်စေမည့်အကြောင်း နေ့တိုင်းအတွက် ရှင်းလင်းစွာ ဖေါ်ပြလျက်၊ ပုဒ်မ ၁၀၉ ရှိ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ရုံအသီးသီးတွင် မြင်သာအောင် ကပ်ထားရမည့်ပြင်၊ မှန်ကန်စွာလည်းထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ လိုအပ်သည့် နို့တစ်စာ၊ သို့တည်းမဟုတ် နို့တစ်စာများတွင် ဖေါ်ပြထားသည့် ကာလအပိုင်းအခြားများကို၊ ဤပုဒ်မရှိအောက်ဖေါ်ပြပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင် သတ်မှတ်ရမည့်ပြင်၊ ထိုကာလ အပိုင်းအခြားများအတွက် အလုပ်လုပ်နေသည့် အလုပ်သမားများမှာပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များအနက်၊ ပြဋ္ဌာန်းချက်တခုခုကို ဆန့်ကျင်၍၊ အလုပ်လုပ်ရာမရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) အလုပ်ရုံရှိ လူကြီးအလုပ်သမားအားလုံးကို တချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေလျှင်၊ အလုပ်ရုံ မန်နေဂျာသည်၊ ထိုကာလအပိုင်းအခြားများကို ယေဘုယျအားဖြင့်၊ထိုအလုပ်သမားများအတွက် သတ်မှတ်ရမည်။

(၄) အလုပ်ရုံရှိ လူကြီးအလုပ်သမားအားလုံးကို တချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေသည် မဟုတ်လျှင်၊ အလုပ်ရုံ မန်နေဂျာသည်၊ ထိုအလုပ်သမားတို့ကို သူတို့၏ အလုပ်အမျိုးအစားအလိုက်၊ လူစုများခွဲခြားထားရမည်။

(၅) အလှည့်ကျ လုပ်ရသည့်စံနစ်အရ၊ အလုပ်လုပ်ရန် မလိုသည့် လူစုအသီးသီးအတွက် အလုပ်ရုံ မန်နေဂျာသည်၊ ထိုလူစုအား မည်သည့်ကာလအပိုင်းအခြားအတွင်း၊ အလုပ်လုပ်စေမည်ကိုသတ်မှတ်ရမည်။

(၆) လူစုတစုကို အလှည့်ကျလုပ်သည့် နည်းစံနစ်အရ အလုပ် လုပ်စေသည့်ပြင်၊ အလှည့်ကျလူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့်၊ အလှည့်ပြောင်းလဲ၍၊ အလုပ်လုပ်စေသည်မဟုတ်လျှင်၊ အလုပ်ရုံ မန်နေဂျာသည်၊ ထိုလူစုမှအလှည့်ကျလူစုအသီးသီးအား မည်သည့်ကာလ အပိုင်းအခြားများအတွင်း အလုပ်လုပ်စေမည်ကိုသတ်မှတ်ရမည်။

(၇) လူစုတစုကို အလှည့်ကျလုပ်သည့် နည်းစံနစ်အရ အလုပ် လုပ်စေမည့်ဖြစ်သည့်ပြင်၊ အလှည့်ကျလူစုများကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့် အလှည့်ပြောင်းလဲ၍ အလုပ် လုပ်စေရမည်ဖြစ်လျှင်၊ အလုပ်ရုံမန်နေဂျာသည်၊ ထိုလူစုမှ အလှည့်ကျလူတစုအား မည်သည့်ကာလ အပိုင်းအခြားများအတွင်း၊ အလုပ် လုပ်စေမည့် အကြောင်းနှင့် ဆိုင်ရာရက်အတွင်း၊ ဆိုင်ရာအချိန်အခါ၌ အလုပ် လုပ်သည့် ကြိုတင်အလှည့်ကျလူစုကို မည်သည့်ရက်အတွက်မဆို ကြိုတင်သိရှိစေနိုင်မည့်စီမံချက်တရပ်ကို စီစဉ်ရေးဆွဲရမည်။

(၈) နိုင်ငံတော်သမ္မတသည်၊ ပုဒ်မခွဲ (၁) အရ လိုအပ်သည့် နို့တစ်စာကို မည်သည့်ပုံစံများဖြင့် မည်သို့ထားရှိရမည်ကို ပြဋ္ဌာန်းနိုင်သည်။

(၉) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် နို့တစ်စာ၏ မိတ္တူနှစ်စောင်ကို အလုပ်ရုံတိုင်း၏ အလုပ်ရုံမန်နေဂျာသည်၊ အင်စပက်တော်ထံသို့ ဤအက်ဥပဒေ အာဏာတည်သည့်နေ့မှရက်ပေါင်း သုံးဆယ်အတွင်းပေးပို့ရမည်၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့ နောက်မှ အလုပ်စတင်လုပ်သောအလုပ်ရုံဖြစ်လျှင် အဆိုပါနို့တစ်စာ၏ မိတ္တူများကိုထိုအလုပ်ရုံတွင် အလုပ်စတင်လုပ်သည့်နေ့မတိုင်မီပေးပို့ရမည်။

(၁၀) အလုပ်ရုံ၌၊ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသည့်နို့တစ်စာတွင်ပြောင်းလဲရန် လိုအပ်ခဲ့မည့်၊ အလုပ်လုပ်သောနည်းစံနစ် ပြောင်းလဲရန် စီမံသည့်အကြောင်း နို့တစ်စာ၏မိတ္တူနှစ်စောင်ကို၊ ပြောင်းလဲခြင်းမပြုမီ အလုပ်ရုံမန်နေဂျာက အင်စပက်တော်ထံသို့ ပေးပို့ရမည်။ ၎င်းပြင် ယင်းသို့ပြောင်းလဲခြင်းကို အင်စပက်တော်၏ အခွင့်အမိန့်ကိုကြိုတင်မရဘဲ၊နောက်ဆုံးပြောင်းလဲခြင်းပြုခဲ့သည့်နေ့မှ ရက်သတ္တတပတ်မကျော်လွန်မီမပြုရ။

၆၀။ ။(၁) အလုပ်ရုံ မန်နေဂျာအသီးသီးသည်—

လူကြီး အလုပ် သမား မှတ်ပုံစာအုပ်။

(က) အလုပ်ရုံတွင် အလုပ်လုပ်သည့် လူကြီး အလုပ်သမားအသီးသီး၏အမည်။

(ခ) ထိုသူလုပ်သည့်အလုပ်အမျိုးအစား။

(ဂ) ထိုသူပါဝင်သည့်လူစုရှိလျှင်၊ ထိုလူစု။

(ဃ) ထိုသူပါဝင်သည့် လူစုသည်၊ အလှည့်ကျ အလဲ်လုပ်လျှင်၊ ထိုသူ အားမည်သည့်အလှည့်ကျလူစုသို့ သတ်မှတ်ချထားကြောင်း။

(င) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများကို ဖော်ပြသည့် လူကြီး အလုပ်သမားမှတ်ပုံစာအုပ်ကိုထားရှိရမည်။ ထိုစာအုပ်ကို အလုပ်ချိန်အတွင်း၊ သို့တည်းမဟုတ် အလုပ်ရုံတွင် အလုပ်တခုခုလုပ်နေစဉ်အတွင်း၊အင်စပက်တော်က အချိန်မရွေး ကြည့်ရှုနိုင်အောင် ထားရှိရမည်။

သို့ရာတွင် အလုပ်ဆိုင်ရာ လုပ်ရိုးလုပ်စဉ်အလုပ်၏အစိတ်အပိုင်းအဖြစ် ထားရှိသည့် အလုပ်သမား စာရင်းသည်၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်သည် အလုပ်ရုံတွင် လုပ်သည့် အလုပ်သမား တဦးဦး၊ သို့တည်းမဟုတ် အလုပ်သမား အားလုံးနှင့် ပတ်သက်၍၊ဤပုဒ်မအရ လိုအပ်သည့်အကြောင်းအရာများကို ပြည့်စုံစွာ ဖော်ပြသည်ဟု အင်စပက်တော်က ထင်မြင်လျှင်၊ ထိုအလုပ်သမားစာရင်းကို၊ သို့တည်းမဟုတ် မှတ်ပုံစာအုပ်ကိုအဆိုပါ အကြောင်းအရာများ ပါရှိသည်နှင့်အမျှ ထိုအလုပ်ရုံ၌ လိုအပ်သည့် လူကြီးအလုပ်သမားမှတ်ပုံစာအုပ်ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည့်အပြင် ထိုအတိုင်းပင်ဆက်လက်ထားရှိရမည်ဟုအမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

(၂) နိုင်ငံတော် သမတသည်၊ လူကြီး အလုပ်သမား မှတ်ပုံစာအုပ်ပုံစံ၊ ထိုမှတ်ပုံစာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ထို့ပြင် ထိုမှတ်ပုံစာအုပ်ကိုမပျက်မစီးအောင် သိမ်းယားရမည့်ကာလအပိုင်းအခြားကို ပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ်သည့်အချိန်သည်၊ပုဒ်မ ၆၇ အရ ကပ်ထားရမည့် နို့တစ်စာနှင့်၎င်း၊ပုဒ်မ ၆၈ အရထားရှိရမည့် မှတ်ပုံ စာအုပ်နှင့်၎င်း၊ ညီညွတ်စေခြင်း။

၆၉။ ။မည်သည့်လူကြီးအလုပ်သမားကိုမျှ၊အလုပ်ရုံတွင်ပုဒ်မ ၆၇ အရမြင်သာအောင်ကပ်ထားသည့် လူကြီးများအလုပ်လုပ် ရန်ကာလအပိုင်းအခြား ဆိုင်ရာ နို့တစ်စာနှင့် အညီမှလွဲ၍၊ ထို့ပြင် ပုဒ်မ ၆၈ အရ ထားရှိသည့် လူကြီးအလုပ်သမား မှတ်ပုံစာအုပ်တွင် ထိုသူ၏အမည်နှင့်ယှဉ်လျက်ကြိုတင် ရေးသွင်းထားသည့် ရေးသွင်းချက်များနှင့် အညီမှလွဲ၍၊အလုပ်ရုံတွင် အခြားနည်းဖြင့် ခိုင်းစေခြင်း မပြုရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ကင်းလွတ်ခွင့် ပြုသည့် နည်းဥပဒေများ ပြုပိုင်ခွင့်အာဏာ။

၇၀။ ။(၁) နိုင်ငံတော်သမတသည်၊ အလုပ်ရုံတွင် ကြီးကြပ် ကြည့်ရှုသည့် အလုပ်၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်သည့် အလုပ်လုပ်သူတို့ကိုသော်၎င်း၊ လျှို့ဝှက်အပ်သည့် အလုပ်တွင် ခိုင်းစေထားသူတို့ကိုသော်၎င်း၊ အမိပ္ပါယ် ဖော်ပြသည့် နည်းဥပဒေများ ပြုနိုင်သည့်ပြင်၊ ပုဒ်မ ၇၂ ပုဒ်မခွဲ (၁) အပိုဒ် (ခ)ပါ ပြဋ္ဌာန်းချက်များနှင့်၊ ထိုပုဒ်မခွဲရှိခြွင်းချက်မှ လွဲ၍၊ ဤအခန်းရှိပြဋ္ဌာန်းချက်များသည်၊ ယင်းသို့သောအမိပ္ပါယ်ဖော်ပြထားသူတဦးဦးနှင့်မျှမသက်ဆိုင်စေရ။

(၂) နိုင်ငံတော်သမတသည်၊ အလုပ်ရုံများရှိ လူကြီး အလုပ်သမားများအတွက်နည်းဥပဒေများပြုနိုင်သည်။ ထိုနည်းဥပဒေများသည်ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ပြဋ္ဌာန်းထားသည့်အထိ—

(က) အရေးတကြီးပြင်ဆင်ရန်အလုပ်တွင် လုပ်သည့် အလုပ်သမား များကို

ပုဒ်မ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ခ) အလုပ်ရုံဆိုင်ရာ အရပ်ရပ်လုပ်ကိုင်ဆောင်ရွက်မှုအတွက် ကန့်သတ်ထားသည့် အလုပ် ချိန်မှလွန်လျက်လုပ်ရန် လိုအပ်သည့် ကြိုတင်စီမံလုပ်ရသော အလုပ်မျိုးနှင့် ပြည့်စုံစေရန် လုပ်ရသောအလုပ်မျိုးတွင်၊ လုပ်သည့် အလုပ်သမားများကို၊ ပုဒ်မ ၅၉၊ ၆၂၊ ၆၃၊ နှင့် ၆၄ ရှိပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(ဂ) ကြိုးကြား ကြိုးကြားမျှသာ လုပ်ရန်လိုခြင်းကြောင့်၊ အလုပ်သမားများ အလုပ် ဝတ်တရားဆောင်ရွက်နေစဉ်၊ ထိုသူတို့ အလုပ်မလုပ်ဘဲနေရသည့် ကြားအချိန် နာရီများမှာ သာမန်အားဖြင့် ပုဒ်မ ၆၃ အရ လိုအပ်သည့် အားလပ်ချိန် များထက် ပိုလျှင်၊ထိုအလုပ်မျိုးတွင် လုပ်သည့်အလုပ်သမားများကို ပုဒ်မ ၅၉၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(ဃ) အလုပ် လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့် တရက်ပတ်လုံး အဆက်မပြတ်လုပ်ရမည့်အလုပ်တခုခုတွင်လုပ်သည့် အလုပ်သမားများကိုပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃ နှင့် ၆၄ ရှိ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(င) နေ့စဉ်ပြုရမည့်၊ သို့တည်းမဟုတ် နေ့စဉ်ထုတ်ပေးရမည့် မရှိမဖြစ်သောပစ္စည်းများကို ပြုသည့်၊ သို့တည်းမဟုတ် ထုတ်ပေးသည့် အလုပ်သမားများကို၊ ပုဒ်မ ၆၀ ရှိ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(စ) ရာသီဥတု တခုခုအတွင်းမှတပါး၊ အခြား ရာသီဥတုများတွင်မလုပ်နိုင်သော ပြုလုပ်မှုလုပ်ငန်းစဉ်များတွင် လုပ်သည့်အလုပ်သမားများကို၊ ပုဒ်မ ၆၀ ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဆ) ဥတုမမှန်ကန်မှုကို အကြောင်းပြု၍ ရံဖန်ရံခါသာဘေ့စ်ရသော ပြုလုပ်မှု လုပ်ငန်းစဉ်များတွင်၊ လုပ်သည့်အလုပ်သမားများကို ပုဒ်မ ၆၀ နှင့် ၆၃ များရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဇ) ဘွိုင်လာအိုးရုံများတွင်ဖြစ်စေ၊ စက်ခန်းများတွင်ဖြစ်စေ၊ လုပ်သည့်၊ သို့တည်းမဟုတ်အားပေးစက်ကိုဖြစ်စေ၊ အားပို့စက်ကိုဖြစ်စေ၊ ကြည့်ရှုလုပ်သည့် အလုပ်သမားများကို၊ ပုဒ်မ ၅၉ နှင့် ၆၀ ရှိ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(၃) ကင်းလွတ်ခွင့်ပေးခုခု ပြဋ္ဌာန်းသည့် ပုဒ်မခွဲ (၂) အရ ပြုသောနည်းဥပဒေများသည်၊နိုင်ငံတော်သမတကသင့်လျော်သည်ဟုထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၆၇ ရှိ ပြဋ္ဌာန်းချက်များမှကင်းလွတ်ခွင့်ပြုရန် ပြဋ္ဌာန်းနိုင်သည်။

(၄) ဤပုဒ်မအရ နည်းဥပဒေများ ပြုရာတွင် နိုင်ငံတော် သမတသည်၊ အလုပ်သမားအမျိုးအစားအားလုံးအတွက်၊ရက်သတ္တတပတ်တွင်အများဆုံးအလုပ်လုပ်

သည့် အချိန်နှင့်စပ်လျဉ်း၍၊ ကန့်သတ်ချက်များ ပြဋ္ဌာန်းရမည်။ ပုဒ်မခွဲ (၂) အပိုဒ် (က) အရ ခွင့်ပြုသည့် ကင်းလွတ်ချက်မှတပါး၊ အခြားကင်းလွတ်ချက်များသည်၊ ထိုကန့်သတ်ချက်များနှင့်မဆန့်ကျင်ရ။

(၅) ဤပုဒ်မအရ ပြုသည့် နည်းဥပဒေများမှာ သုံးနှစ်ထက်ပို၍ အာဏာမတည်စေရ။

(၆) နိုင်ငံတော်သမတသည်၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှါ၊ သင့်သည် ထင်မြင်သည့် အတိုင်း အခြားကိစ္စ တခုခုအတွက် ပြဋ္ဌာန်းရန် နည်းဥပဒေများပြုနိုင်သည်။

**ကင်းလွတ်ခြင်း ပြုသည့် အမိန့်များ ပြုပိုင်ခွင့် အာဏာ။**

၇၁။ ။(၁) လုပ်သည့် အလုပ်အမျိုး အစားကြောင့် သော်၎င်း၊ အခြားအကြောင်း အချက်များကြောင့်သော်၎င်း၊ အလုပ်ရုံ တခုခုတွင်ဖြစ်စေ၊ အလုပ်ရုံ အမျိုးအစား တခုခုတွင်ဖြစ်စေ၊ လုပ်သည့် အလုပ်သမားများ အလုပ်လုပ်သည့် အချိန်ကာလ အပိုင်းအခြားများကို ကြိုတင်၍သတ်မှတ်ရန် မသင့်ဟု နိုင်ငံတော် သမတကထင်မြင်လျှင်၊ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည် ထင်မြင်သမျှ၊ သင့်လျော်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း၊ အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို ထိရောက်စွာ ကြီးကြပ်အုပ်ချုပ်နိုင်ရန်၊ မိမိသင့်သည်ထင်မြင်သောစည်းကမ်းချက်များထားလျက်၊ ထိုအလုပ်သမားများနှင့်ပတ်သက်၍၊ ပုဒ်မ ၆၇ ရှိ ပြဋ္ဌာန်းချက်များကိုအမိန့်စာဖြင့် လျော့ပေါ့အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ်ပြင်ဆင်နိုင်သည်။

(၂) နိုင်ငံတော် သမတကသော်၎င်း၊ နိုင်ငံတော် သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍၊အင်စပက်တော်ချုပ်ကသော်၎င်း၊အလုပ်ရုံအား၊ သို့တည်းမဟုတ် အလုပ်ရုံများအား၊ အထူးသဖြင့် များပြားလှသော အလုပ်များကို လုပ်နိုင်စေရန်အလို့ငှါ၊ ကင်းလွတ်ခွင့်ပြုရန်လိုအပ်သည်ဟူသော အကြောင်းကြောင့် အလုပ်ရုံတခုခုတွင်ဖြစ်စေ၊ အလုပ်ရုံစု၊ သို့တည်းမဟုတ် အလုပ်ရုံ အမျိုးအစား တခုခုတွင် ဖြစ်စေ၊ လုပ်သည့်လူကြီး အလုပ်သမား တဦးဦးကို၊ သို့တည်းမဟုတ် လူကြီး အလုပ်သမား အားလုံးကို နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် အင်စပက်တော်ချုပ်က၊ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များထား၍ ပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃၊ ၆၄၊ နှင့် ၆၇ ရှိ ပြဋ္ဌာန်းချက်တခုခုမှ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက်အားလုံးမှ အမိန့်စာဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) ရက်သတ္တ တပတ်လျှင် အလုပ် လုပ်သည့် အချိန်နှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (၂) အရ ခွင့်ပြုသည့် ကင်းလွတ်ချက်သည်၊ ပုဒ်မ ၇၀ ပုဒ်မခွဲ (၄) အရ ပြဋ္ဌာန်းထားသည့် အများဆုံးအချိန်ကန့်သတ်ချက်များနှင့် မဆန့်ကျင်စေရ။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်သည့် အမိန့်သည်၊ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့်ကာလအပိုင်းအခြားမျှသာအတည်ဖြစ်ရမည်။သို့ရာတွင်အလုပ်ရုံမန်နေဂျာအား၊ ထိုအမိန့်ထုတ်ဆင့်ကြောင်းနို့တစ်စာပေးသည့်နေ့မှစ၍နှစ်လထက်ပို၍အတည်မဖြစ်စေရ။

သို့ရာတွင် ပြည်သူ့အကျိုးငှါ လိုအပ်သည်ဟု နိုင်ငံတော် သမတက ထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတသည် ပြန်တမ်းတွင် အမိန့် ကြော်ငြာစာ ထုတ်ပြန်

၍၊ ထိုအမိန့် အတည်ဖြစ်သည့် ကာလအပိုင်းအခြားကို အမိန့်ကြော်ငြာစာတွင်သီးခြား ဖော်ပြသည့်ကာလအပိုင်းအခြားထိ၊ အခါအားလျော်စွာ တိုးမြှင့်ပေးနိုင်သည်။ ထိုသို့ တိုးမြှင့်သော ကာလ အပိုင်းအခြားသည် တကြိမ်လျှင် ခြောက်လထက်မပိုစေရ။

၇၂။ ။(၁) ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို အလုပ်ရုံများတွင် လုပ်သည့် မိန်းမများနှင့် သက်ဆိုင်စေရာတွင် အောက်ပါ နောက်ထပ် ကန့်သတ်ချက်များဖြင့်ဖြည့်စွက်ရမည်။

မိန်းမ ခိုင်းစေခြင်းနှင့် စပ်လျဉ်း၍ နောက် ထပ် ကန့်သတ်ချက်။

(က) မိန်းမတိုင်းနှင့် ပတ်သက်၍၊ ပုဒ်မ ၆၂ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်မပြုရ။

(ခ) ညနေခြောက်နာရီမှ နံနက်ခြောက်နာရီထိ အချိန်အတွင်း၊ မည်သည့် မိန်းမကိုမျှ အလုပ်ရုံတွင်မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ် ခွင့်မပြုရ။

(ဂ) (၁) အလုပ်ရုံတွင် ခိုင်းစေခံရသော မိန်းမအားလုံးအတွက် အလုပ် လုပ်ချိန် ကာလ အပိုင်းအခြားမှာ အတူတူပင် ဖြစ်ရမည်။ ထို့ပြင်

(၂) အထူး အကြောင်း များကြောင့် အင်စပက်တော်ချုပ်က ခွင့်ပြု သည့်အခါမှတပါး၊ မိန်းမအလုပ်သမားတို့၏ အလုပ်လုပ်ချိန်ကာလ အပိုင်းအခြားကို၊ ပြက္ခဒိန်လ မည်သည့်လတွင် မဆို တကြိမ်ထက် ပို၍ပြောင်းလဲခြင်းမပြုရ။

(၂) ငါးများ မပုပ်မသိုးအောင် ပြုပြင်သည့်၊ သို့တည်းမဟုတ် ငါးများကို စည်သွတ်သည့် အလုပ်ရုံများတွင် လုပ်သော မိန်းမများကို၊ ထိုငါးများ ပုပ်သိုးပျက် ယွင်းခြင်းမဖြစ်စေရန်အလို့ငှါ၊ ဆိုခဲ့သည့် အချိန်နာရီများထက်ကျော်လွန်၍ခိုင်းစေရန်လို အပ်လျှင်၊ နိုင်ငံတော်သမတသည်၊ မိမိပြဋ္ဌာန်းသမျှထိ၊ ထို့ပြင်ပြဋ္ဌာန်းသည့်စည်းကမ်းချက် များနှင့်မဆန့်ကျင်စေဘဲပုဒ်မခွဲ (၁) ပါ ကန့်သတ်ချက်များမှသိုမိန်းမများကို ကင်းလွတ် ခွင့်ပြုရန်ပြဋ္ဌာန်းသည့်နည်းဥပဒေများကိုပြုနိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ ပြုသည့်နည်းဥပဒေများသည် သုံးနှစ်ထက်ပို၍အာဏာ မတည်စေရ။

၇၃။ ။(၁) အလုပ်သမားတဦးတယောက်သည်၊ အလုပ်ရုံတွင် ပုဒ်မ ၅၉ နှင့် ၆၂ တွင် သတ်မှတ်ထားသည့် အချိန်ထက်ပို၍ လုပ်ရလျှင်၊ ထိုသူသည် မိမိ အချိန်ပိုလုပ်ရသည့်အတွက်၊ မိမိသာမန် ရရှိသည့်အခန္နှုန်း၏ နှစ်ဆ ရစေရမည်ပြင်၊ ရှားငါးစရိတ် ရနေလျှင် ထိုအချိန်ပိုလုပ်ရသည့် နေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရစေရမည်။

အချိန်ပိုလုပ်ရသည့်အတွက် အခပို။

(၂) အလုပ်ရုံတွင် အလုပ်သမားများကို၊ ပုတ်ပြတ်နှုန်းပေါ်တွင် အခြေ ပြု၍အခပေးလျှင်၊ အင်စပက်တော်ချုပ်သည် ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားကိုယ်စား လှယ်များနှင့်တိုင်ပင်၍၊ ဤပုဒ်မအလို့ငှါ၊ အချိန်နာရီအလိုက်အခနှုန်းများကို ထိုအလုပ် သမားများ လုပ်၍ရသည့်ငွေ၏ ပျမ်းမျှရနှုန်းနှင့်တူညီနိုင်သမျှ တူညီအောင် သတ်မှတ် ရမည်။ ထို့ပြင် ယင်းသို့သတ်မှတ်သည့် အခနှုန်းများသည် ဤပုဒ်မအလို့ငှါ၊ ထိုအလုပ် သမားများ၏ သာမန်အခနှုန်းများဖြစ်သည်ဟူ၍မှတ် ယူရမည်။

(၃) နိုင်ငံတော်သမတသည်၊ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို လိုက်နာစေရန် အလို့ငှါ၊ အလုပ်ရုံတွင်ထားရှိရမည့် မှတ်ပုံစာအုပ်များကိုပြဋ္ဌာန်းနိုင်သည်၊

ရှင်းလင်းချက်။ ။ဤပုဒ်မအရ ပေးရမည့် အခပိုကို တွက်ချက်ရန် အလို့ငှါ ''အခ'' ဆိုသည်မှာ၊မည်သည့်စရိတ်ချမပါသော အခသက်သက်ဖြစ်သည်ဟု မှတ်ယူရမည်။

တရက်ထည်း၌ အလုပ်ရုံ နှစ်ရုံတွင် အလုပ် လုပ်ခြင်းကိုကန့်သတ်ခြင်း။

၇၄။ ။ပြဋ္ဌာန်းသတ်မှတ်သည့် အကြောင်း အရာများတွင်မှတပါး မည်သည့်လူကြီးအလုပ်သမားကိုမျှ၊ အလုပ်ရုံ တခု၌ အလုပ်လုပ်ပြီးဖြစ်လျှင်၊ထိုနေ့၌ပင် အခြားအလုပ်ရုံတခု၌အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ်လုပ်ခွင့်မပြုရ။

## အခန်း ၇။

## လူငယ်များခိုင်းစေခြင်း။

ငယ်ရွယ်သော ကလေးများ ခိုင်းစေ ခြင်းကို တားမြစ်ခြင်း။

၇၅။ ။အသက်ဆယ့်သုံးနှစ်မပြည့်သေးသည့်မည်သည့်ကလေးကိုမျှ အလုပ်ရုံတခုခုတွင် အလုပ် မလုပ်စေရ၊ သို့တည်း မဟုတ် လုပ်ခွင့် မပြုရ။

အထိမ်းအမှတ် များကို၊ လူကြီး အလုပ် သမား မဟုတ်သည့် အလုပ် သမားများက ဆောင်ထားရခြင်း။

၇၆။ ။အသက် ဆယ်သုံးနှစ် ပြည့်ပြီးသည့် မည်သည့် ကလေးကိုမျှ၊ သို့တည်း မဟုတ်မည်သည့်လူရွယ်ကိုမျှ—

(က) ပုဒ်မ ၇၇ အရ၊ ထိုသူအားရည်ညွှန်း၍ ထုတ်ပေးသည့်၊ အလုပ်လုပ် ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ကို၊ အလုပ်ရုံ မန်နေဂျာ က သိမ်း ဆည်း မထားလျှင်၊ထို့ပြင်

(ခ) ထိုသူသည် မိမိအလုပ်လုပ်နေစဉ်၊ ယင်းသို့သော တာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့်အထိမ်းအမှတ်ကို ဆောင်မထားလျှင်

အလုပ်ရုံတွင် အလုပ် မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

၇၇။ ။(၁) တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည်၊ အလုပ်ရုံတွင် အလုပ်လုပ်လိုသည့်၊ လူငယ်ကဖြစ်စေ၊ ထိုသူ၏ မိဘက၊ သို့တည်းမဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ထိုသူကိုခိုင်းစေလိုသည့်အလုပ်ရုံမန်နေဂျာကဖြစ်စေလျှောက်ထားလျှင်၊ယင်းသို့သောအလုပ်ကို ထိုသူလုပ်ရန် သင့်လျော်သည် မသင့်လျော်သည်ကိုအမှန်သိရှိရအောင် ထိုသူကိုစမ်းသပ်စစ်ဆေးရမည်။

(၂) တာဝန်ခံ လက်မှတ် ထုတ်ပေးသည့် ဆရာဝန်သည်၊ စမ်းသပ်စစ်ဆေးပြင်းပြုပြီးကာလ၊ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ရေးသားသော အောက်ပါ တာဝန်ခံလက်မှတ်ကို ထိုသူအားထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးနိုင်သည်—

(က) ထိုလူငယ်သည် အသက်ဆယ်သုံးနှစ် ပြည့်ပြီးဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့်ကာယဗလအဆင့်အတန်းများသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် ယင်းသို့သောအလုပ်ကို ထိုလူငယ်လုပ်ရန် သင့်လျော်ကြောင်းများဖြင့်တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်က ကျေနပ်လျှင်၊ အလုပ်ရုံတွင် ကလေးအဖြစ်အလုပ်လုပ်ရန် သင့်လျော်ကြောင်းတာဝန်ခံလက်မှတ်။

(ခ) ထိုလူငယ်သည် အသက် ဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်၍၊ အလုပ်ရုံတွင် တရက်လုံးအတွက်အလုပ်လုပ်ရန် သင့်လျော်ကြောင်းဖြင့်၊တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ကကျေနပ်လျှင်၊ အလုပ်ရုံတွင် လူကြီးအဖြစ်အလုပ်လုပ်ရန်သင့်လျော်ကြောင်းတာဝန်ခံလက်မှတ်။

သို့ရာတွင်တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်သည် လူငယ်အလုပ်လုပ်ရန်ကြံရွယ်သည့်နေရာနှင့် ထိုသူကိုခိုင်းစေမည့် ပြုလုပ်မှုလုပ်ငန်းစဉ် အကြောင်းကို ကိုယ်တိုင်သိရှိပြီးမဟုတ်လျှင်၊ထိုနေရာကိုစစ်ဆေးပြီးမှသာလျှင်၊ပုဒ်မခွဲ (၁) အရတာဝန်ခံလက်မှတ်ကိုထုတ်ပေးရမည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်သည် ထုတ်ပေးသည့် နေ့မှစ၍ ဆယ့်နှစ်လအတွက်သာ အတည်ဖြစ်ရမည်။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်ကို ခိုင်းစေခံရမည့် လူငယ်နှင့် ပတ်သက်သည့် အလုပ်အမျိုးအစားနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကိုထား၍ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် ဆယ့်နှစ်လမစေ့မီလူငယ်ကို ပြန်လည်စမ်းသပ် စစ်ဆေးရမည်ဟု တာဝန်ခံလက်မှတ်တွင် စည်းကမ်းချက်ထည့်သွင်းရေးသားနိုင်သည်။

(၅) ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် တာဝန်ခံလက်မှတ်ရရှိသူသည်၊ ထိုလက်မှတ်တွင်ရေးသား ဖေါ်ပြထားသည့် အတိုင်း ကလေး၊ သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့် အလုပ်ရုံတွင် ဆက်လက်လုပ်ရန် မသင့်လျော်တော့ကြောင်း တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်ကထင်မြင်သဘောရရှိလျှင်၊ဆရာဝန်သည်ထိုတာဝန်ခံလက်မှတ်ကိုရုပ်သိမ်းရမည်။

(၆) တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်သည်၊ တာဝန်ခံလက်မှတ်ကိုဖြစ်စေ၊တောင်းဆိုသည့် တာဝန်ခံ လက် မှတ်မျိုးကိုဖြစ် စေ၊ ထုတ် ပေး ရန်၊ သို့ တည်း မဟုတ် အသစ်လဲလှယ်ပေးရန်ငြင်းဆိုလျှင် သော်၎င်း၊ ရုပ်သိမ်းလျှင်သော်၎င်း၊တာဝန်ခံလက်မှတ်တောင်းဆို ပိုင်ခွင့်ရှိသူက မည်သည့်အကြောင်းကြောင့်ယင်းသို့ ငြင်းဆိုသည်၊ သို့တည်းမဟုတ်ရုပ်သိမ်းသည်ကိုဖေါ်ပြရန်ဆရာဝန်အားတောင်းဆိုလျှင်၊ ထိုအကြောင်းများကိုရေးသားဖေါ်ပြရမည်။

(၇) ပုဒ်မခွဲ (၄) တွင် ရည်ညွှန်း ထားသည့် စည်းကမ်း ချက်များထားလျက်၊ တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်က လူငယ်နှင့် ပတ်သက်၍၊ ဤပုဒ်မအရ တာဝန်ခံလက်မှတ်ကိုထုတ်ပေးလျှင်၊ သို့တည်းမဟုတ်အသစ်လဲလှယ်ပေးလျှင်၊ ထိုလူငယ်ကိုစည်းကမ်းချက်များနှင့်အညီမှလွဲ၍ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ်အလုပ်လုပ်ခွင့်မပြုရ။

(၈) ဤပုဒ်မအရ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ်အတွက် ပေးဆောင်ရမည့်အခငွေကို ဆိုင်ရာလုပ်ငန်းပိုင်ရှင်က ပေးဆောင်ရမည်။ လူငယ်ထံမှဖြစ်စေ၊ သူ၏မိဘထံမှဖြစ်စေ၊ အုပ်ထိန်းသူထံမှဖြစ်စေ၊ မတောင်းဆိုရ။

လူရွယ်သို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ်၏အကျိုး။

၇၈။ ။(၁) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂) အပိုဒ် (ခ) အရ၊ အလုပ်ရုံတွင်လူကြီးအဖြစ် အလုပ်လုပ် ရန်သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်ရသည့်ပြင်၊ အလုပ်ရုံတွင် အလုပ်လုပ်နေစဉ် ထိုတာဝန်ခံလက်မှတ်ကိုရည်ညွှန်းသည့်အထိမ်းအမှတ်ကိုလည်း၊ ဆောင်ထားသည့် လူရွယ်သည်၊ အခန်း ၇ ပါ ကိစ္စများအလို့ငှါ၊ လူကြီးဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂) အပိုဒ် (ခ) အရ၊ အလုပ်ရုံတွင် လူကြီးအဖြစ် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်မရသည့် လူရွယ်သည်၊ အသက်မည်မျှပင်ရှိစေကာမူ၊ ဤအက်ဥပဒေအလို့ငှါ ကလေးဖြစ်သည်ဟူ၍မှတ်ယူရမည်။

ကလေးများ အလုပ် လုပ်သည့်အချိန်။

၇၉။ ။(၁) မည်သည့်ကလေးကိုမျှ၊ အလုပ်ရုံ၌—

(က) မည်သည့် ရက်တွင် မျှ ပေါင်းလေးနာရီထက်ပို၍ မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ခ) ညနေခြောက်နာရီမှ နံနက် ခြောက်နာရီထိ အချိန်အတွင်း မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၂) ကလေးအားလုံးတို့၏ အလုပ်လုပ်ချိန် ကာလအပိုင်းအခြားကို အလှည့်ချင်းမထပ်သော အလှည့်နှစ်လှည့်သာ ကန့်သတ်ထားရမည့်အပြင်၊ တလှည့်လျှင်လည်းအားလပ်ချိန်ပေးလျှင် ထိုအားလပ်ချိန်နှင့်အလုပ်ချိန်ပေါင်းမှာ ငါးနာရီထက်မပိုစေရ။ ကလေးအသီးသီးကို အလှည့်ကျ လူစုတွင်သာ ခိုင်းစေရမည်။ ထို့ပြင်ခိုင်းစေခံရသောကလေးပါဝင် လုပ်သောအလှည့်ကျ လူစုကို၊ အင်စပက်တော်ချုပ်၏ သဘောတူညီချက်မရှိဘဲ၊ တလလျှင်တကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

(၃) ပုဒ်မ ၆၀ ရှိ ပြဋ္ဌာန်းချက်သည်၊ ကလေးအလုပ်သမားများနှင့်လည်း သက်ဆိုင်စေရမည်။ ထို့ပြင်ကလေးနှင့်ပတ်သက်၍ ထိုပုဒ်မရှိ ပြဋ္ဌာန်းချက်မှကင်းလွတ်ခွင့်မပြုရ။

(၄) မည်သည့်ကလေးကိုမျှ၊ အလုပ်ရုံ တခု၌၊ အလုပ်လုပ်ပြီးဖြစ်သောရက်တွင်၊ အခြားအလုပ်ရုံတခု၌ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ် လုပ်ခွင့်မပြုရ။

ကလေးများ အလုပ်လုပ်ရန် ကာလ အပိုင်းအခြားဆိုင်ရာနို့တစ်စာ။

၇၀။ ။(၁) ကလေးများ အလုပ်လုပ်ရန်ကာလအပိုင်းအခြား ဆိုင်ရာနို့တစ်စာကို နေ့စဉ် မည်သည့်ကာလ အပိုင်းအခြားတွင် ကလေးများအား အလုပ်လုပ်စေမည်၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်ပြုမည့် အကြောင်းရှင်းလင်းစွာဖော်ပြလျက်၊ ပုဒ်မ ၉၉၊ ပုဒ်မခွဲ(၂)ပ'၊ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ကလေးများကို ခိုင်းစေသည့်အလုပ်ရုံအသီးသီးတွင် မြင်သာအောင်ကပ်ထားရမည့်အပြင်၊ မှန်ကန်စွာလည်းထားရှိရမည်။

(၂) ပုဒ်မခွဲ(၁) အရ၊ လိုအပ်သည့်နို့တစ်စာတွင် ဖော်ပြထားသည့် ကာလအပိုင်းအခြားများကို ပုဒ်မ ၆၇ တွင်၊ လူကြီးများအတွက်၊ ပြဋ္ဌာန်းထားသည့်နည်းလမ်းနှင့်အညီ ကြိုတင်သတ်မှတ်ရမည့်ပြင်၊ ထိုကာလအပိုင်းအခြားများအတွက် အလုပ်လုပ်နေသည့်ကလေးများသည်၊ ပုဒ်မ ၇၉ ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍အလုပ်လုပ်ရာ မရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ပုဒ်မ ၆၇၊ ပုဒ်မခွဲ(၉)နှင့်(၁၀)ရှိပြဋ္ဌာန်းချက်များသည်၊ ဤပုဒ်မ၏ ပုဒ်မခွဲ(၁)အရ၊ လိုအပ်သည့် နို့တစ်စာနှင့်လည်း သက်ဆိုင်စေရမည်။

(၄) နိုင်ငံတော်သမတသည် ကလေးများအလုပ်လုပ်ရန် ကာလ အပိုင်းအခြားဆိုင်ရာနို့တစ်စာအတွက်ပုံစံများနှင့် ထိုနို့တစ်စာကို ထားရှိရမည့်နည်းလမ်းကို ပြဋ္ဌာန်းသည့် နည်းဥပဒေများပြု နိုင်သည်။

ကလေး အလုပ်သမား မှတ်ပုံ တင်အုပ်။

၇၁။ ။(၁) ကလေးများကို ခိုင်းစေသည့် အလုပ်ရုံ မန်နေဂျာ အသီးသီးသည်—

(က) ကလေး အလုပ်သမား အသီးသီး၏ အမည်နှင့်မိဘအမည်၊

(ခ) ထိုကလေးလုပ်သည့်အလုပ် အမျိုးအစား၊

(ဂ) ထိုကလေးပါဝင်သည့် လူစုရှိလျှင်၊ ထိုလူစု၊

(ဃ) ထိုကလေးပါဝင်သည့်လူစုသည်၊ အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုကလေးအား ခြည်သည့်အလှည့်ကျ လုပ်ရန်သတ်မှတ်ချထားကြောင်း၊

(င) ပုဒ်မ ၇၇ အရ၊ ထုတ်ပေးသည့် ထိုကလေး၏အလုပ် လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၏ အမှတ်စဉ်၊ ထို့ပြင်

(စ) ပြဋ္ဌာန်းသည့်အခြားအကြောင်းအရာများကို ဖော်ပြသည့်ကလေးအလုပ်သမားမှတ်ပုံစာအုပ်ကို ထားရှိရမည့် အပြင်၊ ထိုမှတ်ပုံစာအုပ်ကို အလုပ်ချိန်အတွင်း အင်စပက်တော်က အချိန်မရွေး ကြည့်ရှုနိုင်ရန် ထားရှိရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကလေးအလုပ်သမားမှတ်ပုံစာအုပ်ပုံစံ၊ ထိုမှတ်ပုံစာအုပ်ကိုထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံစာအုပ်ကို မပျက်စီးအောင် သိမ်းထားရမည့် ကာလအပိုင်းအခြားကို ပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ်သည့်အချိန်နာရီများသည်၊ ပုဒ်မ ၈၀ အရ၊ ကပ်ထား ရမည့် နို့တစ် စာနှင့်ရင်း၊ ပုဒ်မ ၈၁ အရ၊ ထားရှိ ရမည့် မှတ်ပုံ စာအုပ်နှင့်ရင်း ညီညွတ်စေခြင်း။

၈၂။ ။မည်သည့်ကလေးကိုမျှ မြင်သာအောင် ကပ်ထားသည့် ကလေးများ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာ နှင့် ဆန့်ကျင်လျက်ရင်း၊ တို့ပြင် ကလေးအလုပ်သမား မှတ်ပုံစာအုပ်တွင်၊ ထိုကလေး၏ အမည်နှင့်ယှဉ်လျက်၊ ကြိုတင်ရေးသွင်းထားသည့်ရေးသွင်းချက်များနှင့်ဆန့်ကျင်လျက်ရင်း၊ ခိုင်းစေခြင်းမပြုရ။

ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ပြုရန် ဆင့်ဆိုပိုင်ခွင့်အာဏာ။

၈၃။ ။(က) အလုပ် လုပ်ရန် သင့်လျော်ကြောင်းတာဝန်ခံ လက်မှတ်မရှိဘဲ၊ အလုပ်ရုံတွင် အလုပ် လုပ်နေသူသည်၊ လူငယ်ဖြစ်မည်ဟူ၍ သော်ရင်း၊

(ခ) အလုပ် လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်နှင့် အလုပ်ရုံတွင် အလုပ် လုပ်နေသည့် လူငယ်သည်၊ ထိုတာဝန်ခံလက်မှတ်တွင် ရေးသားဖော်ပြထားသည့်အတိုင်း၊ ကလေး၊ သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့် ဆက်လက်အလုပ်လုပ်ရန် မသင့်လျော်တော့ဟူ၍မသော်ရင်း၊

အင်စပက်တော်က ထင်မြင်သဘောရရှိလျှင်၊ ထိုအင်စပက်တော်သည် ယင်းသို့သောသူကိုတာဝန်ခံ လက်မှတ်ထုတ်ပေးသည့် ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးရမည်ဟု ဆင့်ဆိုသည့် နို့တစ်စာကို အလုပ်ရုံမန်နေဂျာထံပေးနိုင်သည်။ ထို့ပြင်၍ကဲ့သို့ စမ်းသပ်စစ်ဆေးခြင်းမပြုရသေးမီ ပုဒ်မ ၇၇ အရ၊အလုပ် လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၊ သို့တည်းမဟုတ် အလုပ် လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်သစ်ဆိုင်သင့်ရာရာကိုလည်း ထုတ်ပေးခြင်းမပြုရသေးမီ၊ သို့တည်းမဟုတ် ထိုသူအားစစ်ဆေးသောတာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်ကထိုသူသည် လူငယ်မဟုတ်ကြောင်း တာဝန်ခံလက်မှတ် မပေးသေးမီ ယင်းသို့သောသူကိုအလုပ်ရုံတွင်မခိုင်းစေရ၊ သို့တည်းမဟုတ်အလုပ်လုပ်ခွင့်မပြုရဟုအင်စပက်တော်က ဆင့်ဆိုလျှင်၊ ထိုသို့ဆင့်ဆိုသည့်အတိုင်းမခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

နည်းဥပဒေများပြုနိုင်သည့်အာဏာ။

၈၄။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအလို့ငှါ၊ နည်းဥပဒေများ ပြုနိုင်သည်။

(က) ပုဒ်မ ၇၇ အရ ထုတ်ပေးမည့်အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်များအတွက် ပုံစံများကိုပြဋ္ဌာန်းရန်၊ မူရင်းတာဝန်ခံ လက်မှတ်ပျောက်ဆုံးသည့်အခါ၊ မိတ္တူများ ထုတ်ပေးရန်အတွက် ပြဋ္ဌာန်းရန်၊ ထို့ပြင်ယင်းသို့သောတာဝန်ခံ လက်မှတ်များ အသစ်လဲလှယ်ထုတ်ပေးသည့် တာဝန်ခံလက်မှတ်များနှင့် ယင်းသို့သော မိတ္တူများအတွက်ရင်း၊ ပြဋ္ဌာန်းသည့် အခြားစမ်းသပ် စစ်ဆေးမှုများအတွက်ရင်း၊ တောင်းဆိုပိုင်ခွင့်ရသည့် အခများကိုသတ်မှတ်ရန်၊

(ခ) အလုပ်ရုံများတွင် အလုပ်လုပ်သည့် ကလေးများနှင့်လူရွယ်များရောက်ရှိရမည့် ကာယဗလအဆင့်အတန်းများကို ပြဋ္ဌာန်းရန်၊

(ဂ) တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်များက၊ဤအခန်းအရလိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို စည်းမျဉ်းသတ်မှတ်ရန် ထို့ပြင် အလုပ်ရုံများတွင် လူငယ်များအား ခိုင်းစေခြင်းနှင့်စပ်လျဉ်း၍၊ ထိုတာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်တို့က ဆောင်ရွက်ရန် လိုအပ်သည့် အခြားအလုပ်ဝတ်တရားများကို သီးခြားဖေါ်ပြရန်၊ ထိုအလုပ်ဝတ်တရားများအတွက် တောင်းဆိုနိုင်သည့်အခကြေးငွေများနှင့် ထိုအခကြေးငွေများပေးဆောင်ရမည့် သူများကိုပြဋ္ဌာန်းရန်၊

(ဃ) ဤအခန်းရှိပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန်အလို့ငှါ၊ သင့်လျော်သည့်အခြားအကြောင်းအရာတခုခုကိုပြဋ္ဌာန်းရန်။

## အခန်း ၉။

### ပြစ်ဒဏ်များနှင့်လိုက်နာဆောင်ရွက်ရန်နည်းလမ်း။

ပြစ်မှုများအတွက်သာမန် ပြစ်ဒဏ်။

၇၅။ ။အလုပ်ရုံ၊ သို့တည်းမဟုတ် အလုပ်ရုံ ဖြစ်သည်ဟု ဤအက်ဥပဒေ တွင် ပြဋ္ဌာန်း ထားသည့်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ကြေညာထားသည့် နေရာတခုခုတွင်သော်၎င်း၊ထိုအလုပ်ရုံ၊ သို့တည်းမဟုတ် နေရာနှင့် စပ်လျဉ်း၍သော်၎င်း၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကိုဖြစ်စေဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများကိုဖြစ်စေ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ စာဖြင့်ရေးသား ချမှတ်သည့်အမိန့်ကို ဖြစ်စေ ဆန့်ကျင်လျှင် အလုပ်ရုံမန်နေဂျာနှင့် လုပ်ငန်းပိုင်ရှင်တို့သည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ ထို့ပြင်ယင်းသို့ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက်၊ ဆက်လက်ဆန့်ကျင်ပါက၊ ထိုသူအသီးသီးသည် နောက်ထပ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရမည့်ပြင်၊ ဤကဲ့သို့ ဆက်လက်ဆန့်ကျင်သည့် ရက်များအတွက် တရက်လျှင်၊ နှစ်ဆယ့်ငါးကျပ်ထက်မပိုသော ငွေဒဏ်ကိုလည်း စီရင်ခြင်းခံရမည်။

သို့ရာတွင်မန်နေဂျာနှင့် လုပ်ငန်းပိုင်ရှင် နှစ်ဦးလုံးသည် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ဆန့်ကျင်မှုတခုတည်းနှင့်စပ်လျဉ်း၍ စီရင်ခြင်းခံရသည့် ငွေဒဏ်စုစုပေါင်းသည်၊ ဆိုခဲ့သည့်ငွေဒဏ်များထက်မပိုစေရ။

အထက်ကပြစ်ဒဏ်စီရင်ခြင်း ခံရဘူးသူများကို ပြစ်ဒဏ်တိုး၍စီရင်ခြင်း။

၇၆။ ။ပုဒ်မ ၇၅ အရ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရဘူးသူသည်၊ ယခင်ကဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို နောက်ထပ်ဆန့်ကျင်သည့် ပြစ်မှုအတွက် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူသည် နောက်ထပ် ပြစ်ဒဏ် စီရင်ခြင်းခံရသောအခါ၊ ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံးနှစ်ရာမှအများဆုံးတထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

သို့ရာတွင်ဤပုဒ်မအရ ပြစ်ဒဏ်စီရင်ရန်အလို့ငှါ နှစ်နှစ်ကျော်က ထိုသူအပေါ်တွင် ချမှတ်သည့် ပြစ်ဒဏ်ကို ထည့်သွင်းအရေးမယူရ။

**အလုပ် သမား ကျူးလွန်သည့်ပြစ်မှုများ။**

၄၇။ ။(၁) အလုပ်သမားများသို့ တာဝန် ဝတ်တရားများ ချအပ်သည့် ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေ တခုခုကို၊ သို့တည်းမဟုတ် အမိန့်တခုခုကိုဖြစ်စေ ခိုင်းစေခံရသူ အလုပ်သမား တဦးဦးက ဆန့်ကျင်လျှင်၊ ထိုသူသည် တလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ နှစ်ဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုအတွက် အလုပ်သမားကို ပြစ်ဒဏ်စီရင်လျှင်၊ ထိုဆန့်ကျင်မှုကိုမပြုမိအောင် သင့်လျော်သော ဆောင်ရွက်မှုများကို လုပ်ငန်းပိုင်ရှင်က၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာကမပြုကြောင်း ထင်ရှားအောင် မပြနိုင်လျှင်၊ ထိုလုပ်ငန်းပိုင်ရှင်ကို ဖြစ်စေ၊ မန်နေဂျာကို ဖြစ်စေ၊ ထိုဆန့်ကျင်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သည်ဟုမမှတ်ယူရ။

**အင်စပက်တော်ကို ဟန့်တားသည့် အတွက် ပြစ်ဒဏ်။**

၄၈။ ။မည်သူမဆိုဤအက်ဥပဒေအရ အပ်နှင်းထားသည့်အာဏာကို သုံးစွဲနေသော အင်စပက်တော်ကို တမင် ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံစာအုပ်ကို၊ သို့တည်းမဟုတ် အခြား စာချုပ်စာတမ်းများကိုထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ၊ ထုတ်ပြရန်ပျက်ကွက်လျှင်သော်၎င်း၊ အလုပ်ရုံ အတွင်းရှိ အလုပ်သမား တဦးဦးကို အင်စပက်တော် ရှေ့သို့ လာရောက်ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏ အစစ် အဆေးခံခြင်းမပြုနိုင်အောင် ဝှက်ထားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်၎င်း၊ ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

**အမိန့် ချမှတ် နိုင်သည့် တရားရုံး၏အာဏာ။**

၄၉။ ။(၁) တရားရုံးသည် လုပ်ငန်းပိုင်ရှင်ကို၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာကို၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်စီရင်နိုင်သည့်ပြင်၊ အမိန့်တရပ်လည်း ချမှတ်နိုင်သည်။ ထိုအမိန့်တွင် ကျူးလွန်သည့် ကိစ္စများနှင့်စပ်လျဉ်း၍၊ တရားအတိုင်းဖြစ်စေရန်အလို့ငှါ၊ အမိန့်တွင် သီးခြားဖော်ပြထားသည့် ဆောင်ရွက်မှုများကိုထိုအမိန့်တွင် သတ်မှတ်ထားသည့်ကာလ အပိုင်းအခြားအတွင်းပြုရမည်ဟု ပါရှိရမည်။ (တရားရုံးသည် ကာလအပိုင်းအခြားကို ထပ်တိုးရန်လျှောက်ထားသည့်အခါ၊ ထိုသို့ထပ်တိုးရန် သင့်သည်ဟု ထင်မြင်လျှင်၊အခါအားလျော်စွာထပ်တိုးနိုင်သည်။)

(၂) ပုဒ်မခွဲ (၁) အရအမိန့်ကိုချမှတ်လျှင်၊ လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာသည်၊ တရားရုံးက ခွင့်ပြုသည့် ကာလ အပိုင်းအခြားအတွင်း၊ သို့တည်းမဟုတ် ထပ်တိုးသော ကာလ အပိုင်းအခြား အတွင်း၊ ထိုဖြစ်မှုကို

ဆက်လက်ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရ ပြစ်ဒဏ် မထိုက်သင့်စေရ။ သို့ရာတွင် ထိုခွင့်ပြုသည့်ကာလအပိုင်းအခြား၊ သို့တည်းမဟုတ် ထပ်တိုးသောကာလအပိုင်းအခြား စေ့ကုန်သောအခါ၊ တရားရုံး၏ အမိန့်အတိုင်း အကြွင်းမဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိသေးလျှင် လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် မန်နေဂျာသည်၊ နောက်ထပ်ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူ ရမည်ဖြင့်၊ ခြောက်လထက်မပိုသောထောင်ဒဏ်ဖြင့်စေ ထိုကာလအပိုင်းအခြားစေ့ကုန်ပြီးနောက်အမိန့်အတိုင်း လိုက်နာရန် စတင်ပျက်ကွက်သည့်နေ့မှစ၍၊ တနေ့လျှင်တရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

*သီးခြားဖြစ်သောပြစ်မှုများ။*

၉၀။ ။ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်လျက်ရှိ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်နှင့်ဆန့်ကျင်လျက်ရှိ၊ အလုပ်ရုံတွင် မည်သူ့ကိုမဆို ခိုင်းစေလျှင်၊ ဤသို့ခိုင်းစေခံရသူ အသီးသီးနှင့် ပတ်သက်၍ သီးခြားဖြစ်သောပြစ်မှုတခုစီ ကျူးလွန်သည်ဟုမှတ်ယူရမည်။

*အလုပ် လုပ်ရန် သင့်လျော်ကြောင်း မမှန်သည့် တာဝန်ခံ လက်မှတ်ကို အသုံး ပြုသည့် အတွက် ပြစ်ဒဏ်။*

၉၁။ ။မည်သူမဆို ပုဒ်မ ၇၇ အရ၊ သူတပါးသို့ပေးအပ်သည့် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ကို၊ ထိုပုဒ်မအရ မိမိသို့ပေးအပ်သည့် တာဝန်ခံလက်မှတ်အဖြစ် လိမ်လည်၍ သိလျက်နှင့် အသုံးပြုလျှင်သော်၎င်း၊ အသုံးပြုရန် အားထုတ်လျှင်သော်၎င်း၊ ထိုပုဒ်မအရ တာဝန်ခံ လက်မှတ်ကို ရယူပြီးနောက်၊ သိလျက်နှင့် အခြားသူ တဦးတယောက်အား အသုံးပြုခွင့် ပေးလျှင် သော်၎င်း၊ အသုံးပြုရန်အားထုတ်မှုကိုခွင့်ပြုလျှင်သော်၎င်း၊ ထိုသူသည် တလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ နှစ်ဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

*ကလေးကိုတရက်တည်း၌အလုပ်ရုံ နှစ်ရုံတွင်အလုပ် လုပ် ခွင့် ပြုသည့် အတွက် ပြစ်ဒဏ်။*

၉၂။ ။ကလေး တယောက်သည် အလုပ်ရုံတခုတွင် အလုပ် လုပ်ပြီးသောရက်၌ အခြား အလုပ်ရုံတခုတွင်မိဘ၏၊ သို့တည်းမဟုတ် အုပ်ထိန်း သူ၏၊ သို့တည်းမဟုတ် စောင့်ရှောက် သူ၏၊ သို့တည်းမဟုတ် အုပ်ချုပ်သူ၏၊ သို့တည်းမဟုတ် အခများမှ တိုက်ရိုက် အကျိုး ခံစားရသူ၏ သဘော တူညီချက်ဖြင့်၊ သို့တည်းမဟုတ် တမင်လျစ်လျူရှုချက်ဖြင့်၊ အလုပ် လုပ်သည်ဟု တရားရုံးက ထင်မြင်လျှင်၊ ကလေး၏မိဘသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် စောင့်ရှောက်သူသည်၊ သို့တည်းမဟုတ် အုပ်ချုပ်သူသည်၊ သို့တည်းမဟုတ်အကျိုးခံစားရသူသည်၊နှစ်ဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

*မည်သူသည် လုပ်ငန်းပိုင်ရှင်ဖြစ်ကြောင်းဆုံးဖြတ်ခြင်း။*

၉၃။ ။(၁) လုပ်ငန်းပိုင်ရှင် သည်၊ ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြား ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဖက်စပ် လုပ်ငန်းတွင် ဖက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက် မည်သူ့ကိုမဆို၊ လုပ်ငန်းပိုင်ရှင်အား ပြစ်ဒဏ် ပေးနိုင်သည့် ပြစ်မှုတခုခု အတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့ အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးဦးကို၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင် အဖြစ် အမည်တင်သွင်း ခန့်ထားပြီး ဖြစ်ကြောင်းဖြင့် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က အင်စပက်တော်အား နို့တစ်စာ ပေးနိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့ နေထိုင်သမျှ ကာလပတ်လုံး မိမိအား အမည် တင်သွင်း ခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို အင်စပက်တော်က မရ မီသော်၎င်း၊ မိမိသည် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) လုပ်ငန်းပိုင်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ်အနည်းပိုင်ကုမ္ပဏီ ဖြစ်လျှင် ထိုကုမ္ပဏီတွင် အစု ပါဝင်သူများအနက် မည်သည့် အစုပါဝင်သူကိုမဆို၊ လုပ်ငန်းပိုင်ရှင်အား ပြစ်ဒဏ် ပေးနိုင်သည့်ပြစ်မှု တခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည်အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးဦးကိုသော်၎င်း၊အနည်းပိုင် ကုမ္ပဏီ ဖြစ်လျှင် ပြည်ထောင်စု မြန်မာနိုင်ငံတွင်နေထိုင်သည့် အစု ပါဝင်သူ တဦးဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ လုပ်ငန်းပိုင်ရှင် အဖြစ် အမည်သွင်းထားပြီး ဖြစ်ကြောင်းဖြင့် အင်စပက်တော်အား နို့တစ်စာ ပေးနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစု ပါဝင်သူသည်၊ ယင်းသို့ နေထိုင်သမျှကာလပတ်လုံး၊မိမိအား အမည် တင်သွင်းခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကိုအင်စပက်တော်က မရမီသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ်အစုပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ဤအက်ဥပဒေပါကိစ္စများအလို့ငှါ လုပ်ငန်းပိုင်ရှင် ဖြစ်သည်ဟူ၍မှတ်ယူရမည်။

(၃) လုပ်ငန်းပိုင်ရှင်သည် အစိုးရသော်၎င်း၊အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့သော်၎င်း၊အခြားဒေသန္တရအာဏာပိုင်သော်၎င်းဖြစ်လျှင်၊ သက်ဆိုင်ရာအလုပ်ဌာနကို ကြီးကြပ်ရန် လုပ်ငန်းပိုင်ရှင်အား တာဝန်ခံရသော ထိုအလုပ်ဌာန၏အကြီးအကဲအဖြစ်ဖြင့် အစိုးရက၊သို့တည်းမဟုတ် အဆိုပါ အဖွဲ့က၊ သို့တည်းမဟုတ်အဆိုပါ အခြားဒေသန္တရအာဏာပိုင်က ခန့်ထားသောသူအား လုပ်ငန်းပိုင်ရှင်ကို ပြစ်ဒဏ် ပေးနိုင်သည့် ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

လုပ်ငန်းပိုင်ရှင်၊သို့တည်းမဟုတ် မန်နေဂျာမှာ တာဝန်ကင်းလွတ်ခြင်း။

၉၄။ ။(၁) လုပ်ငန်းပိုင်ရှင်အပေါ်တွင် ဖြစ်စေ၊ အလုပ်ရုံမန်နေဂျာအပေါ်တွင်ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှုနှင့် တရားစွဲဆိုလျှင်၊ ထိုလုပ်ငန်းပိုင်ရှင် သည်၊ သို့တည်း မဟုတ် မန်နေဂျာသည်၊ ပြစ်မှုကို အခြားသူက ကျူးလွန် ကြောင်းနှင့် ကိုယ်တိုင်နေရာတကျ တိုင်တန်း လျှောက် ထား၍၊ ယင်းသို့ တိုင်တန်း လျှောက် ထားရန်ကြံရွယ်ကြောင်းနို့တစ်စာကို သုံးရက်အောက်မနည်း ကြိုတင်၍တရားလိုဘက်သို့ပေးပြီးကာလ၌ ထိုသို့ စွပ်စွဲခံရသူကို စွပ်စွဲချက်အတိုင်း ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်အချိန်တွင်၊ တရားရုံးသို့ခေါ်ဆောင်

လာစေရန် ပြောဆိုပိုင်ခွင့်ရှိရမည်။ ထို့ပြင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပြီးနောက်၊ လုပ်ငန်းပိုင်ရှင်ကဖြစ်စေ၊ မန်နေဂျာကဖြစ်စေ—

(က) ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ကိုယ်တိုင်နေရာတကျ လုံ့လပြုကြောင်း၊ ထို့ပြင်

(ခ) မိမိမသိဘဲ၊ သဘောမတူဘဲ၊ တမင်လျစ်လျူရှု၍ နေခြင်းကြောင့် မဟုတ်ဘဲ၊ ထိုစွပ်စွဲခံရသော အခြားသူသည်၊ ပြစ်မှုကို ကျူးလွန်ကြောင်း

တရားရုံးက ကျေနပ်အောင်ထင်ရှားပြသလျှင်၊ ထိုပြစ်မှုအတွက် ထိုအခြားသူကို ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် အခြားသူသည်၊ လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အလုပ်ရုံ မန်နေဂျာဖြစ်ဘိသကဲ့သို့ အလားတူ ပြစ်ဒဏ်မျိုးစီရင်ခြင်းခံရမည်။ ထို့ပြင် လုပ်ငန်းပိုင်ရှင်သည်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာသည်၊ ထိုပြစ်မှုနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရမည်သည့်တာဝန်မှမဆို ကင်းလွတ်စေရမည်။ဤအမှုမျိုးတွင်အလုပ်ရုံမန်နေဂျာကဖြစ်စေ၊ လုပ်ငန်းပိုင်ရှင်ကဖြစ်စေသက်သေခံလျှင်၊ ထိုမန်နေဂျာကို၊သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်ကိုငင်း၊ စွဲချက်ကိုထောက်ခံရန် ထိုသူကပေးသည့်သက်သေများကိုငင်း၊ တရားလိုသက်သေက ပြန်လှန်စစ်ဆေးနိုင်ခွင့် ရှိသည့်ပြင်၊ သက်သေထွက်ချက်များကိုလည်း ချေပရန် သက်သေကင်ပြနိုင်သည်။

(၂) အမှုစွဲဆိုခြင်းမပြုမီ မည်သည့်အချိန်တွင် မဆို—

(က) လုပ်ငန်းပိုင်ရှင်ကဖြစ်စေ၊ အလုပ်ရုံမန်နေဂျာကဖြစ်စေ၊ ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင်နေရာတကျ လုံ့လပြုကြောင်း၊

(ခ) ပြစ်မှုကျူးလွန်သူမှာ မည်သူဖြစ်ကြောင်း၊ ထို့ပြင်၊

(ဂ) ပြစ်မှုကျူးလွန်သည့်အခါ လုပ်ငန်းပိုင်ရှင်ဖြစ်စေ၊ အလုပ်ရုံမန်နေဂျာဖြစ်စေ မသိဘဲ၊ သို့တည်းမဟုတ် သဘောမတူဘဲ၊ သို့တည်းမဟုတ် တမင် လျစ်လျူရှု၍ နေခြင်းမဟုတ်ဘဲ၊ သူ၏အမိန့်ကိုဖီဆန်ကျူးလွန်ကြောင်း

ဖြင့် အင်စပက်တော်ကျေနပ်အောင်ထင်ရှားပြသည့်အခါ၊ လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာအပေါ်တွင် ရှေးဦးစွာ တရားစွဲဆိုခြင်းမပြုဘဲပြစ်မှုကျူးလွန်သူအမှန်ဖြစ်ကြောင်းမိမိယုံကြည်သူကို၊အင်စပက်တော်ကတရားစွဲဆိုရမည်။ထိုသူမှာလည်း လုပ်ငန်းပိုင်ရှင်၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာ ဖြစ်ဘိသကဲ့သို့ အလားတူအပြစ်ဒဏ်မျိုး စီရင်ခြင်းခံရမည်။

ခိုင်းစေခံရသူဟူ၍ မှတ်ယူခြင်း။

၉၅။ ။အစာစားချိန်နှင့် အားလပ်ချိန်များမှလွဲ၍၊ အလုပ်လုပ်နေသည့်အချိန်တွင်ဖြစ်စေ၊ စက်ကိရိယာ လည်နေသည့် အချိန်တွင်ဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို၊တဦးဦးသောသူကို အလုပ်ရုံ၌တွေ့ရှိလျှင်၊ ထိုသူသည်အလုပ်ရုံတွင် ခိုင်းစေခံရသူမဟုတ်ဟု ထင်ရှားအောင် မပြနိုင်ပါက ထိုသူကို ဤအက်ဥပဒေအလို့ငှါငင်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများ အလို့ငှါငင်း၊ အလုပ်ရုံတွင် ထိုအချိန်၌ ခိုင်းစေခံရသူဖြစ်သည်ဟူ၍မှတ်ယူရမည်။

ထောက်အထားနှင့် စပ်လျဉ်း၍ ထင်ရှား အောင် ပြရန်တာဝန်။

၉၆။ ။(၁) တဦးဦးသော သူသည်၊ သတ်မှတ်ထားသည့် အသက်အောက်ငယ်ပါက ပြုလုပ်မှုသည်၊ သို့တည်းမဟုတ် ပျက်ကွက်မှုတခုခုသည်၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြစ်၍ ထိုသူသည် ယင်းသို့ သတ်မှတ်ထားသည့် အသက်အောက်ငယ်ကြောင်း ယုတ္တိထင်ရှားသည်ဟု တရားရုံးက ထင်မြင်သဘောရရှိလျှင်၊ ထိုသူသည် ဆိုခဲ့သည့်အသက်အောက်မငယ်ကြောင်း ထင်ရှားအောင် ပြရန်မှာတရားခံ၏တာဝန်ဖြစ်ရမည်။

(၂) အလုပ်သမားနှင့် ပတ်သက်၍ တာဝန်ခံလက်မှတ်ထုတ်ပေးသည့်ဆရာဝန်၏ထုတ်ဖော်ရေးသားချက်တွင်ထိုအလုပ်သမားကိုမိမိကိုယ်တိုင်စမ်းသပ်ကြောင်း၊ ထို့ပြင် ထိုအလုပ်သမားသည် ထုတ်ဖော်ရေးသားချက်တွင် ဖော်ပြထားသည့် အသက်အောက်ငယ်သည်ဟု ယုံကြည်ကြောင်း ပါရှိသည်ဖြစ်လျှင်၊ ထိုထုတ်ဖော် ရေးသားချက်ကို ဤအက်ဥပဒေနှင့်တကွ ဤအက်ဥပဒေအရ ပြုထားသည့် နည်းဥပဒေများ အလို့ငှါ၊ ထိုအလုပ်သမား၏အသက်နှင့်စပ်လျဉ်းသည့်သက်သေခံအဖြစ်လက်ခံရမည်။

ပြစ်မှုများကိုအရေးယူခြင်း။

၉၇။ ။(၁) အင်စပက်တော်က ဖြစ်စေ၊ အင်စပက်တော်၏ စာဖြင့်ပေးသော အခွင့်အမိန့်ကို ကြိုတင်ရရှိပြီးမှဖြစ်စေ၊ စွဲဆိုသည့်အမှုမှတပါး၊ မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတခုခုကိုအရေးမယူရ။

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတခုခုကို ပဌမတန်းရာဇဝတ် တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

တရားစွဲဆိုနိုင်သည့်ကာလ အပိုင်းအခြားကို ကန့်သတ်ခြင်း။

၉၈။ ။ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ်အမိန့်အရဖြစ်စေ၊ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်သည်ဟု အင်စပက်တော်သိရှိသည့်နေ့မှ ခြောက်လအတွင်း တိုင်တန်းလျှောက်ထားခြင်း မရှိလျှင် ထိုပြစ်မှုကို မည်သည့်တရားရုံးကမျှ အရေးမယူရ။

သို့ရာတွင် ထိုပြစ်မှုသည် အင်စပက်တော် စာဖြင့်ရေးသား ချမှတ်သည့် အမိန့်ကို မလိုက်နာသည့်ပြစ်မှုဖြစ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန်ကြောင်းကို ထိုပြစ်မှုကျူးလွန်သည်ဟုဆိုသည့်နေ့မှ ဆယ့်နှစ်လအတွင်း တိုင်တန်းလျှောက်ထားနိုင်သည်။

## အခန်း ၁၀။

## နောက်ထပ်ပြဋ္ဌာန်းချက်များ။

နို့တစ် စာကို မြင်သာအောင်ကပ်ထားခြင်း။

၉၉။ ။(၁) ဤအက်ဥပဒေအရရင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ အရရင်း၊ အလုပ်ရုံတွင် မြင်သာအောင်ကပ်ထားရန် လိုအပ်သည့် နို့တစ်စာအပြင်၊ ပြဋ္ဌာန်းသည့် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများ၏အကျဉ်းချုပ်များနှင့်တကွအင်စပက်တော်နှင့် တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏အမည်

နှင့် နေရပ်ပါရှိသောနို့တစ်စာကို အလုပ်သမားတို့နားလည်နိုင်သည့် စာဖြင့်ရေးသား၍ အလုပ်ရုံအသီးသီးတွင် မြင်သာအောင်ကပ်ထားရမည်။

(၂) ဤအက်ဥပဒေအရ၊ အလုပ်ရုံတွင် မြင်သာအောင် ကပ်ထားရန်လိုသည့် နို့တစ်စာအားလုံးကို ထိုအလုပ်ရုံအဝင်ဝ တံခါးမကြီး၌ဖြစ်စေ၊ ထိုတံခါးမကြီးအနီး၌ဖြစ်စေ၊ အင်စပက်တော်က ညွှန်ကြားသည့်နေရာဘိုင်း၌ဖြစ်စေ အလွယ်တကူဖတ်ရှုနိုင်သော ယင်းရှားသည့်နေရာ၌ ကပ်ထားရမည့်ပြင်၊ ထိုနို့တစ်စာများကို သန့်ရှင်းစင်ကြယ်စွာနှင့်ဖတ်ရှုနိုင်အောင်ထားရှိရမည်။

(၃) အင်စပက်တော်ချုပ်သည်၊ မည်သည့် အလုပ်ရုံတွင်မဆို ခိုင်းစေခံရသူတို့၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုနှင့် ဆိုင်သည့် အခြားနို့တစ်စာကို၊ သို့တည်းမဟုတ် ကြော်ငြာစာကိုမြင်သာအောင်ကပ်ထားရမည်ဟု အလုပ်ရှင်နေဂျာအားအမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

၁၀၀။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေအလို့ငှါ လိုအပ်သည်ဟုမိမိထင်မြင်သော အစီရင်ခံစာရင်းများကို ရံဖန်ရံခါဖြစ်စေ၊ ကာလအပိုင်းအခြားနှင့်ဖြစ်စေ၊လုပ်ငန်းပိုင်ရှင်က၊ သို့တည်းမဟုတ် အလုပ်ရုံမန်နေဂျာက တင်သွင်း ရမည်ဟုပြဋ္ဌာန်းသည့် နည်းဥပဒေများပြုနိုင်သည်။

အစီရင်ခံစာရင်း။

၁၀၁။ ။(၁) ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေ အားလုံးသည်ကြိုတင်၍ ထုတ်ပြန်ရမည်ဟူသော စည်းကမ်းချက်များနှင့်မဆန့်ကျင်စေရ။ ထို့ပြင်မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၃) အရ သီးခြားဖေါ်ပြရမည့်နေ့သည်၊ ပြုရန်ကြံရွယ်သည့် နည်းဥပဒေကြမ်းများကို ထုတ်ပြန်သည့်နေ့မှ သုံးလအောက်မနည်းစေရ။

နည်းဥပဒေများကိုထုတ်ပြန်ခြင်း။

(၂) ထိုနည်းဥပဒေ အားလုံးကို ပြန်တမ်းတွင် ထုတ်ပြန်ရမည့်ပြင်၊ ယင်းသို့ထုတ်ပြန်သည့် နေ့ထက် နောက်မကျသော နေ့ကိုမသတ်မှတ်လျှင်၊ ဤနည်းဥပဒေများသည်၊ ယင်းသို့ထုတ်ပြန်သည့် နေ့မှစ၍ အာဏာတည်ရမည်။

၁၀၂။ ။ဤအက်ဥပဒေသည်၊ အစိုးရ၊ သို့တည်းမဟုတ် မြူနီစီပါယ်၊ သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်က ပိုင်သည့်၊ သို့တည်းမဟုတ် လက်ရှိထားသည့် အလုပ်ရုံများနှင့်သက်ဆိုင်ရမည်။

အစိုးရ အလုပ် ရုံများ၊ မြူနီစီပါယ် အလုပ်ရုံများနှင့် သက်ဆိုင်ခြင်း။

၁၀၃။ ။မည်သည့် ရိပ်မြိုတွင်မဆို ပညာရေးအတွက်ဖြစ်စေ၊ လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ ပြုပြင်ရေးအတွက်ဖြစ်စေ၊ ထားရှိသည်လည်းဖြစ်လျက်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အရ အလုပ်တခုခုကို လုပ်ရာလည်း ဖြစ်သော အလုပ်ခန်းသည်၊ သို့တည်းမဟုတ် နေရာသည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုနှင့် သို့တည်းမဟုတ်ပြဋ္ဌာန်းချက်အားလုံးနှင့် သက်ဆိုင်ခြင်းမှ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည်ထင်မြင်သည့်စည်းကမ်းချက်များထားလျက် ကင်းလွတ်ခွင့်ပြုနိုင်သည်။

ရိပ်မြိုများကို ကင်းလွတ်စေခွင့်အာဏာ။

သို့ရာတွင် ထိုရိပ်မြိုများတွင်ခိုင်းစေခံရသူများအတွက်၎င်း၊ တက်ရောက်ကြသူများ အတွက်၎င်း၊ အလုပ်ပိတ်ရက်၊ အစားစားရန် အားလပ်ချိန်နှင့် အလုပ်လုပ်ရန်အချိန်နာရီ များကို သတ်မှတ်ထားသည့် စီမံချက်တခုကို ထိုရိပ်မြိုကို အုပ်ချုပ်သူက နိုင်ငံတော် သမတအားတင်ပြခြင်းပြုလျက် ထိုသို့တင်ပြသောစီမံချက်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များ သည် ဤအက်ဥပဒေပါသက်ဆိုင်ရာပြဋ္ဌာန်းချက်များအောက် ယုတ်လျော့လျက် အကျိုး သက်ရောက်စေသည်မဟုတ်ဟုနိုင်ငံတော်သမတကကျေနပ်သဘောရရှိမှသာလျှင်အလုပ် ချိန်နာရီများနှင့် သက်ဆိုင်သည့် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များမှ ကင်းလွှတ်ခွင့်ကို ပြုနိုင်သည်။

အလုပ်သမား၏ တာဝန် ဝတ်တရားများ။

၁၀၄။ ။(၁) အလုပ်ရုံတွင် ခိုင်းစေခံရသည့် မည်သည့်အလုပ်သမားမျှ—

(က) အလုပ်သမားများ၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုများအတွက် စီမံထားသည့် ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကိုတမင်အနှောင့် အယှက်မပြုရ၊ သို့တည်းမဟုတ် အလွဲအသုံးမပြုရ၊

(ခ) မိမိကိုယ်ကိုသော်၎င်း၊ အခြားသူကို သော်၎င်း၊ ဘေးအန္တရာယ် ဖြစ်ဖွယ်ရာ လက္ခဏာ ရှိသည့်အရာကို အကြောင်းလုံလောက်စွာ မရှိဘဲ တမင်မပြုရ၊ ထို့ပြင်

(ဂ) အလုပ်ရုံတွင် အလုပ်လုပ်သည့် အလုပ်သမားများ၏ ကျန်းမာမှု၊ သို့တည်းမဟုတ် ဘေးရန်ကင်းရှင်းမှုအတွက်၊ အလုပ်ရုံတွင် ထားရှိသည့်ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကိုအသုံးပြု ခြင်းမှ တမင်မပျက်ကွက်ရ။

နည်းဥပဒေများပြုနိုင်သည့် ယေဘုယျ အာဏာ။

၁၀၅။ ။နိုင်ငံတော်သမတသည် ဤအက်ဥပဒေကိစ္စများကို ဆောင်ရွက်ရန်အလို့ ငှါ၊ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအရနက်၊ပြဋ္ဌာန်းချက်တခု ခုအရပြဋ္ဌာန်းရမည့်၊ သို့တည်း မဟုတ် ပြဋ္ဌာန်း နိုင်မည့်၊ သို့ တည်းမဟုတ် လိုအပ်သည်ဟု ယူဆနိုင်သည့်၊ မည်သည့်ကိစ္စ အကျွက်မဆိုပြဋ္ဌာန်းသည့် နည်းဥပဒေများကို ပြုနိုင်သည်။

လွယ်ကူမှုအခွင့်အလမ်း များ အ တွက် အ ခ ငွေ မတောင်းဆိုရခြင်း။

၁၀၆။ ။ပုဒ်မ ၄၇ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်း ချက် များ အရ၊ လုပ်ငန်းပိုင်ရှင်က ဆောင်ရွက်ရ မည့် အစီအစဉ်များ၊ သို့တည်းမဟုတ် လွယ်ကူမှုအခွင့် အလမ်းများနှင့်ဖြစ်စေ၊ ထုက်ပေးသည့်အသုံးအဆောင်များ၊ သို့တည်းမဟုတ် ကိရိယာများနှင့်ဖြစ်စေ စပ်လျဉ်း၍၊မည် သည့် အလုပ်သမားထံကမျှ အခငွေမတောင်းဆိုရ။

အကြောင်းအရာ ထုတ် ဖေါ် ပြောဆို ခြင်းကို ကန့် သတ်ခြင်း။

၁၀၇။ ။(၁) မည်သည့်အင်စပက်တော်မျှ၊ မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ် တရားများ ဆောင်ရွက်ရာ၌ သိရှိရသည့် ပြုလုပ်မှုလုပ်ငန်း၊ သို့တည်းမဟုတ် ကုန်သွယ်မှုလုပ်ငန်းနှင့်ဖြစ်စေ၊ ပြုလုပ်မှုလုပ် ငန်းစဉ်တခုခုနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့် အကြောင်းအရာများ ကို ရာထူး၌ထမ်းရွက်နေစဉ်သော်၎င်း၊ရာထူးမှထွက် ပြီးသည့်

နောက်မှသော်၎င်း၊ ဤအက်ဥပဒေအတိုင်း ဆောင်ရွက်ရန်အတွက်၊ သို့တည်းမဟုတ် ဤအက်ဥပဒေကိစ္စများအတွက်မှတပါး၊ ထုတ်ဖေါ်ပြောဆိုခြင်းမပြုရ။

(၂) ပုဒ်မခွဲ(၁)ပါ မည်သည့်အချက်မျှ၊ ထိုလုပ်ငန်းပိုင်ရှင်၏၊ သို့တည်းမဟုတ် ထိုလုပ်ငန်းစဉ်ပိုင်ရှင်၏၊ သဘောတူညီကြောင်း ဖေါ်ပြသည့်စာကို ကြိုတင်ရရှိပြီးမှ အကြောင်းအရာ ထုတ်ဖေါ်ပြောဆိုခြင်းနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ဆောင်ရွက်သည့် (အနုညာတ စစ်ဆေးစီရင်မှုအပါအဝင်) တရားမှုခင်းကိစ္စများအတွက်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရသော်၎င်း၊ အခြား နည်းဖြင့်သော်၎င်း၊ စွဲဆိုသည့်ရာဇဝတ်မှုကိစ္စများ အတွက်၊ သို့တည်းမဟုတ် ဆိုခဲ့သည့်အမှုအခင်းများကို အစီရင်ခံရန်ကိစ္စများအတွက် အကြောင်းအရာထုတ်ဖေါ်ပြောဆိုခြင်းနှင့်ဖြစ်စေ မသက်ဆိုင်စေရ။

(၃) အင်စပက်တော် တဦးဦးသည် ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်လျှင်၊ ထိုအင်စပက်တော်သည် ခြောက်လ ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ တထောင် ထက်မပိုသည့်ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေစီရင်ခြင်းခံရမည်။

ဤ အက် ဥပဒေ အရ ဆောင်ရွက်သူများကို ကာကွယ်ပေးခြင်း။

၁၀၈။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှု ဖြစ်စေ၊ အခြား တရားမှုခင်းဖြစ်စေ မစွဲဆိုရ။

ရုပ်သိမ်း ခြင်း နှင့် ခြွင်းချက်ထားခြင်း။

၁၀၉။ ။အလုပ်ရုံများ အက်ဥပဒေ ( ၁၉၃၄ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ အမှတ် ၂၅)ကို တည်ဆဲပြင်ဆင်ချက် ဥပဒေများနှင့်တကွ ဤ အက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

သို့ရာတွင် ဆိုခဲ့သည့် အက်ဥပဒေများအရ ဆောင်ရွက်သည့်ကိစ္စတခုခုကို၊ ထိုစဉ်အခါက ဤအက်ဥပဒေသာ အာဏာတည်လျက်ရှိပါက၊ ဤအက်ဥပဒေအရဆောင်ရွက်နိုင်မည်ဖြစ်လျှင်၊ ထိုကိစ္စကို ဤအက်ဥပဒေအရ ပြုခဲ့သည်ဟူ၍မှတ်ယူရမည်။

G.U.B.C-P.O.—No. 100, M, of J.A.; 13 3-52—2,000—II,

The President's (Salaries and Allowances) (Amendment) Act 1951
(Act No LXVI of 1951)

# ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊နိုင်ငံတော်သမတ (လစာနှင့်စရိတ်ငွေများ) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊အက်ဥပဒေအမှတ် ၁) ပုဒ်မ ၆ နောက်တွင်၊ အောက်ပါ ပြဋ္ဌာန်းချက်များကိုပုဒ်မ ၇ အဖြစ်ဖြင့်ထည့်သွင်းရမည်။

ရာထူး၌ ထမ်းရွက်ခြင်းကြောင့် ပါလီမန် အမတ်ဖြစ်ရန်အရည်အချင်း ပျက်ယွင်းခြင်းမရှိရ။

"၇။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂) အရ၊ တိုင်းပြည်ပြု လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်ယာယီ သမတသည်၊ နိုင်ငံတော်ယာယီ သမတ အဖြစ်ဖြင့် အကျိုးအမြတ်ရှိသောရာထူး၌ ထမ်းရွက်နေသည်၊ သို့တည်းမဟုတ် ထမ်းရွက်ခဲ့သည် ဟူသောအကြောင်းကြောင့်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သောအမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း၊ အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ၊ အရည်အချင်းပျက်ယွင်းခြင်းရှိခဲ့သည်ဟူ၍လည်းမမှတ်ယူရ။"

G.U.B.C.P.O.—No. 133, M. of J.A., 1-2-52—2,000—II.

Price,—One anna.]

The Leave and Holidays (Amendment) Act 1951.
(Act No. LXVII of 1951)

# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇။]

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ် ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။နောက်တွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့်၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၇ တွင်၊ "ပုဒ်မ ၅" ဆိုသည့် စကားရပ်အစား "ပုဒ်မ ၆" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၈ တွင်—

(က) "ပုဒ်မ ၄ နှင့် ပုဒ်မ ၆" ဆိုသည့်စကားရပ်အစား "ပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်၊ ထို့ပြင်

(ခ) "ဆေးလက်မှတ်ခွင့်ရက်ကို၊ သို့တည်းမဟုတ် ရှောင်တခင်ခွင့်ရက်ကို" ဆိုသည့် စကားရပ်အစား "ရှောင်တခင် ခွင့်ရက်ကို၊ သို့တည်းမဟုတ်ဆေးလက်မှတ် ခွင့်ရက်ကို" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 143, M. of J.A. 25-2-52—2,000—II.

Price,—One anna.]

The Rangoon Development Trust (Emergency Provisions) (Repealing) Act 1951
(Act No. LXIX of 1951)

# ၁၉၅၁ ခုနှစ်၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို (ရုပ်သိမ်းသည့်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို (ရုပ်သိမ်းသည့်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့၌ အာဏာတည်ရမည်။

၂။ ။၁၉၄၃ ခုနှစ်၊ရန်ကုန်စည်ပင်သာယာရေးအဖွဲ့(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [The Rangoon Dↄvelopment Trust (Emergency Provisions) Act, 1943]ကို၊ ဤအက်ဥပဒေက ရုပ်သိမ်းလိုက်သည်။

၃။ ။၁၉၄၃ ခုနှစ်၊ရန်ကုန်စည်ပင်သာယာရေးအဖွဲ့(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကိုရုပ်သိမ်းလိုက်သော်လည်း၊အဆိုပါအက်ဥပဒေပုဒ်မ ၂၊ပုဒ်မခွဲ (၁) အရ၊ ခန့်ထားခြင်းခံရသူများသည်၊ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေ (The Rangoon Development Trust Act) ပါပြဋ္ဌာန်းချက်များအရ၊ နည်းလမ်းကျနစွာဖွဲ့စည်းထားသော ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ဝင်လူကြီးများ၏ ပဌမအစည်းအဝေးတိုင်အောင် ရာထူးတွင်ဆက်လက်ထမ်းရွက်၍၊ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့တွင် တည်ရှိသည့်၊ သို့တည်းမဟုတ် ထိုအဖွဲ့အား နှင်းအပ်ထားသည့် အခွင့်အရေးများ၊ အထူးအခွင့်အရေးများ၊ အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆက်လက်ရရှိသုံးစွဲဆောင်ရွက်ရမည်။

G.U.B.C.P.O.—No. 144, M. of J.A., 25-2-52—2,030—II.

**Price,—One anna.]**

The Rehabilitation (Board (Amendment) Act 1951
(Act No LXX of 1951)

# ၁၉၅၁ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၀။]

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေအခန်း ၅၊ ပုဒ်မ ၁၉ အစား အောက်ပါတို့ကိုထည့်သွင်းရမည်။

မြေသိမ်းယူနိုင်သည့်အာဏာ။

"၁၉။ ။(၁) ဤအက်ဥပဒေပါကိစ္စများအတွက် မည်သည့် မြေကိုမဆို အဖွဲ့ကအလိုရှိ၍ နိုင်ငံတော်သမတထံ သိမ်းယူရန် တောင်းဆိုသည့်အခါ၊ နိုင်ငံတော်သမတသည် ပုဒ်မခွဲ (၂) ပါ ပြင်ဆင်ချက်များပါဝင်သည့်မြေသိမ်း အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ၊ ပြည်သူ့ကိစ္စအတွက် မြေကိုသိမ်းယူဘိသကဲ့သို့၊ ထိုမြေကို သိမ်းယူရန် ဆောင်ရွက်နိုင်သည်။

(၂) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ မြေကိုသိမ်းယူသောအခါ၊ မြေသိမ်းအက်ဥပဒေသည်၊ အောက်ပါ ပြင်ဆင်ချက်များ ထည့်သွင်းထားသည့် အတိုင်း အကျိုးသက်ရောက်ရမည်။

(က) အဆိုပါမြေသိမ်း အက်ဥပဒေပုဒ်မ ၁၇ (၁) အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

'၁၇ (၁)။ ပုဒ်မ ၁၁ အရ ဆုံးဖြတ်ချက် မချမှတ်သေးသော်လည်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် နို့တစ်စာကို ထုတ်ပြန်သည့်နေ့နောက် တဆယ့်ငါးရက် ကုန်ဆုံးသည့်အခါ၊ နိုင်ငံတော် သမတက ဆင့်ဆိုလျှင်၊ ကော်လိပ်တော်အရာရှိသည် အဖွဲ့က အလိုရှိသောမြေကို သိမ်းယူရန် ဂိမ်အား ယင်းသို့ ဆင့်ဆိုသည့်အတိုင်း၊ ထိုမြေကိုသိမ်းယူ၍ အဖွဲ့သို့ချက်ခြင်း လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးသောအခါ ထိုမြေသည် ကြွေးမြီ တာဝန်ဟူသမျှ ကင်းလွတ်သောအဖွဲ့ပိုင်မြေဖြစ်ရမည်။'

(ခ) အဆိုပါမြေသိမ်း အက်ဥပဒေ ပုဒ်မ ၂၃ ၏ပုဒ်မခွဲ (၂) ကိုပယ်ဖျက်ရမည်။"

G.U.B.C.P.O.—No. 142, M. of J.A., 25-2-52—2,000—II.

Price—One anna.]

THE TRADE DISPUTES (SECOND AMENDMENT) ACT, 1951.

[ACT NO. LXXI OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Trade Disputes (Second Amendment) Act, 1951.

2. *In* section 27 of the Trade Disputes Act the following *shall be inserted as* sub-section (*3B*) thereof, namely :—

"(*3B*) Every Conciliation Officer shall have power to serve notice on any party to a trade dispute and after serving notice compel such party to send its accredited representative to attend and participate in a conciliation proceeding before him, if he is satisfied that there is no likelihood of such a dispute being settled between the parties concerned without his intervention."

G.U.B.C.P.O.—No. 150, Mo. f J. A., 25-2-52—2,000—II.

Price,—One anna.]

## THE BURMA EXCISE (AMENDMENT) ACT, 1951.

[ACT NO. LXXII OF 1951.]

It is hereby enacted as follows :—

1. This Act may be called the Burma Excise (Amendment) Act, 1951.

2. The present section 43 of the Burma Excise Act *shall be re-numbered as* sub-section (*1*) of section 43, and *thereafter* the following *shall be inserted as* sub-section (*2*) of the said section, namely :—

> "(*2*) Whoever abets an offence punishable under this Act shall, whether such offence be or be not committed in consequence of such abetment, and notwithstanding anything contained in section 116 of the Penal Code, be liable to the punishment provided for the offence."

G.U.B.C.P.O.—No. 149, M. of J.A., 28 3 52—2,125—II.

Price,—One Anna.]